www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်

လောကီပညာရသစုံမဂ္ဂဇင်း



ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့
ကိုလုံဆရာတော်ကြီး၏
ရှားပါးသော လက္ခဏာပုံတော်ဖြစ်သည်...
စာ-၁၄၅


စာတည်းချုပ်

ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း

ခမ္မဒေဝ

နယ်လှည့်အယ်ဒီတာ

အောင်ဇ(LL.B)၊ကိုစိုးဆန်း၊

သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ

* ဦးစံတင့်

(စတုနိကာယကောဝိဒ၊ဝိနယဓရ၊ဓမ္မာစရိယ)

* ဦးသန်းအောင်ရွှေ

[ဓမ္မာစရိယ (မဟာဝဏ္ဏိဒီ မြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmar),H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်

ကိုတင်ဦး၊

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ

ပိရမိ ကွန်ပျူတာစာစီလုပ်ငန်း

နာယကကြီး

ဒေါက်တာ အောင်နိုင်

M.B.B.S (Ygn)

ဒ-ဘ-ဝ(တိုင်းရင်းဆေး)

M.Med.Sc (Pharmacology)

Advanced Pharmacokinetics

Training (London)

M.C.P.A, A.T.C.M

(Wuhan), D.M.A

Senior Fellowship of Aryuvedic

Medicine(India)

သာသနာ့အကျိုးဆောင်

ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါ်ဝတ်ရည်ဆွေ

B.Sc(Bot),Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos),Dip.T.Med.,

T.L.R.M (INDIA)

ထုတ်ဝေသူ
ဦးခင်မောင်ဝင်း( ခ )ဦးကျော်မိုးသိန်း(၀၀၇၃၉)
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်
၂၀၉၊ ၂၉ လမ်း ရန်ကုန်မြို့။
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးဇော်မင်းစိုး(၀၀၄၅၉)၊ စိုးမေတ္တာပုံနှိပ်တိုက်၊
အမှတ် ၁၇/က၊ ၅၆-လမ်း၊ ၂-ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မန္တလေးဖြန့်ချိရေး
နဝါးစာပေ
ရှမ်းတောင်တယား ဖြန့်ချိရေး
မိလ္လာနာစာပေ (တောင်ကြီး)
ဂင်္ဂါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၀၉၊ ၂၉ လမ်း ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၇၆၃၄၉၇၈၅၊ ၀၉ ၉၆၈၀၀၄၁၉၂။


ကြော်ငြာတာဝန်ခံ
ယဉ်ကျေးဝေ

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ
အမှတ် ၃၆၇
တန်ဖိုး - ၂၂၀၀ကျပ် (ဖြန့်ချိဈေး)
[နှစ်ထောင့်နှစ်ရာကျပ်]
အုပ်ရေ
၁၀,၀၀၀
ဖုန်း- ၀၉ ၇၇၆၃၄၉၇၈၅၊
၀၉ ၉၆၈၀၀၄၁၉၂။




F.1B. February, 2017.

www.burmeseclassic.com



နွေရာသီ၌ အလွန်ပူပြင်းနေလျှင်
ဘုရားကို ရေသပ္ပါယ်၍ အအေးဓာတ်များ
ပေးတော်မူပါဘုရားဟု ဆုတောင်းပါက... ➡ စာ-၁၂၉

ကဒါတ်တောက်ဝါးကျောင်းဆရာတော်
စုဆောင်းပူဇော်ထားသော
ရေဆန်ဓာတ်တော်များဖြစ်သည်... ➡ စာ-၄၁



## ဆေးကုသခြင်းရောင်ခြည်


ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ် သိဒ္ဓိအောင်
တိုင်းရင်းဆေးကုခန်း ဆရာကြီး ဦးတင့်ပွားလှိုင်
(တဆ-၀၀၅၃)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော
အမျိုးသားအားနည်းရောဂါ ကာကွယ်
စောင့်ရှောက်နည်းများ [မြောင်းမြ မောင်ယဉ်တင့်] ၁၉၃


## ပညာပေးရောင်ခြည်


အလုပ်အကိုင် ရွေးချယ်ခြင်းနှင့်
စီးပွားဖက် မရွေးချယ်သင့်သူများ [ကောင်းသုခ] ၁၅၃


## လက္ခဏာရောင်ခြည်


ဘယ်လုပ်ငန်းနဲ့ အကျိုးဖြစ်ထွန်းနိုင်မလဲ
[ဆရာဦးခင်မောင်လင်း– B.Sc ရွှေဘို] ၂၃
သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၁၀၂
တစ်ချက်ကောင်းဟောကွက် [ဦးသော်ခင်–ဟသ်ာတ] ၁၂၅
လက္ခဏာပညာနှင့် လူနေမှုအဆင့်အတန်း
[ဆရာကြီး ဦးအောင်မြိုင်–ဥပဒေဘွဲ့] ၁၆၁
လက္ခဏာပဟေဠိ အဖြေညှိကြစို့ ၂၀၅


## လမ်းညွှန်ရောင်ခြည်


တမော့ကဗိုင်းဂူသို့ ဘုရားဖူးခရီး [အောင်ဇ–LL.B] ၉
လေးတော့တောင်တန်းမှ တချိုက်ထီးရိုးလေးစေတီ
[မင်းဏှာဒွိ–ဂမ္ဘီရတောင်တန်း] ၃၃
ဆံတော်ရှင် မြင်းနတ်ဘုရား ထံတော်ပါးဆီသို့(၅)
[ထက်မင်းကျော်စွာ] ၆၅
ဆုတောင်းကောင်းလျှင် သားကောင်းကိုပင်
ရနိုင်သော ကတိုင်ဘုရား [ကောင်းမြင့်မြတ်စိန်] ၁၀၅
ကန္နရဝတီ ငွေတောင်ပြည် လွိုင်ကော်မြို့မှ
ထူးခြားဆန်းကြယ်မှုတွေနှင့် ကျွတ်ဝူ
[ကြည်ကြည်ကျော်(ရင်တွင်းပုံရိပ်)–ပျဉ်းမနား] ၂၄၁


## အထူးကဏ္ဍရောင်ခြည်


သီရိသုပဘာရတနာဒေဝီ စိန်တုံးမိဖုရားကြီး၏
မင်းတုန်းမင်းတရားကြီးအတွက် အလှူတော်
မော်လမြိုင်မြို့မှ ရန်ပြေမာန်ရှင်းဘုရားကြီး(၁)
[သီတာဆန်း–မော်လမြိုင်] ၁၇
ကဒါတ်တောက် ဝါးကျောင်းဆရာတော်
စုဆောင်းပူဇော်ထားသည့် ရုပ်တုရုပ်ပွား ဓာတ်တော်များ(၁)
[ခရီးသည်သုတေသီ] ၄၁
မြဝတီနယ်မှ ကြံတိုင်းအောင်စေတီနှင့်
ဓာတ်ချေးအစီအရင်(၁) [ဖင်ညိုငယ်] ၈၉
ရွှေတောင်မြေမှ မယ်တော်ကျေးဇူးမြေ စေတီများ(၂) ၉၇
လယ်သာပတိန်း ရွှေဂူကြီးနှင့် စိတ်ဝင်စားဖွယ်ရာများ(၂)
[အောင်ဇ–LL.B] ၁၁၃

www.burmeseclassic.com

## ကိုယ်ရေးရောင်ခြည်


ထူးထူးခြားခြား လူဝင်စား [မြလွင်အောင်–မင်းဘူး] ၉၃
ဤသို့ ကြားလိုက်ရ၏ [ဝမ်း–စက်မှုတက္ကသိုလ်] ၂၃၂
ဆင်ကြဲ၍ လူခံရသည် [မောင်ဖင်သူ–ကျောက်စိမ်းတွင်း] ၂၃၅
ဝိညာဉ်လေလား ကွင်းပိုင်လား [မျိုးလက်ညို] ၂၆၈
မယုံသူကို ယုံအောင်ပြသည့် ကွင်းပိုင်ကြီး၏အစွမ်းသတ္တိ
[ကောင်းဟိန်း–ကျွန်းသစ်] ၂၇၅
ရုက္ခစိုးပေးသောထီ သို့သော်... [သုခဆွေ–တွံတေး] ၂၈၁


## ဟျှင့်ခင့်ရောင်ခြည်


ဂုဏ်တော်နှင့်တွဲထား သိဒ္ဓိဆယ်ပါးကျင့်စဉ် [အုံကြွယ်] ၇၇
ပေဟိမိတ္တံ ဂါထာတော်နှင့် လျှို့ဝှက်ဂမ္ဘီရကျင့်စဉ်
[ကဝိသိရောမဏိ] ၁၁၀
ရန်ပြေမာန်ပြေ (သို့မဟုတ်) စီးပွားတက်
မေတ္တာအဓိဋ္ဌာန်ကျင့်စဉ် [ပိုရှယ်မေ–အင်ငါးခွ သကြားစက်] ၁၃၂
ဒီပဲယင်းဆရာတော်ကြီး၏ မိတ်ခေတ်(၄)ပါးကျင့်စဉ်
[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၁၄၆
ဂုဏ်တော်(၉)ပါး အနုလုံ-ပဋိလုံ ဗဒ္ဓစက်စိပ်နည်း
[ဦးခင်မောင်သန်း]. ၁၅၈


## အစီအရင်ရောင်ခြည်


ကြိုဟ်ဆိုးပြေပျောက် ဥစ္စာရောက် [ပေါ်လွင်ဦး–ရေး] ၃၉
ကြိုဟ်စီးသော ညှံ့သောအခါ ဤသို့ ယတြာချေလိုက်ပါ
[မောင်ပဟိန်း–အင်းတော်] ၁၃၆
ကလေးမီးဖွားရ လွယ်ကူစေသော အစီအရင်ယတြာ
နည်းတစ်နည်း [မောင်အောင်ကျော်–အိမ်မဲ] ၁၅၁
ငွေယပ် [ဦးစိန်–ခေတ္တ၊ မြိတ်] ၂၀၉


## အပ္ပိရုဟ်ရောင်ခြည်


သတ္တကွတ္တံ အနန္တပြာလမ်း [အေးရွှေ–ဇီးကုန်း] ၁၂၃
ရွှေခေတ်လုံး လုံကျင်းလမ်း [ဆရာဦးစန်းယု–
ခေတ်မီအဘိဓမ္မာတောင်သာ၊ တိုင်းရင်းဆေး] ၁၈၂
ကောက်ရခဲ့ဖူးသည့်ပြဒါးဝုတ်ခေတ်လုံး [ရဲမျိုးသူ–ပေါဓိမြိုင်] ၁၈၇
သံကောင်း ရလိုသူများ [တင်လှ–ဆ–မ–ငြိမ်း] ၂၁၄
အဂ္ဂိရတ်ဖိုခန်းအတွင်းမှ သတိသံဝေဂနှင့်
အဂ္ဂိရတ်ခေတ် အတွေ့အကြုံဆန်းများ [ဖိုးသူတော်] ၂၆၂


## ဂါထာမန္တန်ရောင်ခြည်


အဘအောင်မင်းခေါင်၏ ဂါထာတစ်ပုဒ်
[ခေါင်စကြာ–တောင်ငူ] ၇၁
ကျက်သရေနှင့် လုပ်ငန်းဆောင်တာ ဘုန်းကျက်သရေ
တိုးစေသောဂါထာ [ဂါမဏိဇော်–ဝေဒဝိဇ္ဇာရေး၊ စစ်ကိုင်း] ၈၄
ဘုရားရှင်၏ ဝါဆိုဂါထာတော်နှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်း
[ဦးသူရစိုး–ငါးသိုင်းချောင်း] ၁၇၉
ထူးဆန်းထက်မြက် ဆေးမန်းတစ်ခွက် [လှိုင်ဘုဏ်း–နမ့်စန်] ၂၀၆




ကတိုင်ရွာ ဒီကတိုင်ဘုရားမှာ
သွားဆုတောင်းလေ ဆုတောင်းပြည့်တယ်ကွ
ဆုတစ်ဆုပဲတောင်း ပြည့်တယ်... ➡ စာ–၁၀၅

အင်းတို့အားလုံး နားပေါက်ပြဲ
ထမင်းကင်းပေါက်မကျန် အားလုံး
ကိုယ့်နေရာကိုယ် ပြန်ရမည်။ ငါ့ဓါးအမိန့်... ➡ စာ–၁၀၉






www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူးနံ့သာတောတွင်
ရှင်သာရိပုတ္တရာအား အဘိဓမ္မာတရား အကျဉ်း
ဟောတော်မူသည့် ပုံတော်ဖြစ်သည် ... စ၁-စ၁

ပဲပုံဟောင်မှ ငှေဇေဝါ အဂ်ါဟောင့်မှ
ရန်ဖွးရန်ပြောင့်ပြေ
အဓိဋ္ဌာန်ရှေခြင်သော့ကြီးမျှင် ... စ၁-၅၁




✻ ဆေးနည်းဟိုရောင်ခြည် ✻

မျက်စိထိခိုက်ဒဏ်ရာများ(သို့မဟုတ်)ဒဏ်များအတွက်
ပျားရည်မျက်စဉ်း [တိုးတက်ဖြိုး–ရ.န.ခ] ၁၁၁
လည်ချောင်းနာနှင့် သံပရာ [လှိုင်း–တောင်ကြီး] ၁၃၄
ထုံနာကျဉ်နာရောဂါနှင့် အထက်အနိုးလူခြင်းတို့ကို
ပျောက်ကင်းစေသော ဆေးနည်း [စလင်း ဦးကျော်] ၁၉၉

◆ အားဆေးရောင်ခြည် ◆

လေငန်းရောဂါအတွက်ဆေးနည်း [အေးဆွေ–ပန်းတောင်း] ၁၅
နှင်းခူရောဂါအတွက် ဆေးနည်းကောင်းတစ်လက်
[အေးချမ်းမော်–မင်းလှ] ၁၄၂
မြွေဆိပ်အတွက် စတီနည်းတစ်နည်း
[ကိုကိုခန့်ချော–ကသာမြေ] ၂၅၂
အတက်ရောဂါအတွက် ဆေးတစ်ခွက်
[မောင်လေးကေ–ဘီးလင်း] ၂၉၆

✻ ဂမ္ဘီရပဗ္ဗရောင်ခြည် ✻

မြွေမောင်နှမ [အေးမွန်ကျော်–နမ္မတီး] ၂၈၉
မြေပိုင်ရှင်ကြီး ဦးဘိုးလွန်းနှင့် ဂမ္ဘီရဆေးမိုးကျိုးပေါင်း( ၃ )
[မောင်စိမ့်စမ်း–ကေတုမတီ] ၂၉၇

▲ မိတ်ဖွဲ့ဆိုင်းအင်းရောင်ခြည် ▲

အံ့ဩမိပါသည် [ထီလာကျော်] ၂၃၃
အိပ်မက်ဖြင့် စပါးခြင်သူ [ဦးမင်းညို–မြဝတီ] ၂၇၃

✎ ထူးခြားသစ်ပင်ရောင်ခြည် ✎

ကြွက်နွယ်ဝင်ပင်မှ ထူးဆန်းအံ့ဖွယ်
မြေပုံသဏ္ဌာန်နွယ်ဝင် [ဆန်းလှနွယ်–မင်းလှ] ၁၉၀

✣ ဗဟုသုတရောင်ခြည် ✣

သရဲကြီးများ ပျော်တဲ့ရွာ
[ဘက်ထရီမောင်သောင်း–လယ်တီကွင်း] ၁၀၈
ထူးခြားရှားပါး ဓာတ်ပုံကဏ္ဍ [ကုံလုံဆရာတော်ကြီး၏
လက္ခဏာပုံတော်] [ဆရာကြီး ဦးအောင်မြိုင်–ဥပဒေဘွဲ့] ၁၄၅

† ထူးခြားဝမ္ဗည်းရောင်ခြည် †

ထူးထူးခြားခြား ကျောက်လိပ်လေးနှစ်ကောင်
[လှိုင်ထွန်း–ဝေါ] ၁၂၁
အဆောင်ကျောက်မျက် လက်ဝတ်ရတနာ
[ဆရာကြီး ဦးအောင်မြိုင်–ဥပဒေဘွဲ့] ၁၆၉
ဘီလူးခေါင်းပုံ ကျောက်တုံးလေးနှင့် ဘယ်လိုလုပ်ရပါ့
[စောမိသွင်–ရန်ကုန်] ၂၆၅

⊷ ကိုယ်ခံပညာရောင်ခြည် ⊷

သိုင်းပညာရှင် ဆရာကြီးမင်းယက္ခ(တိုက်ပွဲဝင်သိုင်း)၏
ဘဝအတွေ့အကြုံများ(ဒုတိယပိုင်း) (၄)
[ဆရာကြီးမင်းယက္ခ–တိုက်ပွဲဝင်] ၂၀၁

www.burmeseclassic.com

## ❖ ကုထုံးရောင်ခြည် ❖

အကြောနှင့်ဆရာ ဆက်စပ်ပါ မြန်စွာပျောက်ကင်းမှု
[ဖက် ကျီးပေါင်းတက်သော်]
[ဆရာဦးလှညိမ်း–အကြောပညာရှင်၊ တံတားဦး၊ အင်းဝ] ၁၇၅
ရှေးမြန်မာ တိုင်းရင်းဆေးပညာ ကုထုံးများ မှတ်တမ်း
တင်စေချင်[မြွေပွေးနှင့်ရခိုင် မြွေကိုက်ကုထုံး]
[ဝိဇ္ဇာမဟာဓိဆရာဦးသန်းမြင့်–တိုင်းရင်းဆေး] ၁၆၇

## ❋ အမျိုးသမီးအလှရောင်ခြည် ❋

ငပဲမြို့နယ်မှ အိမ်ရှင်မတို့၏ မျှစ်ဟင်းလျာများနှင့်
မျှစ်ချဉ်ပြုလုပ်နည်း [သောင်းဟန်–ဗိုလ်ကုန်း] ၁၆၄
လက်ဖက် ကြာရှည်ခံရန် ထားနည်း [ဒေါ်တင်အေး–မအူပင်] ၃၀၄

## ○ သုတေသနရောင်ခြည် ○

စိတ်ငင်စားဖွယ်ကောင်းသော ထိုးမြလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်–ဥပဒေဘွဲ့] ၂၁၂
ပျားစွဲသောအိမ် [ဦးစိုး–မတ္တရာ] ၂၂၁
ပိုးယပ်ပုံလျှင် ပိုက်ဆံဝင်၏ [ခွန်စိုင်းဝမ်း] ၂၈၅

## ○ မြန်မာ့ချင်းကြိုးဆေးပင်ဆေးမြစ်ရောင်ခြည် ○

ဆီးကျောက်တည်နှင့် ကျောက်ကွဲပင် [စလင်း ဦးကျော်] ၁၈၅

## ✲ ဟိမဝန္တာရောင်ခြည် ✲

နွားချောင်းဆိုးရောဂါ ပျောက်ကင်းစေဖို့ရာ
[ကိုကိုအောင်–မြကန်သာ၊ ဝက်လက်မြို့] ၄၆
နွားစာ ထားနည်းနှင့် နွားများ မွှားကိုက်လျှင်
[အေးချမ်းအောင်–ရမည်းသင်း] ၁၁၈
ကျွဲနွား လေးဖက်နာရောဂါ [ငွေသိန်း–တိ/မွေး/ကု] ၁၂၆

## ⊡ ကြည်ညိုခြင်းရောင်ခြည် ⊡

ဘိုးတော်ဘုရား ကိုးကွယ်ခဲ့သော
စန္ဒကူးမေမွှစက်ရုပ်ပွားတော် [ခွန်စိုင်းဝမ်း] ၈၁
မိုးလေလွှဲတား ဆုတောင်းပြည့် ဖောင်တော်ဦးဘုရား
[စန္ဒာမိုး–တောင်ငူ] ၁၂၉

## ✳ အောင်မြေရောင်ခြည် ✳

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့်
ရှိန်းပူဇော် ဂါထာတော်များ(၄၈)[ပဲပုံတောင်မှဌာဧစေတီတော်]
[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၄၉
ဗျတ်ဝိသား ရန်အောင်မြင် ကျိုက်ထီးရိုးစေတီအောင်မြေ
ကျောက်ပြားတောင် အဓိဋ္ဌာန်ခရီး(၁)[မောင်မောင်စိုး–ထားဝယ်] ၅၇





ဤဘုရားကြီး ပြီးသွားသောအခါ
လည်းဖြင့်တင်၍ မင်းတုန်းမင်းကြီး၏
ရွှေတော်သို့ ပင့်ဆောင်သွားပြီး... ☁ စာ–၁၇

သိဒ္ဓိရှင်များအား
ကြိုဆိုပူဇော်ထားသော
ထီးဖြူတော်များဖြစ်သည်... ☁ စာ–၁၄၁



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖိုင်လေးတွေရဲ့ ပျော့ဆက်မှာ
အလုံးလိုက် ပုံသဏ္ဍာန်တွေကို
ထူးခြားမှု တွေ့ရမယ်... ➡ စာ-၁၂၀



ကျောက်ချိတ်
စေတီအား
မြောက်ဘက်တောင်း
ချိုင့်ဝှမ်း
အတွင်းမှ
ဖူးမြင်ရသည့်
မြင်ကွင်းဖြစ်သည်... ➡ စာ-၅၇

ဤကျောက်ကွဲပင်သည်
ဆီးကျောက်တည်ရောဂါအတွက် အစွမ်းထက်သော
မြစ်ချင်းပြီးဆေးပင်ဖြစ်သည်... ➡ စာ-၁၈၅



## ✧ ထီဗေဒရောင်ခြည် ✧

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ထီထိုးလိုက
မွေးရာမှပါ ဥာဏ်ကောင်း [ဆရာရဲထက်] ၁၅၇
၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင်
ထီဆုကြီးများ ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၁၆၈

## ✳ စိုက်ပျိုးရေးရောင်ခြည် ✳

ဒေသခံ အကျိုးပြု အဏုဇီဝပိုး မွေးမြူထုတ်လုပ်ခြင်း
Indigenous Micro-Organisms(IMO) [တနိုင်းခ] ၁၇၃

## ❑ ထပ်ဆင့်အသံရောင်ခြည် ❑

ခိုက်တဲ့ လက်ပြန်ရေနှင့် ကျေးဇူးတင်ပါသည်
နက္ခတ္တရောင်ခြည် [ကိုရွှေမောင်-ဒေါင်းအင်းကုန်း] ၉၅

## ▲ အောင်မြင်ကျန်းမာရေးအသံရောင်ခြည် ▲

ကျန်းမာပြီး အသက်ရှည်စွာ နေနိုင်သော
နည်းလမ်းကောင်းများ [လှအောင်-ကသာ၊ ၆၈၉၇] ၁၄၃

## ✪ အင်းဆေးရောင်ခြည် ✪

မဂ္ဂင်ရှစ်ပါး ထူးခြားအင်းတော်မြတ်
[ဆရာစကြာအောင်-လှမှုထူးချွန်] ၁၅၅
စာမေးပွဲအောင်ဂါထာ ဥာဏ်သို့စီရင်သော်
[မောင်ပပဟိန်း-အင်းတော်] ၁၈၃

## ✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎

နဘူးကျင်း ရန်ကင်းတောရဆရာတော် ဦးတိသာရအား
ကြည်ညိုပူဇော်မှုခရီး(၁) [ဖင်ညိုငယ်] ၂၅
သမိုင်းအခိုင်အမာနှင့် ရှေးဟောင်း တနင်္သာရီမြို့က
ခန္ဓာကိုယ် မပုပ်မပျက်သော ဝိဇ္ဇာဆရာတော်ကြီး
ဦးဥတ္တမ(၅) [ခင်ခင်ဝင်း-မော်ရဝတီ] ၇၃
ဝက်လူးအရှေ့တောကျောင်းဆရာတော် အရှင်လက္ခဏာ၏
ဘဝတောက်ကြောင်းများ(၁) [စံထွန်းသာ] ၁၃၇

## ❖ ထူးခြားဆန်းကြယ်ရောင်ခြည် ❖

ဥစ္စာစောင့်ပေးတဲ့ရွှေ [ဂုဏ်သုံးပွင့်] ၂၃၃
ကျွန်ုပ်နှင့် မျက်နှာများသော ခေါင်းပြတ်ကြီး
[ကိုသိန်းလွင်ဟိန်း-ပန်းသခင်၊ စဥ့်ကူး] ၂၅၇
မိုးကြိုးနှင့် ဆက်နွယ်နေတဲ့ ရွာမ မီးလုံးကြီးလား
[မင်းမောင်ဘွား-မြောင်းမြ] ၂၇၁
ရောဂါကုထုံးသော ယတြာအစွမ်းသော [ထီလာကျော်] ၂၇၉
ကျိုက်ထီးရိုးဘုရားနှင့် လူတစ်ဦး၏ အံ့ဖွယ်ဖြစ်ရပ်ဆန်း
[အသူရာ-တောင်ငူနှ၊ တိုက်တွာလား] ၂၈၇

## ▲ အမေးအဖြေရောင်ခြည် ▲

အမေး၏ အဖြေ [မကွေး-မကျည်း] ၁၇၁



www.burmeseclassic.com

www.burmeseclassic.com

## ✣ ဝိဇ္ဇာဓရရောင်ခြည် ✣

ကိုယ်တွေ့ကြုံလို့ ယုံရသည်(၄) [နှင်းပုလဲသွေ] ၁၇၇
ကျွန်တော့်သူငယ်ချင်း ကိုအေးကြူ(သို့မဟုတ်)အဘကြူ
[ဗိုလ်သန်း–ကန့်ဘလူ] ၂၁၇
ရွှေပေါ်ကျွန်းနှင့် နှင်းပျောက်တဲ့နွေ
[မင်းမောင်ဘွား–မြောင်းမြ] ၂၄၉

## ✂ နေ့စဉ်သုံး အဝလမ်းညွှန်ရောင်ခြည် ✂

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း
လာဘ်လာဘ ရွှင်လန်းကြပါစေ [ထက်မင်းကျော်စွာ] ၃၁
၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း
နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစံ–ကျိုက်လတ်] ၁၂၇
၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
ပုံရိပ်ရှင်တို့၏ ဟံကြမ္မာ [ဟုဂျင်းစီ] ၁၄၄
၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၁၆

## ✧ မြန်မာ့ရိုးရာပညာရောင်ခြည် ✧

ခရီးသွားသူ ရောက်၊မရောက်နှင့် ပစ္စည်းပျောက်
ရ၊မရတွက်နည်း [ကောင်းခန့်–သစ္စတ်မြေ၊ ဝက်လက်] ၁၆၆
လူတို့နေရာ အိမ်ဂေဟာ
လေ့ကားဟောင်းလောင်း မထားကောင်း
[ဗိုလ်မင်း–မင်းလှ] ၁၉၇

## ◆ ကျန်းမာရေး ဓာတ်မာရောင်ခြည် ◆

(၁၂)လရာသီ နက္ခတ်ဓာတ်စာ နတ်တော်လ
(ဓနုရာသီ-Sagittarius)နက္ခတ်ဓာတ်စာ ဆောင်ရန်ရှောင်ရန်
ဆေးဖက်ဝင် အစားအစာများ [ဆရာ မင်းချမ်းသာ] ၁၉၉
၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဆေးသုတေသီ] ၂၀၀


## ● ပရလောကရောင်ခြည် ●

ကြုံဆုံခဲ့ရ ထိုတစ်ည
[ကိုစိုးမြင့်ဦး– B.Ed၊ S.ပညာရေးတက္ကသိုလ်] ၂၂၆
ကုက္ကိုပင်မှ ရုက္ခစိုးနတ် [အညာကြွကျောင်းဆရာ] ၂၂၈
သာခုမခေါ်တဲ့ သရဲ [ရွှေမှော်မြေ မောင်ကြည်သိန်း] ၂၃၉
ကျွန်တော့်ကိုယ်တွေ့ ပရလောကသားများ အတွေ့အကြုံနှင့်
ဘဝအသိအပြောင်းအလဲ(၂) [ဦးဉာဏ်] ၂၄၂
ထူးဆန်းသော အိမ်ကြီးနှင့် ပရလောကသား(၂)
[ရွှေဒုံ ကြူကြူအေး] ၂၅၃
ယုန်ထိုးကြီးမှ ဖုန်းဆိုးကြီးနှင့် ပုံဆိုးကြီး [ထို] ၂၆၀
လွန်ခဲ့တဲ့(၇)နှစ်က ပရလောကသား
[ခင်လေးမြင့်–မြစ်ကြီးနား] ၂၈၃
ဘုံဗိမာန်လား ချုံပုတ်လား [သကြၤလုလင်] ၃၀၆

ဓ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

ကျိုက်ထီးရိုး
ဘောင်ဆွဲ
ဘောင်တန်း
တခါလျှောက်တွင်
ကျိုက်ထီးရိုးလေး
စေတီတော်ပေါင်း
ကိုးဆယ့်ကိုးဆူ
ရှိတယ်...

စာ-၃၄



ကချို
မြေလွှာ
အရှေ့ပေါ်ကြီး
ကောင်းကင်
ခရီး
ကြွေနေသော
မြင်းမူမှု
အများကြီးပဲ...

စာ-၂၆



စေတီပုံဆေးမြစ်တုံးကို
ရိုးရိုးကျောက်ကျရင် သုံးရမယ်
ဘူးသီးပုံ ကျောက်ကတော့...

စာ-၁၃



www.burmeseclassic.com

# တမော့ကဖိုင်းရွာသို့

ဘုရားဖူးခရီး

ရဲအောင်ဖြ (LL.B)





▲ တမော့ကဖိုင်းလိုဏ်ဂူအတွင်း ဘယ်ညာ နံရံကြမ်းလုံးရှိ ဗုဒ္ဓရုပ်ပွားတော်များ

◀ တမော့ကဖိုင်းလိုဏ်ဂူညာဘက်ခြမ်းရှိ ဗောဓိညောင်ပင်သဏ္ဌာန် သဘာဝ ကျောက်ဖက်ရိုးဖျော်နှင့်ဗုဒ္ဓရုပ်ပွားတော်

**"တမော့ကဖိုင်း"**ဆိုသော နာမည် မှာ မွန်ဘာသာစကားဖြစ်၍ မြန်မာ ဘာသာဖြင့် အဓိပ္ပါယ်ပြန်လျှင် **"ကျောက်တောင်ခြေရင်း"**ဟူ၍ဖြစ်ပါ သည်။ ရှေးအခါက ဤနေရာတွင် မွန်တိုင်းရင်းသားများ နေထိုင်သော ကျေးရွာတစ်ရွာ ရှိခဲ့ပါသည်။

ထိုကျေးရွာသည် ကျောက်တောင် ကြီး၏ ခြေရင်းမှာ တည်ရှိသဖြင့် **"တမော့ကဖိုင်းရွာ"(ကွမ်တမော့ကဖိုင်း)** ဟု ခေါ်သည်ဖြစ်ပါသည်။ ယခုအခါ၌ ထိုနေရာတွင် တမော့ကဖိုင်းခေါ်သော မွန်ကျေးရွာ ရှိသလား/မရှိဘူးလား ကျွန်ုပ် မသိပါ။ မွန်တိုင်းရင်းသားတွေ ရှိသေး သလားမသိတော့ဘူးလား ဆိုသည်ကို လည်း မသိပါ။

လမ်းပြအဖြစ် လိုက်ပို့ သော စောငွေထွန်း၏ ပြောပြ ချက်အရ ကျော်ကေ့ခ်ီးဆိုသော ကရင် ရွာကို ရောက်ရှိပြီးမှသာ အရှေ့ဘက် တောင်ခြေကို အတော်ဝေးဝေး သွားရ ခြင်း ဖြစ်သည်။ ဆိုင်ကယ်လမ်း၏ ဘေးဘယ်ညာမှာ လူနေအိမ်ခြေများ မတွေ့ရပါ။ သစ်ပင်၊ တောအုပ် များသာ တွေ့ရသည်။

ကျွန်ုပ်တို့ ဆိုင်ကယ်သွားရာ လမ်း ၏ရှေ့တည့်တည့်မှာ ရှေးဟောင်းရဲတိုက် ကြီးနှင့်တူသော ကျောက်တောင်ကြီးကို အချွန်အတက်တွေနှင့် မြင့်မြင့်မားမား တွေ့မြင်ရသည်။

ထိုကျောက်တောင်ကြီး၏ ဘယ် ဘက်(၃)ဖာလုံခန့်တွင် သစ်ပင်များ အုပ်စိုင်းစိမ်းမှောင်နေသော တောင် တန်းကို တွေ့ရသည်။

ကျွန်ုပ်၏ ခန့်မှန်းချက်အရဆိုလျှင် ဤတောင်တန်း၏ အရှေ့ဘက်ခြမ်း မှာ ဝဲပုံတောင်တန်း ရှိနေပေလိမ့်မည်။ ထိုဝဲပုံတောင်၏ အရှေ့ဘက်မှာ မိုင်ဝက်ကျော်အကွာတွင် သံလွင်မြစ် ကြီး ရှိပါသည်။

သစ်ပင်များ အုပ်ဆိုင်းနေသော တောင်ခြေသို့ အသွားလမ်းမှာ ကျောက်ထုတ်ကုမ္ပဏီပိုင် ကားများ သွားလာထားသောကြောင့် မြေသား မော်တော်ကားလမ်း ကောင်းမွန်ပါ သည်။

တောင်ခြေနှင့် ကပ်လျက်တွင် သွပ်မိုး သစ်သားဘုန်းတော်ကြီးကျောင်း နှင့် ဇရပ်တို့ကို တွေ့ရှိရသည်။ ဘုန်း တော်ကြီးမှာ ရွာထဲရှိ အလှူတစ်ခုသို့ သွားကြောင်း ကျောက်ထုတ်အလုပ်





www.burmeseclassic.com

www.burmeseclassic.com





◆ တမော့ကာရိုင်းလိုဏ်ဂူရှိ ရုပ်ပွားတော်များ ကိန်းဝပ်ရာနေရာ

◆ လိုဏ်ဂူနံရံတွင် ဖူးမြင်ရသော ကော့လုံကျွန်းမီးဘုရားကျောင်း ပထမဆရာတော် ဦးဇောတိကပုံတော်

◆ တမော့ကာရိုင်းလိုဏ်ဂူ



သမားတစ်ဦးက ပြောပြသည်။

ဘုန်းတော်ကြီးကျောင်း ရှေ့တွင် ဆိုင်ကယ်ရပ်ပြီး တောင်ခြေရှိ လိုဏ်ဂူရှိရာသို့ ခြေကျင် ဆက်သွားရသည်။ တောင်ခြေမှ လိုဏ်ဂူဝသို့ အုတ်အင်္ဂတေလှေကားထစ် သုံး,လေးဆယ်ခန့် ခပ်ပြေပြေ တက်သွားရ၏။

လှေကားထစ်အဆုံးမှာ အနောက်ဘက်အရပ် မျက်နှာလှည့်သည်ဟု ယူဆရသော လိုဏ်ဂူဝမှာ ပေသုံးဆယ်ခန့်ကျယ်၍ အမြင့် ဆယ်ပေခန့်ရှိကြောင်း တွေ့ရသည်။

ဂူဝမှာ အိုးခွက်ပန်းကန်ထားသည့်စင်၊ ချက်ပြုတ်သည့်မီးဖိုနေရာ၊ ထမင်းစားခုံပိုင်း၊ အိပ်ရာသစ်သားခုတင်၊ သက်နှ်း၊ အလှူခံသော နေရာတို့ကို တွေ့ရှိရသဖြင့် ဤဂူတွင် ကိုရင်ကြီး (သို့မဟုတ်) ရသေ့ စသည်တို့ လက်ရှိ သီတင်းသုံးနေမည်ဟု ခန့်မှန်းရသည်။ သို့တည်းမဟုတ် ရဟန်းတစ်ပါးနှင့် ကပ္ပိယ သူတော်စင် စသည်တို့ အတူ သီတင်းသုံးနေမည်ဟု ယူဆရသည်။

ဂူဝတွင် ယိုယွင်းပျက်စီးနေသော ဝိဇ္ဇာရုပ်တုကို မြင်ရသဖြင့် ရှေးအခါက ဤလိုဏ်ဂူမှာ ဂမ္ဘီရပညာ လိုက်စားသော ဂန္ဓာရီပုဂ္ဂိုလ်တို့ နေထိုင်သီတင်းသုံးကာ လူသူပရိသတ်များစွာ စည်စည်ကားကား ဖြစ်ခဲ့မည်ဟု ခန့်မှန်းရသည်။


ဂူအတွင်းမှာ ပေသုံးဆယ်ခန့်ကျယ်သော လိုဏ်ခေါင်းရှည်ကြီးဖြစ်ပြီး ဂူနံရံနှစ်ဖက်တွင် ရုပ်တော်မူ၊ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်များ အဆူ(၄၀)ခန့် ပူဇော်ခံထားပါသည်။ မီးကြိုးလည်း သွယ်တန်းထားသဖြင့် လျှပ်စစ်မီးရကြောင်း သိနိုင်ပါသည်။ (သို့မဟုတ်) မီးစက်ရှိပါမည်။

ဘယ်ဘက်ဂူနံရံတွင် ဓာတ်ပုံ(၂)ပုံရှိသည်။ တစ်ပုံမှာ **ကော့လုံကျွန်းမီးဘုရားကျောင်း ပထမဆရာတော် ဦးဇောတိက**၏ပုံတော်ဖြစ်ပြီး နောက်တစ်ပုံမှာ **ကော့လုံကျွန်းမီးဘုရားကျောင်း ဒုတိယဆရာတော်ဦးဇဋိလ**



www.burmeseclassic.com


www.burmeseclassic.com




◆ တမော့ကာရိုင်းလိုဏ်ဂူတွင်း ဘယ်ဘက်ခြမ်းရှိ ဗုဒ္ဓရုပ်ပွားတော်များ

လိုဏ်ဂူနံရံတွင် ဖူးမြင်ရသော ကော့လုံကျွန်းမီးဘုရားကျောင်း ဒုတိယဆရာတော် ဦးဇဋိလပုံတော် ◆

ကော့လုံကျွန်းမီးဘုရားကျောင်း ဒုတိယဆရာတော် (ဦးဇဋိလ)



◆ တမော့ကာရိုင်းလိုဏ်ဂူဝမှ လှေကားထိပ်မှ အောက်ဘက်သို့ မြင်ရသော တမော့ကာရိုင်းကျောင်းပရိဝုဏ်နှင့် ဂူသို့ အလာလမ်း



[illegible]တော်ဖြစ်သည်။

[illegible]ကြောင့် ဤလိုဏ်ဂူမှာ ထိုဆရာ[illegible]များ သာသနာပြုခဲ့သော လိုဏ်ဂူ[illegible]ဟု ယူဆရပြန်သည်။

[illegible]ဘယ်ဘက်ခြမ်း နံရံတစ်နေရာ[illegible]သော လိုဏ်ဂူပေါက်တစ်ခု[illegible]မြင်ရသည်။ အဓိဋ္ဌာန်ဝင်သော [illegible]ဂူငယ် ဖြစ်ပေလိမ့်မည်။

[illegible]ဘက်ခြမ်း အတွင်းဘက် အဆုံးတွင် ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို ဖူးမြင်ရသည်။ ထိုရုပ်ပွားတော်၏ နောက်ကျောဘက်တွင် အဓိဋ္ဌာန်လိုဏ်ဂူငယ်တစ်ခု တွေ့ရှိရသေးသည်။

လိုဏ်ဂူအတွင်းမှာ သဲမြေပွဖြစ်ပြီး ခြောက်သွေ့နေသည်။ ဂူတွင်း လမ်း အကျယ်(၁၀)ပေခန့်ရှိပြီး အမြင့်လည်း (၁၀)ပေခန့်ရှိသည်။ ကျောက်စက်ပန်းဆွဲနှင့် ကျောက်စက်မိုးမျှော်တို့ ဂူတွင်းလမ်းမှာ မတွေ့ရှိရပါ။

ဂူတွင်းသို့ ပေသုံး,လေးဆယ်ခန့် ဝင်သွားရာ အတွင်းပိုင်းမှာ တဖြည်းဖြည်း မှောင်လာသဖြင့် ဆက်၍ မဝင်ရဲတော့ဘဲ ပြန်ထွက်ခဲ့ပါသည်။ ဂူတွင်းမှာ ရုပ်ပွားရုပ်တုတော်များ မရှိသေးပါ။

လိုဏ်ဂူ၏ ညာဘက်ခြမ်းရှိ ရုပ်ပွားတော်များအနက် တစ်ဆူ၏ နောက်မှာ သဘာဝ ကျောက်စက်မိုးမျှော်ကြီး၏ ပုံသဏ္ဌာန် လွန်စွာလှပသည်။ ဗောဓိညောင်ပင်ပုံနှင့် တူနေသည်။

ဂူတွင်း အမှောင်လမ်းဝမှ ဂူအဝင်ဝ ရှိရာသို့ လှမ်းကြည့်လိုက်ရာ မီးရထားသွားသော လိုဏ်ခေါင်းကြီးနှင့် တူနေကြောင်း သတိထားမိသည်။


ဂူနံရံမှာ အဖြူရောင်အားသာသဖြင့် ထုံးကျောက်လိုဏ်ဂူဖြစ်ကြောင်း သိနိုင်ပါသည်။

လိုဏ်ဂူအတွင်းရှိ ဘုရားရုပ်ပွားတော်များရှေ့တွင် ဖယောင်းတိုင်မီးထွန်းပူဇော်ပြီး ပုတီးစိပ်ခြင်း၊ မေတ္တာပို့



www.burmeseclassic.com

www.burmeseclassic.com



▲ တဝမော့ကိုင်းလိုဏ်ဂူအတွင်း ဘယ်ဘက်ခြမ်း အစွန်ဆုံးရှိ
ရုပ်တော်မူရုပ်ပွားတော်နှင့် အဓိဋ္ဌာန်လိုဏ်ဂူငယ်

▼ တဝမော့ကိုင်းလိုဏ်ဂူတွင်းမှ ဂူဝသို့မြင်ကွင်း






▲ တဝမော့ကိုင်းလိုဏ်ဂူတွင်း
ဘယ်ဘက်ခြမ်းနံရံမှ ဂူပေါက်ငယ်

▼ တဝမော့ကိုင်းတောင်နှင့် တောင်ခြေ
ဂူဝသို့ အတက်လမ်းစောင်းတန်းလှေကား



▼ တဝမော့ကိုင်းလိုဏ်ဂူအတွင်းရှိ
အမှောင်ဂူသို့ အဝင်လမ်းအဝ





www.burmeseclassic.com

www.burmeseclassic.com

ခြင်း အမှုဝေခြင်းတို့ ပြုခဲ့ပါသည်။

ဂူဝမှ ပြန်ဆင်းလာစဉ် ဘုန်းတော်ကြီးကျောင်းအနီးရှိ မီးစက်အဆောင်မှာ အမျိုးသားလူငယ်တစ်ဦး တွေ့သဖြင့် လိုဏ်ဂူအကြောင်း ပြောပြနိုင်ပါသလား၊ လိုဏ်ဂူအဆုံးအထိ အတွင်းကို ဝင်ရောက်ဖူးပါသလားဟု မေးမြန်းရာ ထိုလူငယ်က ဖင်းကျိုက်တွင် နေထိုင်သူဖြစ်ပြီး ဤတောင်တွင် ကျောက်ထုတ်လုပ်ငန်းဝန်ထမ်းအဖြစ် လာရောက်လုပ်ကိုင်သူဖြစ်၍ ဤလိုဏ်ဂူအကြောင်း မသိပါဟု ဖြေသည်။

ထို့ပြင် လိုဏ်ဂူကို စောင့်ရှောက်ထိန်းသိမ်းသီတင်းသုံးနေသော ဆရာတော်က ဤလိုဏ်ဂူအတွင်းမှာ မြွေကြီးများရှိကြောင်း မကြာခဏ သတိပေးသဖြင့် ဤဂူအတွင်းသို့ မဝင်ရဲခဲ့ကြောင်းလည်း ပြောပြပါသည်။


**တမော့ကဖိုင်းလိုဏ်ဂူမှာ** အတိုက်အလျောက်ကြီးမားသော လိုဏ်ဂူဖြစ်သည်။ လင်းနို့ငှက်များလည်း မရှိသဖြင့် အနံ့အသက် မဆိုးပါ။ ဂူတွင်းမှာ လေဝင်လေထွက် ကောင်းပြီး ခြောက်သွေ့သန့်ရှင်းနေသည်။

ဘားအံ-ဖာပွန် ဆက်သွယ်ထားသော ကဒ္ဒရာမော်တော်ကားလမ်းမကြီးနှင့်လည်း သိပ်မဝေးလှပါ။ ကဒ္ဒရာကားလမ်းမနှင့် ဆက်သွယ်ထားသော မြေနီလမ်းသစ်လည်း ကောင်းစွာရှိသည်။

**သထုံ-ဘားအံ မော်တော်ကားလမ်း ရှိ ...သော-ကမမောင်၊ ကဒ္ဒရာ ...ကြီးအတိုင်း မော်တော်ကားနှင့် ... မော်တော်ဆိုင်ကယ်နှင့်ဖြစ်စေ ...ယ်တကူ လာရောက်နိုင်သည်။ ...တော်သိန်းအတွင်း ရောက်ရှိနိုင် ...ရာ ဖြစ်ပါသည်။**

မြိုင်ရွာနှင့် ဂျို့ပင်ဆိပ်ရွာကြားမှ ...ပြုရွာသို့ မြေနီမော်တော်ကား

သံလွင်မြစ်အနောက်ခြမ်းရှိ စေတီ ဘုရားရုပ်ပွားရုပ်တုရှိသော လိုဏ်ဂူကြီး၊ လိုဏ်ဂူငယ်များနှင့် တမော့ကဖိုင်း ဂူလမ်းညွှန်မြေပုံကြမ်း






www.burmeseclassic.com

www.burmeseclassic.com

လမ်းအတိုင်း မောင်းဝင်သွားပြီး ထိုမှ ကျော်ကော့ခီးရွာသို့ (၅)မိနစ်အတွင်း ရောက်မည်။ မြေနီကားလမ်းမှာ ဖလံတောင်အထိ ဖောက်လုပ်ထားကြောင်း သိရသည်။

ကျော်ကော့ခီးရွာမှ အရှေ့ဘက် တမော့ကဖိုင်းဂူဝ တောင်ခြေအထိ အချိန်(၅)မိနစ်မျှနှင့် ရောက်နိုင်သည်။ တောင်ခြေမြေပြန့်ကျယ်တွင် ဘုရားဖူးကားကြီးများ ရပ်နားနိုင်လောက်အောင် မြေပြန့်ကျယ်ရှိသည်။

တမော့ကဖိုင်းဂူဝမှ ဂူဆုံးထိ စေတီဘုရား ရုပ်ပွားရုပ်တုများ ထပ်မံဖြည့်စွက်လှူဒါန်းခြင်း၊ ဂူဝကို အနည်းငယ်တိုးချဲ့ပြုပြင်ခြင်းများပြုလျှင် ဘုရားဖူးဧည့်သည်များစွာ လာရောက်နိုင်သော နေရာဖြစ်ပါသည်။

တမော့ကဖိုင်းဂူနှင့် မနီးမဝေးတွင် မြိုင်ဂူ၊ ဂူညီနောင်၊ ဝဲပုံဂူ(ဝန်ပုံဂူ)တို့လည်း အလွယ်တကူ လာရောက်ဘုရားဖူးအဓိဋ္ဌာန်ဝင်နိုင်သော နေရာဖြစ်ကြသည်။

ရပ်ဝေး ဘုရားဖူးများအနေဖြင့် **ဘုရင့်ညီဂူ၊ ကော့မြိုင်ဂူ၊ မိကရင်ဂူ၊ ဒိုင်ချိုင့်ဂူ (ဓာတ်ကျိုက်ဂူ)**တို့လည်း မော်တော်ကား၊ မော်တော်ဆိုင်ကယ်တို့ဖြင့် အလွယ်တကူ ဝင်ရောက်ဖူးမြော် အဓိဋ္ဌာန်ဝင်နိုင်သော လမ်းသင့်ပါသည်။

ထိုမှ **ကမမောင်းမီးဖိုင်းဆံတော်ရှင်စေတီတော်**အထိ ဘုရားဖူးခရီးစဉ်ဆွဲနိုင်ပါသည်။ **ဝဲပုံ(ဝန်ပုံ)ဂူမှ ကမမောင်းသို့** မော်တော်ကားဖြင့် (၁၅) မိနစ်မောင်းလျှင် ရောက်ပါသည်။

**မီးဖိုင်းဆံတော်ရှင်မှာ ကမမောင်းမြို့၏ အနောက်ဘက် (၅)မိုင်ခန့်တွင် ရှိပြီး မော်တော်ကားဖြင့် အလွယ်တကူ သွားရောက်နိုင်သည့် ဖြစ်ပါသည်။**

တမော့ကဖိုင်းလိုဏ်ဂူနှင့် အတူ လမ်းသင့်နေသော ဂူကြီးများအဓိဋ္ဌာန်တွင် ဘားအံမြို့အနီးမှ ကော့ဂွန်းဂူ၊ ရသေ့ပုံဂူ၊ ဘားကပ်ဂူတို့ကိုပါ တစ်ပါတည်း ဝင်ရောက်ဖူးမြင် အဓိဋ္ဌာန်ဝင်နိုင်ပါသေးသည်။

နယ်မြေအေးချမ်းနေပြီ၊ ကားလမ်းလည်း ကောင်းမွန်နေပြီ၊ ဒေသခံဗုဒ္ဓဘာသာဝင် **သူတော်စင်ပုဂ္ဂိုလ်များဦးဆောင်၍ တမော့ကဖိုင်းလိုဏ်ဂူကို သာသနာ ဖွင့်ပေးကြစေလိုပါသည်။**

မြန်မာနိုင်ငံအနှံ့မှ ဗုဒ္ဓဘာသာဝင်များအနေဖြင့်လည်း ကရင်ပြည်နယ် ဘားအံမြို့နှင့် ဖာပွန်မြို့အကြား (သို့မဟုတ်) ဘားအံ–ကမမောင်းကြား လမ်းခရီးတစ်လျှောက်ရှိ ဘုရားလိုဏ်ဂူများသို့ ဘုရားဖူး၊ အဓိဋ္ဌာန်ဝင် ခရီးစဉ်ဆွဲနိုင်ကြစေရန် ဖော်ထုတ်လမ်းညွှန်ပေးလိုက်ရခြင်း ဖြစ်ပါသည်။

***စေတနာမှန်လျှင် ကံကောင်းမည်။***

**အောင်ဇေ***(LL.B)*

## စာမျက်နှာ (၁၅)မှ အဆက်

၂။ သက်ရင်းကြီးမြစ် (၁)ကျပ်သား
၃။ သပွတ်ကြီးမြစ် (၁)ကျပ်သား
၄။ ခပေါင်းကြီးမြစ် (၁)ကျပ်သား
၅။ ဆင်တုံးမနွယ် (၂)ကျပ်သား
၆။ ကင်ပွန်းချဉ်ရွက် (၂)ကျပ်သား
၇။ ကြောင်ပန်းရွက် (၂)ကျပ်သား

### ဆေးဖော်စပ်နည်း

အထက်ဖော်ပြပါ ဆေးဖက်ဝင်ပစ္စည်းများအား အမှုန့်ထောင်းပါ။ အမှုန့်ဖြစ်သွားသောအခါ ပျားရည်နှင့် မျှတသမအောင် နယ်ရပါမည်။ ထို့နောက် တေထားသောဆေးကို လေလုံအောင် ဖန်ဘူး၊ ပုလင်း စသည်တို့ဖြင့် ထည့်ထားရပါသည်။

ထိုသို့ တေဆေးအဖြစ် မပြုလုပ်လိုပါလျှင် ပြုတ်ဆေးရည်အဖြစ်လည်း အသုံးပြုနိုင်လေသည်။

ယင်းဆေးတွင် ဥဏှဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ် စသည့် ဓာတ်သဘာဝများပါရှိလျက် အရသာအားဖြင့် ပူ,စပ်,ခါးသော အရသာ ရှိပါသည်။

### ဆေးအသုံးပြုနည်း

ထိုဆေးမှာ လေကိုနိုင်၍ အကြော လေမလျှောက်သော လေငန်းရောဂါ၊ ခြေလက်ထုံကျဉ်ခြင်း၊ ခြေလက်ဆွဲ ခြင်း၊ မလှုပ်ရှား မမြှောက်နိုင်ခြင်း၊ ကိုယ်တစ်ခြမ်းလေးခြင်း၊ ကိုယ်တစ်ခြမ်းသေခြင်း၊ ပါးစပ်ရွဲ့ခြင်း၊ စကားမပီ ဆွံ့အသွားခြင်း စသောရောဂါများကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရေနွေးနှင့် သောက်ရပါသည်။

ထိုသို့ ဆေးကို ပုံမှန်သောက်သုံးခြင်းအားဖြင့် လေနှင့်ပတ်သက်သော ရောဂါဝေဒနာများ သက်သာပျောက်ကင်းချမ်းသာပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

***စေတနာဟံ ကမ္မံ ဘိက္ခဝေ***

**အေးဆွေ** ***(ပန်းတောင်း)***



www.burmeseclassic.com

www.burmeseclassic.com

# လေငန်းရောဂါ အာတွက်

## ဆေးနည်း

ဖွဲ့ဖွေ
(ပန်းတောင်း)



မိတ်ဆွေတစ်ယောက်မှ အထပ်ထပ် ဖိတ်ခေါ်လွန်းသဖြင့် သူနေထိုင်သော ရုံးပင်စုရွာသို့ သွားဖြစ်လိုက်ပါသည်။

ရွာရောက်ပြီး စကားကောင်းနေစဉ် မှာပင် အိမ်ခြံဝန်းအတွင်းသို့ ဆိုင်ကယ်တစ်စီး မောင်းဝင်လာလေသည်။ ဆိုင်ကယ်စီးလာသူမှာ လူလတ်ပိုင်းတစ်ဦးဖြစ်လျက် ကိုခင်မောင်ရင်ဆိုသူဖြစ်သည်။

'ဒါနဲ့ မင်းကို မိတ်ဆက်ပေးရဦးမယ်။ ကိုခင်ဦးကွာ ခင်မောင်ရင်'

ကိုအောင်ခင့် စကားကြောင့် ခင်မောင်ရင်ဆိုသူက စာရေးသူတို့ စကားဝိုင်းသို့ ဝင်ထိုင်လိုက်လေသည်။

'ဒီက ဆရာက မြို့က စာရေးဆရာ ဖွဲ့ဖွေ(ပန်းတောင်း)တဲ့။ ဆရာ့ဇာတိ ဒီရွာသားပါပဲ။ နာမည်က ခင်မောင်ရင်လို့ ခေါ်ပါတယ်။ အလုပ်က အရောင်းအဝယ် ပွဲစားဆိုတော့ မြို့ကိုတော့ ခဏခဏ ရောက်တတ်ပါတယ်။ နောင်လဲ တွေ့တဲ့အခါ မိတ်ဆွေအဖြစ် ဆက်ဆံနိုင်ကြအောင်ပေါ့'

'ခုလို တွေ့ရတာ ဝမ်းသာပါတယ် ကိုခင်မောင်ရင်'

ထိုမှ စကားဝိုင်းက ပိုမို စိုပြည် လာလေသည်။ ထိုအခါကျမှ ကိုအောင်ခင်က ခင်မောင်ရင် ပေးသော လက်ဆောင်ပစ္စည်းထုပ် နှင့် ပတ်သက်သောအကြောင်းကို ပြောပြပါတော့သည်။

ခင်မောင်ရင်မှာ အရောင်းအဝယ် ပွဲစားတစ်ဦးဖြစ်၍ အမြဲလိုလိုပင် ဆိုင်ကယ်တစ်စီးဖြင့် ရွာပေါင်းစုံအောင် သွားရသည်။ မြို့သို့လည်း သွားရသည်။ ထိုအခါ စိတ်ရောကိုယ်ပါ ပင်ပန်းမှုဒဏ်ကို ခံရသည်။

အစားအသောက် အချိန်မမှန်ခြင်းများ၊ မိုးရွာနေပူမရှောင် အချိန်နှင့်အမျှ ဆိုင်ကယ်ပေါ်မှ ဆင်းရသည် မရှိ လောက်အောင်ပင် စီးပွားရေးကို အလွန်အမင်း ရှာဖွေ လုပ်ကိုင်လေသည်။

ထို့နောက်ပိုင်းတွင် ခြေလက်များ လေးကန်ထိုင်းမှိုင်းလာလျက် အကြော အခြင်များ လှုပ်ရှားမရ ဖြစ်လာရတော့သည်။ အရောင်းအဝယ် ပွဲစားအလုပ်ကိုလည်း ဆိုင်ကယ် မစီးနိုင်တော့သဖြင့် နားထားရလေသည်။

တစ်နေ့တွင် ခင်မောင်ရင့်ထံသို့ ကိုအောင်ခင် လူနာမေး ရောက်သွားလေသည်။ ခင်မောင်ရင်၏ အနေအထားကို ကြည့်၍ မကြာခင် လေငန်းဖြစ်တော့မည့် ရောဂါအစပျိုးနေပြီဖြစ်ကြောင်း သိလိုက်လေသည်။

ကိုအောင်ခင်၏ ဖခင်ဖြစ်သူမှာ မဆုံးပါးခင်က နာမည်ကြီး ဗိန္ဒောဆရာကြီးတစ်ဦး ဖြစ်သောကြောင့် ဖခင်ကြီး အသုံးပြုခဲ့သော လေငန်းဆေးနည်းတစ်ခုအား ဖော်စပ် အသုံးပြုရန် မှာကြားခဲ့သည်။

ခင်မောင်ရင်ကလည်း ယုံကြည်စွာပင် ချက်ချင်း ဆေးဖော်၍ စားသုံးသဖြင့် ခံစားနေရသော ရောဂါဝေဒနာများ သက်သာပျောက်ကင်းသွားခဲ့လေသည်။

ထို့ကြောင့် လေငန်းရောဂါ သက်သာပျောက်ကင်းသော ဆေးနည်းပေးခဲ့သည့် ကိုအောင်ခင်အား လက်ဆောင်ကန်တော့ပစ္စည်းများ ပေးခြင်းဖြစ်ကြောင်း ရှင်းပြလေသည်။

စာရေးသူလည်း ထိုဆေးနည်းအား တောင်းယူလျက် လေငန်းရောဂါဝေဒနာရှင်များအတွက် မေတ္တာရှေ့ထား၍ တစ်ဆင့် ဆေးဒါန ပြုလိုက်ရပါသည်။

### လေငန်းဆေးတွင် ပါဝင်သော ဆေးဖက်ဝင်ပစ္စည်းများ

၁။ လက်ထုတ်ကြီးခေါက် (၁)ကျပ်သား


စာမျက်နှာ (၁၄) သို့

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နှန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]*
*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၅ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ်အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ... ခြင်း၊ နောက်ဆုံး အာ... အေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ... ဓီးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ ... သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါ... သည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်း... များ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာ... များ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်က... ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေး... ကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျ... ခြင်း၊ နှလုံးကျုပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊ နှ... အားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုးတို့...** သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း... ဉာဏ်ရည်ထက်မြက်စေသော "**သတ္တုဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်း... ကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီး... အခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်း... ကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေး... ကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တ... ၀၂၉၁၇) ဖုန်း-၀၉-၅၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**
အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

သီရိသုပဘာရတနာဒေဝီ စိန်တုံးမိဖုရားကြီး၏ မင်းတုန်းမင်းတရားကြီးအတွက် အလှူတော် မော်လမြိုင်မြို့မှ

# ရန်ပြေမာန်ရှင်ဘုရားကြီး (၁)

သိင်္ဂါသန်း
(မော်လမြိုင်)



ရန်ပြေမာန်ရှင်ဘုရားကြီး (မြို့ရှားဘုရားကြီး)

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထောင်ခဲ့သော ကုန်းဘောင်မင်းဆက် ၁၁၁၄ ခုနှစ်မှ ၁၂၄၇ ခုနှစ်အထိ မင်းဆက်(၁၁)ဆက်၊ နန်းပေါင်း(၁၃၃)နှစ် သီပေါမင်း နောက်ဆက်တွင် အဆုံးသတ်ခဲ့လေသည်။

အလောင်းမင်းတရားကြီးက "**ငါ့သားကြီးများ အစဉ်အတိုင်း မင်းပြုစံကြ**"ဟု မှာကြားခဲ့သည့်အတိုင်း သားတော်ကြီး နောင်တော်ကြီးမင်း ကွယ်လွန်အနိစ္စ ရောက်သောအခါ ညီတော် မြေဒူးမင်း(ဆင်ဖြူရှင်)ထီးမွေ နန်းမွေကို ဆက်ခံသည်။

မြေဒူးမင်း ကွယ်လွန်သောအခါ စဉ့်ကူးမင်း နန်းတက်သည်။ ထီးနန်း ဆက်ခံရမည့် ဘထွေးတော် အမြင့်မင်းကို ကွပ်မျက်သည်။

ဘထွေးတော်များ ဖြစ်ကြသော ဗဒုံမင်း၊ ပခန်းမင်း၊ ပင်းတလဲမင်းတို့ကို စစ်ကိုင်း၊ ပင်းယ ရွာသစ်ကြီးသို့ ပြောင်းရွှေ့စေသည်။ နောင်တော်ကြီး၏သား မောင်မောင်ကို ဖောင်းကားရွာသို့ ပို့သည်။

ဖောင်းကားစား မောင်မောင်က စဉ့်ကူးမင်း နေပြည်တော်တွင် မရှိခိုက် ထီးနန်းကို လုယူလိုက်သည်။

အလောင်းမင်းတရားကြီး၏ ပဉ္စမ သားတော် ပဒုံမင်းက ဖောင်းကားစား မောင်မောင်ကို ညီတော် ပင်းတလဲမင်း နှင့် မှူးမတ်များ အကူအညီဖြင့် တိုက်ခိုက် အောင်မြင်ပြီး ထီးနန်းကို သိမ်းပိုက်သည်။

ဖောင်းကားစား မောင်မောင်နှင့် စဉ့်ကူးမင်းတို့ကို လုပ်ကြံလိုက်သည်။

ပဒုံမင်းသည် ညီတော် ပင်းတလဲမင်းကို နန်းလျာအဖြစ် ထားမည်ဟု ကတိပြုခဲ့သော်လည်း ကတိမတည်။



www.burmeseclassic.com

www.burmeseclassic.com





◆ ရန်ပြေမာန်ရှင်ဘုရားကြီး၏ ပလ္လင်အပေါ်သို့ သွယ်တက်အလှဆင်ထားသော သစ်သားပန်းပုရုပ်လုံး ရုပ်ကြွများအလှ

◀ ရန်ပြေမာန်ရှင် ကြေးသွန်းဘုရားကြီး

သားတော်ကို အိမ်ရှေ့အရာ အပ်နှင်းသည်။ အိမ်ရှေ့စံ ကွယ်လွန်သောအခါ မြေးတော် စစ်ကိုင်းမင်းကို နန်းလျာထားသည်။

မြေးတော်စစ်ကိုင်းမင်း ထီးနန်းဆက်ခံသောအခါ ညီတော် သာယာဝတီမင်းက ပုန်ကန်ပြီး ထီးနန်းလုသည်။ သာယာဝတီမင်း၏ ထီးနန်းအမွေကို သာယာဝတီမင်း၏ သားကြီး ပုဂံမင်းက ထီးနန်းဆက်ခံသည်။

ပုဂံမင်းကို ညီတော်မင်းတုန်းမင်းနှင့် ကနောင်မင်းသားတို့က တော်လှန်ကာ မင်းတုန်းမင်း နန်းတက်သည်။

မင်းတုန်းမင်းသည် ဆင်ဖြူရှင်မင်း မှစ၍ ပျက်ခဲ့သော အစဉ်အလာကို ပြန်လည်ပြုပြင်၍ သားတော်များကို ထီးနန်းအမွေမပေး။ ညီတော် ကနောင်မင်းကို အိမ်ရှေ့စံ အပ်နှင်းလေသည်။

ရတနာပုံ နေပြည်တော်ကို တည်၍ လောကီရတနာ၊ လောကုတ္တရာ ရတနာများ ပြည့်စုံသည့် သဘောဖြင့် ဘုရား၊ တရား၊ သံဃာ၊ သာသနာရေးကိစ္စ ဘုရားတည်၊ ကျောင်းဆောက်၊ လူအိုရုံ ဆောက်လုပ်ပေးပြီး ထိုသူတို့၏ စားဝတ်နေရေး၊ ဆေးဝါးကုသရေး ပြည့်စုံစွာ စီစဉ်ပေးသည်။

မဟာလောကမာရဇိန် ကျောက်တော်ကြီးဘုရားကို တည်သည်။ ပါဠိ ပိဋကတ်တော်ကို ကျောက်ထက် အက္ခရာတင်ခဲ့၍ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးအဖြစ် ယနေ့ ထင်ပေါ် ကျော်ကြားလျက် ကမ္ဘာ့အမွေအနှ ဖြစ်နေပေပြီ။

မင်းတုန်းမင်းကြီးသည် စိတ်နှလုံး အေးချမ်းသူ၊ သဘောကောင်းသူ ကျေးဇူးတရားသိတတ်သူ၊ ပါးန ထက်မြက်ပြီး ရှေ့ရေးကို တွေးတတ်သူ ဖြစ်သည်။

တိုင်းကျိုးပြည်ကျိုးနှင့် သာသနာ ရေး ဆောက်ရွက်ချက်များသည် မြန်မာနိုင်ငံအနှံ့မှာ ရှိနေပါသည်။

မင်းတုန်းမင်းသည် မိဖုရား အများဆုံးသော မင်းအဖြစ် သမိုင်း တွင် ထင်ရှားသည်။

မင်းတုန်းမင်းတွင် ထင်ရှားသော





www.burmeseclassic.com

www.burmeseclassic.com



● လက်ယာဘက်မှ ပုံမြင်ရသော ရန်ပြေမာန်ရှင်ဘုရားကြီးနှင့် ဘေးဘယ်ခါး တံကဲအခြယ်အသ ပလ္လင်တော်အလှ



● ရန်ပြေမာန်ရှင်ဘုရားကြီးနှင့် မှန်စီရွှေချ ကျောက်မျက်အလှပလ္လင်တော် ရှေ့ဘက်ခံ ပွဲခြင်းအလှများ

မိဖုရား(၄၆)ပါး၊ မထင်ရှားသည့် မိဖုရား(၅၀)ကျော်ခန့်၊ စုစုပေါင်း(၁၀၀) ကျော်၊ သားတော်သမီးတော် တစ်ရာကျော်ရှိသည်ဟု သိရပါသည်။

နယ်စားပယ်စားများ၏ သမီးတော်ညာ ဆက်သခြင်း ဓလေ့ကြောင့် မိဖုရားများရသည်ဟု ဆိုပါသည်။

မင်းတုန်းမင်းတရားသည် မိဖုရားအများအပြားရှိသည့်အနက် မိဖုရားခေါင်ကြီး စကြာဒေဝီကို အယုံကြည်ဆုံး အမြတ်နိုးဆုံး ဖြစ်သည်။

ပုဂံမင်း၏ နှမတော်ဖြစ်ပြီး ဗေဒင်နက္ခတ်ပညာ တတ်ကျွမ်းသူ၊ ဉာဏ်ပညာ ထက်မြက်သူဖြစ်သည်။ ခင်ပွန်းတော်သား၏ အသက်ကို အလှူခံနိုင်ခွင့်ရှိသူ၊ မင်းတုန်းမင်းနှင့် ကနောင်မင်းတို့ ပုဂံမင်းအား ပုန်ကန်မည့်အရေးကို အခါပေးသူလည်း ဖြစ်သည်။

မင်းတုန်းမင်းထက် အသက် နှစ်နှစ်ကြီးပြီး **"အစ်မတော်"**ဟု မင်းတုန်းမင်းက တလေးတစား ခေါ်သည်။ စကြာဒေဝီမှလွဲ၍ မင်းတုန်းမင်း၏ ဆံတော်ကို အခြားမိဖုရားများ ရှင်းခွင့် မရကြပေ။

အရေးပေါ်ကိစ္စကြုံတိုင်း စကြာဒေဝီ၏ အကြံပေးချက်များကို လိုက်နာခြင်း၊ စကြာဒေဝီအနီးစွ ရောက်သော အခါ မိဖုရားခေါင်ကြီးနေရာကို အခြားမည်သည့် မိဖုရားကိုမျှ မပေးခြင်း၊ ကိုယ်တိုင် ဆံတော်ရှင်းခြင်း၊ စကြာဒေဝီ၏ဂုဏ်အနီး ယာယီတဲနန်း ဆောက်ပြီး ပုတီးစိပ်၊ အမျှဝေခြင်း၊ ရွှေသားရုပ်တုပြုကာ အလှမ်းဖြေခြင်း တို့ကို ပြုတော်မူသည်။

ပဉ္စမသင်္ဂါယနာတင်မင်း၊ ရွှေတိဂုံစေတီတော်ကြီးကို ထီးတော်အသစ်တင်ခြင်း စသည့် သာသနာပြုမင်းအဖြစ် ခံယူထားသော မင်းတုန်းမင်းကြီး၏ မိဖုရားများအကြောင်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများအား ရှည်ရှည်ဝေးဝေး တင်ပြနေရခြင်းမှာ ကျွန်မတို့ မော်လမြိုင်မြို့သို့ ရောက်ရှိလာသော မင်းတုန်းမင်း၏ မိဖုရားတစ်ပါးအကြောင်းကို တင်ပြချင်၍ ဖြစ်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



◆ ရန်ပြေမာန်ရှင်ဘုရားကြီးအား သင်္ကန်းလှူထားပုံနှင့် နောက်ခံပွဲခြမ်းများအလှ



◆ ရန်ပြေမာန်ရှင်ဘုရား အရှေ့မျက်နှာစာ အဝင်ဝ တံကဲအလှပန်းဆွဲများနှင့် အဝင်တံခါးပေါက်

မင်းတုန်းမင်း၏ ထင်ရှားသော မိဖုရားများမှ နံပါတ်(၁၄)နေရာတွင် ရှိသော ဒေဝီအတပ်ခံ အဆင့်မြင့် မိဖုရား စိန်တုံးမိဖုရားသည် မင်းတုန်းမင်း၏မယ်တော် (ရွှေဘိုမင်း၏ တောင်ဆောင် မိဖုရား)၏ ညီမတော်အရင်း အလ္လကပ္ပမြို့စားနှင့် လေးဗိုလ်ဦးဆိုင်းတို့၏သမီး ဖြစ်သည်။

စစ်ကိုင်းမြို့အနီး စိန်တုံးတိုက်နယ်ကို စားရသဖြင့် စိန်တုံးမိဖုရားဟုတွင်သည်။ တလုပ်မြို့နှင့် စလေမြို့တို့ကိုလည်း အပိုင်စားရသည်။ မင်းတုန်းမင်းနှင့် တစ်ဝမ်းကွဲမောင်နှမ တော်စပ်သည်။

အသက် (၁၈)နှစ်အရွယ်တွင် မင်းတုန်းမင်း၏ မိဖုရားမြှောက်ခြင်းခံရပြီး ထိုစဉ်က မင်းတုန်းမင်းသည် အသက်(၄၃)နှစ် ဖြစ်သည်။

၁၂၁၆ ခုနှစ်တွင် မင်းတုန်းမင်းက **"သီရိသုပဘာရတနာဒေဝီ"** ဘွဲ့ကို ပေးသနားတော်မူသည်။

ငယ်ရွယ်နုပျို ရုပ်ဆင်းလှပပါသော်လည်း မိဖုရားများသော မင်းတုန်းမင်း၏ အခါအခွင့်မပေး၊ ဆောင်တော်ကူးမေ့လျော့နေတတ်သည်ကို အကြောင်း

ပြု၍ မင်းတုန်းမင်းကြီးအပေါ် ရွှေစိ

တော်ကောက် အခစား မဝင်ရောက်


ဘဲ ရှောင်တိမ်းနေတော်မူလေသည်။

ထိုဖြစ်စဉ်ကို သတိပြုမိသွားသော



www.burmeseclassic.com

www.burmeseclassic.com



▲ ရန်ပြမာန်ရှင်ဘုရားကြီး ဂန္ဓကုဋိတိုက်

▼ လက်ရာမြောက်သော တံခါးပေါက် တံကဲအလှ



...တွန်းမင်းကြီးက အမတ်တို့အား...

'...တုံးမိဖုရားကြီး နေထိုင်မကောင်းလေ ... သွားကြည့်ချေ'

... ခိုင်းလိုက်လေသည်။

...မတ်တို့က စိန်တုံးမိဖုရားကြီးကို ...ကြည့်ပြီး နေထိုင်ကောင်းကြောင်း၊ ...ကို ရွှေစိတ်တော်ကောက် ...ထိမ်းနေကြောင်း လျှောက်တင် ...သော်...

'...ထိုသော ဘုရင်ကိုတောင် စိတ် ...ထင်တဲ့ မိဖုရား၊ မိဖုရားအရာက ချပြီး ...အယောင် နန်းတော်ပိုင်များ ကိုလဲ ...လိုက်ချေ'

... အမှုက်တော်ရှ မိန့်တော်မူလိုက် ...သည်။

...ဘောင်ခေတ် မင်းများနှင့် ...၍ စည်းကမ်းကြီးသည်။ ...နှင်းပြုချက်၊ အမိန့်တော်ထား ချက်မရဘဲ မည်သူမျှ ဘုရင်နှင့်တွေ့ခွင့် မရှိ။ ဘုရင်ကစပြီး မမေးဘဲ မည်သူမျှ စပြီး စကားမပြောရ။

မိဖုရားကြီး(၄)ပါးမှလွဲ၍ မည်သူမျှ ဘုရင့်ရှေ့တွင် ဖိနပ်မစီးရ၊ ထီး မဆောင်းရ။


မင်းနှင့် မိဖုရားကြီး ထွက်လာလျှင် အခြားမိဖုရားများ အားလုံးနှင့် သားသမီးများ၊ အပျိုတော်များ မြေမှုပုဆစ်ဒူးတုပ်၍ ရှိခိုးနေရသည်။



www.burmeseclassic.com

www.burmeseclassic.com





▲ ရန်ပြေမာန်ရှင်းကြေးသွန်းဘုရား အပြင်ပန်းဆွဲဘက်ကဲအလှ

◄ ရန်ပြေမာန်ရှင်းဘုရားကြီး၏ ဂန္ဓကုဋိတိုက်ကျောင်းတော် အမိုးထပ်ဆင့်အလှများ အချိုးကျပြင်ဆင်ပုံ

ညအိပ်ရာဝင်လျှင် ဘုရင့်အိပ်ခန်းဘက်သို့ ဦးခေါင်းပြုအိပ်ရသည်။

ဘုရင်အိပ်သော မှန်နန်းဆောင်ထဲမှ အိပ်ဆောင်နားတွင် မိဖုရားကြီး(၄)ပါး၏ အိပ်ဆောင် သီးခြားရှိသည်။ တခြားမိဖုရားများ မှန်နန်းတော်မှာ အိပ်ခွင့်မရ။

မင်းနှင့်ဆက်ဆံရာတွင် တခြားစည်းကမ်းများလည်း များစွာရှိသည်။ ထို့ကြောင့် မင်းတုန်းမင်းနှင့် နှစ်ဦးသား တွေ့ဆုံချင်သော စိန်တုံးမိဖုရား အပြစ်ပေးခံရလေပြီ။

ထိုအခါ စိန်တုံးမိဖုရားသည် မင်းတုန်းမင်းက မိမိအား ကိုယ်ပိုင်အဖြစ် ချီးမြှင့်ခဲ့သော လက်ဝတ်လက်စား ရွှေစိန်ရတနာတို့ကို အကုန်ရောင်းချကာ ကြေးသွန်းဘုရားကြီးကို သွန်းလုပ်စေပါသည်။

ဘုရားကြီး ပြီးသွားသောအခါ လှည်းဖြင့် တင်၍ မင်းတုန်းမင်းကြီး၏ ရှေ့တော်သို့ ယူဆောင်သွားပြီး...

'အရှင်ဘုရား... တပည့်တော်ကို ချီးမြှင့်ပေးသနားခဲ့သော လက်ဝတ်ရတနာ ရွှေ...
တို့ကို အားလုံးရောင်းချပြီး သွန်းလုပ်ထား...
သော ဘုရားဖြစ်ပါသဖြင့် အရှင်မင်းကြီး...
ဘုရား၏ ဘုရား ရေစက်ချ အမှုဝတော်မူ...
ဘုရား'

ဟု လျှောက်တင်လေသော်...

'ဪ...ဒီမိဖုရားဟာ ငါ၏ အကျ...
ကျေးဇူးကို သိတတ်သူပါတကား'

ဟု တွေးပြီး စိန်တုံးမိဖုရားအပေါ်...
အမျက်တော်များ ပြေလျော့ကာ နဂို...
ရင်းစွဲထက် နှစ်ဆတိုးသော လက်ဝတ်...
ရတနာများ ချီးမြှင့်ပေးသနားတော်မူ...
လိုက်သည်။

ရှေ့လ ဆက်ဖတ်ပါရန်

**သီတာဆန်း (မော်လမြိုင်)**



www.burmeseclassic.com

www.burmeseclassic.com

# ဘယ်လုပ်ငန်းနဲ့

အကျိုးဖြစ်ထွန်းနိုင်မလဲ

ကြည့်ပါ။

- **လက်မမှာ အရစ်ပိုများ ပါ,ပါ တယ်။(က)**

ဒါကတော့ ဈေးဆိုင်လုပ်ငန်း၊ ...ရောင်းဝယ်ဖောက်ကား ကုန်သည် ...ုပ်ငန်းကို အကျိုးပြုတယ်။

- **လက်ညှိုးအောက် ကြာသပတေး ဂြိုဟ်ခုံ အားကောင်းတယ်။( ခ )**


ဒါကတော့ ပွဲရုံလုပ်ငန်း၊ ခရီးသွား ကုန်သွယ်မှု လုပ်ငန်းများကို အကျိုးပြု တယ်။

- **အသက်လမ်း က ကျယ်နေ တယ်။**

**(ဂ)**

ဒါကတော့ ...ခြားရပ်ဝေးနဲ့ ...အကျိုးပေးမှု ...ကို ပြုတယ်။ ...ခြားနဲ့ ...အကျိုးရှမှုကို ပြုတယ်။

ဒါကြောင့် ...ကုန်သွယ် ...ရောင်းဝယ်ရေး ...ငန်းနဲ့ အကျိုး ...ထွန်းပါတယ်။




**ဆရာ ဦးခင်မောင်လင်း**
***(B,Sc. ရွှေဘို)***
**(...ထားမေဒင်သုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ခေတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-၈၂/၁၅၆၊ မဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)




www.burmeseclassic.com

www.burmeseclassic.com

နဘူးကျောင်း ရန်ကင်းတောရ

# ဆရာတော် ဦးတိဿရ

အား ကြည်ညိုပူဇော်မှုခရီး (၁)

ဇင်ဦးယံ

နိဒါန်းမိတ်ဆက်

ရမည်းသင်းဝန်းကျင် လေ့လာမှု ချင်း စိတ်ပါလက်ပါ ကူညီပေးခဲ့သည့် မည်းသင်းမြို့သား မိတ်ဆွေတစ်ဦးက နဘူးကျောင်း၊ ရန်ကင်းတောရ ဆရာ တော်ဦးတိဿရနှင့် ပတ်သက်၍ ဤ သို့ မိတ်ဆက်ပြောပြခဲ့သည်။

"နဘူးကျောင်းရွာဆိုတာ ရမည်းသင်းမြို့ အောင်ဘက်(၁၀)မိုင်အကွာ "ပျဉ်းမတော" ရွာကနေ အနောက်ဘက်(၃)မိုင်အကွာ လောက်မှာ ရှိတယ်။ အဲဒီရွာနားက "ရန်ကင်း တောရ"မှာ သီတင်းသုံးနေတုန်း ပျော်ဘွယ် မြို့နယ် ညောင်တုန်းသုသာန်မှာ မုတင် ဆောက်တည်တယ်။ အရှေ့ကင်မုတင်ကို ပဲ ချောက်ချင်လို့ နံနက်စောစော ခြေကျင်ကြွ ပြီး တောရမှာ အရုဏ်တက်စေပါတယ်။

တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေတစ်ယောက် က ဆရာတော်ကြီး ရန်ကင်းတောရ ပြန်ကြွ လာတာကို တွေ့လိုက်လို့ ကမန်းကတန်း ဆိုင်ကယ် ဂျစ်ကားယူပြီး လိုက်ပို့မယ်ပေါ့။ ဆိုတုန်းက ဂျစ်ကားလောက်ပဲ ရှိတာကိုး မည်းသင်းကျော်လို့ ရွာစဉ်တစ်လျှောက် လျှောက်ခဲ့လူတွေကို စုံစမ်းတော့ ခုလေးတင် ကြွသွားတယ်လို့ ပြောကြတယ်။ တစ်ရွာပြီး တစ်ရွာ ဒီအတိုင်း ပြောပြကြပြီး ရန်ကင်း တောရကိုရောက်တော့ ဆရာတော်ကြီးက ကျောင်းမှာ ဘုရားဝတ်ပြုနေတာ တွေ့ ရတယ်။

အဲ့ဒါဆိုတာ အခုခေတ်ပေါ် ကားတွေ ဆောက်မြန်ပေမယ့် ခြေကျင်လျှောက်တာ ထက် အများကြီးသာပါတယ်။ ဒါကြောင့်



▲ နဘူးကျောင်း ရန်ကင်းတောရဆရာတော် ဦးတိဿရ

ဆရာတော်ဟာ ရှာန်နဲ့ ကြွသွားတယ်လို့ သူက တထစ်ချ ယုံကြည်တယ်။ တချို့ရွာ တွေမှာလဲ ဆရာတော်ကြီး ကောင်းကင်ခရီး ကြွနေတာ မြင်ရတဲ့သူတွေ အများကြီးပါပဲ'

**(ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ရန်ကင်းတောရသို့ ရောက်သောအခါ လက်ရှိဆရာတော် ဦးဇာဂရိယက ဤသို့မိန့်၏။ ဒါတွေက ညောင်လွန့် ဆရာတော်ကြီး ဦးမေဓာဝီ နှစ်ကိုယ် ခွဲပြီး ဆွမ်းခံကြွတယ်ဆိုတာလို နတ် တွေ ကြည်ညိုပြီး ဖန်တီးတာ ဖြစ်ပါ လိမ့်မယ်။**



www.burmeseclassic.com

www.burmeseclassic.com

**ဆရာတော်ကြီးကတော့ ဝိနည်းကို အင်မတန်လေးစားတဲ့ ဆရာတော်ပါ။ နှစ်ပေါင်း(၄၁)နှစ်ကျော်တောမှာ သီတင်းသုံးပြီး ဝိပဿနာဓုရကို အားစိုက်အင်စိုက် ကြိုးပမ်းခဲ့သူပါ ဟူ၍ ဖြစ်သည်။)**

## ရန်ကင်းတောရသို့

ရမည်းသင်းမြို့မှ အဝေးပြေး ကားလမ်းအတိုင်း တောင်ဘက်သို့ ခရီးစတင်ခဲ့ရာ (၁၀)မိုင်ခန့်အကွာတွင် ပျဉ်းမတောရွာသို့ ရောက်သည်။ ထိုမှ အနောက်ဘက် လမ်းခွဲအတိုင်း (၃)မိုင်ခန့်အကွာ နဘူးကျောင်းရွာဦးတွင် "**ရန်ကင်းတောရသို့**"ဟူသော လမ်းညွှန်ဆိုင်းဘုတ်ကလေး တွေ့ရသည်။

ကွန်ကရစ်ခင်း လူသွားလမ်းကလေးကို ဓာတ်မီးတိုင်များ အစီအရီဖြင့် တွေ့ရကာ အနီးရှိ မြေလမ်းတွင် ထုံးသား၍ လမ်းအူကြောင်းသတ်မှတ်ထားသည်ကိုလည်း မြင်ရသည်။

ကားလမ်းဖောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရပေသည်။ ကွန်ကရစ်လမ်းကလေးမှာ တောရအတွင်း မဟာသိမ်တော်အထိ ပေါက်ရောက်လေသည်။

ရောက်ရောက်ချင်းပင် ရန်ကင်းတောရ လက်ရှိဆရာတော်ဦးဇာဂရိယအား ဖူးတွေ့ခွင့်ရရှိကာ မူလ ရန်ကင်းတောရဆရာတော် အရှင်တိဿရ၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ဆရာတော်ပြုစုခဲ့သည့် **အရှထုဂ္ဂကာလဝိနိစ္ဆယကျမ်းခေါ် အရုဏ်တက်ချိန် အဆုံးအဖြတ်ကျမ်းကို** စွန့်လှူကာ လိုအပ်သည်များကို ဖြေကြားပေးတော်မူလေသည်။


## ထေရုပ္ပတ္တိအကျဉ်း

ရမည်းသင်းမြို့နယ်၊ နဘူးကျောင်းရွာ၊



▲ နဘူးကျောင်း ရန်ကင်းတောရ ဓမ္မာသိမ်တော်

▼ ဓမ္မာသိမ်နိမိတ်



ရန်ကင်းတောရကို စတင်ထူထောင်တော်မူသည့် ဆရာတော်အရှင်တိဿရလောင်းလျာကို ၁၂၈၃ ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၆)ရက် စနေနေ့(၂၂-၁၀-၁၉၂၁) ညနေ(၂)နာရီ(၃၀)မိနစ်တွင် ရမည်းသင်းမြို့နယ်၊ နဘူးကျောင်းရွာနေ ဦးဘ၊ ဒေါ်အေးမှန်တို့မှ မွေးဖွားခဲ့သည်။

အသက်(၁၄)နှစ်သား အရွယ်တွင် ရမည်းသင်းမြို့နယ်၊ သရက်ကန်ရွာကျောင်း ဆရာတော်ဦးဥက္ကံသထံ ရှင်သာမဏေပြုသည်။

၁၃၀၂ ခုနှစ်၊ တပေါင်းလဆုတ်(၁… ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ ကြ… ပင်အင်းရွာကျောင်း ဆရာတေ… ဦးစက္ကိန္ဒကို ဥပဇ္ဈာယ်ပြု၍ မြင့်မြ… သော ရဟန်းဘောင်သို့ ရောက်ရှိ… ဘွဲ့မည် ဦးတိဿရတွင်သည်။

ရဟန်းဖြစ်ပြီးနောက် ရမည်းသင်း… နယ်တွင်းရှိ သရက်ကန်ရွာ ဆရာတေ… ဦးဥက္ကံသ၊ သက်ကယ်ကျင်းရွာ… ကျောင်း ဆရာတော်ဦးသီဟ… ကုန်းရွာ ဂန္ထဓုရကျောင်း ဆရာတေ… ဦးဥက္ကံသ၊ ရန်ကုန် … တောင် ဘု…





www.burmeseclassic.com

www.burmeseclassic.com



ကျောင်း ဆရာတော်ဦးပညာဝံသ (မဟာပဏ္ဍိတ)တို့ထံတွင် စာဝါ ယူခဲ့သည်။


၁၃၁၅ ခုနှစ်တွင် အစိုးရဓမ္မာစရိယ ပွဲ၌ ကျမ်းရင်း(၃)ကျမ်းနှင့် ဂုဏ် (၆)ကျမ်းကို ဖြေဆိုအောင်မြင်ခဲ့ရာ ၁၆ ခုနှစ်၊ နတ်တော်လဆန်း(၁၅) သောကြာနေ့၌ ရန်ကုန်မြို့ အလုံ အိမ်တော်တွင် ကျင်းပသော တွဲ့နှင်းသဘင် အခမ်းအနားဝယ် တော်သမ္မတကြီး ဒေါက်တာ ဦးကိုယ်တိုင် **"သာသနဓဇ သိရီ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်"** ကပ်သည်။

၁၃၁၆ ခုနှစ်မှ ၁၃၂၄ ခုနှစ်အထိ(၉) အောင် ဘုရားဖြူကျောင်းတွင် စက စာချအဖြစ် ဂန္ထဓုရတာဝန် ဆောင်သည်။


၁၃၂၅ ခုနှစ်၊ နယုန်လဆန်း(၅) နေ့တွင် ရွှေစက်တော်သို့ တောရ တည်ရန် ထွက်ကြွတော်မူ နယုန်လပြည့်နေ့တွင် ရွှေစက် ခြေတော်ရင်း အုတ်ဂူသို့ ရောက် ခုတင်ခရဝိနယဂရုက အဖြစ်သို့ တော်မူသည်။

ဆရာတော်သည် ၁၃၁၇ ခုနှစ် ကျွတ်လကပင် စတင်၍ ဆွမ်း (၅)ပါး ဆောင်တော်မူခဲ့သည်။ **ဓုတင်(၅)ပါးမှာ ၁။ ပိဏ္ဍပါတ် ၂။ သပဒါနစာရိကဓုတင်၊ သနိက်ဓုတင်၊ ၄။ ပတ္တပိဏ် ၅။ ခလုပစ္ဆာဘတ္တိကဓုတင် ဖြစ်ကြသည်။]**

ကိုင်ခံ သုံးစွဲမှုမရှိခဲ့ပေ။ ခုနှစ်ကပင် တောရရှာထွက်ခဲ့ ၁၃၂၅ ခုနှစ်တွင်မှ အရှည်ကင်



မဟာသိမ် မှီခိုက်



နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၂၇

www.burmeseclassic.com

www.burmeseclassic.com



◄ လက်ရှိဆရာတော် ဦးဇာဂရိယ



ဂူသက်စေတီ ►

မှတင် ဆောက်တည်နိုင်ခြင်း ဖြစ်သည်။

ရွှေစက်တော်ခြေတော်ရင်းရှိ ထို အုတ်ဂူသည် တောကြမ်းသည်၊ ခြောက်လှန့်သည်ဟု သတင်းရှိသဖြင့် နှစ်(၂၀)ခန့် မှတင်ဆောင် ရဟန်းကင်းမဲ့ခဲ့သော တောရဟောင်းဖြစ်သည်။

ဆရာတော်ရောက်ရှိစဉ် မြွေကြီး တစ်ကောင်က အဝင်အထွက်ဝဍ္ဍ နေသဖြင့် မေတ္တာပို့သ ဖယ်ရှားခဲ့ရသည်။

ထိုအနီးရှိ အတောင်(၃၀)နက်သော ရေတွင်းသည် နောက်ကျိနေရာမှ ဆရာတော်ရောက်လာသောအခါ ပြန်၍ ကြည်လင်လာသည်။ နေ့ခင်းအချိန်တွင် တောသမင်များ လာရောက် နေထိုင်ကြသည်။ ကျားသစ်များက (ဂူ) ကျောင်းအနီးသို့ လာ၍ သားမွေးကြသည်။

ရွှေစက်တော်တွင် (၁၀)နှစ်ပြည့်အောင် အရည်ကင်မှတင်ဆောက်တည်၍ ၁၃၃၄ ခုနှစ်တွင် ဇာတိမြေဖြစ်သော ရမည်းသင်းမြို့နယ်၊ နဘူးကျင်းရွာအနီး ရန်ကင်းတောရကို စတင်တည်ထောင် ဝါကပ်တော်မူသည်။

ဆရာတော်သည် ၁၃၂၅ ခုနှစ်မှစ၍ နှစ်ပေါင်း(၃၀)အတွင်း မင်းဘူးမြို့နယ် ရွှေစက်တော်တောရ၊ စကုမြို့နယ် မြောင်းဦးတောရ၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ် တောင်လတ်တောရ၊ နေပြည်တော်လယ်ဝေးမြို့နယ်၊ ထန်းတပင်တောရ၊ ရမည်းသင်းမြို့နယ် ရွှေဒါးရွာ ရွှေမင်းဝံတောရ၊ ပျော်ဘွယ်မြို့နယ် ညောင်တုန်းသုသာန်[...] လှည့်လည်၍ အားထုတ်တော်[...] သည်။

၁၃၂၇ ခုနှစ်တွင် စကုမြို့န[...] မြောင်းဦးတောရ၌ သီတင်းသုံးေ[...] ကျောင်းအနီးသို့ ကျားသစ်မိသ[...] လာရောက် နားဆိုခဲ့ကြသည်ဟု သိ[...]

၁၃၃၅ ခုနှစ်တွင် ပျော်ဘွယ်မြို့[...] ညောင်တုန်းသုသာန်၌ သုသာန်[...] ဆောက်တည်ရာ အရည်ကင်မှတ[...] လည်း မပျက်စေရန် နဘူးကျင်[...]

www.burmeseclassic.com



▲ ဆရာတော် သီတင်းသုံးခဲ့ရာ ကျောင်းဆောင်



လှူလာခဲ့သည့် စာအုပ်များ ▶

ရန်ကင်းတောရသို့ ခြေကျင်ကြွကာ အရှုဏ်တက်စေခဲ့သည်။

၁၃၁၄ ခုနှစ်တွင် နေပြည်တော် အသယ်ဝေးမြို့နယ်၊ ထန်းတပင်တောရ ကို ထိန်းသိမ်းမွမ်းမံရန် လျှောက်ထား ကြသဖြင့် ကြွရောက် ဆောင်ရွက်တော် မူကာ နဘူးကျင်းနှင့် ထန်းတပင်ရွာတို့ တွင် တစ်လှည့်စီ သီတင်းသုံးခဲ့သည်။

မြန်မာနိုင်ငံအရပ်ရပ်သို့ ပင့်ဆောင် ချက်အရ လက်ခံကြွရောက်ကာ ဦးစီး ဆရာအဖြစ် သိမ်ပေါင်း(၁၇၀)ကို သမုတ်တော်မူခဲ့သည်။ *[(၃-၅-၂၀၀၄) နေ့အထိ သမုတ်ပြီးခဲ့သော သိမ်တော် အရေအတွက်ဖြစ်သည်။]*

## နောက်ဆုံးကာလ

(၂၂-၆-၂၀၀၄)နေ့တွင် အသည်း ကင်ဆာရောဂါဖြင့် ရန်ကုန်မြို့၊ ဇီဝိတ ဒါန သံဃာ့ဆေးရုံသို့ တက်ရောက်ကာ အချက်ကြာ ဆေးဝါးကုသမှု ခံယူခဲ့ရ သည်။

ထိုသို့ အပြင်းအထန် နာမကျန်းဖြစ် နေသည့်ကာလတွင် အရှုဏ်ကင်မှုတင် ကျင့်ဝတ်မပျက်စေရန် တပည့်သံဃာ များက သန်လျင်မြို့သို့ နေ့စဉ်မပျက် သွားရောက်ကာ အရှုဏ်ယူခဲ့ကြသည် ဆို၏။

လက်ရှိ ရန်ကင်းတောရ ဆရာတော် ဦးဇာဂရိယသည်လည်း ထိုစဉ်က တပည့်သံဃာအဖြစ် လိုက်ပါ၍ အရှုဏ် ယူခဲ့သည်ဟု သိရသည်။

(၁၁-၇-၂၀၀၄)နေ့တွင် ဇာတိမြေ နဘူးကျင်းရွာ ရန်ကင်းတောရသို့ ပြန် လည် ပင့်ဆောင်လာကြကာ (၂၂-၇-၂၀၀၄)ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

(၂၆-၇-၂၀၀၄)နေ့တွင် အန္တိမအဂ္ဂိ ဈာပနသဘင် ကျင်းပကာ အရိုးတော် ဓာတ်များကို ရန်ကင်းတောရ မဟာ သိမ်အနီး ကုန်းတော်၌ **"မဟာ ဝိသာရစေတီ"** တည်၍ ဌာပနာပြု ပူဇော်ခဲ့ကြသည်။

## တောရတွင်း ကြည်ညိုရစဉ်

**မဟာသိမ်**

အုတ်တံတိုင်းကာရံထားသော ဝင်း အတွင်း ထောင့်နေရာများနှင့် သိမ် နိမိတ်တိုင် နှစ်တိုင်စီကို တွေ့ရကာ ခဏ္ဍသိမ်ဝန်းကျင်၌လည်း သိမ်နိမိတ် တိုင်များ တွေ့ရသဖြင့် ဆရာတော် ဦးဇာဂရိယကို မေးလျှောက်ကြည့် သည်။

'ဒီအုတ်တံတိုင်းဝင်းကြီး တစ်ခုလုံးကို မဟာသိမ်လို့ ခေါ်တယ်။ မြတ်စွာဘုရားရှင် လက်ထက်တော်ကတည်းက မဟာသိမ်ကို သမုတ်လေ့ရှိတယ်။ ခဏ္ဍသိမ်ကတော့ အပိုင်းအခြားဖြစ်တဲ့ သိမ်ကို ခေါ်တယ်။

သိမ်နဲ့ပတ်သက်လို့ သံဃာတချို့တောင် သေသေချာချာ မသိကြလို့ ဒကာတို့ အနေနဲ့ နားလည်အောင် ဖြေဘုယျမှတ်ပါ။

မဟာသိမ်က ကျယ်ဝန်းတယ်။ သံဃကံစွဲ ဆောင်ရွက်ရာမှာ သိမ်တွင်း သံဃာအားလုံး ရှိဖို့ မလွယ်ဘူး။ ဒါကြောင့် အပိုင်းအခြား ဖြစ်တဲ့ ခဏ္ဍသိမ်ကို သတ်မှတ်သမုတ်ထား တယ်'

ဆရာတော်က ခဏ္ဍသိမ် နိမိတ်တိုင် များကို ညွှန်ပြကာ အကြမ်းဖျင်း ရှင်းပြ တော်မူသည်။


## မူလကျောင်းတော်

ခဏ္ဍသိမ်အနီးတွင် အုတ်ဆိုက်



www.burmeseclassic.com

www.burmeseclassic.com





◆ သီတင်းသုံးရာ၊ ကျိန်းစက်ရာနေရာ

◆ သန့်စင်ခန်း

စင်မြင့်ခံ၍ စေတီငယ်ပေါက်ထားသည့်ကို တွေ့ရသည်။ ဆရာတော်ဦးတိဿရစတင်၍ အရည်ကင်ဓုတင်ဆောင်တောရဆောက်တည် သီတင်းသုံးတော်မူရာနေရာ ဖြစ်သည်။

တိစီဝရိက်ဓုတင်ဆောင်သည် ဖြစ်ရာ ရသီဥတု အပူ၊ အအေးဒဏ်မှ ကာကွယ်နိုင်ရန် တပည့်ဒါယကာများက အုတ်တိုက်လိုဏ်ဂူကလေး ပြုလုပ်လှူဒါန်းခဲ့ကြသည်။

နောင်ကာလတွင် လိုဏ်အထက်၌ အုတ်တိုက်အဆောင်ဖွဲ့ကာ စေတီတည်ထားကြခြင်းဖြစ်ကြောင်း သိရသည်။

## သီတင်းသုံးခဲ့ရာ ကျောင်းဆောင်

သိမ်နှင့် မူလလိုဏ်စေတီ၏ မြောက်ဘက်တွင် ဆရာတော်ကြီး သီတင်းသုံးတော်မူလေ့ရှိသည့် ကျောင်းဆောင်ကြီးကို တွေ့ရသည်။ ခန်းနေဦးပဥ္စင်းတစ်ပါးက သော့ဖွင့်ပေးကာ ဦးဆောင်ပြသပေးသည်။

အောက်ထပ် ခေါင်းရင်းဘက်၌ ဘုရားစင်ရှိ၍ ခြေရင်း၌ ဆရာတော်၏ သန့်စင်ခန်းကို တွေ့ရသည်။ အခန်းတွင်း၌ လက်ဆေး ကြွေဇလုံတစ်ခုနှင့် ခုတင်တစ်လုံးထားရှိ၏။

ခုတင်မှာ ပစ္စည်းပစ္စယထားရှိရန်သာ ဖြစ်၍ ဆရာတော် ကျိန်းစက်ခြင်း မရှိပါ။ ကြမ်းပြင်၌သာ ကျိန်းစက်လေ့ရှိကြောင်း သိရသည်။

အပေါ်ထပ်တွင် ဆရာတော် လေ့လာဖတ်ရှုသည့် ပိဋကတ်ကျမ်းဂန်များကို မှန်ဗီရိုတွင်း ထည့်သွင်းထားသည်။ ထိုဗီရိုရှေ့ ကြမ်းပြင်တွင် စာပေလေ့လာခြင်း၊ တရားအားထုတ်ခြင်း၊ ကျိန်းစက်ခြင်းတို့ ပြုတော်မူသည်ဆို၏။

ဆရာတော်သည် (၄၁)နှစ်ကာလ ပျံလွန်တော်မူသည်အထိ ဤကဲ့သို့ တောရကျောင်းများ၌သာ သီတင်းသုံးကာ **နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ ပါဠိတော်နှင့် အဋ္ဌကထာတွဲ၍ ခြောက်ကြိမ်မြောက် တိုင်အောင် ရွတ်ဖတ်ပူဇော်ခဲ့သည်။**

ရဟန်းရှင်လူများအတွက် သီလ၊ သမာဓိ၊ ပညာဆိုင်ရာကျမ်းများကို ပါဠိ မြန်မာ နှစ်ဘာသာ တွဲ၍ရေးသားတော်မူခဲ့သည်။

ဆရာတော်ရေးသားခဲ့သော ကျမ်းများကို နံရံအနီးတွင် စင်ကလေးဖြင့် ထားရှိသည်ကို တွေ့ခဲ့ရသည်၊ **အရှဏုဂ္ဂကာလဝိနိစ္ဆယကျမ်း၊ စီဝရဝတ္ထုဝိနိစ္ဆကျမ်း၊ ဆန္ဒဒါနဝိနိစ္ဆယကျမ်း၊ ဓုတင်္ဂဝိနိစ္ဆယကျမ်း၊ ဓမ္မသံယုတ္တဂါထာ၊ ဝန္ဒနာစုံကျမ်း** စသည်တို့ ပါရှိလေသည်။

## အရုဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း

ဆရာတော်ကြီး ပြုစုခဲ့သည့်ကျမ်းများအနက် အရုဏုဂ္ဂကာလဝိနိစ္ဆယခေါ် အရုဏ်တက်ချိန် အဆုံးအဖြတ်ကျမ်းကို လက်ရှိဆရာတော်ဦးဇာဂရိယက ဓမ္မဒါန စွန့်လှူတော်မူသဖြင့် ကြည်ညို လေ့လာခွင့်ရခဲ့သည်။ ကျမ်းဦးနိဒါန်း၌ ဤသို့ပါရှိ၏။

ရှေ့လ ဆက်ဖတ်ပါရန်

ဖင်ညိုငယ်




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း

# လာဘ်လာဘ

ရွှင်လန်းကြပါစေ



ဖေဖော်ဝါရီလတွင် ငွေကြေးလာဘ်လာဘများ သွက်လက်ဝေဆာ၍ ငွေကြေးသောကများ မကြုံရစေရန် အောက်ပါအတိုင်း ယတြာပြုလုပ်ပူဇော်နိုင်ပါသည်။

❂ **မိဿရာသီဖွား(မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ရက်အတွင်း မွေးဖွားသူ)** ရွှက်လှပန်း (၆)ညွှန့်၊ ဥသျှစ်ညွှန့် (၆)ညွှန့်၊ သပြေ(၆)ညွှန့်၊ ဆွမ်းတော်ထမင်း(၄)ပန်းကန်တို့ကို စနေနေ့တွင် စေတီတစ်ဆူ၏ ဗုဒ္ဓဟူးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

❂ **ပြိဿရာသီဖွား(ဧပြီလ ၂၁ ရက်မှ မေလ ၂၀ ရက်အတွင်းမွေးဖွားသူ)** သီဟိုဠ်ညွှန့်(၃)ညွှန့်၊ ဇီး(ဆီး)ညွှန့် (၃)ညွှန့်၊ ပိတောက်ညွှန့်(၃)ညွှန့်နှင့် တံခွန်(၆)ခုတို့ကို တနလာနေ့တွင် စေတီပုထိုးတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

❂ **မေထုန်ရာသီဖွား (မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးဖွားသူ)** ဩဇာညွှန့်(၅)ညွှန့်၊ စံပယ်ညွှန့် (၅)ညွှန့်၊ ခရေညွှန့်(၅)ညွှန့်နှင့် သောက်တော်ရေ (၃)ခွက်တို့ကို သောကြာနေ့တွင် ဘုရားစေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

❂ **ကရကဋ်ရာသီဖွား (ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ၂၁ရက်အတွင်း မွေးဖွားသူ)** ငှက်ပျောသီး(၇)လုံး၊ နှင်းယို(၇)ယှက်၊ သီဟိုဠ်ဆန် (၇) ပန်းကန်နှင့် ဖယောင်းတိုင် (၅)တိုင်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ တနလာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

❂ **သိဟ်ရာသီဖွား (ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၂၁ရက်အတွင်း မွေးဖွားသူ)** ပိတောက်ညွှန့်(၁၀) ညွှန့်၊ စွယ်တော်ညွှန့်(၁၀)ခက်၊ အုန်းလက်(၁၀)ရွက်နှင့် ဆွမ်းထမင်း (၇)ပန်းကန်တို့ကို အင်္ဂါနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

❂ **ကန်ရာသီဖွား (ဩဂုတ်လ ၂၂ ရက်မှ စက်တင်ဘာလ ၂၁ရက် အတွင်း မွေးဖွားသူ)** စွယ်တော်ညွှန့်(၅)ညွှန့်၊ အောင်သပြေ(၅)ခက်၊ အုန်းလက်(၅)ရွက်နှင့် ကြက်လျှာ(တံခွန်) (၁၀)ခုတို့ကို အင်္ဂါနေ့တွင် စေတီတစ်ဆူ၏သောကြာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

❂ **တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက် အတွင်းမွေးဖွားသူ)** ပေါက်ပေါက် (၃)ပန်းကန်၊ ဇီး(ဆီး)ယို (၃)ခွက်၊ သီဟိုဠ်ဆန်(၃)ပန်းကန်နှင့် သောက်တော်ရေ (၅)ခွက်တို့ကို တနင်္ဂနွေနေ့တွင်စေတီတစ်ဆူ၏တနလာဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။

❂ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အတွင်းမွေးဖွားသူ)** နှင်းဆီပန်း (၆)ပွင့်၊ ဥသျှစ်ညွှန့်(၆)ညွှန့်၊ ရွှက်လှပန်း(၆)ညွှန့်နှင့် ဖယောင်းတိုင် (၃)တိုင်တို့ကို သောကြာနေ့တွင် စေတီပုထိုးတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

❂ **ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ရက်အတွင်း မွေးဖွားသူ)** သီဟိုဠ်ညွှန့်(၈)ညွှန့်၊ သရက်ညွှန့်(၈)ညွှန့်၊ ပိတောက်ညွှန့်(၈)ညွှန့်နှင့် ဆွမ်းထမင်း(၆) ပန်းကန်တို့ကို တနလာနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

❂ **မကာရရာသီဖွား(ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အတွင်း မွေးဖွားသူ)** ခရေညွှန့်(၂)ညွှန့်၊ အောင်သပြေ(၂)ခက်၊ ကံ့ကော်ညွှန့် (၂)ညွှန့်နှင့် တံခွန်(၈)ခုတို့ကို စနေနေ့တွင် ဘုရားတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

❂ **ကုံရာသီဖွား (ဇန်နဝါရီလ ၂၀ ရက်မှ ဖေဖော်ဝါရီလ ၁၈ရက် အတွင်း မွေးဖွားသူ)** မာလကာညွှန့် (၁)ညွှန့်၊ ဩဇာညွှန့်(၁)ညွှန့်၊ အုန်းလက်(၁)ရွက်နှင့် သောက်တော်ရေ (၂)ခွက်တို့ကို စေတီပုထိုးတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်၌ ကြာသပတေးနေ့တွင်ကပ်လှူဆုတောင်းပါ။

❂ **မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၀ရက်အတွင်း မွေးဖွားသူ)** အုန်းလက်(၄)ရွက်၊ ကံ့ကော်ညွှန့်(၄)ညွှန့်၊ ရွှက်လှပန်း (၄)ခက်နှင့် ဖယောင်းတိုင်(၁)တိုင်တို့ကို အများကိုးကွယ်သည့် စေတီ အင်္ဂါထောင့်၌ ဗုဒ္ဓဟူးနေ့တွင် ကပ်လှူဆုတောင်းပါ။

*(၁၂)ရာသီဖွားအားလုံး လာဘ်လာဘ ရွှင်လန်းကြပါစေ...။*

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး( နီ၊ဝါ၊လွန်၊နည်း၊များ ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ဆီး(ကျဉ်၊အောင့် )
ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ဇက်ကြော
တက်၊အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်–၇၄၁၊ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅




www.burmeseclassic.com

www.burmeseclassic.com

လေးကေ့တောင်တန်းမှ

# ကျိုက်ထီးရိုးလေးစေတီ

ဗင်းကလိုဒ်
(ဂမ္ဘီရတောင်တန်း)

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးတောင်တန်းနှင့် ဆက်စပ်လျက်ရှိနေသည့် အရှေ့၊အနောက်၊ တောင်၊မြောက် အရပ်(၄)မျက်နှာရှိ တောင်စဉ်တောင်တန်းများတွင် ရသေ့ဦးခေါင်းနှင့် သဏ္ဌာန်တူသည့် ကျောက်တုံးများစွာ တွေ့ရှိရပါသည်။


ထိုရသေ့ဦးခေါင်းသဏ္ဌာန် ကျောက်တုံးများပေါ်တွင် စေတီငယ်တစ်ဆူစီ တည်ထားသဖြင့် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးနှင့် သဏ္ဌာန်တူကြသည်။ ထို့ကြောင့် ကျိုက်ထီးရိုးလေးစေတီတော်ဟု ခေါ်ဝေါ်ကြပါသည်။

သာသနာသက္ကရာဇ် ၁၁၁ ခုနှစ်တွင် ကျိုက်ထီးရိုးတောင် ရသေ့ကြီး တိဿ ရရှိခဲ့သော ဂေါတမဗုဒ္ဓ မြတ်စွာဘုရားရှင်၏ ဆံတော်ကို ဌာပနာ၍ ကျောက်စေတီ တည်ထား ကိုးကွယ်ရန် တိဿရသေ့ကြီး၏ ဦးခေါင်းတော်နှင့် ချွတ်စွပ်တူညီမည့် ကျောက်တုံးကြီးများကို သိကြား မင်းက ပင်လယ်ထဲမှ သွားရောက် ရှာဖွေဆောင်ခဲ့သည်။

ထိုအခါ ရသေ့ကြီးဦးခေါင်းတော်နှင့် တူညီသည် မတူညီဖြစ်နေသော ကျောက်တုံးကြီးများကို တောင်တန်း တစ်လျှောက် သင့်လျော်မည့် နေရာ များတွင် ထားရှိခဲ့ကြောင်း ရှေးဟောင်း မှတ်တမ်းများတွင် ဖတ်ရှုခဲ့ရဖူးသည်။

**သာသနာ ၂၃၆ ခုနှစ်တွင်** အိန္ဒိယ မဇ္ဈိမဒေသမှ သာသနာပြု ကြွရောက်လာသော အရှင်သောဏနှင့် အရှင်ဥတ္တရ ဦးဆောင်သည့် ရဟန္တာ (၅)ပါးက ဂေါတမဗုဒ္ဓမြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်များ၏ ဆံတော် ဓာတ်တော်များနှင့် ပင့်ဆောင်လာပြီး ဗုဒ္ဓသာသနာ ပြန့်ပွားအောင် ဆောင်ရွက်ပါသည်။

ထိုအခါတွင် တိမ်မြုပ်ပျောက်ကွယ်



▲ အရှေ့တောင်ဘက်မှ ဖူးမြော်ရသည့် ကျိုက်ထီးရိုးလေးစေတီ



www.burmeseclassic.com

www.burmeseclassic.com




ကျိုက်ထီးရိုးလေးကျောက်တုံး၏ အောက်ခံကျောက်တုံးကြီး အရှေ့ဘက်ရှိ အက်ကွဲကြောင်း




ကျိုက်ထီးရိုးလေးကုန်းတော်မှ စေတီပင်နှင့် အုတ်ဝတကျောက်တိုင်

တောင်ဘက်မှ ဖူးမြော်ရသော ကျိုက်ထီးရိုးလေးစေတီ



ကောဇ(၉)၏ အလှူမှတ်တမ်း



နေသော ရှေးဟောင်းစေတီတော်များကို ပြန်လည် ဖော်ထုတ်ပြုပြင်စေခြင်း အပြင် စေတီတော်သစ်များလည်း ထပ်မံတည်ထားစေခဲ့ပါသည်။

ရသေ့ဦးခေါင်း သဏ္ဍာန်တူ ကျောက်တုံးကြီးများမှာလည်း ဆံတော် ဓာတ်တော်များ ဌာပနာ၍ စေတီတော်များ တည်ထားစေခဲ့ရာ ကျိုက်ထီးရိုး တောင်စဉ်တောင်တန်း တစ်လျှောက်တွင် **"ကျိုက်ထီးရိုးလေး"** စေတီတော်ပေါင်း **(၃၉)ဆူရှိကြောင်း** သိရသည်။


ထိုကဲ့သို့ ကျိုက်ထီးရိုးလေးစေတီတော်များတွင် (၁)ဆူအဖြစ် ပါဝင်သော စေတီတော်မှာ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၏ အရှေ့မြောက်ဘက်ရှိ လေးကေ့တောင်တန်း တစ်နေရာတွင်ရှိသည်။





www.burmeseclassic.com

www.burmeseclassic.com



◆ ကျိုက်ထီးရိုးလေးကုန်းတော် တောင်ဘက်ခြမ်းမှ စေတီနှင့်သွပ်မိုးဇရပ်

◆ သူတော်စင်များ တရားထိုင်နိုင်သည့် သဘာဝကျောက်တုံးသလွန်



...ရွာ၏ အနောက်မြောက် ... တောင်ကုန်းမြင့်တစ်ခု၏ ထိပ်တွင် ...ဖြစ်သည်။ ခရီးမိုင်အားဖြင့် ... ကွာဝေးမည်ဟု ခန့်မှန်းရ...။

...ကျေးရွာနှင့် နတ်ကြီးရွာတို့ကို ...ယ် ဖောက်လုပ်ထားသည့် ...မြေနီလမ်း မိုင်တိုင်အမှတ် ...တွင် ဘယ်ဘက်သို့ လှည်း ...ကြာန် လမ်းခွဲတစ်ခုရှိသည်။

...လမ်းမမှ ထိုလမ်းခွဲအတိုင်း ...ခန့် သွားသည့်အခါ ကျိုက် ...စေတီတော် တည်ရှိရာ ကုန်းတော်သို့ ရောက်ရှိပါသည်။

နှစ်ကာလ အတိအကျ မမှတ်မိသောအချိန်က ဤကုန်းတော်၏ တောင်ခြေတွင် တောင်ယာ လုပ်စားသော အမျိုးသားတစ်ဦး၏ အိမ်မွေးခွေးတစ်ကောင်မှာ နေ့စဉ်လိုလို တောင်ယာတဲမှ ပျောက်သွားတတ်သည်။

ခွေးဟောင်သံများ ကြားရသည့် နေရာသို့ လိုက်ရှာသည့်အခါ ဤကုန်းတော်မှာ ခွေးကို ပြန်တွေ့ရတတ်သည်။

ကုန်းတော်ပေါ်တွင် ချုံနွယ်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းရာမှ ရသေ့ဦးခေါင်းပုံ ကျောက်တုံးကြီးနှင့် ထိုကျောက်တုံးကြီးပေါ်မှာ ပြိုပျက်နေသော စေတီငယ်ကိုပါ တွေ့ရှိရပါသည်။

တောင်ယာလုပ်ကိုင်ကြသော အနီးဝန်းကျင်မှ အခြားအိမ်ထောင်စုများနှင့်အတူ စေတီငယ်ကို ပြန်လည်ပြုပြင်ကိုးကွယ်ခဲ့ကြသည်။

**အချို့သော လပြည့်ညၢ အဓိဋ်ညများတွင် ဤစေတီငယ်ရှိရာမှ ထူးဆန်းသော အလင်းရောင်များ ထွက်ပေါ်ကြောင်း တွေ့ရှိကြရသည်။**

ဤစေတီတော်ရှိရာ တောင်ကုန်းကို **"ထွိမော်ကကျဲ"**ဟု ကရင်ဘာသာဖြင့် ခေါ်ကြပြီး၊ စေတီတော်ကို **"ခို့ထွိမော်"**ဟု ခေါ်ခဲ့ကြသည်။

မြန်မာဘာသာဖြင့်ဆိုလျှင် **"ထွိမော်ကကျဲ"**မှာ ခွေးဟောင်တောင်ဖြစ်ပြီး၊ **"ခို့ထွိမော်"**မှာ ခွေးဟောင်ဘုရားဟု အဓိပ္ပါယ်ရရှိသည်။

ယခုအခါ ပတ်ဝန်းကျင် ကျေးရွာများအားလုံးက ကျိုက်ထီးရိုးလေးတောင်ဟုလည်းကောင်း၊ ကျိုက်ထီးရိုးလေးဘုရားဟုလည်းကောင်း ခေါ်တွင်လျက် ရှိကြပါသည်။

သို့သော် အချို့သော ကရင်တိုင်းရင်းသားများက **"ပို့ဖိုးခို"**ဟုလည်း ခေါ်ကြသေးသည်။ မြန်မာလိုအဓိပ္ပါယ်မှာ **"ဘုရားလေးခေါင်း"**ဟု ဆိုသည်။

ကျိုက်ထီးရိုးလေး စေတီတော်နှင့် အနီးဆုံးကျေးရွာမှာ ဘုရားကုန်းတော်၏ အရှေ့တောင်ထောင့်အရပ် (၂)မိုင်ခန့်တွင် တည်ရှိသော **"ထီးလေးခေါ်"** ရွာဖြစ်ပါသည်။ **"ကျောက်ခြေထောက်မှ ရေထွက်သောနေရာ"**ဟု အဓိပ္ပါယ်ရှိကြောင်း သိရသည်။

ဒုတိယအနီးဆုံးရွာမှာ ကုန်းတော်၏ အနောက်ဘက် (၃)မိုင်ခန့်တွင်ရှိ



www.burmeseclassic.com

www.burmeseclassic.com

သော **"ပယ်ဝါထရာ"**ကျေးရွာဖြစ်သည်။ တတိယအနီးဆုံးရွာမှာ ကုန်းတော်အရှေ့ဘက် (၅)မိုင်ခန့်တွင်ရှိသော **"သူးကာဘီး"**ရွာဖြစ်သည်။ **"အမဲရောင်ကျောက်ကမ်းပါး"** ဟု အဓိပ္ပါယ်ရသည်။

ကျိုက်ထီးရိုးလေး တောင်ကုန်းပေါ်တွင် စေတီငယ်(၂)ဆူကို ဖူးမြင်ရသည်။ မြောက်ဘက် ကျောက်တုံးပေါ်ရှိ စေတီငယ်မှ နောက်မှ တည်ထားသော စေတီငယ်ဖြစ်ပြီး ပြိုပျက်နေသော သွပ်မိုးကျောင်း တစ်ဆောင်က ကျောက်တုံးအောက်ခြေ ကပ်လျက် တည်ရှိသည်။

ထိုစေတီ၏တောင်ဘက် လေး,ငါးပေအကွာတွင် မြွေဦးခေါင်းနှင့်တူသော ကျောက်တုံးကြီးရှိသည်။ ပဋ္ဌာန်းဆက်ပါရမီရှင်များ ထိုမြွေဦးခေါင်းပုံ ကျောက်တုံးကြီးပေါ်တွင် စေတီတော်တည်ထားရန် ကောင်းလှသည်။

မြွေဦးခေါင်းပုံ ကျောက်တုံးကြီး၏ တောင်ဘက် ဆယ်ပေခန့်အကွာတွင် ထိုင်ရန်၊ လဲလျောင်းရန် ကောင်းသော သဘာဝကျောက်တုံးကြီး(၂)တုံး ရှိသည်။

သူတော်စင်များ တရားရှုမှတ်ရန် နတ်ဒေဝါများ ဖန်ဆင်းပေးထားပုံရသည်။

တောင်ဘက် အစွန်ဆုံးတွင်မူ အောက်ခံ ကျောက်တုံးကြီးပေါ်၌ လျှောကျမည့်ပုံ တင်နေသည့် ရသေ့ဦးခေါင်းပုံ ကျောက်တုံးနှင့် ရွှေဆေးသင်္ကန်း ကပ်လှူထားသော စေတီငယ်တစ်ဆူကို ဖူးမြင်ရသည်။ ထိုစေတီမှာ ကျိုက်ထီးရိုးလေးစေတီ ဖြစ်ပေသည်။

ကျိုက်ထီးရိုးလေးစေတီ၏ အရှေ့ဘက်ကပ်လျက် ကျောက်တုံးအခြေမှာ



▲ မြွေဦးခေါင်းပုံ သဘာဝကျောက်တုံးကြီး

▼ ကျိုက်ထီးရိုးလေးစေတီသို့ လိုက်ပို့သော လေးကွေ့ရွာမှ ဆရာတော်ဦးနန္ဒမာလာ၊ ဓာတ်လှိုင်ဦးနှင့် တေအရွလု



ယိုင်နဲ့ယိုယွင်းနေသော အင်ဖက်မိုး သစ်သားခင်း ကျောင်းသင်္ခမ်းတစ်ဆောင်ရှိသည်။

**ထို ကျိုက်ထီးရိုးလေးစေတီကို တောင်ဘက်(၁၅)ပေအကွာမှ ဓာတ်ပုံရိုက်ယူလျှင် ကျောက်တုံးမှာ ရသေ့ဦးခေါင်းပုံနှင့် ပို၍တူသည်။ ကျောက်ထဲ သို့ လိမ့်ကျတော့မည့်ဟန် သဘာဝကျ လှပါသည်။**

ကျိုက်ထီးရိုးလေး စေတီတော်၏ တောင်ဘက် ပေ(၂၀)ခန့်အကွာတွင် ဗောဓိညောင်ပင်တစ်ပင်ရှိပြီး၊ ထို ညောင်ပင်၏ အရှေ့ဘက် ပေ(၄၀)ခန့်တွင် **အင်္ဂတေကျောက်တိုင်** ရှိသည်။

ကမ္ပည်းစာများ မရှိသဖြင့် ကျော[...] တိုင်အကြောင်း မသိရပါ။

ဗောဓိညောင်ပင်မှ တောင်ဘ[...] ပေ(၃၀)ခန့်အကွာတွင် အနက်[...] (၄၀)ကျော်ဟု ခန့်မှန်းရသော **ရေတွ[...] ပေါင်းတစ်တွင်း**ရှိသည်။ ရေမထွ[...] သဖြင့် ဆက်မတူးဘဲ ရပ်ထားလ[...] ကြောင်း သိရသည်။


ကျိုက်ထီးရိုးလေးစေတီ ကုန်း[...] မြောက်ဘက်တွင် အင်္ဂတေရေ[...] များ၊ သံရေစည်ကြီးများစွာရှိ[...] ရေတော့ မရှိပါ။

လွန်ခဲ့သော (၁၀)နှစ်ကျော်က [...]



www.burmeseclassic.com

www.burmeseclassic.com




...ခဲ့တော်တွင် တပ်မတော်မှ စစ်စခန်း ... စခန်းချနေထိုင်ခဲ့ဖူးကြောင်း ...သည်။

...က ရေသုံးရန် တည်ဆောက် ...ဖြစ်မည်ဟု ယူဆရပါသည်။

...ဘုရားကုန်းတော်၏ အနောက် ...တောင်စောင်း (၂)ဖာလုံခန့်တွင် ...ရာသီပတ်လုံး ရေမခန်းဘဲ ...(၅)ပေခန့်ရှိသည့် သဘာဝ ...နှင့် စမ်းချောင်းတစ်ခုရှိ ...သိရသည်။

...ကို ပိုက်လုံးများနှင့်ဆက်၍ ...နှင့် စုပ်ယူသယ်ဆောင် ... ဘုရားကုန်းတော်မှာ ရေလုံ ...ရရှိနိုင်မည်။

...ကျိုက်ထီးရိုးလေး စေတီအောက် ...ခေါင်းပုံ ကျောက်တုံး တင်နေ ... အောက်ခံကျောက်တုံးကြီး၏ အရှေ့ဘက်ခြမ်းမှာ ကျိုက်ထီးရိုးကြီးရှိ **"ကျီးကန်းပါစဝ်"**ကဲ့သို့ အက်ကွဲကြောင်းတစ်ခု တွေ့ရသည်။

**ရှေးအခါက ထိုအက်ကွဲကြောင်းထဲသို့ ငွေအကြွေစေ့ ပစ်ထည့်လိုက်လျှင် အလွန်နက်သော လိုဏ်ထဲတွင်းကြီးထဲသို့ အထင့်ဆင့် ဝင်ရောက်သွားသကဲ့သို့ အသံများ ကြားရသဖြင့် ကျောက်တုံးကြီးအောက်မှာ ကျောက်လိုဏ်ဂူကြီးရှိမည်ဟု ယုံကြည်ကြပါသည်။**

ကျိုက်ထီးရိုးလေး စေတီတော်၏ အရှေ့ဘက်ရှိ သစ်သားကျောင်းငယ်လေးပေါ်တွင် အလှူမှတ်တမ်း ဆိုင်းဘုတ် အပြာရောင်တစ်ချပ် တွေ့ရှိရသည်။

အမှတ်(၉)စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်မှ လှူဒါန်းသော ကျိုက်ထီးရိုးလေးတောင်တော်တွင် ကိန်းဝပ်စံပယ်တော်မူသည့် မဟာမုနိရုပ်ပွားတော်နှင့် ဘုရားကျောင်းပစ္စည်းများ...

၁။ မဟာမုနိရုပ်ပွားတော် (ဉာဏ်တော်–၃၂ လက်မ)(၁)ဆူ
၂။ စေတီနှင့် ကျောက်လုံးတော် ရွှေဆေး, ရွှေသက်နန်းကပ်လှူ၊
၃။ ဓမ္မာရုံ,ကမ္မဋ္ဌာန်းဆောင်နှင့် ဇရပ်များ ဆောက်လုပ်ပြုပြင်၊
၄။ ရောင်တော်ဖွင့်မီးတိုင်း၊
၅။ မီးစက်(အပြည့်အစုံ)၊
၆။ အသံချဲ့စက်(အပြည့်အစုံ)၊
၇။ လှူဖွယ်ပစ္စည်းများ

၎င်းကုန်းတော်တွင် အစောင့်အရှောက်များ မထားနိုင်သဖြင့် မဟာမုနိရုပ်ပွားတော်ကို လေးကေ့ဘုန်းတော်ကြီးကျောင်းသို့ ယာယီပင့်ဆောင်ထားရကြောင်း သိရှိရသည်။

ကျိုက်ထီးရိုးလေး ကုန်းတော်မှ ညအချိန် အနောက်မြောက်ဘက်သို့ ကြည့်လျှင် ကျိုက်ထီးရိုးတောင်ထိပ်ရှိ ဘုရားမီးများကို တွေ့မြင်ရကြောင်း



www.burmeseclassic.com

www.burmeseclassic.com

လည်း သိရပါသည်။

ကျိုက်ထီးရိုးလေး တောင်တော်တွင် ဗုဒ္ဓသာသနာတော် ပွင့်လင်းလာစေရန် မြန်မာနိုင်ငံအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် ပဋ္ဌာန်းဆက် ပါရမီရှင်၊ သာသနာပြု ပုဂ္ဂိုလ်များ၊ အလှူရှင်သူဌေးသူကြွယ်များ။ ပံ့ပိုးကူညီပေးနိုင်သော ဩဇာအာဏာရှိ ပုဂ္ဂိုလ်များ အမြန်ဆုံးရောက်ရှိလာနိုင်ပါစေဟု ကျွန်ုပ် ဆုတောင်းပေးခဲ့ပါသည်။

ကျိုက်ထီးရိုးလေးစေတီသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသည့် လေးကေ့ရွာ သာသနာ့မာန်အောင်ကျောင်း ဆရာတော် ဦးနန္ဒမာလာ၊ ရွာသားလူငယ်များဖြစ်သည့် စောအဂ္ဂလုနှင့် စောဝင်းလွင်ဦးတို့အား အထူး ကျေးဇူးတင်မိပါသည်။

ရန်ကုန်မြို့မှ နံနက်(၅)နာရီထွက်လျှင် သုဝဏ္ဏဝတီမြို့(ယခင် သိမ်ဆိပ်ရွာ) သစ်သီးတန်းသို့ နံနက်(၈)နာရီခွဲရောက်မည်။ သစ်သီးတန်းရှေ့ မျက်နှာချင်းဆိုင်မှာ ဆေးရုံလမ်းမှ ခရီးဆက်လျှင် သထုံ–ဖာပွန် ဖောက်လုပ်ဆဲလမ်းကို ရောက်မည်။ လေးကေ့ရွာအထိ (၃၆)မိုင်ခရီး ကတ္တရာလမ်း ပြီးစီးနေပြီ။

အလယ်မှာ ကတ္တရာလမ်း (၁၀)ပေခန့်၊ ဘေးနှစ်ဖက်မြေသားလမ်း (၅)ပေမှ (၁၀)ပေခန့်စီအထိ ကျယ်သည်။

ထီမော်ရွာအထိ ကားလမ်း အကုန်ကောင်းသည်။ ထီမော်ရွာ ကျော်လွန်သည်မှစ၍ လေးကေ့ရွာအနီးအထိ ဆောက်လုပ်ဆဲ ချောင်းကူးတံတား သုံး,လေးစင်း မပြီးသေးပါ။ မဆောက်လုပ်ရသေးသော ချောင်းကူးတံတား (၂)စင်း ကျန်နေသေးသည်။

ကွင်းရှောင် ယာယီမြေသားလမ်းများမှ ခရီးဆက်ရမည်။ နွေရာသီ၊ ဆောင်းရာသီ အောက်ခြေမြင့်ကားများနှင့် သွားနိုင်သည်။ မိုးရာသီ သွားလာဖို့ မလွယ်ကူပါ။

လေးကေ့ရွာ ဘုန်းတော်ကြီးကျောင်းသို့ နံနက်(၉)နာရီခွဲမှာ ရောက်ရှိပါလိမ့်မည်။ ဆရာတော် ဦးနန္ဒမာလာကိုဖြစ်စေ၊ ဆရာကြီး ဦးစောတင်ဝင်းကိုဖြစ်စေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးကိုဖြစ်စေ စုံစမ်းမေးမြန်း အကူအညီတောင်းနိုင်ပါသည်။

ကျိုက်ထီးရိုးလေး ဘုရားရင်ပြ[...] အထိ မော်တော်ကားလမ်းဖြင့် ကော[...] စွာ သွားရောက်နိုင်သဖြင့် အဆင်[...] လွယ်ကူပါသည်။

လေးကေ့ရွာအနီးရှိကျောက်တော[...] လိုဏ်ဂူဘုရားများ။ သာသနာ့မာ[...] အောင်ကျောင်းဝင်းအတွင်းရှိ ဓာ[...] တော်ဘုရား၊ လေသာအေးဂူ ဘု[...] များနှင့် ယခင် ကေအင်ယူတပ်မ[...] ဗိုလ်လင်းထင် နေထိုင်ခဲ့သော ကျော[...] ဂူကြီး၊ အလွန်အေးမြသော အဲယ[...] ကွန်းကျောက်ဂူကြီး၊ လေသာအေ[...] တောင်ထိပ်ရှိ ဂေါတမ ဗုဒ္ဓဆံတော်[...] စေတီတော် စသည်ဖြင့် ဖူးမြင်စ[...] လေ့လာစရာ၊ အံ့ဩထူးဆန်းဖွယ်[...] များစွာ ရှိပါသေးသည်။

စာဖတ်သူများ တစ်ခါတစ်ခေါ[...] သွားရောက်နိုင်ကြပါစေ…။

**[လုံခြုံရေးအတွက် စိုးရိမ်ရန် ထ[...] မရှိ။ နယ်မြေအေးချမ်းသည်။]**

**မင်းကူဒွိ**
**(ဂန္ဓီရတောင်တန်း)**

---

စာမျက်နှာ (၃၉)မှ အဆက်

ပြထားသည့်အတိုင်း "**မကောင်းသော အဆိုးအညံ့များ ပြေပျောက်ပါစေ (သို့မဟုတ်) အကြံအစည်မှန်သမျှ အောင်ပါစေ**" စသည်ဖြင့် မိမိလိုရာကို ရေးပြီး ဖယောင်းတိုင်ကို တင်ထွန်းပြီး ပူဇော်ပါ။

ဖယောင်းတိုင်ကို မီးမထွန်းခင် လက်အုပ်ချီကိုင်ပြီး ဘုရားစင်ရှေ့၌…

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ၊ တတိယမ္ပိ'

ရွတ်ဆိုပြီးမှ ထွန်းပါ။

ပြီးနောက် မြတ်စွာဘုရားထံ (၅)ပါးသီလဆောက်တည်ပြီး မိမိကြိုက်နှစ်သက်သည့်ဂါထာကို ပုတီးစိပ်ပါ။

ဥပမာ သရဏဂုံ(သို့မဟုတ်)အရဟံ ဂုဏ်တော်ကိုစိပ်[...] လျှင် လွယ်ကူပြီး လိုအင်ဆန္ဒဟူသမျှကို ပြည့်စုံစေပါသ[...]

ကျွန်ုပ်လည်း ထိုသူ ပြောသွားသော ရတနာဒီပံ မီးထ[...] နည်းသည် သိပ်ပြီး အခက်အခဲ မရှိဘဲ လွယ်ကူစွာနှင့် [...] အနည်းငယ်အတွင်း အကျိုးသက်ရောက်မှု မြန်သေ[...] ကြောင့် စာဖတ်သူ များ ကျွန်ုပ်ကဲ့သို့ စီးပွားရေး အခက်အ[...] ဖြစ်နေလျှင် ပြုလုပ်လှူဒါန်းနိုင်ရန် စေတနာကောင်း[...] ရေးသား ဖော်ပြလိုက်ပါသည်။

**[ဤဆောင်းပါးဖြင့် အဘဦးညိုမောင်အား ဂါရဝ[...] သည်။]**

***လိုအင်ဆန္ဒပြည့်ပါစေ။***

**ပေါ်လွင်ဦး(ရေး)**




www.burmeseclassic.com

www.burmeseclassic.com

# ဂြိုဟ်ဆိုးပြေပျောက် ဥစ္စာရောက်

ပေါ်လွင်ဦး (ရေး)




တစ်နေ့သောအခါ စီးပွားရေးလုပ်ငန်းများ၊ အလုပ်အကိုင် အကြံအစည်များ ပျက်စီး၍ ကျန်းမာရေးပင် ထိခိုက်လာပါသည်။

အလုပ်အကိုင် အကြံအစည် မအောင်မြင်၍ စီးပွားရေး အခက်အခဲ တွေ့နေသူတို့၏ ထုံးစံအတိုင်း ဘုရားကို အားကိုး၍ အချိန်အားသည်နှင့် ဘုရားရှိ မိမိ၏ မွေးနံ/အရပ်ထောင့်တွင် ပဌာန်း၂၄ ပစ္စည်းရွတ်ဖတ် သရဇ္ဈာယ်၍ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရောင်တော်ပြန်ပုတီးစိပ်ခြင်းတို့ ပြုလုပ်ခြင်း၊ ဗေဒင်ဆရာမျိုးစုံတို့ လုပ်ခိုင်းသော ယတြာများကို ပြုလုပ်ခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။

တစ်နေ့တွင် ပုတီးစိပ်ပြီး ဘုရားပေါ် လက်ယာရစ်ပတ် ပူဇော်ပြီး ခေါင်းလောင်းကြီးအနီးတွင် ထိုင်၍ အနားယူနေစဉ် အသက်(၆၀)ကျော် ပတ်ဝန်းကျင်ခန့်ရှိသော သူတစ်ဦးသည် ကျွန်ုပ်အနီး၌ လာရောက်ထိုင်ပြီး အာလာပသလ္လာပ စကားများ ပြောဆိုပါသည်။

ကျွန်ုပ်လည်း လူမှုရေးအရ အလိုက်သင့်ပြန်ပြီး စီးကရက်ဖြင့် ဧည့်ခံသည်။ ထိုသူ၏ အမည်မှာ ဦးညိုမောင်ဖြစ်ပြီး ကျွန်ုပ်အား မွေးသက္ကရာဇ်မေးပြီး ဗေဒင်တွက်ပေးပါသည်။

'ခင်ဗျားတို့ တနင်္ဂနွေသားတွေဟာ ဗုဒ္ဓဟူးသက်ရောက်ဖြစ်ရင် ဘုမ္မိကျတဲ့အတွက် အခက်အခဲ တစ်ခုမဟုတ် တစ်ခု ကြုံရတတ်တယ်။ ခင်ဗျားဟာ ဘုမ္မိသက်ရောက် ကျရောက်ရုံတင်မကဘဲ မူလမဟာဘုတ်မှာ တနင်္ဂနွေဟာ မရဏဖွားဖြစ်နေတဲ့အတွက် အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့ အခက်အခဲတွေ တွေ့ရတတ်တဲ့အပြင် ကျန်းမာရေးလဲ ညံ့လာတတ်တယ်ဗျ'

ထို့နောက် ဦးညိုမောင်သည် ကျွန်ုပ်အား...

'ခင်ဗျား ကျွန်တော်ပြောတဲ့ ရတနာဒီပံ မီးထွန်းနည်းကို မိမိအိမ်က ဘုရားစင်မှာ ထွန်းကြည့်ပါလား'

'ကျေးဇူးပါပဲ ဆရာရယ်... ကျွန်တော်မှာ ယတြာချေတာလဲ စုံသွားပြီ။ အခု ဆရာပြောတဲ့ နည်းအတိုင်း လုပ်ကြည့်တာပေါ့'

'လုပ်ကြည့်တာပေါ့ မလုပ်နဲ့။ ကျုပ်ပြောတဲ့အတိုင်းကို လေးလေးနက်နက် လုပ်ကြည့်ပါ။ (၇)ရက်အတွင်း အဆင်ပြေသွားပါလိမ့်မယ်'

'ကောင်းပါပြီ ဆရာရယ်၊ ကျွန်တော် အလေးအနက်ထားပြီး လုပ်ပါ့မယ်'

ထို့နောက် ဦးညိုမောင်က ကျွန်ုပ်အား ယတြာဒီပံ မီးထွန်းနည်းကို စိတ်ရှည်လက်ရှည် ရှင်းပြပေးသည်။

အလုံးအနေအထား စာရေးရန် သင့်တော်သော ဖယောင်းတိုင်ပေါ်မှာ ပုံတွင် ပြထားသည့်အတိုင်း **စ.ခ.ဗ.ဝ** ကို ရေးပါ။

"**စ**"လုံး အက္ခရာရေးလျှင် "**ဥုံ စ**"
"**ခ**"လုံး အက္ခရာရေးလျှင် "**ဥုံ ခ**"
"**ဗ**"လုံး အက္ခရာရေးလျှင် "**ဥုံ ဗ**"
"**ဝ**"လုံး အက္ခရာရေးလျှင် "**ဥုံ ဝ**"
ဟု "ဥုံ"ခံပြီး ရေးပါ။

ဖယောင်းတိုင်၏ **တစ်ဖက်တွင် "ဝ"လုံးထဲ၌ မိမိမွေးနံရေးပြီး ဂုဏ်တော်(၉)ပါးရွတ်ပြီး** နဝင်းခတ်ပါ။

ကြေပန်းကန်ပြားပေါ်တွင် ပုံအတိုင်း

 စာမျက်နှာ (၁၈) သို့

www.burmeseclassic.com

www.burmeseclassic.com


# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင်
# အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ

အမှတ်တံဆိပ်

တစဝတ (စာနယ်ဇင်း) ၀၂၁/၀၆၁၄




မှတ်ပုံတင် ၁၁၁၆ (ဗိုင်) ၀၁၂၄၇၃ လိုင်စင် ၁၁၇၈ (တိုး)

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"
"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"
"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"
"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"
"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"
"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . . "
"မပေါ့နဲ့ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီး . . .
"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"
ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ. . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင် ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"
"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"
"ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"
"ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစားချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . . "
"ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, လွဲမှားပြုဖန်များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ်နဲ့ ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...
"ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ"
"ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ် သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ . . . . .**"


ပင်ရင်း 'ဝင်း' ဆေးတိုက်
ဖုန်း – ၀၁ ၅၉၀၅၇၇

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်
၃/၀၁၀/ဝေဇယန္တာအိမ်ယာ
၈/တောင်ရှမ်းကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၇၃၁၃၃၄၀၀၊ ၀၉ ၅၀၉၈၀၃၃၊ ၀၉ ၃၁၉၂၅၁၅၅

www.burmeseclassic.com

# ကြိုက်ဆိုင်းပြေပျောက် ဥစ္စာရောက်

ပေါ်လွင်ဦး(ရေး)




တစ်နေ့သောအခါ  စီးပွားရေး [illegible]င်န်းများ၊ အလုပ်အကိုင် အကြံ [illegible]ည်များ ပျက်စီး၍ ကျန်းမာရေးပင် [illegible]ိုက်လာပါသည်။

အလုပ်အကိုင်  အကြံအစည် [illegible]အောင်မြင်၍ စီးပွားရေး အခက်အခဲ [illegible]နေသူတို့၏ ထုံးစံအတိုင်း ဘုရား [illegible] အားကိုး၍ အချိန်အားသည်နှင့် [illegible]ရှိ မိမိ၏ မွေးနံ/အရပ်ထောင့်တွင် [illegible]၂၄ ပစ္စည်းရွတ်ဖတ် သရဏ္ဍာယ် [illegible]ရှင်းရေးပြုလုပ်ခြင်း၊ ရောင်တော် [illegible]ီးစိပ်ခြင်းတို့ ပြုလုပ်ခြင်း၊ ဗေဒင် [illegible]မျိုးစုံတို့ လုပ်ခိုင်းသော ယတြာ [illegible]ကို ပြုလုပ်ခဲ့သော်လည်း မအောင် [illegible]ချေ။

[illegible]နေ့တွင် ပုတီးစိပ်ပြီး ဘုရားပေါ် [illegible]သာခုစ်ပတ် ပူဇော်ပြီး ခေါင်း [illegible]ကြီးအနီးတွင် ထိုင်၍ အနားယူ [illegible] အသက်(၆၀)ကျော် ပတ်ဝန်း [illegible]ရှိသော သူတစ်ဦးသည် ကျွန်ုပ် [illegible] လာရောက်ထိုင်ပြီး အာလာပ [illegible] စကားများ ပြောဆိုပါသည်။

[illegible]လည်း လူမှုရေးအရ အလိုက် [illegible]ပြီး စီးကရက်ဖြင့် ဧည့်ခံသည်။ [illegible] အမည်မှာ ဦးညိုမောင်ဖြစ်ပြီး [illegible]  မွေးသက္ကရာဇ်မေးပြီး [illegible]ွက်ပေးပါသည်။

[illegible]တို့ တနင်္ဂနွေသားတွေဟာ [illegible]ရောက်ဖြစ်ရင် ဘုမ္မိကျတဲ့ [illegible] အခက်အခဲ တစ်ခုမဟုတ် [illegible]ရတတ်တယ်။ ခင်ဗျားဟာ [illegible]ရောက်  ကျရောက်ရုံတင် [illegible]မဟာဘုတ်မှာ တနင်္ဂနွေ [illegible]ဖွားဖြစ်နေတဲ့အတွက် [illegible] စီးပွားရေး၊ လူမှုရေး [illegible]အခဲတွေ တွေ့ရတတ်တဲ့ [illegible]ရေးလဲ ညံ့လာတတ် [illegible]

ထို့နောက် ဦးညိုမောင်သည် ကျွန်ုပ်အား...

'ခင်ဗျား ကျွန်တော်ပြောတဲ့ ရတနာဒီပံ မီးထွန်းနည်းကို မိမိအိမ်က ဘုရားစင်မှာ ထွန်းကြည့်ပါလား'

'ကျေးဇူးပါပဲ  ဆရာရယ်... ကျွန်တော်မှာ  ယတြာချေတာလဲ စုံသွားပြီ။ အခု ဆရာပြောတဲ့ နည်းအတိုင်း လုပ်ကြည့်တာပေါ့'

'လုပ်ကြည့်တာပေါ့ မလုပ်နဲ့။ ကျုပ်ပြောတဲ့အတိုင်းကို လေးလေးနက်နက် လုပ်ကြည့်ပါ။ (၇)ရက်အတွင်း အဆင်ပြေသွားပါလိမ့်မယ်'

'ကောင်းပါပြီ ဆရာရယ်၊ ကျွန်တော် အလေးအနက်ထားပြီး လုပ်ပါ့မယ်'

ထို့နောက် ဦးညိုမောင်က ကျွန်ုပ်အား ယတြာဒီပံ မီးထွန်းနည်းကို စိတ်ရှည်လက်ရှည် ရှင်းပြပေးသည်။

အလုံးအနေအထား  စာရေးရန် သင့်တော်သော ဖယောင်းတိုင်ပေါ်မှာ ပုံတွင် ပြထားသည့်အတိုင်း **စ.ခ.ဗ.ဝ** ကို ရေးပါ။

"**စ**"လုံး အက္ခရာရေးလျှင် "**ဥုံ စ**"
"**ခ**"လုံး အက္ခရာရေးလျှင် "**ဥုံ ခ**"
"**ဗ**"လုံး အက္ခရာရေးလျှင် "**ဥုံ ဗ**"
"**ဝ**"လုံး အက္ခရာရေးလျှင် "**ဥုံ ဝ**"
ဟု "ဥုံ"ခံပြီး ရေးပါ။

ဖယောင်းတိုင်၏ **တစ်ဖက်တွင် "ဝ"လုံးထဲ၌ မိမိမွေးနံရေးပြီး ဂုဏ်တော်(၉)ပါးရွတ်ပြီး** နဝင်းခတ်ပါ။

ကြွေပန်းကန်ပြားပေါ်တွင် ပုံတွင်

 စာမျက်နှာ (၃၈) သို့

www.burmeseclassic.com

www.burmeseclassic.com


# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ



မှတ်ပုံတင် ၁၁၁၆ (ဝိုင်) ၀၁၂၄၇၇ လိုင်စင် ၁၁၇၈ (တိုး)

အမှတ်တံဆိပ်

ထစဝတ (စာနယ်ဇင်း) ၀၂၁/၀၆၁၄

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"
"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"
"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"
"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"
"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"
"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . . "
"မပေါ့နဲ့ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီး . . .
"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"
ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ. . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင် ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"
"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"
" ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"
" ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစား ချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . . "
" ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, လွဲမှားပြုဖန်များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ်နဲ့ ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...
" ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ "
" ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ် သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ . . . . .** "

ပင်ရင်း 'ဝင်း' ဆေးတိုက်

ဖုန်း – ၀၁ ၅၉၀၅၇၈

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်

၃/၁၁၁/စေတီယဉ္စာအိမ်ယာ

၈/တောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း – ၀၉ ၇၃၀၃၃၄၀၀၊ ၀၉ ၅၁၉၈၀၃၃၊ ၀၉ ၃၁၉၆၀၅၅




www.burmeseclassic.com

www.burmeseclassic.com

# ကဒါတ်ထောက် ဝါးကျောင်းဆရာတော်

စုဆောင်းပူဇော်ထားသည့် ရုပ်တုရုပ်ပွား ဓာတ်တော်များ (၁)

ဆီးသည်ဘုတောဝိ



◆ ပုံ(၁) ကဒါတ်ထောက်ဝါးကျောင်း ဆရာတော်ဦးသုန္ဒရ

ကဒါတ်ထောက် ဝါးကျောင်း

ကျိုက္ခမီနယ်မှ ဓာတ်တော်ဆရာ ...ခေါ် **"ကဒါတ်ထောက်"** ဝါး ...ကျောင်းဆရာတော် အရှင်သုန္ဒရသည် ...နှစ်မြောက်မွေးနေ့ဖြစ်သော ၁၃၅၁ ... တော်သလင်းလဆန်း (၁၀)ရက် ...တွင် ကျိုက္ခမီမြို့ တိမူလာရုံ ရွှေ ...ကျောင်း ခဏ္ဍာသိမ်တွင် တော ...ကျ်၍ ရဟန်းဘောင်သို့ ကူးပြောင်း ...သည်။(ပုံ–၁)

ထိုစဉ်က ဖနီး ဒေါ်စန်းစန်းနွယ်၊ ...နှစ်အရွယ်သမီး မိုးမိုးသူနှင့် (၂)နှစ် ...အရွယ် သား မျိုးသိန်းထွန်းတို့ ...ခုစ်လေသည်။ လူအမည် ဦးသန်း ...ဖြစ်သည်။

...င်းကာလမတိုင်မီ (၅)နှစ်ခန့် ...င် နှစ်ကိုင်းကျေးရွာအနီး ဆင် ...ောင်အခြေတွင် ကောစာရီ တောရ ...ာက်တည်တော်မူသော **မဏ္ဍရာ ဆရာတော်ကြီး** (ဘွဲ့မည်ကို မသိရပါ) ...တွင် ဝိပဿနာနည်းနိဿယ ခံယူ ...ထုတ်ခဲ့ရာ ကျေနပ်အားရသဖြင့် ...ထွက်ရန် ကြံရွယ်ခဲ့သည်။

ဆရာတော်ကြီးက...

"...င်းအသက် ငယ်ပါသေးတယ်။ ကလေး ...ငယ်နဲ့ ဇနီးမှာ ဒုက္ခရောက်နေရော့ ...ာ်"

...ု တားမြစ်တော်မူသဖြင့် အကြံ ...ညှိပျက်ခဲ့သည်။ သို့သော် ...နာကမ္မဋ္ဌာန်းကို စူးစူးစိုက်စိုက် ...ထုတ်ဖြစ်ခဲ့သည်။

...နှစ်မြောက်မွေးနေ့တွင် ဒုလ္လဘ ရဟန်းဝတ်ရာမှ အခွင့်အခါကောင်း ကြုံလေပြီဟု သဘောပိုက်၍ ပရိသုဒ္ဓ မပြု(လူမထွက်)တော့ဟု သန္နိဋ္ဌာန်ချခဲ့ သည်။

ရဟန်းဖြစ်သည်နှင့် **ဆင်တောင် လမ်းဝ (ကျိုက္ခမီ–မော်လမြိုင် အဝေးပြေး ကားလမ်းနံဘေး၌ရှိ၏။)** မှ သုံးမိုင်ခန့် ကွာဝေးသော ကဒါတ် ထောက်ကမ်းခြေသို့ သွားရောက်ကာ အားထုတ်ရန် နေရာ ရှာဖွေသောအခါ





www.burmeseclassic.com

www.burmeseclassic.com



▲ ပုံ(၇) တကောင်းဓာတ်တော်များ

**ပြုပါက ဆုတ်ယုတ်ပျက်စီးရသဖြင့် လူတို့ ရှောင်ကြဉ်လေ့ ရှိကြသည်ဟု ဒေါ်ညွန့်ညွန့်၏ မုံရွေး၊ ကြေးမုံ ရွှေမြင်တင် တောင်တော်သမိုင်း စာအုပ်၌ ဖော်ပြထား၏။**

**ကျွန်ုပ်၏ ဆရာသခင်များက ပကားမြေသည် ပကာတဟူသော (နိုပ်စက်အပ်သော) အနက်ရှိသည့် ပါဠိမှ ရွေ့လျားလာသည့် ပါဠိပျက် ဝေါဟာရဖြစ်သည်။ အမနုဿတို့ ကြီးစိုးနှိပ်စက်တတ်သော မြေဟု ဆိုလိုကြောင်း ရှင်းပြတော်မူကြ၏။]**

သို့ဖြစ်လေရာ လူသူ အနေှာင့် အယှက် ကင်းဝေးသောကြောင့် ဆပ်သွားဖူးကျွန်း၌ (၄၅)ရက်တိတိ သစ္စာပြုအဓိဋ္ဌာန်ကာ ကျင့်ကြံအား ထုတ်ခြင်း ဖြစ်သည်။

ကဒါတ်ထောက် ရွာသားများသည် ဘာသာရေး ကိုင်းရှိုင်းသည်။ မွန်တိုင်း ရင်းသား ဓလေ့ထုံးစံအတိုင်း ရဟန်း တစ်ပါး တရားအားထုတ်ရန် ရောက်ရှိ နေကြောင်း ကြားသိရသဖြင့် နေ့စဉ် ဆွမ်းပို့ကပ်လှူကြသဖြင့် ဆွမ်း အာဟာရအတွက် အဆင်ပြေစွာ သီတင်းသုံးနိုင်ခဲ့သည်။

(၄၅)ရက် စေ့မြောက်သောအခါ အဓိဋ္ဌာန်အောင်မြင်၍ တရားအသိ ထူးများလည်း တိုးတက်ရရှိသဖြင့် အောင်မြေနေရာ သတ်မှတ်ကာ ကမ်းခြေကုန်းမြေတွင် ဆက်လက် သီတင်းသုံးရာ ရွာသားများက ဓနိမိုး၊ ဝါးခင်း၊ ဝါးကာ တဲကျောင်းကလေး ဆောက်လုပ် လှူဒါန်းကြလေသဖြင့် **"ကဒါတ်ထောက်ဝါးကျောင်း"** ဟူ၍ စတင် ပေါ်ပေါက်ခဲ့သည်။

## ဓာတ်တော်ဆရာတော်

ဤသို့ သီတင်းသုံးစဉ် ကမ်းပါး အခြေ သဲသောင်ပြင်တွင် မွန်တိုင်းရင်း သားရိုးရာဓလေ့အရ တည်ဆောက် ပူဇော်ထားသော သဲပုံစေတီကလေး သည် ဒီရေ တက်,ကျသော်လည်း ပြိုပျက်ခြင်းမရှိဘဲ ပကတိတည်ငြိမ် ကိန်းဝပ်တော်မူသည်ကို သတိ သည်။

ဌာနကာရက (တည်ဆော အထောက်အပံ့) အားကောင် သဖြင့် ရေရှည်တည်တံ့နိုင်သ အုတ်စေတီတည်ရန် ကြိုးပမ်းတော် သည်။

စေတီ၌ ဌာပနာပြု ပူဇော် ဓာတ်တော်များ ရှာဖွေပင့်ဆောင် အခါ အခက်အခဲများစွာ တွေ့ လျက် ဒါယကာ၊ ဒါယိကာမ စုပေါင်းကြိုးစားသော်မှ ဘုရားရှင် တော်အနည်းငယ်နှင့် ရှင်မောဂ္ဂလ ရှင်သီဝလိဓာတ်တော် အနည်း သာ ပင့်ဆောင်ပူဇော်နိုင်ခဲ့သည်


၁၃၅၁ ခုနှစ်၊ နှောင်းတန်ခူးလ နေ့တွင် ပြီးစီးရာ **"နိဗ္ဗာန်ဓာရုံဓော** ဟု ဘွဲ့မည်ကပ်လှူသည်။

ထိုမှစတင်၍ ဓာတ်တော် စုဆောင်းပင့်ဆောင်ကာ မွန်ပြည်



www.burmeseclassic.com

www.burmeseclassic.com



ပုံ(၈) စီတော်ရဟန္တာဓာတ်တော်များ

ဒြ အကြီးဆုံးသော ဓာတ်တော်တိုက် ည်ထောင် အပူဇော်ခံယူနိုင်ရန် ဆန္ဒြာန်ချခဲ့သည်။

စာနယ်ဇင်းများ၊ အထူးသဖြင့် တ္တရောင်ခြည်မဂ္ဂဇင်းများ၌ ဖော်ပြ ရှိသော ထူးခြားဆန်းကြယ်သော နေရာများ၊ ရှေးဟောင်းဒေသများသို့ ပြီး ကာရက အကူအညီဖြင့် မြေပုံ န်းရေးဆွဲကာ ကြွရောက်ခဲ့သည်၊

ဂမ္ဘီရပစ္စည်းများ၊ ဘုရား,ရဟန္တာတို့ ၏ဓာတ်တော်များကို ရှာဖွေပင့်ဆောင် သည်၊ ဂမ္ဘီရပစ္စည်းများကို တပည့် သကာများအား ခွဲဝေပေးကာ ဓာတ် တော်များကိုမူ ကျောင်းတွင် ပူဇော် ထားလေသည်။

သို့ဖြင့် များစွာသော ဓာတ်တော် များ ရုပ်တု,ရုပ်ပွားများကို ကဒါတ် တော်ဝါးကျောင်း၌ ပူဇော်ထားနိုင် သော **"ဓာတ်တော်ဆရာတော်"**ဟု ဘွဲ့ခေါ်တွင်လာကြခြင်းဖြစ်သည်။

ဖူးတွေ့ရစဉ်

ဆရာတော် နာမကျန်းဖြစ်စဉ် မယ်တော်၏ နေအိမ်သို့ ပင့်၍ ပြုစု ကုသပေးကြရာ ဆရာတော်က ဓာတ် တော် ရုပ်ပွားတော် အများစုကို တစ်ပါ တည်း ပင့်ဆောင်သွားခဲ့သည်။

ဓာတ်တော်တိုက် ဆောက်လုပ်ရန် ကျိုက္ခမီဘုရားဂေါပကအဖွဲ့သို့ လွှဲအပ် ဆောက်လုပ်နေစဉ် မယ်တော်၏ အိမ်တွင် (၃-၁၁-၂၀၀၇)ခုနှစ်၌ ပျံလွန်တော်မူသဖြင့် ရုပ်တု ရုပ်ပွား ဓာတ်တော်များသည် ကျိုက္ခမီမြို့ ခေမာလမ်း၊ အလယ်ကုန်းရပ်ရှိ (မယ်တော်)ဒေါ်သေးသေး၏ နေအိမ် တွင် ယနေ့တိုင် ကိန်းဝပ်စံပယ်တော် မူကြလေသည်။

သွားရောက် ဖူးမြော်ရာတွင် မယ်တော် (၁၃၇၃ ခုနှစ်၌) ကွယ်လွန် သွားပြီဖြစ်၍ သမီးဖြစ်သူ **မမိုးမိုးသူ** (ခင်ပွန်း ကိုဗိုလ်ဗိုလ်အောင်)က ဆက် လက် ထိန်းသိမ်းစောင့်ရှောက်ထား သည်ကို တွေ့ရ၏။

ဒေါ်ခင်ခင်ဝင်းက လိုက်ပါမိတ်ဆက် ပေးသဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ကိုယ်စား လာရောက်ကြောင်း သိရ သောအခါ ဆရာတော်သည်လည်း ထိုမဂ္ဂဇင်းကို စွဲမြဲစွာဖတ်ရှု၍ ဆောင်းပါး များပါ အချက်အလက်များကို ရှာဖွေ စုဆောင်း၍ ကိုယ်တိုင်လည်း လက် တွေ့စမ်းသပ် လုပ်ကိုင်ကြည့်လေ့ရှိ ကြောင်း ပြောပြလေသည်။

စုဆောင်းထားသော ရုပ်တု,ရုပ်ပွား ဓာတ်တော်များနှင့် ပတ်သက်၍ ဆရာ တော် ထင်ရှားရှိသေးပါက အသေး စိတ် ပြောပြနိုင်ပေမည်။ဆရာတော် ပျံတော်မူသော်လည်း အချို့မှာ ကမ္ပည်းစာတန်းများ ရေးထိုးထား သဖြင့် အတန်အသင့် လေ့လာသိရှိ နိုင်ပါမည်။

ရှေ့လဆက်ဖတ်ပါရန်

**ခရီးသည်သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# နွားချောင်းဆိုးရောဂါ

ပျောက်ကင်းစေဖို့ရာ

စာရေးသူမှာ မိမိပတ်ဝန်းကျင်မှ တွေ့ရှိကြားသိခဲ့ရသည့် ကျွဲ နွားများ၏ ကျန်းမာရေးကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ရေးသားတင်ပြပေးနေခဲ့ပါသည်။

တစ်နေ့ စာရေးသူတို့ စာပေသမားအုပ်စု လေကန်နေကျဖြစ်သည့် ဝက်လက်မြို့ နာရီစင်အနီး "ခိုင်ပန်းဖြူ တီးဟောက်"တွင် ကဗျာ(၁)ပုဒ်နှင့် ပတ်သက်၍ ဝေဖန်ဆွေးနွေးနေကြစဉ် ဆရာကောင်းခန့် (သခွတ်မြေ) တစ်ယောက် လွယ်အိတ်ကြီး ပခုံးမှာ လွယ်လျက် ရောက်လာသည်။

သည်တွင် ဆရာမင်းဝသန်ဦး(ဝက်လက်)က...

'ဟော... ဆရာကောင်းခန့် နောက်ကျလှချည်လားဗျ ဘာလဲ မိန်းမကို နှိပ်ပေးနေရလို့လား'

ဟု နောက်လိုက်သည်။ ကောင်းခန့် (သခွတ်မြေ)က ခုံတစ်ခုံကို ဆွဲယူထိုင်လိုက်ရင်း...

'မဟုတ်ပါဘူးဗျာ အိမ်က နွားတစ်ကောင် ချောင်းဆိုးရောဂါ ဖြစ်နေတာ ဆေးတိုက်နေလို့ပါ'

သည်မှာပဲ ဆရာသဏ်းဝင်း(ကြေး/မြေ)က ဆိုင်ပိုင်ရှင် ကိုဖုန်းမြင့်အား...

'ကိုဖုန်းမြင့်ရေ ပေါ့ဆိမ့်တစ်ခွက် လုပ်ပေးပါဦးဗျ'

ဟု လက်ဖက်ရည်တစ်ခွက်ကို မှာလိုက်သည်။ ပြီးမှ...


'လုပ်စမ်းပါဦး ဘာဆေးတွေ တိုက်နေတာလဲ ဆရာရဲ့'

ဆရာသဏ်းဝင်း(ကြေး/မြေ) စကားအဆုံး ကောင်းခန့်(သခွတ်မြေ)က...

'ဆေးမြီးတိုနည်းပေါ့ဗျာ'

သည်မှာပဲ စာရေးသူက...

'ပြောစမ်းပါဦး ဆရာရဲ့ ဆေးနည်းနဲ့ တိုက်ပုံတိုက်နည်းကို ဗဟုသုတရတာ ပေါ့ဗျာ'



ဆရာ ကောင်းခန့် (သခွတ်မြေ)မှာ လက်ဖက်ရည် တစ်ငုံလောက်ကို မော့သောက်လိုက်ပြီး...

'ဒီလိုဗျ...ဆင်တုံးမနွယ် အစိုကို ရေစင်အောင်ဆေး ပြီးတော့ ဓားနဲ့ ပါးပါးလေးတွေ လှီးယူရတယ်။ အဲဒီလှီးယူထားတဲ့ ဆင်တုံးမနွယ်လေးတွေကို ဆန်ဆေးရည်နဲ့ စိမ်ပေးရတယ်။ နေလှန်းပေးစရာ မလိုဘူးဗျ။ စိမ်ပေးရတာကတော့ဗျာ (၁)နာရီလောက်ဆို ရပါတယ်။

တိုက်ရမှာက ချောင်းဆိုးနေတဲ့ နွားကို ဝါးကျည်တောက်နဲ့ တစ်ကြိမ်တိုက်ရင် (၂) ခါတိုက်ပေးရသဗျ။ ဒီလိုတိုက်ပေးရင် ချောင်းဆိုးရောဂါဖြစ်နေတဲ့နွား ချောင်းဆိုးပျောက်သွားတာပေါ့ဗျာ'

သည်တော့မှ ဆရာမင်းဝသန်ဦး (ဝက်လက်)က...

'နေပါဦးဗျ ...နွားချောင်းဆိုးတယ်ဆိုတော့ ဘာတွေကျွေးလို့ ဘာတွေစားမိလို့ ဖြစ်ရတာလဲ'

ဆရာကောင်းခန့်က လက်ကျန်လက်ဖက်ရည်ကို မော့သောက်လိုက်ပြီး...

'နွားတွေ ချောင်းဆိုးရောဂါ ဖြစ်ရတာက အကျောင်းလွတ်တဲ့အခါမှာ ဘဲစားမြက်နယားမြက် အဲဒီမြက်တစ်မျိုးမျိုးကို နွားက စားမိလို့ပါပဲဗျာ။ အများအားဖြင့် အခုလို မိုးနှောင်းကာလနဲ့ မိုးလယ်ကာလတွေမှာ ဖြစ်တတ်ကြတယ်ဗျ'

ဆရာကောင်းခန့် စကားအဆုံး သဏ်းဝင်း(ကြေး/မြေ)က...

'ကဲ...ကဲ...ကိုကိုအောင် မောင်ရင်လဲ ဆေးနည်းသိရပြီဆိုတော့ ထုံးစံအတိုင်း မောင်ရင် ရေးပို့နေကျ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို စာမူ(၁)ပုဒ် အမြန်ရေး မနေးပို့ပေရော။ နောက် ဒီဝိုင်း လက်ဖက်ရည်ဖိုးကို မောင်ရင်ကြိုတင်ရှင်းပြီး ကုသိုလ်ယူလိုက် ဟား...ဟား...ဟား...'

ဟု ရယ်လျက် ပြောလိုက်သည်။

မည်သို့ပင်ဆိုစေကာမူ ကျေးဖူးရှင် တောင်သူလယ်သမားများ၏ လုပ်ဖော်ကိုင်ဖက် နွားများသည် တောင်သူလယ်သမားကြီးများနှင့်အတူ နိုင်ငံတော်အတွက် ကျရာတာဝန်ရှိပြီး နွားများကျန်းမာသန်စွမ်းမှ နိုင်ငံအတွက် စိုက်ပျိုးကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါတော့သည်။

ကိုကိုအောင်(မြကန်သာ)
ဝက်လက်မြို့



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




...သည် တစ်နေ့တွင် စိတ်ချမ်းသာ ...ကျန်းမာ အသက်တစ်ရာ ကျင့်ကြံ ...နည်းစာမူ ရေးသားနေစဉ် "ဟာ ...ဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ... အသံရှင်ကြောင့် ရေးလက်စ ... အသာချထားပြီး ပြန်လည် ခရီးဦး ...ဆက်လိုက်သည်။

'... ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'...ဆရာ ကိုဘုန်းဝေကတော့ ...တွေ့တွေ့ တက်ကြွလန်းဆန်း ...စာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'... ဟဲ... ဟဲ'

'... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး ... စာရေးဆရာကြီးကို အကူအညီ ...ချင်လို့ဗျ'

'...လေ ကိုမျိုးမြင့်'

'...ဗျ ကျွန်တော် ရှုံးမှာပဲဖြစ်ဖြစ်၊ ...ဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိ ... အလုပ်ထဲကို အာရုံစူးစိုက်ဘာတို့၊ ...နည်းလေးကြာကြာ ထိုင်မိတာ ... မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည် ... နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲ ... ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော ...လန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ ...ဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာ ...'


'...ည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ... သုံးဆောင်ပါဦး'

...ပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီး ...တော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေ သူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လုပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့ တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထ လေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေး ရတယ်။ သူ့ကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်း မာဘူး ဖြစ်နေခဲ့တာပါဗျာ'

www.burmeseclassic.com

## ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဇနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ၊ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဇနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများ နဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေ့ါပါး သွက်လက်လန်းဆန်း တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်း မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့် ဆေးပေ့ါနော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အ ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြ အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွ အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာ မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်

ပင်ရင်း--မြန်စီရေး

**စကြာမင်း**

**တိုင်းရင်းဆေးတိုက်**

အမှတ်-၈/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သင်္ဃန်းကျွန်းမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၉၄




www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရှင်း သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ဂုဏ်ပုဒ်ဇော် ဂါထာတော်များ ( ၄၈ )

အောင်မြေမြတ်
(စစ်ကိုင်းတောင်)



◆ ပဲပုံတောင်မုဋ္ဌောစေတီတော်အား ဖူးမြင်ရပုံ

ပဲပုံတောင်မုဋ္ဌောစေတီတော်

**...တာသာ ဘဂဝတော အရဟ**
**...သမ္မာသမ္ဗုဒ္ဓဿ။**

*[၃-ကြိမ် ရွတ်ပါ။]*

...တောင် စေတီယံ နာမ၊
...သောက သုမာပိတံ။
...နိဗ္ဗာနံ သစ္စာယ၊
...ပိ သိရ သာဒရံ။

***(...ရှင်ကေလာသ BAဓမ္မာစရိယ)***

...ပြန်

**...** – "..."ဟု နာမသမုတ်
...ခဲ့သည်၊

**...သောက သုမာပိတံ** – သီရိ
...သောကမင်းကြီး တည်ထားကိုး
...သော၊

**...တောင်စေတီယံနာမ** – ပဲပုံ
...င် ဘွဲ့မည်ရပါသော စေတီတော်
...ကို

**...နိဗ္ဗာနံ**–နတ်ပြည်ချမ်းသာနှင့်
...ကို

**...စ္စာယ** – မှန်းရည်ရော် စိတ်ဝယ်
...၍

**...သော** – ဦးခေါင်းရတနာ မြတ်
...ဖြင့်

**...ရံ** – လေးမြတ်ကြည်ညို
...ရှာ

**...ပိ** – ရှိခိုးဦးချ ကန်တော့ပါ၏

...

...ည်နှစ်
...ရာစ် ၂၂၄ ခုနှစ်။
...ဒါယကာ
...မ္မာသောကမင်းကြီး

တည်နေရာ
စစ်ကိုင်းတောင်ရိုး၊ ပဲပုံတောင်ထိပ်၊ သရက်ပင်ဆိပ်ကမ်းအနီး။

ပွဲတော်ရက်
သတ်မှတ်ထားခြင်း မရှိပါ။


အောင်မြေ
စေတီတော်၏ မြောက်ဘက်။

အစောင့်အရှောက်
သောတာပန် ဘိုးဘိုးကြီး။



www.burmeseclassic.com

www.burmeseclassic.com






▲ ပဲပုံတောင်မုဇ္ဈော ဒုတိယပစ္စယံတွင်
အပူဇော်ခံထားသော ဓမ္မစက္ကမုဒြာ ကျောင်ရုပ်တုတော်

◀ ပဲပုံတောင်မုဇ္ဈောစေတီအား အနီးကပ်မှုမြင်ရပုံ

▼ ပဲပုံတောင်မုဇ္ဈောစေတီ၏ အောင်မြေဌာနအား တွေ့မြင်ရပုံ



ထူးခြားချက်

ရှေးအတိတ် အခါသမယက ရှင်တော်ဂေါတမ အလောင်းလျာသည် ဤပဲပုံတောင်၌ ရွှေသမင်ဘဝဖြင့် နေထိုင်ကျက်စားခဲ့လေသည်။

အလောင်းတော် ရွှေသမင်မင်း ပျော်မွေ့ရာ ဤတောင်တော်၌ သီရိမေ့မှာ သောကမင်းတရားကြီးက အမှတ်တရ ကိုးကွယ်ရာအဖြစ် **"မုဇ္ဈောစေတီ"** ငယ်တစ်ဆူ တည်ထားပါသည်။

စစ်ကိုင်းမြို့၏ သမိုင်းဝင် မုဇ္ဈော စေတီတော်(၁၈)ဆူတွင် အပြင်မုဇ္ဈောကိုးဆူ စာရင်းဝင် စေတီတော် ဖြစ်လေ၏။ နေရာဌာန ကောင်းမွန်လှသော အောင်မြေဌာန ဖြစ်လေသည်။

**ပဲပုံတောင်ဟူသော ဝေါဟာရမှာ** ရှေးကာလ ပဝေသဏီအခါက စစ်ကိုင်းတောင်ရိုး ပတ်ဝန်းကျင်အရပ်များဖြစ်သည့် သောတာပန်၊ သရက်ပင်ဆိပ်နှင့် ထန်းတောအရပ်များမှ ဥပုသ်သီတင်းစောင့်သူ သူတော်ကောင်းတို့သည် အဖိတ်,ဥပုသ်နှင့် အခါတွင်း နေ့ကြီး, ရက်ကြီးများတွင် ပုတီးစိပ်ခြင်း၊ တရားဘာဝနာပွားခြင်း စသဖြင့် ဥပုသ်သီတင်းအားထုတ်ကြလေ၏။

သီလ ဆောက်တည်ပြီးစီးပါက မိမိတို့တွင် ပါလာသော အကြွေစေ့များကို "တစ်မာသက" တစ်ပဲစီ စုဆောင်း၍ ပုံထားကြလေ၏။ ပဲစေ့လေးများကို စုပုံထားသကဲ့သို့ ဖြစ်လာသောကြောင့် "ပဲပုံတောင်"ဟု အမည်တွင်သွားလေတော့သည်။

စစ်ကိုင်း သာသနာဝင်ကျမ်းတွင်လည်း အထက်ပါအတိုင်း မှတ်တမ်းပြုထားပါ၏။

စစ်ကိုင်း ညောင်ပင်သာဦးပုည၏ တေးထပ်တွင် အောက်ပါအတိုင်း ပါရှိပါသည်။

ရှေးလွန်လေ ကာလက
သမ္ဗုဒ္ဓလောင်းလျာ
သမင်ဇာတ် ဖြစ်အခါဝယ်


F.7B. February, 2017.
www.burmeseclassic.com

www.burmeseclassic.com





◄ ပဲပုံတောင်မုဒ္ဓောစေတီ အင်္ဂါထောင့်မှ
ရန်ရှာရန်ပြင်ဆင်ပြီး အမိန့်ရှည်ခြင်္သေ့ကြီး
ပဲပုံတောင်မုဒ္ဓောစေတီ တနင်္ဂနွေထောင့်မှ
ပင်ပန်းနွမ်းနယ် မနေသာကဲ့သို့ လက်နှစ်ဖက် ထိန်းထားပုံ ►

ကျင်လည်ရာ ဌာန
ဤသေလ ပဗ္ဗတာမှာ
ပါရမီဖြည့်စဉ် စံပ၊
မြိုင်ရှိ မဲပုံမှောင်ကို
"ပဲပုံတောင်"ခေါ်ကြ၊
သောင်းဒီပါ အာဏာရှိတယ်၊
အသောက ရာဇ။
ထိုတောင်မှာ တည်ထားခဲ့တယ်
ခြောက်ရောင်ကြွား ထွန်းလျှံလို့ဖြာ
ရွှေကိုင်းနဂရ မြို့လေယျာဝယ်
ကိုးပါးသချာ ရွှေမုဒ္ဓော
ရှင်စောမြတ်လှ တစ်ဆူပါဝင်
အပြင်မုဒ္ဓောတို့တွင်
ပဲပုံတောင်စေတီရှင်ကို
မော်ကွန်းတင်ပြ
နောင်မှတ်သိဖို့လေး။ ။

***(ညောင်ပင်သာ ဦးပုည)***

စစ်ကိုင်းမြို့ သမိုင်းဝင် တောင်တော်(၅၀)စာရင်းတွင် တော်တောင်အမှတ်(၁၁)ခုမြောက် တောင်တော်လည်း ဖြစ်ပါသည်။

သမိုင်းဝင် တောင်တော်(၅၀)အား "**မျှော်ကြက်တောင်စေတီ**" သမိုင်းတွင် ရေးသားပါရှိပြီးဖြစ်၍ ဖတ်ရှုနိုင်ကြပါသည်။

ပဲပုံတောင် မုဒ္ဓောစေတီတော်မှာ အတန်ငယ် မြင့်မားသော တောင်ထိပ်တွင် တည်ရှိသောကြောင့် ရောဝတီမြစ်ကြီးအား အပေါ်စီးမှ မိုးထားလျက် ရှိနေလေ၏။

ဤတောင်တော်၏ ထက်ဝက်ခန့်တွင် လေးကျွန်းဆီမီး စေတီတော်မြတ်ကြီးအား ဝင်ရောက်ဖူးမြင်နိုင်ကြလေ၏။ ထိုတောင်တော်အား "**မဟာတောင်**"ဟု ခေါ်တွင်ကြပါသည်။ ပဲပုံတောင်နှင့် တစ်ဆက်တည်းတောင်ဖြစ်သည့်အတွက် ပဲပုံတောင်ဟူ၍သာ အသိအမှတ်ပြုကြပါ၏။

**ခရီးလမ်းညွှန်ရသော်**... စစ်ကိုင်းတောင်ရိုး သောတာပန်ဈေးကလေး၏ အနီး မင်းကွန်းသို့အသွား ကားလမ်းအရှေ့ဘက်တွင် ကွန်ကရစ်လမ်းကလေးအတိုင်း မြစ်ဆိပ်ကမ်းအထိ ဆင်းသွားပါက စောင်းတန်းအတက်ကို တွေ့မြင်နိုင်ကြပါ၏။

အခြားလမ်းတစ်သွယ်မှာ လမ်းမကြီးအနီး ဂူနီချောင်အရှေ့ဘက်မှ တစ်ပဲသာချောင်သို့ ရောက်ရှိ၍ တစ်ပဲသာချောင်၏ မြောက်ဘက်တွင် **ပဲပုံတောင်သို့** တက်ရောက်နိုင်ကြပါမည်။

တစ်ပဲသာချောင်မှာ မြတ်စွာဘုရားရေသုံးသပ်တော်မူသော မြစ်ဆိပ်ကမ်း၏ အနီးဆုံးတွင် ကပ်လျက်ရှိနေပါ၏။


မြတ်စွာဘုရားသည် တစ်ပဲသာ ခေါ်လေးကျွန်းချမ်းသာချောင် ရေဆိပ်ကို ဆင်းသက်တော်မူ၍ ရေသပ္ပါယ်တော်မူပြီးလျှင် "**ရေသနုပ်ဝတ်လဲတော်နှင့်ဆံတော်**"ကို ဓဇတာဘီလူးအား ပေးအပ်ခဲ့ရာဌာန ဖြစ်သောကြောင့် ထိုရေဆိပ်မှ ရောဝတီမြစ်ရေကို မြန်မာသမားတော်ကြီးများက ဖော်စပ်သော ဆေးများ အစွမ်းထက်အောင် ဥပုသ်သီတင်းဆောက်တည်၍ ဆောင်ယူအသုံးပြုလေသည်။

ဘိုးတော်ဦးဝိုင်း၏ လက်ထက်၌ အာသံ မဏိပူရမှ ကသည်းများသည်လည်း ထိုနေရာမှရေကို သောက်သုံး



www.burmeseclassic.com

www.burmeseclassic.com





▲ ပဲပုံတောင်မုဋ္ဌောစေတီ စနေထောင့်မှ

မေတ္တာမြိုင်ထဲ အမျှဝေရာ ဆည်းလောင်းတော်

◀ ပဲပုံတောင်မုဋ္ဌောစေတီတော်သို့

အတက်လမ်းကလေးအား တွေ့မြင်ရပုံ

ခြင်း၊ ချီးခြင်းဖြင့် ကိစ္စများစွာအား ကျန်းမာ တက်ကြွစွာ အောင်မြင်သည် ဟု ယုံကြည်သောကြောင့် စစ်ပြု၍ပင် လာရောက် တိုက်ခိုက်သယ်ယူကြလေသည်။

တစ်ပဲသာဆိပ်မှ ရေသည် အခြားမည်သည့်ရေနှင့်မဆို နှိုင်းယှဉ်ပါက တစ်ပဲသာလေ့ ရှိသောကြောင့် **"တစ်ပဲသာ ရေစင်တော်"** အဖြစ် နာမည်ကျော်ကြားလှပါ၏။

**ပဲပုံတောင်၊ မယာတောင်၊ တစ်ပဲသာချောင် စသဖြင့် လေးကျွန်းဆီပီးတောင် ဟူ၍ အမည်များ ကွဲပြားနေကြသော်လည်း တစ်နေရာတည်း တည်ရှိနေ သော အောင်မြေဌာနကြီးသာ ဖြစ်လေ တော့၏။**

ပဲပုံတောင် မုဋ္ဌောစေတီတော်အား **"အပြင်မုဋ္ဌောစေတီ"** ဟု ခေါ်တွင်ရခြင်းမှာ ရှေးယခင်က စစ်ကိုင်းမြို့၏ အစွန်အဖျားတွင် တည်ရှိနေခြင်းကြောင့် **"အပြင်မုဋ္ဌော ၉-ဆူ"** စာရင်းတွင် မှတ်သားထားခြင်းသာ ဖြစ်ပါသည်။

နောင်သောအခါ အလောင်းစည်သူ မင်းကြီး ရှင်ဖြူရှင်လှစေတီတော် တည်ထားရန် ဧရာဝတီမြစ်ကြောင်း အတိုင်း သင်္ဘောနက်ဖောင်တော်ဖြင့် ဆန်တက်လာရင်းက ထပ်မံမြှင့်တင်၍ ရွှေထီးတော်အသစ် တင်လှူခဲ့လေသည်။

ပဲပုံတောင်မုဋ္ဌောစေတီ၏ ဉာဏ်တော်အမြင့်မှာ (၃၆)ပေမျှ ရှိလေသည်။ စေတီတော်မှာ မုဋ္ဌောစေတီတော်ဖြစ်သည့်အတိုင်း သေးငယ်ခြင်း ဖြစ်သော်လည်း ကုသိုလ်ရှင်များက အဓိဋ္ဌာန် အောင်မြင်လေ့ ရှိခြင်းကြောင့် ရွှေရောင်တော်တဝင်းဝင်းဖြင့် အမြဲသန့်ရှင်းသပ်ရပ်နေသော ကြည်နူးဖွယ် အောင်မြေသာ ဖြစ်ပါ၏။

ပုံဟန်တော်မှာ အရှေ့ဘက် ဧရာဝတီမြစ်ပြင်သို့ မျက်နှာမူထားပါသည်။ ဖိနပ်တော် ထောင့်လေးထောင့်တွင် ဆွမ်းဦးပုညရှင်စေတီတော်မှ ခြင်္သေ့ကြီးများကဲ့သို့ ဖင်နှစ်ခွ ပါဝင်သော ရွှေခြင်္သေ့ပျိုများအဖြစ် တွေ့မြင်နိုင်ကြလေ၏။

အရှေ့တောင်ထောင့်မှ ရွှေခြင်္သေ့ကြီးမှာ ရန်ဆူး၊ ရန်ငြောင့်တို့မှ ကင်း‌ဝေးအောင် စောင့်ရှောက်ပေးလေ့ရှိကြောင်း သိရှိရပါသည်၊ ရန်ဖက်ရန်ညှိုး ရှိခြင်း၊ အတိုက်အခိုက်များ ကြုံတွေ့နေရခြင်း၊ စိုးရိမ်ပူပင်ရခြင်းတို့ကို ခံစားနေရမှုများကို အေးချမ်းစေကြောင်း ဒေသခံများက အထူး ယုံကြည်ကြပါသည်။

စနေထောင့်မှ ရွှေခြင်္သေ့ကြီးကလည်း အဓိဋ္ဌာန်တင်ခြင်း၊ သစ္စာပြုခြင်းဖြင့် စီးပွားချမ်းသာနှင့် ကျန်းမာရေးကိုအထောက်အပံ့ပြုကြောင်း အောင်ဓာတ်ကိန်းနေသည်ဟု ဆိုကြပါ၏။

အထူးသဖြင့် ရွှေခြင်္သေ့ကြီးများ ရှေ့ခြေနှစ်ချောင်းကို ပူးထိ... မနုသီဟကဲ့သို့ ပုံဟန်ဖြစ်လေ... နောက်ခြေများကိုလည်း ပေါင်သား...



www.burmeseclassic.com

www.burmeseclassic.com



▲ ပဲပုံတောင်မုဥ္စာ၏ အရှေ့ဘက်မှ ဧလေကျွန်းသီးစေတီတော်အား
ဖောဝတီမြစ်နောက်ခံဖြင့် မြင်ရပုံ



▼ ပဲပုံတောင်မုဥ္စာစေတီတော်မှ
အဓိဋ္ဌာန်အောင် ဝတီဇရပ်ရုံကြီး

သလုံး ထိကပ်ပြီး ခိုင်မာစွာ ထိုင်နေဟန် ဖြစ်လေရာ အမိ၊အဖဆိုင်ရာ ဦးစီး ခေါင်းဆောင်အဖြစ် အချိန်ပြည့် စောင့်ရှောက်နေပါသည်။

တစ်နည်းအားဖြင့် **သားသမီး မြေးစသော ရတနာများ ပွားစီးစေတတ်သော သဘောဆောင်လျက် ရှိနေသည်ဟု** အင်း၊နက္ခတ်ဗေဒဆရာကြီး ဦးသံချောင်းက ပြောပြပါသည်။

အမိ မရှိတော့ပါက အဖဖြစ်သူက အမိ၏တာဝန်ကိုပါ ထပ်ဆင့်တာဝန်ယူခြင်းဖြစ်သလို၊ အဖမဲ့သူကလည်း မိခင်က အဖကိုယ်စား စောင့်ရှောက်ခြင်းဟု ဆိုပါသည်။

မယ်ဒက်ကယ် ဆရာတော်ကြီး ဦးသံဝရ၏ **"ဘုရားလေးငယ်ငယ် ကယ်ဆယ့်မဲ့ဘုရား ဖူးကြအများ"** အဆိုနှင့် ညီညွတ်လှပါပေသည်။

ဖိနပ်တော်၏ အောက်ခံမှာ (၃)ပေခန့်မြင့်၍ ပါပထောင့်များပေါ်တွင် ရွှေခြင်္သေ့ကြီးများ အားမန်အပြည့် ဆင်ယင်ထားပုံမှာ လွန်စွာ ထူးခြားနေပါတော့သည်။

မနုဿသီဟရုပ်များသဖွယ် သရုပ်ဆောင်ထားခြင်းမှာ အမှောင့်ပယောဂ ထိပါးခံရသူများ မိစ္ဆာရန်နှင့် မကင်းသူများအတွက် ကင်းစင်ပပျောက် ကာကွယ်ကြောင်း သိခဲ့ရပါ၏။

ထို့ပြင် ပါးစပ်များကို စေ့၍ထားဟန်မှာ ထိခြင်း(၃)ပါးနှင့် ညီညွတ်နေကြောင်း ဖော်ပြနေသကဲ့သို့ ရှိပါသည်။

စေတီတော်၏ ပထမပစ္စယံနှင့် ဒုတိယပစ္စယံတို့တွင် အမြိုက်ရေစင်အိုးကြီးများကို အဖုံးအပိတ်နှင့် ခမ်းနားစွာ စီမံထားရှိလေသည်။

အမြိုက်ရေစင်အိုးအား အထူးပြုထားသည့်အတွက် အသက်ရှည်ခြင်း၊ ကျန်းမာစေခြင်း၊ ဆင်းရဲပူပန်မှုများမှ ကင်းဝေးစေကြောင်း ဖော်ညွှန်းထားခြင်း ဖြစ်ပါ၏။

အရှေ့ဘက်မျက်နှာတွင် ပထမပစ္စယံနှင့် ဒုတိယပစ္စယံတို့ကို ပေါင်းစည်းစေ၍ (၃)ဖက်မြင် အာရုံခံတစ်ဆောင်ကို ရိုးစင်းစွာ တည်ဆောက်ထားပြီး အတွင်းဝယ် ဓမ္မစက္ကမုဒြာပုံ စကျင်ကျောက်ဖြူသားဖြင့် ရှင်တော်မြတ်ဘုရားကို အပူဇော်ခံထားလေရာ အလွန်ရှားပါးလှသော အဆင်အယင်မျိုး ဖြစ်ပါသည်။

အထက်ဆုံး တတိယပစ္စယံ၌ လေးမျက်နှာတိုက်ပလ္လင်ခံ ရွှေစေတီ(၄)ဆူအဖြစ် ပူဇော်ထားရှိသည်ကို ကြည်ညိုဖွယ်ရာ ဖူးမြင်နိုင်ကြလေ၏။

စေတီတော်၏ ခေါင်းလောင်းမှောက်ကို ရွှေခါးစည်းတော် နှစ်ထပ်ဖြင့် ဆင်ယင်ထားပါ၏။ ခါးစည်းတော်၏အောက်တွင် ပန်းကနုတ်မျက်ခုံးများ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် စီမံထားလေရာ **"အလောင်းတော် ရွှေသမင်"**၏ မျက်လုံးတော်ကဲ့သို့ ထင်မြင်မိကြပါ၏။

စေတီတော်၏ ရွှေဖောင်းရစ်များမှာ ဆယ်ဆင့်ဖြစ်လေရာ ထပ်ဆင့်ပြုပြင်မွမ်းမံသော ဒါယကာ၏ စိတ်ဆန္ဒအားလျော်စွာ ဖြစ်ကြောင်း ယူဆမိပါ၏။

စစ်ကိုင်းမြို့၏ သာသနာတော်၌ ဖောင်းရစ်များမှာ တည်ထားသူ၏ နေ့နံဂြိုဟ်သက်ဖြင့် စီရင်ထားလေ့ရှိသောကြောင့် စနေသား ဒါယကာတစ်ဦးဟုလည်း မှတ်ယူနိုင်ပါသည်။

အထွတ်တင်ထားသော ရွှေထီးတော်မှာ ခိုင်မာတောင့်တင်းလှသော ကျောက်ထီးတော် ဖြစ်လေရာ **"ပဲပုံတောင်မုဋ္ဌောစေတီတော်"**သည်ကား ဂမ္ဘီရာတ်အားဖြင့် သာသနာတော် (၅၀၀၀)မျှမက ခိုင်ကြည်စွာ မားမားမတ်မတ် ရှိနေလိမ့်မည်သာ ဖြစ်ပါတော့သည်။

ရှင်တော်မြတ်ဘုရား၏ ဓာတ်တော်မွေတော်များဖြင့် သီရိမင်္ဂလာသောကမင်းကြီး တည်ထားတော်မူခြင်းကြောင့်လည်း ယနေ့တိုင်အောင် နှစ်ပေါင်း (၁၁၅၄)နှစ် တည်ရှိနေလေပြီ ဖြစ်လေရာ ဗုဒ္ဓသာသနာတော်ကြီး ထွန်းလင်းတောက်ပနေမြဲ ဖြစ်လေသည်။

"ပဲပုံတောင်မုဋ္ဌော" စေတီတော်မြတ်၏ အရှေ့အရပ်မှာ မြစ်မင်းဧရာနှင့်အတူ လေးကျွန်းဆီမီးစေတီတော်ကြီး တည်ရှိနေပါသည်။

ပဲပုံတောင်၏ တောင်ဘက်မျက်နှာတွင် **လေးကျွန်းမာရ်အောင်ကျောက်တော်ကြီး** မြတ်စွာဘုရား စံပယ်တော်မူပါသည်။

◎ အနောက်တောင်ထောင့် အရပ်တွင် **ရှင်ပင်နံ့ကိုင်း စေတီတော်ကြီး** တည်ရှိပါသည်။


◎ အနောက်ဘက်တောင်ရိုး၌ **ဆွမ်းဦးပုညရှင်စေတီတော်ကြီး** ဖူးမြော်နိုင်ပါ၏။

◎ မြောက်ဘက်အရပ်တွင် **ဇေတဝန်မြတ်ဘုရားအား** ရှုမျှော်ရည်မှန်းကန်တော့နိုင်သော အခွင့်အရေး ရရှိပါမည်။

စစ်ကိုင်းတောင်ရိုး၏ လွန်စွာတန်ခိုးကြီးသည့် အဓိကရဖြစ်သော စေတီတော်များအား ကြည်နူးပီတိ နှစ်ခြိုက်စွာ ဖူးမြင်နိုင်သော အောင်မြေဌာနကောင်းတစ်ခု ဖြစ်နေလေတော့သည်။

အကောင်းဟူသမျှ တည်ရှိရာဌာနဖြစ်သောကြောင့် တစ်ကြိမ်တစ်ခေါက်ရောက်ရှိရုံမျှနှင့် ထူးခြားသော အာရုံခံစားမှုများက ဘုရားဖူးများနှင့် ဂန္ဓာရီပုဂ္ဂိုလ်တို့အား ထပ်ကာတလဲလဲ ဆွဲဆောင်နေလိမ့်မည်ဟုသာ ညွှန်းလိုပါ၏။

ပဲပုံတောင်မုဋ္ဌော စေတီတော်မြတ်သည်ကား အလောင်းတော် ရွှေသမင်




▲ ပဲပုံတောင်မုဋ္ဌောစေတီတော်၏ တောင်ဘက်မှ ရှင်ပင်နံ့ကိုင်းစေတီတော်အား ဖူးမြင်ရပုံ

▼ ပဲပုံတောင်မုဋ္ဌောစေတီတော် တောင်ထိပ်မှ လှမ်းစေတီအား တွေ့မြင်ဖူးမြော်ရပုံ



www.burmeseclassic.com




◆ ပဲပုံတောင်မုဋ္ဌောစေတီတော်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းကို ရောဝတီမြစ်အတွင်းမှ တွေ့မြင်ရပုံ

အင်း,နက္ခတ်ဗေဒင်ဆရာကြီးဦးသံချောင်းအိမ်အနီးမှ ကုက္ကိုပင်ကြီး၏ "သစ်ကွင်းကြီး"များ အနီးကပ်ပုံ ▶



◆ ပဲပုံတောင်မုဋ္ဌောစေတီတော်အတက် ရောဝတီမြစ်ကမ်းမှ ရေကြီးနေစဉ် "သစ်ကွင်းကြီးများ"နှင့် ကုက္ကိုပင်ကြီး



မင်း ကျင်လည်ကျက်စား နေထိုင်ရာ ဌာနဖြစ်ခြင်း၊

သီရိခမ္မာသောကမင်းကြီး ကိုယ်တိုင် ဘုရားရှင်၏ ဓာတ်တော်များ ဌာပနာခြင်း၊ ရွှေလမင်းကြီး လငပုပ်ဖမ်းပြီး ကင်းလွတ်ချိန် ရွှေထီးတော်တင်ခဲ့ခြင်း၊

မဟာတောင် ခေါ် ပဲပုံတောင်၌ တည်ထားခဲ့ခြင်း၊ မုဋ္ဌောစေတီ(၁၈)ဆူ၌ တစ်ဆူ ပါဝင်ခြင်းတို့ကြောင့် ဘုရားရှင်၏ ဗုဒ္ဓဓာတ် အပြည့်အဝ ကိန်းသောကြောင့် မိမိဘဝတစ်လျှောက် ဘုရားရှင်၏ အေးမြသော အရိပ်အောက် နေထိုင်ရသကဲ့သို့ ချမ်းမြေ့ပျော်ရွှင်ကြရပေလိမ့်မည်။

ကျန်းမာသက်ရှည်ရခြင်း၊ ဂြိုဟ်ဆိုး၊ နက္ခတ်ဆိုး၊ ပယောဂဆိုးတို့မှ ကင်းဝေးကြ၍ ကောင်းမွန်သော ဘဝအထွတ်အထိပ်သို့ ရရှိစေမည်သာ ဖြစ်ပါသည်။

ပဲပုံတောင်မုဋ္ဌော အတက်စောင်းတန်းအနီးတွင် ထူးခြားလှသည့် သစ်ကွင်းကြီးများနှင့် ကုက္ကိုပင်ကြီးအားလည်း လေ့လာနိုင်ကြပါသည်။

ယနေ့အချိန်တွင် ရောဝတီမြစ်ရေ လျှံတက်နေချိန် ဖြစ်သောကြောင့် မြစ်ပြင်ထဲတွင် တွေ့မြင်နိုင်ကြပါ၏။

ပဲပုံတောင်မုဋ္ဌော စေတီတော်သို့ ဖူးမြော်ဖို့ ရောက်ရှိပါက လမ်းပန်းအခက်အခဲ ဖြစ်နေပါက သရက်ပင်ဆိပ်အနီး နေထိုင်သော **"အင်း,နက္ခတ် ဗေဒင်ပညာရှင် ဦးသံချောင်းမှ ကုသိုလ်ပြု လိုက်လံကူညီပေးပါလိမ့်မည်"**ဟု ကုသိုလ်ဒါန လမ်းညွှန်လိုက်ရပါ၏။

***အဝေရာ ဘေးမဲ့ အေးမြချမ်းသာကြပါစေ...***

အောင်ရွှေမြတ်
*(စစ်ကိုင်းတောင်)*



www.burmeseclassic.com

www.burmeseclassic.com

▶ ကြော် ငြာ ဆောင်း ပါး ◀

မှတ်ပုံတင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တဆထလတိုး (၁၃၁၂)

## နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

### အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥ တု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့ အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "




" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါ သက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနင့်ရင် ညွပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၈၂/၁၅၆)မောစီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၀၆၁၂

---

**ကြော်ငြာ မောင်ယဉ်တင့်**


www.burmeseclassic.com

ဖျတ်ဝိသား

# ရန်အောင်မြင် ကျိုက်ထီးရိုးစေတီအောင်မြေ

မောင်မောင်စိုး (ထားဝယ်)

ကျောက်ပြားတောင် အဓိဋ္ဌာန်ခရီး (၁)



ကျောက်ချိုင့်အဝင်အား မြောက်ဘက်တောင်၏ ချိုင့်ဝှမ်းအတွင်းမှ ပုံရပုံ

၁၃၇၈ ခုနှစ်...

တန်ခူးလသည် လွန်ခဲ့သောနှစ်ထက် အလွန်ပူ၏။ မိမိတို့ ထားဝယ်မြို့ထက် အပူလွန်ကဲသော မြို့လည်း ရှိနေသေး၏။

ထိုသို့ရှိနေသော်လည်း နေရောင် အပူရှိန်က မိမိတို့အိမ်ပေါ်သို့ စု၍ ကျရောက်နေရော့လားဟု ထင်မှတ်နေမိ၏။

လေကလည်း ငြိမ်သက်လျက်ရှိသဖြင့် အပူရှိန်နှင့် ထိတွေ့နေရသော စာရေးသူ၏ ကိုယ်ကာယသည် ဆင်းရဲလျက်ရှိနေ၏။

သို့သော် အိမ်ခြံရှေ့ ရဲရိပ်သာလမ်းမကြီး၏ တောင်ဘက်၌ရှိသော ညောင်ယပ်ပင်ကြီးမှ အကိုင်းအခက် အရွက်တို့ လေတိုးဖော့ လှုပ်ရှားယိမ်းနွဲ့နေ၏။

ရွှေဝါရောင် သစ်ရွက်ခြောက်ကလေးများ လေထဲ လွင့်ပျံ့ တဖြုတ်ဖြုတ် ကြွေကျမြေခ လဲလျောင်းလျက်ရှိချေ၏။ တစ်ခါတစ်ရံ လေပြည်အေးကလေး ခဏတဖြုတ် ရင်ကို တိုးဝှေ့သွားလို့ အေးမြမှု တစ်ခဏတာသာ ခံစားရ၏။

အရိပ်ရသော အိမ်အောက်ထပ်မှာ စာရေးသူ ပက်လက်ကုလားထိုင်ပေါ်ထိုင်၍ ဇေယျဝတီဆရာတော် ဦးသီလ၏ ဝိပဿနာတရားအားထုတ်နည်းစာစောင်ကို ဖတ်ရှုနေရင်း တစ်ရေး

www.burmeseclassic.com



▲ ဖျတ်ဝိသားချောင်း တောင်ဘက်ကမ်းမြင်ကွင်း

▼ ဖျတ်ဝိသားချောင်း မြောက်ဘက်ကမ်းမြင်ကွင်း



မေးခနဲ အိပ်ပျော်သွား၏။

ရဲရိပ်သာလမ်းမကြီးပေါ်မှ ဆိုင်ကယ်စက်သံ ကျယ်လောင်စွာ အသံကြား၍ ရုတ်တရက် လန့်နိုးသွား၏။ မျက်လွှာဖွင့်၍ ပိုးတိုးဝါးတား မှုန်ဝါးစွာဖြင့် ကြည့်လိုက်မိ၏။

ရဲရိပ်သာလမ်းမပေါ်က အစိမ်းရောင် ဆိုင်ကယ်တစ်စီးပေါ်မှ လူတစ်ဦး လှမ်းခေါ်နေ၏။ ထိုသူကား စာရေးသူ၏ဆရာ ရှေ့နေကြီး ဦးတင်ဦး ဖြစ်၏။

သို့နှင့် ဆရာဦးတင်ဦး၏ အနီးသို့ သွားရောက် တွေ့ဆုံ စကားမေးမြန်း ပြောဆိုဖြစ်၏။

'မနက်ဖြန် နံနက်(၅)နာရီ ဖျတ်ဝိသားရွာက ကျိုက်ထီးရိုးဘုရား သွားဖူးကြမယ်၊ မင်းကို ငါလာခေါ်မယ်'

ဟု ပြောခဲ့၏။

စာရေးသူ၏ ဘဝသက်တမ်း အနှစ်(၆၀)ကျော်ကာလတွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်မှ တန်ခိုးကြီး ကျိုက်ထီးရိုးဘုရားအား သုံးကြိမ်ဘုရားဖူး ရောက်ရှိခဲ့ပြီးဖြစ်၏။

သို့သော် စာရေးသူ ထားဝယ်ဒေသမှာ မွေးဖွားဇာတိ ဖြစ်သော်လည်း **တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ သဲချောင်းကြီးကျေးရွာအုပ်စု ဖျတ်ဝိသားရွာမှာ ကိန်းဝပ်တည်ရှိသည့် ရန်အောင်မြင် ကျိုက်ထီးရိုးဘုရား**အား တစ်ကြိမ်တစ်ခါမျှ မရောက်ဘူးသေးပါ။

ဤဘုရားစေတီအား ဖူးမြော်ခွင့်ရဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း အခွင့်အခါ မကြုံခဲ့ပါ။ တစ်နေ့တစ်ချိန်မှာ ပဋ္ဌာန်းဆက်ရှိသူတွေနှင့် ကြုံဆုံခွင့်ရသည့်အခါ ဤဘုရား၊ ဤစေတီကို ဖူးမြော်ရလိမ့်မယ်လို့ ယုံကြည်မှု အမြဲကိန်းအောင်းလျက် ရှိပါသည်။

အတိတ်ကံ အကြောင်းတရားဖြစ်သော ပဋ္ဌာန်းဆက်တို့မည်သည် အချိန်တန်လျှင် ပေါ်လာရစမြဲ ဖြစ်သည်။

ယခုတော့ ဆရာဦးတင်ဦးက စာရေးသူအား **ဖျတ်ဝိသား ကျိုက်ထီးရိုးဘုရားဖူး** ပို့ပေးမည်ဆို၍ စိတ်ဆန္ဒလိုရာ ပြည့်ခဲ့လေပြီ။

(၁-၅-၂၀၁၆)ရက်နေ့ နံနက်(၅)နာရီအချိန် မိုးထက်အာကာဝယ် ဘော်ငွေရောင် လမျက်နှာလင်းလက်ရောင်ဖြာ၍ စာရေးသူ၏ ခြံဝင်း အတွင်း လင်းထိန်လျက်ရှိ၏။

ထိုအချိန်အခါ ဆရာဦးတင်ဦး တစ်ယောက် ဘုရားဖူးခရီးသည်များ စုရပ် အိမ်ခြေလွှင် အလုပြုပြင်ရေးဆိုင်သို့သွားရန် သူ၏ ဆိုင်ကယ်ဖြင့် စာရေးသူအား လာခေါ်၏။

ဘုရားဖူးခရီးသည်များ စုရပ် အိမ်ခြေလွှင် အလုပြုပြင်ရေးဆိုင်သို့ ရောက်သောအခါ (LITEACE)ကားတစ်စီး အသင့်ရှိနေပြီဖြစ်၏။

သို့နှင့် ဖျတ်ဝိသား ရန်အောင်မြင် ကျိုက်ထီးရိုးဘုရားဖူး သွားနိုင်ပုံ ခရီးလမ်းကြောင်းကို စုံစမ်းလိုက်သည်။






www.burmeseclassic.com

www.burmeseclassic.com






▲ ဖျတ်ဝိသားချောင်း ဗားတားအရှေ့ခြမ်းမြင်ကွင်း

◀ တောင်မြောက် တန်းလျက်ရှိသော ကျောက်လုံးစေတီနှစ်ဆူကို ဖူးရစဉ်

▼ ကျိုက်ထီးရိုးဘုရားတောင်ထိပ်သို့သွားရန် လူသွားလမ်းကြောင်းနှင့် ကားလမ်းဆုံနေရာ တွေ့ရစဉ်



ဖျတ်ဝိသားရွာသည် သရက်ချောင်းမြို့နယ်တွင် တည်ရှိသည်ဟု ဆိုသော်ငြားလည်း တောင်ကုန်း၊ တောင်တန်း၊ တော၊ တောင်လမ်းများကို ဖြတ်လျက် ခဲရာခဲဆစ်သွားရသော ရွာဖြစ်သဖြင့် ရန်အောင်မြင် ကျိုက်ထီးရိုးဘုရားသို့ ဖျတ်ဝိသားရွာ ဝန်းကျင်ဒေသခံများမှပင် ရောက်ဖူးသူ နည်းကြောင်း သိရှိရသည်။

ထိုသို့ ကျိုက်ထီးရိုးဘုရားဖူး သွားရာတွင် လမ်းကြောင်းပြများအဖြစ် တပည့်များဖြစ်သည့် မောင်ဇော်မျိုးအောင်(ရငဲရွာ)၊ ကိုစိုင်း(ဖျတ်ဝိသားရွာ)၊ မောင်အောင်သူလင်း(ပန်းတောရွာ)တို့က လမ်းပြဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ထားဝယ်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဆရာမဒေါ်ခင်ဝေရီ(အငြိမ်းစား)က ပြောပါသည်။

ဒေသခံလူငယ်များက ခရီးသွားလမ်းညွှန်အဖြစ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြားသိရ၍ လမ်းခရီးသွား စိုးရိမ်မှုများ ပြေလျော့သွားကာ စိတ်ကြည်လင်မှု ဖြစ်ရပါ၏။

ဖျတ်ဝိသား ကျိုက်ထီးရိုးဘုရားဖူးခရီးကို အိမ်ခြေလွင် အလုပ်ပြုပြင်ရေးဆိုင်ရှိရာ ပုံကျွန်းလမ်းမှ စတင် ခရီးထွက်ဖြစ်သည့်အချိန်မှာ နံနက်(၅)နာရီ (၄၅)မိနစ်ရှိပြီ ဖြစ်၏။

ဘုရားဖူးများအား ထားဝယ်-မြိတ် ကားလမ်း ရှမ္မလည်ဆွဲရပ် ခါတ်ဆီဆိုင်ပန်းခြံအနီးရှိ သိန်းသန်းစံ လက်ဖက်ရည်ဆိုင်မှာ နံနက်စာအဖြစ် မိမိကြိုက်နှစ်သက်ရာ အစားအစာများဖြင့် ဆရာမဒေါ်ခင်ဝေရီက ကျွေးမွေးဧည့်ခံမှုပြုပါ၏။

နံနက်(၆း၁၅)နာရီတွင် ထားဝယ်-မြိတ် ကားလမ်းမကြီးအတိုင်း ခရီးဆက်ရပြန်ပါသည်။ ထားဝယ်မြို့မှ သရက်ချောင်းမြို့၊ ပန်းတောရွာအထိ



www.burmeseclassic.com

www.burmeseclassic.com





▲ အလယ်ခန်းကို အရှေ့ဘက် ကုန်းမြင့် တောင်ကုန်းမှ မြင်ရစဉ်
မြောက်ဘက်ကျောက်လုံးစေတီကို ပူဇော်ရစဉ် ▶

(၁၈)မိုင် ဝေးပါသည်။

လမ်းခရီးတွင် အကောက်အကွေ့ ရှိသော်လည်း လမ်းကောင်းသဖြင့် ခရီးတွင် ပါသည်။ သရက်ချောင်းမြို့ ပန်းတောရွာထိပ်ရှိ သံတံတားရောက်တော့ နံနက်(၇)နာရီ ရှိပါပြီ။

လမ်းပြအဖြစ် လိုက်ပါဆောင်ရွက်ပေးမည့် မောင်အောင်သူလင်းအား နေအိမ်တွင် ဝင်ခေါ်မှုပြုကာ ဘုရားဖူးခရီးဆက်သွားရပြန်ပါသည်။

သရက်ချောင်းမြို့၊ ပန်းတောရွာ လမ်းဆုံမှ စုံစင်ဖျားရွာ အဝင်လမ်းထိပ်အထိ ထားဝယ်-မြိတ်ကားလမ်း အတိုင်း (၁၅)မိုင်ကျော် ဝေးပါသည်။

လမ်းက ကတ္တရာလမ်းဖြစ်၍ လမ်းကောင်းသည်ဟု ဆိုငြားသော်လည်း အဖြောင့်ချည်းသက်သက် မဟုတ်ပါ။

အကွေ့အကောက် အတက်အဆင်းများရှိ၍ ကားမောင်းသူအဖို့ အန္တရာယ်ကင်းရှင်းစေရန် သတိမလွတ်ဘဲ မောင်းရ၏။

ကားကို ထားဝယ်-မြိတ်လမ်းအတိုင်း မောင်းနှင်လာရာ (၃၃)မိုင် (၃)ဖာလုံ **စုံစင်ဖျားရွာ** အဝင်လမ်းသို့ ရောက်လာ၏။

ထားဝယ်-မြိတ် ကားလမ်းမကြီး၏ အရှေ့ဘက် ကျောက်ခင်းလမ်းအတွင်းသို့ ကွေ့ချိုးမောင်းသွားရ၏။ စုံစင်ဖျားရွာအဝင်လမ်းဆုံမှ **သဲချောင်းကြီးရွာ** အထိ ကျောက်ခင်းလမ်း (၄)မိုင် ရှည်ရှိ၏။

သဲချောင်းကြီး ရွာလယ်အရောက်တွင် လမ်းဆုံတစ်ခု တွေ့ရ၏။ မြောက်ဘက်သို့ ခွဲထွက်သွားသော လမ်းကြောင်းသည် ကျောက်မီးသွေး သတ္တုမိုင်းရှိရာ **မယ်ကဲရွာ**သို့သွားသော လမ်းကြောင်းဖြစ်ကြောင်း လမ်းညွှန်အရ သိရှိရလေသည်။

ရှေ့ရှူးရှူးသို့ ဆက်သွားသော လမ်းကြောင်းမှာ **အလယ်စုရွာနှင့် ဗျတ်ဝိသားရွာ**သို့ သွားသော လမ်းကြောင်းဖြစ်ကြောင်း လမ်းညွှန် ဆိုင်းဘုတ်ဖြင့် ညွှန်ပြထားသည်ကို ကားပေါ်မှ လျှပ်တစ်ပြက် မြင်လိုက်ရ၏။

သဲချောင်းကြီးရွာသည် ဒူးရင်း၊ မင်းကွတ်၊ နာနတ် စသည့် ဥယျာဉ်ခြံမြေထွက် စားသုံးသီးနှံပင်များနှင့် စက်မှုကုန်ကြမ်း သီးနှံပင်ဖြစ်သည့် ရော်ဘာ၊ ကွမ်းသီးပင် အများဆုံး စိုက်ပျိုး၏။

ကွမ်းသီးပင်ကို အဓိက စိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းသည့် ရွာတစ်ရွာဖြစ်ကြောင်း တစေ့တစောင်း လေ့လာမှု ပြုရ၏။

သဲချောင်းကြီးကျေးရွာနှင့် အလယ်စုကျေးရွာမှာ (၂)မိုင်ခန့်ဝေး၏။ သဲချောင်းကြီးရွာ လွန်လာသောအခါ ရွာစဉ်တန်း ရွာတစ်ရွာဖြစ်သော အလယ်စုရွာကလေးကို ဖြတ်ကျော်မောင်းနှင်သွားရ၏။

လမ်းခရီးတစ်လျှောက်တွင် ဥယျာဉ်ခြံမြေများအတွင်း အိမ်ရာဆောက်လုပ်နေထိုင်ကြသည့် ရပ်ရွာဒေသဖြစ်ကြောင်း မြင်တွေ့လေ့လာ သိရှိရ၏။

အလယ်စုရွာမှ ဗျတ်ဝိသားရွာသို့ (၂)မိုင်ခန့် ခရီးဆက်သွားရဦးမည်။ အလယ်စုရွာသို့ ဖြတ်ကျော်လာရပြီး တောတောင် ကားလမ်းကွေ့ကို ကားသမားအဖို့ သည်းထိတ်ရင်ဖိုဖွယ်ကောင်းစွာ



www.burmeseclassic.com

www.burmeseclassic.com





▲ အလယ်စခန်း ဆိုင်သည်များ နားနေရပ်ကို တွေ့ရစဉ်

◀ တောင်ဘက်ကျောက်လုံး စေတီကို ဖူးရစဉ်

မောင်းနှင်ရ၏။

အနောက်ဘက်မှ အရှေ့ဘက် ဦးတည်နေသော ကားလမ်းအတိုင်း ဆက်သွားရာ တောင်ကုန်းဆင်း တစ်နေရာကို ဆင်းသွားရ၏။

မြောက်,တောင် ဖြောင့်တန်းသော ကားလမ်းတောင်ကုန်းထိပ် အရှေ့ဘက် ကားလမ်းနံဘေး မြေနေရာ၌ **"ဗျတ်ဝိသာရွာမှ ကြိုဆိုပါ၏"** ဟု ဆိုင်းဘုတ်ကလေးတစ်ခု စိုက်ထူထားသည်ကို ကားပေါ်မှ မြင်လိုက်ရ၏။

ဗျတ်ဝိသာရွာ အဝင်လမ်းသည် ကားတစ်စီးသာသာ သွားလာလို့ရသောအနေအထားရှိ၏။

ရွာအဝင် တောလမ်းအတိုင်း မောင်းနှင်လာရာ တဖြည်းဖြည်း ကားလမ်းအနည်းငယ် ကျယ်လာသည်။ လမ်းဘေးတစ်လျှောက် ဝါးတော,သစ်တောများဖြင့် အုပ်ဆိုင်းလျက်ရှိ၏။

ဗျတ်ဝိသာရွာအတွင်း ကားလမ်းအတိုင်း ဖြတ်သန်းသွားရ၏။ ထိုရွာ၏ အရှေ့တောင်ဘက် ဘောလုံးကွင်းရှိရာသို့ ရောက်၏။ ဘောလုံးကွင်းမှာ တစ်ဖာလုံခန့် မောင်းလာရ၏။

တောင်ကျချောင်းရေမှာ မင်းဒတ်ချောင်းအတွင်းသို့ ရှေ့နောက်စီးဆင်းနေ၏။ ဗျတ်ဝိသာရွာထွက်ချောင်းကို ရောက်တော့ နံနက်(၈)နာရီ (၁၅)မိနစ်ရှိပြီ။

ဗျတ်ဝိသာချောင်း မြောက်ဘက်ကမ်းနှင့် တောင်ဘက်ကမ်းကို ဖြတ်သန်းသွားလာရန် သစ်သားပေါင်းကူးတံတားကို မြင်ရ၏။

ထိုတံတား ရှေ့ဘက်ခြမ်းတွင် တောင်ကျရေပြည့်လျှံ ကြည်လင်လျက် ရှိ၏။ ချောင်းရေထဲ ရေကူးနေကြသူတွေလည်း မြင်ရ၏။

ဘုရားဖူးခရီးသည်များ ကားပေါ်မှ ဆင်း၍ ချောင်းကမ်းပါးသို့ ဆင်းသွားကြရ၏။ ကားချည်းသက်သက် ပေါင်းကူးတံတားပေါ်မှ ဖြတ်ကူးရ၏။

တောင်ဘက်ချောင်း ကမ်းပါးစပ်သို့ လျှောက်သွားပြီး တောင်ကုန်းပေါ်ဝယ် ကားလမ်းအတိုင်း လျှောက်သွားကြရ၏။

တောင်ကုန်းထိပ် မြေပြန့်နေရာမှ စ၍ ကားကို ဆက်စီးကြရ၏။ မြောက်, တောင်ဖြောင့်တန်းနေသော ကားလမ်းအတိုင်း ဆက်မောင်းလာရာ ဘေးဘီဝဲယာမြင်ကွင်းက တစ်မျိုးထင်ရ၏။

သစ်တော,ဝါးတောကြီးများ တွေ့ရ၏။ တောင်တန်းကြီးများကိုလည်း တွေ့ရသည်။ (၂)ဖာလုံခန့် မောင်းနှင်လာသောအခါ ကျိုက်ထီးရိုးဘုရား တောင်ခြေရင်းသို့ ရောက်ရှိလာ၏။


တောင်ခြေကားလမ်း၏ အရှေ့ဘက်မှာ ကျိုက်ထီးရိုးဘုရား ကိန်းဝပ်တည်ရှိရာ တောင်ထိပ်သို့ သွားနိုင်သည့် လူသွားလမ်းကြောင်းကို တွေ့မြင်ရ၏။

စာရေးသူတို့စီးလာသော ကားကလေးသည် တောင်ဘက်ဦးတည်သော မြေနီကားလမ်းအတိုင်း မောင်းနှင်လာ၏။

တောင်ပေါ် မြေနီကားလမ်းသည် တချို့နေရာတွင် မြေပျော့ကာ သဲဖုန်ထူလျက်ရှိ၏။

သို့နှင့် တောင်တက်လမ်း တံတောင်ဆစ်ချိုးကွေ့နေရာအရောက် သဲဖုန်ထဲ ကားနောက်ဘီး နစ်သွား၏။ ကား

www.burmeseclassic.com





◄ ကျောက်ချိုတ်ဘုရားလမ်းညွှန် မြင်တွေ့ရစဉ်

ကျောက်ချိုတ်စေတီအား အဝေးမှ လှမ်းမြင်ရပုံတွေ့ရစဉ် ►

သမားသည် စက်အရှိန်မြင့်ပြီး သဲဖုန်မြေထဲမှ ကားဘီးလိမ့်တင်သော်လည်း ကားဘီး တက်မလာနိုင်တော့ပါ။

ကားဖြင့် တောင်တက်ခရီးရှေ့ဆက်မသွားနိုင်တော့သဖြင့် ဤနေရာမှာပင် ကားကို ထားရစ်ခဲ့ရလေသည်။ ဘုရားဖူးခရီးသည်များလည်း ခြေကျင်ဖြင့် တောင်တက်ခရီး ဆက်ကြရလေသည်။

စာရေးသူနှင့် ထားဝယ်တက္ကသိုလ်ကျောင်းသားဟောင်းတစ်ဦး ဖြစ်သူ ကိုစိုင်းကို စကားတပြောပြောနှင့် တောင်တက်ခရီး နှင်လာကြ၏။

တောင်တက်လမ်း တစ်နေရာအရောက်တွင် လက်ယာဘက် တောင်ကုန်းသစ်တောများအတွင်း ဝါးတောများ တောမီးလောင်ကျွမ်းထားတာ မြင်ရ၏။

'ဟိုမှာကြည့်...မြွေကြီးတစ်ကောင် လမ်းဖြတ်ကူးသွားထားတာ အရာထင်ကျန်ရစ်နေတာ၊ အနောက်ဘက် တောင်ကုန်းဆင်းမှာပဲ မြွေကြီးရဲ့ အမြီးပိုင်းအရာ ထင်ကျန်ရစ်ခဲ့တာ။ ညက ဖရောမ မြွေကြီးတစ်ကောင် လမ်းဖြတ်သန်းသွားခဲ့တာ ဖြစ်နိုင်တယ်။

ဤတောင်ဤတောမှာ သားရဲတိရစ္ဆာန်တွေ ပေါတယ်။ ဆောင်းဦးပေါက်ရာသီရောက်တဲ့အခါ ဝံတွေဟာ မိတ်လိုက်ကြတယ်။ ဒီချိန်မှာ ကျွန်တော့်ခြံရှိရာ ဒီတောင်ပေါ်သို့ မတက်တော့ပါဘူး။

တောင်ခြေရွာထဲက လူတွေလဲ အသက်အန္တရာယ် စိုးရိမ်ရလို့ တောင်ပေါ်သို့ တက်ပြီးလဲ အလုပ်မလုပ်ကြတော့ပါဘူး'

လို့ ကိုစိုင်းက သူ၏ တောတောင်တွင်းအတွေ့အကြုံကို ပြောပြ၏။

ဤသို့ဖြင့် တောင်ပေါ်ခရီးဆက်ခဲ့ကြရာ ကျိုက်ထီးရိုးတောင် အလယ်စခန်းသို့ ရောက်မှန်းမသိ ရောက်ကြပါသည်။

'ဟိုမှာ မြင်နေတာ နားနေဇရပ်ပဲ'

'ဒီကို အရင်သွားကြမယ် ဆရာ၊ ပြီးမှ တောင်ပေါ်တစ်ခွင် လှည့်လာကြတာပေါ့'

ခရီးတစ်ထောက် နားလိုသူများအတွက် အဆင်ပြေနိုင်သောနေရာဟောင်းတစ်နေရာအဖြစ် ရှိလေသည်။

အလယ်စခန်း တောင်ကုန်းဆင်းတစ်နေရာရှိ နားနေဇရပ်ဆီသို့ သွားကြပါသည်။ နားနေဇရပ် အလှူဒါယကာသည် **ဦးနောင်မဲ(ဗျတ်ဝိသားရွာ)** ဖြစ်ကြောင်း သိရှိရ၏။

ဇရပ်ရှေ့အနောက်ဘက် မျက်နှာစာတွင် လမ်းခွဲလေးကို တွေ့ရ၏။ လမ်းခွဲအဝင် လက်ယာဘက် လမ်းနံဘေးရှိ သစ်ပင်တစ်ပင် အမြင့်နေရာ၌ **"ကျောက်ချိုတ်စေတီ"** ဟူ၍ လမ်းညွှန်ပြထား၏။

မြက်တောများ ပေါက်ရောက်နေသော လူသွားလမ်းကြောင်းအတိုင်း အနောက်ဘက်သို့ ကိုက်(၁၀၀)ခန့် လမ်းလျှောက် ဝင်သွားသောအခါ တောင်စောင်းလျှိုမြောင် ချိုင့်ဝှမ်းအတွင်း ကျောက်လုံးကြီးနှစ်လုံးပေါ် စေတီတည်ထားတာ ဖူးတွေ့ရ၏။ စေတီနှစ်ဆူသည် မြောက်တောင် တန်းလျက် ကိန်းဝပ်လျက်ရှိ၏။

ရှေ့လဆက်ဖတ်ပါရန်

**မောင်မောင်စိုး(ထားဝယ်)**



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# အသက်ကြီး အလုပ်ပို ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် သကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း ပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို ပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ တာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက ထတ်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. .။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် တိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြော့ခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ



www.burmeseclassic.com

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေးခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေ ကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့် ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"


ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဝဏ္ဏလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၉၀၅၂၄။




www.burmeseclassic.com

www.burmeseclassic.com

သံတော်ရှင်

# ကြွင်းနေတဲ့ဘုရား

ထံတော်ပါးဆီသို့ (၅)

ထက်မြင့်ကျော်

ယခင်လမှ အဆက်

## သက်န်းလှန်းတောင်

သံရေကန်မှ တောင်ယွန်းယွန်းတွင် သက်န်းလှန်းတောင်ရှိသည်။ [ပုံ-၃၆] သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်တွင် သုဝဏ္ဏဘုမ္မိသို့ သာသနာပြုရန် ကြွရောက်လာကြသည့် သောဏ,ဥတ္တရ မဟာထေရ် အမှူးရှိသော ရဟန္တာငါးပါးတို့သည် ရာဇာစောဝေမင်း၏ တောင်းပန်မှုအရ သထုံမြို့ဟောင်း မူလနေရာရှိ **"ရွှေစာရံ" စေတီ**အား ပြန်လည်ဖော်ထုတ် မွမ်းမံပြီးနောက် ခင်းကျိုက်တောင်သို့ ကြွရောက်ကြရာ ဤတောင်ထက်၌ **သက်န်းလှန်းခဲ့ကြသဖြင့် သက်န်းလှန်းတောင်**ဟု တွင်သည် ဆို၏။

လေမင်းမြစ်၊ ဆီမင်းမြစ်၊ ဝိဇ္ဇာဂမုန်းသည့် ဆေးဖက်ဝင် အပင်များ ပေါများ၏။ **အိမ်တစ်ဆောင်ခန့် ကြီးမားသော မိုးမျှော်ငရုတ်ပင်ကြီး၊ အမှန့်ရအရက်ပင်ကဲ့သို့ ထူးဆန်းသည့် သစ်ပင်များလည်း တွေ့နိုင်သည် ဆို၏။**

ထို ထူးဆန်းသောသစ်ပင်များသည် ရသေ့တောင်၏ တောင်ဘက်နှင့် ကုလားမတောင်တို့၌ ပေါက်ရောက်သော အကြောင်းသင့်သူ အနည်းငယ်သာ တွေ့မြင်ရသည့် ဂမ္ဘီရဆန်သော သစ်ပင်များ ဖြစ်ကြသည်။

သက်န်းလှန်း တောင်ထိပ်တွင် သာသနာပြု ရဟန္တာငါးပါး အဓိဋ္ဌာန်ပြုတည်ထားခဲ့သော စေတီတစ်ဆူရှိကာ ဓမ္မစေတီမင်း အစရှိသည့် နှောင်းခေတ် ကုသိုလ်ရှင်များ မွမ်းမံခဲ့ကြသဖြင့် သပ္ပါယ်စွာ ဖူးတွေ့နိုင်ပေသည်။




● ပုံ(၃၆) သက်န်းလှန်းတောင်






www.burmeseclassic.com

www.burmeseclassic.com



ကုလားမတောင်



▲ ပုံ(၃၈) အသစ်ဆောက်လုပ်နေသည့် တိုက်ဓာတ်

◀ ပုံ(၃၇) မွန်းမံထားသော သံရေကန်လိုဏ်ဂူ

ဤတောင်ကို အမှီပြုကာ သထုံမြို့နယ်အစပ် ကတွန်၊ က,တိုက် တောင်ထွတ်များမှအစ ကွဲခြံအထိ တောင်တန်းအစဉ်ကို ကုလားမတောင်တန်းဟု ခေါ်တွင်သတ်မှတ်ထားခြင်း ဖြစ်သည်။

ကုလားမတောင်သည် သက်န်းလှန်းတောင်၏ အရှေ့တောင်၌ ရှိ၍ အမျိုးသမီး(ကုလားမ)တစ်ဦး လှဲအိပ်နေသည့် ပုံသဏ္ဍာန်ရှိသည်။ မြောက်သို့ ခြေဆင်းထားကာ ဦးခေါင်းပိုင်းသည် အုတ္တံတားအတွင်းရွာ၌ အဆုံးသတ်သည်။

မျက်နှာပုံစံ အထက်ရှိ ကုလားမနှာခေါင်းခေါ် တောင်ထွတ်သည် ပေ(၃၀၂၆) အမြင့်ရှိ၍ ဇင်းကျိုက်ဆံတော်ရှင်တည်ရာ တောင်ထွတ်ထက် (၄)ပေပို၍မြင့်မားသည်။ စစ်တောင်းနှင့် သံလွင်အကြား အမြင့်ဆုံးနေရာ ဖြစ်သည်။ စေတီပုထိုး မရှိပါ။

တောင်ထိပ်မြေပြင် ကျဉ်းမြောင်းလှ၍ အစဉ်အမြဲ လေတဟူးဟူးနှင့် အသည်းအေးစရာ နေရာကလေး ဖြစ်သည်။ သဘာဝ ကျောက်စွန်းများကို အမှီပြုကာ လေးဖက်တွား၍ တက်ဆင်းရလေသည်။

ကုလားမတောင်ပေါ်သို့ အုတ္တံတားအပြင်ရွာ၏ မြောက်ဘက်မှ တောင်ဆိတ်ရုပ်လမ်း(လမ်းပြေသည်)၊ **အလယ်မှ သရဖီလမ်း၊(မတ်စောက်၍ ထင်း၊ ဝါးများ လျှောတိုက် မျှောချသောလမ်းဖြစ်ရာ အောက်ခံမြေသား မညီမညာနှင့် အခြေမခိုင်သော ကျောက်တုံးများရှိသည်။ အဆင်းအတွက်သာ အသုံးပြုကြသည်။) တောင်ဘက် အုတ္တံတားအတွင်းရွာ အနီးမှ ဦးခေါင်းလမ်းဟူ၍ လမ်းသုံးသွယ်ဖြင့် ခြေကျင် တက်,ဆင်းနိုင်သည်။**

ဦးခေါင်းလမ်းကား အတက်အဆင်းကြမ်း၍ ထင်းရှာ,မှိုရှာသူများ အသုံးပြုကြသည်။ **ဆေးမြင်းခွာပင်နှင့် မုန်တိုင်းပင်(နဂါးမောက်ပင်)** တို့ကို ပေါများစွာ တွေ့ရ၏။

ကုလားမတောင်ကား ဆေးတောင်ဖြစ်၍ ပရဆေးပင် ပေါများ၏။ ကွမ်းကျင်သော ဆေးမှဆိုးများအတွက် ရတနာသိုက်ကြီးဖြစ်သည်။ သာမန် ပရဆေးပင်များအပြင် ရှားပါးသော ဆေးပင် များစွာရှိ၏။

ဥပမာ မြွက်ခြောက်ပုံစံဖြစ်သော်လည်း ရေနွေးဆူဆူတွင် နှစ်လိုက်ပါက စိမ်းလမ်းလာသော **"ဘိုးတော်သက်ရှည်ပင်"**၊ ရှမ်းကျောက်ကင်းကောင်ခေါ် **"ဆေးကင်းခြေ"**ပင် (အပင်အရွယ်သည် ငါးညီနှံ့ရှိ၏။)...

စိမ်းစားဥသဏ္ဍာန် အမြစ်ဥများရှိသော **ဝိဇ္ဇာဂမုန်းပင်၊** အရွက်ကိုခြေမွသော်လည်း မတွန့်မကြေသည့် **ဆေးသားရေနွယ်ပင်၊ ဓားဖြင့်ခုတ်ပိုင်းပါက ကျားလက်သည်းကွက်သဏ္ဍာန် ပေါ်နေသည့် ကျားမနိုင်ပင်...**

သောက်ရေသန့် ထွက်ရှိသော ပျံလွှားနွယ် (ခေါ်) လေမင်းနွယ်ပင် [ထိုနွယ်ပင် တစ်လံခန့်ကို ခုတ်ပိုင်း၍ ခံယူပါက ရေ (၄၀၀)ml (ရေသန့်ငါးပုံနှစ်ပုံ)ခန့် ရရှိနိုင်သည်။]





www.burmeseclassic.com

www.burmeseclassic.com

တောင်ပေါ်တွင် "**အဘွားခုတင်**" သို့ "**ကုလားမခုတင်**"ဟု ခေါ်ကြသည့် ကျောက်ဖျာတစ်ချပ် ရှိသည်။ ပကတိခုတင်။ လူတစ်ယောက် အိပ် ခုတင်အရွယ်ရှိ၍ ခေါင်းရင်း၌ ခေါင်းအုံးပမာ မို့မောက်နေသည်။

ယင်း၏အနီးတွင် သဘာဝကျောက်လိုဏ်ဂူနှစ်ခုရှိသည်။ တောင်ဘက်မျက်နှာမူသော လိုဏ်ဂူမှာ အနည်းငယ်ကျဉ်း၍ လူသုံးဦးမျှ ထိုင်နေနိုင်၏။

အနောက်ဘက်လှည့်သော ဂူကားကျယ်ဝန်း၏။ (၁၀)ပေ ပတ်လည်ခန့် ရှိပေမည်။ ကုလားမတောင်ထက်၌ ရာသီမရွေး ချမ်းအေးလှသည်။ နွေခေါင်ခေါင်ကာလ ဖြစ်သော်လည်း မွန်းလွဲသုံးနာရီကျော်လျှင် စိမ့်၍ အေးလာသည်။


မိုးနှင့် ဆောင်းရာသီ၌ကား ဆိုဖွယ်မရှိပေ။ သို့သော် အနောက်လှည့်လိုဏ်အတွင်း၌မူ နွေးထွေးစွာ နေထိုင်အိပ်စက်နိုင်လေသည်။

ယင်းနေရာ၌ **တောင်လျှောက်ဦးပဍ္ဍင်း အရှင်ဉာဏ သီတင်းသုံးကာ** စေတီပုထိုးများ တည်လုပ်လျက် သာသနာပြုနေသည်မှာ နှစ်(၂၀)နီးပါးခန့် ရှိပေမည်။**[၁၉၉၆ ခုနှစ်ခန့်က ကြွရောက်သည်ဟု မှန်းဆရ၏။]**

"**တောင်လျှောက်ဦးပဍ္ဍင်း**" ဟူသည်ကား လူသူကင်းရှင်းသော တောင်တန်းများ၌သာ ခြေကျင်လျှောက်၍ လှည့်လည်အားထုတ်တော်မူသော ရဟန်းတော် ဖြစ်သည်။

မဖြစ်မနေ ကိစ္စများမှလွဲ၍ ဆွမ်းကိစ္စအပါအဝင် သာရေးနာရေး စသည် အကြောင်းပြု၍ မြို့ရွာများသို့ ကြွရောက်လေ့ မရှိကြပေ။ အလွန် မြိုးမြိသော ပုဂ္ဂိုလ်များဖြစ်သည်။

၂၀၀၀ ပြည့်နှစ်ခန့်က ဖူးမြော်ရ



▲ပုံ(၃၉) တာမွဲကုန်းတော် ဝိုင်တာသမာ့ကုန်းထိပ်မှ အထက်စီးမြင်ကွင်း

သည့်တွင် သိရှိသမျှကို ကောင်းစွာ မိန့်ကြားကူညီတော်မူသည်။ ပူဇော်ရန် ဓာတ်ပုံရိုက်ခွင့် တောင်းရာ၌ ခွင့်ပြု၏။ သို့သော် စာနယ်ဇင်းများ၌ ဖော်ပြခြင်း မပြုရန် မေတ္တာရပ်ခံတော်မူလေသည်။

ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ ရွာမိသာကျေးရွာ၊ ရွှေသိမ်တော် ကျောင်းတိုက် ဆရာတော်သည် ပျံလွန်သည်မှာ (၁၅)နှစ်ခန့် ကျော်ပြီဖြစ်သော်လည်း ရုပ်ကလာပ် မပုပ်သိုးဘဲ ခြေ၊ လက်များ ကွေးဆန့်၍ရ၏။

ထိုဆရာတော်အား သွားရောက်ဖူးမြော် ပူဇော်သောအခါ ထေရုပ္ပတ္တိတွင် **ပေါင်မြို့နယ်၊ ကုလားမတောင်သို့ မကြာခဏ ကြွတော်မူကြောင်း ဖတ်ရှုရသည်။**

ကုလားမတောင် ဦးပဍ္ဍင်း အရှင်ဉာဏနှင့် အဆက်အသွယ်ရှိကြောင်း သိရ၍ မည်သည့်အကြောင်း ရင်းခံရှိသည်ကို စုံစမ်း၍မရခဲ့ချေ။ ဦးဉာဏကလည်း မည်သို့မျှ မိန့်တော်မူခြင်း မရှိဟု ဖူးမြော်ကြသူတို့က ပြောပြကြလေသည်။

ကုလားမတောင်၊ သရဖီလမ်းအဆင်း လေးပုံတစ်ပုံခန့်(လမ်း၏တောင်ဘက်)တွင် ကျောက်လိုဏ်ဂူ တစ်ခုရှိ၍ အလျားမှောက်၍ ဝင်ရ၏။


အလင်းရောင်မရှိ မှောင်မည်းနေကာ ဝါးတစ်ရိုက်ခန့် အကွာတွင် လူတစ်ရပ်ခန့် မြင့်မားသည်။ အကျယ်ကား လက်နှိပ်ဓာတ်မီးတစ်ဆုံး ရှိ၏။

ကျောက်တုံး ကျောက်ဆောင်ချည်းသာ မြင်ရသည်။ ရေစီးသံများ ကြားနေရကာ လေဝင်လေထွက် မျှတသဖြင့် မြေအောက် ရေစီးကြောင်း(မြေအောက်စိမ့်စမ်း) ရှိသည်ဟု ယူဆရသည်။

ကျောက်ဆောင်များမှာ ရာဇပလ္လင်ပုံသဏ္ဌာန်၊ ခုတင်ညောင်စောင်းပုံသဏ္ဌာန်၊ စားပွဲပုံသဏ္ဌာန် စသည်ဖြင့် ထူးခြားစွာ ဖြစ်ပေါ်နေသည်။ ရှေးဘုရင်ခေတ်ကာလက စစ်ဘေးရှောင် ပုန်းခိုကြသော "**မင်းပုန်းဂူ**" ဖြစ်သည်ဆိုကြလေသည်။

ယခုအခါ မြန်မာ့တပ်မတော် အမြောက်တပ်မှ ကုလားမတောင်ထက်၌ စခန်းချထားသဖြင့် အင်္ဂတေခင်း တောင်တက်ကားလမ်းများ ဖောက်လုပ်လျက်ရှိကြောင်း သိရှိရ၏။ မကြာမီ သက်သောင့်သက်သာ တက်ရောက် လေ့လာနိုင်လိမ့်မည်ဟု

www.burmeseclassic.com



◆ ပုံ(၄၀) ဘားမဲ့ကုန်းတော်အနီးမှ တောင်ပတ်လမ်း

မျှော်လင့်မိသည်။

သံရေကာန်လိုဏ်ဂူ

သံရေကာန်၏ အရှေ့ဘက် တောင်ခါးပန်းကိုပတ်၍ မြောက်ဘက်ဆီသို့ အနည်းငယ် သွားပါက ကျောက်တောင်နံရံ၌ သဘာဝလိုဏ်ဂူတစ်ခုကို တွေ့ရ၏။ သံရေကာန်အနီး၌ ရှိသဖြင့် **''သံရေကာန်လိုဏ်ဂူ''**ဟုသာ ခေါ်ကြသည်။ **[ပုံ–၃၇]**

ဤဂူတွင် သက်တော်(၆၀)ခန့်ရှိ ဆရာတော် ဦးသောဘိတ သီတင်းသုံးကျင့်ကြံတော်မူခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များမှ ၁၉၉၀ ပြည့်နှစ်ခန့်အထိ နှစ်ပေါင်း(၂၀)မျှ သီတင်းသုံးခဲ့သည်။

တောင်အနံ့ ကျွမ်းကျင်သော ကိုရင်ကလေး၏ ဆရာတော်ဖြစ်သည်။ **ကျောက်ဂူဆရာတော်**ဟု ခေါ်ကြသည်။

မဟာဗောဓိမြိုင်ဆရာတော် ရဟန်းဘောင်ဝင်ခါစ ဖင်းကျိုက်တောင်တွင် သီတင်းသုံးခဲ့ရာ၌ ဤဆရာတော်အားလည်း ဖူးမြော်ခဲ့ရကြောင်း သူ၏ မှတ်တမ်း၌ ဖော်ပြခဲ့သည်။

ကျိုက်ထီးဆောင်း ဆရာတော် ဖင်းကျိုက်တောင်တွင် သာသနာပြုသောအခါ လူသူစည်ကားရာကို ရှောင်ရှားလေ့ရှိသော ကျောက်ဂူဆရာတော်သည် အရပ်တစ်ပါးသို့ ပြောင်းကြွသွားလေသည်။

ယခုအခါ ထိုကျောက်ဂူအဝ မျက်နှာစာ၌ အုတ်အင်္ဂတေဖြင့် ကာရံ၍ မွမ်းမံပြုပြင်ထားသည်။ သီတင်းသုံးသော ရသေ့၊ ရဟန်းကား မရှိဟု သိရ၏။

လုပ်အားကုသိုလ်ရှင်များ

ယင်းနောက်တွင် လိုက်ပါကူညီပေးသော ဦးပုလဲစိန်တို့က အချိန်လွန်ပြီဖြစ်၍ ထမင်းစားသွားပါဟု ဆိုကာ အတင်းပင် ခူးခပ်တည်ခင်းသည်။ သူတို့၏ စေတနာကို အသိအမှတ်ပြုသောအားဖြင့် ငါးပိရည်တို့စရာနှင့် မွန်ရိုးရာထမင်းဟင်းကို မြည်းစမ်းဖြစ်သည်။

သူတို့အားလုံး ဆယ်ဦးခန့်ရှိ၍ အသက် (၃၀)မှ (၆၀)အတွင်း ဖြစ်ကြသည်။**[ပုံ–၃၈]**သံရေကာန်ကုန်းတော်၌ အုတ်တိုက်ဇရပ် ဆောက်လုပ်လှူဒါန်းနေကြခြင်း ဖြစ်သည်။

မူလဇရပ်မှာ နှစ်ပေါင်း တစ်ရာကျော်ပြီဖြစ်၍ ယိုယွင်းပျက်စီးနေရာ

အများထည့်ဝင်ငွေဖြင့် ဖင်းကျိုက်ရေကြည်တော်ဝတ်အသင်း အသစ်ကဆောက်လုပ်လှူဒါန်းကြသည်။

အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေစသည်တို့ကို ပန်းကုန်းတောင် တက်ကားလမ်းမှ ကားဖြင့် သယ်၍ ဝိဇ္ဇာညီနောင်ကုန်းတော်အခြေ၌ အထမ်းသမား ငှားရသည်။

ပန်းရန်ဆရာများကား ဝတ်အသင်းများဖြစ်ကြ၍ ကိုယ်ပိုင်လယ်ယာလုပ်ငန်းခွင် အားလပ်သော ဤကာလမျိုး၌ လုပ်အား ဒါနပြုလုပ် ကုသိုလ်ယူကြခြင်း ဖြစ်သည်။ အလုပ်ကိစ္စပေါ်ပေါက်ပါက အားလပ်သူများက အစားထိုးဝင်ရောက်ပေးကြသည်။

ဤကဲ့သို့ လုပ်အားခမယူဘဲ မိမိစရိတ်ဖြင့် လာရောက် ကုသိုလ်ပြုကြသည်မှာ ချစ်စဖွယ်ဓလေ့ ဖြစ်သည်။ အရှေ့တောင်ယွန်းယွန်း မုတ္တမတောင်တန်း**''နွားလပို့''** တောင်ထက်တွင် ကိန်းဝပ်တော်မူသော ဗုဒ္ဓဉာဏရသေ့ပူဇော်သည့် ဆံတော်ရှင် စေတီ၌လည်း ဤကဲ့သို့လုပ်အားဒါန အဖွဲ့များကို မကြာခဏ မြင်တွေ့ခဲ့ရသည်။

တတ်အားသရွေ့ ထည့်ဝင်လှူဒါန်းကြသော ငွေပမာဏအရ အုတ်,သဲ, ကျောက်,ဘိလပ်မြေများ ဝယ်ယူသယ်ဆောင်ကာ စောင်းတန်းလှေကားများ၊ နားနေဇရပ်များ ပြုလုပ်လှူဒါန်းလေ့ ရှိကြသည်။

နွေရာသီ လယ်ယာသိမ်း၍ အလုပ်နားချိန်ကို အကျိုးရှိစွာ အသုံးချကြခြင်း ဖြစ်လေရာ သာဓုအနုမောဒနာ ပြုပေသည်။

ဘားမဲ့ကုန်းတော်

ထို့နောက်တွင် နေမွန်းလွဲပြီဖြစ်၍ လုပ်အားရှင်တို့အား နှုတ်ဆက်ကာ



www.burmeseclassic.com

www.burmeseclassic.com

သံရေကန် မှ **"စိုင်တမော့"** အဆင်းလမ်းအတိုင်း ဆင်းသက်ခဲ့သည်။

တောင်တက်ကျွမ်းကျင်သော စိုင်သတ္တဝါတို့ပင် မော့ကြည့်ရလောက်အောင် မြင့်မားမတ်စောက်သဖြင့် **"စိုင်တမော့"**ဟု ခေါ်သည်ဆို၏။

နံဘေးနှစ်ဖက်၌ သံပိုက်တန်းများ အမှီအတွယ်ပြုရန် တပ်ဆင်ပေးထားသည်။ အဆင်းလှေကားထစ် ကုန်အောင် မမြင်ရဘဲ အောက်ခြေရှိ တောင်ခုလတ်၊ ဘားမဲ့ကုန်းတော်ကို သာမြင်ရ၏။**[ပုံ-၃၉]**

ခြင်္သေ့နှစ်ကောင်မုခ်မှ တောင်တက်ကားလမ်းအသစ်စင်း ဖောက်လုပ်လျက်ရှိရာ ဘားမဲ့ကုန်းတော်ကို ကျော်လွန်ပြီးစီးနှင့်သည်ကို တွေ့ရ၏။


သင်္ကန်းလှန်းတောင်ဘက်မှ ပတ်ကာ သံရေကန် ကုန်းတော်အခြေသို့တိုင် ကားလမ်း ဖောက်လုပ်နေသည်ဟုသိရ၏။ ဤလမ်းသည် **"ပန်းကုန်းလမ်းထက်"** ခရီးတို၍ ပိုမိုမတ်စောက်လိမ့်မည်ဟု ယူဆရသည်။**[ပုံ-၄၀]**

နေပူပြင်းလှသဖြင့် တောင်ဝှေး, သံတန်းတို့ကို အားပြုကာ တစ်နာရီခန့် ဆင်းသက်လေမှ ဘားမဲ့ကုန်း တောင်ခုလတ်သို့ရောက်သည်။ ဦးစွာ တွေ့ရသည်အား**[ပုံ-၄၁၊ ၄၂]**"**အောင်ဓမ္မရိပ်သာ**"ဖြစ်သည်။ **"အဘအောင်" အမည်ရှိ တောမှီရသေ့ကြီးတစ်ပါး ကျင့်ကြံအားထုတ်ခဲ့ရာနေရာ ဖြစ်သည်။**

အဆင့်မြင့်အရာရှိတစ်ဦး အဖြစ်မှ အနားယူသောအခါ ပိုင်ဆိုင်မှုအားလုံးကို စွန့်လွှတ်၍ ဤနေရာ၌ တောထွက်ကျင့်ကြံခဲ့သည်။ စရဏကျင့်စဉ်စခန်း ပေါက်မြောက်ပြီးသူဟု ယူဆရသည်။

တပည့်ဒါယကာတို့ လျှောက်ထားလာသော လောကီအခက်အခဲများကို ကူညီဖြေရှင်းပေးလေ့ရှိသည်။ ငွေကြေးအလှူခံခြင်း၊ သုံးစွဲခြင်း မရှိပေ။

ကျွန်ုပ်မိသားစုသည်လည်း အဘအောင်၏ အကူအညီဖြင့် လောကဓံအဆိုးတရားတစ်ခုကို ကျော်ဖြတ်နိုင်ခဲ့ကြသည်။ အဘအောင်သည် လွန်ခဲ့သော (၁၀)နှစ်ခန့်(၂၀၀၆ ခုနှစ်ခန့်) တွင်ပင် ခန္ဓာဝန်ကို စွန့်ခွာသွားလေပြီဖြစ်သည်။



ပုံ(၄၁) အောင်ဓမ္မရိပ်သာ အဝင်မုခ်

တပည့်ဒါယကာများနှင့် ရဟန်းတော်အချို့က အောင်ဓမ္မရိပ်သာကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိ၏။

ရိပ်သာရှေ့ ရေအိုးစင်၌ ရေသောက်ကာ အတန်ကြာ နားနေသော်လည်း ဝင်းတံခါးပိတ်လျက် လူသူအရိပ်အရောင် မမြင်ရပေ။ နေ့ဆွမ်းကိစ္စပြီးစီး၍ ခေတ္တကျိန်းစက်နားနေကြဟန်ရှိပေသည်။

ယင်းမှ တောင်ပတ်ကားလမ်းအတိုင်းဆက်၍ ဘားမဲ့ကုန်းတော်အလယ်သို့ရောက်၏။ **၂၀၀၀ ပြည့်နှစ်ခန့်က လာရောက်လေ့လာစဉ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်သူများကောင်းမှု စေတီငယ်နှစ်ဆူကို ဖူးတွေ့ခဲ့ရသော်လည်း** ယခုမူ ရှာမတွေ့တော့ချေ။

ခံ့ထည်သော စေတီကြီးများနှင့် သာသနိက အဆောက်အအုံများ ပေါ်ပေါက်ဖြစ်တည်နေသည်ကို တွေ့ရ၏။

အတွင်းသို့ ဝင်ရောက်လေ့လာရန် ဝင်းတံခါး**[ပုံ-၄၃]**အနီးသို့ ကပ်မိရာတွင် လူသူအရိပ်အခြည် မမြင်ရသော်လည်း ကြီးမားလှသည့် အင်းစပ်ခွေးကြီးလေးကောင်က ဒေါသတကြီး ဟိန်းဟောက်ကာ ပြိုင်တူပြေးလာကြသည်။ တောင်အောက်သို့ သုတ်ခြေတင်ခဲ့ရသည်။


**"ခွေးဆိုတာ ဘယ်လောက်မျိုးရိုးအုပ်တော်ရင် ကိုက်သကွ"** ဟု လူကြီးသူမတို့ ပြောကြားခဲ့သောကြောင့် ဖြစ်သည်။**[ထိုအကြောင်းကို တောင်ခြေအရောက်တွင် သတ္တဋ္ဌာနသာသနာ့အကျိုးဆောင် ဦးနန္ဒ (ဦးထွန်းရွှေ)နှင့် စကားစပ်မိသောအခါ ဤသို့ ဆို၏။**

"အေးကွ... ကိုက်မိရင် သက်သာမှာ မဟုတ်ဘူး။ တောင်ကကြီးပြီး




www.burmeseclassic.com

www.burmeseclassic.com



▲ ပုံ(၄၂) အောင်မြေရှိသော စေတီ

▼ ပုံ(၄၃) ဘားမဲ့ကုန်းမှ မုခ်ဦးတံခါး



လူသူပြတ်လပ်တော့ ပစ္စည်းပစ္စယတွေ ကအစ လုံခြုံရအောင် မွေးထားကြ တယ် ထင်ပါရဲ့။

တောင်တက်လမ်း တစ်လျှောက်မှာ သာသနာပြုအဖွဲ့တွေ အခြေစိုက်နေ လာကြလို့ လူနေ စည်ကားပေမယ့် မုံရွေးကြေးမုံ ရွှေမြင်တင်တောင်နဲ့ စာရင် နယ်မြေကျယ်လွန်းတယ်။ အနေ စိမ်းနေကြသေးတာပေါ့။ ပွဲတော်ချိန် မှသာ ဝင်ဖူးနိုင်မယ် ထင်ပါတယ်" ဟူ၏။]

**"ဘားမဲ့ကုန်း"**ဟု ခေါ်ကြသည့် တောင်ခုလတ်မှာ ဘားမဲ့ဆရာတော်ကြီး သီတင်းသုံး၍ ကျင့်ကြံအားထုတ် ခဲ့ရာ နေရာဖြစ်သည်။ ကျောင်းဇရပ် လိုဏ်ဥမင်တို့ သီးခြားမရှိပါ။

၁၉၈၀ ပြည့်နှစ်ခန့်တွင် ဇင်းကျိုက် ရွာခံ ကုသိုလ်ရှင်များ စုပေါင်း မြေရှင်း ချုံရှင်းကာ မူလအထိမ်းအမှတ် စေတီ ငယ်ကို မွမ်းမံပြုပြင်ခဲ့ကြသည်။ ထိုမှ နှစ်အနည်းငယ်အကြာတွင် နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်း စာဖတ်သူများ ကောင်းမှုအဖြစ် စာတည်းချုပ်က စေတီငယ်နှစ်ဆူ လှူဒါန်းပူဇော်ခဲ့သည်။

ရပ်နီးရပ်ဝေး ကုသိုလ်ရှင်များ ကောင်းမှုဖြင့် ဘားမဲ့ကုန်းတော်ဟူ၍ နေရာသတ်သတ်မှတ်မှတ်ဖြင့် ပြန်လည် ပေါ်ထွန်းလာသည်။

ဘားမဲ့ ဆရာတော်ကြီးသည် လောကီ,လောကုတ္တရာ စွယ်စုံ ကျွမ်းကျင်သူဖြစ်ရာ **ဆရာတော်၏ တတ်ပစ္စည်းများလည်း ရရှိကြသည် ဆို၏။**

## ဘားမဲ့ဆရာတော်

ဟံသာဝတီမင်း လက်အောက်ခံ မုတ္တမနယ်(ယခု သထုံခရိုင်)တွင် ကျော် ကြားသော ဆရာတော်တစ်ပါးဖြစ် သည်။ မြန်မာသက္ကရာဇ် ၉၄၃ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁)ရက်နေ့ တွင် ဟံသာဝတီထီးနန်းရှင် ဘုရင့် နောင်မင်းကြီး နတ်ရွာစံလေရာ လဆုတ်(၅)ရက်နေ့တွင် သားတော် အိမ်ရှေ့ဥပရာဇာ ငါးဆူဒါယကာမင်း နန်းတက်သည်။

ထိုမင်းသည် ၉၅၅ ခုနှစ်တွင် လူတို့ မင်းတိုင်း (မင်းမှုထမ်းရမည်)ကို ကြောက်၍ ရဟန်းဝတ်ကြသည်ဟု အထင်တော်ရှိသဖြင့် ရဟန်းတို့ ကျင့်ဝတ်သိက္ခာနှင့်အညီ မကျင့်ဟူ၍ စိစစ်စေသည်။

ဘားမဲ့ဆရာတော်၊ ဘားတမော့ ဆရာတော်တို့ကို (တပည့်သာဝက ပရိသတ်များလှသဖြင့်)လည်း ယုံကြည် တော်မမူ၍ ညောင်ရမ်းသို့ ပို့စေသည်။ အချို့သော မွန်ရဟန်းတို့ကိုလည်း အင်းဝ၊ စစ်ကိုင်း၊ ရှမ်းပြည်သို့ အသီးသီး ပို့ရ၏။

*[မှန်နန်းမဟာရာဇဝင် စာ-၆၁၆]*

**ရွှေလ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

# အဘ အောင်မင်းခေါင် ၏

## ဂါထာတစ်ပုဒ်



ပုပ္ပါးတောင် ရွှေမကျည်းတော စခန်းတွင် ကျင်းပခဲ့သော အဘ အောင်မင်းခေါင်၏ တစ်ကျော့ပြန် အကန်တော့ခံပွဲကြီးတွင် **အဘ ဦးမေဓာဝီ (ရွှေမကျည်းတော)**မှ အဘအောင်မင်းခေါင်၏ ဂါထာ တစ်ပုဒ်ကို ထုတ်ဖော်ချီးမြှင့်ခဲ့ပါသည်။

ဂါထာ ပေါ်ပေါက်လာပုံမှာ **သဒ္ဓမ္မောဒယဆရာတော်ကြီး ဂျပန် ကင်ပေတိုင်များ၏ ဖမ်းဆီးစွပ်စွဲခံ နေရချိန်တွင်** အဘအောင်မင်းခေါင် မှ ကြွရောက်ပြီး...

'အရှင်ဘုရား ဤဂါထာတော်ကို ရွတ်ဆိုပါ ဘုရား'

ဟု တင်လျှောက်ခဲ့ကြောင်း ဆရာ တော်ကြီးမှ...

'ဒကာကြီးက ဘယ်သူလဲ'

ဟု မေးသောအခါ...

'တပည့်တော် ဦးမင်းခေါင်ပါဘုရား'

ဟု တင်လျှောက် ပျောက်ကွယ်ခဲ့ ကြောင်း၊ ဆရာတော်ကြီးလည်း ဂါထာ တော်ကို ရွတ်ဆိုပြီး အချိန်ပိုင်းအတွင်း အသက်ဘေးမှ ကင်းလွတ်ခဲ့ကြောင်း အဘဦးမေဓာဝီမှ အမိန့်ရှိပါသည်။

**ဂါထာတော်မှာ...**

အမှာကံ စတုရော ဝိဇ္ဇာ၊
ဒီဃာယုက မဟိဒ္ဓိကာ၊
ပါလယန္တု သဟ သိဒ္ဓေဟိ၊
သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။
ဝိနောမေ ဒေတု ဣစ္ဆိတံ၊
စိရံ တိဋ္ဌတု မေအာယု၊
လာဘံ လဘတု မေ သဒါ၊
သောကော ရောဂေါ ဝိနဿန္တု၊
ဇေယျာ သုခါ ဘဝန္တု မေ။

အနက်

**အမှာကံ** – အကျွန်ုပ်တို့အား၊ **ဒီဃာယုကမဟိဒ္ဓိကာ**–အသက်ရှည် လျက် တန်ခိုးကြီးကုန်သော၊ **စတုရော ဝိဇ္ဇာ**–လေးပါးကုန်သော ဝိဇ္ဇာတို့သည်၊ **သဟ သိဒ္ဓေဟိ** – သိဒ္ဓိတို့နှင့်တကွ၊ **သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ** – အလုံးစုံသော စည်းစိမ်နှင့် ပြည့်စုံခြင်းငှာ၊ **ပါလယန္တု** –စောင့်ရှောက်ပါစေကုန်သတည်း။

**ဝိနော**–မြတ်စွာဘုရားသည်၊ **မေ**– အကျွန်ုပ်အား၊ **ဣစ္ဆိတံ**–အလိုရှိအပ် သောဆုကို၊ **ဒေတု**– ပေးတော်မူပါစေ သတည်း၊ **မေ**–အကျွန်ုပ်၏၊ **အာယု**– အသက်သည်၊ **စိရံ**–အနှစ်များစွာ ကြာမြင့်အောင်၊ **တိဋ္ဌတု**–တည်ပါစေ သတည်း၊ **မေ**–အကျွန်ုပ်အား၊ **သဒါ**– အခါခပ်သိမ်း၊ **လာဘံ**–ရအပ်စရာ အဖြာဖြာကို (ဝါ) လာဘ်လာဘအမျိုး ကို၊ **လဘတု**–ရပါစေသတည်း၊ **သော ကော** – စိုးရိမ်သောက အဝဝသည် လည်းကောင်း၊ **ရောဂေါ**–အနာရောဂါ အဖြာဖြာသည် လည်းကောင်း၊ **ဝိနဿန္တု** – ကင်းပျောက်ပါစေကုန် သတည်း၊ **မေ**–အကျွန်ုပ်အား၊ **ဇေယျာသုခါ** – အောင်မြင်လျှမ်းဖြာ ချမ်းသာခြင်းတို့သည်၊ **ဘဝန္တု**– ဖြစ်ကြပါစေကုန်သတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်း အောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေး ပါသည်။ ]*

*အဘဦးမေဓာဝီအား ဦးထိပ်ထား လျက်...*

ခေါင်စကြာ(တောင်ငူ)



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်-၃/၂၀၀၄၊
တဆထလ (၁၂၅၁)]

မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင် ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။




အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတော့တယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်၏ အတွင်းသားမြတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့် စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်းတို့ဟာ သီတာနဲ့ညဏ ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာလှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍ အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့် မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်-(၁၉၂)၊ ရေ(ဂ)လမ်း (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉ ၈၆၃၅၂၂၅၊ ၀၉ ၂၅၀၀၁၅၀၈၉

**မြောင်းမြ မောင်ယဉ်တင့်**




www.burmeseclassic.com

www.burmeseclassic.com

သမိုင်းအခိုင်အမာနှင့် ရှေးဟောင်း တနင်္သာရီမြို့က ခန္ဓာကိုယ် မပုပ်မပျက်သော

# ဝက်ဘာဆရာတော်ကြီး ဦးဥက္ကံသ (၅)

ခင်ခင်ဝင်း (မောရဝတီ)

ယခင်လမှ အဆက်

## ပျံလွန်တော်မူမည့် နောက်ဆုံးနေ့

'အဲဒီနေ့က ကျွန်မမှာ ဗာဟီရတွေများပြီး ဆရာ့ဆီ အရောက်နောက်ကျခဲ့တယ်။ ကျောင်းရောက်တော့ ဆရာက တရားထိုင်နေတယ်။

ဖုန်းနဲ့ ဓာတ်ပုံရိုက်လိုက်တော့ နားထဲက အလင်းအဆုပ်တွေ ထွက်ပေါ်လာတယ်။ ဆရာက မေးနေတယ်တဲ့။ ကျွန်မ မရောက်လာသေးဘူးလားတဲ့။


ခဏကြာတော့ ဗိုးချဲယားပေါ် ထိုင်ပြီး ကျွန်မကို (၃)ပတ် တွန်းခိုင်းတယ်။ ကျွန်မလဲ လက်သင့်သလို (၃)ပတ် တွန်းလှည့်ပေးလိုက်တာပေါ့။ **"သြော်... နဂါးခံတွင်းထဲ ရောက်သွားပြီကိုး"** လို့ ဆရာက မိန့်တယ်။

အခုမှ ပြန်စဉ်းစားမိတယ်။ နဂါးလှည့်တွေ ကျွန်မမှ မသိဘဲ၊ သိရင် နဂါးခံတွင်းဘက်ကို ကျွန်မ ဘယ်လှည့်ပေးမလဲ'

ဒေါ်တင်ဝင်းက ဝမ်းနည်းစွာ ပြန်ပြောပြပါသည်။

မှတ်သားစရာ နဂါးလှည့်၏ အရေးကြီးပုံကို ဆရာတော်ကြီးက မီးမောင်းထိုးပြသွားသည်ကို ကျွန်မတို့ နားလည်လာသင့်သော ပညာရပ်ဖြစ်သည်။ ဒေါ်တင်ဝင်းမှ ဆက်ပြောပါသည်။

'ကျွန်မကို စောင့်နေတယ်ဆိုတော့ ဆွမ်းစားနိုင်သေးဘူးလား ဆိုပြီး "ဆွမ်းစားတော့မလား ဆရာ"လို့ မေးလျှောက်တော့ "ကျွန်ုပ်လဲ စားရတာပေါ့"တဲ့။ အဲဒီစကားက နောက်ဆုံးပြောသွားတဲ့ ဆရာရဲ့



နောက်ဆုံးရှုသွင်းမှုဖြင့် ပူဇော်ခံရသော ဆရာတော်ကြီး၏ ရုပ်ကလာပ်တော် ဓာတ်ပုံ မြင်ရနိုင်ပါသည်

စကားပါပဲ။ ကျွန်မက ဗိုးချဲယားပေါ်မှာ ထိုင်နေတဲ့ ဆရာ့ကို ထမင်းတစ်လုတ် ခွံ့ကျွေးလိုက်တယ်။ အဲဒီတစ်လုတ်ဟာ ဆရာရဲ့ နောက်ဆုံးပါပဲ။

နင်သလိုဖြစ်သွားပြီး ဝေဒနာကို သည်းခံစွာနဲ့ နောက်ဆုံး ညင်သာစွာ ပျံတော်မူသွားတာပါပဲ။

ဆရာဝန်တွေ၊ဆရာမတွေဆီ ဖုန်းဆက်ခေါ်စမ်းသပ်ကြနိုး ဆရာ ပျံတော်မူသွားတာ အတည်ပြုပြီး တုံးခေါက်အသိပေး ဆရာ ပျံတော်မူပြီဖြစ်ကြောင်း ကြေညာလိုက်ရပါတော့တယ်'

ဝမ်းနည်းစွာ ပြောပြနေသော ဝက်ဘာဆရာတော်ကြီး သက်တော် (၉၉)နှစ်၊ ဝါတော်(၆၀)ဝါ၊ (၄-၄-၂၀၁၆) တနင်္လာနေ့ မွန်းတည့်(၁၂)နာရီ ပျံလွန်တော်မူခြင်း နောက်ဆုံးအချိန် သခါရကို ပြပေးသွားပုံဖြစ်သည်။

'ဆရာတော်ကြီးရဲ့ ဂမုန်းပန်း တစ်ထောင် ဆေးတွေလဲ မရှိတော့ဘူး ပေါ့နော် အစ်မ'


ကျွန်မ စိုးရိမ်မကင်း မေးမိပါသည်။





www.burmeseclassic.com

www.burmeseclassic.com





▲ (၂၄-၄-၂၀၁၆) ဥပါသကာများ အမြှုတ်ပုံးဖြင့် ရုပ်ကလာပ်တော် ထမ်းဆောင်ပို့ရန်အလှည့်

◄ (၂၄-၄-၂၀၁၆) ရှေ့ဆုံးမှ ဆရာတော်ကြီး၏ ဓာတ်ပုံကို ကိုင်လျှက်ပို့ဆောင်ကြသည်

'ကျွန်မလဲ အခြောက်လှန်းထားတဲ့ ဆေးအိတ်တွေကို ကြည့်ပြီး အဲဒီလို တွေးမိလို့၊ ကျွန်မ စိတ်ထဲမှာ ဆရာ မရှိတော့ရင် ဒီဆေးအိတ်တွေ ဘယ်လို လုပ်မလဲလို့ စိတ်ထဲ တွေးနေတာ။ အဲဒီတုန်းက ဆရာ မပျံလွန်ခင်ပေါ့။ ကျွန်မ စိတ်အကြံကို ဆရာသိနေတယ်။

"ဆေးကို ဆက်လုပ်ကြပါ။ နတ်ဝိဇ္ဇာအဖြစ်နဲ့ စောင့်ရှောက်နေမယ်"

တဲ့။ ကျွန်မတို့တစ်တွေ လုပ်တတ်ကြတယ်လေ။ အရင်ကတော့ ကျွန်မတို့ လုပ်ပြီးတဲ့ ဆေးတွေ၊ ပုတီးတွေ၊ သင်္ကန်းအဆောင်တွေကို ဆရာက ပဌာန်းရွတ် သိဒ္ဓိတင်ပေးတယ်။ ဆရာက ဆက်လုပ်ပါ။ နတ်ဝိဇ္ဇာအဖြစ်နဲ့ စောင့်ရှောက်နေမယ်ဆိုတော့ ဆေးတွေ ကျွန်မတို့ ဆက်လုပ်မှာပါ'

ဟု ဒေါ်တင်ဝင်းက နောက်ဆုံး ပြောပြပေးသွားပါသည်။

## ကိုသန်းဆိုးဝင်း+မစန်းစန်းမြင့်တို့ ပြောကြားချက်

'ဆရာတော်ကြီးဟာ တစ်နှစ်မှ တစ်ခါ ကထိန်သင်္ကန်းကို လဲလှယ်တယ်။ လာဖူးကြတဲ့ ဒကာတွေကို နည်းနည်းစီ ပြန်စွန့်တယ်။ ယာဉ်မှာ ချိတ်ထားရင် ယာဉ်တိုက်မှု ထူးခြားစွာ ရှောင်နိုင်တယ်။

စိတ်ပုတီးစေ့အကွဲ၊ ဂမုန်း(၁၀၀၀) ဆေးတွေ သောက်သုံးရင် ပယောဂ အမျိုးမျိုးကို နိုင်တယ်။ သွေးတိုး၊ နှလုံး ရောဂါတွေပျောက်တယ်။ နှစ်ပေါင်း (၅၀) ရေချိုးရေသပ္ပါယ်ခြင်း မရှိသော်လဲ ဆရာတော်ရဲ့ အသားအရေဟာ မွှေးရနံ့တစ်ခု ရှိနေတယ်။

လှူရောက်လာတဲ့ ဝတ္ထုပစ္စည်းတွေ အပေါ်မှာ တွယ်တာမှု မရှိဘူး။ လာရောက်ဖူးမြော်သူတွေကို ဒကာ၊ ဒကာမ မကြည့်ဘူး။ မျက်နှာလွှဲပြီး ဆုပေး တရားဓမ္မ ဆုံးမတယ်။ ပရိသတ်တွေ ထောင်နဲ့ချီပြီး နေ့စဉ် လာဖူးကြတယ်။ မျက်နှာကြီးငယ် မရွေးဘူး'

'ဒီလို ထူးခြားတဲ့ ဆရာတော်ကြီးကို ပူဇော်ကိုးကွယ်ခွင့်ရသော တနင်္သာရီ မြို့သူမြို့သားများ ကံကောင်းပေစွ'

ဟု ကျွန်မ အသံထွက် ပြောမိပါတော့သည်။

## (၂၄-၄-၂၀၁၆)နေ့ ဝက်ဘာ ဆရာတော်ကြီး ပြာသာဒ်ဂူတွင် ပူဇော်ခြင်း

ဒီနေ့မှာ ကျွန်မတို့ အစောကြီး ဝက်ဘာတောင်သို့ သွားရောက်ကြ သည်။ ဒီပူဇော်ပွဲအမီမှ ရောက်လာကြ သော ဧည့်သည်များ တန်းစီလူတန်း ကြီးက ဆရာတော်ကြီး၏ မပုပ်မပျက် ရုပ်ကလာပ်တော်ကို တိုးဝှေ့ဖူးနေကြရ ပါသည်။

(၂၃-၄-၂၀၁၆)နေ့ ကတည်းက တနင်္သာရီတစ်မြို့လုံး အိမ်တွေမှာ ဧည့်သည်တွေ ပြည့်ကျပ်စွာ တည်းခို ရောက်နှင့်နေသူများကြောင့် တစ်မြို့ လုံး လူစည်ကားနေပါသည်။

ခန်းမကြီး မဆံ့၍ ဘေးပတ်လည် ရင်ပြင်အပြည့် ထိုင်နေကာ ပူဇော် တရားနာနေရပါသည်။ လူများလွန်း၍ ကျန်းမာရေးဌာနကလည်း ဆေးဝါး လိုအပ်သည်များ၊ ဓာတ်ဆားရည်များ တိုက်ကျွေးနေပါသည်။





www.burmeseclassic.com

www.burmeseclassic.com



◆ ဝဏ်ဘာဆရာတော်ကြီး၏
ထေရုပ္ပတ္တိကို ဖတ်ပြပူဇော်သော
ဦးစိုးရီ(နောင်စိုးရီ) တနင်္သာရီမြို့နယ်
ဓာတ်ရေးဆရာအသင်း မြို့မိမြို့ဖ



◆ (၂၃-၄-၂၀၁၆)ရက်နေ့က ပို့ဆောင်ကြသော သံဃာတော်အရှင်မြတ်များ

ထမင်းထုပ်များ ကမ်းသည်မှာ သောင်းကျော်သည်ဟုသိရပြီး ဆွမ်းစားမဏ္ဍပ်မှာလည်း ခုံနှင့် တည်ခင်းကျွေးမွေးနေပါသည်။

သီလတရားပေး တရားဟောခြင်းနှင့် အနိစ္စာဝယ သင်္ခါရာ စသည့် ဗုဒ္ဓတရားများကို သံဃာတော်များ ညီညာစွာဆိုအမျှဝေရေစက်ချခြင်း ပြုပါသည်။

ဘုရားဒါယကာ မြို့မိမြို့ဖတစ်ဦးက ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြစ်မှားခဲ့သော် ခွင့်လွှတ်ရန် လျှောက်ထားတောင်းပန်ပါသည်။

## ဦးစိုးရီ(နောင်စိုးရီ)က ဖတ်ကြားပူဇော်သော ဝဏ်ဘာဆရာတော်ကြီး၏ထေရုပ္ပတ္တိ

ဆရာတော် လောင်းလျာသည် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ကဒဲကျေးရွာအုပ်စု၊ ပဝတ်ကုန်းကျေးရွာ၌ ခမည်းတော် ဦးထွန်းဘော် မယ်တော် ဒေါ်ယုံတို့မှ ၁၂၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း(၁)ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်ခဲ့ပါသည်။ ငယ်မည်မှာ မောင်ဖစုဟန်ဖြစ်ပါသည်။

ဆရာတော် လောင်းလျာသည် မွေးရပ်ဇာတိရှိ ဘုန်းတော်ကြီးကျောင်း၌ ပညာဆည်းပူးခဲ့သည်။ အသက်(၂၇)နှစ်အရွယ်တွင် မြိတ်မြို့ လေယာဉ်ကွင်းရှိ အေကုမ္ပဏီတပ်ရင်းတွင် စစ်မှုထမ်းဘဝဖြင့် (၇)နှစ်တိုင်တိုင် ထမ်းဆောင်ခဲ့ပါသည်။

၁၃၁၅ ခုနှစ် အသက်(၃၅)နှစ်၌ ဝဏ်ဘာတောင်တွင် ရသေ့ဘဝဖြင့် တောရ ကျောင်းငယ်ကလေးဖြင့် တောရ ဆောက်တည်ပါသည်။ တရားဘာဝနာများ အားထုတ်နေပါသည်။

အသက်(၄၀)နှစ်အရွယ်တွင် မြိတ်မြို့၊ သက်နှီးဖိုရပ်၊ တောကျောင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနဆရာတော်ကြီး ဦးပဒုမ(အဂ္ဂမဟာပဏ္ဍိတ)အား ဥပဇ္ဈာယ်ပြုပြီး ၁၃၂၀ ပြည့်နှစ်၊ တန်ခူးလဆန်း(၁)ရက် ညနေ(၅)နာရီတွင် မြိတ်မြို့နေ ဆရာဦးကြီးဖေ၏ ပစ္စယနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းဘဝသို့ရောက်ရှိခဲ့ပါသည်။ဘွဲ့တော်မှာဦးဥက္ကံသ ဖြစ်ပါသည်။

ဆရာတော်သည် ဝဏ်ဘာတောင်တွင် သီတင်းသုံးလျက် တရားဓမ္မများအားထုတ်ရင်း ဝဏ်ဘာတောင်၏ ရှေးဟောင်းဘုရားစေတီများကို ပြုပြင်တည်ထားပါသည်။

တနင်္သာရီမြို့နေ အလှူရှင်များ၏ စေတနာအားဖြင့် ပြုပြင်ထိန်းသိမ်းခဲ့ပါသည်။ ရန်အောင်မြင်စေတီတော်ကြီး, မဟာဗောဓိအောင်တော်မူ စေတီတော်ကြီး တည်ထားပူဇော်ခြင်း...

မဟာသန္တိသုခဝဏ်ဘာ ကျောင်းတိုက်ကြီး တည်ဆောက်ခြင်း၊ ဝဏ်ဘာခဏ္ဍသိမ် တည်ဆောက်ခြင်း၊ မဟာအတုလလောကသရဖူ လျှောင်းတော်မူရုပ်ရှင်တော်မြတ်ကြီး တည်ထားပူဇော်ခြင်း စသည့် ကုသိုလ်တော်များ ပြုစုဆောင်ရွက် တော်မူခဲ့ပါသည်။

ဝဏ်ဘာဆရာတော်သည် မြန်မာနိုင်ငံမြောက်ဖျား မြစ်ဆုံဒေသ၌ ကြွရောက်၍ မေတ္တာဘာဝနာ စီးဖြန်းခြင်း၊ သာမညတောင်၊ ပဲခူးမြို့၊ ပုလောမြို့နယ်၊ ကဒဲရွာ၊ ကော့သောင်းမြို့များသို့ ကြွရောက် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ဆရာတော်သည် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ကြွရောက်၍ လည်းကောင်း၊ ထိုင်းနိုင်ငံသို့ ကြွရောက်၍လည်းကောင်း ဘုရားဖူးကုသိုလ်များ ပြုခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝက်ဘာဆရာတော်ကြီး ဂူသွင်းစံမြန်းမည့် (၂၄-၂-၂၀၀၆)နေ့ တနင်္သာရီမြို့နယ် စာရေးဆရာအသင်းမှ လိုက်ပါပို့ဆောင်မှု



▲ (၂၄-၄-၂၀၀၆)ဆရာတော်ကြီးအား ပို့ဆောင်ကြသော ယောဂီများ

### ကြွရောက်လာကြသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်း

ပရိသတ်များအား ထမင်းစားဖွယ် ကျွေးမွေးပြီးနောက်၊ မွန်းလွဲတွင် ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို ဂူသွင်းပူဇော်ခြင်း အခမ်းအနား ဆက်လက်ကျင်းပပါသည်။

ရုပ်ကလာပ်တော် ထာဝရ သီတင်းသုံးတော်မူရန် ကြွမြန်းတော်မူရန် လျှောက်ထားလွှာမှာ...

'ထေရဝါဒဗုဒ္ဓသာသနာတော်ကို လွန်စွာအားပေးတော်မူသော ဝက်ဘာဆရာတော် ဦးဥက္ကံသ ဆရာသခင် အရှင်မြတ်ကြီးဘုရား... မုန်ခေါင်းစံကျောင်းမှာ ဝက်ဘာကျောင်းမှာ အချိန်ကြာညောင်းခဲ့ပါပြီဘုရား။ ထေရ်ဆရာတော် မမွှန်ငံ့မွှေ့လျော်ဖို့ တင့်တယ်စွာ စံမြန်းကြွတော်မူရန် ဥတုရာသီနာရီပြည့်မြောက် အချိန်ကျပါပြီဘုရား။

ဆရာကျေးဇူးကိုသိသော တပည့်ဒါယကာ အပေါင်းတို့က အသစ်တစ်ဖန် တည်ထားသော မွေ့လျော်ဖွယ်ကောင်းသော ဂူဗိမာန်သို့ ထီးမြှုတော်ဖြင့် တင့်တယ်စွာ လိုက်ပါတော်မူပါရန် ကျေးဇူးတော်ရှင် ဝက်ဘာတောင်ဆရာတော်ကြီးဘုရား'

ဟု လျှောက်ထားကာ ရုပ်ကလာပ်တော်ကို မုန်ခေါင်းအသစ်သို့ ပြောင်းရွှေ့စံတော်မူစေလျက် သံဃာတော်အရှင်မြတ်(၈)ပါးက စတင်ပင့်ပါသည်။

ဆွေတော်မျိုးတော်များ လက်ထဲအပ်နှံပင့်ဆောင်ခြင်း၊ အဖြူဝတ်စုံဝတ်ဥပါသကာများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စာပေနှင့်ယဉ်ကျေးမှု၊ ရပ်ကွက်အလိုက် ပင့်ဆောင်ချင်သူများ ပူဇော်ချင်သလောက် ဝက်ဘာဘုရားကြီးကို (၃)ပတ် လှည့်ပတ်ပူဇော်ကာ စံကျောင်းဂူတွင်းသို့ မုန်ခေါင်းမှ ဆရာတော်ကြီး၏ ရုပ်ကလာပ် မျက်နှာတော်ကို ထာဝရဖူးမြင်နိုင်အောင် စီမံဂူသွင်းခြင်း ဆောင်ရွက်ကြပါသည်။

ပူပြင်းသော နေရောင်ခြည်အောက်တွင် လှည့်လည်စဉ် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော် မျက်နှာတော်မှ ချွေးသီးချွေးပေါက် ရေလုံးကြီးများက အလုံးလိုက် သီးနေသည်ကို ကျွန်မတို့ ဖူးတွေ့ရသည်ကို ဓာတ်ပုံဖြင့် မှတ်တမ်းပြုသော်လည်း မပေါ်ကြောင်း ပြောဆိုဖြစ်ကြပါသည်။

### ဆရာတော်ကြီး၏ ထူးခြားချက်နှင့် မေတ္တာစာ

ဆရာတော်ကြီးသည် ထီးမဆောင်း ဖိနပ်မစီး၊ ရေသပ္ပါယ်ခြင်း မပြုသည်မှာ နှစ်ပေါင်း(၅၀)ကျော်ရှိပြီဖြစ်သည်။ ငွေဝတ္ထုပစ္စည်းများ မကိုင်မတွယ်။

နေ့စဉ် တနင်္သာရီ မြို့သူမြို့သားများ နာကြားရန် တောင်တော်ပေါ်မှ ပရိတ် ပဋ္ဌာန်းများ ရွတ်ပွားလျက် ရှိပါသည်။ မေတ္တာကို အစဉ်ပွားသဖြင့် ဆရာ တော်ကြီး ပွားများသည့် မေတ္တာစာကို ပူဇော်ရေးသားဖော်ပြရင်း နိဂုံးချုပ်အပ် ပါသည်။

### ဝက်ဘာဆရာတော်ကြီး ဦးဥက္ကံသ မေတ္တာပို့သုတောင်းပန်စာ

စကြဝဠာအနန္တ၊ ကမ္ဘာအနန္တ သတ္တဝါ မှန်သမျှတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ကြလျက်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြလျက် မိမိတို့ ခန္ဓာကိုယ်ကို သက်ဆုံးတိုင်အောင် ရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။

စကြဝဠာအနန္တ၊ ကမ္ဘာအနန္တ သတ္တဝါ မှန်သမျှတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ကြလျက်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြလျက် ကိလေသာ ရန်သူတွေကို အမြစ်ပြတ်အောင် အောင်နိုင်ကြပါစေကုန်သတည်း။

စကြဝဠာအနန္တ၊ ကမ္ဘာအနန္တ သတ္တဝါ မှန်သမျှတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ကြလျက်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြလျက် ငြိမ်းအေးတဲ့ဗိမာန် နိဗ္ဗာန်ဆိုတဲ့ ချမ်းသာကြီး ကို မလွဲမသွေ ဆိုက်ရောက်နိုင်ကြပါစေ ကုန်သတည်း။

**[ဝက်ဘာ ဆရာတော်ကြီး၏ နောက်ထပ် သွားရောက်ဖူးမြော်ပါ ပါလို၏။]**

**ခင်ခင်ဝင်း(မောနပတီ)**



www.burmeseclassic.com

www.burmeseclassic.com

အုံကြွယ်

ဂုဏ်တော်နှင့်တွဲထား

# သိဒ္ဓိဆယ်ပါးကျင့်စဉ်



လှိုင်ကော်မြို့၊ မြို့ဦးကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော်ဖြစ်တော်မူသော **ကျေးဇူးရှင် "ဘဒ္ဒန္တ နေမိန္ဒ"** မထေရ်မြတ်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်မှာ (၄–၃–၂၀၁၆) နေ့တွင် နှစ်နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

ဆရာတော် ပျံလွန်တော်မူချိန်တွင် သက်တော်(၆၄)နှစ်၊ သိက္ခာတော်(၄၄) ဝါသာရှိသေးသဖြင့် တပည့်ဒကာ၊ ဒကာမအပေါင်းက နှမြောတသ ယူကျုံးမရ ဖြစ်ကြရသည်။ သာသနာတော်အတွက်လည်း ဆုံးရှုံးမှုတစ်ရပ်ဟု ဆိုရမည်ဖြစ်သည်။

ဆရာတော်၏ ဗိဇနှင့်ဝါသနာမှာ ထင်ပေါ်ကျော်ကြားခြင်းကို အလိုမရှိဘဲ လူသိမခံလိုသူ ရဟန်းတော်တစ်ပါး ဖြစ်သည်။ ဝိနည်းသိက္ခာတော်နှင့်အညီ ကျင့်ကြံနေထိုင်ပြီး၊ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆင်းရဲနွမ်းပါးသူနှင့် မိဘမဲ့ကလေးများအား ပရဟိတကျောင်းဖွင့်ကာ ပြုစု ပျိုးထောင်ခြင်း...

အသိပညာ၊ အတတ်ပညာကို လိုလားသူ တက္ကသိုလ်ကျောင်းမှ ဆရာ,ဆရာမ၊ ကျောင်းသူကျောင်းသားများအား စာပေသင်ကြားပို့ချ ရှင်းလင်းပြသခြင်းနှင့် မနက်၊ ည နှစ်ချိန်ပိုင်းကာ ဝိပဿနာအလုပ် အားထုတ်ခြင်းတို့ကို တစိုက်မတ်မတ် ဆောင်ရွက်တော်မူခဲ့ပါသည်။

သာသနာပြုလုပ်ငန်းအဖြစ် ဘုရားတည်၊ ကျောင်းဆောက်ခြင်းကို အဓိကထား ဆောင်ရွက်ခဲ့သည်။

မြို့ဦးကျောင်း ပရိဝုဏ်အတွင်း မူလက သွပ်မိုး၊ ပျဉ်ထောင်ကျောင်းဖြင့် စတင် သီတင်းသုံးခဲ့ရာမှ ဆရာတော်သည် နှစ်ထပ်တိုက်ကျောင်း၊ ဓမ္မာရုံ၊ ဘုရားစေတီများနှင့် ပရဟိတကျောင်းနေစာသင်သားများနေထိုင်ရန် အဆောင်စသည်တို့ကို အသစ်တိုးချဲ့ ဆောက်လုပ်နိုင်ခဲ့ပါသည်။

ရှေးဟောင်း သမိုင်းဝင် ဘုရားစေတီများကို ဖော်ထုတ်ပြုပြင်ခြင်း လုပ်ငန်းများအား ၂၀၀၀ ပြည့်နှစ်မှ စတင်ကာ ခန္ဓာဝန်ချချိန်ထိ မနေမနား ဆောင်ရွက်ခဲ့ပါသည်။

ဆရာတော်၏ မွေးဖွားရာဇာတိဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ သစ်ချိုရွာတွင် **"အလောင်းစည်သူ မင်းကြီး"**နှင့် တတိယမိဖုရား **"ရာဇကုမ္မာရီ"**တို့ ခရစ်နှစ် ၁၁၁၅ ခုနှစ်ခန့်တွင် တည်ထားခဲ့သော **"ဓမ္မရာဇာစေတီ"**နှင့် အလောင်းစည်သူမင်းကြီး နတ်ရွာစံပြီးနောက် မိဖုရားရာဇကုမ္မာရီ၏ ၁၁၈၅ ခုနှစ်ခန့်တွင် တည်ထားခဲ့သည့် **"ရွှေကျောင်းဦးစေတီတိုက်"**တို့ကို ပြုပြင်မွမ်းမံခဲ့ပါသည်။

**"စေတီတိုက်"**ဟု ခေါ်ရခြင်းမှာ **"ရွှေကျောင်းဦးစေတီ"** အပါအဝင် ဘွဲ့အမည်တော် အသီးသီးရှိသည့် စေတီ(၉)ဆူတို့ တစုတရုံးတည်း တည်ရှိနေသဖြင့် ခေါ်ဆိုရခြင်း ဖြစ်လေသည်။

အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ဓမ္မရာဇာစေတီနှင့် စေတီတိုက်အတွင်းရှိ စေတီ(၉)ဆူတို့ကို သစ်ချိုရွာနှင့် အနီးပတ်ဝန်းကျင်တို့က...

'ရွှေမာရ်ရဆု၊ ယင်းဓသု၊ အသူရွှေဆယ်ဆူ တည်မူ အလောင်းစည်သူ'

ဟု အတိုကောက်မှတ်သား ခေါ်ဆိုခဲ့ကြသည်။ ထိုစေတီများမှာ...

၁။ရွှေကျောင်းဦးစေတီ(အလယ်စေတီ)
၂။မာရ်အောင်ရတနာစေတီ
၃။ရတနာရွှေစာရံစေတီ
၄။ဆုတောင်းပြည့်စေတီ
၅။မင်းသီဟစေတီ
၆။ဓမ္မရာဇာစေတီ (အလောင်းစည်သူမင်းတည်)
၇။သုဓနစေတီ
၈။အရဟံဦးစေတီ
၉။သူရာမေရိယစေတီ
၁၀။ရွှေစည်းခုံစေတီ

တို့ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ဦးကျောင်းဆရာတော် ဦးနေမိန္ဒသည် ဇာတိရပ်ရွာတွင် သမိုင်းဝင်ဘုရားစေတီများကို ပြုပြင်မွမ်းမံခဲ့သည်သာမက ရွှေကျောင်းဦး စေတီတိုက်အတွင်း မဟာရံတံတိုင်း၊ မုန်လေးမုခ်နှင့် ရုပ်ပွားတော်များ၊ ဓမ္မာရုံများ၊ ဗုဒ္ဓခြေတော်ရာ ပါဒစေတီတို့ကို ဆရာတော်ကိုယ်တိုင် ဦးစီးကာ ရပ်ဝေးရပ်နီးမှ အလှူရှင်များ စုပေါင်းအားဖြင့် အသစ် တည်ထား ဆောက်လုပ်နိုင်ခဲ့ပါသည်။

ထိုသို့ သာသနာအကျိုးကို အားကြိုးမာန်တက် ဆောင်ရွက်ပြုစုတော်မူခဲ့သော ဆရာတော်ကြီးသည် (၄-၃-၂၀၁၄)ရက်နေ့တွင် ခန္ဓာဝန်ချကာ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ဂုဏ်ကျေးဇူး အထူးရှိတော်မူကာ ဆရာတော်ကြီးကို အောက်မေ့တသ သတိရသောအားဖြင့် ဆရာတော်ချီးမြှင့်တော်မူခဲ့သည့် ဘုရားဂုဏ်တော်နှင့် သိဒ္ဓိဆယ်ပါး မြတ်တရားတို့ ယှဉ်တွဲကျင့်ကြံ ပွားများရာဖြစ်သော အဓိဋ္ဌာန်ကျင့်စဉ်ကို တင်ပြလိုက်ပါသည်။

*　*　*

မြို့ဦးကျောင်း ဆရာတော်ဘဒ္ဒန္တနေမိန္ဒ ချီးမြှင့်ခဲ့သည့် သိဒ္ဓိဆယ်ပါး ဂါထာတော်ကို ယခင်လများဆီက **"သိဒ္ဓိဆယ်ပါး မြတ်တရား ရွတ်ပွားပူဇော်ပါ"** အမည်ဖြင့် တင်ပြခဲ့ပြီးဖြစ်ပါသည်။

သို့ရာတွင် သိဒ္ဓိဆယ်ပါးကို အလွယ်တကူ သိရှိနိုင်ရန် ဂါထာတော်နှင့် သိဒ္ဓိတစ်ပါးချင်း၏ အနက်အဓိပ္ပါယ် အကျဉ်းကို ထပ်မံ ဖော်ပြအပ်ပါသည်။

**သိဒ္ဓိ(၁၀)ပါး ဂါထာ**

သမာဓိ ဉာဏ ဝိပ္ဖါရာ၊ အဓိဋ္ဌာန ဝိကုဗ္ဗနာ၊
မနောမယာ ရိယာဣဒ္ဓိ၊ တထာ ကမ္မဝိပါကဇာ
ဝိဇ္ဇာမယာ ပုညဝတော၊ ပယောဂပစ္စယိဒ္ဓိတိ၊
အဂ္ဂပတ္တံ ဒသိဒ္ဓိနံ့ ပိဋ္ဌိယောရံ ကာရုံနမေ။

***

**မနောမယိဒ္ဓိ** = မနောမယိတ်ဒိ
**ပုညဝတောဣဒ္ဓိ** = ပုန်ညဝတောအိတ်ဒိ
**ဝိကုဗ္ဗနိဒ္ဓိ** = ဝိကုပ်ဗနိတ်ဒိ
**ကမ္မဝိပါကဇိဒ္ဓိ** = ကမ်မဝိပါကဇိတ်ဒိ
**သမ္ပန္နော** = သမ်ပန်နော

ဤသို့ သိဒ္ဓိဆယ်ပါးသော တန်ခိုးတော်တို့ဖြင့် ယမိုက်ပြာဋိဟာကို ပြတော်မူသော မြတ်စွာဘုရားကို ရှိခိုးပါ၏ ဘုရား။

ဘုရားဂုဏ်တော်(၉)ပါး၏ အနက်အဓိပ္ပါယ်များကို သိရှိပြီးဖြစ်၍ သီးခြားမဖော်ပြတော့ပါ။ ဂုဏ်တော်ကိုးပါးကို ရွတ်ပွားပူဇော်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးများကိုမူ ဆရာတော်ရွတ်ပွားပူဇော်မှုအတိုင်း ဖော်ပြပေးလိုက်ပါသည်။

**အနက်အဓိပ္ပါယ်**

၁။ **သမာဓိဝိပ္ဖါရိဒ္ဓိ** = ဈာန်သမာပတ် တန်ခိုးတော်ရှိတော်မူသော...
၂။ **ဉာဏဝိပ္ဖါရိဒ္ဓိ** = အရဟတ္တမဂ်ဉာဏ်ဖြင့် တန်ခိုးအထူးရှိတော်မူသော...
၃။ **အဓိဋ္ဌာနိဒ္ဓိ** = ဖြစ်စေလိုမှုကို အဓိဋ္ဌာန်ဖြင့် ပြည့်စေသည့် တန်ခိုးတော်ရှိသော...
၄။ **ဝိကုဗ္ဗနိဒ္ဓိ** = ပကတိအသွင်ကို စွန့်၍ အထူးထူးသောအသွင်ကို ဖြစ်စေနိုင်သည့် တန်ခိုးတော်ရှိသော...
၅။ **မနောမယိဒ္ဓိ** = စိတ်အကြံအတိုင်း ဖန်တီးနိုင်သည့် တန်ခိုးတော်ရှိတော်မူသော...
၆။ **အရိယိဒ္ဓိ** = လောကဓံကို ဖယ်ရှားသည့် အရိယာတို့၏ တန်ခိုးတော်ရှိသော
၇။ **ကမ္မဝိပါကဇိဒ္ဓိ** = ကောင်းကင်၌ ပျံသန်းနိုင်သည့် တန်ခိုးတော်ရှိသော...
၈။ **ဝိဇ္ဇာမယိဒ္ဓိ** = ဝိဇ္ဇာတို့၏ အာတာပွနဖြင့် ဖန်ဆင်းနိုင်သည့် တန်ခိုးတော်ရှိသော...
၉။ **ပုညဝတောဣဒ္ဓိ** = ရှေးဘဝကုသိုလ်ကောင်းမှုကြောင့် ပဒေသာပင်ပေါက်နိုင်သည့် တန်ခိုးရှိသော...
၁၀။ **ပယောဂပစ္စယိဒ္ဓိ** = အလုံးစုံသော အတတ်ပညာဖြင့် အမှုများကို ပြီးစီးစေနိုင်သည့် တန်ခိုးရှိသော...

ခက်ခဲသော ပါဠိအသံထွက်

**သမာဓိဝိပ္ဖါရိဒ္ဓိ** = သမာဓိဝိပ်ဖာရိတ်ဒိ
**ပယောဂပစ္စယိဒ္ဓိ** = ပယောဂပစ်စအိတ်ဒိ
**ဉာဏဝိပ္ဖါရိဒ္ဓိ** = ဉာဏဝိပ်ဖာရိတ်ဒိ
**ဝိဇ္ဇာမယိဒ္ဓိ** = ဝိတ်ဇာမယိတ်ဒိ
**အဓိဋ္ဌာနိဒ္ဓိ** = အဓိတ်ထာနိတ်ဒိ
**အရိယိဒ္ဓိ** = အရိယိတ်ဒိ

- ဂုဏ်ကျက်သရေ တိုးတက်စေလို ပွားလေအရပ်။
- ဉာဏ်ပညာမျိုး လွန်ပွားတိုးစေ၊ ကောင်းကျိုးသမ္ဘွဲ့။
- ကြံတိုင်းလည်းအောင်၊ ဆောင်တိုင်းလည်းပြီး၊ အကျိုးကြီး၊ ပွားစီးဝိဇ္ဇာဉာဏ်။
- ပြောတိုင်းစကား၊ အောင်လိုငြား၊ ပွားများ



www.burmeseclassic.com

www.burmeseclassic.com

သုဂတံ။

- ကျော်စောခြင်းမှု လိုလားသူ လောကဝိဒူပွား။
- ရန်ဟူသမျှ အောင်လိုက၊ အနုတ္တရဂုဏ်တော်ပွား။
- သူတစ်ပါးအား ကယ်လိုပြား သတ္ထာဒေဝပွား။
- သူတစ်ပါးအကြံ သိနိုင်ရန် ဗုဒ္ဓဂုဏ်တော်ပွား။
- ဘေးရန်ကင်းရာ၊ လိုကြပါမူ ဘဂဝါဂုဏ်တော်ပွား။

ဆရာတော်က ရှေးရိုးစဉ်ဆက် ဆရာ့ဆရာများ၏ မိန့်မှာ လမ်းညွှန်ချက်နှင့်အညီ ဂုဏ်တော်တစ်ပါးချင်းစီ ရွတ်ပွားပူဇော်မှုကြောင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို လမ်းညွှန် ဖော်ထုတ်ပေးခဲ့ပါသည်။

ယခုဆက်လက်၍ ဂုဏ်တော်နှင့် သိဒ္ဓိဆယ်ပါးယှဉ်တွဲထားသည့် ကျင့်စဉ်နှင့် ရရှိစေနိုင်မည့် အကျိုးကျေးဇူးများကို ဆရာတော်ကြီး ချီးမြှင့်ခဲ့သော မူရင်းအတိုင်း ပြန်လည် တင်ဆက်ပေးလိုက်ပါသည်။

***

| စဉ် | ရွတ်ပွားပူဇော်ရန် | ရရှိနိုင်သည့်အကျိုးများ |
|---|---|---|
| ၁။ | အရဟံ သမာဓိဝိပ္ဖါရိဒ္ဓိ သမ္ဘန္နော | ပညာဉာဏ်ကြီးမားစေနိုင် |
| ၂။ | အ,ရဟံ ပယောဂပစ္စက္ကဒ္ဓိ သမ္ဘန္နော | ဖမ်းဆီးချုပ်နှောင်ခြင်းမှ ကင်းဝေးနိုင် |
| ၃။ | သမ္မာသမ္ဗုဒ္ဓေါ ဉာဏဝိပ္ဖါရိဒ္ဓိ သမ္ဘန္နော | ကြံတိုင်းအောင်၍ စီးပွားတိုးစေနိုင် |
| ၄။ | ဝိဇ္ဇာစရဏ ဝိဇ္ဇာမယိဒ္ဓိ သမ္ဘန္နော | မိမိပြောသမျှ စကားအောင်မြင်နိုင် |
| ၅။ | သုဂတော အဓိဋ္ဌာနိဒ္ဓိ သမ္ဘန္နော | ကျော်စောထင်ရှားစေနိုင် |
| ၆။ | လောကဝိဒူ အရိယိဒ္ဓိ သမ္ဘန္နော | ရန်တကာကို အောင်မြင်စေနိုင် |
| ၇။ | အနုတ္တရော ပုရိသ ဒမ္မသာရထိ မနောမယိဒ္ဓိ သမ္ဘန္နော | သူတစ်ပါးစိတ်အကြံကို သိစေနိုင် |
| ၈။ | သတ္ထာဒေဝမနုဿာနံ ပုညဝတောဣဒ္ဓိ သမ္ဘန္နော | သူတစ်ပါးကို ကူညီကယ်တင်နိုင် |
| ၉။ | ဗုဒ္ဓေါ ဝိကုဗ္ဗနိဒ္ဓိ သမ္ဘန္နော | ဘေးရန်ကင်းရှင်းစေနိုင် |
| ၁၀။ | ဘဂဝါ ကမ္မဝိပါကဇိဒ္ဓိ သမ္ဘန္နော | အမှောင့်ပယောဂများ ကင်းဝေးစေနိုင် |

ဖော်ပြပါ ဂုဏ်တော်နှင့် သိဒ္ဓိတရား ကျင့်စဉ်များအပေါ် ဆရာတော်က...

'ဒီကျင့်စဉ်ကို တစ်ပါးချင်း တွဲလျက်အလိုက် အဓိဋ္ဌာန် ပုတီးစိပ်နိုင်ဖို့ စီစဉ်ထားတာပဲ။ ဆိုကြပါစို့ကွယ်... မိမိရဲ့ ဆန္ဒက ပညာရေးအတွက် တစ်နည်းအားဖြင့် စာမေးပွဲအောင်ဖို့အတွက် အဓိဋ္ဌာန်ဝင်ချင်ရင် "**အရဟံ သမာဓိဝိပ္ဖါရိဒ္ဓိသမ္ဘန္နော**"ကို ပုတီးစိပ်ရမှာပေါ့။

အဓိဋ္ဌာန်ဝင်တဲ့အခါမှာလဲ ကိုယ်စိတ်ဆန္ဒရှိသလောက် ပုတီးပတ်ရေကို သတ်မှတ်ပြီး အဓိဋ္ဌာန်ရက်ကိုလဲ ဆန္ဒအပေါ် မူတည်ပြီး ရက်သတ်မှတ်ပါ။

ဥပမာ နေ့စဉ် ပုတီးပတ်ရ(၉)ပတ်၊ (၁၈)ပတ်စသဖြင့် သတ်မှတ်ပြီး အဓိဋ္ဌာန်ရက်ကိုလဲ (၉)ရက်၊ (၁၈)ရက်၊ (၄၅)ရက် စတဲ့ ကိုယ်ဆန္ဒရှိသရွေ့ သတ်မှတ်နိုင်ပါတယ်။

ကျန်တဲ့ ဂုဏ်တော်သိဒ္ဓိတော် တွဲလျက် တစ်ပါးချင်းကိုလဲ မိမိရလိုတဲ့ အကျိုးကျေးဇူးအလိုက် ဒီလိုပဲ သတ်မှတ် အဓိဋ္ဌာန်ပုတီးစိပ်နိုင်ပါတယ်။

ဒီနေရာပြောလိုတာက ဘုရားဂုဏ်တော်တွေနဲ့ သိဒ္ဓိဆယ်ပါးကို အစဉ်အလိုက် တွဲမထားဘဲ သင့်တော်သလို တွဲထားတာကို တွေ့ရလိမ့်မယ်။

ဒါကတော့ ဂုဏ်တော်တစ်ပါးချင်းစီနဲ့ လိုက်ဖက်ပြီး ပိုမိုအကျိုးထူးစေနိုင်ဖို့ ရည်ရွယ်ကာ တူရာတူရာ တွဲဖက်ရွတ်ပွားစေတာပါ။ ပိုမို အစွမ်းထက်စေဖို့ပေါ့ကွာ။

နောက်ပြီး တစ်ပါးချင်းစီကို အဓိဋ္ဌာန်နဲ့ ဆောင်ရွက်ခြင်းမပြုဘဲ နေ့စဉ်ဂုဏ်တော်နဲ့ သိဒ္ဓိအတွဲတွေကို တစ်ပါး ပုတီးတစ်ပတ်နှုန်းနဲ့ ပုတီး(၁၀)ပတ် နိစ္စဓူဝ ဆောင်ရွက်မယ်ဆိုရင်လဲ ဖြစ်တာပါပဲ။ ကိုယ့်စိတ်ကြိုက် နည်းလမ်းနဲ့သာ ဆောင်ရွက်နိုင်ပါတယ်'

ဟု မိန့်ကြားခဲ့ပါသည်။

ထပ်မံပြီး ဝါတွင်းကာလ ရက်ပေါင်း (၉၀)အဓိဋ္ဌာန် ပုတီးစိပ်နည်းကိုလဲ လမ်းညွှန် မိန့်မှာခဲ့ပါသေးသည်။

'ဝါတွင်းကာလတွေမှာ အဓိဋ္ဌာန်ပုတီး စိပ်လိုတယ်ဆိုရင်လဲ ရသေးတယ်ကွ။ ဂုဏ်တော်နဲ့ သိဒ္ဓိဆယ်ပါးတွဲလျက် တစ်ပါးစီကို (၉)ရက်စီ ပိုင်းခြားပြီး နေ့စဉ် ပုတီး(၉)ပတ် စိပ်ပြီး အဓိဋ္ဌာန်ဝင်နိုင်တယ်။

တွဲလျက် ဂုဏ်တော်များ (၁၀)ပါးရှိတာမို့ တစ်ပါး(၉)ရက်နှုန်းနဲ့ ဆယ်ပါးအတွက် ရက်ပေါင်း(၉၀) အံကိုက်ပဲပေါ့။

အဓိဋ္ဌာန်စရမယ့်ရက်က "ဝါဆိုလပြည့်" သို့မဟုတ် "ဒုတိယဝါဆိုလပြည့်"ဖြစ်ပြီး အဓိဋ္ဌာန်ပြည့်မြောက် ပြီးစီးမယ့်နေ့ကတော့ "သီတင်းကျွတ်လပြည့်"ပေါ့။ အဓိဋ္ဌာန်ဝင်တဲ့အခါ မိမိလိုချင်တဲ့ဆန္ဒကို ဆုတောင်းနိုင်ပါတယ်။ ဒီလောက်ဆို ပြည့်စုံပါပြီ။ ကြိုးစားဆောင်ရွက်ပေါ့ကွယ်'

စာရှုသူ သူတော်စင်တို့အတွက် လှိုင်ကော်မြို့၊ မြို့ဦးကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တနေမိန္ဒ ချီးမြှင့်တော်မူခဲ့သော ဂုဏ်တော်နှင့် သိဒ္ဓိဆယ်ပါး တွဲလျက် အဓိဋ္ဌာန်ကျင့်စဉ်ကို သိရှိကျင့်ကြံ အားထုတ်နိုင်ပါရန် ထပ်ဆင့် ဖော်ပြလိုက်ပါသည်။

အုံကြွယ်



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

# စကြာမင်း

အမှတ်တံဆိပ်

# အားတိုးဆေး မှီဝဲပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (၀၇၁၁ YR ၀၀၆၀၂၄)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/၀၅၁၃

'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ''အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ'' ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား, နှလုံးအား, သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား, ဆန္ဒအား, အကြောအား, ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒို့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဝဏ္ဏလမ်းမကြီး၊ သုဝဏ္ဏမှတ်တိုင်အနီး၊
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၈၄၁

ကိုကြီးကောင်း၊



www.burmeseclassic.com

www.burmeseclassic.com

ဘိုးတော်ဘုရား ကိုးကွယ်ခဲ့သော

# စန္ဒကူးစမ္မစက် ရုပ်ပွားတော်

အုန်းခိုင်ဝမ်း

**ထားဝယ်မြို့၊ ဆန်းချိုရပ်ကွက်**တွင် ၁၁၆၉ ခုနှစ်၌ ထားဝယ်မြို့ဝန် ဦးဘရှမ်းသည် တောင်ငူဇာတိ၊ မထေရ်တစ်ပါးအား သီတင်းသုံးနေထိုင်ရန် ကျယ်ဝန်းလှသော မြေကွက်နှင့် ကျောင်းတစ်ဆောင် လှူဒါန်းရာ တောင်ငူကျောင်းတိုက်ဟု ယနေ့တိုင် ခေါ်တွင်ကြသည်။

တောင်ငူ ကျောင်းတိုက်အတွင်း အလည်အပတ် သွားရောက်ကာ ဆရာတော်အား ဝတ်ဖြည့်ရာ ဘုရားဆောင်၌ ပုံဟန်ထူးခြားသော ရုပ်ပွားတော်တစ်ဆူကို သတိပြုမိသည်။

**ဒူးဆစ်အောက်ခြေနစ်ပက်ကို တွဲလောင်းကျ ချထိုင်ကာ လက်ဝါးနှစ်ဖက်၊ ပက်လက်လှန်လျက် ပေါင်ပေါ်တင်ထားသည်။**

ဤသို့ ပုံတော်မျိုးကို **ပုဂံသဗ္ဗညု စေတီ၌လည်းကောင်း၊ ရွှေမင်းဝံ(မြစ်သားနယ်)ရှိ အင်းဝစေတီ၌ လည်းကောင်း၊ ကျိုက်မရောမြို့လယ် ဆုတောင်းပြည့် ဘုရားကြီးအဖြစ် လည်းကောင်း** ရှားပါးစွာ ဖူးတွေ့ခဲ့ရသည်ဖြစ်ရာ သက်တော် (၈၀)ကျော်ခန့်ရှိသော ဆရာတော် အရှင်သီလ မထေရ်အား မေးလျှောက်ကြည့်သည်။

## စန္ဒကူး စမ္မစက်ပုံတော်

ဤပုံတော်သည် ဘုရားရှင် တာဝတိံသာနတ်ပြည်မှ ဆင်းသက်လာကာ စန္ဒကူးနံ့သာတောတွင် ရှင်သာရိပုတ္တရာအား အဘိဓမ္မာတရားအကျဉ်း ဟောတော်မူသည့် ပုံဟန်တော်ဖြစ်သည်။

ရှင်သာရိပုတ္တရာသည် ဘုရားရှင်က ခေါင်းစဉ်ကို ဟောကြားကာမျှနှင့် တရားအလုံးစုံ တရားကိုယ်ကို ထိုးထွင်းသိမြင်လေသည်။

ထို့ကြောင့် ဤပုံဟန်တော်အား စန္ဒကူးစမ္မစက်ပုံတော်ဟုခေါ်ဝေါ်ကြသည်။

ရှင်သာရိပုတ္တရာသည် ဉာဏ်ပညာ ထက်မြက်သောကြောင့်သာ အဘိဓမ္မာတရားကိုယ်ကို တစ်ခဏတွင်း၌ ထိုးထွင်းသိမြင်နိုင်ခြင်း ဖြစ်သည်။



လက်ဝဲဘက်မှပုံ ရှုရစဉ်

ထို့ကြောင့် ရှင်သာရိပုတ္တရာကဲ့သို့ ဉာဏ်ပညာကြီးမြင့် ထူးချွန်စေရန် ရည်မှန်း ကိုးကွယ်လေ့ ရှိကြသည်ဟု ကြားနာရလေသည်။

ဤတွင် နှစ်ကာလ ကြာရှည်စွာ ဖူးမြင်ခဲ့ရသော်လည်း ဘွဲ့မည် မကာ

www.burmeseclassic.com



◆ လက်ယာတက်မြင်းကွင်း



◆ ရွှေကူဆွမ်းစက် ရုပ်ပွားတော်စံရာ



ဦးဇွေကိုင်လက်ရာ
နဝမဆရာတော်ပုံတူ ◆

လှူနိုင်ခဲ့သည်။ ဤပုံဟန်တော်အတွက် ကျေးဇူးကြီးမားလှသော ဆရာတော်ကြီးအား နဝကမ္မအလှူငွေများ ဆက်ကပ်ခဲ့သည်။

## ဘိုးတော်ဘုရား
## ကိုးကွယ်သည့်ပုံတော်

ဤရုပ်ပွားတော်မှ ဘိုးတော်မင်းတရား. နန်းဦးတွင် ထားရှိကိုးကွယ်ခဲ့သော ရုပ်ပွားတော်ဖြစ်သည်။

အမရပူရမြို့နယ် ကျောက်တော်ကြီးဘုရားရှေ့နားရှိထန်းတောကျောင်းတိုက်သို့ နှစ်အတန်ကြာကပင် ကြွချီရောက်ရှိနေသဖြင့်ထန်းတောကျောင်းဆရာတော်အဆက်ဆက် ပူဇော်ခဲ့ကြသည်။

ထားဝယ်မြို့ တောင်ငူကျောင်းတိုက် နဝမ စန္ဒာဝရသည် ၁၃၁၇ ခုနှစ်တွင် ထန်းတောကျောင်းသို့ သွားရောက်၍ ရုပ်ပွားတော်အားပင့်ဆောင်လာခဲ့သည်။

ထိုစဉ်ကာလ ပြည်တွင်းစစ်မီးများ ငြိမ်းစ ကာလဖြစ်ရာ ယာဉ်၊ ရထား၊ သဘော်ာ ရှားပါးသောကာလဖြစ်သည်။

ခရီးအတန်တန် အဆင့်ဆင့် ပြောင်းကာ ပင်ပန်းကြီးစွာ ပင့်ဆောင်ခဲ့ရသည်။ ပင်ပန်းသော်လည်း ဘေးအန္တရာယ်တစ်စုံတစ်ရာ ကြုံတွေ့ခဲ့ခြင်းမရှိဟု သိရသည်။

www.burmeseclassic.com



◆ ရှင်သာရိပုတ္တရာပုံတော်



◆ တရားနာယူနေသည့် ရှင်သာရိပုတ္တရာ

**ရုပ်ပွားတော်မှာ ဉာဏ်တော်အမြင့် သုံးပေခန့်ရှိ၍ အဂ္ဂသာဝက ရှင်သာရိပုတ္တရာမထေရ်၏ တရားနာယူဟန်ရုပ်တုကိုလည်း ဖူးတွေ့ရသည်။**

ဆရာတော်ဦးသီလသည့် တောင်ငူတိုက် ဒသမဆရာတော်ဖြစ်ကာ နဝမဆရာတော် ဦးစန္ဒာဝရအား ပန်းချီကျော် ဦးငွေကိုင်ရေးဆွဲ ဆက်ကပ်ခဲ့သည့် ပုံတူပန်းချီကားအား ပြသပေးသည်။

**ဦးငွေကိုင်သည် တောင်ငူကျောင်းတွင် စာဝါသင်ယူခဲ့မှုရာ နဝမဆရာတော်နှင့် စာသင်ဖက်များ ဖြစ်ခဲ့ကြသည်ဟု သိရသည်။**

သို့ဖြစ်လေရာ ပညာထက်မြက်စေသော စန္ဒကူးခမ္ဘစက် ရုပ်ပွားတော်ကို ဖူးမြော်လျက် ပန်းချီကျော် ဦးငွေကိုင် ၏လက်ရာ နဝမဆရာတော်ပုံတူ ပန်းချီကားကိုလည်း ကြည့်ညိုလေ့လာနိုင်လေရာ **ထားဝယ်သို့ ရောက်ရှိလျှင် ဆန်းချီရပ်၊ တောင်ငူကျောင်းသို့ သွားရောက်သင့်ကြောင်း အကြံပေး လမ်းညွှန်ရပေသည်။**

**ခွန်စိုင်းဝမ်း**

◆ တောင်ငူကျောင်း၊ ဒသမဆရာတော် အရှင်သီလ (သက်တော် ၈၆နှစ်)






www.burmeseclassic.com

www.burmeseclassic.com

# ကျက်သရေ နှင့်

## လုပ်ငန်းဆောင်တာ ဘုန်းကျက်သရေတိုးစေသောဂါထာ

ဂါမဏိဇော်
(ဝေဒဝိဇ္ဇာဓရ)
စစ်ကိုင်း





တစ်နေ့သ၌ ကျွန်ုပ်သည် စိန်ကုန်း ရပ်ကွက်တွင်ရှိသော ကိုအောင်သန်းဦး ၏အိမ်သို့ သွားလျှင် ကိုအောင်သန်းဦး သည် တကုပ်ကုပ်နှင့် အလုပ် လုပ်နေရာမှ ထလာ၍ ခရီးဦးကြိုပြုလေ၏။

'ထိုင်ပါ ကိုဂါကြီး၊ အိမ်ကို ရောက်လာတော့ သေချာမေးမြန်းပြီး ဆွေးနွေးရတာပေါ့။ မြင်တဲ့အတိုင်းပဲဗျာ။ လုပ်ငန်းက အချိတ်ရက်ကန်းနဲ့ ပိုးပန်းချီဆိုတော့ မိန်းကလေး အုပ်စုကိုပဲ အားထားရတာပေါ့'

'အရင် ကိုဂါကြီးကို ပြောပြထားသလို အလုပ်သမလေးတွေကဲ မမြဲ လုပ်ငန်း လည်ပတ်မှုကလဲ အဆင်မပြေနဲ့ဆိုတော့ သေချာလေး တွက်ကြည့်ပေးပါဦး။

ပြီးတော့... လုပ်ငန်းခွင်ထဲမှာ ရှုပ်ယှက်ခတ်မနေရဘူး။ သန့်ရှင်းမှု အမြဲရှိရမယ်ဆိုလို့ သပ်သပ်ရပ်ရပ် သန့်ရှင်းထားတာလဲ အမြင်ပါပဲ'

ဟု ကိုအောင်သန်းဦးက ရှည်လျားစွာ ပြောပြ၍ သက်မကို ချလိုက်လေ၏။

မှန်ပါသည် ကိုဦးက ကျွန်ုပ်အား လုပ်ငန်းအဆင်မပြေခြင်း၊ အလုပ်သမား အဆင်မပြေခြင်းတို့ကို ပြောထားခဲ့ဖူး၍ အောက်ပါအတိုင်း သန့်ရှင်းမှု ရှိစေရန် အကြံဉာဏ်ပေးခဲ့ပါသည်။

ယခုသော် နေရာဌာနက အပြစ်မရှိ သန့်ရှင်း၍ အဘယ်ကြောင့် လုပ်ငန်းခွင်၌ အဆင်မပြေမှုများ ဖြစ်ရသည်ကို ဝေဒပညာရပ်ဖြင့် တွက်ချက်ကြည့်ရန်သာ ရှိလေတော့၏။

ထို့ကြောင့် ကောဇာစနစ်နှင့် ဒသာစနစ် (၂)ခုတို့တွင် မည်သည့်စနစ်ဖြင့် အရင်တွက်ရမည်နည်းဟု အပေါ်မော့၍ စဉ်းစားလိုက်သောအခါ အလုပ်ရုံးခန်း၏ ထိပ်တည့်တည့် နံရံတွင် ချိတ်၍ထားသော တိုင်ကပ်နာရီကို လှမ်း၍ မြင်လိုက်ရ၏။

ကျွန်ုပ်သည် မျက်မှောင်တွန့်လျက် နာရီကိုကြည့်ပြီး...

'ကိုဦးရဲ့ နာရီက ရပ်နေတာလား'

ဟု မေးသောအခါ...

'ဟုတ်တယ်ဗျ၊ ရပ်နေတာ တော်တော်ကြာသွားပြီ။ ဓာတ်ခဲ လဲမယ်၊ လဲမယ်နဲ့ အလုပ်များပြီး မေ့နေလို့ မထည့်ဖြစ်ဘူး'

'အင်း...ဒါဆိုရင် တွက်တာ ချက်တာ ထားလိုက်ဦးဗျာ၊ ကျွန်တော် ပြောတာကို နားထောင်ကြည့်ပါဦး။ ''ကျက်သရေ''ဆိုတဲ့ဝေါဟာရကို သိရဲ့မဟုတ်လား'

'ဟုတ်ကဲ့ ပြောပါဦး'

ဟု ကိုဦးမှ စကားထောက်၏။

**''ကျက်သရေ''**ဆိုတာ ကမ္ဘာဦးအခါက ကြာပင်ပေါက်ခဲ့ပြီး ကြာပန်းကနေ ကြာနတ်သမီးတစ်ဦး ပေါ်ထွက်ခဲ့တယ်။ အဲဒီနတ်သမီးကို **''သိရီ''** ဟူ၍ လည်းကောင်း၊ **''လက္ခီ''**ဟူ၍ လည်းကောင်း အမည်ပေးပြီး ပူဇော်မှု ပြုကြတယ်လို့ သက္ကတဝေဒကျမ်းတွေမှာ ဆိုကြတယ်။

ကျွန်တော်တို့ ဗုဒ္ဓတရားတော်ထဲမှာတော့ **ဓတရဋ္ဌ နတ်မင်းကြီး၏ သမီး သိရီ(ခေါ်)လက္ခီ နတ်သမီးသည် ''ယောက်ျားမြတ်တို့၏ အမူအကျင့်ကို နှစ်သက်မြတ်နိုးခြင်း၊ စည်းစိမ်ချမ်းသာကိုပေးခြင်း''** စသည်တို့ကြောင့် သုစိပရိဝါရသူဌေးက နှစ်လိုကြည်ဖြူစွာ အိပ်ရာနေရာသစ် ပေးခဲ့တယ်လို့ ငါးရာ့ငါးဆယ်နိပါတ် သိရီကာလကဏ္ဏိဇာတကမှာ ဆိုခဲ့တယ်ဗျ။

ဒီတော့... ''ကျက်သရေ''ဟာ **ဘုန်းကျက်သရေ ဘောဂမလား၊ ဉာဏ်ပညာ**တို့ကို ပေးစွမ်းနိုင်သော နတ်သမီးလို့ အဓိပ္ပါယ်ရတယ်။

ကောင်းပြီ...ဒီတော့ ကျက်သရေဆိုတာ ဘယ်နေရာတွေမှာ တည်ရှိတတ်သလဲဆိုရင် **ဗြဟ္မဏ ဟိန္ဒူ**တို့ရဲ့ အလိုအရ...

**''သိရီနတ်သမီးသည် အိမ်ကောင်း အိမ်မွန်တို့၌လည်းကောင်း၊ မုစ်ဦး တံခါး၀ ပန်းမန် အလံ ထီး ကျောက် မျက်ရတနာ အသီးအနှံ တို့၌ လည်းကောင်း၊ ဆင် မြင်း ကျွဲ နွား** ကြက်



www.burmeseclassic.com

www.burmeseclassic.com

**စသည်တို့၌လည်းကောင်း ကိန်းအောင်းမွေ့လျော်တတ်သည်။ ထိုကိန်းအောင်းရာ ဌာနသည်ပင် ကျက်သရေနှင့် ပြည့်စုံသည်။ သို့မဟုတ် အသရေမည်၏''**

လို့ အဆိုရှိပါတယ်။

ဒါကြောင့် အများအယွင်းကိုသာ ပြုလုပ်တဲ့ လူတို့နေရာဌာနတို့ကို ကျက်သရေမရှိဘူး၊ ကျက်သရေ ယုတ်တယ်လို့ ပြောကြပြီး အများအယွင်းမရှိ လုပ်ပြီး သန့်ရှင်းစင်ကြယ်ခဲ့ရင် ကျက်သရေ ရှိတယ်လို့ ပြောကြတာပေါ့။

ကျွန်တော် စကားပြောတာ များနေပြီ၊ စိတ်ဝင်စားမှုကော ရှိရဲ့လား'

ဟု ကျွန်ုပ်မှ မေးလျှင်...

'ဟာ...ရှိပြီကောဗျာ၊ ဆက်ပြောစမ်းပါ'

ဟု ကိုဦးမှ စိတ်ဝင်တစား မေးမြန်းလေ၏။

'ဒါဆိုလဲ ပြောရတာပေါ့။ ကိုဦးရဲ့ အဖြစ်နဲ့ ဆက်စပ်တာကို ပြောတော့မှာပါ။ ဒီလိုဗျ... ဘုရားရှင် လက်ထက်တော်က အနာထပိဏ် သူဌေးဆိုတာ နိုင်ငံကျော်ပေါ့ဗျာ၊ ကိုဦးလဲ သိသားပဲ။

အနာထပိဏ်သူဌေးရဲ့ ကျောင်းနေဖက် ငယ်သူငယ်ချင်း ပုဏ္ဏားတစ်ဦးလဲ ရှိခဲ့တယ်။ အဲဒီပုဏ္ဏားဟာ တစ်နေ့တော့ တွေးမိသတဲ့။

ဘာလဲဆိုရင် အနာထပိဏ်သူဌေးဟာ အင်မတန်မှ ချမ်းသာကြွယ်ဝတယ်။ ဒါတင် မဟုတ်ဘူး။ တချို့သူဌေးတွေက လူချမ်းသာပေမယ့် စိတ်မချမ်းသာကြဘူး။ သောက,ဗျာပါရတွေနဲ့ ပွေလီပြီး သူဌေးအဖြစ်နဲ့ မတန်အောင်ကို ကိုယ်ရောစိတ်ပါ ပင်ပန်းကြရတယ်။

ဒီသူငယ်ချင်းကတော့ လူလဲ ချမ်းသာတယ်။ စိတ်လဲ ကြည်လင်ချမ်းသာမှု ရှိပေတယ်။ အိမ်မှာကြည့်ကြည့်၊ အလုပ်ရုံမှာကြည့်ကြည့် ''ကျက်သရေ''အပေါင်းနဲ့ ပြည့်စုံပြီးတော့ အေးချမ်းလှတယ်။

လာသမျှ ဆင်းရဲသားတွေကိုလဲ လိုအပ်တာမှန်သမျှ ပေးကမ်းစွန့်ကြဲလေ့ ရှိတယ်။ ဒီတော့ အနာထပိဏ်သူဌေးရဲ့ ကျက်သရေ တည်ရှိရာ အရာဝတ္ထုပစ္စည်းကို ငါ သွားပြီး အလှူခံရင် ကေန်ပေးမှာပဲ ဆိုပြီးတော့...

သူဌေးကြီးထံ သွားပြီး သူငယ်ချင်းတွေဆိုတော့ အာလာပသလ္လာပ ပြောဆိုရင်းနဲ့ ဘေးဘီကို ငဲ့စောင်းကြည့်ရှုပြီး ကျက်သရေ(သိရီဝတ္ထု) တည်ရှိရာဖြစ်တဲ့ ဝတ္ထုပစ္စည်းကို ရှာသတဲ့ဗျာ။

ဒီတော့ သူဌေးကြီးရဲ့ ''ကျက်သရေ'' ဟာ လုပပြီး အမောက်တလူလူရှိတဲ့ ကြက်ဖကြီးရဲ့ အမောက်မှာ တည်ရှိနေတယ်ဆိုတာ ပုဏ္ဏားကြီးက တွေ့ရှိသွားပြီး...

''သူငယ်ချင်းရေ ငါ့မှာ စီးပွားဥစ္စာတယ်ပြီး မချို့လှပါဘူး၊ နှိုပေမင့် အိမ်မှာ အလုမွေးချင်တဲ့အတွက် ဟိုကြက်ဖကြီးကို ငါ့ကို ပေးကမ်းပါ''

လို့ တောင်းသတဲ့။ သဒ္ဓါတရားကောင်းတဲ့ သူဌေးကြီးကလဲ...

''အသင် အလိုရှိရင်ဖြင့် ယူသွားပါ''

လို့ ပေးပါသတဲ့။

မှတ်သားစရာကတော့ သူဌေးကြီးက ကြက်ဖကို ပေးလိုက်တာနဲ့ တစ်ပြိုင်နက် အမောက်မှာ တည်ရှိနေတဲ့ ကျက်သရေဟာ သူဌေးကြီးရဲ့လက်သုံးတောင်ဝှေးမှာ ပြောင်းပြီး တည်ရှိနေပါသတဲ့ဗျာ။

ဝေဒဝိဇ္ဇာ,အင်္ဂဝိဇ္ဇာတွေကို ထုံးလိုချေ ရေလိုနှောက်ထားတဲ့ ပုဏ္ဏားကြီးကလဲ ကျက်သရေဟာ နေရာပြောင်းလေပြီလို့ သိရှိလိုက်တယ်။

ဒါနဲ့ ပုဏ္ဏားကြီးဟာ ဝှေ့လည်ကြောင်ပတ်နဲ့ အချိန်ဆွဲ စကားပြောပြီး အတန်ကြာတဲ့အခါ...

''သူငယ်ချင်းရေ ငါ့မှာ ထသွားထလာ တယ်မဟန်ချင်တော့ဘူး။ ဒီတော့ မင်းရဲ့တောင်ဝှေးကို ငါ့အားပေးစမ်းပါဦး''

လို့ တောင်းပြန်သတဲ့။ သူဌေးကလဲ ''ယူပါပေါ့''။

အဲဒီအချိန်မှာ ကျက်သရေဟာ ကလပ်ပေါ် တင်ထားတဲ့ ပတ္တမြားမှာ ပြောင်းရွှေ့တည်နေပြန်တယ်။

ပုဏ္ဏားကလဲ မရရင် မနေဆိုတဲ့ စိတ်နဲ့ အတန်ကြာတဲ့အခါမှာ ပတ္တမြားကို ထပ်တောင်းပြန်ပါတယ်။

သဒ္ဓါတရားမှာ ထိပ်ခေါင်ဖြစ်နေတဲ့ သူဌေးကလဲ ပေးပြန်ပါသတဲ့။

ဒီတစ်ခါတော့ ''ကျက်သရေ''ဟာ **သူဌေးကြီးရဲ့ ကြင်ရာတော် ပုညလက္ခဏာဒေဝီ သူဌေးကတော်ကြီးရဲ့** နဖူးဆံစပ်မှာ သွားပြီး တည်ရှိနေတော့ သတဲ့ဗျာ'

ကိုအောင်သန်းဦးသည် တဟဲဟဲနှင့် ရယ်၍ သဘောကျလျက်...

'ကောင်းဗျာ... ဒီတစ်ခါ ပုဏ္ဏားဘယ့်နှယ်လုပ် တောင်းမှာတုံး'

ဟု မေးလေ၏။

'ခင်ဗျား ပြောသလိုပေါ့ဗျာ... ပုဏ္ဏားကြီးလဲ မချိသွားဖြဲနဲ့ ရယ်ပြီး အဖြစ်မှန်ကို ပြောရတော့တာပေါ့။

''သူငယ်ချင်းရေ... မင်းရဲ့ ''ကျက်သရေ''ကို ခိုးယူမယ်ဆိုတဲ့ အကြံနဲ့ ငါလာခဲ့တာ။ ဒါပေမယ့် မင်းရဲ့ ဘုန်းကံကြောင့် ဖြစ်ပေါ်လာရတဲ့ ''ကျက်သရေ''ကို ငါ ယူသွားဖို့ဆိုတာ မဖြစ်နိုင်မှန်း သိရပါပြီ''



www.burmeseclassic.com

www.burmeseclassic.com

လို့ လက်လျှော့ကာ တောင်းခဲ့သမျှ ဥစ္စာပစ္စည်းတွေကိုလဲ ပြန်ပေးထားခဲ့တယ်လို့ အနာထပိဏ် သူဌေးရဲ့ ဇာတ်ကြောင်းမှာ ပါရှိပါတယ်။

ဒီတော့ဗျာ အလုပ်ကို အချိန်နဲ့ တိုင်းတာပြီး လုပ်နေရတဲ့ ခေတ်မှာ ''နာရီ''ဟာ အဓိကကျတဲ့ အစိတ်အပိုင်းမှာ ဖြစ်နေတာရယ်...

ရှေးဇာတ်ကြောင်းမှာလဲ နာရီအမှတ်ပြုရတဲ့ ကြက်ဖရဲ့ အမောက်မှာ ''ကျက်သရေ'' တည်ရှိခဲ့တာရယ်ကို ထောက်ရှုရင် ကိုဦးရဲ့ အလုပ်ရုံမှာ ကျက်သရေ တည်ရှိနိုင်တာက တိုင်ကပ်နာရီပဲ ဖြစ်လိမ့်မယ်ဗျ။

ကျက်သရေ တည်ရှိနေတဲ့ နာရီ စက်ရပ်သွားရင် ဘုန်းကျက်သရေတို့ ဘောဂဗလနဲ့ ဉာဏ်ပညာတို့လဲ ရပ်တန့်သွားတော့မပေါ့ဗျာ။

ဒါကြောင့် အလုပ်ရုံတွေ အိမ်ခန်းတွေမှာ ချိတ်ထားတဲ့ တိုင်ကပ်နာရီကို စက်ရပ်မသွားအောင် ဂရုတစိုက် ဓာတ်ခဲ လဲပေးခြင်း၊ ဖုံ၊အမှိုက် ရှင်းလင်းပေးခြင်းတို့ကို ပြုလုပ်ပေးရမယ်။


ဒါမှသာ ကျက်သရေဂုဏ်ကို အမြဲဆောင်ပြီး မင်္ဂလာယန္တရားကြီး အမြဲတမ်းလည်ပတ်နေမှာဗျ။

သတိထားကြည့်ရင် တွေ့ရမှာပါ။ တချို့အိမ်တွေ၊ အလုပ်ရုံတွေမှာ နာရီ စက်ရပ်နေတဲ့ အခါမျိုးမှာ...

အိမ်တွင်းမိသားစု တကျက်ကျက် ဖြစ်ခြင်း၊ အခု...ကိုဦးလို လုပ်ငန်းကိစ္စတွေ နှောင့်နှေးပြီး ကမောက်ကမ ဖြစ်တတ်ခြင်း စသည်တွေဟာ သတိထားစရာပေါ့ဗျာ'

'သဘာဝ ကျလိုက်လေဗျာ၊ ဒါဟာ လူတိုင်း၊ လုပ်ငန်းရှင်တိုင်း သိထားသင့်တဲ့ အကြောင်းအရာပဲ'

ဟု ကိုအောင်သန်းဦးသည်



ထောက်ခံမှု ပြုလေ၏။

'ဒါဆိုရင် ခင်ဗျားရဲ့နာရီကို သန့်ရှင်းစင်ကြယ်စေပြီးတော့ ဓာတ်ခဲ အသစ်လဲပေးလိုက်ပါ။ ဘယ်တော့မှ အကြာကြီး စက်ရပ်နေတာမျိုး မဖြစ်ပါစေနဲ့။

နောက်ပြီး လုပ်ငန်းခွင်ကို စ,ဝင်တိုင်းမှာ ဘုန်းကျက်သရေ တိုးတက်ပြီး အခြံအရံ ပေါများစေတဲ့ ဂါထာကို ရွတ်ဆိုပူဇော်ပြီးမှ လုပ်ငန်းကိစ္စ အဝဝကို ပြုလုပ်ပေးပါ။

အခု ကြုံတွေ့နေရတဲ့ လုပ်ငန်းနှောင့်နှေးခြင်း၊ အလုပ်သမားမမြဲခြင်း အစရှိတာတွေဟာ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင်လွင့်ပျောက်ပါလိမ့်မယ်'

ဘုန်းကျက်သရေတိုးစေသောဂါထာ

အတီတေ ဝတ္တမာနေ၊
ကုသလော ပကတော မယာ၊
ဇေတေန သစ္စဝဇ္ဇေန။
ဟောတု မေ သိရီဝဍ္ဎနံ၊
ဟောတု မေ တေဇဝဍ္ဎနံ၊
ဟောတု မေ ယသဝဍ္ဎနံ။

ခက်ခဲသော ပါဠိအသံထွက်

**ဝတ္တမာနေစ** = ဝတ်တမာနေစ
**သစ္စဝဇ္ဇေန** = သစ်စဝစ်ဇေန
**ဝဍ္ဎနံ** = ဝတ်ဒနံ

အနက်

**မယာ**–အကျွန်ုပ်သည်၊ **အတီတေ** – လွန်ခဲ့ပြီးရာ အတိတ်အခါ၌လည်းကောင်း၊ **ဝတ္တမာနေစ**–ယခု ပက်ပင်း လက်ငင်းဖြစ်ရာ ပစ္စုပ္ပန်အခါ၌ လည်းကောင်း၊ **ကုသလော** – ကုသိုလ်ကောင်းမှုအစုစုကို၊ **ပကတော**–တတ်စွမ်းသမျှ ပြုအပ်ပါပြီ။

**ဇေတေန သစ္စဝဇ္ဇေန**–ဤမှန်သော သစ္စာစကားကြောင့်၊ **မေ**–အကျွန်ုပ်အား၊ **သိရီဝဍ္ဎနံ**–ကျက်သရေ တိုးပွားခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း၊ **တေဇဝဍ္ဎနံ**–ထက်မြက်တန်ခိုး တိုးပွားခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း၊ **ယသဝဍ္ဎနံ**–အခြံအရံ တိုးပွားခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

နှစ်ပတ်မျှ ကြာသောအခါ၌ ကိုအောင်သန်းဦးသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာကာ ပြုံးရွှင်စွာနှင့် ကျေးဇူးစကားကို အထပ်ထပ်ဆိုလျက် အသပြာ ထည့်ထားသော စာအိတ်ကို အိတ်ထောင်ထဲသို့ အတင်းထိုးထည့်ပေးကာ ပြန်သွားလေတော့သည်။

***ကျက်သရေအပေါင်းနှင့် ပြည့်စုံကြပါစေ။***

**ဂါမဏီဇော်(ဗေဒဗိဇ္ဇာဝရ)**
**စစ်ကိုင်း**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# မန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၈၁၃ Y ၀၁၀၆၇၂) (တံဆ၀က(စာနယ်ဇင်း) ၀၀၇/၀၂၁၂) ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့်အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော် ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂွီဂွီ ကြားနေရ၏။မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ရံခါဝမ်းချုပ်၍ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာပိန်ချုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနီးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ ခွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျီးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျီးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျီးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်






www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား၊" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**

**ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။**

**ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၁၀၉၄**

**ရှမ်းပြည်နယ်ဖြန့်ချိရေး-**
**အမှတ်(ည/၉)၊ ဘုတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့။**
**ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉ ၄၇၃ ၂၂၂၁၃ ။**



www.burmeseclassic.com

www.burmeseclassic.com


မြဝတီနယ်မှ

# ကြံတိုင်းအောင်စေတီ နှင့် တတ်ချေအစီအရင် (၁)

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့မှ မြဝတီမြို့သို့ အာရှလမ်းမကြီးအတိုင်း သွား၍ ယခင် လမ်းဟောင်းနှင့်ဆုံရာ ကြက်လျှာစွန်းကို ကျော်သောအခါ လမ်း၏ လက်ဝဲဘက်(အနောက်ဘက်) တွင် အမှတ်(၃၅၅) ခြေမြန်တပ်ရင်းကို တွေ့ရ၏။

တပ်မြေအတွင်း တောင်ထွတ် အထက်၌ ရှေးမြန်မာဘုရင်များ တတ်ချေအစီအရင်ပြု ပူဇော်ထားသည့် စေတီတော်တစ်ဆူ ကိန်းဝပ်တော်မူ လေသည်။

မူလဘွဲ့မည်ကို မသိရသော်လည်း မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်တွင် စစ်ဖက်ဆိုင်ရာပုဂ္ဂိုလ်များ ကမကထ ပြုကာ ယိုယွင်းနေသည့် စေတီဟောင်းကို အသစ် မွမ်းမံတည်ဆောက်ခဲ့ရာ **"ကြံတိုင်းအောင် ပြည်လုံးချမ်းသာ စေတီတော်"**ဟူ၍ ဘွဲ့မည်ကပ်လှူ ထားပေသည်။




▲ ကြံတိုင်းအောင်စေတီတော်

## ရှေ့တော်မှောက်ဆီသို့

ဤစေတီတော်ဆီသို့ နတ်လမ်းညွှန် ပို့ဆောင်ပေးသူကား မြဝတီမြို့မှ ကိုခင်မောင်သန်းဖြစ်သည်။

ညီဖြစ်သူနှင့်အတူ ၁၉၈၀ ပြည့်လွန် နှစ်များက ကောလိပ်ကျောင်းနေဖက် များ ဖြစ်ကြရာ မြဝတီရောက်ခိုက် သူ ကပင် အစစအရာရာ ကူညီပို့ဆောင် ပေးခဲ့သည်။

မြဝတီမှ သင်္ကန်းညီနောင်သို့ (၉)မိုင်၊ ထိုမှ ကွင်းကလေးရွာလမ်းခွဲ ကို ကျော်လွန်က လမ်းဟောင်း လမ်းသစ်ဆုံရာ ကြက်လျှာစွန်း မရောက်မီ တပ်ရင်းအဝင်ဂိတ်၌ ဝင်ရောက်စုံစမ်းသည်။

ဂိတ်မှူးတပ်ကြပ်က စေတီတော်သို့

www.burmeseclassic.com




◆ စေတီတော်မြင်ကွင်း



ကုန်းတော်၌ သီတင်းသုံးတော်မူသော ဦးပညာဇောတ ◆

သွားရာလမ်းကို သေချာစွာ ညွှန်ပြကူညီပေးသည်။

ထိုဆရာ၏ လမ်းညွှန်ချက်အရ တောင်တက်ကားလမ်းအတိုင်း ကွေ့ပိုက်မောင်းနှင်ကာ စေတီတော်အရှေ့ဘက် ,စောင်းတန်းအခြေတွင် ဆင်းသက်လေ့လာ၏။

စေတီတော်တွင် အရှေ့ဘက် စောင်းတန်းလှေကားနှင့် အနောက်ဘက် အဝင်မုခ်နှစ်ခုသာ ရှိ၏။

တောင်ဘက်နှင့် မြောက်ဘက်တွင် ကား ချောက်ကမ်းပါးသာရှိသဖြင့် အရံတံတိုင်း ကာရံထားသည်။ အနောက်ဘက်မုခ်သို့အရောက်တောင်တက်ကားလမ်း ဖောက်လုပ်ထားလေသည်။

စောင်းတန်းလှေကားအစ နှစ်ဖက်နှစ်ချက်၌ နဂါးရုပ်ကြီးနှစ်ရုပ်ကို ပြုလုပ်ထား၏။ အနောက်မှ အရှေ့သို့ နိမ့်ဆင်းသွားသည့် ဆင်ခြေလျှောအတိုင်း (အရှေ့ဘက်)စောင်းတန်း ပြုလုပ်ထားခြင်းဖြစ်သည်။

**နဂါးနှစ်ကောင်၏ ဦးခေါင်းမှာ အနောက်ဘက် တောင်ကုန်းထက်ရှိ စေတီတော်သို့ ဦးတိုက်နေပုံဖြစ်ကာ အမြီးများသည် အရှေ့ဘက် အယုန်ချီလျက်ဆီသို့ လားရာပြုထားလေသည်။**

စောင်းတန်းလှေကားအတိုင်း တက်ကုန်းတော်ရင်ပြင်သို့ ရောက်သောအခါ ကြံတိုင်းအောင် စေတီတော်ကို လေးထောင့်အုတ်ခုံထက် အရံစေတီလေးဆူဖြင့် ဖူးတွေ့ရသည်။ အရပ်လေးမျက်နှာ မုခ်လိုဏ်လေးခု တည်ဆောက်၍ တင်ပျဉ်ခွေ ရုပ်ပွားလေးဆူ ပူဇော်ထားသည်။

ထူးခြားသည်ကား မုခ်လေးခုအနက် အရှေ့မုခ်တစ်ခုသာလျှင် နောက်ခံတံကဲ၌ ဒေါင်းရုပ်နှင့် ယုန်ရုပ်များ ခြယ်သထား၏။ **နေလဘုရား**ဟု ရည်ညွှန်း၏။ **အရှေ့နေထွက်၊ အနောက်နေဝင်၊ လောကတစ်ခွင်၊ ကမ္ဘာမြေအဝန်း**ဟု ဆိုကြသည်။

ဤအစီအစဉ်ကို ရက္ခန်းစင်တောင်ဆရာတော်ကြီးသည်လည်း ကျင့်သုံးတော်မူခဲ့သည်။ နယ်ချဲ့အစိုးရ၏ လက်အောက်မှ လွတ်ကင်းနိုင်ရန် အတွင်းလမ်းမှ ဆန့်ကျင်ခဲ့ရာ သာသနာတော် ထွန်းတောက်အောင်ပြု၍ မိစ္ဆာအယူဝါဒီတို့အား တွန်းလှန်ခြင်းဖြစ်သည်။

သာသနာ အစပြုရာ ရာမညတိုင်း ဒေသတွင် **နေလဘုရား(၄၇)ဆူ** တည်လုပ်တော်မူသည်။ ဆရာတော်အားထားရသော သာဝက နှစ်ဦးရှိရာ **"ကုန်းတွင် ခန္တီ၊ ရေတွင် စန္ဒီ"** ဆိုကြ၏။ ရေနှင့်စပ်လျဉ်းရာ ဒေသများ၌ ရသေ့ကြီး(ဦး)ဘိုးသုစန္ဒီ၊ ကုန်းတွင်းပိုင်းဒေသများတွင် ရသေ့ကြီး ဦးခန္တီတို့က တာဝန်ယူ ဆောင်ရွက်ပေးကြသည်။

သို့ဖြစ်ရာ ရသေ့ကြီးဦးခန္တီက နေလဘုရား(တင်ပျဉ်ခွေရုပ်များ) (၄၇)ဆူကို ဦးဆောင်သွန်းလုပ်ခဲ့သည်။

**မော်လမြိုင်မြို့ တောင်ရိုးတန်း ဦးဇိနစေတီ မြောက်ဘက်ကပ်လျက်ရှိ ပန်းရံပြုဝင်းအတွင်းမှ နေလဘုရားသည် ပထမဆုံး ရုပ်ပွားတော် ဖြစ်သည်ဟုဆိုလေသည်။**


**[နေလဘုရားများနှင့် ပတ်သက်၍ ရက္ခန်းစင်တောင် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိတွင် လေ့လာနိုင်ကြပါသည်။]**






www.burmeseclassic.com

www.burmeseclassic.com





▲ နဂါးရုပ်များ ဝန်းရံထားရာ အရှေ့ဘက် တောင်တန်းအစ

အရှေ့ဘက်မုခ်လှိုဏ်မှ နေလဘုရား ▶

ယခု ဖူးတွေ့ရသော နေလဘုရား မူလ တည်လုပ်သူသည် တစ်စုံတစ်ရာသော ကျူးကျော်မှု ရန်စွယ်ကို နှိမ်နင်းဖျက်ချေသည့် ဓာတ်ချေအစီအစဉ် ဖြစ်ပေသည်။

ယင်းအတွက် မူလ စေတီဒါယကာကို လေ့လာမှသာ အကျိုး အကြောင်းဖြစ်စဉ်ကို သိရပေလိမ့်မည်။ **[၁၃၃၃ ခုနှစ်တွင် ထပ်မံတည်ဆောက်သည် ဆိုသော်လည်း မူရင်းလက်ရာ မပျက်အောင် ထိန်းသိမ်းပြုပြင်ခဲ့သည်ဟု ဆိုသောကြောင့် ဖြစ်သည်။]**

## ရင်ပြင်တာစ်ဆို

ရင်ပြင်မြောက်ဘက် အရံတံတိုင်း အနီးတွင် တန်ဆောင်းရှည်တစ်ခု ရှိ၍ လက်ယာဘက် အစွန်မှစ၍ သာမည ဆရာတော်ရုပ်တု၊ ထိုမှ လက်ဝဲဘက်၌ အဘဘိုးဘိုးအောင်နှင့် အဘအောင်မင်းခေါင်၊ ရှမ်းစော်ဘွားကြီးနှင့် ဦးလုံထော်၊ မြနန်းကျင်၊ မြစိမ်းရှင်၊ မြနန်းရှင် ညီအစ်မသုံးဖော်၊ စောမွန်လှ ညီအစ်မနှစ်ဖော် စသည့် ရုပ်တုများကို အခန်းကိုယ်စီ သွန်းလုပ်ထားရှိသည်။

ဤစေတီတော်အား အသစ်တစ်ဖန်တည်လုပ်စဉ်က ကူညီခဲ့ကြသော ရဟန်းရှင်လူ၊ ဝိဇ္ဇာ၊ မြင်အပ်၊ မမြင်အပ်သော ပုဂ္ဂိုလ်များအား ရည်စူးသွန်းလုပ်ထားခြင်းဖြစ်ကြောင်း သိရ၏။

တောင်ဘက်တံတိုင်း အနီးတွင်ကား ၁၃၃၃ ခုနှစ် ကမ္ပည်းပါ ခေါင်းလောင်းစင်ကို နဂါးနှစ်ကောင်ဖြင့် တန်ဆာဆင် လှူဒါန်းထားသည်။

အနောက်ဘက် အဝင်မုခ်အနီးရှိ တန်ဆောင်းတွင်း၌ အလောင်းမင်းတရား ဦးအောင်ဇေယျ ရုပ်တုကြီးကို မြင်တွေ့ရလေသည်။ ထိုမှ အောက်ခြေ၌ အာရုလမ်းမကြီးကို ဆီးမိုး မြင်တွေ့ရ၏။

အနောက်ဘက်အဝင်မုခ် အပြင်ဘက်၌ **"ကြံတိုင်းအောင် ပြည်လုံးချမ်းသာစေတီ"**ဟူသော ကမ္ပည်းဆိုင်းဘုတ် စိုက်ထူထား၍ အနီး၌ ကျွန်းတိုင်ကြီး တစ်တိုင်ကိုလည်း တွေ့ရသည်။

**တိုင်ခြေအုတ်ခုံတွင် (အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထားကိုးကွယ်သော စေတီတော်မြတ် မူလတံခွန်တိုင်)**ဟူ၍ မှတ်တမ်းတင်ထားသည်။

## ဖြစ်စဉ်တော်အကျဉ်း

ရင်ပြင် အနောက်မြောက်ထောင့် အရပ်တွင် ဓမ္မာရုံတစ်ဆောင်ရှိ၍ ရဟန်းတစ်ပါး သီတင်းသုံးတော်မူကြောင်း သိရသဖြင့် ဝင်ရောက်ဖူးတွေ့သည်။

ဦးပညာဇောတဟု ဘွဲ့မည်ရှိ၍ ဤကုန်းတော်တွင် အဓိဋ္ဌာန်ဝင်အားထုတ်ရာမှ ခြေမြန်တပ်ရင်းနှင့် ဝန်းကျင်ကျေးရွာများမှ ထောက်ပံ့မှုဖြင့် (၄)ဝါတိုင်အောင် သီတင်းသုံးဖြစ်ခဲ့သည်ဆို၏။ စေတီဖြစ်စဉ်တော်နှင့် ပတ်သက်၍မူ ဤသို့ မိန့်ကြား၏။

"ဦးပဉ္ဇင်းက ဖြစ်စဉ် ယေဘုယျ အကြမ်းဖျင်းလောက်ပဲ သိပါတယ်။ ဆရာတော်ကြီးတွေ၊ သုတေသီတွေကမှ ပိုသိပါလိမ့်မယ်။

ကြားသိရသလောက်ကတော့ အယုဒ္ဓယကို စစ်ချီလာတဲ့ မြန်မာဘုရင်တစ်ပါး မြဝတီကို ရောက်တော့ ဒီနေရာမှာ စခန်းချပြီး အစီအစဉ်ရေးဆွဲ စစ်ပြင်ပါတယ်။

www.burmeseclassic.com



၁၃၇၃ ခုနှစ် ကမ္ပည်းပါ ခေါင်းလောင်းနှင့် နဂါးရုပ်ခေါင်းလောင်းစင်

ဒီဘုရင်က သုံးရက်အထက်အကြာ စခန်းချခဲ့တဲ့ နေရာတိုင်းမှာ စေတီတစ်ဆူစီ တည်ခဲ့သတဲ့။ စေတီငယ်ကလေးပေါ့။

ဒီကုန်းတော်ရောက်တော့ အယုဒ္ဓယကို အောင်မြင်ဖို့ အစီအရင်ပြုတဲ့ အနေနဲ့ စေတီရဲ့ အယုဒ္ဓယဘက်ဆီ အမြီးညွှန်ထားတဲ့ နဂါးကြီးနှစ်ကောင် သွန်းလုပ်သတဲ့။ အစီအရင်ပညာကိုတော့ ဦးပဉ္ဇင်း နားမလည်ပါဘူး။

နဂါးနှစ်ကောင်ကတော့ မူလလက်ရာအတိုင်း မွမ်းမံထားတာ ဒကာတို့ တွေ့ကြမှာပေါ့'

'တင်ပါ့... အရှေ့ဘက် စောင်းတန်းမှာ တွေ့ခဲ့ပါတယ်။ ဒါထက် ဘယ်ဘုရင်လဲဆိုတာ အရှင်ဘုရား သိပါသလား'

'မသိပါဘူး ဒကာ၊ ဒီကနေမှ မြဝတီက ပြည်တော်ဝင်စေတီကို တည်သတဲ့။ ဒီမှာတော့ ဦးအောင်ဇေယျရုပ်တု လုပ်ထားတာပဲ။ သမိုင်းဆရာတွေကတော့ ဦးအောင်ဇေယျ ယိုးဒယား(ထိုင်း)ကို စစ်ချီခဲ့ပေမယ့် မြဝတီကို မရောက်ဘူးလို့ ပြောကြပါရဲ့'

'တင်ပါ့ဘုရား... ကုန်းဘောင်ဆက် ရာဇဝင်အရ စစ်တောင်း၊ မုတ္တမ၊ ထားဝယ်က တစ်ဆင့် အယုဒ္ဓယကို စစ်ချီပါတယ်၊ ရာသီဥတုနဲ့ ကျန်းမာရေး အခြေအနေအရ လာလမ်းအတိုင်း ပြန်ဆုတ်တော့ ရှစ်ရက်အကြာ မုတ္တမမြို့ ကင်းရွာအရောက်မှာ နတ်ရွာစံတယ် ဆိုပါတယ်ဘုရား'

'ဒါကြောင့်လဲ မင်းအမည် မသိရဘူးလို့ ဆိုတာပါ။ ဒကာတို့လို စာပေသုတေသီတွေ ရှာဖွေ ဖော်ထုတ်ပေးကြပါဦး'

'အရှင်ဘုရား ဒီကုန်းတော်မှာ သီတင်းသုံးတော့ ထူးခြားမှုတွေ ကြုံရသေးသလား။

ဒီမြေနေရာ ဝန်းကျင်မှာ အရင် တိုက်ပွဲအဆက်ဆက် ကျဆုံးခဲ့သူတွေ အများကြီး ရှိခဲ့ပြီး အခြောက်အလှန့် ကြီးတယ်လို့ မြဝတီက လူကြီးသူမတွေ ပြောတာ ကြားဖူးလို့ပါ ဘုရား'

'ဦးပဉ္ဇင်း အဓိဋ္ဌာန်ထက်တည်းက ကမ္မဋ္ဌာန်းအလုပ်မှာ မြဲမြံခဲ့ပါတယ်။ ဦးပဉ္ဇင်းရဲ့ ဆရာဖြစ်တဲ့ ရွှေဟင်္သာဆရာတော်ကြီးက မောင်ပဉ္ဇင်း ဒီမှာ အမြဲနေပါ။ ဆွမ်းကွမ်း ပစ္စည်းလေးပါးအတွက် မိမိစရဏကြောင့် သမ္မာဒေဝတွေက ကူညီဆောင်ရွက်ပေးကြပါလိမ့်မယ်လို့ မိန့်မှာပါတယ်။

ဒီလိုနဲ့ ထိုင်းကနေ နှစ်ပိုင်း အခုတော့ လေးဝါ မြောက်ခဲ့ပါပြီ။ တရားအလုပ်ကို စွဲစွဲမြဲမြဲရှိရင် အကူအညီတွေ ရလိမ့်မယ်လို့ပဲ ပြောပါရစေ ဒကာကြီး'

ယင်းနောက် ဆွမ်းဘုဥ်းပေးရန် အချိန်သင့်ပြီဖြစ်၍ ကန်တော့နှုတ်ဆက်၍ ပြန်ထွက်လာခဲ့လေသည်။

ရှေ့လ ဆက်ဖတ်ပါရန်

ဇင်ညိုငယ်


**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဖတ်ရှုလိုသူများသို့...**

စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို
လပေးဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
ငွေးယူစနစ်ဖြင့်
တစ်လလျှင် ၂၆၀၀/ကျပ်
(နှစ်ထောင့်ခြောက်ရာကျပ်နှုန်း)
ကျသင့်ပါသည်။
လပေးဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
အမှတ် ၂၀၉-မြေညီ၊
၂၉-လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း
၀၉-၇၃၆၃၄၉၇၈၅
၀၉-၉၆၈၀၀၄၃၁၂




www.burmeseclassic.com

www.burmeseclassic.com

လောကကြီးတွင် မဖြစ်နိုင်သည့်ကိစ္စမရှိပါ၊ မဖြစ်သေးသည့်ကိစ္စသာ ရှိပါသည်။ တစ်ခါတစ်ရံ အံ့သြလောက်အောင် ထူးခြားဖြစ်စဉ်များ တွေ့ရှိရပါသည်။ ၂၀၁၆ ခုနှစ် (၇)လပိုင်းဆန်းတွင် ကျွန်တော်သည် **စာရေးဆရာထက်ကောင်းလတ်(မင်းဘူး)** အိမ်သို့ အလည်သွားပါသည်။

ဆရာထက်ကောင်းလတ် (မင်းဘူး) အိမ်တွင် ပြည်၊ ရွှေတောင်မြို့မှ မျက်စိလာကုနေသော ဒေါ်မြမာလာနှင့် တွေ့ပါသည်။ ဒေါ်မြမာလာမှ သူ၏ သားလူဝင်စားလေးအကြောင်း ပြောပြပြီး ဆရာထက်ကောင်းလတ်အား မဂ္ဂဇင်း၊ ဝတ္ထု၊ စာဆောင် တစ်ခုခုတွင် ဆောင်းပါးရေးထည့်ပေးရန် အကူအညီ တောင်းပါသည်။

ဆရာထက်ကောင်းလတ် အိမ်သည် မျက်စိအထူးကုဆရာဝန်ကြီးအိမ်နှင့် ကပ်လျက်ရှိပြီး မျက်စိကုရန် လာရောက်နေသော ဧည့်သည်များအား ညအိပ် တည်းခိုနိုင်ရန်အတွက် အိပ်ခန်းများဖွဲ့၍ စီစဉ်ထားပါသည်။

တည်းခိုခန်းခမှာ တစ်ညမှ(၅၀၀)ကျပ်သာဖြစ်၍ ဈေးနှုန်းချိုသာသဖြင့် တည်းခိုသူများ များပြားပါသည်။

ဆရာထက်ကောင်းလတ်မှာ (၇)လပိုင်းဆန်းမှာပင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားပါသည်။

ဆရာထက်ကောင်းလတ် ကွယ်လွန်သွား၍ ကျွန်တော့်အား ဒေါ်မြမာလာမှ ဆရာထက်ကောင်းလတ်နှင့် ရင်းနှီးသော မိတ်ဆွေ စာရေးဆရာမှန်း သိ၍ သူ့သား လူဝင်စားလေးအကြောင်းကို ဝတ္ထုဆောင်းပါးရေး ထည့်ပေးရန် မှတ်တမ်းဓာတ်ပုံများပေးလျက် အကူအညီတောင်းပါသည်။

ဤလူဝင်စားလေး၏ ထူးဆန်းမှုကို စာဖတ်ပရိသတ်များကို သိစေရန် ယခုဆောင်းပါးရေး၍ ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

**ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း ပြည်ခရိုင်၊ ရွှေတောင်မြို့၊**

# ထူးထူးခြားခြား လူဝင်စား




▼ ပထမဘဝ မသီတာဦးပုံ



▼ ဒုတိယဘဝ လူဝင်စားလေး မောင်စည်သူလွင်နှင့် သူ၏ မိခင်ပုံ

www.burmeseclassic.com

**သရက်တောရပ်ကွက်၊ ထုံးတန်းလမ်းနေ ဦးရဲနီ၊ ဒေါ်မြမာလာ**တို့တွင် တစ်ဦးတည်းသော သမီးလေး မသီတာဦး ရှိပါသည်။ ရွှေတောင် အ.ထ.ကတွင် (၁၀)တန်းပညာ သင်ကြားလျက် ရှိပါသည်။

၁၃၆၃ ခုနှစ်၊ ပြာသိုလပြည့်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ညောင်ဇင်ကျေးရွာသို့ မိသားစု(၃)ယောက် အဘိုးအဘွား ဆွေမျိုးသားချင်းများကို မမြင်ဘူး၍ အလည်အပတ် သွားရောက်ပါသည်။

မသီတာဦးမှာ ရုတ်တရက် အစာအိမ်သွေးကြောပေါက်၍ ဆေးခန်းတွင် ကုသမှုခံယူရာ၊ ပြာသိုလပြည့်ကျော် (၁)ရက်နေ့ နံနက်(၂)နာရီတွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့ပါသည်။

မည်သူ့ကိုမျှ အကြောင်းမကြားမီ ယင်းနေ့ နံနက်(၈)နာရီခန့်တွင် ရွှေတောင်မြို့မှ အဒေါ် ဖြစ်သူအား ဝိညာဉ်ပူးကပ်၍ ပြောပြသဖြင့် သေဆုံးခြင်းကို သိရပါသည်။

သေဆုံးပြီး (၅)လအကြာတွင် အဒေါ်ဖြစ်သူအား ဒုတိယအကြိမ် ဝိညာဉ်ပူးကပ်၍ ယင်းကျန်ခဲ့သော ရွှေများရောင်းချပြီး ဝါဆိုသင်္ကန်း ကပ်လှူခိုင်းပါသည်။

'အလှူနေ့တွင်...

'ယောက်ျားလေးဘဝနှင့် ပြန်လာမည့် ကိုယ်ဝန်ဖျက်မချပါနှင့်'

ဟု ထပ်မံပူးကပ်၍ ပြောပြန်ပါသည်။

သေဆုံးပြီး (၅)လအကြာ မိခင်တွင် ဒုတိယသားကိုယ်ဝန် ရရှိလာပါသည်။ မွေးလာတော့ သားလေးဖြစ်နေပါသည်။ မိခင်တွင် ဒုတိယသားလေး ရလာပြီး စည်သူလွင်ဟု အမည်ပေးခဲ့ပါသည်။

ယခင် မိန်းကလေးဘဝက သောကြာသမီးလေးဖြစ်ပြီး ယခု သားလေးဘဝတွင်လည်း သောကြာသားလေးပင် ဖြစ်ပါသည်။ စည်သူလွင် (၂)နှစ်သားအရွယ်တွင် ယခင် ဘဝဟောင်းက သူ၏ အဝတ်အစားများ ဝတ်လာသည့် သူအား သူ့ခိုးဟု ခေါ်၍ ပြန်တောင်းပါသည်။

သူ၏ အဝတ်အစားများမှာ သူ့အဒေါ်က ဆင်းရဲနွမ်းပါးသည့် ကလေးများအား ပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။ သူစီးခဲ့သော စက်ဘီးကိုလည်း "သမီး စက်ဘီးပြန်မရောင်းပါနှင့် သူကျောင်းတက်ရင်စီးမယ်" ဟု ပြောပါသည်။

**မောင်စည်သူလွင်မှာ အတိတ်ဘဝကို ပြန်လည်ပြောပြနိုင်သူ ကြိုတင် အသိပေးနိုင်သူ ထူးခြားသူဖြစ်ပါသည်။ သေဆုံးပြီး (၃)လအကြာကလည်း သူ့ အဒေါ်အား အကြိမ်ကြိမ်ပူးကပ်၍ မိဘများနှင့် မခွဲနိုင်ဘူး၊ လူပြည်ပြန် ရောက်အောင် လာမယ် ဟုပြောပါသည်။**

ယခုအခါ မောင်စည်သူလွင်မှာ ရွှေတောင်သရက်တော အ.ထ.ကတွင် (၈) တန်းပညာသင်ကြား လျက်ရှိပါကြောင်း "**ထူးထူးခြားခြား လူဝင်စား**" အကြောင်း ဖြစ်ရပ်မှန်အား ဓာတ်ပုံမှတ်တမ်းများနှင့် တကွ အံ့သြဖွယ်ရာ ဖော်ပြလိုက်ရပါသည်။

**မြလွင်အောင်**(*မင်းဘူး*)

စာမျက်နှာ (၉၅)မှ အဆက်

ရရင် ဒီလှည်းတိုက်/ကားတိုက်ဖြစ်မှုလေးရဲ့ ဆောင်ရွက်မှုလေးကို ဆရာဖြစ်တတ်တဲ့ အကြောင်းအရာကို မသိခဲ့ရိုးအမှန်ပဲ မောင်ဝင်းမြင့်...

နက္ခတ္တရောင်ခြည်မှာပါတဲ့ လက်တွေ့အစီအမံ၊ ဂါထာ၊ ဆေးမြီးတိုတွေကို ယုံကြည်တာမို့ ဆရာကလဲ ပေးလိုက်မိတာပဲပေါ့ကွာ'

'စောစောကသာ ဒီလောက်ထိရောက်မှုနဲ့ တုံ့ပြန်မှုစွမ်းအားရှိမှန်းသိခဲ့ရင် မလုပ်ခဲ့ပါဘူးဆရာရယ်။ ကျွန်တော် လွယ်ကူပြီး ခိုက်တဲ့မိုက်တဲ့ လက်ပြန်ရေအစွမ်းကို တအံ့တသြဖြစ်ရပါတယ်ဗျာ'

'ဒါပေါ့ မောင်ဝင်းမြင့်... အစီအမံ တစ်ခုမှာ မမြင်နိုင်တဲ့ စွမ်းအား ဓာတ်သဘောတွေရှိတာ သဘာဝမို့ လူတွေရှေးထုံးကိုလဲ ပယ်လို့ မရဘူးပေါ့ကွာ။ ငါလဲ ဒီ ဗဟုသုတတွေရလို့ တစ်ဆင့် ပြောပြနိုင်တာဟာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းရဲ့ ကျေးဇူးကြောင့် ဆိုပါတော့ကွာ'

'ဟုတ်ပါတယ် ဆရာ။ ကျွန်တော်လဲ ထပ်ဆင့်ထောက်ခံ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ကျေးဇူးတင်မိပါတယ် ဆရာ။ အိမ်တစ်အိမ်ကို ကား (သို့မဟုတ်) လှည်း တစ်ခုခုတိုက်မိရင် တိုက်မိတဲ့လှည်းက ကန်တော့ပွဲနဲ့ တောင်းပန်သင့်တဲ့အကြောင်း၊ မဖြစ်မနေ တောင်းပန်ဖို့အကြောင်း...။

ဒီလိုမှ မတောင်းပန်ခဲ့ရင် အတိုက်ခံရတဲ့အိမ်က "မကောင်းသော ဘေးဒဏ်ပါ"ဆိုပြီး လောင်းမိခဲ့ရင် လောင်းလိုက်တဲ့ လက်ပြန်ရေအစွမ်းဟာ အရမ်းခိုက်၊ အရမ်းမိုက်ကြောင်း သတိချပ်စေဖို့ ပြောလိုက်ချင်တယ်ဗျာ။

**ကိုရွှေမောင်** (*ဒေါင်းအင်းကုန်း*)



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေမောင်
(ဒေါင်းအင်းကုန်း)

# ခိုက်တဲ့ လက်ပြန်ရေနှင့် ကျေးဇူးတင်ပါသည် နက္ခတ္တရောင်ခြည်

'ဆရာ'

'ဩော်...မောင်ဝင်းမြင့် လာ...လာ'

'ကျွန်တော် ဆရာ့ကို မေးမြန်းစရာ ရှိလို့ လာခဲ့တာ ဆရာ'

စာရေးသူသည် အကြောင်းအရာ တစ်ခုခုအပေါ် လေးလေးနက်နက် စဉ်းစားဟန်ဖြင့် ရောက်လာသော မောင်ဝင်းမြင့်အား နေရာပေးလိုက်ရင်း...

'ဆိုပါဦး မောင်ဝင်းမြင့်'

'ကျွန်တော် ဆရာ့ဆီ တစ်ခါက အကူအညီတောင်းခဲ့တာ မှတ်မိသေးလားဆရာ'

'မောင်ဝင်းမြင့်အိမ်ကို လုထွန်းရဲ့ လှည်း တိုက်မိတဲ့ကိစ္စလား'

'ဟုတ်တယ် ဆရာရဲ့။ ဆရာပြောတဲ့အတိုင်း လှည်းမောင်းတဲ့လုထွန်းကို ကန်တော့ပွဲနဲ့ တောင်းပန်ဖို့ပြောတယ်။ လုထွန်းနဲ့ ကျွန်တော်နဲ့က အရင်းနှီးဆုံး သူငယ်ချင်းတွေဆိုတော့ အတင်းအကျပ်လဲ မပြောမိဘူးပေါ့ ဆရာ။

ဒီကောင်က အယူအဆမရှိဘူး။ အယူသီးမနေနဲ့ဆိုပြီး ဘာမှ လုပ်မပေးဘူး။ ကျွန်တော်က အယူအဆရှိတဲ့သူဆိုတော့ စိတ်ထဲ မတင်မကျနဲ့ နေရတာ ရှင်းဘူး။ သံသယစိတ်တွေအပြည့်နဲ့ ဖြစ်နေတာ၊ ဘာလုပ်ရမှန်းမသိတာနဲ့ ဆရာ့ဆီ အကူအညီတောင်းခဲ့တာ။

ဆရာပြောတဲ့အတိုင်း **"အိမ်ကို လှည်းဖြစ်စေ၊ ကားဖြစ်စေ တစ်ခုခု တိုက်မိရင် ကားပိုင်ရှင်၊ လှည်းပိုင်ရှင်က တိုက်မိတဲ့အိမ်ကို ကန်တော့ပွဲနဲ့ တောင်းပန်စေ၊** မတောင်းပန်က **"မကောင်းသော ဘေးဒဏ်ပါ"** ဆိုပြီး အိမ်ပိုင်ရှင်က **ကား(သို့မဟုတ်) လှည်းရဲ့ထိပ်ဦးပိုင်းကို လက်ပြန်ရေလောင်း**ဆိုလို့ ကျွန်တော် ခွက်တစ်ခွက်ထဲ ရေထည့်ပြီး လုထွန်းမောင်းတဲ့ လှည်းထိပ်ကို **"မကောင်းသော ဘေးဒဏ်ပါ"**ဆိုပြီး လက်ပြန်ရေ လောင်းလိုက်တယ်ဆရာ'

'ဟုတ်တယ် မောင်ဝင်းမြင့်။ ဆရာ အဲဒီ ကားတိုက်၊ လှည်းတိုက်၊ အခိုက်ပြေတဲ့နည်းကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတစ်အုပ်မှာ တွေ့လို့ စာအုပ်ထဲမှတ်ထားတာ အဲဒီနည်းအတိုင်း ကြည့်ပြီး ပြောခဲ့တာလေကွာ'

'ဆရာပြောတဲ့အတိုင်း ကျွန်တော် လုထွန်းမောင်းတဲ့ လှည်းဦးကို လက်ပြန်ရေလောင်းပြီးတဲ့ နောက်ပိုင်း သတိထားပြီးနေခဲ့မိတယ်။ လုထွန်းမောင်းတဲ့လှည်းက သူ့ကိုယ်ပိုင်လှည်း မဟုတ်ဘူး ဆရာ။ သူနဲ့ ဆွေရိပ်မျိုးရိပ် မကင်းတဲ့အထဲက ခေတ္တခဏ ယူထားတဲ့လှည်း ဆရာရဲ့။

နွားကတော့ သူ့နွား(၂)ကောင်ပေါ့ ဆရာ။ တိုက်တိုက်ဆိုင်ဆိုင်ပဲလား မသိဘူး။ မကြာမှီနှောင်းခင်မှာပဲ လှည်းမောင်းတဲ့လုထွန်းကလေးတစ်ယောက် ကျန်းမာရေးမကောင်း ဖြစ်တယ်။

ဒီထက် တိုက်ဆိုင်မှုက လှည်းပိုင်ရှင်ဖြစ်တဲ့သူမှာလဲ ပြဿနာတွေ အကြီးအကျယ်ဖြစ်ပြီး ရုံးရောက်၊ ဂတ်ရောက်၊ အချုပ်အနှောင်ခံရ ငွေရေးကြေးရေးတွေ သောက်သောက်လဲ ကုန်ပါရောလား။ အဲဒါ သတိထားမိလို့ လှည်းတိုက်မိလို့ မတောင်းပန်ရင် လက်ပြန်ရေလောင်းခံရတဲ့သူမှာ ဒီလို ဖြစ်တတ်လား ဆရာ'

'အေး... မင်း မေးတဲ့အမေးကို ဆရာ ဘယ်လိုဖြေရမလဲ။ အမှန်ပြော

 စာမျက်နှာ (၉၇)သို့

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝ၇၁၁YR ၀၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကို။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်၊ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဩော်… ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်, ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း, လေဖြတ်, သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်,လက်တုန်၊ လည်ပင်း,ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်းနည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'

ဆရာမြင့်
**စကြာမင်းဆေးတိုက်**
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သုန္ဒာမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၄၁

**ဦးဇော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

ရွှေတောင်မြေ့မှ

# မှယ်တော်ကျေးရှုးဓမြ စေတီများ (၂)

စင်သိုင်း

ယခင်လမှ အဆက်


ထိုမြွေကြီး ရောက်လာသည့်နောက်ပိုင်းတွင် ဘုရားဖူးပရိသတ်များပြားစည်ကားလာကာ အရှေ့ဘက်ရှိ ဓမ္မသာလာ အပါအဝင် သာသနိက အဆောက်အအုံများ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

မြွေကြီး ကွယ်လွန်ပြီးနောက် မကြာမီ ရွာတွင်းမှ အမျိုးသမီးတစ်ဦး အိပ်မက် မက်မြင်သည်မှာ ဧရာဝတီမြစ်ကမ်းနံဘေးတွင် မြွေကြီးတစ်ကောင်က သူ့ကို မြသိန်းတန်စေတီသို့ ပို့ပေးပါရန် ပြောဆိုသည်။

လူအများ စုဝေး၍ အဆိုပါနေရာသို့ သွားကြည့်သောအခါ မြွေဖိုတစ်ကောင် မြင်တွေ့ရသဖြင့် စေတီလိုဏ်တွင်းသို့ ပို့ဆောင်ပေးခဲ့ကြသည်။ ယခုမြင်တွေ့ရသော မြွေကြီးဖြစ်လေသည်။

မြသိန်းတန်စေတီတွင် ဘုရားဖူးမြွေများ ရောက်ရှိလာကြောင်း သတင်းကြားရသဖြင့် ပခုက္ကူနယ်မှ ဒါယကာအချို့က မြွေနှစ်ကောင် ပေးပို့လာကြရာ စေတီလိုဏ် လက်ဝဲဘက်ထောင့်တွင် တွေ့ရသည်။

တင်ပျဉ်ခွေ ရုပ်ပွားငယ်တစ်ဆူ ပူဇော်ထားသော အုတ်တိုက်ငယ် အတွင်းတစ်ကောင်၊ အမိုးထက်တွင် တစ်ကောင် ရှိနေကြလေသည်။



ရုပ်ပွားတော် ထွက်ပေါ်လာသည့် တန်ဆောင်းထောင့်

## ပေါ်တော်မူရုပ်ပွားတော်

စေတီတော်ပြုပြင်ရာ တနင်္ဂနွေထောင့် အရံစေတီအောက်မှ ရှေးဟောင်းရုပ်ပွားတော်တစ်ဆူ ထွက်ပေါ်လာသည်။ ကျွမ်းကျင်သူများက သတ္တုငါးမျိုးစပ် ပဉ္စလောဟာ ရုပ်ပွားတော်ဖြစ်၍ အေဒီ (၁၁)ရာစုနှစ် လက်ရာဖြစ်သည်ဟု ဆိုကြသည်။

ထိုရုပ်ပွားတော်ကို ရွာကျောင်း၌ ထိန်းသိမ်းပူဇော်ထားရာ စေတီတော်သို့ ရောက်ရှိလာသူတို့ ဖူးမြော်နိုင်ရန် ကိုယ်စားပုံတူ ရုပ်ပွားတော်တစ်ဆူကို အင်္ဂတေဖြင့် သွန်းလုပ်ပူဇော်ခဲ့သည်။ စေတီလိုဏ် လက်ဝဲဘက်ထောင့်တွင်



www.burmeseclassic.com

www.burmeseclassic.com





◆ မြို့ဟောင်းစေတီကုန်းတော်

မြို့ဟောင်းစေတီ ◆

ဖူးမြော်ရသည့် ရုပ်ပွားငယ် ဖြစ်လေသည်။

ဦးစွာ ရောက်ရှိလာသော မြွေမကြီးသည် ထိုပေါ်တော်မူ ဘုရားပုံတူအားရစ်ခွေခြင်း၊ ပေါင်ခွင်ထက် မေးတင်လျှောက်နေခြင်း စသည့် ထူးခြားသောအပြုအမူများကို ဓာတ်ပုံမှတ်တမ်းပြုထားသည်ဟု သိရသည်။

ရှေးဟောင်းပေါ်တော်မူ ရုပ်ပွားတော်အား ဓမ္မသာလာအတွင်း၌ ပူဇော်ထားသဖြင့် သွားရောက်ဖူးမြော်ရာ ဂေါပကအဖွဲ့ဝင် ကိုမျိုးဝင်းနိုင်က လိုက်ပါရှင်းပြပေးသည်။

ရုပ်ပွားတော်မှာ ဉာဏ်တော်အမြင့်လေးလက်မခန့်ရှိ၍ မကိုဋ်စလွယ်ဆင်မင်းဝတ်ဘုရားဖြစ်သည်။ မကိုဋ်တော်မှာ ရောင်လျှံမပါရှိပါ။ ဉာဏ်သိုလ်သ မို့မောက်နေဟန် ရောင်တော်ပွံ့ပွံ့ဖြင့် ဖူးမြင်ရသည်။

ဘူမိဖဿမုဒြာ ဖြစ်သော်လည်းလက်ယာလက်မနှင့် လက်ညှိုးကြားဓာတ်လုံး သို့မဟုတ် ဗီဇသစ်စေ့ကိုညှပ်၍ ကိုင်ထားလေသည်။

ထိုလက်ညှိုးတော်အား မိမိ(ဖူးမြော်သူ)၏ လက်ယာလက်ညှိုးဖြင့် တို့ထိ၍ ဗုဒ္ဓဂုဏ်တော်(၉)ပါး ရွတ်ဖတ်ပူဇော်ခြင်း၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပြီးနောက် လိုရာဆုတောင်းနိုင်ကြသည်။

မှန်ကန်စွာ သစ္စာဆို၍ အဓိဋ္ဌာန်ပြုလျှင် အောင်မြင်ကြသည်။ ဆုတောင်းပြည့်ဝသဖြင့် ထပ်မံ လာရောက်ဖူးမြော်ကာ ဒါနကုသိုလ်ပြုကြသူ များစွာရှိကြောင်း ကိုမျိုးဝင်းနိုင်က ပြောပြသည်။

ရုပ်ပွားတော်အား ရွှေသင်္ကန်း ကပ်လှူထားရာ လက်ညှိုးတော်မှာ တို့ထိဖန်များသဖြင့် သစ်စေးသားရိုးပေါ်နေသည်ကို တွေ့ရ၏။ ပေါ်တော်မူရုပ်ပွား၊ ရွှေမချမီ မူလအခြေအနေကို ဓာတ်ပုံမှတ်တမ်းပြုထားရာ ထပ်ဆင့်ရိုက်ကူးဖော်ပြလိုက်ပါသည်။

ထို့နောက်တွင် ဦးသန်းစိန်၊ ဦးတင်ထွန်း စသည့် ဂေါပကလူကြီးများက





www.burmeseclassic.com

www.burmeseclassic.com



◆ မြပုခက်စေတီရုပ်ပွားတော်

စေတီတော်ဖြစ်စဉ် နောက်ခံသမိုင်းများကို ရှင်းပြပေးကြသည်။ မြေကြီးအတွင်းမှ ရရှိသော ရွှေတိုရွှေစအနက် ရွှေလက်စွပ်များလည်း ပါဝင်ကြသည်။

ထူးခြားသည်မှာ ထိုလက်စွပ်များသည် ခြေမတွင် ချောင်ချိစွာ ဝတ်ဆင်နိုင်သည့် ကြီးမားသော အရွယ်အစားရှိသည်ဆို၏။

သထုံခရိုင်၊ ပေါင်မြို့နယ်တွင်းရှိ ရှေးမြို့တော်ဟောင်း ဖြစ်ခဲ့သော မုတ္တမကျေးရွာ၊ ဝါရီရူရပ်ကွက်ရှိ မုတ္တမတောင်ရိုးတွင်လည်း ဤကဲ့သို့ အရွယ်အစားကြီးမားသော ရှေးဟောင်းလက်စွပ်များ ရရှိတတ်သည်။

တောင်ကျရေ စီးကြောင်းတွင် တစ်ဝက်တစ်ပျက် ထွက်ပေါ်နေသည်ကို ထိုက်တန်သူတို့ ရရှိကြသည်။ ရေစီးကြောင်း အထက်တွင် မြေစိုင်မြေခဲများအား တူးဆွ ရှာဖွေသောအခါ မည်သည်ကိုမှ မတွေ့ရှိကြဟု ဆိုသည်။

ရှေးခေတ်လူသားတို့၏ ကိုယ်ခန္ဓာ အရွယ်အစားမှာ ယခုခေတ် လူသားများထက် ကြီးမားသည်ဟု တွေးဆရ၏။

သို့သော် ပုဂံစေတီပုထိုးဂူကျောင်းများ၏ အဝင်မုခ်၊ ပလ္လင်အနေအထား၊ အသုံးအဆောင် ပစ္စည်းများနှင့် ရုပ်ကြွင်းအရိုးစုများ၊ အုတ်ချပ်တွင် ထင်ကျန်သော ခြေဖဝါးရာများ၊ လက်ရာပုံစံများအရ များစွာကွာခြားမှုကို မရှိကြောင်း မှန်းဆရသဖြင့် ပူဇော်ပသမှုဆိုင်ရာ ရတနာပစ္စည်းဖြစ်ဖွယ်ရှိသည်ဟု ယူဆရလေသည်။

ရှေးက **အဆင်တန်ဆာ** ဖြစ်သော်လည်း ရရှိသူတို့မှာ "**ဝမ်းစာ**"အဖြစ် ထုခွဲရောင်းချပြီး ဖြစ်လေရာ မှတ်တမ်းပြု ဖော်ပြနိုင်ခြင်း မရှိခဲ့ပါ။

မြွေကြီး စတင် ရောက်ရှိစဉ်က မှတ်တမ်းပုံများနှင့်အတူ ကွယ်လွန်သွားသည့် ထိုမြွေ၏ ရုပ်ကြွင်းကိုလည်း မှန်ခန်းဖြင့် ပြသထားသည်။ သေဆုံးစဉ်က အူများထုတ်ကာ အဝတ်စ၊ ဂွမ်းစ စသည် အဆာသွတ်ထားခြင်း မရှိဘဲ ပကတိအတိုင်း ထားရှိရာ တစ်နှစ်မျှ ကြာပြီဖြစ်သော ယခုအခါ ကျောက်သားကဲ့သို့ မာကျောနေသည်ကို တွေ့ရသည်။

ထိုမြွေကြီး ရောက်လာပြီးနောက် သာသနိက အဆောက်အအုံများ တိုးတက်စည်ကားလာသဖြင့် ဂုဏ်ပြုသည့်အနေဖြင့် ရုပ်ကြွင်းထားရာ မှန်ခေါင်းတွင် နွားနို့တစ်ခွက် နေ့စဉ် ထားရှိပေးသည် ဆိုလေသည်။


## မြပုခက်စေတီနှင့် ရှက်ပြန်ညောင်ပင်

ထို့နောက်တွင် မြောက်ဘက်မှ မလှမ်းမကမ်းတွင် တည်ရှိသော မြပုခက်စေတီအနီးသို့ သွားရောက်ကြည့်ရှုသည်။ မူလစေတီအား ညောင်ပင်ကြီးတစ်ပင် ပေါက်ရောက်



www.burmeseclassic.com

www.burmeseclassic.com




မပြုပြင်မီက မြသိန်းတန်စေတီ

လွှမ်းခြုံထားသည်။

ရှေ့လှည့်မုခ်လိုဏ် ပါရှိ၍ မုခ်တွင်း ရုပ်ပွားတော်အား အနီးတွင် မဏ္ဍပ်ထိုး၍ ယာယီစံကျောင်းဖြင့် ပူဇော်ထားသည်။

ညောင်ပင် အမြစ်များက စေတီအန္တံ အပြား၌ ပိုက်ကွန်ဖြင့် အုပ်ထားသကဲ့သို့ရှိကာ မြစ်ကမ်းဘက် မြောက်ဘက်မှ ကြည့်လျှင် ပါးပျဉ်ထောင်ထားသော မြွေဦးခေါင်းပမာ အမြစ်ဆုံကို တွေ့ရသည်။ စေတီတော်အား ပြန်လည်မွမ်းမံပြုပြင်ရန် ကြိုးပမ်းနေကြောင်း သိရှိရသည်။

ကိုမျိုးဝင်းခိုင်က ညောင်ရွက်အချို့ ဆွတ်ယူကာ ဤသို့ဆို၏။

'ဒီညောင်ရွက်က တခြားညောင်ရွက်တွေလို ရွက်ကြောတွေ အောက်ဘက်မှာ မရှိဘဲ အပေါ်ဘက် မျက်နှာပြင်မှာ ရှိနေတယ်။ ပြောင်းပြန်ဖြစ်နေတဲ့ ရွက်ပြန် ဆိုပါတော့ဗျာ'

လေ့လာကြည့်သောအခါ ဗောဓိညောင်ရွက်ထုံးစံ အထက်အောက် မျက်နှာပြင်နှစ်ဖက်စလုံး ပြောင်ချောနေသော်လည်း အပေါ်မျက်နှာတွင် ရွက်ကြောများ ထင်ရှားစွာ ဖောင်းထွက်နေသည့် **ညောင်ရွက်ပြန်**ဖြစ်ကြောင်း တွေ့ရသည်။ ရှားပါးလှသော အရွက်များဖြစ်သည်။ မြန်မာနိုင်ငံ မြေလတ်ပိုင်းနှင့် အထက်အညာဒေသများတွင် ဤတစ်ပင်သာ တွေ့မြင်ရသည်။

**ညောင်ရွက်ပြန်ကို ချင်းတွင်းမြစ်ညာရှိမဟာမြိုင်တော၊ မြန်မာ–ထိုင်းနယ်စပ်ရှိ တခွေတောင်ခေါ် ဆေးတောင်နှင့် ပေါင်မြို့နယ် ကုလားမတောင်တို့၌ ရှာဖွေတွေ့ရှိနိုင်၍** ထိုညောင်ရွက်ပြန်ကို လုပ်ရတ်ပညာတွင် လည်းကောင်း၊ ဝိဇ္ဇာဓရနယဆိုင်ရာ ဆေးဝါးများတွင် လည်းကောင်း ထည့်သွင်းအသုံးပြုကြသည်။

ပရိဘောဂစေတီ အမှတ်ပြု နေအိမ်တွင် ပူဇော်ထားခြင်း၊ အဆောင်ပြုခြင်းဖြင့် သူတစ်ပါး မကောင်းမကြံစည်နိုင်ပါ။

အဆောင်ပြုပါက နေ့စဉ် မေတ္တသုတ် (၁၁)ခေါက် ရွတ်ဖတ်သရဇ္ဈာယ်သင့်ကြောင်း **အရှင်ပညာဒီပ (ဘုရားကြီးကျောင်း၊ ပေါင်မြို့)**က မိန့်ကြားတော်မူခဲ့သည်။ ညောင်ရွက်ပြန်၏ အထက်နှင့်အောက် မျက်နှာပြင် နှစ်ဖက်စလုံးကို မှတ်တမ်းပြု၍ တင်ပြလိုက်ပါသည်။

## လမ်းညွှန်

ဤစေတီသုံးဆူသည် အနော်ရထာမင်းက မယ်တော်သုံးပါး (ခမည်းတော်ကြောင်းဖြူမင်း၏ မိဖုရားသုံးပါး)ကို ရည်စူးကုသိုလ်ပြုခဲ့ရာ တောင်မြောက်စီတန်း၍ ကိန်းဝပ်တော်မူပုံအရ မြောက်ဘက်ရှိ မြပုခက်စေတီသည် မိမိမယ်တော် မြောက်ပြင်သည် မိဖုရားအားလည်းကောင်း၊ အလယ်မှ မြသိန်းတန်စေတီသည် အလယ်ပြင်သည် မိဖုရားနှင့် တောင်ဘက်တွင် ပြုပျက်




www.burmeseclassic.com

www.burmeseclassic.com



◆ မြွေခေါင်းပုံစံ ညောင်မြစ်ဆုံ

◆ ရွက်ပြန်ညောင်ရွက် အထက်အောက် ယှဉ်တွဲမြင်ရပုံ



သွားသော မြွေရွှေဂူစေတီသည် တောင်ပြင်သည်မိဖုရားတို့ကို ရည်စူးသည်ဟု ယူဆဖွယ် ရှိလေသည်။

ထို့ကြောင့်ပင် မြောက်ဘက်မှ စေတီကို အမိနှင့်သားဟူသော ဂေဟမေတ္တာ ဆက်သွယ်ချက်ကြောင့် မြပုခက်စေတီဟု ဘွဲ့မည်ကပ်လှူသည်ဟု မှန်းဆရသည်။

ထိုသုံးဆူအနက် မြပုခက်စေတီမှာ ညောင်ပင်မျိုး၍ ပြိုလုနီးပါးရှိကာ မြွေရွှေဂူစေတီမှာ လုံးဝပျောက်ကွယ်သွားပြီဖြစ်ရာ မူလအတိုင်း အသစ်တစ်ဖန် ပွင့်ထွန်းတော်မူရန် ကုသိုလ်ရှင်များ ပေါ်ထွန်းပါစေဟု ဆုတောင်းမိသည်။

ဤသို့လျှင် ထူးခြားမှုများဖြင့် ကိန်းဝပ်တော်မူကြသော စေတီများကို ဖူးမြော်လိုပါက ပုဂံ-ညောင်ဦးမှ ရေဝတီမြစ်ကူးတံတား(ပခုက္ကူ) ရှိရာ လက်ပံခြေပေါ်ရွာသို့ လာရောက်ကာ (ကူးတို့)ဇက်ဆိပ်လမ်းမှ တစ်ဆင့် ဆက်လက် သွားရောက်နိုင်ကြောင်း တိုက်တွန်းလမ်းညွှန်ရပေသည်။

**[ကူညီပေးသော ဂေါပကအဖွဲ့ဝင်များအား ကျေးဇူးတင်ရှိပါသည်။]**


**ဖင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com

# သူ ဘယ်လိုလူစားလဲ




ကြည့်ပါ။

**[က]အရ...**

လက္ခဏာရှင်သည် စိုးရိမ်တတ်ခြင်း၊ ကြောက်လန့်တတ်ခြင်း၊ ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား မချနိုင်ခြင်း၊ ချီတုံချတုံ ဖြစ်တတ်ခြင်းရဲ့ အမှတ်အသားပါပဲ။

**[ခ]အရ...**

လက္ခဏာရှင်သည် သောကြာခါးပတ် ပါတဲ့အတွက် ဝမ်းနည်းဝမ်းသာဖြစ်လွယ်ခြင်း၊ စိတ်အပြောင်းအလဲများခြင်း၊ စိတ်တက်စိတ်ကျ ဖြစ်ခြင်းရဲ့ အမှတ်အသားပါပဲ။

**[ဂ]အရ...**

လက္ခဏာရှင်သည် နှလုံးလမ်းရင်းက ကြိုးသဏ္ဍာန် ဖွာလန်ခြင်းက စိတ်ခံစားမှု ပြင်းထန်ခြင်း၊ စိတ်အာရုံ ခံစားလွယ်ခြင်း၊ ရင်ခုန်လွယ်ခြင်းရဲ့ အမှတ်အသားပါပဲ။

**[ဃ]အရ...**

လက္ခဏာရှင်သည် ဉာဏ်လမ်းကြောင်း ရှည်ပြီး ဖြောင့်တန်းတဲ့အတွက် စိတ်လှုပ်ရှားမှု ပြင်းထန်မြန်ဆန်ခြင်း၊ တဖွတ်ထိုး ပြုမူတတ်ခြင်းများ၊ ခေါင်းမာခြင်းရဲ့ အမှတ်အသားပါပဲ။

ကဲ ဒါဆိုရင်...

သူ ဘယ်လိုလူစားလဲဆိုတာ သိနိုင်လောက်ပါပြီ။

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

(ကြော်ငြာဆောင်းပါး)

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံး လေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် မကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲ့ဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ခေါ်တဲ့ ဓာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲပြန်လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံတာ၊ ဇက်ကြောတက်၊ နောက်ကြောဆွဲတာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ် ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ၊ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခဲတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ် လွင်နေတော့ အများက သတိထားမိကြတယ်ဗျ၊ ဝမ်းချုပ်၊ စမြင်းခဲတဲ့အခြေအနေကိုတော့ အမှုမဲ့ အမှတ်မဲ့နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ



www.burmeseclassic.com

# ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ်ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့ . . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




ကြော်ငြာခွင့်ပြုချက်အမှတ် - ဂျာဆဝက(စာနယ်ဇင်း)(၁၁၂/၁၂၁၂)

"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကိုလည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေစမ်းမှန်ဆေးရဲ့ အစွမ်းကတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်, ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကိုဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်"

**(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၁ ၉၉၅၂၄။

---

www.burmeseclassic.com

ဆုတောင်းကောင်းလျှင် သားကောင်းကိုပင် ရနိုင်သော

# ကတိုင်ဘုရား

ကောင်းမြင့်မြတ်စိန်



◆ ချောက်မြို့နယ် ကတိုင်ရွာ၊ ကတိုင်ဘုရားရုပ်ပွားတော်

၂၀၁၆ခုနှစ်၊ စက်တင်ဘာလ (၅)ရက်က ကျွန်တော် ရန်ကုန်မြို့ကို ရောက်ခဲ့ပါတယ်။ ရန်ကုန်မှာ အလုပ်လုပ်နေကြတဲ့ ကျွန်တော့်သားသမီးများထံ သွားခဲ့ခြင်းပါ။ အခြားအလုပ်ကိစ္စတွေလဲ လုပ်ကိုင်ဖို့သွားခဲ့တာပါ။ ရန်ကုန်ရောက်တုန်း အသိမိတ်ဆွေတွေ တပည့်တွေထံ ဖုန်းဆက်ပါတယ်။

အဲဒီ အသိမိတ်ဆွေတွေထဲမှ ဘူမိဗေဒပညာရှင် (Geologist) မောင်သန်းဇော်ဝင်းကတော့ ယခင်ကတည်းက သူ့အိမ်ကိုလာလည်ဖို့ အကြိမ်ကြိမ်ဖိတ်ခေါ်ထားခဲ့ပါတယ်။ အခုလဲ မောင်သန်းဇော်ဝင်းက သူနေထိုင်ရာ ထောက်ကြံ့ကို လာလည်ဖို့ ဖိတ်ခေါ်ပါတယ်။

ကျွန်တော်နဲ့ မောင်သန်းဇော်ဝင်းတို့ဟာ တာချီလိတ်မြို့အနီး ကျောက်မီးသွေးမိုင်းတစ်ခုမှာ ၂၀၁၄ခုနှစ်က အတူတူ လုပ်ကိုင်ခဲ့ကြဖူးပါတယ်။ သူ့မှာ ဇနီးနဲ့ သမီးငယ်တစ်ဦးလဲ ရှိပါတယ်။ သူတို့မိသားစု သုံးဦးစလုံးဟာ ကျွန်တော့်ကို မိဘလို ခင်မင်လေးစား အားကိုးကြပါတယ်။

ရန်ကုန်ရောက်ရင် သူတို့ထံ လာဖြစ်အောင်လာဖို့ အမြဲပြောကြပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ရန်ကုန်ရောက်ပြီးသုံးရက်မြောက်မှာ ထောက်ကြံ့မှာနေတဲ့ မောင်သန်းဇော်ဝင်းတို့အိမ်ကို အရောက်သွားခဲ့ပါတယ်။

ကျွန်တော်ရောက်တာနဲ့ သူတို့သားမိသားဖသုံးယောက်စလုံး ဝမ်းသာပျော်ရွှင်သွားကြပါတယ်။ မောင်သန်းဇော်ဝင်းက သူ့အဖေနဲ့အမေတို့ကို မိတ်ဆက်ပေးပါတယ်။

'အန်ကယ်စိန်...ဒါ ကျွန်တော့်အဖေ ဦးကျင်လှိုင်၊ သူက အမေ ဒေါ်မြအေးပါ'

'ဟုတ်ကဲ့...ကျွန်တော် ဦးမြင့်စိန်ပါ'

'သားက ခဏ ခဏ ပြောပြထားလို့ ရင်းနှီးနေပြီးသားပါ။ လွတ်လွတ်လပ်လပ်နေပါ'

လို့ ဦးကျင်လှိုင်က ပြုံးပြုံး၊ ပြုံးပြုံးနဲ့ ပြောပါတယ်။

မောင်သန်းဇော်ဝင်းရဲ့အဖေနဲ့ အမေတို့ဟာ အလွန် လိုက်လှဲ ဖော်ရွေကြပါတယ်။ ကျွန်တော်နဲ့ သူတို့မိသားစု

www.burmeseclassic.com

ဟာ တစ်နယ်ထဲသားတွေဆိုတော့ ပိုပြီး ရင်းနှီးလွယ်သွားကြပါတယ်။ ကျွန်တော်က ကျောက်ပန်းတောင်းမြို့သား ဦးကျင်လှိုင်က ချောက်မြို့နယ်သား ဖြစ်ကြပါတယ်။

ညနေစာစားပြီးတော့ ကျွန်တော်တို့ စကားဝိုင်းဖွဲ့ကြပါတယ်။ ဦးကျင်လှိုင်က စကားပြောကောင်းပါတယ်။ သူငယ်စဉ် ဘဝအကြောင်းတွေ၊ သူ ကြားဖူး တွေ့ဖူးတဲ့ ဝိဇ္ဇာပုဂ္ဂိုလ်ထူးတွေ၊ ဘာသာရေးအကြောင်းတွေကို စီကာပတ်ကုံး ပြောပြကြပါတယ်။

ကျွန်တော့်အတွက်တော့ စာရေးဖို့ ကုန်ကြမ်းတွေ မမျှော်လင့်ဘဲ ရလိုက်ပါတယ်။ ဦးကျင်လှိုင်ဟာ ချောက်မြို့နယ် နရွဲတောရွာဇာတိဖြစ်ပါတယ်။ သူတို့ရွာအနီးက **ကတိုင်ရွာ "ကတိုင်ဘုရား" အကြောင်း**ပြောပြတာ အလွန်အံ့သြစရာကောင်းပါတယ်။

'ကျွန်တော်နဲ့ မမြအေးဟာ အိမ်ထောင်ကျခါစတုန်းက တော်တော်နဲ့ ကလေးမရခဲ့ဘူး။ လေးနှစ်လောက်ကြာတဲ့အထိ ကလေးမရတော့ကလေးလိုချင်လာတယ်။ လင်မယား နှစ်ယောက်တည်းဆိုတော့ အိမ်မှာမစိုပြည်သလိုပဲ။

ပြီးတော့ အိမ်ထောင်ဆိုတာ သားသမီးရှိမှ ပိုပြီးခိုင်မြဲတယ်ဗျ။ သားသမီးဆိုတာ ကျွန်တော်တို့ မိဘတွေအတွက် ခွန်အားပဲဗျ။ ပြီးတော့ တွန်းအားလဲဖြစ်တယ်ဗျ။ ဒါကြောင့် ကျွန်တော် ကလေး သိပ်လိုချင်ခဲ့တယ်'

'တစ်နေ့တော့ဗျာ ရွာထဲက ဘကြီးတစ်ယောက်ကို ဒီအကြောင်း ပြောပြမိတယ်။ အဲဒီဘကြီးက...

'ဟာ... ကျင်လှိုင်ရာ ဒါများကွာ၊ မင်းမသိဘူးလား။ ကတိုင်ရွာ ကတိုင်ဘုရားမှာ



▲ ဦးကျင်လှိုင်-ဒေါ်မြအေး သား မောင်သန်းဇော်ဝင်း

သွားဆုတောင်းလေ။ ဆုတောင်းပြည့်တယ်ကွ။ ဘာဆုတောင်းတောင်း တစ်ဆုပဲတောင်းပြည့်တယ်'

တဲ့...။

အဲဒီလိုပြောတော့ ကျွန်တော် ဝမ်းသာသွားတယ်။ အိမ်ပြန်ရောက်တော့ မမြအေးနဲ့တိုင်ပင်တယ်။ နောက်တစ်နေ့မနက် ကတိုင်ဘုရား သွားမယ်။ ဆုတောင်းကြမယ်လို့ နှစ်ဦးသား တိုင်ပင်ထားကြတယ်။ မမြအေးလဲ **"သားဆု" တစ်ခုတည်း** တောင်းဖို့ ပြောပြထားတယ်'

ဦးကျင်လှိုင်က ဆက်ပြောပါတယ်။

'ကျွန်တော်တို့ ဇနီးမောင်နှံဟာ နောက်ရက်မနက်မှာ အိမ်က ထွက်လာကြတယ်။ တောထဲမှာ ဘုရားလှူဖို့ သင့်တော်မယ့်ပန်းတွေ၊ အညွှန့်အခက်တွေ ရှာခူးလာခဲ့ကြတယ်။ မြို့မှာလို ဈေးမရှိတော့ တောထဲမှာ ရှာခူးရတယ်။

မမြအေးက ရေအိုးတစ်အိုး ရွက်လာတယ်။ ကတိုင်ရွာက ကတိုင်ဘုရားကို ရောက်တော့ ကျွန်တော်တို့ဇနီးမောင်နှံဟာ ဘုရားရုပ်ပွားတော်ကို ရေသပ္ပါယ်ကြတယ်။ ပန်းတွေ၊ သစ်ရွက် သစ်ခက် အညွှန့်တွေကို လှူတယ်။ သီလခံယူပြီးမှ လှူကြတာပါ။

ပြီးတော့ ဂုဏ်တော်ကိုးပါး ပုတီးစိပ်တယ်။ အားလုံးပြီးတော့မှ ဆုတောင်းကြတယ်။

'ဘုရားတပည့်တော်တို့ ဇနီးမောင်နှံဟာ "သောကြာသား" တစ်ဦး လိုချင်ပါတယ် ဘုရား။ ရ,ရပါလို၏ အရှင်ဘုရား'

လို့ သုံးကြိမ်တိတိ ဆုတောင်းခဲ့ကြတယ်။

'ဟာ... သိပ်အံ့သြဖို့ ကောင်းတယ်ဗျာ။ တစ်လလောက်ကြာတော့ မမြအေးမှာ ကလေးရှိတာပဲဗျို့။ ဒါပေမယ့် သားလား သမီးလားတော့ မသိနိုင်သေးဘူးပေါ့ဗျာ။ (၉)လရှိတော့ မီးဖွားဖို့ အရိပ်အယောင်တောင်မပြဘူး။ ဒီတော့ သားယောက်ျားလေးရမှာ သေချာလာတာပေါ့ဗျာ'

'ဟော...မီးဖွားတော့လဲ ထူးခြားတယ်ဗျာ။ မမြအေးက မမွေးနိုင်လို့ ဗိုက်ခွဲမွေးရမှာဗျ။ အဲဒီတော့ ဆေးရုံပြေးကြရတာဗျို့။ ဆေးရုံရောက်တော့ဆရာဝန်က နောက်နေ့မှ ခွဲရမယ်တဲ့။ ဒါပေမယ့် နောက်နေ့က စနေနေ့ဖြစ်နေတယ်။

အဲဒီတော့ အပြာဝတ် သူနာပြု ဆရာမကြီးက ဆရာဝန်ကို ပြောပြတယ်။

'ဒီ အညာသူ အညာသားတွေက သားဦး စနေကို မလိုချင်ကြဘူး။ သူတို့က ဒီ "သားဦး" ဖြစ်တယ် ဆရာ။ ဒါကြောင့် ဒီနေ့ သောကြာနေ့ ရအောင် ခွဲပေးကြရအောင် ဆရာ'

လို့ အကြံပေးတယ်။ ဆရာဝန်ကလဲ သဘောတူပြီး အဲဒီသောကြာနေ့သွာ ဗိုက်ခွဲမွေးပေးလိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ဖနီးမောင်နဲ့လိုချင်တဲ့ သောကြာသား ယောကျ်ားလေး ရခဲ့တယ်ဗျာ။ ကျွန်တော်ကတော့ တကယ်ကို အံ့သြသွားတာပဲ။ တကယ်ဆို ကျွန်တော်တို့က ဆရာဝန်ကြီးကို ဘာမှ ပြောရဲတာ မဟုတ်ဘူးဗျာ။ "ကတိုင်ရွာဘုရား"ကိုလဲ အလွန်ကို ယုံကြည်အားကိုးမိတော့တာပါပဲ။ ကျွန်တော့်ကိုယ်တွေ့မို့ မယုံမရှိပါနဲ့ ကိုမြင့်စိန်ရာ'

'ဟာ... ယုံပါတယ်ဗျာ ယုံပါတယ်။ ကျွန်တော်အရင်က မကြားဖူးပါဘူး။ ခုလို ကြားသိရတော့ နက္ခတ္တရောင်ခြည်စာဖတ်ပရိသတ်ကြီးအတွက် သတင်းကောင်း ပေးရတာပေါ့ဗျာ။ ကျွန်တော်တို့ ကျောက်ပန်းတောင်းမြို့နဲ့ ချောက်မြို့နယ်ကြားက **ငွေးချိုရွာမှာ "ငွေးချိုဘုရား"လဲ(သားဆုတောင်း) ပြည့်တယ်လို့ ကြားဖူးတယ်ဗျ။**

ဒီနေရာမှာ တိုက်ဆိုင်လာလို့ ပြောရဦးမယ်ဗျ။ ကျွန်တော်တို့ ရပ်ကွက်က လင်မယားနှစ်ယောက်ပေါ့ဗျာ... အဲဒီငွေးချိုရွာသွားပြီး ငွေးချိုဘုရားမှာ သားဆု တောင်းကြတယ်။

သူတို့က ကလေးရချင်ဇောနဲ့ ဆုတောင်းလိုက်ကြတာ ဘယ်လို ဆုတောင်းလဲဆိုတော့...

'သားသမီးရချင်တော်ပါပြီ။ ကျိုးကျိုးကန်းကန်း သားသမီးရရင် လိုချင်ပါတယ်ဘုရား။ ရပါလို၏ဘုရား'

လို့ ဆုတောင်းကြသတဲ့...။

တကယ်ပဲဗျာ... မွေးလာတော့ အကျိုးလေးဖြစ်နေတယ်။ မွေးလာတဲ့ကလေးက လက်တစ်ဖက်က အတိုလေး၊ တံတောင်ဆစ်အထိပဲ ပါလာတယ်။ နာမည်တော့ ထုတ်မပြောတော့ပါဘူး။

အဲဒီတော့ ဆုတောင်းပုံကလဲ လိုတယ်ဗျ။ ပြီးလွယ်စီးလွယ် ဆုမတောင်းသင့်ဘူး။ အခု ဦးကျင်လှိုင်တို့ ဆုတောင်းသလို တိတိကျကျ ဉာဏ်ရှိရှိ ဆုတောင်းသင့်တယ်ဗျ'

ထိုအခါ ဦးကျင်လှိုင်က...

'ဟုတ်ပါတယ်။ ဆုတောင်းပြည့်ဖို့ (၅)ပါးသီလလဲ လုံဖို့တော့လိုမယ်ဗျ။ ယုံကြည်မှုလဲ အဓိက လိုတာပေါ့ဗျာ'

ဦးကျင်လှိုင်နဲ့ ဒေါ်မြအေးတို့ရဲ့ သားမောင်သန်းဇော်ဝင်းဟာ ခေတ်လူငယ်ဆိုပေမယ့် ဟော့ဟော့ရမ်းရမ်း မရှိပါဘူး။ ကွမ်းမစား၊ ဆေးလိပ်မသောက်၊ အရက်၊ ဘီယာဝေးလာဝေးပါ။ ရိုးသားကြိုးစားတဲ့ လူငယ်လေးပါ။

မိဘဆရာသမားနဲ့ လူကြီးသူမကိုလဲ ရိုသေတတ်ပါတယ်။ မိဘကိုလုပ်ကျွေးနေတဲ့ သားကောင်းရတနာလေးဖြစ်ပါတယ်။ ဦးကျင်လှိုင်နဲ့ ဒေါ်မြအေးတို့ "ကတိုင်ဘုရား"မှာ ဆုတောင်းလို့ ဆုတောင်းပြည့်တဲ့ သားရတနာလေးပါပဲ။

"ကတိုင်ဘုရား"ကို ချောက်မြို့နယ် ကတိုင်ရွာမှာ ဖူးမြော်နိုင်ပါတယ်။ ဘာဆု တောင်းတောင်း ပြည့်ပါတယ်။ ဒါပေမယ့် "ဆုတစ်ခု"သာ တောင်းရပါတယ်။

**ကတိုင်ရွာကို သွားချင်တယ်ဆိုရင်တော့**...

ကျောက်ပန်းတောင်းမြို့မှ ချောက်မြို့ကိုသွားရင် ကျိုးနီလမ်းခွဲနဲ့ ထိန်ကန်ကြီးလမ်းခွဲကို ရောက်တဲ့အခါ ကတိုင်ရွာကိုသွားဖို့ စုံစမ်းနိုင်ပါတယ်။ ဘယ်သူ့မေးမေး မေးလို့ရပါတယ်။ အဲဒီလမ်းခွဲကနေ ကတိုင်ရွာကိုသွားရင် ကတိုင်ဘုရားကို ဖူးမြော်နိုင်ပါပြီ'

**ကောင်းမြင့်မြတ်စိန်**

စာမျက်နှာ (၁၀၂)မှ အဆက်

အသံများမှာ တောဟိန်းသံများပမာ ပေါ်ထွက်လာတော့သည်။

လမုနတ်နှင့် သူ၏ တပည့်များမှာ စိတ်တိုင်းကျ ကလျက်ကြားက အော်လိုက်ဟစ်လိုက် ပြောလိုက်ဆိုလိုက်နှင့်မို့ ကြောက်စရာပုံစံများ စိတ်တွင် ထင်လာတတ်လေသည်။

လူအများကြီး ရှိနေ၍သာ တော်တော့သည်။ ညကြီးဆိုတော့ ပိုဆိုးသည်။ သရဲကြီး ပူးကပ်နေသည်နှင့် တစ်ထပ်တည်း ကောင်းကင်ထက်ဆီမှ တခါတလေ အော်ပြီး နိမ့်ဆင်းလာသည့် ငှက်သံတို့ကလည်း လန့်စရာ အသည်းယားစရာ ကောင်းလှသည်။

မည်သူ့ကိုမှ အန္တရာယ်မပေးတာကိုတော့ မျက်မြင်ဖြစ်သည်။ သူတို့ကို ယုံကြည်လေးစားစွာ ဆက်ဆံကြသည့် ရွာသူရွာသားတွေကို လန့်အောင် ထိတ်အောင် မည်သည့်အခါမှ မလုပ်ခဲ့ကြောင်းကိုလည်း သိခဲ့ရသည်။

ပျော်ပျော်ပါးပါး ကပြီးနောက် လမုနတ်မှ အမိန့်တစ်ခု ထုတ်ပြန်တော့သည်။ အမိန့်မှာ...

'သင်တို့အားလုံး နားထောင်ကြ... ခုအချိန်ကစပြီး ရပ်သူရပ်သားတွေ ပေးကမ်းလှူဒါန်းထားတဲ့ အစားအသောက်တွေကို ယူပြီး တစ်ဦးတစ်ယောက်မှမကျန် အားလုံး ကိုယ့်နေရာကိုယ် ပြန်ရမည်။ ငါ၏ အမိန့်'

ဟု ပြောလိုက်သည်နှင့် အားလုံးသော သရဲမျိုးစုံတို့သည် မဆိုင်းဘဲ မိမိတို့ကို ပေးထားသော စားသောက်ဖွယ်ရာတို့ကို ယူပြီး မှောင်ထဲသို့ ပြေးဝင် ပျောက်ကွယ်ကြပေတော့သည်။

***အားလုံး အန္တရယ် ကင်းဝေးကြပါစေ။***

**ဘက်ထရီမောင်သောင်း**
***(လယ်တီကွင်း)***



www.burmeseclassic.com

# သရဲကြီးများ ပျော်တဲ့ရွာ

ဘက်လရီမောင်ဩဘောင်
(လယ်တီကွင်း)



◆ လမ္မနတ်မှ ခေါ်သဖြင့် ရောက်ရှိလာသော သရဲများ



သရဲကြီးများ ပျော်ပါးစွာ ကနေကြစဉ် ◆

သီတင်းကျွတ်ပြီဆိုမှဖြင့် အနယ်နယ် အရပ်ရပ်တို့တွင် ပျော်ပွဲရွှင်ပွဲများသည် ရွာဓလေ့ မြို့ဓလေ့အတိုင်း ကျင်းပလေ့ ရှိကြပေသည်။

အစဉ်အလာ ရှိသည်ဆိုသည့် ရှေးက လူများမှစပြီး ကျင်းပလာသည်ကိုပင် နောက်လူများမှ ဓလေ့ဟု ဆိုစကားပြု မှတ်ကြသည်။

ထူးခြားသည့်ဓလေ့ ရှိသလို၊ မထူးခြားသည့် ဓလေ့များလည်း မြောက်မြားစွာ ရှိလေသည်။

ထိုထိုသော ဓလေ့များအထဲတွင် တစ်မူထူးခြားပြီး တစ်နိုင်ငံလုံး ရှာကြည့်တောင် မတွေ့နိုင်သည့် ပျော်ပွဲတစ်ခုကို နှစ်စဉ် ကျင်းပလေ့ရှိသည့် ရွာလေးတစ်ရွာကို ကြားသိရပေသည်။

ထိုရွာသည် ဟင်္သာတမြို့နှင့် အလှမ်းမဝေးသော နေရာတွင် တည်ရှိပြီး သွားရေးလာရေး လွယ်ကူလှပေသည်။

လွယ်ကူသည် ဆိုသော်လည်း အရောက်အပေါက် နည်းပေသည်။ ရွာကလေး၏ အမည်မှာ "**ဒသမျှောင်**" ဟု အမည်ရှိသည်။ အမည်ဆန်းသလောက် ကျင်းပသော ပွဲမှာလည်း အဆန်းအပြားပင်ဖြစ်သည်။ "**သရဲယိမ်း**" ဟူ၍ ဖြစ်သည်။

ဤယိမ်းကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပလေ့ရှိသည်ကို စာရေးသူအနေဖြင့် သိခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း မရောက်ပေ၊ ပေါ့ပေါ့လေးပင် သဘောထားပြီးနေခဲ့သည်။

သို့သော် ယခုအခါ မရောက်လို့မဖြစ် အဘယ်ကြောင့်ဆိုသော် မဂ္ဂဇင်းတွင် တင်ပြလိုသော ဆန္ဒက နှိုးဆော်နေသောကြောင့်ပင် ဖြစ်သည်။

စာရေးသူသည် ဓာတ်ပုံဆရာကို ခေါ်လျက် ည(၇)နာရီအရောက် သွားခဲ့သည်။ သရဲယိမ်းကို ည(၈)နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း တာဝန်ရှိသူ လူကြီးများပြောသဖြင့် နာရီပြည့်အောင် စောင့်ရပေသည်။

ကျင်းပမည့်နေရာတွင် ပူဇော်ပသထားသည့် အုန်း၊ ငှက်ပျောပွဲများ ကောက်ညှင်းပွဲများ၊ ဆီမီးနံ့သာပန်းများ စုံလင်စွာဖြင့် ခင်းကျင်းပထားသည်ကို တွေ့ရသည်။

ထိုနေရာကို မည်သည့် အမျိုးသမီးမှ မသွားရ၊ တာဝန်ယူထားသည့် သူသာလျှင် အစစအရာရာကို ဆောင်ရွက်ပေးရသည်။

အန္တရာယ် ဖြစ်နိုင်သောကြောင့်ဟု ဆိုသည်။ ဖြစ်နိုင်စရာအကြောင်း ရှိနိုင်သည်ကို တွေ့ရသည်။ အကြောင်းမှာ ကမ္ဘာရင့် ကြမ်းတမ်းလှသော သရဲကြီးများ လာရောက် ပျော်ပါးကြသည့် အတွက်ကြောင့် ဖြစ်သည်။

ဤပွဲသည် ကြောက်စရာလည်း ကောင်း၊ ပျော်စရာလည်း ကောင်းသောပွဲ ဖြစ်ပေသည်။ ဘယ်လိုသော

www.burmeseclassic.com





▲ သရဲကြီးများ ပြိုကြရန် လမုနတ်မှ အမိန့်ပေးနေစဉ်

◀ လမုနတ်နှင့် သူ၏ စီးတော်ကျား

သရဲကြီးများ ပူးကပ်ကြမှာလဲ ဟူသည့် အတွေးများ စိုလင်စွာဖြင့် ကြည့်ရှုနေကြသော ရွာသူရွာသားများသည်ကား များပြားလှပေသည်။

အန္တရာယ်ပေးသည်ကို မကြားမိပေ။ သို့သော် မူမမှန်လျှင်တော့ တစ်ခုခု ဖြစ်တတ်သည်။

ဖြစ်လည်း ဖြစ်ပေသည်။ ဒီအတွက်ကြောင့် ကောင်းကောင်းမွန်မွန်ဖြင့် ပြီးမြောက်စေရန် တာဝန်ရှိသူများမှ အထူးဂရုစိုက် အားထုတ်ရပေသည်။

စာရေးသူနှင့် ဓာတ်ပုံဆရာ ကိုသန့်ဇင်မောင်မှာ ရိုက်ကွင်းအတွက် ကြိုတင်ကြည့်ရှု အလုပ်ရှုပ်နေသည်ကို အဘွားကြီးတစ်ဦးမှ လာရောက်ပြီး...

'ဟဲ့...ကလေးတို့ မင်းတို့ ဘာတွေလုပ်နေတာလဲ၊ ထိုင်ပြီးနေကြစမ်း။ မင်းတို့အတွက် အန္တရာယ် ဖြစ်နေလိမ့်မယ်'

ဟု သတိလာပေးတာကို သတိထားမိပေသည်။

သာမန်ကိစ္စမျိုး မဟုတ်သည်ကိုတော့ သဘောပေါက်ပြီး အသာလေး နေလိုက်ရသည်။

ည (၈)နာရီ ထိုးလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဆိုင်းဆရာတို့မှ တီးမှုတ်ကြပေသည်။ ရွာထဲမှ အသံကောင်းသော ကိုကံလှိုင်ဆိုသူက သီဆို၍ စတင်ကျင်းပသည်။

ပထမဆုံး ထွက်ရသူတို့မှာ **ဘုရားဒကာနှင့် ကျောင်းဒကာတို့**ဖြစ်သည်။ ထိုဒကာနှစ်ဦးမှ **ရိုးရာနတ်ကို ပင့်သည့်အခါ လမုနတ်နှင့် သူ၏ စီးတော်ကျားမှာ** ခုန်၍ ဝင်လာသည်။

အမှတ်မဲ့မို့ အားလုံး လန့်ကြသည်။ စာရေးသူနှင့် ဓာတ်ပုံဆရာပင် ကြောင်၍ သွားသည်။

စီးတော်ကျားမှာ ဟိုကိုခုန်လိုက်၊ ဒီကိုခုန်လိုက်နှင့် အတော်ပင် ကြည့်ကောင်းလှသည်။ ကလေးများက လူကြီးတွေကြားမှာ ပုနေကြသည်။

လမုနတ်မှာ ဆိုလိုက် ပြောလိုက် ကလိုက်နှင့် အတော်လေး စိတ်ဝင်စားစရာကောင်းသည်။ မိနစ်(၂၀)မျှ ကပြီးနောက် သူ၏ နောက်လိုက် အခိုင်းအစေများ၊ ရွာပေါင်းစုံမှ သရဲကြီးများကို ခေါ်ယူလေတော့သည်။

ခေါ်ယူသည့်အခါ၌ ဦးဆောင်သရဲကြီးများ ဖြစ်ကြသည့် **ဒေါနီးပေ၊ စွယ်နက်၊ မျက်ပြူးနှင့် အခြား သရဲကြီးများ၏** အမည်တို့ကို ဟစ်အော်ခေါ်လိုက်သည်ရှိသော် ရွာ၏ အရှေ့ဖျားမှ အနောက်ဖျားသို့ လည်းကောင်း၊ တောင်မှမြောက်သို့ လည်းကောင်း ခွေးများအူလျက် သစ်ပင်ဝါးပင်များကြားမှတိုးဝှေ့သံလိုလို၊ လှုပ်ခါသံလိုလို ချုံတိုးသံများကြားရပြီး...

ခပ်ဝေးဝေးရှိ တန်ဆောင်းကြီး အတွင်းမှ ကြိုတင် ဝတ်စားထားရှိကြသော သရဲကြီးများ ပူးကပ်ခံရမည့် လူ(၃၀)ခန့်သည် ဆောက်တည်ရာ မရ မရှိတော့ဘဲ စင်ရှိရာကို ပုံစံအမျိုးမျိုး ဖြင့် ပြေးကြလျက် သတ်မှတ်ထားသော နေရာထဲကို ခုန်ခုန်ပြီးဝင်ကာ ပျော်မြူးကခုန်တော့သည်။

ဆိုင်းဆရာတို့မှလည်း ခပ်ကြမ်းကြမ်း တီးပေးကြသောခါ ပိုမို၍ ပြင်းပြင်းထန်ထန် ကကြလေသည်။

ကြည့်ရသည်မှာ လူစိတ် ပျောက်နေ၍လားမသိ မမောကြဘဲ ကနေသည်မှာ အတော်ကြာလှသည်။ သရဲထီး၊ သရဲမများ ပုံစံတို့ ဖြစ်သည်။ တစ်တလေ ဝူးဝူးဝါးဝါး အော်လိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com

# ဟေမိတ္တုံဂါထာတော်နှင့်

လျှို့ဝှက်ဂမ္ဘီရကျင့်စဉ်



ကဝိသိရောမဏိ

**ဟေမိတ္တုံဂါထာတော်သည်...**

- ✤ လူချစ်လူခင် ပေါများစေခြင်း။
- ✤ ရွှေငွေဥစ္စာရတနာတွေ တိုးပွားစေခြင်း။
- ✤ လာဘ်လာဘများ ဖွံ့ဖြိုးစေခြင်း။
- ✤ ငွေကြေးရလွယ်ခြင်း။
- ✤ ကိုယ်စိတ်နှစ်ပါး ချမ်းသာစေခြင်း။
- ✤ မိတ်ကောင်းဆွေကောင်း ရစေခြင်း။
- ✤ ခြွေရံပရိသတ် ပေါများစေခြင်း။
- ✤ ကျက်သရေမင်္ဂလာ တိုးတက်စေခြင်း...

စတဲ့...စတဲ့ အကျိုးတရားများကို ရစေပါမယ်။

ဤဂါထာတော်သည် တစ်နေ့ကို **၁၀၈-ခေါက်** ရွတ်ဆိုရပါမယ်။

ဤတွင် ငွေကြေးလာဘ်လာဘများ ဝင်လာမစဲ တသဲသဲ ရစေသောငှာ အာစရိယဝါဒအရ (၇)ရက်သားသမီး များအတွက် ရွတ်ဖတ်ပူဇော်ရမယ့် အချိန်ဇယားကို ဖော်ပြပေးထားပါ တယ်။

ယုံကြည်စွာဖြင့် ရွတ်ဆိုပူဇော်ခြင်း ဖြင့် ကောင်းကျိုးအဖြာဖြာ တိုးပွားလာ မှာဖြစ်ကြောင်း သိစေနိုင်ပါလိမ့်မယ်။

* * *

**ဖေဟိမိတ္တုံဂါထာတော်**

ဖေဟိမိတ္တုံ ဟိတံပုညံ၊
ယထာ ယာစိ ကတံ ဖလံ။
ဖေဟိနန္ဒာ ပိယာ ပုတ္တာ၊
ပိယာ သိရိ ပိယာ ပိယာ။
ခြောင်း သုဝဏ္ဏံဟာရ ဒွေဖလံ၊
ခြောင်း ကာယမနသိ မာမတ္တာယ သဟာသ
ပရိဝါရာယ ပိသာခါယ ဓောဓိသတ္တာယ။
သဗ္ဗနာဂရေ သဗ္ဗဂါမေ၊ သဗ္ဗဂေဟေ သဗ္ဗနေရာနံ၊
သဗ္ဗလာဘမိတ္တံ ဘဝန္တု၊ မမသန္တိကေ ဖေဟိဖေဟိ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဖေဟိမိတ္တုံ** | =အေဟိမိတ်တံ |
| **ပုညံ** | =ပုန်ညံ |
| **ဖေဟိနန္ဒာ** | =အေဟိနန်ဒါ |
| **ပုတ္တာ** | =ပုတ်တာ |
| **ခြောင်း** | =အောင်း |
| **သုဝဏ္ဏ** | =သုဝန်န |
| **မာမတ္တာယ** | =မာမတ်ထာယ |
| **သဟာသ** | =သဟာတ်သ |
| **ဗောဓိသတ္တာယ** | =ဗောဓိသတ်တာယ |
| **သဗ္ဗနာဂရေ** | =သတ်ဗနာဂရေ |
| **သဗ္ဗလာဘမိတ္တံ** | =သတ်ဗလာဘမိတ်တံ |
| **ဘဝန္တု** | =ဘဝန်တု |
| **သန္တိကေ** | =သန်တိကေ |
| **ဖေဟိ ဖေဟိ** | =အေဟိ အေဟိ |

နေ့သားအလိုက် ရွတ်ဖတ်ပူဇော်ရမည့် အခါဇယား

| နေ့ / နေ့သား | ၁-နွေ | ၂-လာ | ၃-ဂါ | ၄-ဟူး | ၅-တေး | ၆-ကြာ | ၀-နေ |
|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | ၃:၀၀ ↓ ၄:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၆:၀၀ ↓ ၇:၃၀ | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ |
| တနင်္လာ | ၉:၀၀ ↓ ၁၀:၃၀ | ၃:၀၀ ↓ ၄:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၆:၀၀ ↓ ၇:၃၀ | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ |
| အင်္ဂါ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၃:၀၀ ↓ ၄:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၆:၀၀ ↓ ၇:၃၀ | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ |
| ဗုဒ္ဓဟူး | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၃:၀၀ ↓ ၄:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၆:၀၀ ↓ ၇:၃၀ | ၁၂:၀၀ ↓ ၁:၃၀ |
| ကြာသပတေး | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၆:၀၀ ↓ ၇:၃၀ |
| သောကြာ | ၆:၀၀ ↓ ၇:၃၀ | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၃:၀၀ ↓ ၄:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ |
| စနေ | ၁၀:၃၀ ↓ ၁၂:၀၀ | ၆:၀၀ ↓ ၇:၃၀ | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၃:၀၀ ↓ ၄:၃၀ |



www.burmeseclassic.com

www.burmeseclassic.com

အနက်

**မိတ္တံ** – လူနတ်အပေါင်း အဆွေခင်ပွန်းကောင်းသည်၊ **ဧဟိ**–ယခုအခါ လာလှည့်ပါလော့၊ **ဟိတံ**–လောကီ, လောကုတ် အယုတ်အကျိုးများ အစီးအပွားဖြစ်သော၊ **ပုညံ** – ဖြူစင်မှန်လှ ဒါန,သီလ စသည်ပြုကြောင်း ကုသိုလ်ပေါင်းကို၊ **ကတံ**–ခုရောနောင်ခါ ပြုလုပ်အပ်ပါပြီ၊ **ဖလံ**–ရှေးနှင့်ခုပြုကောင်းမှုအကျိုး တန်ခိုးအာနိသင်ကို၊ **ယာစိ** – ယခုအခါ ဖြစ်လာပါရန် တောင်းပန်ပါ၏။

**နန္ဒာ**–စိတ်လိုဖြည့်တတ် နှစ်သက်အပ်ကုန်သော၊ **ပိယာ**–စိတ်နှလုံးကို ရွှင်ပြုံးအထပ်ထပ် ချစ်ခင်အပ်ကုန်သော၊ **ပုတ္တာ**–အလိုဖြည့်တတ် သားမြတ်ရတနာတို့သည်၊ **ဧဟိဧန္တု**–မြန်စွာမုချ လာလှည့်ကြပါကုန်လော့။

**ပိယာ**–စိတ်နှလုံးကို ရွှင်ပြုံးအထပ်ထပ် ချစ်ခင်အပ်ကုန်သော၊ **သိရိ**–ကောင်းကျိုးအထွေထွေ ဘုန်းကျက်သရေသည်၊ **ဧဟိ**–မြန်စွာမုချ လာလှည့်ကြပါကုန်လော့။

**ပိယာ ပိယာ** – စိတ်လိုဖြည့်တတ် အလွန်ချစ်ခင်အပ်သော၊ **သုဝဏ္ဏံ**–ရွှေငွေအဖြာဖြာ ရတနာကို၊ **ဩဘာင်းဟာရ**–မနေးကြည်ဖြူ (အောင်မြင်စွာ) ဆောင်ယူခဲ့ကြပါကုန်လော့။

**ဒေ့ွ**–နှစ်ပါးကုန်သော၊ **ကာယမနသိ**–ကိုယ်စိတ်နှလုံး၌၊ **မာမဏ္ဍာယ**–ချမ်းသာပွားတိုး မြတ်နိုးခြင်းအကျိုးငှာ၊ **ဖလံ**–ပူဇော်အဖြာဖြာ အကျိုးများစွာကို၊ **ဩဘာင်း ဟာရ**–မနေးကြည်ဖြူ(အောင်မြင်စွာ) ဆောင်ယူခဲ့ကြပါကုန်လော့။

**သဟာသ ပရိဝါရာယ**–အထောင်မက အခြွေအရံနှင့်တကွသော၊ **ဝိသာခါယ** – ပုဗ္ဗာရုံကျောင်းအမ ဝိသာခါဒါယကာမ၌ လည်းကောင်း၊ **ဇောမိသဏ္ဍာယ**–သုံးဘုံကျော်ကြား မြတ်စွာဘုရားအလောင်း၌ လည်းကောင်း၊

**ပိယာယထာ**–ချစ်သူခင်သူ ကြည်ဖြူလွန်တိုး မြတ်နိုးကြသကဲ့သို့၊ **တထာ**–ဝတ္တုစေတနာ ထို့အတူသာလျှင်၊ **မေ**–ကောင်းကျိုးအားထုတ် အကျွန်ုပ်အား၊

**သဗ္ဗနာဂရေ**–လုံးစုံများစွာ မြို့တကာ၌လည်းကောင်း၊ **သဗ္ဗဂါမေ**– လုံးစုံများစွာ ရွာတကာ၌ လည်းကောင်း၊ **သဗ္ဗဂေဟေ**–လုံးစုံများစွာ အိမ်တကာ၌ လည်းကောင်း၊

**သဗ္ဗဇနာနံ**–ခပ်သိမ်းဥသုံ အလုံးစုံသော နတ်,လူတို့၏၊ **ပိယံ**–သဒ္ဒါတိုးပွား ချစ်ခင်မြတ်နိုးခြင်းသည်၊ **ဘဝန္တု**–နှစ်သက်စုံပုံ ဖြစ်ကြပါစေကုန်သတည်း။

**သဗ္ဗလာဘမိတ္တံ** – အလုံးစုံများစွာ လာဘ်ရတနာ အဆွေခင်ပွန်းကောင်းများစွာသည်၊ **မမ သန္တိကေ**– ကောင်းကျိုးအားထုတ် အကျွန်ုပ်၏ အထံသို့၊ **ဧဟိ ဧဟိ** – နှစ်သက်ရွှင်စွာ လာလှည့်လာလှည့်ကြပါကုန်လော့။

*[ ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဏ္ဏိဒ်မြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

*သင့်တင့်အောင် နှလုံးသွင်း အရွှီးကင်းပါစေ။*

**ကဝိသိရောမဏိ**


ကျွန်တော် ညောင်ဦးမြို့တွင် တာဝန်ထမ်းဆောင်စဉ်က ဖြစ်သည်။ ကျွန်တော်၏ ဘယ်ဘက်မျက်လုံးမှာ ထိခိုက်မှု မရှိဘဲ စပ်ပြီး မျက်ရည်ယိုနေသည်။ မျက်စဉ်းအမျိုးမျိုးကို ခတ်ကြည့်သည်။ မထူးခြားပါ။ ဤသို့ဖြင့် (၃)လကျော်ကျော် ကြာသည်အထိ ဝေဒနာကို ခံစားနေရသည်။

တစ်နေ့တွင် မြန်မာ့ဆေးဆရာကြီး ဦးဘိုစံနှင့်တွေ့၍ ဆေးနည်းရခဲ့သည်။ ထိုဆေးမှာ မျက်စိ၏ ထောင့်စွန်းကို တုတ်ဖြင့် ရုတ်တရက် ထိုးမိသောဒဏ်ရာကိုပင် ပျောက်သည်ဟုဆိုသည်။

ကျွန်တော်လည်း စမ်းသပ်သုံးစွဲကြည့်ရာ နှစ်ခါခတ်ရုံမျှဖြင့် သိသိသာသာ ပျောက်ကင်းသွားပြီးနောက် ထိုဝေဒနာကို လုံးဝ မခံစားရတော့ပါ။

မျက်စိထိခိုက်ဒဏ်ရာများ (သို့မဟုတ်) ဒဏ်များအတွက်

ပျားရည်မျက်ဝဉ်း



ထို့ကြောင့် မိမိပတ်ဝန်းကျင်တွင် အလွယ်တကူ ရရှိနိုင်သော ဤဆေးနည်းကို အများပြည်သူများ သုံးစွဲနိုင်စေရန် စေတနာဖြင့် တင်ပြရခြင်းဖြစ်ပါသည်။

**ဆေးနည်းမှာ...**

ပျားရည်နှင့် ရေသန့်သန့်ကို ပန်းကန်သန့်သန့်တွင် ဆတူရော၍မွှေပါ။ ပျားရည်စစ်စစ် ဖြစ်ရန်လိုသည်။ တန်ဆောင်မုန်းပျား(**တန်ဆောင်မုန်းလတွင်ရသော ပျားရည်**)ဆိုလျှင် ပို၍ကောင်းပါသည်။ ယင်းကို တစ်နေ့သုံးကြိမ်မျှ ခတ်ပေးပါ။

**မျက်စဉ်းခတ်ပြီး (၂)မိနစ်ခန့်ကြာလျှင် မျက်နှာသစ်လိုက်ပါ။ မျက်လုံးများ သိသိသာသာ ကြည်လင်နေသည်ကို တွေ့ရပါလိမ့်မည်။**

*မြန်မာဆေးဆရာကြီး ဦးဘိုစံအား ကျေးဇူးအထူးတင်လျက်...*

**တိုးတက်ဖြိုး(ရ.န.ခ)**




www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဩော် ညီမလေး လာ အထဲကို ဝင်ခဲ့ပါယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၇၁၁ YR ၀၀၆၀၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၁၀၅၀၉)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃

"ဩော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှုပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

**အမှတ်-စ/၆၆၆၊ သုဝဏ္ဏလမ်းမကြီး၊**
**သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၅၂၂၅၄၁**



www.burmeseclassic.com

www.burmeseclassic.com

# လယ်သာဟိန်းရွှေဂူကြီးနှင့်


စိတ်ဝင်စားဖွယ်ရာများ (၂)

ဒေါက်တာ (LL.B)



▲ လယ်သာဟိန်းရွှေဂူဘုရား

▼ လယ်သာဟိန်း ရွှေဂူကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အချို့



### ယခင်လမှ အဆက်

လယ်သာဟိန်းရွှေဂူကြီး လက်ဝဲဘက်ဂူတွင် ရုပ်ပွား,ရုပ်တုတော်များနှင့် ကြွေပြားခင်းထားသော နေရာတစ်ခု ရှိသည်။

ထိုနေရာမှာ ညှော်ခန်းသဘောမျိုးဖြစ်သည်။ ဆရာတော်ကြီးများ ကြွလာလျှင် ဖူးမြော်ခံခြင်း၊ တရားဟောခြင်း၊ ခေတ္တ လဲလျောင်းသီတင်းသုံးခြင်းပြုကြောင်း သိရသည်။

လယ်သာဟိန်းရွှေဂူကြီး၏ ဝဲဘက် ပေ(၁၀၀)ခန့်တွင်လည်း လိုဏ်ဂူရှည်ကြီးတစ်ဂူရှိသေးကြောင်း ရွှေဂူဝဆရာတော်မှ ပြောပြပြီး လေးကော့ဆရာတော်နှင့်အတူ ထိုလိုဏ်ဂူရှည်ကြီးသို့ လိုက်ပြပါသည်။

ထိုလိုဏ်ဂူရှည်ကြီးမှာလည်း ဂူဝ မြောက်ဘက်လှည့်သည်။ ဂူဝမှာ အတော်ကျယ်ပြီး ဂူဝအမြင့်(၁၅)ပေခန့်သာရှိသည်။ ဂူတွင်းမှာ အမှောင်များနေသည်။ ရုပ်ပွားတော်များ ပူဇော်ခံထားသည်။

ရုပ်ပွားတော်များရှေ့တွင် ကြွေပြားခင်းထားသဖြင့် ဘုရားရှိခိုးခြင်း၊ တရားရှုမှတ်ခြင်းပြုနိုင်သည်။ ဂူနံရံများမှာ ကျောက်စက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်များနှင့် အလွန် ဆန်းကြယ်လှပသည်။

ထိုရုပ်ပွားတော်မြတ်များ၏ နောက်ကျောတွင် အမှောင်ဂူဝကို မြင်တွေ့ရသည်။ ဂူရှည်ကြီးအတွင်းမှာ အတွင်းဘက်သို့ (၁)မိုင် ရှည်လျားကြောင်း သိရသည်။

'ဒီလိုဏ်ဂူရှည်ကြီးအတွင်းမှာ ဆဒ္ဒန်ဂူ၊ ရသေ့ပုံ့ဂူတို့လို လျှပ်စစ်မီးဆင်ပြီး နံရံတွေမှာ ဗုဒ္ဓရုပ်ပွားတော်တွေ ပူဇော်ခံထားမယ်ဆိုရင် မြို့က ဘုရားဖူးတွေ အများကြီး လာကြမှာပေါ့။

ဘုန်းကြီးတို့ ဆန္ဒရှိပါတယ်။ ကူညီနိုင်မယ့် အကာတွေအမြန်ပေါ်လာဖို့သုတောင်းနေရတယ်' ဆရာတော်နှစ်ပါးမှ ဖြစ်ချင်သော ဆန္ဒကို ဖွင့်ဟမိန့်ကြားပါသည်။

'ဒီဂူကြီးက မြောက်ဘက်မှာ ဂူဝရှိပြီး တောင်ဘက်မှာ ဂူအဆုံးရှိတယ်။ ဒီဂူရဲ့ လက်ဝဲဘက်မှာတော့ အရှေ့,အနောက် လိုဏ်ခေါင်းလိုဖြစ်နေတဲ့ ဂူလိုဏ် ရှိသေးတယ်။




www.burmeseclassic.com

www.burmeseclassic.com



◆ လယ်သာဟိန်းဂူတွင်းမှ မြင်ရသော ရွှေဂူဝတောရကျောင်းရှုခင်း



◆ လယ်သာဟိန်းအဲယားကွန်းဂူတွင်ရှိ မြင်ကြီးငွေဆရာတော် လှူဒါန်းခဲ့သော သိမ်တော်



◆ လယ်သာဟိန်းလိုဏ်ဂူတွင်းမှ လျောင်းတော်မူနှင့် အမိုးရှိ နံရံကပ်ရုပ်တုများ။

အဲဒီလိုဏ်ဂူရဲ့လက်ဝဲဘက်မှာ အဲယားကွန်း ဂူကြီးရှိသေးတယ်'

ရွှေဂူဝတောရဆရာတော်က ထိုသို့ ပြောပြပြီး ဓာတ်မီးတစ်လက်ဖြင့် ရှေ့မှ ဦးဆောင်ခေါ်သွားပါသည်။

ဂူရှည်ကြီးအဝ အင်္ဂတေလှေကားမှ ဆင်းပြီး လက်ဝဲဘက်(အနောက်ဘက်)သို့ ပေလေးငါးဆယ်ခန့် သွားပြီးနောက် လိုဏ်ဂူဝတစ်ခု တွေ့ရသည်။

မျက်နှာစာမှာ ကျောက်စက်မိုးမျှော်များနှင့် ပိတ်ကာထားသဖြင့် ဂူလိုဏ်အတွင်းမှာ မှောင်နေသည်။ တစ်ခါတစ်ခါ အလင်းပေါက်များတွေ့ရသည်။

လိုဏ်ဂူအတွင်းမှာ (၁)ဖာလုံခန့် သွားရပြီး အနောက်ဘက်ဂူဝသို့ ရောက်ရှိသည်။ ထိုဂူဝမှ ထွက်ပြီး ဝဲဘက် ပေ(၃၀)ခန့်တွင် ဂူဝတစ်ခု ထပ်တွေ့ရသည်။

ဂူဝမှာ သဘာဝကျောက်သားနံရံကြီး ပိတ်ကာထားသဖြင့် ဂူဝဟုပင် မထင်ရပါ။ ထိုကျောက်နံရံကြီးဘေးမှာ အရှေ့ဘက် မျက်နှာလှည့်သော လူတစ်ကိုယ်စာ ဝင်နိုင်သည့် ဂူဝတစ်ခု ထပ်ရှိသည်။

**ထိုဂူဝသို့ ကျောက်ဘုံ နှစ်ဘုံခန့်ကို ကျော်တက်ရသည်။ ဂူဝ ရောက်သည်နှင့် အဲယားကွန်းမှ အအေးလှိုင်းများ ထုတ်လွှတ်သလို ခံစားကြရသည်။ လေပန်ကာမှ ထုတ်လွှတ်သော လေမျိုးနှင့် မတူပါ။ အလွန်အေးစိမ့်နေသည်။**

ဂူတွင်းမှာ မည်းမှောင်နေသဖြင့် ဓာတ်မီးဖြင့် ထိုးဝင်ရသည်။ အတွင်းပိုင်း အမိုးနံရံများတွင် ဓာတ်မီးနှင့်ထိုးလိုက်တိုင်း တလက်လက်တောက်ပနေသော ကျောက်သားများကို ကြယ်ပွင့်များ၊ ပိုးစုန်းကြူးများလို မြင်တွေ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com

◀ လယ်သာဟိန်းတွေ့ဂူကြီးအတွင်း အမိုးကပ် ရုပ်ပွား,ရုပ်တုများ ▶

ဂူအတွင်းမှာ အမိုးမြင့်သည်။ အတွင်းလမ်းမှာ လူသုံး,လေးယောက် ယှဉ်၍သွားနိုင်အောင် ကျယ်သည်။ အတွင်းရောက်လေ အေးစိမ့်မှု ပိုလေ ဖြစ်သည်။


“ဒီအဲယားကွန်းဂူကြီးရဲ့ ထူးခြားချက်ကတော့ လေဝင်လေထွက် ကောင်းပြီး လေသန့်တယ်။ လင်းဆွဲငှက် အပါအဝင် ဘာသတ္တဝါမှ မနေတဲ့အတွက် အနံ့အသက်ဆိုးတွေ မရှိဘူး။ ဂူအရှည်က (၆)ဖာလုံလောက် ရှိပြီး (၃)ဖာလုံလောက် အရောက်မှာ ဂူတွင်း အခန်းကျယ်ကြီးတစ်ခန်း ရှိတယ်။ လူလေး,ငါးရာ,တစ်ထောင်လောက် ဆံ့လိမ့်မယ်။ အဲဒီ အခန်းကျယ်ကြီးရဲ့ အပေါ်တည့်တည့်ဟာ ဒီတောင်ရဲ့ အမြင့်ဆုံးထိပ် ရှိတယ်။ အဲဒီထိပ်မှာ ဆံတော်ရှင်စေတီတော် ရှိပါတယ်။ ရှေးဦးဂူအောင်း လူသားတွေ နေထိုင်သွားတဲ့ဂူလို့ ယူဆရပါတယ်’

ရွှေဂူဝတောရကျောင်း ဆရာတော်မှ ရှေ့သွားရင်း ရှင်းပြပါသည်။ လက်နှိပ်ဓာတ်မီးတစ်လက်တည်းနှင့် ရဟန်း(၂)ပါး၊ ကျွန်ုပ်နှင့် ဆိုင်ကယ်ဖြင့် လိုက်ပို့သူ လူငယ်(၂)ဦး အပါအဝင် ဒကာ(၃)ဦးဖြစ်ရာ ဂူအဆုံးထိအောင် သွားဖို့ မလွယ်သဖြင့် ဂူတွင်း ကိုက်တစ်ရာခန့် အရောက်မှာ ပြန်ထွက်ခဲ့ပါသည်။


အယ်နီညိုရာသီဥတု၏ အပူဒဏ်ကို ပြင်းထန်စွာ ခံစားနေကြရသော ရန်ကုန်၊ နေပြည်တော်၊ မန္တလေး စသည့် မြို့ပြမှ ရဟန်းရှင်လူအများကို ဤဂူထဲသို့ ပေးဝင်နေခိုင်းချင်သော ဆန္ဒ ဖြစ်ပေါ်မိပါသည်။


ဤအဲယားကွန်းဂူတွင်းမှာ ဟိုပုံးရှိ ထန့်စမ်းလိုဏ်ဂူကြီးကဲ့သို့ လျှပ်စစ်မီး

◀ အဲယားကွန်းဂူအနီးရှိ ဒေါင်းနှစ်ကောင် တံခွန်တိုင်ကြီး ▶



◀ လယ်သာဟိန်းတွေ့ဂူအတွင်း ညာဘက်ခြမ်းမှ ကျောက်စက်ပန်းဆွဲအလှ








www.burmeseclassic.com

www.burmeseclassic.com






◆ အဲယားကွန်းဂူဝကို ပိတ်ကာထားသော ကျောက်နံရံ

အဲယားကွန်းဂူဝတွင် အအေးလှိုင်းများ ခံနေစဉ် ◆

◆ အဲယားကွန်းအမှောင်ဂူတွင်းတစ်နေရာ



◆ အဲယားကွန်းဂူတွင်း အမိုးနံရံမှ ကြယ်ပွင့်လို လင်းလက်နေသည့် ကျောက်သားများ



များ ထွန်းညှိပေးထားရလျှင် မြို့က ဘုရားဖူးတွေ တပုံကြီး မထွက်ဘဲ နေကြမှာကို မြင်ယောင်မိသေးသည်။

ကျွန်ုပ်ပင်လျှင် ဤအဲယားကွန်းဂူထဲမှ ပြန်မထွက်ချင်အောင် ဖြစ်နေသည်။ ကျွန်ုပ်၏ သားသမီးမြေးမြစ်မိသားစုနှင့်အတူ မကြာမီ ပြန်လာဦးမည်ဟု ဆုံးဖြတ်လိုက်ပါသေးသည်။

"ဒီလယ်သာဟိန်းရွှေဂူမှာ မြို့ပြက ဘုရားဖူးဧည့်သည်တွေ နေထိုင်အိပ်စက်ဖို့၊ ဘုရားဖူးကားတွေ ရပ်နားဖို့ နေရာအကျယ်ကြီး ရှိတယ်။

အရိပ်အာဝါသလဲ ကောင်းတယ်။ ငြိမ်းချမ်းရေး ရပြီဆိုရင် ဒီအနီးအနားမှာ အပန်းဖြေရေတံခွန်စိမ့်စမ်းတွေလဲ ပေါ်လာဖို့ရှိတယ်။


သုဝဏ္ဏဝတီမြို့(သိမ်ဆိပ်,ကျိုက္ကော်)က ဒီဂူအထိ မိုင်( ၄၀ )လောက် မော်တော်ကားလမ်းလဲ ကောင်းတယ်၊ ဒါပေမယ့် ရေသောက်နည်းနည်းခက်တယ်၊ အဝေးက ရေထွက်မှာ ပိုက်နဲ့သွယ်ယူရတယ်။

ဒီဂူဝအနီးမှာ အဝီစိတွင်းတူးရင် ရေပေါ်ထွက်နိုင်တယ်။ ဒါကြောင့် အဝီစိရေတွင်း



www.burmeseclassic.com

www.burmeseclassic.com




အကာနဲ့ ဂူတွင်းလျှပ်စစ်မီးဒကာ အမြန်ဆုံး ပေါ်လာပါစေလို့ နေ့စဉ်ဆုတောင်းနေပါတယ်' ရွှေဂူဝတောရကျောင်း ဆရာတော်မှ ကျွန်ုပ်ကို နှုတ်ဆက်စကား ပြောခြင်းဖြစ်သည်။ ကျွန်ုပ်အနေဖြင့်မူ လယ်သာဟိန်းရွှေဂူကြီးသို့ နောက်တစ်ခေါက်မက အရောက်လာဦးမည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။

အဲယားကွန်းဂူဝမှ အထွက်တွင် ဂူဝမှ ပေ(၅၀)ခန့်မှာ သိမ်တစ်ဆောင် တွေ့ရသည်။

'အဲဒါ မြိုင်ကြီးငူဆရာတော် သိမ်သမုတ်ပြီး ဆောက်လုပ်လှူဒါန်းခဲ့တဲ့ သိမ်တော်ပေါ့။ သိမ်နဲ့ဂူဝကြားက အခုတွေ့ရတဲ့ ဒေါင်း(၂)ကောင်နဲ့ တံခွန်တိုင်ကြီးက ကျိုက္ကေ အလံတစ်ရာဘုရားကြီးရဲ့ ရှေးဟောင်းအုတ်တိုင် သစ်သားတိုင်ကြီးကို ငုံပြီး လုပ်ထားတဲ့ ရေတံခွန်တိုင်ပါ။ အဲဒါကို လူသိ အတော်နည်းနေပြီ'

ဆရာတော်မှ ရှင်းပြခြင်း ဖြစ်ပါသည်။ လယ်သာဟိန်းရွှေဂူကြီးရှိရာ လယ်သာဟိန်းတောင်နှင့် အနီးဆုံးရွာမှာ ဂူကြီး၏အနောက်ဘက် (၁)မိုင်ခန့်တွင်ရှိသော တူးကပီးရွာနှင့် မြစ်ကျိုးရွာတို့ဖြစ်ကြောင်း သိရသည်။

လယ်သာဟိန်းရွာက ဂူဝ၏ တောင်ဘက်ကပ်လျက် တည်ရှိခဲ့သော်လည်း စစ်ဘေးဒဏ်ကြောင့် ပြောင်းရွှေ့သွားကြသဖြင့် ရွာဟောင်းကုန်းနေရာသာ ကျန်ရှိပါတော့သည်။

**စာဖတ်သူများ တစ်ခါတစ်ခေါက် ရောက်ဖူးနိုင်ကြပါစေ။**

***စေတနာမှန်လျှင် ကံကောင်းမည်။***

**အောင်ဇ(LL.B)**

## စာမျက်နှာ (၁၁၈)မှ အဆက်

မယ့် နွားက အကိုင်မခံဘူး။

မွှားပုံတွေက တောင်ပံတွေရှိတော့ ဟိုပုံ ဒီပုံနဲ့ မွှားတွေ သွေးစုပ်ပါများတော့ ဝလင်အောင်မစားရတဲ့အထဲ မွှားက သွေးစုပ်တော့ နွားတွေက ပိန်ဗျာ။ အဲဒါလဲ စိတ်ညစ်စရာ ဖြစ်နေရတာဗျ'

စိတ်ပျက်လက်ပျက် ပြောနေသည့် ကိုမြင့်ကျော်ကို ကိုချစ်ခင်က...

'ကိုမြင့်ကျော် ခင်ဗျားက တောင်သူ နွားမွေးလုပ်နေပြီးတော့ နွားနဲ့ပတ်သက်တာတွေ အထိုက်အလျောက်တော့ သိထားသင့်တာပေါ့ဗျ။ ခင်ဗျား နွားတွေမှာ တွယ်ကပ်နေတဲ့ ကပ်ပါးပိုးတွေဖြစ်တဲ့ မွှားစိုမွှားခြောက်၊ မွှားပုံ၊ ဖြုတ်တွေ ကွာကျသွားအောင် လုပ်တာလဲ သူ့နည်းနဲ့သူ ရှိပြီးသားပါဗျ'

'အပြစ်တင်ရင်လဲ ခံရမှာပဲ ကိုချစ်ခင် အဲဒီနည်းလေး လုပ်စမ်းပါဦးဗျ'

ဟု အားတက်သရော ပြောနေသည့် ကိုမြင့်ကျော်ကို ကိုချစ်ခင် ပြုံးကြည့်ရင်း...

'ကျွန်တော်တို့ ဟင်းချက်စားတဲ့ ပဲပုတ်အစိုကို ခိုင်းနွားကြီးဆိုရင် (၁၅)ကျပ်သားလောက် တစ်နေ့တစ်ကြိမ် သုံးရက်ခွံ့ပေးလိုက်စမ်းပါဗျာ။ ခင်ဗျားနွားမှာ တွယ်ကပ်နေတဲ့ ကပ်ပါးကောင် ဟူသမျှ အကုန်ကွာကျသွားလိမ့်မဗျို့'

'ခုလို ပြောပြတာ ကျေးဇူးတင်လိုက်တာဗျာ၊ ခင်ဗျားတို့ လက်ဖက်ရည်ဝိုင်းထဲ ဝင်ထိုင်လိုက်တာ ကျွန်တော့်အတွက် အဖိုးမဖြတ်နိုင်တဲ့ ဗဟုသုတတွေ ရသွားပြီဗျို့။ ကျွန်တော့်ကို ခွင့်ပြုပါဦး။ ထိုင်နေလို့ မဖြစ်ဘူးဗျ၊ နွားစာ ရှာရဦးမယ်လေ'

ဟု ပြုံးရွှင်စွာပြောရင်း အားလုံးကို နှုတ်ဆက်၍ ပြန်သွားလေသည်။

**အေးချမ်းအောင်**

***(ရမည်းသင်း)***



www.burmeseclassic.com

www.burmeseclassic.com

နွားစာထားနည်းနှင့်

# နွားများ မှားကိုက်လျှင်

အေးချမ်းအောင်
(ရမည်းသင်း)

ထိုနေ့က ဦးလေးစံ အိမ်တွင် လယ်အကြောင်း၊ ယာအကြောင်း မိုးလေဝသ ကုန်ဈေးနှုန်း စသဖြင့် အကြောင်းအရာစုံ ပြောဆို စကားလက်ဆုံကျနေသည့် ကျွန်တော်တို့စကားဝိုင်းနား ကိုမြင့်ကျော်တစ်ယောက် ပခုံးတွင် တူးရွင်းပြားထမ်းကာ ရောက်လာပါသည်။

'လူစုံလှချည်လားဗျ'

ဟု အသံပြုရင်း တူးရွင်းပြားကို မြေမှာ ထိုးစိုက်လိုက်သည်။

'လာဗျို့... ကိုမြင့်ကျော် ရေနွေးကြမ်းရှိတယ်ဗျ။ မိုးအဆက်မပြတ် ရွာနေတော့ ဘာအလုပ်မှ မည်မည်ရရ လုပ်ကိုင်လို့ မရတော့ ဒီမှာ စုပြီး မိုးအေးအေး စကားပြောနေကြတာဗျို့'

ကျွန်တော်တို့ဝိုင်းထဲ ကိုမြင့်ကျော် ဝင်ထိုင်ထိုက်ကာ...

'မိုးရွာတာကလဲဗျာ စိတ်ညစ်စရာဖြစ်နေပြီ။ ခေါင်တော့ မျှော်လိုက်ရတဲ့မိုး၊ ရွာတော့လဲ စိတ်ပျက်အောင်ကို ရွာတဲ့မိုးဗျာ။ **လ,ချီကြာ ရွာနေတော့ နွားစာ ဘယ်လိုလုပ်ရမယ် မသိတော့ဘူးဗျို့**'

'ဦးကြီးတင် နွေစပါးကရတဲ့ ကောက်ရိုးတွေ ယူမထားဘူးလား'

'ယူတာပေါ့ဗျာ။ မိုးထဲရေထဲဆိုတော့ နွားစာတွေ စဉ်းထားပေမယ့် အောက်ကုန်တယ်ဗျ။ နေကလဲ မပူတော့ စဉ်းဖတ်တွေ မလှန်းရဘူး။ ရေစိုနေတဲ့ စဉ်းဖတ်တွေ တစ်ပတ်တောင် မကြာဘူး အောက်ကုန်တယ်၊

ခုဆို အပူလောင်ပြီး ဆွေးကုန်ပြီ။ နွားမစားတော့ဘူး။ မြက်အစိုရိတ်ဖို့ဆိုတာကလဲ ရိတ်စရာကို မရှိတော့ဘူးဗျ။ ဘယ်လိုလုပ်ရမလဲ၊ မတွေးတတ်တော့ဘူး၊ စိတ်ညစ်စရာဗျာ'

ဟု ကိုမြင့်ကျော်က စိတ်မချမ်းမြေ့စွာ ပြောဆိုရင်း ရေနွေးကြမ်းတစ်ခွက် ကောက်သောက်လေသည်။

'ကိုမြင့်ကျော် ခင်ဗျားက နွားစာကို နွားစားအောက်မှ မထားတတ်တာပဲကိုးဗျ'

'ပြောရင်လဲ ခံရမှာပါပဲဗျာ၊ နွားစာ နွားစားအောင်ထားတဲ့နည်းဆိုတာ ရှိနေလို့လား ပြောပြစမ်းပါ အစ်ကိုကျော်ရာ'

'ရှိသပေါ့ ကိုမြင့်ကျော်'


'လုပ်ဗျာ အဲဒါပြောပြပေးပါ အစ်ကိုကျော် ကျေးဇူးတင်ပါတယ်'

'သိပ်ပြီးတော့ ခက်ခက်ခဲခဲ မဟုတ်ပါဘူးဗျ။ ဒီနှစ်လို မိုးထဲ၊ ရေထဲ ကောက်ရိုးတွေ နွားစာအဖြစ် အသုံးပြုမယ်ဆိုရင် ကောက်ရိုးစဉ်းဖတ် ရေစိုနေတာပဲဖြစ်ဖြစ်၊ အပင်က စိုနေတာပဲဖြစ်ဖြစ် စဉ်းဖတ်ကို နေပူလို့ နေမလှန်းရလဲ မပူနဲ့။

နွားစာစဉ်းတိုက်ထဲကို စဉ်းဖတ်(၁၀) ခြင်းလောက် ဖြန့်ထည့်ရမယ်၊ ပြီးတော့ ဆားထည့်ပေးရမယ်'

ပြောပြီး ကိုကျော်ကြီးက စကားစဖြတ်ကာ ရေနွေးကောက် သောက်နေလေသည်။ ကိုမြင့်ကျော်က စိတ်မရှည်သံဖြင့်...

'ဘာကို ဘယ်လိုထည့်ရမှာလဲ ဆက်ပြောပါဗျ'



'ပြောမှာပါဗျ၊ ဆန္ဒတွေ စောနေလိုက်တာ ဖြန့်ထည့်ထားတဲ့ နွားစာစဉ်းဖတ်တွေအပေါ် ဆား(၁၅)ကျပ်သားလောက် နေရာအနှံ့ ဖြူး ပေးလိုက်။ စောစောကလို စဉ်းဖတ်တွေ ဖြန့်ထည့်၊ တစ်ခါ ဆားစောစောကလို ဖြူး စဉ်းဖတ်ထည့်လိုက် ဆားဖြူးပေးလိုက်၊

အဲဒီလို ထည့်ပေးလိုက်ရင် နွားစာတွေ ဟာ အဝါရောင်ပျောက်ပြီး အညိုရောင် ပြောင်းသွားလဲ နွားစားတယ်၊ ဆွေးသွားရင် တောင် စားသဗျို့၊ ရှုတ်တရက်လဲ မဆွေး ပါဘူး၊ နွားစာမပျက်တဲ့ ထားနည်းပေါ့ဗျာ

ဆားများသွားလဲ ဘာမှ မဖြစ်ဘူး၊ အဲဒီလို သာလုပ်၊ နောက်ဆို ခင်ဗျား နွားစာ အခက် အခဲ မဖြစ်တော့ဘူးပေါ့'

ဟု ကိုကျော်ကြီးက နွားစာထား နည်းကို ပြောပြီး ဆေးလိပ်ကို မီးညှိ ဖွာရှိုက်နေလေသည်။

'အေးဗျာ... နွားစာက မရှိတဲ့အထဲ ကျွန်တော် နွားတွေမှာ မှားတွေ ကိုက်နေတာဗျ၊ မှား ကော၊ မှားခြောက်ကော၊ မှားစိုကော ... တာပဲ။ မှားစိုတွေကို ဆွဲခွာ ...

စာမျက်နှာ (၁၁၇) သို့



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ဦးညာဏ်ထွန်းရှိန် (စက်မှု-၁)

'ဟော့… ကိုညာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်… စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ လာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုညာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရှေ့နေကြီး ဦးညွန့်လှိုင် (စည်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ… လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုညာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်းဒူးဆစ်ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးခေတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှုန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်၊ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လိုရှိပါသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-ဝ၆၁၂YR ဝဝ၆၇ဝ၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျှင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း''လို့ မေးဝယ်ပါ။


**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-၈/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးဉာဏ်ထွန်းရှိန် (စက်မှု-၁)**



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးခြားခြား ကျောက်လိပ်လေးနှစ်ကောင်ကို ပက်လက်အနေအထား မြင်ကွင်း

ရိုင်တွင် (၈၀)

ထူးထူးခြားခြား

# ကျောက်လိပ်လေး နှစ်ကောင်

တစ်နေ့မှာ ကျွန်တော့်အိမ်ကို ငယ်သူချင်း ကိုစိုးမင်းသိန်း ရောက်လာတယ်။ ကိုစိုးမင်းသိန်းက ရဟန်းလူထွက်တစ်ဦးပါ။ သူက ပစ္စည်းထူးထူးဆန်းဆန်းလေးတွေ စုဆောင်းထားပြီး လေ့လာနေတတ်တယ်။ သူက အပေါင်းအသင်း စုံတယ်။ ဒါကြောင့်မို့လဲ ပစ္စည်း ထူးထူးဆန်းဆန်းလေးတွေ ရတာပေါ့။

ကျွန်တော့်ကို သဘာဝ ကျောက်ပစ္စည်းလေးတွေ လာပြတယ်။ အဲဒါက ကျောက်လိပ်လေး နှစ်ကောင်ပါ။ သဘာဝ ကျောက်တုံး ကျောက်သားက ဖြစ်ပေါ်နေတဲ့ ကျောက်လိပ်လေးတွေ။

အမှုမဲ့ အမှတ်မဲ့ ကြည့်လိုက်မယ်ဆိုရင် ရိုးရိုးကျောက်ခဲ မည်းမည်းလေးတွေလို့ ထင်ကြမှာပါ။ ဒါပေမယ့် သေသေချာချာ လေ့လာကြည့်လိုက်တော့ ကျောက်လိပ်လေးတွေရဲ့ ထူးခြားမှုလေးတွေကို တွေ့ရတယ်။

ကျောက်လိပ်လေးတွေရဲ့ အခွံမှာ ညီညာတဲ့ အစင်းကြောင်းတွေ ပါဝင်နေရာ မျက်လုံးနေရာတွေမှာ မထင်မရှား အရာလေးတွေ၊ ဗိုက်ဘက်ကတော့ တကယ့် သက်ရှိလိပ်လို ပြောင်ချောနေတယ်။ ခြေချောင်းအရာတွေကိုလဲ တွေ့ရတယ်။

ကျောက်လိပ်လေးတွေရဲ့ ကျောဘက် (အခွံ)မှာ စာလုံးလိုလို ပုံဏ္ဍာန်တွေကိုလဲ တွေ့ရတယ်။ ကျောက်လိပ်အထီးက အကောင်သေးပြီး ကျောက်လိပ်အမကတော့ အကောင်ကြီးတယ်။

ကျွန်တော် ဒီလိုပစ္စည်းမျိုးလေးတွေကို တစ်ခါမှ မတွေ့ဖူးဘူး။ ကျွန်တော်က ကိုစိုးမင်းသိန်းကို ကျောက်လိပ်လေးနှစ်ကောင်ရဲ့ ထူးခြားတဲ့ ဖြစ်စဉ်လေးတွေကို မေးကြည့်မိတယ်။ ကိုစိုးမင်းသိန်းက စိတ်ရှည်လက်ရှည် ရှင်းပြတယ်။

'ကျွန်တော့်ရဲ့ အပေါင်းအသင်း အရာရှိတစ်ယောက်က ကျွန်တော့်ကို လက်ဆောင်အဖြစ် ပေးခဲ့တာဗျာ။ ကျောက်လိပ်လေးနှစ်ကောင်ကို လူတွေ အမြင်မှာ သက်မဲ့လေးတွေလို့ မြင်မှာပေါ့။

ဒါပေမယ့် ကျောက်လိပ်လေးတွေဟာ အသက်ရှိတယ်။ ကျွန်တော်က ကျောက်လိပ်လေးတွေကို ရေဇလုံ သန့်သန့်ထဲမှာ ရေသန့်သန့်ထည့်ပြီး ချပေးထားတယ်။

နေ့စဉ် မနက်တိုင်း ကန်စွန်းရွက်တို့ ပေါက်ပေါက်တို့ ကျွေးပေးတယ်။ သူတို့ကို ကျွေးမွေးပြီးတိုင်း ကျွန်တော် သစ္စာပြုပေးတယ်။

"အသင်လိပ်မင်းတို့... အသင်တို့ကို ကျွန်တော် သန့်သန့်ရှင်းရှင်း ကောင်းကောင်းမွန်မွန် ကြည့်ရှုစောင့်ရှောက် ကျွေးမွေးထားတယ်။ မေတ္တာတရားကြီးမားစွာနဲ့





www.burmeseclassic.com

www.burmeseclassic.com



◆ ထူးထူးခြားခြား ကျောက်လိပ်လေးနှစ်ကောင်ကို အပေါ်ဘက်ပိုင်းမှ မြင်ရပုံ

ထိန်းသိမ်းစောင့်ရှောက်ထားပါတယ်။

အသင်လိပ်မင်းတို့ကလဲ ကျွန်တော် အပါအဝင် မိသားစုအားလုံး လူသားအားလုံးတို့ကို ပြန်လည် ကြည့်ရှုစောင့်ရှောက်ကြပါ။ အချိန်အခါမရွေး ကျရောက်နိုင်တဲ့ ဘေးရန်အန္တရာယ်အသွယ်သွယ်ကို ကာကွယ်စောင့်ရှောက်ပေးပါ"

လို့ သစ္စာပြုတိုင်တည်တယ်။

ကျွန်တော့်ကိုယ်တွေ့ ဖြစ်ရပ်လေးတွေ ရှိတယ်။ လေထိုး လေအောင့်ရောဂါ အပြင်းအထန် ခံစားနေရတဲ့ လူနာတွေကို ကျောက်လိပ်လေးတွေ စိမ်ထားတဲ့ ရေတိုက်ပြီး ကုသပေးဖူးတယ်။ အချိန်သိပ်မကြာဘူး သက်သာပျောက်ကင်းသွားကြတယ်။

ရောဂါဒဏ်ကို မခံမရပ်နိုင် ခံစားနေရတဲ့သူကိုတော့ ကျောက်လိပ်လေးတွေနဲ့ ထိတွေ့ပြီး ကုပေးတယ်ဗျာ။ အမျိုးသား လူနာရှင်ဆို ကျောက်လိပ်အမ၊ အမျိုးသမီး လူနာရှင်ဆို ကျောက်လိပ်အထီးနဲ့ ကုပေးတယ်။

ဝေဒနာ ခံစားနေရတဲ့ လူနာရဲ့ ရင်ညွန့်နားကစပြီး အောက်ဘက်ကို တဖြည်းဖြည်းရွှေ့ပြီး ထိပေးရတယ်။ တစ်ကြိမ်, နှစ်ကြိမ် ပြုလုပ်ရုံနဲ့ သက်သာပျောက်ကင်းသွားကြတယ်။

နောက်ပြီး ကျောက်လိပ်လေးတွေ စိမ်ထားတဲ့ ရေကို ဈေးဆိုင်တွေမှာ ပက်ဖျန်းပေးရင် အရောင်းအဝယ်ကောင်းတယ်။ ကိုယ်နဲ့အပြိုင်အဆိုင်ရှိရင် ကျောက်လိပ်လေးတွေ စိမ်ထားတဲ့ရေကို သောက်သုံး ပက်ဖျန်းပြီး ဆောင်ရွက်ကြည့် အောင်မြင်တယ်ဗျာ။

တကယ်တော့ လိပ်သတ္တဝါဆိုတာ မေတ္တာတရား ကြီးမားတဲ့သတ္တဝါမျိုး မဟုတ်လား။ ဒီလို သဘာဝအလျောက်ဖြစ်ပေါ်လာတဲ့ ထူးထူးဆန်းဆန်း ပစ္စည်းလေးတွေဟာ "ကောင်းကျိုးဆိုးကျိုး နှစ်မျိုးလုံး" သုံးတတ်ရင် သုံးတတ်သလို အသုံးပြုနိုင်တယ်လို့ လူကြီးသူမတွေ ပြောပြတာ ကြားဖူးတယ်။

တစ်နေ့မှာ ညီလေးလိုပဲ ခင်မင်နေတဲ့ သူငယ်ချင်းတစ်ယောက်က ကျောက်လိပ်လေးတွေကို လှူလာချင်တယ်ဆိုလို့ သုံးရက်လောက် ပေးထားဖူးတယ်။

အဲဒီသူငယ်ချင်းက အမှုမဲ့ အမှတ်မဲ့နဲ့ ကျောက်လိပ်လေးတွေကို အကျႌအိတ်ထဲ ထည့်ပြီး ငွေရေး ကြေးရေး အလောင်း အစား သွားလုပ်မိတယ်။ မထင်မှတ်လောက်အောင် အနိုင်ရခဲ့တယ်တဲ့။

သူကတော့ ရိုးရိုးသားသားနဲ့ အစ်ကို့ကို ပြန်ပြောပြတယ်။ အစ်ကိုလဲ သူ့ကို စကားတစ်ခွန်း ပြောလိုက်တယ်။ အလောင်းအစားလုပ်ဖို့ ကျောက်လိပ်လေးတွေ ဘယ်တော့မှ လာမယူနဲ့လို့။ အစ်ကို သူ့ကို စိတ်ထဲမှာ မကျေမနပ်ဖြစ်သွားမိတယ်။

"လက်တွေ့မှာ လူသားတွေ ကောင်းကျိုးအတွက် အမြဲ အသုံးချမယ်"လို့ ကျောက်လိပ်လေးတွေကို သစ္စာကတိပြုထားလို့ပါကွာ။ ညီလေးလဲ လှူလာချင်ရင် သုံးရက်လောက် ယူထားလိုက်လေကွာ။

ကျောက်လိပ်လေးတွေကို အစ်ကိုထားသလို ထားပေးပါနော်။ ကျောက်လိပ်လေးတွေနဲ့ ပတ်သက်တဲ့ ထူးခြားမှုလေးတွေကို ကြုံရင် အစ်ကို့ကို ပြောပြပေါ့။ အစ်ကို သွားစရာရှိသေးတယ်။ သွားခွင့်ပြုပါဦး'

ကိုစိုးမင်းသိန်းလဲ ကျွန်တော့်ကို ကျောက်လိပ်လေးတွေပေးပြီး အိမ်ထဲက ထွက်သွားတယ်။ ကျွန်တော်ကတော့ ကျောက်လိပ်လေးနှစ်ကောင်ကို စိတ်ဝင်စားစွာနဲ့ လှူလာနေမိတယ်။

**လှိုင်ထွန်း(ဓ[illegible])**

www.burmeseclassic.com



ဒွေးရွှေ
(အိုးကုန်း)

သတ္တကျွတ္တု

# အနန္တပြာလမ်း

အဂ္ဂိရတ်ပညာ လေ့လာလိုက်စားသူတိုင်း၊ ဝါသနာရှင်တိုင်း ခုနစ်ပါးဓာတ်ဖြစ်သော သတ္တကျွတ္တုံကို မသိသူ၊ မကြားဘူးသူ ရှိကြမည်မဟုတ်ပေ။ သတ္တကျွတ္တုံနှင့်ပတ်သက်လျှင် နဂါးမျိုးတို့ကို အထူးနိုင်စေတတ်ပြီး ယင်းတို့ကိုယ်ပေါ်မှ ကျော်မိလျှင် ယင်းနဂါးမျိုးတို့ သေကျေပျက်စီးတတ်သဖြင့် ရဟန်းတို့ မဆောင်ကောင်းကြောင်း၊ ရဟန်းတို့ ဆောင်လျှင် အာပတ်သင့်ကြောင်း လူကြီးသူမနှင့် အဂ္ဂိရတ်ပညာရှင်များ "သတ္တကျွတ္တုံဆေးပေါင်းစုံ ဘိက္ခုအာပတ်သင့်"ဟု စာဆိုလေးနှင့် ပြောစမှတ်ရှိကြသည်ကို နာခံမှတ်သားခဲ့ရဖူးပါသည်။

စင်စစ်မူ ယင်းသတ္တကျွတ္တုံဓာတ်မှာ ဆိုခဲ့ပြီးသော နဂါးမျိုးတို့ကို နိုင်နင်းစေရုံမျှ မဟုတ်ပေ။ သတ္တကျွတ္တုံဓာတ်သည် ဆေးကုဓာတ်လုံးအဖြစ် အသုံးပြုလျှင် သွေးပယောဂ၊ လေပယောဂတို့နှင့် အမှောင့်ပယောဂဟူသည့် စုန်းမျိုး၊ ဘီလူးသဘက်၊ အစိမ်းသရဲ တစ္ဆေမှင်စာမှစ၍ မိစ္ဆာနတ်ဆိုးတို့၏ ရန်အပေါင်းမှ လွတ်မြောက်နိုင်ကြောင်း၊ ပယောဂမှန်သမျှ ပျောက်ကင်းချမ်းသာ(နိုင်)ကြောင်း နာနာနယပကိဏ္ဏကကျမ်းနှင့် တြိကဏ္ဍကျမ်းတို့တွင် တွေ့ရှိရပေသည်။

ယင်းသတ္တကျွတ္တုံဓာတ်ဖြင့် ပတ်သက်၍ အဘိုး၏ ရွှေလမ်းငွေလမ်းပဒေသာကျမ်းမှတ်စု၌...

'ဇမ္ဗူမြန်အောင် ဉာဏ်တန်ဆောင်ကို လှုံ့ဆောင်သူတို့ ခုနစ်ဖြာဓာတ်သတ္တကွတ်ကို သိမှတ်ဖို့ရန် နိဒါန်းဖြာဆုံ...

မြင်ဟေမဝါ ကေသရာဟု တေဇောမြန်ပြေး- စိန်, ဆေး, ကန့်, ဝက်, ဒုတ်, ခင်း, လက်ဖြင့် ဆင်းသက်စဉ်လာ (၇) ဖြာကို တစ်ကျပ်စီသာ ညီညာပေါင်းစုထောင်းထုပြီးခါ သံပရာနှင့် သုံးခါကြိတ်စမ်း သုံးနေလှန်း၍ စခန်းစေ့တုံ (၆)သစ်လုံး၌ အကုန်ထည့်လပ် ဆား (၃)ကျပ်ပါ ပိတ်လတ်ပြီးခါ မီးမှာ တစေ့နာနာတေကြ သတ္တုရ၏။

"ရသည့်သတ္တု သုံးဆောင်မှုမှာ ခွေး, မြွေကိုက်လာ ထိုအနာကို တိုက်ခါလိမ်းချ၊ ချမ်းသာရ၏။ ဉာဏ်ရှိသမျှ အသုံးချက (၉၆)ဖြာဝေဒနာကို လျှင်းလျှင်းမကြာ ပျောက်စေပါသည်။ တစ်ဖြာပယောဂ ဖမ်းစားကလည်း ဓာက်ပြန်ရေ ရောထွေးလိမ်းတိုက် ခဏနှိုက်လျှင် ဘေးပေါင်းစင်သည့် အေးမြရေစင် ဓာတ်ပေါင်းတည်း"ဟု တွေ့ရှိရပေသည်။

ထိုသတ္တကျွတ္တုံဓာတ်သည် ထိုမျှနှင့်လည်း အဆုံးမသတ်သေးပေ၊ အလိုရှိပါက ထိုဓာတ်လုံးဖြင့်ပင် ထွက်ရပ်လမ်းအထိ ပေါက်မြောက်အောင် ဆောင်ရွက်နိုင်ကြောင်း ကျမ်းများက ဆိုပါသည်။

သို့သော် စာရေးသူ တင်ပြလိုသည်မှာ သတ္တကျွတ္တုံပြာလမ်း ဖြစ်သဖြင့် အထက်ဖော်ပြပါဓာတ်လုံးဖြင့် "စခန်း" သွားသောနည်းကို နောင်အလျဉ်းသင့်မှ တင်ပြပါမည်ဖြစ်ကြောင်း ဦးစွာတောင်းပန်လိုပါသည်။

ဆက်လက်၍ သတ္တကျွတ္တုံအနန္တပြာလမ်းကို တင်ပြပါမည်။

ရိုးသားစွာဝန်ခံရလျှင် စာရေးသူသည် ငယ်စဉ်ကပင် အဂ္ဂိရတ်ပညာကို ဝါသနာထုံသည့်အလျောက် စာရေးသူ၏ အမေဘက်မှ အဘိုးထံတွင် လက်လှမ်းမီသမျှ လေ့လာလိုက်စားကာ

www.burmeseclassic.com

ဝန်ထမ်းဘဝမှ အနားယူပြီးသည်နှင့် အထိုက်အလျောက် ကစားခဲ့ပါသည်။ သို့သော် ထိုသို့ကစားရာ၌ အဓိကဆရာမှာ စာအုပ်စာပေများနှင့် အဘိုး ကျန်ခဲ့သော မှတ်စုများသာ ဖြစ်ပါသည်။

ယခုတင်ပြမည့် သတ္တကဥ္စတ္တုံအနန္တပြာလမ်းမှာ အဘိုး၏မှတ်စုမှ တွေ့ရှိသည့်နည်းဖြစ်ပြီး ရှားပါးနည်းလမ်းအဖြစ် လေ့လာတွေ့ရှိရသည့်အတွက် ပညာမပျောက်ပျက်စိမ့်သောငှာ ပညာကို ဆက်လက် ထိန်းသိမ်းသောအားဖြင့် လည်းကောင်း၊ ဝါသနာရှင်များ လေ့လာသိရှိနိုင်ပါရန် လည်းကောင်း၊ လိုအပ်ပါက ပြုလုပ်ဆောင်ရွက်နိုင်ပါရန် လည်းကောင်း စိတ်စေတနာရှေ့ထား၍ ရေးသားတင်ပြခြင်းဖြစ်ပါ၏။

## သတ္တကဥ္စတ္တုံအနန္တပြာလမ်းလင်္ကာ

ဂွတ်(ကြွပ်)၊စိန်၊ကန့်၊လက်ချား ကျပ်စီထား၍ သတ္တကဥ္စတ္တုံဆေးပေါင်းစုံကို ငုံ၍ပြီးသာ ကိုခါပြဒါး(၈)ပဲသားကို လောင်းပြား ဇော်ဝိတ် တစ်ဆိတ်မနား(၁၇)ရက်ထားပြီး မီးစိုက်ပါက ပြာနုကျ၏။

ဒုတိယမှာ ဘော်တစ်ကျပ်လောင်း ငရုတ်ကောင်းက တစ်လုံးတစ်ကျပ် (၅)ကျပ်မျှပုံ (၅)လုံးမှုထိုး တစ်မျိုးဝင်လာ အထက်ပါသို့ ငါးခါဖို၍ ထိုသည့်ဘော်စင် ညစ်များစင်ရန် ကန့်ဟင်းဆေးဒန်း တစ်ခန်းဒုတ္တာ ညီစွာလေးပဲ၊ ပေါင်း(၁၆)ပဲသားနှင့် လုံပိတ်တစ်လုံ လက်ကုန်ထိုးသိပ် နာနာနှိပ်လော့...

ထို့နောက်တစ်ဖန် ဘော်မှုန်တစ်ကျပ် ပြာတစ်ကျပ်နှင့်၊ ထပ်၍ထိုးနံ ပြာကျပြန်၏။

ထိုပြာအထဲ (၈)ပဲပြဒါး လောင်းထား မီးစိုက် အမာဆိုက်သည် ဆိုက်သည့်ဓာတ် မာ၊ ပြဒါးသာလျှင် (၈)ပဲဝင်ပေါင်း၊ မီးကောင်း ပြန်စိုက်၊ ပြာပြန်ဆိုက်၏။

ထိုပြာလေးရွေး ဘင်တစ်ဆယ်ကျေး၊ကာ၊ မနေးချက်ချင်း ဘော်သတ်သွင်းသည် လက်ငင်းငွေပင်ပေါက်တော့၏။

ထို့နောက်တစ်ခါ ထိုပြာတစ်ကျပ် ရွှေတစ်ကျပ်နှင့် ထပ်၍ ထိုးပြန် ပြာကျပြန်သည် ထိုပြာအထဲ (၈)ပဲပြဒါး သွင်းပြားမီးတင် ဓာတ်လျှင်မာပြန် ရောင်လျှင်ပြန်၏။

ထိုရောင်ပြန်ဓာတ်(၈)ပဲ ပြဒါးထပ်သွင်းထားမှန် မီးမှာပြန်စိုက် ပြာဆိုက်ပြန်သည်။ ထိုပြာကိုပင် ဘော်နာဘင်၌ ကွမ်းရိုးစိုက်က မုချမသွေ ကိတ်ဖြစ်ချေ၏။

မိုးလေထိုပြာ နမ်းစေ့စာလျှင် နေ့စဉ် သုံးစားသိဒ္ဓိပွား၏။ ရသာနှင့်ယှဉ်စားခဲ့လျှင်ကား နှစ်ပါးနေလ အစိုးပြီး လောကဖျ၍ သူမတူအောင် ဘုန်းရောင်တောက်ပ ကြံတိုင်းရ၍ ကမ္ဘာနှင့်ညီ သက်လျှင်ရှည်သည် အနန္တထိုက်သည့်ပြာလမ်းတည်း။

## သတ္တကဥ္စတ္တုံဓာတ်အား

## အနန္တပြာလမ်းစီရင်ပုံ

| | |
|---|---|
| **သတ္တကဥ္စတ္တုံ(ထိုးပြီးဓာတ်သား)** | **၁ ကျပ်သား** |
| **စိန်** | **၁ ကျပ်သား** |
| **ကန့်** | **၁ ကျပ်သား** |
| **လက်ချား** | **၁ ကျပ်သား** |
| **ဂွတ်(ကြွပ်)** | **၁ ကျပ်သား** |

အားလုံးပေါင်း အရည်ကျို အရည်လင်သည်နှင့် **သန့်စင်ပြီး ပြဒါး(၈)ပဲသားသွင်း** လုံပိတ်ဖော်မံပြီး (၁၇)ရက် ဖွဲမီးစိုက် ပြာနုကျ၏။

**ဘော်ကောင်းကောင်း (၁)ကျပ်သားကို ငရုတ်ကောင်း(၅)ကျပ်သား**နှင့် တစ်လုံ၊ ငရုတ်ကောင်း(၁)ကျပ်သား လုံပိတ်(၅)လုံထိုး၊ နောက် **ဇဝက်သာ(၅)ကျပ်သား**နှင့် တစ်လုံ (၁)ကျပ်သားစီထည့်၊ ငရုတ်ကောင်းနှင့် ထိုးသလို လုံပိတ်(၅)လုံထိုး၊

ထိုဓာတ်ကို **ဆေးဒန်း(၄)ပဲသား၊ ကန့်(၄)ပဲသား၊ ဟင်းရိုင်း(၄)ပဲသား** အားလုံးပေါင်း လုံပိတ် တစ်လုံ မီးနာနာထိုး။

ထိုသို့ ထိုးပြီးသည်နှင့် ထိုဘော်ကို **အထက်ပြာ(၁)ကျပ်သား**နှင့် လုံပိတ်ထိုး ပြာကျ၏။ ပြဒါး(၈)ပဲသားသွင်း၊ ဖွဲမီးစိုက် ပြန်မာသည်။ ယင်းအမာကို ဖိုနှင့်ပြန်ထိုး အရည်ဖြစ်လျှင် **ပြဒါး(၈)ပဲသားသွင်း။** ဖွဲမီးပြန်စိုက် ပြာကျပြန်၏။ ယင်းပြာ**ဘင်"၁၀"**၊လေးရွေးပစ် ဘော်ဖြစ်သည်။

ထိုပြာကို **ပြာ(၁)ကျပ်သား၊ ရွှေ(အခေါက်) (၁)ကျပ်သား**ထည့် လုံပိတ်ထိုး၊ ပြာကျ၏။ ထိုပြာ၌ ပြဒါး(၈)ပဲသားသွင်းမီးစိုက်၊ ပြန်မာသည်၊ ယင်းအမာကို ပြဒါး(၈)ပဲသား ထပ်သွင်း ဖွဲမီးပြန်စိုက် ပြာနုဆိုက်၏။

ယင်းပြာ **ဘော်-နာ-ဘင်**တို့၌ ကွမ်းရိုးတစ်တို့ကို ကိတ်ဖြစ်သည်။

ယင်းပြာကို **တစ်နေ့နှမ်းစေ့တစ်စေ့ခန့်စား** ရေမငတ်၊ ထမင်းမဆာ၊ ငတ်မွတ်ခြင်း ကင်း၏။ နေ့စဉ်စားသုံးက ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ လာဘသိဒ္ဓိ စသည့် သိဒ္ဓိအပေါင်းကို ရ၏။

ရသာတွင် ယှဉ်၍စားက သိဒ္ဓိကြီး ဆယ်ပါးနှင့်တကွ သိဒ္ဓိအပေါင်းကို ရ၏။ နေလအတူ အသက်ရှည်၏ ကြံတိုင်းအောင်၍ စိတ်ရှိသမျှ ပြီးပြည့်စုံနိုင်၏။

နံ့သာငါးပါးရည်နှင့် ဖျော်၍ လိမ်းကလူနတ်တို့နှစ်လို၏။ မြင်သူတကာတိုင်း ချစ်ခင်၏။ ဘုန်းမီးနေလတောက်၏ မိမိဉာဏ်ရှိသမျှ သုံးနိုင်၏။ အနန္တထိုက်၏။ နေလကို အစိုးရ၏။ မှောင်စေ လင်းစေ၊ နေပူစေမိုးရွာစေနိုင်၏။

ဤသည်တို့မှာ အဘိုး၏မှတ်စုမှ တွေ့ရှိချက်များ ဖြစ်ပါသည်။

***လိုအင်ဆန္ဒအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေ။***

**အောင်ရွှေ(စီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com

# တစ်ချက်ကောင်း

ဟောကွက်

ကြည့်ပါ။

❂ **ရှည်လျားပြီး ထင်ရှားတဲ့ လက်ညှိုး** ကို တွေ့ရမယ်။ (A.A)

ဒါကတော့...

- ❖ ဦးဆောင်ချင်တယ်။
- ❖ သူတစ်ပါးကို လွှမ်းမိုးထားချင်မယ်။
- ❖ နိုင်ထက်စီးနင်းပြုမယ်။
- ❖ ဆရာလုပ်တာကို မကြိုက်ဘူး။ သူကပဲ ဆရာလုပ်မယ်။
- ❖ အာဏာပြမယ်။
- ❖ မာန်ပဲ ဆူပူကျိန်းမောင်းမယ်။
- ❖ အပြစ်ရှာမယ်။
- ❖ စိတ်တိုမယ်။
- ❖ သူ့စိတ်တိုင်းကျ စီမံမယ်။
- ❖ ခေါင်းမာမယ်။
- ❖ တင်းကျပ်တဲ့စည်းကမ်းတွေနဲ့ ချုပ်ကိုင်ထား တတ်တယ်။
- ❖ တစ်ယူသန် တစ်ဇွတ်ထိုးစိတ်ရှိမယ်။
- ❖ သူတစ်ပါးကို ထားရာနေ၊ စေရာသွား သဘောမျိုးထားမယ်။
- ❖ အထက်စီးကနေမယ်။
- ❖ မောက်မာမယ်။
- ❖ ခွင့်လွှတ်စာနာ သည်းခံခြင်း နည်းပါးမယ်။
- ❖ အကြီးအကဲ ဦးစီးခေါင်းဆောင် အုပ်ချုပ်သူ ဖြစ်မယ်။
- ❖ ရည်ရွယ်ချက် ကြီးမားမယ်။
- ❖ အထွတ်အထိပ်ရောက်ချင်တဲ့ စိတ်ရှိတယ်။
- ❖ တစ်ဖက်သတ်ဆန်မယ်။ ရုပ်ဝါဒီလို့ ဆိုနိုင်တယ်။

စသည်ဖြင့် ဟောပြောလို့ရပါတယ်။ လက္ခဏာရှင်ရဲ့အမေးကို ကြည့်ပြီး အဖြေပေးလိုက်ရုံပါပဲ။ ဗဟုသုတ အလို့ငှာ တင်ပြပေးလိုက်ပါတယ်။

*ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ*

**ဦးသော်ခင် (ဟသ်ာတ)**







www.burmeseclassic.com

www.burmeseclassic.com

# ကျွဲ၊ နွား လေးဖက်နာရောဂါ



လေးဖက်နာရောဂါဆိုလို့ လူတွေ တော်တော်များများ ဖြစ်လေ့ဖြစ်ထရှိတဲ့ (Gout)ဂေါက်ရောဂါလို့တော့ မထင်လိုက်ပါနဲ့နော်။

ကျွန်တော် ဆီမီးခုံမှာ တာဝန် ထမ်းဆောင်စဉ်က ဆီမီးခုံမြို့နယ်ခွဲထဲမှာ **ကတောဆိုတဲ့ရွာကြီး** တစ်ရွာရှိတယ်။ အိမ်ခြေက တစ်ထောင်ကျော်လောက်ရှိတယ်။ ရွာကြီးတော့ ဘုန်းကြီးကျောင်းလဲ ကြီးတာပေါ့။ ဘုန်းတန်ခိုးလဲ ကြီးတာပေါ့။

ကျွန်တော် ရောက်စနှစ်တုန်းက ကတောကျောင်းက ကျောင်းထိုင်ဆရာတော်ကြီး ပျံလွန်တော်မူသွားပါတယ်။ ဆရာတော်ကြီးရဲ့ ဘုန်းကြီးပျံပွဲမှာတော်တော်လေးစည်ကားပါတယ်။

ဇာတ်တွေ၊ ဆိုင်းတွေ၊ သိုင်းတွေ၊ ဝိုင်းတွေနဲ့ပေါ့။ ဘုန်းကြီးရဲ့ ခေါင်းတလားကို ပြင်ဆင်ထားတဲ့ ဘုံခုနစ်ဆင့်ပေါ်မှာတင်ပြီး သိုင်းကကြတာ သိပ်ပြီးတော့ ညီညာကြတယ်။ ကြည့်လို့ကောင်းတယ်။ ဘုန်းကြီးရဲ့ တပည့်တွေ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ပြိုင်ကြတာ။

၁၉၅၅ ခုနှစ်က ဘုန်းကြီးပျံပွဲ ကျင်းပတာ ခြောက်သိန်းကုန်တယ်။ နောက် ဘုန်းကြီး လက်ထက်ရောက်တော့ ရွာထဲမှာ နွားလေးတွေ လေးဖက်နာရောဂါဖြစ်နေကြတော့ ကျွန်တော်ကတော့ ရွာကို နေ့စဉ် ရောက်နေတာပေါ့။

ဘုန်းကြီးဆီကို ကျွန်တော် ဆေးကုတာကောင်းတဲ့အကြောင်း၊ သူတို့ နွားလေးတွေ ဆေးကုပြီး သက်သာပျောက်ကင်းသွားတဲ့အကြောင်း၊ နွားလေးတွေရဲ့ လေးဖက်နာရောဂါဖြစ်ပုံ ပြောပြကြတာပေါ့။

ဖြစ်ချင်တော့ ဘုန်းဘုန်းမှာ ခံစားနေရတဲ့ လေးဖက်နာရောဂါနဲ့ ပုံစံကတူနေတာကို ကျွန်တော် ကတောရွာကို ရောက်တော့ ဘုန်းဘုန်းက ကျောင်းကို လာခဲ့ဦးဆိုတော့ ကျွန်တော် သွားရတာပေါ့။

ဘုန်းဘုန်းနဲ့တွေ့တော့...

'ဒကာကြီးရာ စောစောက ပြောရောပေါ့ဗျာ။ ခင်ဗျားနဲ့ ကျုပ် ခဏခဏ တွေ့နေတာပဲ။ ကျုပ် လေးဖက်နာ ဖြစ်နေတာလဲ ခင်ဗျားသိသားပဲ။ တစ်နေ့က ကျုပ်နှမအိမ်ကနွား လေးဖက်နာဖြစ်လို့ ခင်ဗျား ဆေးကုသွားတာ တစ်ရက်တည်းနဲ့ ကောင်းသွားတယ်၊ ကျုပ်ကိုလဲ ကုပေးပါဦးတဲ့၊ ကျုပ်လေးဖက်နာ ဖြစ်နေတာ ငါးနှစ်ကျော်သွားပြီတဲ့'

ကျွန်တော်လဲ ရုတ်တရက် ဘာပြောလို့ ပြောရမှန်းကို မသိတော့ဘူး။ ဘုန်းဘုန်းက "ဒကာကြီး ပြောဦးလေဗျာ"ဆိုမှ ဘုန်းဘုန်းကို လူတွေမှာ ဖြစ်တဲ့ လေးဖက်နာရောဂါနဲ့ နွားတွေမှာဖြစ်တဲ့ လေးဖက်နာရောဂါ မတူတဲ့အကြောင်း ရှည်ရှည်ဝေးဝေး ရှင်းပြပြီး ဘုန်းကြီး မေးသမျှ ဖြေပြီး ပြန်ခဲ့ရတယ်။

ရောဂါအမည် တူပေမယ့် ကုပုံကုနည်းက မတူဘူးလေ၊ ဖြစ်ရတဲ့ အကြောင်းအရင်းလဲ မတူဘူးလေ။ နွားတွေမှာ ဖြစ်တဲ့ လေးဖက်နာရောဂါဆိုတာက ရာသီဥတုကြောင့်ဖြစ်တာ၊ အထူးသဖြင့် မိုးဦးကျမှာ အဖြစ်များတယ်။

နွားငယ်လေးတွေ ဖြစ်တာ ပိုများပါတယ်။ နွားလေးတွေ လေးဖက်နာရောဂါ ဝင်ပြီဆိုရင် ရှေ့လက်တို့ နောက်ခြေတို့က စ,ဖြစ်တတ်ပါတယ်။ ဖြစ်စမှာ ခြေထောက်နာတဲ့ ပုံစံမျိုးဖြစ်ပြီး ခြေထောက်တွေ နာလာပါတယ်။

လမ်းလျှောက်တဲ့အခါ ကောင်းကောင်း မလျှောက်နိုင်ဘဲ ဒယီးဒယိုင်ဖြစ်တတ်ပါတယ်။ ပထမ ခြေတစ်ဖက်လက်တစ်ဖက် နာတတ်ပြီး လေးဖက်လုံးကို ကူးသွားပါတယ်။ လူတွေ တုပ်ကွေးဖြစ်လို့ ကိုယ်တွေ လက်တွေ နာတဲ့ သဘောပါပဲ။

နောက် အာတွေပူပါတယ်။ အသက်ရှူမြန်လာပါတယ်။ ခြေရောလက်ရော လေးဖက်လုံး နာလာလို့ လေးဖက်နာလို့ခေါ်တာပါ။ တစ်နည်းအားဖြင့်တော့ **နွားတုပ်ကွေး**ပါပဲ။

တချို့ကျေးရွာတွေမှာ ဒီလိုဖြစ်တဲ့ နွားတွေကို အတင်းမောင်းနေတာ တွေ့ရပါတယ်။ နွားက နေမကောင်းတာကို အပြေးမောင်းတော့ ပိုဆိုးသွားတတ်ပါတယ်။

ဒီရောဂါ ဖြစ်ပြီဆိုရင် **အနားပေးရမှာပါ။** သန့်ရှင်းတဲ့ **ရေကို တိုက်ပေးရမယ်။ တစ်ရက်,နှစ်ရက်အတွင်း အလိုလို သက်သာပျောက်ကင်း**သွားနိုင်တဲ့ ရောဂါမျိုးပါ။ နနွင်းမှုန့်ခံပေးတာ ကောင်းပါတယ်။

ချင်း(၅)ကျပ်သားကို ရေသန့်ပုလင်းနဲ့ ရေနှစ်ပုလင်းထည့်ပြီး ကျိုပေးရပါတယ်။ တစ်ပုလင်းကျန်ရင် အအေးခံပြီး တိုက်လိုက်ပါ။ ဒီပုံစံအတိုင်း တစ်နေ့နှစ်ကြိမ် တိုက်ပေးရင် ကောင်းသွားမှာပါ။

ကျွန်တော် ကိုယ်တိုင် အမြဲအသုံးပြုနေတဲ့ ဆေးနည်းတစ်လက်ပါပဲ။

**ငွေသိန်း(တိ/မွေး/ကု)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း

# နေ့ကောင်းရက်သာ ရွေးချယ်ပါ



ကျွန်ုပ်တို့သည် နံနက်မိုးလင်း အိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော... စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသော လုပ်ငန်းဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း၊ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာဂန သိရှိစေရန် အလို့ငှာစေတနာရှေ့ထား လက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

✤ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ✤

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | | | 1 ၄ | 2 ၅ | 3 ၆ | 4 ၇ |
| 5 ၈ | 6 ၉ | 7 ၁ | 8 ၂ | 9 ၃ | 10 ၄ | 11 ၅ |
| 12 ၆ | 13 ၇ | 14 ၈ | 15 ၉ | 16 ၁ | 17 ၂ | 18 ၃ |
| 19 ၄ | 20 ၅ | 21 ၆ | 22 ၇ | 23 ၈ | 24 ၉ | 25 ၁ |
| 26 ၂ | 27 ၃ | 28 ၄ | | | | |

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်း ကျန်အောင်ပေါင်းပါ။

**ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**ဖေဖော်ဝါရီလ(၁၇)**ရက်နေ့ကို တွက်လိုသည် ဆိုပါစို့။ (၁၇)ရက်နေ့၏ စိုးမိုးဂဏန်းမှာ (၂)ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက် (၂၃)နှင့်ပေါင်းလျှင် (၂၅)ရ၏။ ယင်း(၂၅)ကို တစ်လုံးတည်းဖြစ်အောင် ပေါင်းလျှင် ၂ + ၅ = ၇ ရ၏။ ထို့ကြောင့် ထိုသူအတွက် **ဖေဖော်ဝါရီလ(၁၇)**ရက်နေ့တွင် **(၇)ဂဏန်း** ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ခြင်း၊ တီထွင်ဖန်တီးခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထားသော အကူအညီများရရှိခြင်း၊ မိမိက အကူအညီ ပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာများ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွှမ်းမောတသဖွယ် အဖြစ်အပျက်များ၊ တိုးလိုးတန်းလန်းဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့ဩဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး ပညာရေး၊ ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် **၄၊ ၈၊ ၆ ဂဏန်း**ရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ **၃၊ ၅** ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ **၁၊ ၂၊ ၇၊ ၉ ဂဏန်း**ရသော ရက်များပင် ဖြစ်ပေတော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်ကြလျှင် ဆန္ဒပြည့်ဝ လူလုံးလှကာ လောကအလယ် ဂုဏ်ဝင့်ကြွယ်သည် လောကီပညာအကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ။***

**သုခရစ်(ကျိုက်လတ်)**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊၂၅၇**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး ကိုဆောင်ထား

ကိုရဲ





တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ပေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီပေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေး**ကိုး"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား။ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁။

---



www.burmeseclassic.com

www.burmeseclassic.com

မိုးလေလွှတ်တား

# ဆုတောင်းပြည့် ဖောင်တော်ဦးဘုရား

စန္ဒာမိုး
(တောင်ငူ)



◆ ဖောင်တော်ဦးဘုရား

## ဖောင်တော်ဦးဘုရား ကြွရောက်လာပုံအစ

ဒေါ်သန်းတင်ဦး၏ "ဘိုးဘွား ဘီဘင်"လက်ထက်က ဖြစ်ပါမည်။ သီပေါမင်းပါတော်မူပြီးသည့်နောက်ပိုင်း အင်္ဂလိပ်နယ်ချဲ့များ သိမ်းပိုက်အုပ်စိုးစဉ် ကာလတွင် ရှမ်းပြည်နယ်၏ အုပ်ချုပ်ရေးမှာလည်း ပျက်ပြားခဲ့ပြီး နယ်ပိုင်စော်ဘွားများနှင့် ရွာသူရွာသားအပေါင်းတို့မှာ အောက်ပြည်အောက်ရွာသို့ ထွက်ပြေး တိမ်းရှောင်ကြရပါသည်။

အနီး ထွက်ပြေးတိမ်းရှောင်ကြသူများထဲတွင် ဒေါ်သန်းတင်ဦး၏ "ဘီဘင်" ဆွေမျိုးအုပ်စုတစ်စုနှင့် "ဓနု"တိုင်းရင်းသားအုပ်စုတစ်စု ပေါင်းနှစ်စုတို့သည်ရှမ်းပြည်နယ်ရှိတောင်ကြီးမြို့နှင့် ဟိုပုန်းမြို့အကြားရှိ "နောင်မွန်"ခေါ် ရှမ်းရွာကလေးကို စွန့်ခွာ၍ အောက်ပြည်အောက်ရွာသို့ ထွက်ပြေး တိမ်းရှောင်ကြရပါသည်။

ထိုသို့ ထွက်ပြေးတိမ်းရှောင်ကြရာတွင် အိုးခွက်၊ ပန်းကန်၊ ခွက်ယောက်နှင့် အဝတ်အထည်များ စသည်တို့ကို ဝန်တင်နွားများပေါ်တင်၍လည်းကောင်း၊ ဆိုင်းထမ်းများထမ်း၍ လည်းကောင်း သယ်ယူကြရပါသည်။


ဒေါ်သန်းတင်ဦး၏ "ဘီဘင်"ဖြစ်သူ၏ ဆိုင်းထမ်းရှေ့ထမ်းပိုးဦးတွင် ယခုတင်ပြမည့် "ဖောင်တော်ဦးဘုရား"ကို ဘုရားကျောင်းဆောင်နှင့် တကွ ပင့်ဆောင်ပူဇော်ပြီး သယ်ဆောင်လာခဲ့ရာ တောင်ငူမြို့ရှိ ပဲပုပ်ကျေးရွာသို့ ရောက်ရှိလာခဲ့ကြပါသည်။ "ဓနု" အဖွဲ့ကတော့ပဲပုပ်ကျေးရွာ၏ အနောက်ဘက် (ယခု)ရေပို့ကုန်းကျေးရွာဘက်သို့ ရောက်သွားကြပါသည်။

ထိုစဉ်ကာလက ပဲပုပ်ကျေးရွာသည်



www.burmeseclassic.com

www.burmeseclassic.com



▲ ဘုရား၏ ဌာပနာပေါက်



▲ ပလ္လင်အောက်တက်မျက်နှာရှိ တများ

ရွာမမည်သေးပါ။ ကျွန်းပင်ကြီးများ ပေါက်ရောက်လျက်ရှိသော ကျွန်းတောကြီးဖြစ်ပါသည်။ ကျွန်းတောကြီးအတွင်း၌ သမင်,ဒရယ် စသော တောကောင်များပင် ရှိကြပါသည်။

ရွာစတည်စဉ်က ကျွန်းတောလေးရွာဟူ၍ ဖြစ်ပါသည်။ နောင်မှ ပဲပုပ်လုပ်သူများလာသဖြင့် ပဲပုပ်ကျေးရွာဟူ၍ ဖြစ်လာရပါသည်။

ယခုနေရာသို့ ရောက်ရှိပြီးနောက် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်း၍ ခြံကွက်များ သတ်မှတ်လျက် အိုးအိမ်များဆောက်လုပ်ကာ ကိုယ်စီကိုယ်ငှ နေထိုင်ကြပါသည်။

ဖောင်တော်ဦးဘုရားကိုတော့ အများသူငါ ဖူးမြော်ကြည်ညိုနိုင်ကြစေရန် သီးခြားကနားဖျင်းတဲတစ်ခုဖြင့် ဂန္ဓကုဋိတိုက်အသွင် ကိန်းဝပ်စံပယ်တော်မူပြီး ကိုးကွယ်ကြပါသည်။

ဆွမ်းတော်၊ ရေချမ်း၊ ပန်း စသည်တို့ကိုလည်းတရိုတသေ တလေးတစား နေ့စဉ် ဝတ္တရားမပျက် ဆက်ကပ်လှူဒါန်းကြပါသည်။ **(ဆွမ်းတော်ကို လူစားသည့်အိုးဖြင့် မချက်ဘဲ သီးခြားကြေးအိုးများဖြင့် ချက်၍ လှူဒါန်းကြပါသည်။)**

ဤလိုနှင့် အဆက်ဆက် ကိုးကွယ်လာခဲ့ကြရာ ဒေါ်သန်းတင်ဦး၏ အဘွားဖြစ်သူ ဒေါ်ယု၏ အဘိုးအဘွားများဖြစ်ကြသော ဦးကူ ဒေါ်ရွှေအိမ်လက်ထက်ကြမှ မိမိ၏နေအိမ်ရှိဘုရားစင်ပေါ်သို့ ပင့်ဆောင် ပူဇော်ကိုးကွယ်ခဲ့ကြခြင်း ဖြစ်ပါသည်။

ယင်းနောက် အမေကြီး ဒေါ်ယုနောက်အမေ ဒေါ်သိန်းတင်တို့ ကွယ်လွန်ပြီး အကြီးဆုံးသမီးဖြစ်သည့် ဒေါ်သန်းတင်ဦးမှ လက်ရှိကိုးကွယ်ဆည်းကပ်လျက်ရှိပါသည်။

အစဉ်လိုက်အားဖြင့် မောင်နှမလေးယောက်ဖြစ်သည့်ဒေါ်သန်းတင်ဦး၊ ဒေါ်အေးအေး၊ ကိုအောင်မင်း၊ မသန်းသန်းဝေ စသည်ဖြင့် ကိုးကွယ်သွားရမှာ ဖြစ်ပါသည်။

အဆင့်မကျော်ဖို့ရန်နှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင်တို့ကို နေ့စဉ်ဝတ္တရားမပျက် ကပ်လှူပူဇော်သွားကြရန်နှင့် အခက်အခဲရှိလျှင်လည်း ဆုတောင်းနိုင်ကြောင်း။

F.17B. February, 2017.



www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် အကြောင်းကြီးငယ်ကိစ္စရှိက မိုးလေများ တားဆီးဆုတောင်းနိုင်ကြောင်း အမေ ဒေါ်သိန်းတင် မဆုံးခင်က သမီးကြီး ဒေါ်သန်းတင်ဦးနှင့်တကွ သားသမီးများ အားလုံးကို သေသေချာချာမှာကြားခဲ့ပါသည်။

**မိုးလေတားခြင်း ဆုတောင်းပုံ**

၁။ ပထမဦးစွာ ဘုရားမှာ အလင်းတိုင် သုံးတိုင်၊ အမွှေးတိုင် သုံးတိုင် ထွန်းညှိ ပူဇော်ရပါမည်။

၂။ မိုးလေတား ဆုတောင်းမည့်သူသည် ဘုရားရှိခိုး၍ ငါးပါးသီလ ခံယူရပါမည်။ ဆုတောင်းကာလ အတွင်း ငါးပါးသီလ စောင့်ထိန်းရပါမည်။

၃။ ဘုရားရှိခိုး သီလခံယူပြီး နောက် နှုတ်မှ...

"ဦး(...)၏ အလှူသည် (...)နေ့မှ (...)နေ့အထိ ပြုလုပ်လှူဒါန်းမှာဖြစ်ပြီး အလှူကိစ္စအတောအတွင်းမှာ စိတ်ချမ်းသာစွာဖြင့် လှူဒါန်းနိုင်ရေးအတွက် မိုးလေများ တားဆီးပေးတော်မူပါ ဘုရား'

ဟု ဆုတောင်းရပါသည်။

အကြောင်းကြီးငယ်ကိစ္စ မရှိဘဲ ဆုတောင်းခြင်းမပြုသလို ရေခြား၊ မြေခြား၊ ရပ်ဝေးများသို့လည်း ဆုတောင်းပေးခြင်း မပြုခဲ့ပါ။ မိမိရပ်ရွာနှင့် နီးစပ်ရာရွာများကိုသာ ဆုတောင်းပေးဖူးပါသည်။

မိုးလေတားဆီးမှု ဆုတောင်းခြင်းကိစ္စအတွက် မေတ္တာဖြင့် ကူညီဆုတောင်းပေးခြင်း ဖြစ်ပါသည်။

အခါမဲ့မိုးများကိုတော့ လုံးဝကင်း



ဘုရားစင်ပေါ်ရှိ ဖောင်တော်ဦးဘုရားနှင့် ကိုးကွယ်သူ ဒေါ်သန်းတင်ဦး

ရှင်းစွာ တားဆီးနိုင်ပြီး မိုးရာသီကာလဆိုလျှင် မိုးများစဲ၍ အုံ့ဆိုင်းမှုလေးလောက်ပဲ ရှိပါသည်။

နွေရာသီ၌ အလွန်ပူပြင်းနေပါလျှင် ဘုရားကိုရေသပ္ပါယ်၍ "**အအေးဓာတ်များ ပေးတော်မူပါဘုရား**" ဟု ဆုတောင်းပါက မကြာခင် လေအေးများ တိုက်ခတ်လာပြီး တိမ်စိုင်လေးများ ရွေ့လျားဖြစ်ပေါ်လာ၍ အအေးဓာတ်များ ရရှိလာပါသည်။

ဖောင်တော်ဦးဘုရားကို သစ်သားဖြင့် ထုလုပ် ပူဇော်ထားတာဖြစ်ပြီး ဉာဏ်တော်အမြင့်မှာ (၆")ခန့် (ခြောက်လက်မ) ရှိပါသည်။

ရွှေများပိန်းနေအောင် ကပ်လှူ ပူဇော်ထားသဖြင့် ရွှေရောင်တဝင်းဝင်းနှင့် အလွန် သပ္ပါယ်လှပြီး ကြည်ညိုဖွယ်ရာ ရှိလှပါသည်။

ဘုရား၏ နောက်ကျောဘက်တော် အောက်ရှိ ပလ္လင်တွင် ဌာပနာပိတ်ထားသည့် နေရာကလေး ရှိပါသည်။ မည်သူမျှ ဖွင့်မကြည့်ရဲကြပါ။

ဘုရားပလ္လင်၏ အောက်ခြေ မျက်နှာဘက်တွင် စာများ ပါရှိပါသည်။ မည်သည့်စာဖြစ်ကြောင်းကိုတော့ စာရေးသူ ဉာဏ်မမီပါ။ ကာယကံရှင်များလည်း မသိကြပါ။

ရွှေရောင် တဝင်းဝင်းနှင့် လွန်စွာမှ သပ္ပါယ်လှပြီး ကြည်ညိုဖွယ်ရာ ကောင်းလှသည့် မိုးလေလွှဲတား တန်ခိုးကြီး ဖောင်တော်ဦး ဆုတောင်းပြည့်ဘုရားကိုဖြင့် လေ့လာဖူးမြော် ကြည်ညိုသဒ္ဓါ ပွားများနိုင်ကြစေခြင်းအလို့ငှာ ရေးသားတင်ပြလိုက်ရပါသည်။

**လေ့လာဖူးမြော်လိုသူများ အနေဖြင့် ဦးလှမြင့်၊ ဒေါ်သန်းတင်ဦး မဲပုဝ်ကျေးရွာ ဇီးဒိုင်းကျေးရွာအုပ်စု၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး နေအိမ်ရှိ ဘုရားကျောင်းဆောင်ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်လျက် ရှိပါကြောင်း။**

ဖောင်တော်ဦးဘုရား အကြောင်းပြောပြပေးသည့် ဒေါ်သန်းတင်ဦးအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

***ကောင်းကျိုးလိုရာပြည့်ပါစေ။***

**စေန္ဒာမိုး (တောင်ငူ)**



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ယုမြ
(အင်ငါးခွ သကြားစက်)

ရန်ပြေမာန်ပြေ(သို့မဟုတ်)

# စီးပွားတက် ပေတ္တုအဓိဋ္ဌာန်ကျင့်စဉ်

တစ်နေ့နံနက် ကျွန်ုပ်သည် ကျန်းမာရေးအတွက် လမ်းလျှောက်ရာမှ အပြန်တွင် စမူဆာသုပ် နာမည်ကြီးလှသည့် "မိုးသောက်ပန်း"ဟူ၍ အမည်ရသည့် လက်ဖက်ရည်ဆိုင်အတွင်းသို့ ရုံးမတက်မီ နံနက်စာအတွက် လက်ဖက်ရည်နှင့် စမူဆာသုပ် စားသောက်ရန် ဝင်ရောက်ခဲ့ပါသည်။

'ကိုစိုး... တစ်ယောက်တည်းလား ညီလေး'

ဟု ဆိုင်အတွင်း ဝင်ဝင်ချင်းပင် ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်သံကြောင့် အသံလာရာဘက်သို့ လှမ်းကြည့်လိုက်ရာတွင် ကျွန်ုပ်နှင့် တစ်လမ်းတည်းနေ ကုန်မျိုးစုံ ရောင်းဝယ်သူ ကိုကျော်ဆွေဆိုသူ ဖြစ်နေပါသည်။

ကျွန်ုပ်နှင့် ကိုကျော်ဆွေမှာ တစ်လမ်းတည်း နေကြသည်သာမက အထက်အညာဒေသမှ လာရောက်အခြေချ နေထိုင်ကြသည့် တစ်မြို့တည်းသား ရပ်ဆွေရပ်မျိုး မကင်းကြသူများလည်း ဖြစ်ကြပါသည်။

ကျွန်ုပ် လှမ်းကြည့်လိုက်ချိန်တွင် ကိုကျော်ဆွေမှ သူ့စားပွဲသို့ လာရောက်ရန် လက်ယပ် လှမ်းခေါ်လိုက်သည့်ကြောင့် ကျွန်ုပ်မှာ ကိုကျော်ဆွေ စားပွဲသို့ လျှောက်လှမ်းသွားပြီး လွတ်နေသည့် ထိုင်ခုံတွင် ထိုင်ချလိုက်သည်။

'ညီလေး လက်ဖက်ရည်နဲ့ စမူဆာသုပ်ပဲနော်'

ပြောပြောဆိုဆို ကိုကျော်ဆွေမှ ကျွန်ုပ်အတွက် လက်ဖက်ရည်နှင့် စမူဆာသုပ်အား စားပွဲထိုးကောင်လေးအား လှမ်းမှာလိုက်ပါသည်။

'ညီလေး ကျန်းမာရေး၊ စီးပွားရေး အဆင်ပြေတယ် မဟုတ်လား'

ဟု စကား စလာတာကြောင့်...

'ကျွန်တော်က ဝန်ထမ်းဆိုတော့ စီးပွားရေးအရ အထူးပြောစရာ မလိုပေးမယ့် အစ်ကို့ခယ်မ ကျွန်တော့်ဇနီး မရွှေငွေက ဈေးထဲမှာ ကုန်စုံဆိုင်လေး ရောင်းနေတာဆိုတော့ မတိုးတက်ပေမယ့် ချောင်လည်တယ်လို့ ပြောရမှာပေါ့ အစ်ကို၊ ကျန်းမာရေးကတော့ အားလုံးကောင်းကြပါတယ်'

'အင်း... ညီလေးနဲ့ အစ်ကိုက တစ်လမ်းတည်းသာ နေကြတာ အကြောင်းမတိုက်ဆိုင်တော့ လူချင်းမတွေ့ရတာ အတော်ကြာပေမယ့် အိမ်က မင်းမရီးကတော့ မင်းဆောင်းပါးကျင့်စဉ်တွေ မကြာခဏ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ဖတ်ရတဲ့အကြောင်း ပြောသံ ကြားရတယ်။

ဟိုတလောကတောင် မင်းနဲ့ တွေ့ရင် တို့မိသားစု မကြာခဏ အဓိဋ္ဌာန်ဝင်ဝင်နေတဲ့ ကျင့်စဉ်ကလေး ဓမ္မဒါနပြုပေးဖို့ ပြောပြောနေတယ်ကွ'

ကိုကျော်ဆွေမှ ပြောလက်စ စကားဖြတ်လိုက်ကာ စမူဆာသုပ်ကို တစ်ဇွန်းပြီး တစ်ဇွန်း ကော်ခပ်စားနေလိုက်ပါသည်။ ကျွန်ုပ်မှာ ကိုကျော်ဆွေမှ "**တို့မိသားစု မကြာခဏ အဓိဋ္ဌာန်ဝင်ဝင်နေတဲ့ ကျင့်စဉ်**" ဟူသော စကားအား စိတ်ဝင်စားနေတာကြောင့် စကားစဖြတ်ပြီး စမူဆာသုပ် တစ်ပန်းကန်အား သဲကြီးမဲကြီး စားနေ



www.burmeseclassic.com

www.burmeseclassic.com

သည့် ကျော်ဆွေအား စိတ်မရှည်စွာဖြင့် ကြည့်နေမိပါသည်။

စမူဆာသုပ် တစ်ပန်းကန် ကုန်သွားသောအခါ ကိုကျော်ဆွေဆီမှ မည်သည့်စကားသံမှ ထွက်မလာဘဲ အရသာခံကာ လက်ဖက်ရည်ကို တစ်ငုံပြီးတစ်ငုံ ဆက်သောက်နေတာကြောင့် ကျွန်ုပ်မှာ သည်းမခံနိုင်တော့ဘဲ...

'အစ်ကိုတို့မိသားစု မကြာခဏ အဓိဋ္ဌာန်ဝင်ဝင်နေတဲ့ ကျင့်စဉ်အကြောင်း ပြောပါဦး အစ်ကို'

ကျွန်ုပ်မှပင် အဓိဋ္ဌာန်ကျင့်စဉ်အကြောင်း ပြောပြပေးရန် ဆော်သြမှုကြောင့် ကိုကျော်ဆွေမှ ဒီကောင်ကျင့်စဉ်အကြောင်းပြောရင် အတော်စိတ်ဝင်စားတဲ့အကောင် ဟူသောသဘောဖြင့် ကျွန်ုပ်အား ကြည့်လိုက်ကာ...

'ပြောမှာပါ ညီလေးရာ...ပြောချင်လို့တောင် မင်းကို စကားပလ္လင်ခံထားတာပေါ့။ ပြောပြချင်ရတာလဲ ဒီကျင့်စဉ်က အထူးကျေးဇူး များတာကြောင့် မင်းကို ပြောပြရင် စာမူတစ်စောင် ရစေပြီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကနေ ဖော်ပြလိုက်ရရင် အများသူတွေ သိစေချင်၊ ကျင့်ကြံစေချင်တဲ့ စေတနာကြောင့် ပြောပြချင်တာပေါ့ ညီလေးရာ'

ဟု ပြောပြောဆိုဆိုပင် နောက်ဆုံးလက်ကျန် လက်ဖက်ရည်တစ်ငုံစာ သောက်ချလိုက်ကာ သူတို့ မိသားစု မကြာခဏ အဓိဋ္ဌာန် ဝင်ဝင်နေသော ကျင့်စဉ်အား အောက်ပါအတိုင်း ရှည်လျားစွာ ပြောပြခဲ့ပါတော့သည်။

'ဒီအဓိဋ္ဌာန်ကျင့်စဉ်က တို့ဘိုးဘွားတွေ လက်ထက်ကတည်းက ကျင့်ကြံလာခဲ့ကြတဲ့ ကျင့်စဉ်ပဲကွ။ တို့လောကီလူသားတွေဟာ စီးပွားရှာကြတဲ့အခါမှာ ပြင်ပရန်တွေအပြင် ဗိုဇ်ဝိညာဏ်ထဲက ဖြစ်ပေါ်နေတဲ့ လောဘ,ဒေါသ, မောဟဆိုတဲ့ အတွင်းရန်တွေပါ ဖြစ်နေကြတာကွ။

အပြင်က ရန်တွေကြောင့်လဲ စီးပွားရေး ရှာကြတဲ့အခါမှာ အနှောင့်အယှက် ဖြစ်နိုင်သလို ဗိုဇ်ဝိညာဏ်အတွင်းက ဖြစ်ပေါ်နေတဲ့ လောဘ,ဒေါသ,မောဟဆိုတဲ့ အတွင်းရန်တွေကြောင့်လဲ အမှန်ကို အမှန်အတိုင်း မမြင်ကြတဲ့ မှားသင့်တာ မှားရအောင်၊ မဖြစ်သင့်တာတွေ မဖြစ်ရလေအောင် ကျင့်ကြံရတဲ့ကျင့်စဉ် ဖြစ်တာကတစ်ကြောင်း...

အမှားကင်းပြီး အမှန်ကိုမြင်လို့ လုပ်ငန်းတွေ အောင်မြင်စေနိုင်တာကြောင့် ဒီအဓိဋ္ဌာန်ကျင့်စဉ်ကို ရန်ပြေမာန်ပြေ(သို့မဟုတ်) စီးပွားတက် မေတ္တာအဓိဋ္ဌာန်ကျင့်စဉ်လို့ အမည်ပေးခဲ့တာကွ။ ကျင့်ဆောင်ရမယ့်နည်းကတော့ (၇)ရက်သားသမီးများအတွက် အထူးမေတ္တာထားပြီး လုပ်ဆောင်ရတဲ့ ကျင့်စဉ်ပဲကွ'

### ၁။ အဓိဋ္ဌာန်ဝင်ရန်

တနင်္ဂနွေနေ့ နံနက်(၅)နာရီမှ စတင် ဝင်ရောက်ရပြီး အစဉ်အတိုင်း ဆက်ပြီး တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ စသည်ဖြင့် နေ့စဉ် နံနက်(၅)နာရီတွင် စတင်ရပါသည်။

### ၂။ အဓိဋ္ဌာန်ကာလ

(၇)ရက် သားသမီးများအတွက် အထူး မေတ္တာပွား ဝင်ရောက်သည့် အဓိဋ္ဌာန် ဖြစ်သည်ကြောင့် အဓိဋ္ဌာန်ကာလမှာ (၇)ရက် ဖြစ်ပါသည်။

### ၃။ အဓိဋ္ဌာန်တင်ခြင်းနှင့် ဆုတောင်းပုံ

'ဘုရားတပည့်တော်သည် (၇)ရက်သားသမီးများအတွက် ရည်စူးပြီး ယင်းတို့အတွက် နေ့နံနှင့် ကိုက်ညီသည့် ပန်းနှင့် ဆွမ်းဘောဇဉ်၊ ချိုချဉ်၊ သစ်သီးအဖျော်တို့အား အရှင်ဘုရားအား ယင်းတို့၏ ကိုယ်စား တပည့်တော်မှ လှူဒါန်းပါမည် ဘုရား...

ဤ ကုသိုလ်ကံ စေတနာတို့ကြောင့် (၇)ရက်သားသမီးများအပေါ်တွင် တပည့်တော်မှ ထားရှိသည့် ရန်မာန်အပေါင်းတို့သည် ကင်းရှင်းစေပြီး (၇)ရက်သားသမီးများမှလည်း တပည့်တော်အပေါ် ထားရှိမည့် ရန်မာန်အပေါင်းတို့လည်း ဤကုသိုလ်ကြောင့် ကျေပျက်ရပါလို၏ ဘုရား'

ဟု ဆုတောင်းရပါမည်။

### ၄။ အဓိဋ္ဌာန် စတင်သည်မှ ပြီးဆုံးသည်တိုင် ထားရှိပေးမည့်စိတ်

တနင်္ဂနွေနေ့တွင် တနင်္ဂနွေသားသမီးများအား အထူးအာရုံပြုပြီး ကျန်းမာချမ်းသာစေကြောင့် မေတ္တာပွားများပေးရပါမည်။

အစဉ်အတိုင်းပင် တနင်္လာနေ့တွင် တနင်္လာသားသမီးများအတွက် လည်းကောင်း၊ အင်္ဂါသားသမီးများအတွက် လည်းကောင်း စသည်ဖြင့်...

### ၅။ (၇)ရက်သားသမီးများအတွက် လှူဒါန်းရမည့် ပန်းနှင့် ဆွမ်းဘောဇဉ်ခဲဖွယ်များ

**တနင်္ဂနွေနေ့တွင်...**

(က) တနင်္ဂနွေ သားသမီးများအတွက် ရည်စူးပြီး အုန်းညွန့်(သို့မဟုတ်) အုန်းပန်းနှင့် အုန်းထမင်း (သို့မဟုတ်)ဆွမ်းတစ်ပွဲနှင့် အုန်းသီးစိတ်တစ်ပန်းကန်။

**တနင်္လာနေ့တွင်...**

(ခ) တနင်္လာ သားသမီးများအတွက် ရည်စူးပြီး ကံ့ကော်ညွန့်၊ ဆွမ်းတစ်ပွဲနှင့် ကြံရည်တစ်ခွက်၊




www.burmeseclassic.com

www.burmeseclassic.com

# လည်ချောင်းနာနှင့်သံပရာ

ရှိုင်း (တောင်ကြီး)



စာရေးသူ၏သမီးငယ် ဆောင်းစန္ဒာဗိုလ်သည် အင်္ဂလိပ်စာအဓိကဖြင့် တက္ကသိုလ်ပထမနှစ်တွင် တက်ရောက်သင်ကြားနေ၏။

သမီးတို့ ပထမနှစ်သည် နံနက်စောစော အတန်းရှိသဖြင့် ကျောင်းသို့ အချိန်မီ သွားရောက်ကာ အတန်းပြီးအောင် တက်လေ့ရှိပြီး အတန်းမရှိသည့် ရက်များတွင် သူငယ်ချင်းများနှင့်အတူ မြို့မဈေးကြီးထဲတွင် မုန့်တစ်ခုခု ဝင်စားပြီးမှ အိမ်သို့ ပြန်လာတတ်၏။ တစ်နေ့တော့ ညပင် အတော်မိုးချုပ်နေပြီ…

'မေမေ…သမီး လည်ချောင်းနာနေတယ်။ ရေတောင် မျိုချလို့ မရဘူး။ ဘယ်ဘက်ရော ညာဘက်ရော နာနေတယ်'

ဟု ဆိုသည်။

'သမီး…ကျောင်းမှာ ဘာစားခဲ့လဲ'

'အင်း…မနက်က အိမ်မှာ ကော်ဖီသောက်တယ်။ နေ့လယ်ကျတော့ ကျောင်းနားက ဆိုင်မှာ နေ့လယ်စာ ထမင်းကြော်စားတယ်။

ပြီးတော့ သဘော်သီးထောင်း၊ ညနေကျောင်းဆင်းတော့ ဈေးထဲမှာ စတော်ဘယ်ရီဖျော်ရည် သောက်လာတယ် မေမေ'

'ရေခဲလဲ ထည့်တယ်ပေါ့'

'ဟုတ်ကဲ့ မေမေ ရေခဲလဲပါတယ်'

စာရေးသူ သိလိုက်ပါပြီ။ နေပူကြီးထဲက ပြန်လာ ဈေးထဲရောက်တော့ စတော်ဘယ်ရီဖျော်ရည်က နဂိုကမှ ချဉ်ရသည့်အထဲ ရေခဲပါ ထည့်လိုက်တော့ အပူရှပ်ပြီး လည်ချောင်းနာလာခြင်းဖြစ်သည်။

အပူနှင့်အချဉ် ရုတ်တရက် တွေ့လိုက်သည့် သဘောပါ။

'အင်း…ခုချိန် ဘယ်မှာ ဆေးသွားဝယ်မလဲ၊ ခုပဲ ည(၉)နာရီ ကျော်နေပြီ။ လည်ချောင်းနာ ပျောက်ဆေးကလဲ အိမ်မှာ ဝယ်ထားတာမရှိ၊ ဆေးဆိုင်တွေလဲ ဒီအချိန်ပိတ်ကုန်ပြီ။

ဪ…သမီး မီးဖိုထဲမှာ သံပရာသီး ရှိတယ်။ အဲဒီ သံပရာသီးကို အရည်များများ ထွက်အောင် လှိမ့်ပြီးရင် အလယ်ကနေ နှစ်ခြမ်း ခြမ်းပြီး ယူလာခဲ့။

ပြီးရင် သမီး ဘောင်ဘီးရှည်ကို ပါတိတ်ထဘီတစ်ထည်နဲ့ လဲဝတ်လာခဲ့'

စာရေးသူ၏ သမီးနှစ်ယောက်စလုံးမှာ ထဘီသိပ်မဝတ်တတ်ကြ။ တောင်ကြီးမြို့မှ ငယ်ရွယ်သူ သမီးမိန်းကလေးအများစုသည် အေးမြသော ရာသီဥတုကြောင့် ဂျင်းဘောင်းဘီရှည်ကိုသာ အဝတ်များကြသည်။ သမီးငယ်မှာ မီးဖိုခန်းသို့ ဝင်သွားပြီး သံပရာသီးလှီးလာခဲ့သည်။ ပြီးလျှင် ပါတိတ်ထဘီ ဝတ်ဆင်လာခဲ့၏။

သမီးသည် သံပရာသီးနှင့် ပါတိတ်ထဘီ လည်ချောင်းနာသည်နှင့် မည်သို့ သက်ဆိုင်မှုန်း မသိဘဲ အမေခိုင်း၍သာ လုပ်ရသည်။ နားမလည်စွာ ကြည့်နေ၏။

'ကဲ…သမီး ပက်လက်လှန်အိပ်၊ သမီးဗိုက်ကို ဒီသံပရာသီးအရည်နဲ့လိမ်း အရည်ညှစ်ချလိုက် လိမ်းလိုက်လုပ်၊ လိမ်းပြီးပြီးချင်း ထဘီမြန်မြန်ပြန်ဝတ်ထား'

ဟု သမီးအား ခိုင်းလိုက်လျှင် သမီးလည်း စာရေးသူ ပြောသလိုလုပ်၍ အိပ်ရာပေါ်တွင် ပက်လက် အနေအထားဖြင့် ငြိမ်ငြိမ်လေးနေနေ၏။

'ကဲ သမီး… သမီးဗိုက်ပေါ် လက်တင်ကြည့်လိုက်'

'ဟော…မေမေ ဗိုက်ထဲက အပူတွေ ထွက်တယ်။ ပူနေတာပဲ မေမေ ကိုင်ကြည့်'

'အေး ဟုတ်တယ် အငွေ့ကုန်သွားရင် နောက်ထပ်တစ်ခါ ထပ်လိမ်း တစ်ခြမ်းကုန်ရင် နောက်ထပ်တစ်ခြမ်း ထပ်လိမ်းပြီးရင် ရေအဝသောက်ပြီး အိပ်တော့။ ဒါက လောလောလတ်လတ် သက်သာအောင် အပူထုတ်ပေး



www.burmeseclassic.com

www.burmeseclassic.com

တာ။ မနက်ကျမှ ဆေးဝယ်သောက် တာပေါ့'

သံပရာရည် လိမ်းထားသော ဗိုက်ကလေးပေါ် ပါတိတ်ထဘီ ဝတ်ဆင်ရခြင်းမှာ ပါတိတ်ထဘီသားသည် ချည်သားဖြစ်သဖြင့် အပူကို စုတ်ယူနိုင်စွမ်းရှိ၏။

ထို့ကြောင့် ချည်သားဖြစ်သည့် ပါတိတ်ထဘီကို ဝတ်ဆင်ရသည်။ ဒီနေရာတွင် အမျိုးသားတစ်ဦး ဖြစ်ပါက ချည်သားပုဆိုးကို ဝတ်ဆင်၍ လိမ်းပေးနိုင်သည်။

**သံပရာသီးကို အရည်ညှစ်၍ ထိုသံပရာသီးနှင့်ပင် လက်ကျဉ်နေခြင်း၊ ခြေထောက်ကျဉ်နေခြင်းများကိုလည်း လိမ်းပေးခြင်းဖြင့် သက်သာပျောက် ကင်းနိုင်ပါ၏။**

မကြာမီ သမီးမှာ စာရေးသူ ပြောသည့်အတိုင်း ထပ်လိမ်းပြီး ရေအဝသောက်၍ စောင်ခြုံကာ အိပ်လိုက်လျှင် နေ့လယ်က ကျောင်းတွင် ဟိုအခန်းပြေး၊ ဒီအခန်းပြေး အတန်းပြေးတက်ရသောကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရှာ၏။ နံနက်လင်းလျှင်...

'ဟယ်...မေမေ သမီး လည်ချောင်းမနာတော့ဘူး။ မေမေ သံပရာသီးက စွမ်းလှချည်လား'

'ဟုတ်တယ် သမီးရဲ့၊ ဒါပေမယ့် ဆေးတော့ ဝယ်သောက်မှ ရတယ်။ မနေ့ညက ဆေးမရှိတာကြောင့် လတ်တလော သက်သာအောင် လုပ်ပေးတာ။ ဗိုက်ထဲက အပူတွေ ထွက်သွားတာကြောင့် သမီး သက်သာသွားတာ။ **သွားကိုက်သွားနာရင်လဲ** လုပ်လို့ရတယ် သမီးရဲ့'

'ဟုတ်လား မေမေ သမီး မှတ်ထားမယ်နော်'

'အေး...အေး...ဒီနေ့လဲ အစားအသောက် ဆင်ခြင်နော်၊ အချဉ် ထပ်မစားနဲ့၊ ကြားလားသမီး'

'ဟုတ်ကဲ့ မေမေ'

သမီးငယ်လေးမှာ ဟုတ်ကဲ့ ဟုတ်ကဲ့ ဟုဆိုကာ ကျောင်းချိန်မမီမှာ စိုးသဖြင့် သုတ်သုတ်သုတ်သုတ်ဖြင့် သူ့အဖေနှင့် နှစ်ယောက်သား ကားဂိတ်ရှိရာသို့ ထွက်ခွာသွားတော့သည်။

**လှိုင်း(တောင်ကြီး)**

စာမျက်နှာ (၁၃၃)မှ အဆက်

**အင်္ဂါနေ့တွင်...**

(ဂ) အင်္ဂါသားသမီးများအတွက် ရည်စူးပြီး ဆီးညွန့်၊ ဆွမ်းတစ်ပွဲနှင့် ဆီးယိုတစ်ပန်းကန်(သို့မဟုတ်) ဆီထမင်းတစ်ပွဲ။

**ဗုဒ္ဓဟူးနေ့တွင်...**

(ဃ) ဗုဒ္ဓဟူးသားသမီးများအတွက် ရည်စူးပြီး ရွက်လှပန်း၊ ဆွမ်းတစ်ပွဲနှင့်ယိုတစ်မျိုး။

**ကြာသပတေးနေ့တွင်...**

(င) ကြာသပတေး သားသမီးများအတွက် ရည်စူးပြီး မေမြို့ပန်း၊ ဆွမ်းတစ်ပွဲနှင့် ပေါက်ပေါက် တစ်ပန်းကန်။

**သောကြာနေ့တွင်...**

(စ) သောကြာသားသမီးများအတွက် ရည်စူးပြီး သီဟိုဠ်ညွန့်၊ ဆွမ်းတစ်ပွဲနှင့် သစ်သီးတစ်မျိုး။

**စနေနေ့တွင်...**

(ဆ) စနေသားသမီးများအတွက် ရည်စူးပြီး ဒန်း(သို့မဟုတ်)ထန်း ညွန့်၊ ဆွမ်းတစ်ပွဲနှင့် နှီတစ်ပန်းကန်။

အထက်ဖော်ပြပါ အဓိဋ္ဌာန်ကျင့်စဉ်အား မကြာခဏပင် (၇)ရက်သားသမီးများအား မေတ္တာပွားများ လှူဒါန်း အဓိဋ္ဌာန်ဝင်ပါက မိမိ၏ အတွင်းရန် အပြင်ရန်တို့ ပြေပျောက်စေပြီး ရန်ပြေ မာန်ပြေကြကာ စီးပွားလာဘ်လာဘများ အထူးတိုးတက်ပွင့်လင်းစေနိုင်ပါကြောင်း (၇)ရက်သားသမီးများ၏ မေတ္တာကို အထူးခံယူလျက် စေတနာရှေ့ထားကာ ရေးသားတင်ဆက်ပေးလိုက်ရပါသည်။

***ပိုရှယ်မေ (အင်ငါးစု သကြားစက်)***



**နက္ခတ္တ**
**ရောင်ခြည်**
**မဂ္ဂဇင်း**
**နှင့်**
**ဆက်သွယ်**
**နိုင်သော**
**ဖုန်းနံပါတ်**
**အသစ်များ...**
**၀၉-၇၇၆၃၄၉၇၈၅**
**၀၉-၉၆၈၀၀၄၁၉၂**




www.burmeseclassic.com

www.burmeseclassic.com

# ဂြိုဟ်စီးဒသာ ညံ့သောအခါ



ယတြာ ဤသို့ ချေလိုက်ပါ

ဂြိုဟ်စား သက်ရောက်တို့တွင် **တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟုဂြိုဟ်တို့၌ စားခြင်း၊ သက်ရောက်ကျခြင်းတို့တွင် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတို့တွင် အနည်းအများမှာ ညံ့လာတတ်ပါသည်။**

လက်ရှိနည်းများ၌ ဂြိုဟ်စီးဂြိုဟ်နင်းအရ စနေ၊ အင်္ဂါ၊ ရာဟု များသည် ဒုက္ခပေးသော ဂြိုဟ်များဖြစ်သည်။

ရတနာသုံးပါး မဆည်းကပ်သူ၊ သီလ,သမာဓိ မရှိသူများ၊ ကံငါးပါး မလုံခြုံသူများဆိုလျှင် အဆိုပါ ဂြိုဟ်ဆိုးများက စိတ်တိုင်းကျ ဒုက္ခပေးတတ်ပါသည်။

သီလနှင့် ပြည့်စုံသူ၊ သမာဓိရှိသူ၊ နေ့စဉ်နေ့ညဥ့် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃဂုဏ်တော်တို့ကို ပွားများသူ၊ အားထုတ်သူများအဖို့မှု ထင်တိုင်း ပါပဂြိုဟ်ဆိုးကြီးများ မကျဲနိုင်ပါ။

ပါပဂြိုဟ်ဆိုးကြီးများမှာ ဘောလုံးအသင်းဆိုလျှင် ဂိုးသွင်းကောင်းသည့် ရှေ့တန်းတိုက်စစ်မှူးကြီးများ ဖြစ်သည်။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာနှင့် မပြည့်စုံသည့် ခံစစ်မှူးများဆိုလျှင် အတင်းဝင် ထိုးဖောက်မွှေနှောက်ပြီး ကြောက်စရာကောင်းအောင် ဒုက္ခလှလှကြီးပေးပြီး ဂိုးများများ သွင်းကြမည့် ပါပဂြိုဟ်ဆိုးကြီးများဖြစ်သည်။

ခံစစ်လုံဖို့ဆိုလျှင် ကံငါးပါး လုံရမည်။ နေ့ည နံနက် အစဉ်ဘာဝနာများ ပွားများအားထုတ်ရမည်။နားနောင် ဆရာတော် ဦးကလျာဏ က အမြဲရွတ်ပြသည့် လင်္ကာလေး ရှိပါသည်။

ဂြိုဟ်စီးဒသာ၊ ညံ့သောအခါ၊ ရောဂါဘေးရန်များ။

သက်စေ့နံတူ၊ ပန်းကိုယူ၊ လှူလေမြတ်စွာဘုရား။

နံစေ့မီးတိုင်၊ ထွန်းညှိပြိုင်၊ ဆိုင်ရာထွန်းညှိထား။

ဤသို့ယတြာ၊ ပြုသောအခါ၊ ရောဂါရန်ပျက်ပြား။

စီးပွားရေး မပြေလည်ရင် ကျန်းမာရေး ညံ့လာရင်၊ လူမှုဆက်ဆံ ပေါင်းသင်းရေးတို့၌ အဆင်မပြေရင် အထက်ပါလင်္ကာလေးအရ ယတြာချေပါ။ ငွေမကုန်ကျသော ယတြာဖြစ်ပါသည်။

**သက်စေ့နံတူ ပန်းကိုယူ လှူလေမြတ်ဘုရား** ဆိုသည်မှာ ယတြာပြုသူသည် အသက်(၃၀)ဆိုလျှင် နံတူပန်း (၃၀) အညွန့်အမြစ်ယူက (၃၁)ဖြစ်ပါသည်။ **လှူလေ မြတ်ဘုရားမှာ** နေ့နံအရ ဘုရားကို လှူရမှာ ဖြစ်ပါသည်။

တနင်္ဂနွေသား ➩ အုန်းညွန့်၊ အုန်းပန်း
တနင်္လာသား ➩ ကံ့ကော်ညွန့် ကံ့ကော်ပန်း
အင်္ဂါသား ➩ ငွေပန်း၊ ငွေညွန့်
ဗုဒ္ဓဟူးသား ➩ ခရေပန်း၊ ခရေညွန့်
ကြာသပတေးသား ➩ သပြေညွန့်
သောကြာသား ➩ သီးညွန့်
စနေသား ➩ ဒန်းညွန့်၊ ပိတောက်ပန်း

**တနင်္ဂနွေသားဆိုလျှင်** တနင်္ဂနွေနံ ဘုရားမှာလှူပါ။ **ကျန်နေ့သားများ တနင်္ဂနွေသားသမီးနည်းတူ ဆောင်ရွက်ပါ။** ဂြိုဟ်ရှစ်ခွင်ပြုလျှင်ဖြစ်စေ၊ အိမ်၌ဖြစ်စေ ယတြာပြုနိုင်ပါသည်။

**နံစေ့မီးတိုင် ဆိုသည်မှာ** အသက် (၃၀)ဆိုလျှင် ဆီမီးတိုင်(၃၀) အပြင် အညွန့်အမြစ် တစ်တိုင်ထိုးယူကာ (၃၁)တိုင် ပူဇော်ပါ။

**ဆိုင်ရာထွန်းညှိထား ဆိုသည်မှာ** တနင်္ဂနွေသားသမီးဆိုပါက တနင်္ဂနွေနံ ဘုရားကို ဆီမီးပူဇော်ပါ။

မွေးသည့်နေ့ရက် ကြုံသည့်အခါ ဖြစ်စေ အသက် တစ်နှစ်ပြည့်လေတိုင်း တစ်နှစ်တစ်ကြိမ် မွေးနေ့၌ သက်စေ့နံတူပန်းလှူခြင်း၊ ဆီမီးထွန်းပူဇော်ခြင်းများ ပြုလုပ်ယတြာချေနိုင်ပါသည်။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း**
***(အင်းတော်)***



www.burmeseclassic.com

www.burmeseclassic.com

ဝက်လူးအရှေ့တောကျောင်းဆရာတော်

# အရှင်လေကွက

၏ ဘဝကောက်ကြောင်းများ (၁)

စံလွင်းသာ



◆ ဝက်လူးအရှေ့တောကျောင်းဆရာတော် ဦးလေကွက

မိတ်ဆက်

တစ်နေ့တာ လှည့်လည်လေ့လာမှု ခရီး ခေတ္တ ရပ်နား၍ တည်းခိုခန်းသို့ ပြန်ရောက်သောအခါ အသက်(၃၀) ဝန်းကျင်ခန့်ရှိမည့် မန်နေဂျာအမျိုးသမီး က ပြုံး၍ နှုတ်ဆက်သည်။

'ဦးလေးက စာရေးဆရာနော် စွန်းလွန်းဆရာတော်ကို ပူဇော်ဖို့ လာတာလား'

'စွန်းလွန်းဆရာတော် ဘဝဖြစ်စဉ် ကို လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ပူဇော်ရေးသားပြီးပါပြီ၊ တခြား ထူးခြား တဲ့ နေရာထူး၊ ပုဂ္ဂိုလ်ထူးတွေကို လေ့လာနေတာပါ'

'သမီးကိုယ်တိုင် ကြုံဖူးတဲ့ ဆရာတော်ကြီး တစ်ပါးရှိတယ်။ ပူဇော်ကိုးကွယ်သူတွေ ပေါ များပေမယ့် ကပ္ပိယ၊ သာမဏေ၊ ရဟန်း အကူမထားဘဲ တစ်ပါးတည်းနေသတဲ့။ နွားထိုးကြီးမြို့နယ်က ဝက်လူးအရှေ့တော ကျောင်းဆရာတော်ကြီးပါ'

'ဘယ်လို ထူးခြားတာလဲ ပြောပြပါ ဦး'

'ရပ်နီးရပ်ဝေးပရိသတ် စည်ကားပြီး နာမည်ကျော်ကြားတာမို့ သမီးတို့လဲ သွားဖူးကြမလို့ ဆွမ်းတွေ ပြင်ဆင် ချက်ပြုတ်ကြတယ်။ အလုပ်ရှုပ်နေတာ နဲ့ သမီးသိပ်ကြိုက်တဲ့ ကြက်ဥပေါင်းကို မေမေက မလုပ်ပေးနိုင်ဘူး။

ဒါကြောင့် စိတ်ဆိုးပြီး မေမေ့ကို ဂျီကျတာပေါ့။ သမီးက စိတ်ထဲရှိရင် ထစ်ခနဲ ပြောဆိုပစ်တတ်တယ်။ မထိန်း ချုပ်နိုင်ဘူး။


ဆွမ်းတွေကျက်တော့ ဝက်လူး ကျောင်းသွားပြီး ကပ်ကြတာပေါ့။ အဲဒီ အခါ ဆရာတော်ကြီးက သမီးကို





www.burmeseclassic.com

www.burmeseclassic.com



◆ ဝက်လူးအရှေ့တောရကျောင်းတိုက်

လက်ညှိုးထိုးပြီး ဒကာမလေး ဒီကိုလာစမ်းလို့ မိန့်တယ်။ ဆရာတော်က စကားနည်းပြီး လိုမှပြောတယ်။ ပြောရင်လဲ အသံတိုးတိုးလေးပဲ။

ဆရာတော် ရှေ့နား တိုးသွားပြီး ဦးချတဲ့အခါ...

"ဒကာမလေး ကြက်၊ ဝက်၊ အမဲသားကို ရှောင်ပါ။ စကားကို စိတ်ရှိတိုင်း မပြောပါနဲ့။ မနက်တုန်းက ဒကာမ အမေကို ကြက်ဥပေါင်း မလုပ်ပေးလို့ ပြူစူတာမျိုး နောက်မလုပ်မိအောင် ထိန်းပါ။ ဒီလိုမှ မဟုတ်ရင် ဒကာမလေးမှာ အန္တရာယ်တွေ ကြုံလာလိမ့်မယ်"

လို့ မိန့်တော်မူတယ်။

သမီးလဲ ထူပူသွားတယ်။ အိမ်မှာ ပြောတာကို ဆရာတော်ကြီးက အားလုံး သိနှင့်နေတယ်လေ။ ဒါနဲ့ **"ဆရာတော်ဘုရား အန္တရာယ်မကြုံရအောင် လုပ်ပေးပါဘုရား"**လို့ အထိတ်တလန့် လျှောက်ထားမိတယ်။

ဆရာတော်က သမီးတို့ကို အုတ်တွေ သယ်ခိုင်းတယ်။ ပထမ အုတ်ကျိုးအုတ်ပဲ့တွေကို ခြင်းကလေးနဲ့ သယ်ရတယ်။ အတော်ကလေးကြာတော့ အုတ်အကောင်းတွေ ထပ်သယ်ခိုင်းပြန်တယ်။

ကျောင်းက ပြန်လာပြီး နောက်ပိုင်း အဆိုးတွေ ကြုံပြီးမှ အကောင်းတွေ ကြုံရတယ်။ အုတ်သယ်ရတဲ့ အခေါက်ရေအတိုင်း အဆိုးဘယ်နှကြိမ် အကောင်း ဘယ်နှကြိမ်ဆိုတာ သတိပြုမိပါတယ်။

အဆိုးတွေ ကြုံရပေမယ့် ဆရာတော် ချီးမြှင့်တဲ့ မေတ္တာကျင့်စဉ်အတိုင်း ကျင့်ကြံနိုင်ခဲ့လို့ သိပ်အဆိုးကြီး မဟုတ်ဘဲ ခံနိုင်ရည် ရှိပါတယ်။***(ဆရာတော်၏ မေတ္တာကျင့်စဉ်ကို နောက်ပိုင်းတွင် ဖော်ပြပေးပါမည်။)***

လွန်ခဲ့တဲ့ **၂၀၁၀ ပြည့်နှစ်လောက်မှာ** ဆရာတော်ကြီးကို ဖူးချင်တဲ့ဆန္ဒပေါ်လာလို့ မေမေတို့ကို ပြောပြတော့ ဆရာတော်ကြီး ပျံလွန်တော်မူတာ နှစ်,နှစ်ရှိပြီလို့ သိရတယ်'

ဤသို့လျှင် မိတ်ဆက်ကြားသိခဲ့ရသူဖြင့် ဆရာတော်ကြီး သီတင်းသုံးခဲ့သော ဝက်လူးရွာတောကျောင်းသို့ သွားရောက် လေ့လာကြည့်ရှုဖြစ်ခဲ့လေသည်။

## ဝက်လူးအရှေ့တောကျောင်းသို့

**မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့ အရှေ့ဘက်အထွက် (၁)မိုင်ခန့်တွင် "ပဲချက်၊ဝက်လူး၊တဖောက်(၁၆)မိုင်"** ဟူသော လမ်းခွဲဆိုင်းဘုတ်ကို တွေ့ရသည်။

နွားထိုးကြီး-ပြင်စည် ကားလမ်း၏ လက်ဝဲဘက်(မြောက်ဘက်)တွင် ရှိသော လမ်းခွဲဖြစ်သည်။ ထိုလမ်းခွဲအတိုင်း ဝင်ရောက်ခဲ့ရာ ဆောင်းရာသီကာလ ဖြစ်သော်လည်း စိမ့်ရေများကြောင့် လမ်းခရီးတွင် သုံးကြိမ်မျှ ဗွက်တောနွံတောအတွင်း ရုန်းကန်ခဲ့ရသည်။

ပဲချက်ရွာ၊ သင်းတီးရွာများလွန်၍ ဝက်လူးရွာအရောက်တွင် ဝက်လူး-ကျောက်ဆည် ကားလမ်းအတိုင်း လက်ယာဘက်(အရှေ့ဘက်)သို့ ချိုးကွေ့ရသည်။ တူရူသို့ ဆက်၍သွားပါက မြို့သာမြို့သို့ ရောက်သည်ဆို၏။

ဝက်လူး-ကျောက်ဆည် ကားလမ်း (ကားလမ်း ဆိုသော်ငြားလည်း လှည်းပင် ဖြောင့်တန်းစွာ မသွားနိုင်ပါ။ ဒေသခံ အဘိုးအိုတစ်ဦးက "အရင်အစိုးရလက်ထက် ကန်ထရိုက်တွေ ခဲစား၊ ကတ္တရာစားလို့ လမ်းမည်ကာမတ္တ ရှိတော့တယ်" ဟုဆို၏။) အတိုင်း လေးဖာလုံမျှ ရောက်သောအခါ ရွှေတိဂုံပုံစံတူစေတီတစ်ဆူနှင့် ကျောင်းဆောင်များ မြင်ရ၏။ **"အောင်စကြာသိဒ္ဓိ သရက်တောကျောင်းတိုက်"** ခေါ် ဝက်လူးအရှေ့တောကျောင်း ဖြစ်လေသည်။


ရာသီဥတုသာယာသော ဤကာလတွင် ဆိုင်ကယ်ဖြင့် သွားရသည်ပင်လျှင် ခက်ခဲကြန့်ကြာမှုများ ရှိနေရာ ယခင်ကာလ ခရောင်းမြေလမ်းကြမ်းတွင် ပရိသတ်များစွာ လာရောက်ဖူးမြော် ဆည်းကပ်ကြသည် ဆိုသောရာ တပည့်များ၏ သဒ္ဓါစွမ်းအားများနှင့် ဆရာတော်ကြီး၏ ဘုန်းသမ္ဘာကို





www.burmeseclassic.com

www.burmeseclassic.com



ကန်တော့ပွဲအိုးမှ ရေလျှံကျနေပုံ မှတ်တမ်းဓာတ်ပုံ

လေးစားကော်ရော်မိသည်။

ကျောင်းဝင်းအတွင်း ဝင်ရောက်၍ လက်ရှိဆရာတော် ဦးကုန္ဒာစက္ကအား ဖူးမြော်လျှောက်ထားရာ မုန့်၊ ရေနွေး ကြမ်းများ တည်ခင်းစွန့်လှူ၍ မိမိကို လိုအပ်သည်များကို ကူညီပေးတော်မူ သည်။

'ဆရာတော်ကြီး(ဦးလက္ခဏ)က တစ်ပါး တည်း သီတင်းသုံးပါတယ်။ အကူအဖော် မထားပါဘူး။ ဦးပဥ္စင်းတို့က တယည့်ဆိုပေ မယ့် အနီးကပ် နေခွင့် မရဘူး။ ကလေး ဘက်မှာ စာသင်လွှတ်ထားတယ်။ ပျံလွန် တော်မူပြီးမှ ကျောင်း ပြန်ရောက်ရတာပါ။ ဒါယကာရင်းတွေ ဖြစ်ကြတဲ့ ဆရာမိုး မိသားစု ကို စုံစမ်းကြည့်ရင် ပိုပြီး ပြည့်စုံပါလိမ့်မယ်' ဆရာဦးလှမိုးလွင်၊ ဒေါ်စန်းစန်းအေး တို့၏ **စည်တော်ဆေးတိုက် တည်ရှိ ရာ** ရန်ကုန် သုဝဏ္ဏလိပ်စာနှင့် တယ်လီဖုန်းနံပါတ်များကို မိန့်ကြားပေး တော်မူသည်။

'ဆရာတော်ကြီးဟာ မူလက ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်ခဲ့ပြီး နောက်ပိုင်းမှ ဝိဇ္ဇာရေကျင့်စဉ်တွေ လိုက်စားခဲ့တာတော့ သိရတယ်။ ကျောက်ပုထိုး အနောက်ကျောင်း ဆရာတော် ဦးကောဝိဒ ဆိုတာလဲ ဆရာ တော်ရဲ့ တပည့်ရင်းတစ်ဦးပါပဲ။ သူ့ကို မေး လျှောက်ကြည့်ရင်လဲ အတန်အသင့် သိရပါ လိမ့်မယ်'

ဦးကုန္ဒာစက္ကကမှ ထိုသို့ မိန့်ကြား တော်မူပြီးနောက် ကျောင်းဆောင် အပေါ်ထပ်နှင့် ကျောင်းဝင်းတွင်း လေ့လာကြည့်ရှုနိုင်ရန် လိုက်လံပြသ ပေးလေသည်။

## ကျောင်းဆောင်အတွင်းဝယ်

ကျောင်းဆောင်အောက်ထပ် ဘုရား ခန်းတွင် ဝရေမုဒြာဆုပေးဟန် တင်ပျဉ် ခွေ ကြေးသွန်းရုပ်ပွားတော်ကြီး တစ်ဆူ နှင့် ရုပ်ပွားငယ်အချို့ ပူဇော်ထားသည် ကို တွေ့ရသည်။

ဆရာတော် ဦးလက္ခဏ နုပျိုစဉ်က ပုံတော်နှင့် သက်တော်(၈၀)ကျော် အရွယ် ပုံတော်များနှင့်အတူ ဦးလက္ခဏ ၏ ဆရာဖြစ်သူ ဦးလောကတိဿ ဓာတ်ပုံနှင့် ခြေတော်ရင်း၌ ကျားတစ် ကောင် ဝပ်ဆင်းနေပုံကိုလည်း ထူးခြား စွာ ဖူးတွေ့ရသည်။


ကျောင်းနံရံတွင် အုန်း၊ ငှက်ပျော ကန်တော့ပွဲ ဗီနိုင်းပုံကားချပ်တစ်ခု မြင်ရသဖြင့် မေးမြန်းကြည့်ရာ ဆရာ တော်ဦးလက္ခဏ၏ တပည့်တစ်ဦး ဖြစ်သော မန္တလေးမြို့မှ ဦးဘိုလွင်သည် ဤကျောင်းဝင်းအတွင်း တစ်ပါးကျောင်း ၌ ဒုလ္လဘရဟန်းဝတ်လျက် အားထုတ် ခဲ့ရာ ထူးခြားမှုများ ကြုံရသဖြင့် ဝမ်း မြောက်စွာဖြင့် ကျောင်းအတွက် ရေကန်တစ်ခု ပြုလုပ်လှူဒါန်းခဲ့သည်။

ထို့နောက် မန္တလေးနေအိမ်တွင် သာသနာ့ကန်တော့ပွဲ ကပ်လှူထားရာ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၃)ရက် တနင်္လာနေ့(၇–၁၀–၂၀၁၃) နံနက်(၃)နာရီအချိန်တွင် ကန်တော့ပွဲ အုန်းသီးမှ အညှာကျွတ်ကာ အုန်းရည် များ စိမ့်ထွက်လျှံကျနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



▲ ကျောင်းအပေါ်ထပ်မှ ရုပ်ပွားတော်များ

မာတ်ပုံရိုက်ထားခြင်းဖြစ်ကြောင်း သိရသည်။

အုန်းရည်များ လျှံထွက်ကျနေခြင်းသည် သုံးရက်တိုင်အောင် ကြာမြင့်ခဲ့သည်ဆိုလေသည်။

အပေါ်ထပ်တွင်ကား မှန်စီရွှေချ ရှေးလက်ရာ မှန်ဗီရိုများနှင့် ရုပ်ပွားတော်အချို့ ပူဇော်ထားသည်။ **"ဘုရားကိုးဆူတန်ဆောင်း"** မြတ်စွာဘုရားရှင်အား ဝန်းရံပူဇော်နေကြသည့် သာဝကရဟန္တာ (၈)ပါးပုံတော်နှင့် တန်ဆောင်း ပြာသာဒ်ငယ်ကိုလည်း တွေ့ရသည်။

ခန်းမမျက်နှာကြက်တွင် ထီးဖြူအလက်(၁၀၀)ခန့်မျှ စီတန်းအုပ်မိုးထားသည်။ ဝိဇ္ဇာရုစ်သောင်း ဆရာအပေါင်းတို့အား ရည်မှန်းလှူဒါန်းထားခြင်းဖြစ်သည်ဟု ဆို၏။

၎င်း (ကျောင်းဆောင်အပေါ်ထပ်) ခန်းမကို **ဘုံခုနစ်ဆင့်ခန်းမ**ဟု အမည်ပေးထား၍ ဝိဇ္ဇာများ မကြာခဏ ကြွရောက် သီတင်းသုံးကြသည်ဟု ဆရာတော်ကြီးက မိန့်ကြားခဲ့သည်ဆို၏။

ထီးဖြူများ အလှူရှင် ဆရာမိုးဇနီးမောင်နှံအား သွားရောက်တွေ့ဆုံမေးမြန်းသောအခါ ဆရာမ ဒေါ်စန်းစန်းအေးက ဤသို့ ပြောပြကြသည်။


'ကျွန်မတို့ တိုင်းရင်းဆေးဆရာအဖြစ် တစ်နှစ်သင်တန်း တက်နေတုန်း ၁၉၉၉ ခုနှစ်မှာ အတန်းဖော် ဒေါ်သန်းသန်းဝင်း (ရွှေမောင်းဆေးတိုက်)နဲ့ ရင်းနှီးခင်မင်ခဲ့ရတယ်။

တစ်နေ့မှာ ကျွန်မတို့ ဇနီးမောင်နှံက သက်န်းတွေ လှူချင်လို့ စကားစပ်မိတော့ ဒေါ်သန်းသန်းဝင်းက သူတို့နယ်မှာ ကေစာရီ တစ်ပါးတည်း ကျင့်ကြံနေထိုင်တဲ့ ဆရာတော်ကြီးတစ်ပါး ရှိတယ်။

တောစွန်အုံကြား တောရကျောင်းကလေးဖြစ်လို့ လိုက်ဖူးကြည့်ပါ။ သဒ္ဓါပေါက်ရင် လှူတာပေ့ါလို့ တိုက်တွန်းအကြံပေးတာနဲ့ ဖူးတွေ့ဖြစ်တော့ အင်မတန် ကြည်ညိုစရာကောင်းတာ တွေ့ရတယ်။

ဒါနဲ့ **ပေါက်(၆၄)ပါး**(ထွက်ရပ်စခန်း သို့ ပေါက်မြောက်အောင်မြင်ပြီးကြ သော ဝိဇ္ဇာသူတော်စင်ပေါင်း(၆၄)ပါး ကို ရည်မှန်းပြီး သင်္ကန်း(၆၄)စုံ ယူသွား တယ်။ ကျွန်မတို့ရောက်တော့ ခန်း ထဲမှာ ခေါင်းအုံး(၆၄)လုံး အစီအ ခင်းကျင်းထားတာ တွေ့ရလို့ အံ့ဩ ဝမ်းသာစွာနဲ့ ကပ်လှူဖြစ်ခဲ့ပါတယ်။ **ဒီခန်းမထဲမှာ ဆရာတော်တစ်ပါး တည်း ဝိဇ္ဇာတွေနဲ့ စကားပြော နေတာလဲ ကိုယ်တွေ့ ကြုံခဲ့ဖူး တယ်'**

www.burmeseclassic.com



သိမ္ဗိရှင်များအား ကြိုဆိုပူဇော်ထားသော ထီးဖြူများ

ဆရာမိုးကလည်း ဤသို့ဆို၏။

'ကျွန်တော်တို့က အိမ်မှာ တိုင်ပင်ပြီး နွားထိုးကြီးကတစ်ဆင့် ထော်လာဂျီငှားပြီး သွားကြပါတယ်။ သက်န်းတွေက ကားပေါ်မှာပဲ ရှိသေးတော့ ဘယ်နှစုံပါတယ်ဆိုတာ – ခန့်မှန်းရေတွက်ဖို့ မလွယ်ပါဘူး။

အိပ်ရာ ခေါင်းအုံးတွေက ကြိုပြီး ပြင်ဆင်ထားတာဖြစ်လို့ သက်န်းတွေ ရောက်မှ ရေတွက်ပြင်ဆင်တာ မဖြစ်နိုင်ကြပါဘူး။ ဒါကြောင့်မို့ အကြွင်းမဲ့ ယုံကြည်ကိုးကွယ်ဖြစ်ကြပါတယ်။

အဲဒီတုန်းက ငွေလဲ သိပ်ရှိလို့ မဟုတ်ပါဘူး။ ပေါက်(၆၄)ပါးကို ရှိသေသက်ဝင်စွာနဲ့ ရှိသမျှ စုရုံးပြီး လှူခဲ့တာပါ။ ဒါပေမယ့် နောက်လ အနည်းငယ်အတွင်းမှာပဲ လှူဒါန်းခဲ့သမျှ အဆပေါင်းများစွာ ပြန်ဝင်လာပါတယ်'

ယခုအခါ အဆိုပါ ခေါင်းအုံး၊ အိပ်ရာများကို မတွေ့ရတော့ပါ။ ဆရာတော်ကြီး ပျံလွန်တော်မူသည်မှ (၅)နှစ်ခန့် ကြာပြီဖြစ်ကာ လက်ရှိဆရာတော်မှာ ပရိယတ္တိလုပ်ငန်းကိုသာ အားစိုက်တော်မူကြောင်း ကြားသိရလေသည်။

## ထေရုပ္ပတ္တိအကျဉ်း

အောင်စကြာသိဒ္ဓိ သရက်တောကျောင်းတိုက်ခေါ် ဝက်လူးအရှေ့တောကျောင်းဆရာတော် အရှင်လက္ခဏာလောင်းလျာကို မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ဝက်လူးအရှေ့ရွာနေ ဦးဖြူဝင်း၊ ဒေါ်မယ်အီတို့မှ **၁၂၈၂ ခုနှစ်၊ နတ်တော်လဆန်း(၇)ရက် ဗုဒ္ဓဟူးနေ့တွင် မွေးဖွားခဲ့သည်။**

(၇)နှစ်သားအရွယ်တွင် ဝက်လူးအရှေ့ရွာ ကျောက်ပုထိုးအနောက်ကျောင်း ဝံသာနုရက္ခိတဂိုဏ်းချုပ်ဆရာတော် ဦးခေမိန္ဒထံတွင် ရှင်လက္ခဏာအဖြစ် ပရိယတ္တိစာပေများ သင်ယူခဲ့သည်။

၁၃၀၂ ခုနှစ်၊ ကဆုန်လဆန်း(၁၀)ရက်နေ့တွင် အရီးဖြစ်သူ ဒေါ်သက်ထား၏ ပစ္စယာနုဂ္ဂဟာအဖြစ် ဆရာတော်ဦးခေမိန္ဒအား ဥပဇ္ဈာယ်ပြုကာ ရဟန်းဘောင်သို့ ရောက်ရှိသည်။

ရဟန်းဖြစ်ပြီးနောက် ရမည်းသင်းနှင့် တပ်ကုန်းမြို့အကြားရှိ ညောင်လွန့်တောရ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ **ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းကြီးများ** သင်ယူဆည်းပူးသည်။ ထိုစဉ်ကာလ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာသဖြင့် **ညောင်လွန့်တောရ၌ပင်လျှင် ပရိယတ်၊ ပဋိပတ် လုပ်ငန်းများ** ဖြည့်ဆည်းလေ့ကျင့်ခဲ့သည်။

---

**ရွှေလ ဆက်ဖတ်ပါရန်**

---

**စံထွန်းသာ**

www.burmeseclassic.com

# နှင်းခူရောဂါ
## အတွက် ဆေးနည်းကောင်းတစ်လက်

၂၀၁၆ ခုနှစ်၊ မေလဆန်းပိုင်း နေ့လယ်ခင်းမှာဖြင့် စာရေးသူကို အထက်တန်းတွင် အင်္ဂလိပ်စာ သင်ကြားပေးခဲ့သော အငြိမ်းစား ဆရာကြီး ဦးအုန်းကြိုင်တို့ နေထိုင်ရာ မြောက်ဘက်မြို့သစ်သို့ ကွယ်လွန်သွားကြသော မိခင်၊ ဖခင်ကြီးတို့ကို ရည်စူး၍ သံဃာတော် အရှင်မြတ်များကို ဆွမ်းသင်္ကန်း ကပ်လှူမည် ဖြစ်ပါသဖြင့် သွားရောက် ဖိတ်ကြားရန် ဆိုင်ကယ်ဖြင့် ထွက်လာခဲ့ပါသည်။

ဆရာကြီးတို့နေအိမ်သည် မြောက်ဘက်မြို့သစ်(၃)လမ်းတွင် ဖြစ်ပါသည်။ နေအိမ်ခြံဝင်းထဲတွင် သီးပင်၊ စားပင်များ၊ ပန်းပင်များ စိုက်ပျိုးထားပါသည်။ ဆရာကြီးတို့ မိသားစုသည် ပင်စင်ယူပြီးနောက် အနီးအနားမှ ကလေးများကို အင်္ဂလိပ်စာ အခမဲ့ ပညာဒါန ပြုပေးပါသည်။

စာရေးသူ ဆရာကြီး ဦးအုန်းကြိုင်တို့ အိမ်ရှေ့မှာ ဆိုင်ကယ်ရပ်လိုက်ပြီး စေ့ထားသောတံခါးမှ ခေါင်းလောင်းလေး လှုပ်လိုက်တော့ ဆရာကြီး ခြံရှေ့သို့ ထွက်လာပြီး...

'ဟယ်... ငါ့တပည့် မပါလား၊ လာ...လာ...သမီး'

'ဆရာကြီး ခြံထဲမှာ သစ်ပင်စိုက်နေတာလား'

'မဟုတ်ဘူး သမီးရေ ဆေးဖော်နေတာ'

'ဟုတ်လား၊ ဆေးဖော်နေတာဆိုရင်တော့ သမီး စိတ်ဝင်စားသွားပြီ။ ဆရာကြီး သမီးကို ပြောပြပါဦး'

'အေး...အေး... ဆေးက အမှုန့်ထောင်းပြီးလို့ လက်စသတ်ပြီးပါပြီ။ သမီး အိမ်ထဲဝင်ထိုင်ပါ။ သမီးဆရာမကြီးလဲ ရှိတယ်။ ဆရာကြီးလက် ရေဆေးပြီးတော့ လာခဲ့မယ်'

မကြာပါ ဆရာကြီးနောက်မှ လိုက်လာပါသည်။ ဆရာမကြီး ဒေါ်တင်ရီကလည်း စာရေးသူအနီး ထိုင်ခုံမှာ ဝင်ထိုင်ပါသည်။

ဆရာကြီးကနေ...

'ကဲ...သမီး လာရင်းကိစ္စ ပြောပါဦး၊ ဆရာကြီး ဘာကူညီပေးရမလဲ'

'ဟုတ်ကဲ့ပါ ဆရာကြီးနဲ့ ဆရာမကြီးတို့ကို အဖေနဲ့အမေအတွက် ရည်စူးပြီး သံဃာတော်တွေ ဆွမ်းသင်္ကန်းကပ်လှူမှာ ဖြစ်တဲ့အတွက် သမီးလာဖိတ်တာပါ ဆရာကြီး'

'အေး...အေး... နှစ်ယောက်စလုံး လာဖိတ်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဆရာကြီးကတော့ ရောက်အောင်လာခဲ့ပါမယ်။

သမီး ဆရာမကြီးကတော့ မြေးတွေ ကြည့်နေရတော့ လိုက်နိုင်မှာ မဟုတ်ဘူး'

'ဟုတ်ကဲ့ပါ ဆရာကြီးကတော့ ဆက်ဆက်လာဖြစ်အောင် လာခဲ့ပါ ဆရာကြီး'

'အေး...အေး... ကောင်းပါပြီကွယ်'

'ဆရာကြီး သမီး သိချင်တာ တစ်ခု ကျန်နေသေးတယ်။ စောစောက ဆရာကြီးဖော်နေတဲ့ဆေး ဘာဆေးဖော်တာလဲ ဆရာကြီး ပြောပြပါဦး'

'အဲဒါ ဝဲနှင်းခူပျောက်ဆေး။ မြေးမလေးရဲ့သူငယ်ချင်း (၇)တန်း ကျောင်းသူ မေသူစံမှာ ခြေခုံနဲ့ ခြေသလုံး တစ်ပတ်လည်မှာ ပျားအုံ ဆွဲသလို မြင်မကောင်းဘူး။

ကလေးမကလေးမှာ အနေရအထိုင်ရခက်နေတာ လုံချည်ရှည်ရှည် ဝတ်ထားရတယ်။ အဲဒါ ဆရာကြီးက မြေးမလေးရှိလို့ နေ့စဉ်နေ့တိုင်း အင်္ဂလိပ်စာ ဘာသင်နေတော့ ဆေးဖော်ဖို့ ပစ္စည်းလေးတွေ စုံတာနဲ့ ဒီနေ့ ဆေးထောင်းနေတာ။

ဆေးနည်းကတော့ လွယ်ကူတယ်ဆိုပြီး အထင်မသေးနဲ့ တကယ်လက်တွေ့ပျောက်တာနော်။

ဘုန်းဘုန်းကြီးတစ်ပါး ပေးတာ။ သူ့ကျောင်းမှာ ကိုရင်ငယ်လေးတစ်ပါး



ဝဲနှင်းခူစွဲနေတာ ဆရာကြီးကို ဆေးနည်းပေးပြီး ဖော်ခိုင်းလို့ ကိုရင်လေး သက်သာပျောက်ကင်းတာ ဆရာကြီး လက်တွေ့ပဲ။

အဲဒီနည်းအတိုင်း အခု ဒုတိယအကြိမ် မြေးမလေးရဲ့ သူငယ်ချင်းအတွက် ထပ်ပြီး ဖော်ပေးတာပဲသမီးရေ'

'ဆရာကြီး အခု ဖော်ပေးထားတဲ့ဆေးက သောက်ဆေးလား လိမ်းဆေးလား'

'လိမ်းဆေးပါ၊ ဆေးနည်းကတော့ ဘာဝ ဆေးနည်းပါ။ **ထိကရုံးပင်ကုန်းမှာပေါက်တဲ့ ဆူးလေးတွေရှိတဲ့ အပင် သူ့ကို ထိလိုက်တာနဲ့ အပင်က အရွက်ကလေးတွေ တစ်ခက်နဲ့ တစ်ခက် ထိကပ်သွားကြတဲ့ အပင်ပါ။**

၁။ ထိကရုံတစ်ပင်လုံးရဲ့ ပွင့်ပါးကို နေရိပ်မှာ အခြောက်လှန်း ကျွမ်းနေအောင် လှော်ပါ။

၂။ လှော်ပြီးလျှင် ရေတံဆုံသန့်သန့်မှာ ထည့်ထောင်း လေလုံတဲ့ ပုလင်းထဲမှာ ထည့်ထားပါ။

၃။ အဲဒီအမှုန့်ကို အုန်းဆီနဲ့ဖျော်ပြီး ဝဲနှင်းခူပေါ်သို့ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် လိမ်းပေးရန် ဖြစ်ပါသည်။

ဝဲနှင်းခူရောဂါ အမြန်ဆုံး သက်သာပျောက်ကင်းချမ်းသာရပါမည်။

**[မင်းလှမြို့ မြောက်ဘက်မြို့သစ်မှ ဆရာကြီးဦးအုန်းကြိုင် (အငြိမ်းစား)ဆရာကြီးအား ဤစာမူဆောင်းပါးဖြင့် ကျေးဇူးအထူးတင်ရှိပါသည်။]**

**အေးချမ်းမော်(မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာပြီး

# အသက်ရှည်စွာ နေနိုင်သော

နည်းလမ်းကောင်းများ

"အာရောဂျံပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်တစ်ပါးတဲ့။ ထို့ကြောင့် ကျန်းမာရေးကို အထူးဂရုပြုရန် လိုအပ်ပါသည်။

ကျန်းမာရေးသည် အရေးကြီးသည်မှာ မှန်သော်လည်း လူတိုင်း အမြဲဂရုမစိုက်နိုင်ကြပါ။ စီးပွားရေး၊ လူမှုရေးများ၌သာ အာရုံထားတတ် ကြပါသည်။ ကျန်းမာရေး ချို့တဲ့လာသောအခါမှသာ ရှုံ့မဲ့မဲ့ဖြင့် ဆေးရုံ၊ ဆေးခန်းသို့ သွားတတ်ကြပါသည်။

ထို့ကြောင့် လူတိုင်း ကျန်းမာစေရန် အသက်ရှည်စေရန် စာရေးသူကိုယ်တွေ့ ဆေးနည်းတိုလေးကို စာဖတ်သူ အပေါင်းကို စေတနာကောင်းဖြင့် တင်ပြရခြင်း ဖြစ်ပါသည်။

## ပထမနည်း

ထန်းပင်မှ ထန်းသီးခေါင်းကိုယူပြီး နေလှန်း အခြောက်ခံပြီး အမှုန့်ကြိတ်ပါ။

ထို့နောက် အချိုးတူ ပျားရည်စစ်စစ်ဖြင့် ရောပြီး သန့်ရှင်းသောဘူးတွင် ထည့်၍**လက်ဖက်ရည်ဇွန်းဖြင့်မနက်တစ်ဇွန်း။ ညနေတစ်ဇွန်း ထမင်းစားပြီးတိုင်း စားပါ။**

## ဒုတိယနည်း

ဆား(၁)ပိဿာခန့်ကို ဇကော (ဆန်ကော)ထဲတွင် ထည့်ပြီး ညစဉ် အိပ်ရာဝင်ခါနီး နာရီဝက်(မိနစ်–၃၀)ခန့် ခြေဖြင့်နင်းပြီးမှ အိပ်ရာဝင်ပါ။

**ဆားနင်းသော အလုပ်သည် ညအိပ်ရာဝင်ခါနီးတိုင်း ပြုလုပ်ရပါမည်။**

## တတိယနည်း

နံနက်အိပ်ရာမှ ထထချင်း မျက်နှာမသစ်မီ **ဆားရွှေးစေ့ အကြီးတစ်လုံးခန့် မျိုပြီး ရေအဝသောက်ရန် ဖြစ်ပါသည်။**

**ဤလုပ်ငန်းသည် နံနက်အိပ်ရာထ မျက်နှာမသစ်မီ ပြုလုပ်ရန် ဖြစ်ပါသည်။**

စာရေးသူသည် ဖော်ပြပါ အချက်သုံးချက်မှ တတိယနည်း





ကို အသုံးပြုခဲ့သည်မှာ (၁၅)နှစ်ကျော်ခဲ့ပါပြီ၊ ယနေ့အချိန်ထိ ကျန်းမာရေး ချို့ယွင်းမှုမရှိဘဲ စားကောင်းအိပ်ကောင်း ကျန်းမာရေး ကောင်းမွန်ပြီး ယနေ့အချိန်ထိ မဖျားမနာ ရှိနေဆဲပါ။

နောက်ပြီး ဤဆေးနည်း(သုံးမျိုး)သည် ကျန်းမာရေးကောင်းရုံ မဟုတ်ဘဲ အသက်ရှည်ခြင်းကိုလည်း ခံစားရမှာ ဖြစ်သည့်အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာရှုသူအပေါင်းကို စေတနာကောင်းဖြင့် တင်ပြလိုက်ရပါသည် ခင်ဗျား...

**မှတ်ချက်**

**ဆေးနည်း ပြောပြပေးသော ဆရာကြီးဦးဖိုးနီအား ကျေးဇူးတင်ရှိပြီး အမြဲဂါရဝပြုလျက်ပါခင်ဗျား...**

လှအောင်(ကသာ)
၆၈၉၇



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ပုံရိပ်ရှင်တို့၏ ကံကြမ္မာ



**ဖေဖော်ဝါရီလတွင်...**



✣ ကြွက်နှစ်ဖွား

နေထိုင်မှုအဆင့်အတန်း မြင့်မား တိုးတက်လာမည်။ ဝန်ထမ်းများ ရာထူးတိုး တက်နိုင်သည်။

အလုပ်ရှင်၏ ချီးမြှင့်မြှောက်စားခြင်းကို ခံရတတ်သည်။ နားကပ်၊ နားတောင်း၊ နားကြပ်ကရိယာများလက်ဆောင်ရနိုင်သည်။

ရေထွက်ပစ္စည်းများနှင့် အကျိုးပေးသည့် ကာလဖြစ်သည်။ ပြည်ပရပ်ဝေးမှ သတင်းကောင်းကြားရကိန်းရှိသည်။



✣ နွားနှစ်ဖွား

အခက်အခဲပြဿနာများ ပြေလည်သွားလိမ့်မည်။ ရပ်ဝေးမြေခြားသို့ ရောက်ရှိနေသူများ မျက်နှာပန်းလှစွာဖြင့် အိမ်ပြန်ရကိန်းရှိသည်။

စွန့်စားရသောလုပ်ငန်းများ လုပ်ကိုင်ရတတ်သည်။ စွမ်းအင်လောင်စာများနှင့် ပတ်သက်၍ အကျိုးဖြစ်ထွန်းနိုင်သည်။

လူအများစုဝေးရာ နေရာဒေသများသို့ သွားရဖွယ်ရှိသည်။ မျက်နှာပွင့်လန်းသော ကာလဖြစ်သည်။



✣ ကျားနှစ်ဖွား

ငွေကြေးသွက်လက်ရွှင်လန်း သောကာလဖြစ်သည်။ စည်းစိမ်ဥစ္စာတိုးပွားမည်။

အဆုတ်နှင့် အသက်ရှူလမ်းဆိုင်ရာ ရောဂါများ၊ ကြိုတင်စစ်ဆေး ကာကွယ်သင့်သည်။ စီးပွားရေးလုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကြပ် စိစစ်လုပ်ကိုင်ပါမှ အကျိုးအမြတ်ရရှိမည်။ ရွှေငွေကြေးသံစသည့် သတ္တုပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေးအမြတ်အစွန်း ရရှိနိုင်သည်။



✣ ယုန်နှစ်ဖွား

ငွေကြေးအစုအပုံလိုက် ပိုင်ဆိုင်ရတတ်သည်။ ရွှေငွေ လက်ဝတ်တန်ဆာများ ဝင်နိုင်သည်။ စာရင်းဟောင်း၊ ကြွေးမြီများ ပြေလည်သွားလိမ့်မည်။

ကြာရှည်ခံ စည်သွပ်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ် ဖြစ်ထွန်းနိုင်သည်။ ပူပန်သောကဖြစ်လွယ်သောစိတ်ကို ပြုပြင်နိုင်ပါကကျန်းမာရေးတွင် တိုးတက်လိမ့်မည်။



✣ နဂါးနှစ်ဖွား

အိမ်ထောင်မိသားစုစုံလင် ပျော်ရွှင်ရသောကာလဖြစ်သည်။ ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းများမှ အကျိုးအမြတ်အသီးအပွင့်များ ခံစားရလိမ့်မည်။

ဖန်ထည်၊ မှန်ထည်ပစ္စည်းများ၊ အကျိုးပေးနိုင်သည်။ အလှူအတန်းများ ပေးရကိန်းရှိသည်။ နှလုံးနှင့်ဆိုင်သော ရောဂါဝေဒနာများ သတိပြု ကာကွယ်ကုသသင့်သည်။



✣ မြွေနှစ်ဖွား

အိမ်ခြံမြေဝင်ကိန်းရှိသည်။ နေအိမ်ဂေဟာ ပြုပြင်မွမ်းမံရလိမ့်မည်။ လွမ်းမောဖွယ်ဖြစ်စဉ်မြင်ကွင်းများ ကြုံတွေ့ရတတ်သည်။ သွားနှင့်ခံတွင်းဆိုင်ရာ ရောဂါဝေဒနာများ သတိပြုကုသသင့်သည်။ ကြွေထည်၊ မြေထည်ပစ္စည်းများ အကျိုးပေးထက်သန်သောကာလဖြစ်သည်။

စီးပွားရေးတွင် ကုန်စည်အသစ်၊ ဈေးကွက်သစ်များ၊ ဖန်တီးခြင်း၊ ရှာဖွေခြင်းဖြင့် တိုးတက်အောင်မြင်နိုင်သည်။



✣ မြင်းနှစ်ဖွား

အလုပ်အကိုင်၊ အကြံအစည်များ အောင်မြင်လိမ့်မည်။ စီမံကိန်း၊ လုပ်ငန်းကြီးများ စတင် အကောင်အထည်ဖော်သင့်သောကာလ ဖြစ်သည်။

မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ဓာတုဗေဒပစ္စည်းများနှင့် အကျိုးပေးထက်သန်သောကာလဖြစ်သည်။

အစာအိမ်နှင့် ပတ်သက်သောရောဂါများ သတိထားကာကွယ်ပါ။ လွင်ပြင်ကျယ်ဒေသများဆီသို့အလည်အပတ်သွားရကိန်းရှိသည်။



✣ ဆိတ်နှစ်ဖွား

မျှော်လင့်ချက်အိပ်မက်များ အကောင်အထည်ဖေါ်၊ ဖြစ်မြောက်သော ကာလဖြစ်သည်။ အိုးအိမ်အလုပ်အကိုင်များ ပြောင်းရွှေ့ရကိန်းရှိသည်။

ပို၍ သင့်လျော်ကောင်းမွန်သော နေရာ၊ ဌာနများသို့ ရောက်ရှိနိုင်သည်။

မီးဖိုချောင်သုံးပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ်ဖြစ်ထွန်းသောအချိန်ဖြစ်သည်။ ယာဉ်ရထား မတော်တဆဖြစ်ခြင်းကို သတိပြု ကာကွယ်ပါ။



✣ မျောက်နှစ်ဖွား

လူမှုရေး၊ စီးပွားရေးမျက်နှာစာများ၌ ကူညီပံ့ပိုးမှုများ တိုးတက် ခံစားရမည်။ ကြည်နူးဖွယ် ဣဋ္ဌာရုံမြင်ကွင်းများ မြင်တွေ့ရတတ်သည်။

သစ်ဝါးကြိမ် သစ်တောထွက်ပစ္စည်းများ အကျိုးပေးသောကာလဖြစ်သည်။ သင်ယူလေ့လာထားသော တတ်သိပညာများဖြင့် အများအကျိုးဆောင်ရွက် ကူညီပေးရလိမ့်မည်။ မျက်စိနှင့်ပတ်သက်သော ဝေဒနာများ သတိပြုကာကွယ်ပါ။



✣ ကြက်နှစ်ဖွား

ရေလမ်းခရီးသွားလာမှုတွင် ဘေးအန္တရာယ် ကြုံရဖွယ်ရှိသဖြင့် ဆင်ခြင်သတိပြုပါ။ မိမိနှင့် သက်ဆိုင်မှုမရှိသော ဖြစ်စဉ် ကိစ္စရပ်များ၌ ပါဝင်စွက်ဖက်၊ စပ်စုခြင်းကို ရှောင်ကြဉ်ပါ။

စက္ကူအထည်အလိပ်ပစ္စည်းများနှင့် စပ်လျဉ်း၍ ငွေကြေးအမြတ်အစွန်းခံစားရဖွယ်ရှိသည်။မိခင်၏ဆွေမျိုးသားချင်းများအတွင်း ဒုက္ခလာနာရေးကိစ္စများပေါ်ပေါက်၍ အင်တိုက်အားတိုက် ကူညီပေးရလိမ့်မည်။



✣ ခွေးနှစ်ဖွား

လုပ်ငန်းကိစ္စများ၌ လူယုံ၊ ကိုယ်စားလှယ် လွှဲအပ်ခြင်းကို သတိပြုပါ။ သူတစ်ပါးမကောင်းကြံခြင်း၊ပြစ်တင်ရှုံ့ချခြင်းများ ခံစားရတတ်သည်။

ရပ်ဝေးမြေခြားရောက် မိသားစုဝင် နေအိမ်သို့ ပြန်ရောက်လာမည်။ တွင်းထွက်ပစ္စည်း အိမ်ဆောက်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးပေးသောကာလ ဖြစ်သည်။ အသည်းအူသိမ်ဆိုင်ရာရောဂါများ သတိထားကုသပါ။



✣ ဝက်နှစ်ဖွား

ပြောစကားဆိုစကား အောင်မြင်မည်။ပတ်ဝန်းကျင်မှ အထင်ကြီး လေးစားမှုခံရတတ်သည်။ ပရဟိတလုပ်ငန်းများတွင် ဦးဆောင်ဦးရွက် ပြုရလိမ့်မည်။

စီးပွားရေးတွင် လိမ်လည်ကောက်ကျစ်မှုများကြုံရကိန်းရှိသဖြင့်သတိပြုကာကွယ်ပါ။

ကျောက်ကပ်နှင့် ဆီးအိမ်ဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်သည်။ ကြေးသံသတ္တုပစ္စည်းများ အကျိုးပေးသောကာလဖြစ်သည်။

ဤလတွင် ကံဇာတာ နိမ့်ပါးနေသူတို့သည် အနီရောင်အသုံးအဆောင်တစ်ခုခုကို ဘုန်းကြီးကျောင်း ဘုံဘုရားကျောင်းများသို့ လှူဒါန်းပေးပါ။ အဖျက်အဆီး ပါပစွမ်းအင်များ ပြေလျော့သွားပါလိမ့်မည်။

***ကြံဆောင်သမျှ အောင်မြင်ကြပါစေ***

ဟူကျင်းဇီ (*Hu Jin Zhi*)




www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားရှားပါး ဓာတ်ပုံကဏ္ဍ

ကံ့လုံဆရာတော်ကြီး၏ လက္ခဏာပုံတော်




▲ ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့ ကံ့လုံဆရာတော်ကြီး၏ ရှားပါးသော လက္ခဏာ ပုံတော်

▼ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့မှ ကံ့လုံဆရာတော်ကြီး (ပျံလွန်တော် မမူမီ) ရိုက်ကူးခဲ့ရသော ရှားပါးဓာတ်ပုံ



## ကံ့လုံဆရာတော်ကြီး၏ လက္ခဏာဓာတ်ပုံ

**ရှမ်းပြည်နယ် တောင်ပိုင်း၊ ပင်းတယမြို့၊ ကံ့လုံဆရာတော်ကြီး၏ ဘယ်,ညာ လက်ဖဝါးတစ်စုံကို** ဓာတ်ပုံရိုက်ယူခဲ့ပါသည်။

ဆရာတော်ကြီးမှာ သက်တော်ကြီး ရင့်တော်မူသဖြင့် ဘယ်,ညာ လက်ဖဝါးတို့ကို ပုံနှိပ်မင်သုတ်ပြီး လက္ခဏာပုံတော် ရယူဖို့ အားနာလှသဖြင့် ယခုလို ဓာတ်ပုံရိုက်ကူးယူခဲ့ခြင်းဖြစ်ရာ ရှားပါးသော ဓာတ်ပုံအဖြစ် မှတ်တမ်းဝင်မည် ဖြစ်ပါသည်။ ဤဓာတ်ပုံမျိုး မည်သူတစ်ဦးမျှ ရယူခဲ့ခြင်းမရှိပေ။

ဆရာတော်ကြီး၏လက္ခဏာတော်ရို


စာမျက်နှာ (၁၅[illegible]) သို့
www.burmeseclassic.com

www.burmeseclassic.com

### ဒီပဲယင်းဆရာတော်ကြီး၏

# မိတ်ဆက် (၄) ပါး ကျင့်စဉ်

အောင်ရွှေမြတ် (စစ်ကိုင်းတောင်)

တစ်ခုသော ဝါဆိုလပြည့်နေ့တွင် ဆွမ်းဦးပူဇော်ရှင် ပွဲတော်ရက်လည်း ဖြစ်တာကြောင့် ကျွန်ုပ် နေထိုင်ရာ တောင်ရိုးနေအိမ်သို့ သမီးများ၊ မြေးများနှင့်အတူ မိတ်ဆွေအပေါင်းအသင်းများ ရောက်ရှိလာကြလေ၏။

နှစ်စဉ်ပင် မုန့်ဟင်းခါး၊ ကျောက်ကျော၊ ငှက်ပျောသီး၊ နာနတ်သီး၊ နနွင်းမကင်း စားစရာ အစုံအလင်နှင့်အတူ ထမင်းဟင်းများကို မဟေသီက စီမံချက်ပြုတ်ထားလေသည်။

စစ်ကိုင်းတောင်ပေါ်တက် ဘုရားဖူးကြ၊ ကစားစရာများ ဝယ်ကြနှင့် ဆာလောင်သောအခါ ကျွန်ုပ်၏အိမ်သို့ ပြန်ဆင်း၍ ရေချိုးကြ၊ ထမင်းစားကြဖြင့် တပျော်တပါး အားရပါးရ စားသောက်ကြလျှင် မဟေသီက လွန်စွာသဘောကျလေ၏။

ထမင်းမစားလျှင်ပင် ပြောဆိုပြီး ငေါက်၍ကျွေးလေ့ ရှိပါသည်။

သမီးဖြစ်သူ နွယ်နီမှာ တောင်ပေါ်က ဆင်းလာပြီး ရှုပုပ်နေသော မျက်နှာ ထမင်းဝိုင်းမှာ ငူငူကြီး ထိုင်နေလေ၏။

မဟေသီက...

'ဟဲ့...ထမင်းစားဘဲ မျက်နှာဆိုးနဲ့ ဘာဖြစ်နေတာလဲ'

ဟု မေးလေ၏။ နွယ်နီကမူ ပြန်မဖြေပါ။

'အဖေကြီးရေ...အိမ်မှာ ယောက်ျားနဲ့ စကားများပြီးလာတာ၊ လမ်းမှာလဲ ကလေးတွေနဲ့ ဂြိုဟ်ထောင်နေတာ မပြေသေးလို့'

ဟု သမီးငယ် သူဇာဝင်းက ဝင်ပြောလေ၏။

'သမီးက စိတ်ငြိမ်အောင် ပုတီးစိပ်နိုင်းတော့လဲ ဆောင့်ကြီးအောင့်ကြီးနဲ့ တော်တော်ပြောရခက်တာ'

ထိုအခါ ကျွန်ုပ်က...

'ဟဲ့... ကိုယ်လုပ်တဲ့ အလုပ်က တစ်ရွာလုံးနဲ့ ကင်းတာမဟုတ်ဘူး။ အိမ်နီးနားချင်းကစပြီး ချိုချိုသာသာ ပြုံးပြုံးရွှင်ရွှင်ပြောမှ သမီးကို ချစ်ခင်ကြမှာပေါ့။ ကိုယ်က စိတ်မပါပေမယ့် ဖေးဖေးမမ ပြောဆိုဆက်ဆံရင် မင်္ဂလာနဲ့လဲ ပြည့်စုံ၊ ဈေးလဲ ရောင်းကောင်းရုံမျှမကဘူး၊ လူအများက ယုံကြည်လေးစား ချစ်ခင်ကြမှာပေါ့ သမီးရယ်'

'သမီးက တော်ရုံတန်ရုံဆို ရန်မတွေ့ပါဘူး အဖေကြီးရယ်၊ အခုဟာက အကြွေးလဲ ယူသေး၊ စကားပြောတော့ ကိန်းကြီးခန်းကြီးနဲ့ ဥစ္စာ'

'ကဲပါ...အဖေကြီး ပေးထားတဲ့ ကျင့်စဉ်ကို သမီး မလုပ်ဘူး မဟုတ်လား'

'အဖေကြီးရယ်...ဒီလောက်တောင် အလုပ်မအားရတဲ့အထဲ ဘယ်လိုလုပ်ပြီး အဖေကြီးရဲ့ ကျင့်စဉ်ကို သတိရမှာလဲ'

ဟု ပြန်ပြောလေ၏။

'အေး... ကောင်းပါလေ့ကွယ်၊ အသားလေးက ဖြူဖွေးဝိုင်းစက်တဲ့ မျက်နှာလေးနဲ့ ပါးစပ်က ကြမ်းနေရင် ဘယ်လိုလုပ် စီးပွားဖြစ်တော့မှာလဲ သမီးရယ်'



'ကဲပါ အဖေကြီးရယ်၊ အဲဒီကျင့်စဉ် သမီးကိုပဲ ရေးပေးပါ။ နွယ်နီ မလုပ်ချင်နေပါစေ၊ သမီး အဓိဋ္ဌာန်ဝင်ပြီး လုပ်ပေးလိုက်မယ်'

ဟု သမီးသူဇာဝင်းက ဝင်ပြောလေ၏။

'ဟဲ့...သမီးရဲ့ ကျင့်စဉ်က တစ်နှစ်ကျော်ကြာအောင် အားထုတ်ရတာ စဉ်းစားဦး'

'ဒါဆို ရက်နည်းနည်းနဲ့ ရတဲ့ဟာ မရှိတော့ဘူးလား'

'ရှိတာတော့ ရှိပါရဲ့၊ ထမင်းစားရေသောက်သလိုတော့ လွယ်လွယ်လို့တော့ မဖြစ်ဘူး။ စိတ်ရောကိုယ်ပါ တကယ်ကြိုးစားမှ အောင်မြင်တာ။ ရက်လေးနည်းနည်းပဲဆိုပြီး ပေါ့ဆဆ အားထုတ်ရင် ပျက်သွားတတ်ပါတယ်။ ပျက်တိုင်း တစ်က ပြန်စရရင် ဆုံးတော့မှာ မဟုတ်တော့ဘူး၊ နှမြောစရာကြီးဟဲ့'

'အင်းပါ အဖေကြီးရယ်၊ နွယ်နီ ပျက်သွားရင်တောင် သမီး မပျက်စေရဘူး စိတ်ချ'

'အေးလေ ဒါဆို (၁၀၈)ရက်ဆိုတော့





www.burmeseclassic.com

www.burmeseclassic.com

အားထုတ်ကြည့်လိုက်ပါ။ ဒါ ရက် အနည်းဆုံးပဲ'

'ဒီကျင့်စဉ်က ဘယ်လိုအကျိုးတွေ ရနိုင်တာလဲ ပြောဦးမှပေါ့ အဖေကြီး'

ဤတွင် ကျွန်ုပ်က ကျင့်စဉ်၏ အကျိုးနှင့် နိဿရည်းကို အောက်ပါ အတိုင်း ပြောပြလိုက်လေရာ သမီး နှယ်နီနှင့် သူ့ဇာဝင်းတို့သည် အိမ်မပြန် မီမှာပင် အဓိဋ္ဌာန်တင်သွားကြလေ သည်။

## ကျင့်စဉ်တော်၏အကျိုး

ဤကျင့်စဉ်တော်မှာ **ဒီပဲယင်းဆရာ တော်ကြီး ဦးဥတ္တမသိဒ္ဓိ**မှ ကျွန်ုပ်တို့ တပည့်ကြီးများအား ပထမဦးဆုံး ချပေးသော **မိတ်ဓာတ်ကျင့်စဉ်** ဖြစ်ပါ သည်။

၁။ "ဥဿာ စိန်ပန်း ဒန်းလှကိုရှာ"ကျင့်စဉ်။
၂။ "အောင်ပ ကုလား ဆွေသား တော်ရှင်း" ကျင့်စဉ်။
၃။ "အန္တော ဂမ္ဘေ့ စရဲ ဝံသေ"ကျင့်စဉ်။
၄။ "အင်းဝ ရာဇ ဓမ္မာ သောက"ကျင့်စဉ်။
၅။ "ဦးညို သေမာ သုတ ဝေရီ"ကျင့်စဉ်။
၆။ "ဦးဇေ စံကူး ရှေသူး တောသူ"ကျင့်စဉ်။

တို့အား ဆက်တိုက် ချီးမြှင့်ခဲ့လေ ရာ ကိုစိန်မောင်(ခေါ်)အရှင်သီရိ၊ ကျွန်ုပ်နှင့် မောင်ခင်မော်တို့ (၃)ဦးသာ ပြီးစီးခဲ့ကြလေ၏။ ထို ကျင့်စဉ်တော် (၆)မျိုးမှ **"ဥဿာ စိန်ပန်း ဒန်းလှကို ရှာ ကျင့်စဉ်"**ကို ဦးဆုံးတင်ပြလိုက် ပါသည်။

▲ ဥဿာဓာတ်မှာ...

❖ မိသားစုအတွင်း ပိုမို၍ ပျော်ရွှင်ရာ ချစ်ခင်စည်းလုံးခြင်း၊
❖ စိတ်အနှောင့်အယှက် လုံးဝ မပေါ် ပေါက်ခြင်း၊
❖ ပတ်ဝန်းကျင်၏ မေတ္တာထားခြင်းတို့ ရရှိနိုင်ကြလေသည်။

▲ စိန်ပန်းဓာတ်မှာ...

❖ မည်မျှစိတ်ဆင်းရဲစရာ ကြုံဆုံသော် လည်း နာရီပိုင်းမျှသာ ခံစားရ၍ စိတ်ချမ်းသာမှု လျင်မြန်စွာ ရရှိပါ သည်။
❖ ကောင်းသတင်း ကျော်စောခြင်း။
❖ မိသားစု ဆွေမျိုးမိတ်သဂဟ်တို့အား ပံ့ပိုးကူညီနိုင်ခြင်း ရရှိလေသည်။

▲ ဒန်းလှဓာတ်မှာ...

❖ အနီးအဝေးမှ ရန်သူတို့၏ စိတ် သဘောဆန္ဒများကို အပြုသဘော သို့ဆောင်သော ငြိမ်းချမ်းရေးမေတ္တာ ဓာတ်များ ဖြစ်ပေါ်စေ၏။
❖ အရောင်းအဝယ် ကုန်သွယ်ရာတွင် တိုးတက်မြင့်မားစေ၏။
❖ ဘေးရန်ဥပဒ် အန္တရာယ်တို့မှ ကင်း ဝေးစေပါ၏။

▲ ကိုရှာဓာတ်မှာ...

❖ ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်းတို့ကို အထောက်အကူပြု၏။
❖ အကြံကောင်းများ ပေါ်လာခြင်း၊ ဉာဏ်ပညာ၏ အလင်းဓာတ်ကို ရရှိ စေ၏။
❖ ခုနစ်ရက် သားသမီးတို့အပေါ်၌ ဩဇာတိက္ကမ တည်စေလေသည်။

## ဥဿာဓာတ်(က)

မင်္ဂလာနှင့် ပြည့်ဝသော တနင်္ဂနွေ နေ့ နံနက်(၆း၀၀)နာရီမှ (၇း၃၀)နာရီ အတွင်း၌ **သက်တော်ရာကျော် တန်ခိုးကြီးစေတီတော်၏ တနင်္ဂနွေ ဂြိုဟ်တိုင်တွင်** အောက်ပါအတိုင်း လှူပါ။

✱ မေမြို့ပန်း (၁၉)ပွင့်
✱ မက်မန်းသီး (၅)လုံး
✱ ဖယောင်းတိုင် (၁)တိုင်
✱ အမွှေးတိုင် (၅)တိုင်

ထွန်းညှိ ဆက်ကပ်လှူဒါန်း ပူဇော် ပါ။

မိမိယုံကြည်ကိုးစားသော ရဟန္တာ အရှင်ကြီးများ၊ ဝိဇ္ဇာမင်းကြီးများ နတ် မင်းကြီးများကို အထူးပင့်ဖိတ်၍ မေတ္တာ သုတ်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

ဥဿာဓာတ်အတွက် (၆)ရက် ပုတီး စိပ်ဖို့ အဓိဋ္ဌာန်ပြုပါ။

**"ဉုံ သိဒ္ဓိ အရဟံ ဥဿာ"** တစ် ခေါက်ရွတ် ပုတီးတစ်စေ့ချ၍ ပုတီး (၆)ပတ် (၆)ရက် စိပ်ပါ။

ပြီးလျှင် အမျှဝေခြင်း၊ မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်းပြု၍ လိုအပ်သော ဆုတောင်းပါ။ ပုဂ္ဂိုလ်များကို ပြန်ပို့ပါ။

ဤ(၆)ရက်အတွင်း ပထမဆုံးရက် တွင်သာ ပွဲစုံကပ်လှူ၍ ကျန်ရက်များ တွင် မိမိစိတ်ဆန္ဒအတိုင်း အလင်းတိုင်၊ အမွှေးတိုင်၊ ရေချမ်းများ လှူဒါန်းနိုင်ပါ သည်။

## ဥဿာဓာတ်(ခ)

ဥဿာဓာတ်(က) ပြီးဆုံးလျှင် ရက် မခြားဘဲ၊ ရက်မနားဘဲ အားထုတ်ရမှာ ဖြစ်လေသည်။ အထက်ပါ တန်ခိုးကြီး စေတီတော်၏ **သောကြာနေ့မွေး ဘုရားရှင်၏ဂြိုဟ်တိုင်တွင်** နံနက် (၆)နာရီမှ (၇း၃၀)နာရီပိုင်းအတွင်း ဆက်ကပ်လှူဒါန်းပါ။

✱ ငှန်းပန်း(သို့မဟုတ်)ငှန်းညွှန့် (၈)ခိုင်
✱ ဆီးသီး (၅)လုံး
✱ အလင်းတိုင် (၁)တိုင်
✱ အမွှေးတိုင် (၅)တိုင်

တို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ပါ။

မိမိယုံကြည်ကိုးစားသော ရဟန္တာ အရှင်မြတ်ကြီးများ ဝိဇ္ဇာမင်းကြီးများ နတ်မင်းကြီးများကို အထူး ပင့်ဖိတ်၍ မေတ္တာသုတ်တော်ဖြင့် ရွတ်ဖတ်ပူဇော် ပါ။

ဥဿာဓာတ်(ခ)အတွက် (၂[illegible])ရက်



www.burmeseclassic.com

www.burmeseclassic.com

ပုတီးစိပ်ဖို့ အဓိဋ္ဌာန်ပြုပါ။

**"ဦ၊ သိဒ္ဓိအရဟံ ဥသာ"** တစ်ခေါက်ရွတ် ပုတီးတစ်စေ့ချ၍ ပုတီး(၂၁)ပတ် (၂၁)ရက် မပျက်မကွက် အားထုတ်ပါ။

ပြီးစီးလျှင် အမျှဝေခြင်း၊ မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်းပြု၍ လိုအပ်သော ဆုတောင်းပါ။ ပင့်ဖိတ်ထားသော ပုဂ္ဂိုလ်များကို ပြန်ပို့ပါ။

ယခုဆိုလျှင် ဥသာခါတ်အတွက် (၂၇)ရက် ပြီးစီးလေပြီ။

## စိန်ပန်းဓာတ်(က)

နံနက်(၆း၀၀)နာရီမှ (၇း၃၀)နာရီ အချိန်အတွင်း၌ တန်ခိုးကြီးစေတီတော်၏ အင်္ဂါနေ့ဖွား ဘုရားရှင်၏ဂြိုဟ်တိုင်တွင် အောက်ပါအတိုင်း လှူဒါန်းဆက်ကပ်ပါ။

* ဒန်းညွန့် (၁၀)ညွန့်
* ထန်းလျက် (၁၀)လုံး
* ဖယောင်းတိုင်
* အမွှေးတိုင်
* ရေချမ်း

တို့ဖြင့် အင်္ဂါနေ့ဖွား ရဟန္တာအရှင်မြတ်ကြီးများ၊ ဝိဇ္ဇာကြီးများနှင့် နတ်မင်းကြီးများကို ပင့်ဖိတ်၍ မေတ္တာသုတ်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

စိန်ပန်းခါတ်အတွက် အဓိဋ္ဌာန်ပြုရပါသည်။

**"ဦ၊ သိဒ္ဓိ အရဟံ စိန်ပန်း"** တစ်ခေါက်ရွတ် ပုတီးတစ်စေ့ချ၍ ပုတီး ရှစ်ပတ်၊ ရှစ်ရက်စေ့အောင် အားထုတ်ပါ။

ပြီးစီးအောင်မြင်ပါလျှင် အမျှဝေခြင်း၊ မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်း ပြု၍ လိုအပ်ရာ ဆုတောင်းပါ။ ပင့်ဖိတ်ထားသော ပုဂ္ဂိုလ်များကို ပြန်ပို့ပါ။

(၈)ရက်စေ့ပါက (၃၅)ရက် ရှိလေ



ပြီ။

## စိန်ပန်းဓာတ်(ခ)

နံနက်(၆း၀၀)နာရီမှ (၇း၃၀)နာရီ အချိန်အတွင်း၌ တန်ခိုးကြီးစေတီတော်၏ ကြာသပတေးနေ့ဖွား ဘုရားရှင်၏ ဂြိုဟ်တိုင်တွင် အောက်ပါအတိုင်း ဆက်ကပ်လှူဒါန်းပါ။

* ကံ့ကော်ပန်း (၁၅)ကုံး
* ကြံပန်းခိုင် (၂)ခိုင်
* အလင်းတိုင်
* အမွှေးတိုင်
* ရေချမ်း

တို့ဖြင့် ရဟန္တာအရှင်မြတ်ကြီးများ၊ ဝိဇ္ဇာမင်းကြီးများနှင့် နတ်မင်းကြီးများကို ပင့်ဖိတ်၍ မေတ္တာသုတ်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

စိန်ပန်းခါတ်အတွက် (၁၉)ရက် အဓိဋ္ဌာန်ပြုပါ။

**"ဦ၊ သိဒ္ဓိ အရဟံ စိန်ပန်း"**တစ်ခေါက်ရွတ်ဆို ပုတီးတစ်စေ့ချ၍ ပုတီး (၁၉)ပတ် (၁၉)ရက်စေ့အောင် မပျက်မကွက် အားထုတ်ပါ။

ပြီးစီးအောင်မြင်ပါလျှင် အမျှဝေခြင်း၊ မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်း ပြုလုပ်၍ လိုအပ်သောဆုတောင်းပါ။ ပင့်ဖိတ်ထားသော ပုဂ္ဂိုလ်များကို ပြန်ပို့ပါ။

(၁၉)ရက်စေ့ပါက စိန်ပန်းခါတ် အောင်လေပြီ။

ယခုအခါတွင် အားထုတ်နေသည်မှာ (၅၄)ရက် ရှိပြီဖြစ်သောကြောင့် ကျင့်စဉ်တော်ကြီး၏ ထက်ဝက်တိုင်ခဲ့ပြီ ဖြစ်သောကြောင့် ပြီးစီးအောင် အထူးပြုစေချင်ပါ၏။

## ဒန်းလှဓာတ်(က)

တန်ခိုးကြီးစေတီတော်တွင် နံနက်(၆း၀၀)နာရီမှ (၇း၃၀)နာရီ အချိန်အတွင်း စနေနေ့ဖွား ဘုရားရှင်၏ ဂြိုဟ်တိုင်၌ အောက်ပါအတိုင်း ဆက်ကပ်လှူဒါန်းပါ။

* ဝါးညွန့်(အနာအဆာမပါ) (၁၇)ညွန့်
* လက်ဖက် (၁)ပွဲ
* အလင်းတိုင်
* အမွှေးတိုင်
* ရေချမ်း

တို့ဖြင့် ဆက်ကပ်ပူဇော်ပါ။

စနေနေ့ဖွား ရဟန္တာအရှင်မြတ်ကြီးများ၊ ဝိဇ္ဇာမင်းကြီးများနှင့် နတ်မင်းကြီးများကို ပင့်ဖိတ်၍ မေတ္တာသုတ်တော်ဖြင့် ရွတ်ဖတ်ပူဇော်ရမည်။

**ဒန်းလှခါတ်(က)အတွက်** အဓိဋ္ဌာန်ပြုပါ။

**"ဦ၊ သိဒ္ဓိ အရဟံ ဒန်းလှ"** တစ်ခေါက်ရွတ် ပုတီးတစ်စေ့ချ၍ ပုတီး (၁၀)ပတ် (၁၀)ရက်ပြည့်အောင် အားထုတ်ပါ။

ပြီးစီးအောင်မြင်လျှင် အမျှဝေခြင်း၊ မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်း ပြု၍ လိုအပ်သောဆု တောင်းပါ။ ပင့်ဖိတ်ထားသော ပုဂ္ဂိုလ်များကို ပြန်ပို့ပါ။

(၁၀)ရက်ပြည့်ပါက (၆၄)ရက် ရှိပြီ ဖြစ်လေသည်။

## ဒန်းလှဓာတ်(ခ)

တန်ခိုးကြီးစေတီတော်တွင် နံနက်(၆း၀၀)နာရီမှ (၇း၃၀)နာရီ အချိန်အတွင်း ဗုဒ္ဓဟူးနေ့ဖွား ရှင်တော်ဘုရား၏ ဗုဒ္ဓဟူးဂြိုဟ်တိုင်၌ အောက်ပါ



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ပူဇော်ပါ။

* အုန်း (၆)ညွန့်(**အနာအဆာမပါစေရ**)
* အုန်းသီးစိတ် (၁)စိတ်
* အလင်းတိုင်
* အမွှေးတိုင်
* ရေချမ်း

တို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ပါ။

ဗုဒ္ဓဟူးနေ့ဖွား ရဟန္တာအရှင်မြတ်ကြီးများ၊ ဝိဇ္ဇာမင်းကြီးများနှင့် နတ်မင်းကြီးများကို ပင့်ဖိတ်၍ မေတ္တာသုတ်တော်ဖြင့် ရွတ်ဖတ်ပူဇော်ရမည်။

ဒန်းလှဓာတ်အတွက် အဓိဋ္ဌာန်ပြုပါ။

**"ဦး သိဒ္ဓိ အရဟံ ဒန်းလှ"** တစ်ခေါက်ရွတ် ပုတီးတစ်စေ့ချ၍ ပုတီး (၁၇)ပတ် (၁၇)ရက်စေ့အောင် အားထုတ်ပါ။

အောင်မြင်လျှင် အမျှဝေခြင်း၊ မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်း ပြု၍ လိုအပ်သောဆုကို တောင်းပါ။ ပင့်ဖိတ်ထားသော ပုဂ္ဂိုလ်များကို ပြန်ပို့ပါ။

(၁၇)ရက် စေ့ပါက (၈၁)ရက် တိုင်ခဲ့လေပြီ။

## ကိုရှာဓာတ်(က)

တန်ခိုးကြီးစေတီတော်တွင် နံနက် (၆း၀၀)နာရီ မှ (၇း၃၀)နာရီ အချိန်အတွင်း တနင်္လာနေ့ဖွား ဘုရားရှင်၏ မွေးနံဂြိုဟ်တိုင်၌ အောက်ပါအတိုင်း ဆက်ကပ်လှူဒါန်းပါ။

* သီးညွန့် (၂၁)ညွန့်
* သီးသီးသုပ် (၁)ပွဲ
* အလင်းတိုင်
* အမွှေးတိုင်
* ရေချမ်း

တို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ပါ။

တနင်္လာနေ့ဖွား ရဟန္တာအရှင်မြတ်ကြီးများ၊ ဝိဇ္ဇာမင်းကြီးများနှင့် နတ်မင်းကြီးများကို ပင့်ဖိတ်၍ မေတ္တာသုတ်တော်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

ကိုရှာဓာတ်(က)အတွက် အဓိဋ္ဌာန်ပြုပါ။

**"ဦး သိဒ္ဓိ အရဟံ ကိုရှာ"** တစ်ခေါက်ရွတ် ပုတီးတစ်စေ့ချ၍ ပုတီး (၁၅)ပတ် (၁၅)ရက်တိုင်အောင် အားထုတ်ပါ။

ပြီးစီးအောင်မြင်လျှင် အမျှဝေခြင်း၊ မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်း ပြုလုပ်၍ လိုအပ်သောဆုကို တောင်းပါ။

ပင့်ဖိတ်ထားသော ပုဂ္ဂိုလ်များကို ပြန်ပို့ပါ။

(၁၅)ရက်စေ့ပါက (၉၆)ရက် တိုင်ခဲ့လေပြီ။

## ကိုရှာဓာတ်(ခ)

တန်ခိုးကြီးစေတီတော်တွင် နံနက် (၆း၀၀)နာရီ မှ (၇း၃၀)နာရီ အချိန်အတွင်း ရာဟုနေ့ဖွား ဘုရားရှင်၏ မွေးနံဂြိုဟ်တိုင်၌ အောက်ပါအတိုင်း ဆက်ကပ်လှူဒါန်းပါ။

* ရွှေပန်း (၁၂)ကုံး
* ရှောက်ယို (၁)
* အလင်းတိုင်
* အမွှေးတိုင်
* ရေချမ်း

တို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ပါ။

ရာဟုနေ့ဖွား ရဟန္တာအရှင်မြတ်ကြီးများ၊ ဝိဇ္ဇာမင်းကြီးများနှင့် နတ်မင်းကြီးများကို ပင့်ဖိတ်၍ မေတ္တာသုတ်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

ကိုရှာဓာတ်(ခ)အတွက် အဓိဋ္ဌာန်ပြုပါ။

**"ဦး သိဒ္ဓိ အရဟံ ကိုရှာ"** တစ်ခေါက်ရွတ် ပုတီးတစ်စေ့ချ၍ ပုတီး (၁၂)ပတ် (၁၂)ရက်တိုင်အောင် အထူးအားစိုက်ထုတ်ပါ။

ပြီးစီးအောင်မြင်လျှင် အမျှဝေခြင်း၊ မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်း ပြုလုပ်၍ လိုအပ်သောဆုကိုတောင်းပါ။

ပင့်ဖိတ်ထားသော ပုဂ္ဂိုလ်များကို ပြန်ပို့ပါ။

(၁၂)ရက်စေ့သောအခါတွင် (၁၀၈)ရက် အပြည့်အဝ အောင်မြင်လေတော့သည်။

မိမိ ကြိုးစားအားထုတ်ခဲ့သော (၁၀၈)ရက်အတွင်း ပျက်ယွင်းခဲ့ခြင်း၊ သီလကျိုးခြင်းများ မရှိကြောင်း သစ္စာတိုင်၍ ဆုတောင်းပါ။ ပုဂ္ဂိုလ်များကို ပြန်ပို့ပါ။

မိတ်ဓာတ်(၄)ပါး ကျင့်စဉ်တော်ကို ကျား/မ မရွေး အားထုတ်နိုင်ကြပါသည်။ အမျိုးသားများအတွက် အထူးအခွင့်အရေးမှာ ကျင့်စဉ် ပထမရက်မှ စတင်၍ ပြီးစီးအောင်မြင်သည့် နောက်ဆုံး (၁၀၈)ရက်အထိ မိတ်ဓာတ်(၄)ပါး အင်းတော်များ သောက်မျိုနိုင်ကြလေ၏။

ကျင့်စဉ်တော်ဖြင့် တွဲဖက်၍ အင်းတော်များကို သောက်မျိုကြလျှင် လွန်စွာမှပင် အကျိုးကြီးလှပေတော့သည်။

၁။ ကျင့်စဉ်တော်၏ အာနုဘော်အကျိုး
၂။ ရွတ်ဆိုအပ်သော မန္တန်တော်,သုတ်တော်၏ အကျိုး
၃။ သောက်မျိုအပ်သော အင်းတော်၏အကျိုး
၄။ စောင့်ထိန်းအပ်သော သီလ,သမာဓိအကျိုး
၅။ လှူဒါန်းအပ်သော ဒါနကုသိုလ်တို့၏အကျိုး

စသည် ငါးပါးတို့ ရရှိကြပါလိမ့်မည်။

သီလ,သမာဓိ ကောင်းမွန်ပြည့်စုံခြင်းဖြင့် မိမိ ယုံကြည်အားထုတ်သော ကျင့်စဉ်ကို အထူးဂုဏ်မြောက်၍ အကြွင်းမဲ့ အောင်မြင်တတ်ခြင်းကြောင့် အကျိုးတရား ကြီးမားလှပါကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးမှ အမှာစကား မြွက်ဟခဲ့ပါသည်။

အားထုတ်လေ့ကျင့် ဆောင်ရွက်မှုတိုင်းအတွက် ပိုမို၍ ထက်မြက်သော ဂုဏ်ထူးဆောင် ဘွဲ့ထူးကြီး ရရှိရန်အတွက် **"သီလ,သမာဓိ,သစ္စာ"**ဖြင့် အဓိဋ္ဌာန်ကို အပွန်းအပဲ့ မခံရအောင် လုံ့လ,ဝီရိယ,ဇွဲဖြင့် အားထုတ်ကြပါရန် မေတ္တာနှင့် တိုက်တွန်းလိုက်ရပါသည်။

မိတ်ခတ်(၄)ပါး အင်းတော်များကို ဖော်ပြပေးလိုက်ပါသည်။

**ဥပမာ...**

❋ ဥသာခတ်မိတ်အင်း၏ အင်းဆန်မှာ **(ဦ၊ သိဒွိ အရဟံ ဥသာ)**

❋ ယင်းပါဠိစာသားများကို လက်ယာရစ် မြင်းသွားဖြစ်သည်။

❋ အလယ်ချက်မတွင် မိမိနံကို ရေးသွင်းပါ။

❋ အင်းအရန်မှာ **"အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်း"**ဖြစ်ပါသည်။

အထက်နည်းအားဖြင့် စိန်ပန်းခတ်မိတ်အင်း၊ ဒန်းလှခတ်မိတ်အင်းနှင့် ကိုရှာခတ်မိတ်အင်းများကို စီရင်၍ နည်းနာတကျ အသုံးပြုနိုင်ကြပါသည်။

လွန်စွာ လွယ်ကူ၍ အသေးစိတ် ရေးသားခြင်း မပြုတော့ပါ။

**နောက်ဆက်တွဲ**

* * *

ဥသာခတ်မိတ်အင်း

| | | | | |
|---|---|---|---|---|
| 79 | 15 | 26 | 1^ | 79 |
| 1^ | ဦ | အ | ဥ | 15 |
| 26 | ဟံ | နံ | သိ | 26 |
| 15 | ဒွိ | သာ | ရ | 1^ |
| 79 | 1^ | 26 | 15 | 79 |

စိန်ပန်းခတ်မိတ်အင်း

| | | | | |
|---|---|---|---|---|
| 79 | 15 | 26 | 1^ | 79 |
| 1^ | ဦ | အ | စိန် | 15 |
| 26 | ဟံ | နံ | သိ | 26 |
| 15 | ဒွိ | ပန်း | ရ | 1^ |
| 79 | 1^ | 26 | 15 | 79 |

ဒန်းလှခတ်မိတ်အင်း


| | | | | |
|---|---|---|---|---|
| 79 | 15 | 26 | 1^ | 79 |
| 1^ | ဦ | အ | ဒန်း | 15 |
| 26 | ဟံ | နံ | သိ | 26 |
| 15 | ဒွိ | လှ | ရ | 1^ |
| 79 | 1^ | 26 | 15 | 79 |

ကိုရှာခတ်မိတ်အင်း

| | | | | |
|---|---|---|---|---|
| 79 | 15 | 26 | 1^ | 79 |
| 1^ | ဦ | အ | ကို | 15 |
| 26 | ဟံ | နံ | သိ | 26 |
| 15 | ဒွိ | ရှာ | ရ | 1^ |
| 79 | 1^ | 26 | 15 | 79 |

ခတ်(၄)ပါးအချုပ်အင်း

| | | | | |
|---|---|---|---|---|
| 79 | 15 | 26 | 1^ | 79 |
| 1^ | 7 | 9 | / | 15 |
| 26 | 5 | နံ | 6 | 26 |
| 15 | 3 | ^ | 1 | 1^ |
| 79 | 1^ | 26 | 15 | 79 |



⁘ ဥသာခတ်မိတ်အင်း အစမှ အဆုံးထိ တစ်ရက် တစ်အင်းသောက်ပါ။

⁘ စိန်ပန်းခတ်မိတ်အင်း အစမှ အဆုံးထိ တစ်ရက် တစ်အင်းသောက်ပါ။

⁘ ဒန်းလှခတ်မိတ်အင်း အစမှ အဆုံးထိ တစ်ရက် တစ်အင်းသောက်ပါ။

⁘ ကိုရှာခတ်မိတ်အင်း အစမှ အဆုံးထိ တစ်ရက် တစ်အင်းသောက်ပါ။

ကျင့်စဉ်နှင့်အတူ အင်းတော်မျိုသောက်သူ ကလျာဏမိတ္တများမှာ ပါရမီ အနုအရင့်အားလျော်စွာ တူညီသော အကျိုးထူးများ ရရှိကြပါလိမ့်မည်။

ကျင့်စဉ်တော်ပြီးမြောက် (၂၇)ရက်အတွင်း ပုဂ္ဂိုလ်ထူး၊ ဝိဇ္ဇာထူးတို့ထံမှ အိပ်မက်၊ အာရုံ ပေးလာပါလျှင် ယင်းနေ့နံနက်တွင် **"မိတ်ခတ်(၄)ပါး အချုပ်အင်း"**ကို ဆုတောင်းသောက်ပါ။

အာရုံထူး မရရှိသေးသူများသည် နောင်ဖော်ပြမည့် ဆက်စပ်ကျင့်စဉ်များကို အားထုတ်ခြင်းမှ ကိစ္စအဝဝကို အောင်မြင် ပေါက်မြောက်စေပါလိမ့်မည်။

***အဝေရာ ဘေးမဲ့ အေးမြချမ်းသာကြပါစေ။***

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***



www.burmeseclassic.com

www.burmeseclassic.com

# ကလေးမီးဖွားရ လွယ်ကူစေသော

## အစီအရင် ယတြာနည်းတစ်နည်း

မောင်အောင်ကျော်
(အိမ်မဲ)

ကျွန်တော်သည် မြန်မာ့ဝိဇ္ဇာရေ လောကီပညာရပ်များကို အသက်(၁၆) နှစ်သားလောက်ကတည်းက စိတ်ဝင်တစား သည်းပူးလေ့လာခဲ့သည်။

လေ့လာမှတ်သား သိရှိထားသည်များအနက်မှ ကောင်းနိုးရာရာများကို ဤ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ အလျဉ်းသင့်သလို ရေးသားတင်ပြခဲ့ပါသည်။

ယခုလည်း ကိုယ်ဝန်ဆောင် အမျိုးသမီးများ အသက်ဘေးအန္တရာယ်ကင်းစွာ ကလေး မီးဖွားရလွယ်ကူစေသော ယတြာနည်းတစ်ခုကို ရေးသား တင်ပြပေးပါမည်။

ဤအစီအရင် ယတြာနည်းကို ရရှိခဲ့ပုံမှာ တစ်ခုသော နေ့လယ်ခင်း၌ ကျွန်တော်၏ နေအိမ်သို့ အဘအောင် တစ်ယောက် အလည်ရောက်လာလေ၏။

ကျွန်တော်လည်း လက်ဖက်သုပ်၊ ရေနွေးကြမ်းဖြင့် အဘကို ဧည့်ခံလေ၏။ အဘအောင်နှင့် ကျွန်တော် စကားလက်ဆုံကျနေစဉ် အိမ်ရှေ့မှ...

'အောင်ကျော်ရေ... အောင်ကျော်'

ဟု ခေါ်သံကြားသဖြင့် ကြည့်လိုက်ရာ ရွာလယ်က မသန်းစိန် ဖြစ်နေ၏။ ကျွန်တော်က...



'လာလေ မသန်းစိန်၊ ဘာကိစ္စရှိလို့လဲ'

ဟု မေးလိုက်၏။ မသန်းစိန်က...

'နင့်အိမ်ကို အဘအောင် သွားတယ်လို့ အဘအိမ်က ပြောလိုက်လို့ လိုက်လာတာ'

အဘအောင်က...

'ဘာကိစ္စများလဲ သမီး'

ဟု မေးလေ၏။ မသန်းစိန်က...

'အဘရေ... သမီးရဲ့ညီမက ကိုယ်ဝန်ကြီးနဲ့ အခု ဗိုက်နာပြီး မွေးချိန်တန်တာတောင် မွေးရဖွားရခက်နေလို့'

အဘအောင်က...

'ဪ...အေး...အေး ရေမန်းလုပ်ပေးလိုက်မယ်'

ဟု ဆိုကာ ကျွန်တော်ဘက်ကို လှည့်၍...

'လူလေး ဘုရားကျောင်းမှာ အမွှေးတိုင် (၃)တိုင်၊ ဖယောင်းတိုင်(၃)တိုင်၊ ရေချမ်းတစ်ခွက် ကပ်ပေးပါကွာ၊ အဘ အာလုတ်ကျင်းရင်း ကိုယ်လက်သန့်စင်လိုက်ဦးမယ်'



ဟု ဆိုကာ ရေစည်ပိုင်းရှိရာသို့ ထသွားလေ၏။

ကျွန်တော်လည်း အဘ မှာသည့်အတိုင်း ကပ်လှူလိုက်၏။ အဘအောင်လည်း ကိုယ်လက်သန့်စင်ပြီး၍ ဘုရားခန်းဝင်ကာ နာရီဝက်ခန့် ဘုရားရှိခိုးနေ၏။ ပြီးနောက် ကျွန်တော် ကပ်လှူထားသော ရေချမ်းကို စွန့်ကာ ရေခွက်တစ်ခွက်ထဲ ပြောင်းထည့်ပြီး မသန်းစိန်အား ပေးလိုက်လေ၏။

မသန်းစိန်ပြန်သွားပြီး ကျွန်တော်လည်း အဘအောင် နားကပ်ကာ...

'အဘ ကျွန်တော့်ကို ရေမန်း၊ မန်းပုံ ပေးပြောပြပါဦး'

အဘအောင်က ပြုံးစိစိနဲ့...

'လူလေးရာ ဘာမှ ခက်ခက်ခဲခဲ မဟုတ်ပါဘူး။ ငါးပါးသီလခံယူပြီး အဠာနမေတ္တ ဂါထာတော်ကို (၃)ခေါက်၊ အင်္ဂုလိမာလပရိတ်တော်ကို (၉)ခေါက် ရွတ်ပေးလိုက်တာပါ။ တစ်ခုတော့ ရှိတယ်ကွ၊ လာဘ်လာဘ အကျိုးမမျှော်ကိုးဘဲ တကယ်ချမ်းသာစွာ မွေးဖွားပါစေဆိုတဲ့ မေတ္တာစိတ်နဲ့ ရွတ်ပေးရတယ်။ အဘလုပ်ခဲ့သလောက်ကတော့ အကုန် မွေးဖွားရ လွယ်ကူတာချည်းပဲကွ'

ဟု ပြောလေ၏။

ကျွန်တော်က...

'ဟုတ်ကဲ့ အဘ... သားမှတ်ထားပါ့



www.burmeseclassic.com

www.burmeseclassic.com

မယ်။ မီးဖွားရလွယ်ကူစေတဲ့ ယတြာလဲ အဘာလုပ်ပေးတယ် ကြားတယ်။ အဲဒါလေးလဲ ပြောပြပါလားအဘ'

အဘအောင်က...

'ဟ...ဒီကောင်၊ ပညာကို အကုန်လိုက်နှိုက်နေပါလားဟေ့၊ အေး...အေး မေးတော့လဲ ဖြေရတာပေါ့ကွာ၊ ပညာကို သေရွာ ယူမသွားပါဘူး'

ကျွန်တော်လဲ ဝမ်းသာအားရနဲ့...

'ဟုတ်ကဲ့အဘ ပြောပါအဘ'

ဟု ပြောလိုက်လေ၏။ အဘအောင်က

'ဒီလိုလူလေးရ... ဒီနည်းက ရှေးယတြာ ဆရာကြီးများရဲ့နည်းပဲ၊ တချို့ အမျိုးသမီးတွေ လာကြတယ်ကွ၊ သူတို့က နှလုံးရောဂါရှိလို့ ကလေးယူလို့ မရတာကို ကလေးယူပြီး မီးဖွားချိန်နားနီးတော့ မွေးဖွားရခက်မှာ အန္တရာယ်ဖြစ်မှာ ကြောက်လို့တဲ့၊

အဲဒီအခါမျိုးလဲ ဒီယတြာပဲ လုပ်ခိုင်းလိုက်တယ်ကွ။ အကုန် အဆင်ပြေသွားတာချည်းပဲ၊ ကိုယ်ဝန်ရင့်လာပြီဆိုတာနဲ့ ဒီယတြာကို တစ်ပတ်တစ်ခါလောက် လုပ်ပေးရတယ်'

ဟု ဆိုကာ အောက်၌ ဖော်ပြမည့်ယတြာအစီအရင်အား ပြောပြလေတော့သည်။

**အစီအရင်ယတြာမှာ...**

❖ ကိုယ်ဝန်ဆောင်အမျိုးသမီးရဲ့ မွေးနေ့ နံနက်မှာ အိမ်က ဘုရား၌ဖြစ်စေ၊ တန်ခိုးကြီးဘုရားတစ်ဆူ၌ ဖြစ်စေ ဖယောင်းတိုင်(၃)တိုင်၊ အမွှေးတိုင်(၃)တိုင်၊ အပွင့်အခက်မပါသော ဖန်ခွက်(၃)လုံးဖြင့် ရေချမ်း(၃)ခွက် ကပ်လှူပါ။

❖ ပြီးနောက် ဖီးကြမ်းငှက်ပျောတစ်ဖီးကို ထိပ်ဘက်က အခွံတွေ ပွင့်ရုံလောက် ခွာ၍လှန်ပြီး အဖီးလိုက် အလုံးမဖြုတ်ဘဲ ကြွေပန်းကန်တစ်ချပ်ထဲထည့်၍ ဘုရားကို လှူပါ။ အသက်အန္တရာယ်ကင်းစွာ မွေးရဖွားရ လွယ်ကူပါစေကြောင်း ဆုတောင်းပါ။

❖ ကိုယ်ဝန်ဆောင်အမျိုးသမီးက မလှူဒါန်းနိုင်ပါက ကိုယ်စား ကပ်လှူပေး၍ရပါသည်။

ငှက်ပျောဖီးအား ဘုရားလှူပြီးနောက် လှူဒါန်းသူက ငါးပါးသီလခံယူဆောက်တည်ပြီး **အင်္ဂုလိမာလပရိတ်တော်ကို (၃)ခေါက်လောက် ရွတ်ဖွားပေးပါ။** ***(အလွတ်မရက ကြည့်ရွတ်ပါ။)***

ပြီးလျှင် လှူထားသော ငှက်ပျောဖီးကို ပြန်စွန့်ကာ ကိုယ်ဝန်ဆောင် အမျိုးသမီးအား ကျွေးမွေးခြင်း၊ လှူထားသော သောက်တော်ရေအား စွန့်၍ တိုက်ကျွေးခြင်းဖြင့် မွေးရဖွားရ လွယ်ကူစေပါသည်။

ကျွန်တော့်အနေနှင့် သိရှိထားသော ယတြာအစီအရင်ကို ဝါသနာတူ ပုဂ္ဂိုလ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ အသက်ဘေးအန္တရာယ် ကင်းစွာ သားကောင်း သမီးကောင်းရတနာများ ပေါ်ထွန်းနိုင်စေရန်အတွက် လည်းကောင်း ရေးသားတင်ပြ လိုက်ရပါသည်။

***သဗ္ဗေ ဗုဒ္ဓါယ နမာမိ***

**မောင်အောင်ကျော်(အိစံမဲ)**

---

စာမျက်နှာ (၁၄၅)မှ အဆက်

ပူဇော်လိုသူများအတွက် ဒါနအဖြစ် ဖော်ပြပေးလိုက်ပါသည်။

လက္ခဏာပုံ တော်နှင့်အတူ တစ်နေ့တည်း ရိုက်ကူးထားသော ဆရာတော်ကြီး၏ ရှားပါးဓာတ်ပုံတော်ကိုပါ ဖော်ပြပေးလိုက်ပါသည်။

ထိုစဉ်က ဆရာတော်ကြီးအား ဓာတ်ပုံရိုက်ခွင့် မည်သူ့ကိုမှ မပေးကြောင်း ဆရာတော်ကြီးအနီးတွင် ပြုစုစောင့်ရှောက်နေကြသည့် တပည့်ဒကာတို့မှ တင်းကျပ်စွာ တားမြစ်ထားသဖြင့် ယခု ကျွန်ုပ် ရိုက်ကူးဖော်ပြပေးလိုက်သော ဓာတ်ပုံတော်များကို ရှားပါးဓာတ်ပုံ မှတ်တမ်းတင်ရခြင်း ဖြစ်ပါသည်။

**ကံ့လုံ့ဆရာတော်ကြီး၏ လက္ခဏာတော်ကို လေ့လာကြည့်လျှင် လက်ညှိုး လက်ချောင်းက လက်သူကြွယ်လက်ချောင်းထက် မသိမသာ ရှည်နေကြောင်း တွေ့ရှိရသည်။**

အနောက်တိုင်းရှိ ခန္ဓာဗေဒ သုတေသနအဖွဲ့၏ လေ့လာတွေ့ရှိချက်မှာ လက်ညှိုးလက်ချောင်းက လက်သူကြွယ်လက်ချောင်းထက် ပိုပြီး တိုလေ စိတ်တိုစိတ်ဆတ်လေ့၊ ဒေါသကြီးလေဖြစ်ကြောင်း ဖော်ပြထားပါသည်။

လက္ခဏာပညာအရ ဆိုလျှင်လည်း **လက်ညှိုးရှည်လျှင် စိတ်ရှည်သည်းခံနိုင်စွမ်းရှိသော ခန္တီပါရမီနှင့် ပြည့်စုံပါသည်။**

ကျွန်ုပ်အနေဖြင့် စိတ်တိုတတ်သူဖြစ်၍ကံ့လုံ့ဆရာတော်ကြီး၏ လက္ခဏာကို ကျွန်ုပ်၏စားပွဲမှာထားပြီး မိမိစိတ်ကိုနေ့စဉ်ဆုံးမရပါသည်။

***စာဖတ်သူများအတွက်လည်း အကျိုး ရှိနိုင်ကြပါစေ။***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဓေဘွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် ရွေးချယ်ခြင်းနှင့်



## စီးပွားဖက် မရွေးချယ်သင့်သူများ

ကောင်းသုခ

လောကတွင် အရေးကြီးသော **အချက်(၃)ချက် ရှိသည်။** မေးခွန်းဖြင့် မေးရသော် ဤသို့ဖြစ်သည်။

၁။ မည်သည့်ပညာရပ်ကို သင်ယူမည်နည်း။

၂။ မည်သည့်အသက်မွေးဝမ်းကျောင်း အလုပ်ကို လုပ်ကိုင်မည်နည်း။

၃။ မည်သူနှင့် အိမ်ထောင်ပြုမည်နည်း။

အထက်ပါ အချက် (၃)ချက်သည် ဘဝတွင် လွဲချော်ရွေးချယ်မရသော အရာများဖြစ်သည်။ တစ်ခုခုကို မှားယွင်းရွေးချယ်မိသည်နှင့် တစ်ဘဝစာ ဒုက္ခရောက်ရတတ်သည်။ မိမိနှင့် အံမဝင်သော ပညာရပ်၊ မိမိဘဝ အတွက် အထောက်အကူ မပြုသော အလုပ်၊ မိမိနှင့် သဟဇာတမဖြစ်သော အိမ်ထောင်ဖက်ကို ရွေးချယ်မိသည်နှင့် များစွာသော ပူပန်ဆင်းရဲမှုများကို တွေ့ရတတ်သည်။

ထိုအခါ မိမိဘဝနှင့် အကျိုးပေးသော အရာကို မှန်ကန်စွာ ရွေးချယ်နိုင်ဖို့ လိုအပ်ပါသည်။ အချို့သော မိဘများသည် သားသမီး ဝါသနာမပါသော အသက်မွေးဝမ်းကျောင်း ပညာရပ်ကို အချိန်နှင့်ငွေကြေး များစွာ ပေးအပ်ပြီး သင်ယူစေခဲ့သည်။

ပညာရပ် ပြီးဆုံးသောအခါ မူလ သင်ယူခဲ့သည့် ပညာနှင့် မသက်ဆိုင်သော အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သည်ဖြစ်ရာ မိဘ၊ သားသမီးနှင့် တိုင်းပြည်အတွက် များစွာနစ်နာသည်။ ထို့ကြောင့် မိမိနှင့် လိုက်ဖက် အကျိုးပြုရာ အလုပ်အကိုင်ကို ရည်မှန်းချက်ရှိရှိ အားထုတ်သင့်သည်။

အလုပ်အကိုင် ရွေးချယ်ရာ၌ မိမိ စရိုက် သဘာဝအားလျော်စွာ ရွေးချယ်နိုင်သည်။ သို့ရာတွင် တစ်ခါတစ်ရံ မိမိ အမှန်တကယ် ဆီလျော်သော အလုပ်ကို မသေချာ၊ မဆုံးဖြတ်နိုင်သည်လည်းရှိသည်။

စာရေးသူအနေဖြင့် စာပေဖတ်ရှုခြင်း၊ ရေးသားခြင်း ဝါသနာပါပြီး ကျောင်းဆရာတစ်ဦးဖြစ်ရန် ငယ်စဉ်က ရည်ရွယ်သော်လည်း အမှန်တကယ် ဖြစ်လာသောအခါ အင်ဂျင်နီယာ တစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်း ပြုရသည်။

ထို့ကြောင့် မိမိနှင့် အကျိုးပေးသော အလုပ်၊ အကျိုးမပေးသော အလုပ်ကို ဗေဒင်လက္ခဏာပညာ ရှုထောင့်မှ အကြံပြုတင်ပြလိုခြင်း ဖြစ်ပါသည်။

ထိုသို့ တင်ပြရာ၌ ဗေဒင်ပညာ အခြေခံ မသိရှိသူများ သိရှိနိုင်ရန်၊ ပညာရပ် အခြေခံများ မပါဝင်ဘဲ အလွယ်တကူ သိရှိနိုင်ရန် တင်ပြခြင်း ဖြစ်ပါသည်။ စာရေးသူအနေဖြင့် နှစ်ပေါင်းများစွာ ဟောပြောခဲ့သော အတွေ့အကြုံများနှင့် ပညာရပ်ကို ပေါင်းစပ်တင်ပြထားပါသည်။

မိမိ၏ မြန်မာမွေးသက္ကရာဇ်ကို (၇)ဖြင့် စားလိုက်ပါ။ အကြွင်းအလိုက် ကြည့်ရှုရန် ဖြစ်ပါသည်။

### (၁)ကြွင်းသမားများအတွက်

**အကျိုးပေးသော လုပ်ငန်းများ**

သယံဇာတတူးဖော်ခြင်း၊ သတ္တုတွင်း၊ ရေနံ၊ အပူပေးရသောလုပ်ငန်း၊ စားသောက်ကုန်၊ ပန်းပဲ၊ မွေးမြူရေး၊ ထီး၊ ဖိနပ်၊ နာရီ၊ ပြည်ပ၊ စက်မှု၊ လျှပ်စစ်၊ ဆန်စပါး၊ စားဆီ။

စက်သုံးဆီ၊ ပညာရေးဝန်ဆောင်မှု၊ မြေကွက်၊ ဟိုတယ်၊ ခရီးသွား၊ မြေပဲ၊ ဖျော်ဖြေရေး၊ အလှကုန်၊ သစ်၊ သံ၊ သွပ်၊ ဘဏ်၊ စာရင်းကိုင်၊ ပရဟိတ အဖွဲ့အစည်း၊ ထီး၊ ဖိနပ်၊ နာရီ၊ နှမ်း၊ ဆေး။

**အကျိုးမပေးသော လုပ်ငန်းများ**

ငွေတိုးပေး၊ Money Exchange၊ အိမ်၊ ရေထွက်ကုန်၊ လျှောင်ကုန်၊ ပွဲရုံ၊ အကျိုးဆောင်၊ အစိုးရအလုပ်၊ မိဘလက်ငုတ်လက်ရင်း၊ ရွှေ ရတနာ၊ ကား။

### (၂)ကြွင်းသမားများအတွက်

**အကျိုးပေးသော လုပ်ငန်းများ**

အစိုးရအလုပ်၊ မိဘလက်ငုတ်၊ အိမ်ရာတိုက်တာ၊ ရွှေ ရတနာ၊ ပွဲရုံ၊ ပွဲစား၊ စက်သုံးဆီ၊ ပြည်ပ၊ ရေနံ၊ သတ္တု၊ စားကုန်၊ ဟိုတယ်၊ ခရီးသွား၊ ဖျော်ဖြေရေး၊ အလှကုန်၊ သစ်၊ သံ၊ သွပ်၊ ထီး၊ ဖိနပ်၊ နာရီ။

**အကျိုးမပေးသော လုပ်ငန်းများ**

ဘဏ်၊ စာရင်းကိုင်၊ ပညာရေးဝန်ဆောင်မှု၊ ငွေတိုးပေး၊ လျှပ်စစ်၊ စက်၊ ဆန်၊ ဆီ၊ ဆား၊ မွေးမြူရေး၊ ကား။





www.burmeseclassic.com

www.burmeseclassic.com

မြေပဲ၊ ဆေးဝါး။

## (၃)ကြွင်းသမားများအတွက်

**အကျိုးပေးသော လုပ်ငန်းများ**

ငွေတိုးပေး၊ ပညာရေးဝန်ဆောင်မှု၊ စာရင်းကိုင်၊ စာရင်းစစ်၊ ဘဏ်၊ အိမ်ရာ၊ အစိုးရအလုပ်၊ ငွေတိုးပေး၊ ကွန်ပျူတာ၊ ယာဉ်ကား၊ သတ္တုတွင်း၊ ရေနံ၊ စက်သုံးဆီ၊ ပြည်ပ၊ မြေယာ၊ ကွန်ပျူတာ၊ ကား၊ ထီး၊ ဖိနပ်၊ နာရီ၊ ငွေတိုးပေး၊ အစိုးရအလုပ်၊ ဘဏ်၊

**အကျိုးမပေးသော လုပ်ငန်းများ**

ဟိုတယ်၊ ခရီးသွား၊ အလှကုန်၊ ဖျော်ဖြေရေး၊ ရေလုပ်ငန်း၊ ရွှေ ရတနာ၊ ပွဲရုံ၊ ပွဲစား၊ လျှော်ကုန်၊ စက်ပစ္စည်း၊ သစ်၊ သံ၊ သွပ်၊ အနုပညာ၊ စာပေ။

## (၄)ကြွင်းသမားများအတွက်

**အကျိုးပေးသော လုပ်ငန်းများ**

စက်၊ အင်ဂျင်၊ လျှပ်စစ်၊ သတ္တု၊ ရေနံ၊ စက်သုံးဆီ၊ ကွန်ပျူတာ၊ ကား၊ ငွေတိုးပေး၊ ပြည်ပ၊ အစိုးရဝန်ထမ်း၊ အိမ်ရာ၊ မိဘလက်ငုတ်၊ ဟိုတယ်၊ ခရီးသွား၊ သစ်၊ သံ၊ သွပ်၊ အနုပညာ၊ ဖျော်ဖြေရေး၊ စာပေ၊ အိုးအိမ်၊ ဆေးဝါး၊ အလှကုန်၊

**အကျိုးမပေးသော လုပ်ငန်းများ**

စက်သုံးဆီ၊ ရေနံ၊ သတ္တု၊ ရွှေ ရတနာ၊ အကျိုးဆောင်၊ ပွဲရုံ၊ ပွဲစား၊ ပညာရေးဝန်ဆောင်မှု၊ မြေယာ၊ စာရင်းကိုင်၊ ဘဏ်၊ စာရင်းစစ်၊ ရေလုပ်ငန်း၊ ထီး၊ ဖိနပ်၊ နာရီ၊ ဆီ၊ ဆန်၊ ဆား၊ ဆေးဝါး၊

## (၅)ကြွင်းသမားများအတွက်

**အကျိုးပေးသော လုပ်ငန်းများ**

အကျိုးဆောင်၊ ရွှေ ရတနာ၊ လျှော်ကုန်၊ ရေလုပ်ငန်း၊ လက်ဖက်ရည်ဆိုင်၊ ရေနံ၊ သတ္တု၊ စက်သုံးဆီ၊ ပြည်ပ၊ ထီး၊ ဖိနပ်၊ နာရီ၊ စက်ပစ္စည်း၊ ဆီ၊ ဆန်၊ ဆား၊ ဆေးဝါး၊ ကွန်ပျူတာ၊ ငွေတိုးပေး၊ ကား။

**အကျိုးမပေးသော လုပ်ငန်းများ**

အိမ်၊ ခြံ၊ မြေ၊ ပညာရေးဝန်ဆောင်မှု၊ ဘဏ်၊ စာရင်းကိုင်၊ စာရင်းစစ်၊ သစ်၊ သံ၊ သွပ်၊ ခရီးသွားလုပ်ငန်း၊ ဟိုတယ်၊ ဖျော်ဖြေရေး၊ အနုပညာ၊ အလှကုန်၊ အစိုးရအလုပ်။

## (၆)ကြွင်းသမားများအတွက်

**အကျိုးပေးသော လုပ်ငန်းများ**

ပညာရေးဝန်ဆောင်မှု၊ ဘဏ်၊ စာရင်းကိုင်၊ စာရင်းစစ်၊ အစိုးရအလုပ်၊ ရွှေ ရတနာ၊ ပွဲရုံ၊ ပွဲစား၊ လျှော်ကုန်၊ လက်ဖက်ရည်ဆိုင်၊ အိမ်၊ ခြံ၊ မြေ၊ စိုက်ပျိုးရေး၊ ဆန်၊ ဆီ၊ ဆား၊ ဆေးဝါး၊ စက်ပစ္စည်း။

**အကျိုးမပေးသော လုပ်ငန်းများ**

ကား၊ ကွန်ပျူတာ၊ ငွေတိုးပေး၊ ဟိုတယ်၊ ခရီးသွား၊ ထီး၊ ဖိနပ်၊ နာရီ၊ စက်သုံးဆီ၊ ရေနံ၊ သတ္တု၊ ပြည်ပ၊ စားသောက်ကုန်၊ အနုပညာ။

## (၇)ကြွင်းသမားများအတွက်

**အကျိုးပေးသော လုပ်ငန်းများ**

သစ်၊ သံ၊ သွပ်၊ ဟိုတယ်၊ ခရီးသွား၊ အလှကုန်၊ အနုပညာ၊ ဖျော်ဖြေရေး၊ ကွန်ပျူတာ၊ ငွေတိုးပေး၊ ပညာရေးဝန်ဆောင်မှု၊ မြေယာ၊ ရွှေ ရတနာ၊ လျှော်ကုန်၊ ပွဲရုံ၊ ပွဲစား၊ လက်ဖက်ရည်ဆိုင်။

**အကျိုးမပေးသော လုပ်ငန်းများ**

သတ္တု၊ ရေနံ၊ စက်သုံးဆီ၊ ပြည်ပ၊ အစိုးရအလုပ်၊ အိမ်၊ မိဘလက်ငုတ်၊ ဆီ၊ ဆန်၊ စပါး၊ ဆေးဝါး၊ စက်ပစ္စည်း။

ဤမျှဆိုလျှင် မိမိနှင့် အကျိုးပေးသောအလုပ်၊ အကျိုးမပေးသော အလုပ်ကို အကြမ်းမျှ ခွဲခြားနိုင်ပြီဟု ယူဆပါသည်။

ထို့အတူ မိမိနှင့် စီးပွားဖက်၍ လုပ်ကိုင်မည့်သူသည်လည်း မိမိအား အကျိုးပြုမပြု သိရှိရန် လိုအပ်ပါသည်။ တစ်နည်းအားဖြင့် **စီးပွားဖက်၊ ရှယ်ယာရှင်၊ စပ်တူလုပ်မည့်သူ** ဟု ယူဆနိုင်ပါသည်။

ထိုသူမှာ မိမိနှင့် မိသားစု မဟုတ်သူ (အဖေ၊ အမေ၊ ညီအစ်ကို၊ ဇနီး၊ ခင်ပွန်း၊ သားသမီး မဟုတ်သူ)အပြင်လူ မိတ်ဆွေများကို ဆိုလိုပါသည်။

ယင်းကဲ့သို့ အကျိုးမပေးသူနှင့် တွဲဖက်၍ စီးပွားလုပ်ကိုင်ပါက မိမိထက် စီးပွားဖက်ကသာ အစစအရာရာ သာလွန်အကျိုး ခံစားရပြီး တစ်နေ့တွင် မိမိကို ထားခဲ့မည့်သူ ဖြစ်ပါသည်။ စီးပွားဖက် မရွေးသင့်သူကိုလည်း အောက်တွင် ဖော်ပြထားပါသည်။

**စီးပွားဖက် မရွေးချယ်သင့်သူများ**

၁-ကြွင်းသမားများအတွက် တနင်္လာ
၂-ကြွင်းသမားများအတွက် အင်္ဂါ
၃-ကြွင်းသမားများအတွက် ဗုဒ္ဓဟူး
၄-ကြွင်းသမားများအတွက် ကြာသပတေး
၅-ကြွင်းသမားများအတွက် သောကြာ
၆-ကြွင်းသမားများအတွက် စနေ
၀-ကြွင်းသမားများအတွက် တနင်္ဂနွေ

အကြောင်းစပ်လျှင်း၍ ယင်းနေ့သားများကို မိမိ၏ စီးပွားဖက်သာမက အိမ်ထောင်ဖက်အဖြစ်လည်း မရွေးချယ်သင့်ပါ။ မိမိ အကျိုးကျေးဇူး မရှိသော အိမ်ထောင်ရေးမျိုး ဖြစ်တတ်ပါသည်။

ဤစာစုတွင် **စာရေးသူ နှစ်များစွာ ဟောပြောခဲ့သော အတွေ့အကြုံနှင့် ပညာရပ်မှ စုစည်းတင်ပြထားပါသဖြင့် ဆင်ခြင်စဉ်းစားနိုင်လိမ့်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။**

**ကောင်းသုခ**



www.burmeseclassic.com

www.burmeseclassic.com

# မဂ္ဂင်ရှစ်ပါး ထူးခြားအင်းတော်မြတ်

ဆရာစကြာအောင် (လူမှုထူးချွန်)

အနန္တတန်ခိုးတော် ရှင်ဗုဒ္ဓသည် သုတ် သီလက္ခန်အဋ္ဌကထာတွင် အစိန္တေယျ(၄)ပါးနှင့် ပတ်သက်၍ ဟောကြား မြွက်ဖော်ထုတ်ခဲ့ရာ၌ ကံအကြောင်းနှင့် စပ်လျဉ်းပြီး ကံ၏ အကျိုးတရားကို မကြံစည်အပ်ဟုပါ ရှိခဲ့ပါသည်။

လူတိုင်း လူတိုင်း ကံပါရမီသည် အထူးအရေးကြီးလှပါသည်။ ဘုရားဖြစ်ဖို့ရာသော်လည်းကောင်း၊ သူဌေး သူကြွယ်ဖြစ်ဖို့ရာသော် လည်းကောင်း၊ သူဆင်းရဲဖြစ်ဖို့ရာသော် လည်းကောင်း ကံပါရမီသည် အဓိကဇာတ်ဆောင် နေရာမှ ပါဝင်နေလေသည်။

ဆင်းရဲမွဲတေ ကံပါသော် အခြား အကြောင်း ထောက်ပံ့သော်လည်း ဆင်းရဲခြင်းမှ မလွတ်ကင်းနိုင်ပါချေ။

ကံပါရမီဟု ဆို၍ အဓိက အရေးကြီးသည်ဟု သတ်မှတ်ချက် ထားရာတွင် **ဖွဲ့, လုံ့, လ, ဝီရိယ, ဉာဏ်** ရှိဖို့ကလည်း လိုပါပေသည်။ ကံကိုယုံ၍ ဆူးပုံ မနင်း အပ်ပါပေ။


သို့အတွက်ကြောင့် ရှေးရှေး သူဟောင်း ဆရာမြတ်တို့က...

'ဝီရိယဉာဏ်မကူပြန် ရှေးကံမပွင့်လန်း။
ဝီရိယဉာဏ်ကူမှ,ပြန်က ရှေးကံပွင့်လန်း။
စည်းစိမ်မီးမွှားဥစ္စာ အဖြာဖြာ စံစားရလိမ့်မည်'

ဟု ဖော်ထုတ်ခဲ့ပါချေ၏။

**"ကံမရှိ ဉာဏ်ရှိတိုင်းမွဲ"**ဟူ၍ သတ်မှတ်ထားပြန်ပါပေ၏။ သို့အတွက်ကြောင့် လူတိုင်း ကံပါရမီ ထူးချွန် ကောင်းမွန်ပြီး ဖွဲ့လုံ့လဝီရိယ ဉာဏ် အားဖြင့် တွဲဖက်၍ မိမိတို့၏ လိုရာ ပန်းတိုင် လှမ်းကိုင်နိုင်ဖို့အတွက် ကြိုးစား လှုပ်ရှားရုန်းကန်ကြရပါမည်။

ယခုလအနေဖြင့် ကျွန်ုပ် စာဖတ်သူ များ လက်ဝယ်အရောက် ပေးအပ်လို



သည်မှာ တိမ်မြုပ်ပျောက်ကွယ်စ ပြု နေပြီဖြစ်သော မြန်မာရိုးရာအတတ် ဂန္ဓာရီ အဆောင် မဂ္ဂင်ရှစ်ပါး ထူးခြား အားတော်မြတ်အကြောင်းပင် ဖြစ်ပါ သည်။

လောကီပညာအင်းတို့ကို ရေးဆွဲ စီရင်ရာ၌ ရွှေ, ငွေ, ကြေး, သိမ်ဝင် သပိတ်ကွဲ, ပေဖူးပေရွက်, ခဲမဖြူပြာ, နံ့သင့်သစ်သား, မိုင်းကိုင်စက္ကူ,စက္ကူ ဖြူ,ပဝါ စသည်တို့တွင် ရေးဆွဲထား တတ်ကြပါသည်။

အာစရိယမုဋ္ဌိ,ဆရာ့လက် ဆုပ်ကိုင် ပညာရပ်၏ မှုအမျိုးမျိုးပင် ဖြစ်ပါသည်။ အင်းကောင်းလျှင် တစ်ကွက်ဆိုသော မှုအတိုင်းပင် အင်းချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများအတိုင်း လိုက်နာပြီး သစ္စာအထူးတည်ကြည်၍ သီလ လုံခြုံမြဲမြံနေစေရန် အထူး လိုအပ်လှပါသည်။

သစ္စာသီလ ပြည့်စုံထူးခြားနေစေရန် အတွက် စရဏအကျင့်တရားသည် ပိုမိုသာလွန် ကောင်းမွန်ရေးသည် ပဓာနကျနေပါသည်။

ဖော်ပြပါ အခြေခံအချက်များ ပြည့်စုံ ပြီးသကာလ ရှေးသူတော်စင် သီလဝန္တ ပုဂ္ဂိုလ်ထူးကြီးများ၏ ဩဝါဒ တစ်ချက် ကို အစီရင်ခံ တင်ပြလိုပါသည်။

**"လောက၌ အင်း, စမ, ဂါထာမန္တန် တန်ခိုးများနှင့် တစ်ဦးကိုတစ်ဦး ချစ်ခင်စေခြင်း၊ မုန်းစေခြင်း၊ လာစေခြင်း၊သွားစေခြင်းတို့သည် အဟုတ်အမှန် တည်ရှိကြပါသည်။**

**တစ်ဦး၏ အစီအရင်ကို တစ်ဦးသို့ ရောက်ရှိကြသည်မှာ မြေကြော၊ လေကြော၊ ရေကြောတို့ ဆက်သွယ်မှု ရှိခြင်း အကြောင်းများကြောင့် တစ်ဦးမှ တစ်ဦးသို့ ဆက်သွယ်ရောက်ရှိကာ ထိရောက်နိုင်ပေသည်။**

**ဓာတ်ဖိုနှင့်ဓာတ်မ၊ အမှုန်နှင့်အထေး ဖြစ်ပျောက် ထိရောက်နိုင်အောင် ကြံဆောင် အားထုတ်နိုင်လျှင် အောင်မြင်နိုင်ပေသည်။**

**မေတ္တာ အထူးစေလွှတ်ပို့ခြင်း ပင်လျှင် တစ်ဦး၏ မေတ္တာအဟုန်ကို ကျန်တစ်ဦးထံသို့ မေတ္တာတန်ခိုး စေလွှတ် ခြင်းပင် ဖြစ်ပါသည်။**

**သို့အတွက်ကြောင့်ပင် ထိုအတူ စမ, အင်း, အိုင်, ဓါးလှည့်, လက်ဖွဲ့, ဂါထာ, မန္တန် အစီအရင်များသည်လည်း စေလွှတ်ခြင်း, ညို့စေခြင်း, သွားစေတတ် ခြင်း, လာစေတတ်ခြင်း, ချစ်ခင်စေခြင်း, မုန်းစေခြင်း တို့ကို ဖြစ်စေတတ်ပါသည်"**

ဟု ဩဝါဒပြု ညွှန်ကြားသင်ပြခဲ့ပါ ချေ၏။



www.burmeseclassic.com

www.burmeseclassic.com

**အစီအရင်ဟူသမျှ အထမမြောက် မအောင်မြင်ခြင်း ကြောင်းရင်းချက် (၄)ပါးမှာ...**

(က) **စီရင်သူ၏ ဉာဏ်ဝီရိယ ညံ့ဖျင်း၍ မအောင်မြင်ခြင်း** မိမိကိုယ်ပိုင် ဉာဏ်ဖြင့် အဖန်ဖန် စိစစ်ရခြင်း၊ ပညာရှိတို့ နှင့် နှီးနှောတိုင်ပင်ခြင်း၊ စာပေကျမ်းဂန် သဘောကို စစ်ကြောဝေဖန် သုတ်သင်၍ ထက်မြက်သော ဝီရိယဖြင့် သမာဓိ စသော တရားတို့ကို ပူးပေါင်းခြင်း မရှိခြင်း၊

(ခ) **စီရင်သူ၏ အကုသိုလ်ကံကြောင့် မအောင်မြင်ခြင်း** အကုသိုလ်ကံကို ဒါနသီလ ဘာဝနာ စသော ကုသိုလ်ပြုခြင်း၊ ရတနာသုံးပါး အနန္တောငါးပါးတို့ကို ရှိခိုးပူဇော်ခြင်းမရှိခြင်း၊

(ဂ) **နတ်တို့ နှောင့်ယှက်ဖျက်ဆီးသဖြင့် မအောင်မြင်ခြင်း** နတ်တို့ကို မေတ္တာပြုခြင်း၊ ပူဇော်ပသခြင်း စသည်တို့ မရှိခြင်း၊

(ဃ) **နည်းမှန်လမ်းကျ မဟုတ်၍ မအောင်မြင်ခြင်း** ဆရာကောင်းတို့၏ နည်းမှန်လမ်းမှန်ကိုသာ လေ့လာဆည်းပူးမှု မရှိခြင်းတို့အတွက်ကြောင့်ပင် ဖြစ်ရပါသည်။


ဆက်လက်၍ မင်္ဂလာရှစ်ပါး ထူးခြားအင်းတော်မြတ်စီရင်ပုံကို တင်ပြပါမည်။

ရှေးဦးစွာ အင်္ဂါနေ့၊ စနေနေ့ ကျသော နေ့ရက်တို့တွင် ရေမိုးချိုး ကိုယ်လက်သန့်စင်ပြီးသကာလ မိမိစွမ်းနိုင်သလောက် (၅)၊ (၈)၊ (၉)၊ (၁၀)ပါး သီလဆောက်တည်ပါ။

မိမိ၏ အကျင့်စရဏသီလအားအပေါ် မူတည်အာရုံပြု၍ ဆောင်းပါးအစတွင် ဖော်ပြထားသည်။ ရွှေ၊ ငွေ၊ ကြေး၊ ခဲမဖြူ၊ စက္ကူဖြူ စသည် ပေါ်တွင် ရေးဆွဲပါလေ။

**ရေးဆွဲပုံကား...**

* * *




**စတင်ရွတ်ဆိုရန်...**

'ဥုံ အဌမဂ္ဂင်္ဂါနိ'

ဟု ဆို၍ (∧) ရေးသားလိုက်ပါ။ မကြွဘဲ တစ်ဆက်တည်းမှာပင်...

'နဝလောကုတ္တရာနိ'

ဟု ဆို၍ (၉)ဂဏန်း ရေးဆွဲပါ။ ဆက်တိုက်...

'သတ္တဗောဇ္ဈင်္ဂါနိ'

ဟု ဆို၍ (၇) ရေးဆွဲပြီး...

'တြိပိဋကတ်နိ'

(၃) ဟု ဆို၍...

'အဘိသုညစေတဘိဿတိ'

အဆုံး(○)ဖြင့် လက်ဝဲရစ် ပိတ်ချလိုက်ပါရန်။ ထို့နောက်...

> / ၃ ၄ ∧ ၇ ∧ ၆

ဂဏန်းများ ပတ်လည်ရေးသွင်းပါလေ။

* * *

| | |
|---|---|
| ဥုံ အဌမဂ္ဂင်္ဂါနိ | ၈ |
| နဝလောကုတ္တရာနိ | ၉ |
| သတ္တဗောဇ္ဈင်္ဂါနိ | ၇ |
| တြိပိဋကတ်နိ | ၃ |
| အဘိသုညစေတဘိဿတိ | ၀ |
| ၉ = ၂ + ၇ ← | ၂၇ = နယ်ကိုက်ဖြစ်ပါသည် |

အလေ့အကျင့်များပါက ဆွဲသားတတ်သွားမည်ဖြစ်ပါသည်။ ထို့နောက် ပုံဖော်ရရှိလာသည့် အင်းတော်အား အသက်သွင်းဂါထာ (၇)အုပ် ရွတ်ဆိုရန် လိုအပ်ပါမည်။

**အင်းတော် အသက်သွင်းရန် ဂါထာမှာကား...**

ဥုံ... ဖမ္မုဒီပါ ကျယ်စွာပတ်ကုံး ကျွန်းလုံးပျံ့နှံ့ စောင်မကုန်ကြသည့် ဒေဝဒေဝ နတ်တကာတို့... အရှေ့အနောက် တောင်မြောက် စကြဝဠာ စောင့်ကြပ်မလပ် မကြံမြဲ့မှုစောင့်ရှောက် အောက်နှင့် အထက်တာဝတံ အဘိစိ ရှိရှိသမျှ နတ်ဒေဝါတို့ ဘုရားအာဏာ၊ တရားအာဏာ၊ သံဃာအာဏာ မိန့်တော်မြတ်သည့် စက်အာဏာ မကြာချက်ချင်း ရောက်စေသော်ဝ်။

ရောက်လျှင်ချက်ချင်း မကျန်ကြွင်းအောင် လျှင် မြင်းသောစွာ ယခုလာ၍ တေဇာထွန်းလင်း ဝါ၏အင်းကိုဝင် ကြအသက် နတ်ရင်ငွေ့ နှင့်ပျော့ကာဖက် အသက်ချက်ချင်း ဝင်စေသော်ဝ်။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော တစ်လီဓာတ်လေးလီနှင့် မကြာချက်ချင်း တည်စေသော်ဝ်။ ငါ့အင်းရာဇာ တန်ခိုးဖြာ အာဏာ စက်ရှိန် တောက်စေသော်ဝ်။ ငါ့အင်းဂုဏ် တက် တန်ခိုးထွက် ဘဝ်အဘိစိ တောက်စေသော်ဝ်။

သိမ်ဝင်သပိတ်ကွဲတွင် ရေးထားပါက ဘေးဒုက္ခကပ်ကြီး(၃)ပါးအန္တရာယ် အမျိုးမျိုး ကင်းပျောက်ပ၏။ ရွှေပြား၊ ငွေပြား၊ ကြေးပြားပေါ်တွင် ရေးပြီး ဆောင်သော် သဗ္ဗဝီယသျှိုဂ်ခြင်း အကျိုးများ ခံစားရမည်။ ရွှေပြားတွင်



www.burmeseclassic.com

www.burmeseclassic.com

ရေးသားပါက မီးမလောင်နိုင်၊ ကာယသိဒ္ဓိကို ပေး၏။

ခဲမဖြူပေါ်တွင် ရေးသော် အကြံအစည် အောင်ခြင်း၊ တရားတဘောင် အနိုင်ရရှိခြင်း ဈေးရောင်းကုန်စွံခြင်းတို့ ရှိ၏။ ပေဖူးပေရွက်တွင် ရေးသားသော် စုန်းတိုက် နတ်တိုက် သူပြု တန်ပြန်၏။ အကျိုးများစွာ ညွှန်းဆိုထားပါ၏။ ဥာဏ်ကိုရှေ့ထား၍ ကြံကာ သုံးကြပါလေ။

မိုင်းကိုင်စက္ကူ၊ ပဝါ၊ နံ့သင့်သစ်သားမှာရေးဆွဲ ဆောင်မူ မိမိ၏ ပြည့်စုံသော သီလသမာဓိအပေါ် မူတည်၍ လူနတ်ချစ်ခင်ခြင်း၊ အမျိုး(၄)ပါးတို့ ချစ်ခင်ခြင်း၊ လုပ်ငန်းစီးပွား ကြံစည်တိုးတက်ခြင်းတို့ ခံစားရပေမည်။

စက္ကူဖြူသန့်သန့်ပေါ်တွင် ရေးပြီး ဆောင်ရန်မှာကား အင်း၏ အလယ်ကို နံ့သာဆီ (သို့မဟုတ်) ရေမွှေးဆွတ်ဖျန်းပြီး၍ ပလတ်စတစ်လောင်း ဖုံးအုပ်ထား၍ အိတ်ကပ်တွင်း အရောင်းအဝယ်ဆိုင်တွင်း ချိတ်ဆွဲထား၍လည်းကောင်း၊ ဆောင်ထားခြင်းတို့အားဖြင့် လည်းကောင်း အထက်ဖော်ပြပါ အကျိုးသွားစကားရပ်တို့သည် ထင်ရှားအကျိုးပေးကုန်အံ့။

ဆက်လက်၍ အခွင့်သာပါက မြန်မာ့ရိုးရာပညာ စစ်စစ်များ၏ သိပ္ပံနည်းကျ ဝိဇ္ဇာပညာရပ်များအကြောင်း အကျယ်တဝင့် စီစဉ်တင်ဆက်ပါဦးမည်။

***အကျင့်သိက္ခာ သမာဓိ ပညာသီလ လုံမြဲနိုင်ကြပါစေ။***

**ဆရာစကြာအောင်**
***(လှမ္မထုံးချုန်)***

## ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ

### ထိုးလိုက ရွေးချယ်ပါ ဤဂဏန်း

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေ ထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၃၇ |
| **ဖေဖော်ဝါရီလ** | ၂ |
| **ခုနှစ်** | + ၂၀၁၇ |
| | ၂၃၅၆ = ၁၆ = ၇ |

**အကြိမ်၊ လ၊ ခုနှစ်** များအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၇)ဂဏန်းရသည်။ သို့ဖြစ်၍ ၂၊ **၄၊ ၇၊** ၈၊ **၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် **၂၊ ၄၊ ၇၊ ၈** ဂဏန်းများ ဦးစားပေးပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၂...၂ | ၄...၂ | ၇...၂ | ၈...၂ |
| ၂...၄ | ၄...၄ | ၇...၄ | ၈...၄ |
| ၂...၇ | ၄...၇ | ၇...၇ | ၈...၇ |
| ၂...၈ | ၄...၈ | ၇...၈ | ၈...၈ |
| ၂...၀ | ၄...၀ | ၇...၀ | ၈...၀ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် **၂၊ ၄၊ ၇** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

"**အကြိမ်**"ဂဏန်းမပါဘဲ "**လ**"ဂဏန်းနှင့် "**နှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၂ + ၂ + ၀ + ၁ + ၇) = ၁၂ = ၃ ရသည်။ သို့ဖြစ်၍ "**၃**"ဂဏန်းကိုလည်း ပစ်ပယ်၍မရပါ။ သို့ဖြစ်၍...

**စ... ဆုံး**

| | | | | | | |
|---|---|---|---|---|---|---|
| ၂... | ၂၊ | ၃၊ | ၄၊ | ၇၊ | ၈၊ | ၀ |
| ၄... | ၄၊ | ၇၊ | ၈၊ | ၀၊ | ၂၊ | ၃ |
| ၇... | ၇၊ | ၈၊ | ၀၊ | ၂၊ | ၃၊ | ၄ |
| ၈... | ၈၊ | ၀၊ | ၂၊ | ၃၊ | ၄၊ | ၇ |

ဤလတွင် **အင်္ဂါနှင့်စနေသားသမီးများ** ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့ဒေသရှိ ရှေးဟောင်းဘုရားတစ်ဆူ၏ ညောင်ပင်အောက်တွင် သန့်ရှင်းရေး ပြုလုပ်ပြီး မိမိမွေးနံအရပ်ထောင့်တွင် ဂဏ်တော်(၉)ပါးကို (၁၀၈)လုံး ပုတီးကုံးဖြင့် မိမိ သက်စေ့ ရွတ်ပွားပူဇော်ပေးပါ။ (၃)ရက်တိတိ အဓိဋ္ဌာန်ဆောင်ရွက်ပါ။ အဓိဋ္ဌာန်ပြီး၍ ဘုရားကို လက်ယာရစ် (၃)ပတ် ပတ်ပြီး သတ္တဝါများအား မေတ္တာပို့ အမျှဝေပေးပါ။

အထက်ပါအဓိဋ္ဌာန် အောင်မြင်ပြီးပါက မိမိအိမ်အနီးရှိ စာသင်တိုက်များတွင် ဆီ၊ ဆန်၊ ဆေး၊ ဆားများ တတ်နိုင်သမျှ လှူဒါန်းပြီးမှ ထီကံစမ်းကြရန် ဖြစ်ပါသည်။

အထူးဂဏန်း

**✦၂၄၇၈၀၃ ✦၇၄၂၂၈၄ ✦၃၇၄၂၈၀**

***ထီကံ ပွင့်ပါစေ။***

**ဆရာရဲထက်(သုတေသီ)**

### စာမျက်နှာ (၁၅၈)မှ အဆက်

**န** =အနုတ္တရောပုရိသဒမ္မသာရထိ
**သ** =သတ္ထာဒေဝမနုဿာနံ
**ဗု** =ဗုဒ္ဓေါ
**ဘ** =ဘဂဝါ

ဤဗုဒ္ဓစက်မှာ လွန်စွာ အကျိုးပေး ထင်ရှားထက်မြက်လှ၏။ ရန်အန္တရာယ် အကာကွယ်ကောင်းလှ၏။

ဤနည်းဖြင့် အားထုတ်ကျင့်ကြံနေသူများကို ရန်ပြုရန် ကြံစည်ကြိုးစားကြသူများမှာ မိမိကိုယ်တိုင်သာလျှင် ဘေးဒဏ်သင့်ရောက် ပျက်စီးတတ်သည်ဟု ဆရာတော်ကြီးများ အမိန့်ရှိသည်ကို နာခံမှတ်သားခဲ့ရပါ သည်။

*** ***(ဖယား-၂)***

ထို့ကြောင့် ဤနည်းဖြင့် ဂုဏ်တော်ပွားများပြီး သမာဓိ ဘာဝနာ ထူထောင်ကြသော ပုဂ္ဂိုလ်များကလည်း မိမိ မလိုမုန်းထားအပ်သော သူတစ်ပါးတို့ ပျက်ဆီးစေရန်၊ ဘေးဒဏ်သင့်စေရန်၊ ထိခိုက်သေကျေစေရန် စသည့် မကောင်းယုတ်မာသော စိတ်မျိုးဖြင့် အားမထုတ်မိစေရန် အထူးဂရုပြုရန် လိုအပ်ပါသည်။ ဤစိတ်မျိုး ဝင်လာလျှင်ဖြင့် သမာဓိလည်း ပျက်ပြီး အကုသိုလ် ဝင်နေပြီဟု သတိမူရမှာ လည်းဖြစ်ပါသည်။

***ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ***

**ဦးခင်မောင်သန်း**

ကျမ်းကိုး

**မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဇိန်မပါင်ဝိတက္ကသိုလ် ပရိယတ္တိစာသင်တိုက်နှင့် ဗုဒ္ဓသာသန သိပ္ပံကျောင်းတိုက်ကြီးတို့၏ ပဓာနသံဃာရိယဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုရိယာဘိဝံသ (သ-အ၊ ဓမ္မာစရိယ၊ B.A)မဟာထေရ်မြတ် ရေးသားပြုစုစီရင်အပ်သော ဂုဏ်တော်ပွားနည်းနှီးသာရည်ကျမ်း။**



www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်တော်(၉)ပါး

## အနုလုံ–ပဋိလုံ

# ဗဒ္ဓစက်စီပုံနည်း

ဦးအောင်မောင်သန်း



ဂုဏ်တော်ကိုးပါး ပုတီးစိပ်နည်းများသည်လည်း တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသည့် စကားပမာအတိုင်းပင် အာစရိယဝါဒအရ ကွဲပြားလျက် ရှိပေသည်။

မည်သို့ပင် မတူခြားနား ကွဲပြားသော်ငြားလည်း အနှစ်ချုပ်လိုက်ရင်တော့ ဘုရားရှင်၏ ဂုဏ်တော်များကို အဖန်ဖန်တလဲလဲ အောက်မေ့ခြင်းဆိုသည့် သတိတရားသာ ဖြစ်ပါသည်။

ယခုလည်း **ကျေးဖူးရှင်ကိုင်းကုန်းဆရာတော်ကြီး၏နည်း** ဖြစ်ပါသည်။

ဤဂုဏ်တော်ကိုးပါး အနုလုံဗဒ္ဓစက်နည်းကို **ဦးဝိစိတ္တာစာရ(ဓမ္မာစရိယ)**ထံမှ ရရှိခဲ့ခြင်းဖြစ်သည်။

အနုလုံသက်သက်ဖြစ်စေ၊ ပဋိလုံသက်သက်ဖြစ်စေ၊ အနုလုံ–ပဋိလုံ (၂)မျိုးစလုံးကိုဖြစ်စေ နှစ်သက်သလို ပွားများအားထုတ်နိုင်ပါသည်။

ဤနည်းတွင် ဂုဏ်တော်တစ်ပါးကို မူတည်ပြီး ကြွင်းကျန်သော ဂုဏ်တော်များကို တစ်ပါးစီ၊ တစ်ပါးစီ မူလီသွတ်၍ ပွားရပါသည်။

ဤနည်းနှင့် မူအဖြစ် တိုင်ထားသော ဂုဏ်တော်များကို ချန်မထားခဲ့ဘဲ နောက်နောင် အဆင့်တို့၌ မူလီအဖြစ် ထည့်သွင်းစီးဖြန်းရ၍ ဂုဏ်တော်စက်ဝိုင်း မကျိုးမပြတ် ဆက်စပ်မိ၏။ ထို့ကြောင့် ဗဒ္ဓစက်ဟု ခေါ်သည်။ [**ဗဒ္ဓ**=မကျိုးမပြတ် ဆက်စပ်မိသော+**စက်**=စက်ဝိုင်း]

* * * *(ဇယား–၁)*

**အ** =အရဟံ

**သံ** =သမ္မာသမ္ဗုဒ္ဓေါ

**ဝိ** =ဝိဇ္ဇာစရဏသမ္ပန္နော

**သု** =သုဂတော

**လော**=လောကဝိဒူ

*(ဇယား–၁)* ဂုဏ်တော်ကိုးပါး အနုလုံဗဒ္ဓစက်

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အ | သံ | ဝိ | သု | လော | နု | သ | ပု | ဘ |
| သံ | ဝိ | သု | လော | နု | သ | ပု | ဘ | အ |
| ဝိ | သု | လော | နု | သ | ပု | ဘ | အ | သံ |
| သု | လော | နု | သ | ပု | ဘ | အ | သံ | ဝိ |
| လော | နု | သ | ပု | ဘ | အ | သံ | ဝိ | သု |
| နု | သ | ပု | ဘ | အ | သံ | ဝိ | သု | လော |
| သ | ပု | ဘ | အ | သံ | ဝိ | သု | လော | နု |
| ပု | ဘ | အ | သံ | ဝိ | သု | လော | နု | သ |
| ဘ | အ | သံ | ဝိ | သု | လော | နု | သ | ပု |

*(ဇယား–၂)* ဂုဏ်တော်ကိုးပါး ပဋိလုံဗဒ္ဓစက်

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဘ | ပု | သ | နု | လော | သု | ဝိ | သံ | အ |
| ပု | သ | နု | လော | သု | ဝိ | သံ | အ | ဘ |
| သ | နု | လော | သု | ဝိ | သံ | အ | ဘ | ပု |
| နု | လော | သု | ဝိ | သံ | အ | ဘ | ပု | သ |
| လော | သု | ဝိ | သံ | အ | ဘ | ပု | သ | နု |
| သု | ဝိ | သံ | အ | ဘ | ပု | သ | နု | လော |
| ဝိ | သံ | အ | ဘ | ပု | သ | နု | လော | သု |
| သံ | အ | ဘ | ပု | သ | နု | လော | သု | ဝိ |
| အ | ဘ | ပု | သ | နု | လော | သု | ဝိ | သံ |

(စာမျက်နှာ (၁၅၇) သို့)



www.burmeseclassic.com

www.burmeseclassic.com

(၁၂)လရာသီ နက္ခတ်စာတစ်စ

# နတ်တော်လ

## ဓနုရာသီ (Sagittarius)



# နက္ခတ်စာတစ်စ

ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ

ဆရာ မင်းချစ်သော





"နတ်တော်,ပြာသို ကျွဲချိုဖျား တောင် အေးတဲ့လရာသီ"ဟု အဆိုရှိခဲ့သည့် ဆောင်းဥတုရာသီ၏ အမြင့်ဆုံး ရတုသန္ဓိကာလသက် အရင့်ဆုံး အချိန်ခါသမယ ဖြစ်ပါသည်။

ဒါကြောင့်မို့ ဩကာသ သတ္တလောကကြီးထဲမှာ မိုးတင်းနေထိုင်ကြကုန်သော သက်ရှိသတ္တဝါတို့၏ ရုပ်ခန္ဓာအိမ်မှာ မူလ ဓနုရာသီအိမ်၏ သဘာဝ တေဇောဓာတ်က ခန္ဓာကိုယ်ထဲမှာ အခိုးလုံပြီး...

အပြင်ရာသီဥတု၏ အအေးဓာတ် ပတ်ဖွဲ့မှုအားကြီးမှုကြောင့် တေဇောဓာတ်ငုပ်ပြီး ခန္ဓာကိုယ်၏ အာကာသထွက်ပေါက်များဖြစ်သည့် ပါးစပ်, နှုတ်ခမ်း,လည်ချောင်းတို့တွင် အပူမှုတ်၍ နှုတ်ခမ်းကွဲ၊ လျှာအပူကန်၍ နာကျင်ခြင်း၊ ခြေဖဝါး,ခြေဖနောင့်တို့မှာ ဖနောင့်ကွဲ၊ ဖဝါးနာ၊ အသားအရေခွံကွာခြင်းတို့ အဖြစ်များသလို...

အအေးမိ၊ နှာစေး၊ ချောင်းဆိုး၊ အဆုတ်ပွရောဂါ၊ လေငန်း၊ လေဖြန်း၊ ပါးရွဲ့၊ မေးရွဲ့ရောဂါများ အဖြစ်များတတ်ပါသည်။

ဒို့အပြင် ကိုယ်တွင်းတေဇောဓာတ်၊ အခိုးပိတ်ငုပ်နေချိန်မှာ အရက်သေစာစသည့် အပူတေဇောလွန်စာ ယမကာများကို ထပ်ဆင့် သောက်သုံးမှုများသူတို့တွင် ခန္ဓာကိုယ်တွင်း အပူတေဇောဓာတ် ထပ်ဆင့် များပြားလွန်ကဲခြင်းများပါသည်။

ဒါကြောင့် ကိုယ်တွင်း ပူပြင်းနေ၍ ဗဟိဒ္ဓအအေးပတ်ဖွဲ့မှုကို သတိမပြုမိဘဲ အရက်သေစာ သောက်စားပြီး အဲကွန်း,ပန်ကာလေအေး ခံခြင်း၊ အကျီကိုယ်ချွတ်နှင့် အိပ်စက်ခြင်းစသည်တို့ကြောင့် နတ်တော်၊ ပြာသိုလလိုမျိုး ဆောင်းရာသီမှာ **လေဖြန်း၊ လေဖြတ် ရောဂါများ** အဖြစ်များတတ်ဆုံး လရာသီဆိုလျှင်လည်း မမှားပါ။

ဒါကြောင့် ဓနုရာသီ နတ်တော်လ အခါသမယတွင် ခန္ဓာကိုယ်တွင်းရှိ မူလကိုယ်တွင်းအပူငွေ့ တေဇောဓာတ်ကို လွန်ယုတ်လွဲမှား၍ တေဇောဓာတ် အခြေမပျက်အောင် နေထိုင်စားသောက်တတ်ရန် အလွန်လိုအပ်ပါသည်။

ထို့ကြောင့် ရှေးပညာရှင်ကြီးများက **"ဆောင်းမှာ လွဲခဲ့သမျှ...နွေကျရင် ကွဲရလေသည်"**ဟု ဆိုစမှတ်ပြုခဲ့ပါသည်။

---

### ရှောင်ကြဉ်ရမည့် အစားအစာများ

---

ပူလွန်း၊ အေးလွန်း၊ ဖန်ချုပ်လွန်းသော တစ်ဖက်လွန် အစာများကို ရှောင်ကြဉ်ပါ။ မြေအောင်းသား၊ မီးမြှိုက်သား၊ ဝက်သား၊

ဘဲသား၊ ကျွဲသား၊ စစ္စလီသား၊ ရေကြက်သား၊ ပုစွန်ချဉ်၊ ငါးချဉ်၊ လိပ်ဥ၊ လိပ်သား၊ ကျွဲနို့၊ ပီလော်ပီနံ့ဥ၊ ဒံပေါက်ထမင်း၊ အုန်းထမင်း၊ ဖရဲသီး၊ အင်ဥ၊ ပိန်းဥ၊ ဆူးပုပ်ရွက် စသည်တို့ကို ရှောင်ကြဉ်ရပါမည်။

---

### ကျန်းမာရေးအတွက် အကျိုးပြု

---

### ဆေးဖက်ဝင်သည့် အစားအစာများ

---

### အသီးအရွက်

---

ရဲယိုရွက်၊ ရွှေနွယ်ရိုး၊ ကြိတ်မှန်၊ လဲလူရွက်၊ ကြက်သဟင်းရွက်၊ ကြာဟင်းရွက်၊ ကနဖော့၊ ဂုံခါးရွက်၊ ခွေးတောက်ရွက်နု၊ ချင်း၊ ပတဲကော၊ ဆိတ်ဖူးဥ၊ ရုံးပတီသီး၊ ခရမ်းသီး၊ ခရမ်းကစော့သီး၊ ပင်စိမ်း၊



www.burmeseclassic.com

www.burmeseclassic.com

ပျဉ်းတော်သိမ်ရွက်၊ ဂုံမင်း၊ ဖရဲစ်ရိုး၊ စပါးလင်မွှေး၊ ပဲကြီး၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲရာဇာ၊ ညောင်ချဉ်ဖူး၊ စပါးဥ(ရေပြောင်း)၊ ကန်စွန်းရိုးနီ၊ ဆလတ်ရွက်၊

မုန်ညင်းစိမ်း၊ ပန်းမုန်လာ၊ ကြက်ခြမ်းသီး၊ ဒန့်သလွန်ရွက်၊ အသီး၊ မြင်းခွာရွက်၊ ကင်ပွန်းချဉ်ရွက်၊ ခံတက်ချဉ် စသည်တို့ကို စားသုံးပေးနိုင်ပါသည်။

---

အသား၊ ငါး

---

ဆိတ်သား၊ သိုးသား၊ နွားသား၊ ချေ(ဂျီ)သား၊ ဆတ်သား၊ ငုံး၊ ခါ၊ တောကြက်၊ ရစ်သား၊ ကြက်သား၊ ငါးမြင်း၊ ငါးတန်၊ ငါးဘတ်၊ ငါးရံ့၊ ငါးခူ၊ ငါးရှဉ့်၊ ငါးဖယ်၊ ငါးဘဲဖြူ၊ ငါးခုံးမ၊

ပုစွန်တုပ်၊ ပုစွန်ကျော၊ အမဲခြောက်၊ ဆတ်သားခြောက်၊ ယုန်သား၊ ကဏန်းပျော့၊ ငါးရံ့ခြောက်၊ ကကူရံခြောက်၊ ကသပေါင်းခြောက် စသည်တို့ကို စားသုံးနိုင်ပါသည်။

---

အချဉ်သီး

---

မန်ကျည်းရွက်၊ မန်ကျည်းသီးအနု၊ မန်ကျည်းမှည့်၊ ရှောက်သီး၊ သံပရာသီး၊ ဇင်ပြွန်းသီး၊ ဝှေးချဉ်သီး၊ ဆီးဖြူသီး၊ သစ်တိုသီး၊ မရန်းပြားခြောက်၊ မရန်းသီး၊

သရက်သီးခြောက်၊ ဗီနီကာအချဉ်၊ ဆီးသီးအချဉ် စသည်တို့ကို အသုပ် ဟင်းပွဲတို့တွင် ထည့်သွင်းသုံးဆောင်ပေးနိုင်ပါသည်။

---

အထူးသဖြင့်...

---

ဤမေနုရာသီ နတ်တော်လတွင် အအေးမိ၊ အအေးပတ်ဖွဲ့၍ဖြစ်သော နှာစေး၊ ချောင်းဆိုး၊ အသံဝင်၊ မျက်ရိုးကိုက်၊ ခေါင်းအုံ၊ ဇက်လေး၊ အဆစ်အမျက် ကိုက်ခဲလေးလံခြင်းတို့ အတွက်...

ချင်းပါးပါးလှီး(၁)ကျပ်သား လေးညှင်း(၇)ပွင့်၊ ထန်းဖိုဦးထန်းလျက်(၇)ခဲတို့ကို ရေ(၁)လီတာနှင့် ထက်ဝက်ခန့်ကျိုချက်ပြီး ဆေးရည်ခပ်နွေးနွေး အကြမ်းပန်းကန် (၁)လုံး တစ်နေ့(၂)ကြိမ် သောက်ပေးပါက သက်သာပျောက်ကင်းစေသည့် ရာသီကိုင် ဆေးရည် ဖြစ်ပါသည်။

**"မေးရွဲ့ ပါးရွဲ့ လေဖြန်းခြင်း"** မဖြစ်စေရန် **ဦးခေါင်းနှင့် နားရွက်(၂)ဖက်ကို နွေးထွေးစွာ ထားပါ။ [ခရီးသွား ကားစီးသည့်အခါ လေအေး မပီစေရန် အထူးအရေးကြီးပါသည်။]**

နံနက်အိပ်ရာထ မျက်နှာသစ်သည့်အခါ ရေနွေးဖြင့် မဖြစ်မနေ မျက်နှာသစ်ပေးပါက ကာကွယ်မှု ပေးစေပါသည်။

---

မေနုရာသီ နတ်တော်လ

မိသားစု ကျန်းမာရေး

ထမင်းပွဲအတွက် ဆေးဖက်ဝင်

ဓာတ်စာ ဟင်းစပ်အတွဲများ

[(၇)ရက်(၁)ပတ်စာ ဟင်းပွဲများ]

---

**၁။ အမဲသား [ချင်း၊ မဆလာ၊ စပါးလင်မွှေး(ရနံ့စုံ)နှပ်]**

▲ ကြက်ရိုး၊ ခွေးတောက်ရွက် ဟင်းချို၊

▲ ညောင်ချဉ်ဖူးသုပ်၊

▲ အညာငရုတ်သီးဆားထောင်း၊

**၂။ ဆတ်သားခြောက်၊ ဆီဆမ်း၊ သံပရာရည်ဖျန်းသုပ်**

▲ ချဉ်ပေါင်ငါးရံ့အချဉ်ဟင်း၊

▲ ပေါက်ပန်းဖြူရွက်ကြော်ချက်၊

▲ ရခိုင်ငါးပိထောင်းစပ်စပ်၊

**၃။ ငါးတန်သပြူသီးအချဉ်ဆီပြန်ချက်**

▲ သခွားသီးပင်စိမ်းသုပ်၊

▲ ခံတက်ချဉ်၊ ငါးပိရည်တို့စရာစုံ၊

▲ ငါးကလေးခြောက်ကြော်၊

**၄။ ကြက်သားဘူးသီး ကာလသားချက်၊**

▲ မြင်းခွာရွက်သုပ်၊

▲ ငါးရံ့ခြောက်ဖုတ်ဆီဆမ်း၊

▲ မြိတ်ငါးပိသုပ်၊

**၅။ ငါးကျည်းခြောက် ကင်ပွန်းချဉ်ချဉ်စပ်ကြော်**

▲ ပဲနီလေးဟင်းချို၊

▲ ဉာဏ်ပွင့်အချဉ်သုပ်၊

▲ ပဲပုပ်ထောင်း၊

**၆။ ယုန်သား (သို့မဟုတ်) ငုံးသားထောင်းကြော်**

▲ သမုန်းပွင့်သုပ်၊

▲ မန်ကျည်းရွက်ဟင်းချို၊

▲ အညာခရမ်းချဉ်သီးငါးပိချက်၊

**၇။ ငါးရှဉ့်၊ ဝှေးသီးဆီပြန်ချက်**

▲ ကန်စွန်းရိုးနီ ငါးခေါင်းချဉ်ရည်ဟင်း၊

▲ ဆီးဖြူသီးပုစွန်သုပ်၊

▲ ဗာလချောင်ကြော်၊

---

အချိုပွဲအနေဖြင့်

---

အုန်းနို့မုန့်ဆမ်းထပ်၊ အုန်းစိမ်းကျောက်ကျော၊ နဂါးမောက်သီး၊ ပန်းသီး၊ သစ်တော်သီး၊ တည်သီး၊ ထမနဲ၊ သာကူပြင်၊ ရွှေကြည်မုန့် စသည်တို့ကို ဆေးဖက်ဝင်ဓာတ်စာအဖြစ် စားသုံးပေးနိုင်ပါသည်။

ယခု တင်ပြခဲ့သည့် (၇)ရက် (၁)ပတ်စာ ဟင်းစပ်အတွဲများသည် မေနုရာသီ နတ်တော်လအတွက် အထူးသင့်တော်သော ဆေးဖက်ဝင် ကျန်းမာရေးအကျိုးပြု **"နက္ခတ်ဓာတ်စာဟင်းလျာ"**များ ဖြစ်ပါသည်။

**ဆရာ မင်းချမ်းသာ**



www.burmeseclassic.com

www.burmeseclassic.com

လက္ခဏာပညာနှင့်

# လူနေမှုအဆင့်အတန်း

သရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ


အသက်ငါးဆယ်ကျော် အမျိုးသား တစ်ဦးရဲ့ ဘယ်/ညာလက်ဖဝါးပြင်ကို ပုံနှိပ်ယူပြီး ဖော်ပြပေးထားပါတယ်။ လက္ခဏာပညာ ဝါသနာရှင် ပရိသတ်များ သေချာကြည့်ရှု လေ့လာစစ်ဆေး ကြည့်ကြပါ။

ဘယ်လက်နဲ့ ညာလက်မှာ တူညီတဲ့ အမှတ်အသား သင်္ကေတအချို့ကို အရင်ဆုံးကြည့်ကြမယ်။




လက်ညှိုးလက်ချောင်းနဲ့ လက်ခလယ်လက်ချောင်းရဲ့ကြား စနေဂြိုဟ်ခုံနဲ့ ပိုနီးတဲ့နေရာ လက်ချောင်းရင်းမှာ **ကံလမ်းကြောင်း ထိပ်ဖျားဟာ သန်လျက်ပုံ မင်္ဂလာအခြံအရံမျိုးနဲ့** အဆုံးသတ်ထင်ရှားနေတယ်။ **"က" အက္ခရာ**


* * *




အဲဒီသင်္ကေတကြောင့် ဒီလက္ခဏာရှင်ဟာ ရာထူးဩဇာရှိသူ၊ ရာထူးဩဇာ မြင့်မားသူ ဖြစ်မယ်။

ဘယ်/ညာ လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံပေါ်မှာ လက်သူကြွယ်ရင်းရောက်လောက်အောင် ထင်ရှားပေါ်လွင်စွာထောင်တက်နေတဲ့ **အောင်မြင်ရေးလမ်းရှိတယ်။ အဲဒီ အောင်မြင်ရေးလမ်းဟာ အဖျက်သင်္ကေတတွေ ကင်းတယ်။ "ခ" အက္ခရာ။**

* * * ⟶





ဒီသင်္ကေတကြောင့် ဒီလက္ခဏာရှင်ဟာ



www.burmeseclassic.com

www.burmeseclassic.com





နာမည်ဂုဏ်သတင်း ထင်ရှားကျော်ကြားသူ၊ အလုပ်အကိုင်မှာ အောင်မြင်တိုးတက်နေသူ၊ စီးပွားဥစ္စာချမ်းသာကြွယ်ဝသူ၊ ဝင်ငွေကောင်းသူဖြစ်မယ်။

ဘယ်/ညာ လက်သန်းအောက် **ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ ဗုဒ္ဓဟူးထီးရိုး ထင်ရှားစွာရှိနေတယ်။** အဖျက်လမ်းရှိတယ်။ **“ဂ”အကွက်ရာ**

* * * ⟶


ဒီသင်္ကေတကြောင့် ဒီလက္ခဏာရှင်ဟာ စီးပွားရေးဆက်ဆံမှု ကျွမ်းကျင်သူအတွက် အချက်ဉာဏ်လျင်သူ၊ အရောင်းအဝယ်ကျွမ်းကျင်သူ ဖြစ်မယ်။ လူပေါ်လူဇော်လုပ်နိုင်သူလို့ သတ်မှတ်ရမယ်။

ဘယ်/ညာ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံမှာ **ကြက်ခြေရည်မှန်းချက်လမ်း၊ စတုဂံကွက်စတဲ့ မင်္ဂလာအခြံအရံ သင်္ကေတတွေ** ဆက်စပ်ရှိနေတယ်၊ ထင်ရှားနက်ရှိုင်း




အားကောင်းတယ်။ **“ဃ”အကွက်ရာ**


* * *




ဒီမင်္ဂလာအခြံအရံ သင်္ကေတတွေကြောင့် ရည်မှန်းချက်မြင့်မားခြင်း၊ ဉာဏ်ရည်မြင့်မားခြင်း၊ စီမံအုပ်ချုပ်မှုစွမ်းရည် မြင့်မားခြင်း၊ အကြီးအမှူး ဦးစီးခေါင်းဆောင်ဖြစ်ခြင်း၊ ပိုင်ရှင်ဖြစ်ခြင်း၊ သရာသမားဖြစ်ခြင်း၊ ဇနီးကောင်းရှိခြင်းတွေ ဖြစ်ရမယ်။

ဘယ်/ညာ အသက်လမ်းကြောင်းပေါ်က ထောင်တက်နေတဲ့ **တိုးတက်မှုလမ်း၊ ရတနာဘဏ်သင်္ကေတမျိုး**တွေ ရှိတယ်။ **“င”အကွက်ရာ**

* * *






www.burmeseclassic.com

www.burmeseclassic.com


ဒီသင်္ကေတတွေကြောင့် လက္ခဏာရှင်ဟာ အလုပ်အကိုင်၊ စီးပွားရေး အောင်မြင်တိုးတက်မှုတွေ အကြိမ်ကြိမ် ရရှိမယ်။ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားမှုတွေ အကြိမ်ကြိမ်ရရှိမယ်။

ဘဏ်မှာ ငွေကြေးဥစ္စာများစွာ အပ်နှံပိုင်ဆိုင်လုပ်ကိုင်နေရသူ ဖြစ်မယ်။

ဘယ်/ညာ လက်ဖဝါးပြင်မှာ ကံလမ်းကြောင်းတွေ၊ တနင်္လာဂြိုဟ်ခုံပေါ်က စထွက်တယ်။

အသက်လမ်းကြောင်း အောက်ခြေကထွက်တဲ့ ပြည်ပခရီးလမ်းတွေလဲ ရှိတယ်။ **"စ"အက္ခရာနဲ့ "ဆ" အက္ခရာ။**

* * *




ဒီသင်္ကေတတွေကြောင့် ပြည်ပနိုင်ငံခြားနဲ့ စပ်တူဖက်စပ် လုပ်ကိုင်ရတဲ့လုပ်ငန်းတွေ၊ ပြည်ပခရီးသွားလာမှုတွေ အကျိုးပေးမယ်။

ပြည်ပနိုင်ငံရပ်ခြားနဲ့ နိုင်ငံခြားသားတွေနဲ့ အကျိုးတူ ပေါင်းစပ်လုပ်ကိုင်ရသူ ဖြစ်မယ်။


အသက်လမ်းကြောင်း အောက်ခြေမှာ **ငါးကြင်းမြီး မင်္ဂလာအမြီးအရံ သင်္ကေတ ကြီးမားကောင်းမွန်စွာ ရှိတယ်။ "ဇ"အက္ခရာ**

* * * ⟶

ဒီသင်္ကေတကြောင့် မြို့ကြီးပြကြီးမှာ အခြေချနေထိုင်ရခြင်း၊ လုပ်ငန်းကြီးများကို ဦးဆောင်လုပ်ကိုင်ရခြင်း၊ ကျန်းမာအသက်ရှည်ခြင်း၊ အိုဇာတာကောင်းခြင်းတွေ ဖြစ်စေနိုင်တယ်။

ဘယ်/ညာ လက်မရင်း **သောကြာဂြိုဟ်ခုံဖောင်းကြွပြီး၊ ဒေါင်လိုက်မျဉ်းတွေ များစွာ ရှိတယ်။ "ဈ" အက္ခရာ**

* * *





ဒီသင်္ကေတကြောင့် အိမ်မှာ သားသမီးဆွေမျိုး၊ အိမ်ဖော်မိသားစု အခြွေအရံများစွာနဲ့ နေထိုင်ရလိမ့်မယ်။

လက္ခဏာပညာအရ သုံးသပ်ရရင် **ဒီလက္ခဏာရှင်ဟာ လူနေမှုအဆင့်အတန်း အလွန်မြင့်မားသူ၊ လုပ်ငန်းရှင် သူဌေး သူကြွယ်ဖြစ်မယ်လို့** တစ်ထစ်ချ ဟောပြောရပါမယ်။

**မှတ်ချက်။ ။** ယင်းလက္ခဏာရှင်အမျိုးသားမှာ ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်ကြောင်း သိရပါသည်။

***လက္ခဏာပညာသုတ***
***တိုးပွားကြပါစေ...။***

**ဆရာကြီးဦးအောင်မြိုင်** *(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာ သုတေသီ**




**စာမျက်နှာ (၁၆၅)မှ အဆက်**

(၃၀)ခန့်ဆံ့မည့် စပါးနှမ်းထည့်သည့် အိတ် အရွယ်အစားရှိသော ပလတ်စတစ် အကြည်အိတ်များ ဖြစ်သည်။

**မည်သည့် အိတ်အမျိုးအစားနှင့် ထည့်သည်ဖြစ်စေ လေလုံပုံးနှင့် နေရောင်ခြည်မကျရောက်သော နေရာတွင် ထားရှိမှသာ အကြာ အသုံးပြုနိုင်သည်။**

၎င်းမှိုများကို လေး,ငါးလအကြာတွင် ဖော်ယူ စားသုံးနိုင်ပါသည်။ မှိုအခေါင်းပွနှင့် အခေါင်းပိတ် နှစ်မျိုး ရှိသည့်အနက် **မှိုအလုံးလိုက် အချဉ်ထည့်ရာတွင် မှိုအခေါင်းပိတ်ကိုသာ ကြာရှည် အထားခံပါသည်။**

သို့ရာတွင် စားသုံးရာ၌မူကား **မှိုအခေါင်းပွက နူးနူးညံ့ညံ့ရှိသည်။** အလုပ်အကိုင် အထားအသို သပ်ရပ်ကောင်းမွန်ပါက **နှစ်ပတ်လည်သည် အထိ မှိုချဉ်များ လုပနေပါလိမ့်မည်။** ၎င်းနည်းဖြင့် မှိုချဉ်များကို စီးပွားဖြစ် ပြုလုပ် ရရှိနိုင်ပါသည်။

တောင်သူများ ကောက်ရိတ်၊ စပါးနယ်၊ အနှောင်းထွန်စသည်ဖြင့် အလုပ်ရှုပ်လှသည့် နတ်တော်၊ ပြာသိုလများသို့ရောက်လျှင် မိုးဦးက ထည့်ထားသည့် မှိုချဉ်အိုးများ၊ အိတ်များကို ဖွင့်ဖောက်၍ အဆင်သင့် ချက်ပြုတ်စားနိုင်သဖြင့် ဟင်းအတွက် ကသိလင်တ မဖြစ်ရတော့ပေ။

တချို့က မှိုချဉ်စားလျှင် မူးတတ်သည်။ ထိုသို့ မူးတတ်သူများအနေဖြင့် အန္တရာယ် ကင်းစေရန် **မှိုချဉ်ကို တစ်ပွက်ဆူ ဖြောပစ်ပြီးမှသာ ချက်ပြုတ်စားသင့်ပါသည်။**

၎င်းသို့အားဖြင့် **ဖဲမြို့နယ်မှ အိမ်ရှင်မတို့၏ မှိုဟင်းလျာများနှင့် မှိုချဉ်ပြုလုပ်နည်းများကို** စုစည်းရေးသား ဖော်ပြလိုက်ရပါသည်။

**သောင်းဟန်(ဗိုလ်ကုန်း)**



www.burmeseclassic.com

www.burmeseclassic.com

## ငဖဲမြို့နယ်မှ အိမ်ရှင်မတို့၏ မျှစ်ဟင်းလျာများနှင့်

# မျှစ်ချဉ်ပြုလုပ်နည်း

သောင်းဟန်
(မိုလ်ကုန်း)

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာဟင်းလျာများထဲတွင် တောရောမြို့ပါ လူတိုင်းနှစ်သက်စွာ စားသုံးလေ့ ရှိကြသော ဟင်းလျာတစ်မျိုးမှာ မျှစ်ချဉ်ဟင်းလျာ ဖြစ်ပါသည်။ အများအားဖြင့် မျှစ်ချဉ်ကို ဝက်သား၊ ငါးတို့နှင့် ဆီပြန်ချက်စားလေ့ ရှိကြသည်။

မီးဖိုဆောင်အတွင်း၌ မျှစ်ချဉ်ဟင်းနံ့ သင်းသင်းလေး လွင့်ပျံ့လာပါက ထမင်း ပိုဆာလာတတ်သဖြင့် ကိုယ့်သွားရည် ကိုယ်ပြန်မျိုချရသည့်အထိ ဖြစ်ကြရသည်။

မျှစ်ချဉ်ဟု ဆိုလိုက်သည်နှင့် နေပြည်တော် ပျဉ်းမနားမြို့ကို သတိရမိပါသည်။ မြန်မာပြည်၏ နာမည်ကြီး မျှစ်ချဉ်ထွက်ရှိရာ နေပြည်တော် ပျဉ်းမနားမြို့သို့ ကိုယ်တိုင်ကိုယ်ကျ မသွားရောက်ဖူး၊ နေပြည်တော် ပျဉ်းမနား မျှဉ်ချဉ်ကို မစားဖူးကြသော်လည်း မျှစ်ချဉ် ကောင်းလှကြောင်းကိုကား မဂ္ဂဇင်းဆောင်းပါးများ၊ ဝတ္ထုများတွင် ဖတ်ရှုဖူးသဖြင့် သိရှိနေကြပါသည်။

မျှစ်ချဉ်ကို နေပြည်တော် ပျဉ်းမနားမြို့မှာသာ မဟုတ်ဘဲ အခြား မြို့ရွာတိုင်းတွင်လည်း ဝယ်ယူရရှိ စားသုံးနိုင်ပါသည်။ စာရေးသူတို့ ငဖဲမြို့နယ်အတွင်းမှ တောသူတောင်သား လယ်သမားတို့မှာမူ ဝါဆို၊ ဝါခေါင် မိုးဖွဲ့ဖွဲ့ဖြိုင်ဖြိုင်ရွာပြီး မျှစ်စို့များထွက်သည့် အချိန်ကာလတွင် ဝါးရုံတောများသို့ တပျော်တပါးစုဝေး၍ မျှစ်ချိုးထွက်လေ့ ရှိကြသည်။

ရရှိလာသော မျှစ်များကို လတ်လတ်ဆတ်ဆတ် ပြုတ်ပြီး စိမ်းစားငါးပိ ကောင်းကောင်း မီးအုံး၊ သံပရာရည် ညှစ်၍ ချိုမြသော မျှစ်ပြုတ် နုနုလေးနှင့် တို့မြုပ် စားလိုက်ရလျှင် ခံတွင်းပျက်နေသူများပင် ထမင်းနှစ်ခါလောက် ထခူးရသည်အထိ ဆွဲအားကောင်း ထမင်းမြိန်စေပါသည်။





မျှစ်ပြုတ်ကို သံချွန်ထက်ထက်နှင့် အစိတ်စိတ်အမြွှာမြွှာစိတ်ပြီး ကြက်သွန်ဖြူ ဆီချက်၊ နှမ်းလှော်၊ ပဲမှုန့်တို့နှင့် သုပ်စားပါက စားသောက်ဆိုင်မှ ခေါက်ဆွဲကြော်ထက်ပင် သာလွန် ကောင်းမွန်ကြောင်းကို စားဖူးသူတိုင်း သိကြပါလိမ့်မည်။ အချဉ်ကြိုက်သူများအတွက် သံပရာရည်၊ မန်ကျည်းနှစ် ထည့်စားနိုင်သေးသည်။

မျှစ်တချို့ကို မပြုတ်ဘဲ အစိမ်းအတိုင်း ရေသန့်သန့်တွင် မျှစ်ဆတ်လုပ်နိုင်ရန် စိမ်ထားတတ်ကြသေးသည်။ မျှစ်ဆတ်ဆိုသည်မှာ မျှစ်စိမ်းကို ရေတွင် အပုပ်စိမ်ခြင်းပင် ဖြစ်သည်။

ရေတွင် နှစ်ညစိမ်ပြီးနောက် သံချွန်၊ ဓားတစ်ခုခုဖြင့် မျှစ်အလုံး မပျက်စေဘဲ ထိုးဆွစိတ်ပေးရသည်။ ယင်းကို မျှစ်ဆတ်ထိုးသည်ဟု ခေါ်ကြသည်။

ထိုးပြီးသား မျှစ်ဆတ်ကို ရေတွင် နောက် တစ်ညထပ်စိမ်ပြီးမှ ချက်ပြုတ် စားလျှင် အရသာ ပို၍ လေးပင်ပါသည်။ တချို့ကမူ နှစ်ညရေစိမ်ပြီးသား မျှစ်ဆတ်ကို တစ်ခါတည်း ထိုးဆွဖြတ်တောက်ပြီး ချက်စားလေ့လည်း ရှိကြသည်။

မျှစ်ဆတ်ကို ဆူးပုပ်ရွက်၊ ဖရုံရွက်၊ ကင်းပုံညွှန့်တို့နှင့်ရော၍ ဖြစ်စေ၊ သူ့ချည်းသက်သက်ဖြစ်စေ အရည်စပ်စပ်နှင့် ပူပူနွေးနွေး ချက်ပြုတ်စားကြသည်။ တချို့ ကြိုက်တတ်သူများက ပင်စိမ်းရွက် ထည့်တတ်ကြသည်။ မျှစ်ဆတ်ကို ချဉ်ပေါင်ရွက်နှင့် အချဉ်ချက်စားလျှင်လည်း ကောင်းပါ၏။


ထိုးပြီးသား မျှစ်ဆတ်ကို မလှီးမဖြတ်ဘဲ မျှစ်အလုံးအတိုင်း ဟင်းမွှေးမဆလာ၊ အရောင်တင်တို့နှင့် ဆီပြန်ချက်စားလျှင် အရသာ ပိုထူးခြားသည်။ ဤဟင်းချက်နည်းလေးကို ရေးသားဖော်ပြလိုပါသည်။

ပထမဦးစွာ ထိုးပြီးသား မျှစ်ဆတ်ကို အလုံးလိုက် ရေစင်စွာဆေးပါ၊ ထို့



www.burmeseclassic.com

www.burmeseclassic.com



နောက် ဇလုံတစ်ခုထဲတွင် မှိုင်ငါးပိ မန်ကျည်းစေ့ခန့်၊ ဆား၊ ဟင်းခတ်မှုန့်တို့ကို မျှစ်အတွင်းသို့ စိမ့်ဝင်စေရန် ဆုပ်နယ်ပေးရပါသည်။ ငါးပိအစား ငံပြာရည်ကိုလည်း အသုံးပြုနိုင်ပါသည်။

ထို့နောက် အရောင်တင် မဆလာတို့ ဖြူးပေးထားပါ။ ဒယ်ပိုင်းထဲတွင် ကြက်သွန်ဖြူ ကြက်သွန်နီတို့နှင့် ဆီသတ်ပြီး အဆင်သင့် ပြုလုပ်ထားသည့် မျှစ်ဆတ်တို့ကိုထည့်ကာ လှုံးပေးရပါသည်။

လုံးရေ မခန်းတခန်းတွင် ရေနွေးဆူဆူကို မျှစ်လုံးများ မြုပ်ရုံထည့်ကာ မီးရှိန်ရှိန်ဖြင့် နှပ်ထားပြီး အနေတော်လျှင် ခွင်မှချ၍ သုံးဆောင်နိုင်ပါပြီ။ အရသာမှာ တစ်မူထူးခြားလှ၏။

မျှစ်အစိမ်း သက်သက်ကို အစိတ်စိတ်အမြှာမြှာဖြစ်စေရန် ဓားနှင့်ပေါက်ပြီး ပီလောရွက်၊ ရုံးပတီသီး၊ ဖရုံရွက်တို့နှင့်လည်း ဟင်းချို ချက်သောက်နိုင်ပါသေးသည်။ ပြောင်းဖူးစိမ်းကို ပါးပါးလှီးထည့်ပေးလျှင် ပိုမို ကောင်းမွန်၏။

ဤသို့အားဖြင့် ငဖဲမြို့နယ်မှ အိမ်ရှင်မတို့သည် တိုင်းရင်းအစားအစာ မျှစ်ကို အမျိုးမျိုး ချက်ပြုတ်၍ ဖြစ်စေ၊ ကြော်၍ သုပ်၍ ဖြစ်စေ စုံလင်စွာ စားသုံးကြသည့်အပြင် ဟင်းသီးဟင်းရွက် ရှားပါးသည့်အချိန်တွင် အဆင်သင့် အသုံးပြုနိုင်ဖို့ သို့မဟုတ်ပါကလည်း ရောင်းချရန်အတွက်ဟု ရည်ရွယ်ကာ မျှစ်ကို အခြောက်လှန်း၍တစ်မျိုး၊ အချဉ်ထည့်၍တစ်ဖုံ သိမ်းဆည်း သိုလှောင်ထားလေ့လည်း ရှိကြပါသည်။

ဤနေရာတွင် အလျဉ်းသင့်ပါသဖြင့် မျှစ်ချဉ်ကို ကိုယ်တိုင်ပြုလုပ် စားသုံးနိုင်ရန်နှင့် စီးပွားဖြစ် ပြုလုပ်ရောင်းချနိုင်ရန် ငဖဲမြို့နယ်မှ အိမ်ရှင်မတို့၏ **မျှစ်ချဉ်ပြုလုပ်နည်း**ကို ဗဟုသုတ ကြွယ်ဝစေရန် ရေးသား ဖော်ပြလိုက်ပါသည်။

မျှစ်ချဉ်ပြုလုပ်ရာတွင် ယခင်က အကြေထည့်နည်း တစ်ခုသာ ရှိခဲ့သော်လည်း ယခုအခါတွင်မူ နည်းသစ်ဖြစ်သည့် အလုံးထည့်နည်းကို ပို၍ အသုံးပြုလာကြပါသည်။

**မျှစ်ချဉ် အကြေထည့်လိုလျှင်မူ**...

ပထမဦးစွာ မိမိအလိုရှိသလောက် မျှစ်စိမ်းများကို ဓားထက်ထက်နှင့် အစိတ်စိတ်အမြှာမြှာ ပေါက်ပါ။ ထို့နောက် ပေါက်ပြီးသား မျှစ်ဖတ်များကို လင်ပန်း၊ ဇလုံကြီးကြီး တစ်ခုထဲတွင် ဆားထည့်၍ သမသွားစေရန် သေချာစွာ ဖျစ်ညှစ် ဆုပ်နယ်ပေးရပါသည်။

အရောင်လှစေရန်အတွက်မူ နနွင်းမှုန့် အနည်းငယ် ထည့်ပေးနိုင်သည်။ သမအောင် ဆုပ်နယ်ပြီးလျှင် မျှစ်ဖတ်များကို နှီးတောင်းတွင်ထည့်၍ အရည်စစ်သွားစေရန် ပျဉ်တုံးများ၊ ကျောက်ခဲများနှင့် ဖိထားပေးရပါသည်။ မျှစ်အရည်မစင်ပါက မျှစ်ချဉ်များ ပျော့ခွဲပြီး အဆင်းမလှ ဖြစ်တတ်ပါသည်။

မျှစ်အရည်များ အကုန်အစင် စစ်သွားပြီးဆိုလျှင် အဝကျဉ်းသော စဉ့်အိုးအတွင်း ထည့်သွင်း၍ သေချာစွာ ဖိသိပ်ပေးပါ။ ပြီးလျှင် သံပန်းကန်ပြားငယ်ဖုံးပြီး လေးလံသော ပစ္စည်းတစ်ခုခုဖြင့် ဖိထားပေးလိုက်ပါ။

**အရေးကြီးသည်မှာ လေလုံဖို့ဖြစ်၏။**

လေမလုံလျှင် မျှစ်ချဉ်များ ညှိမည်းလာပြီး ပုပ်ရိသွားတတ်ပါသည်။ မိမိမျှစ်ချဉ်အိုးအား လေမလုံဟု သံသယရှိလျှင် အိုးအဝတွင် သန့်ပြန့်သည့် ပလတ်စတစ်အိတ်စွပ်ပြီး ကြိုးတစ်ချောင်းဖြင့် တင်းကျပ်စွာ စည်းနှောင်ထားလိုက်ပါ။

မျှစ်ချဉ်ထည့်ပြီး၍ လေးလခန့်ရှိလျှင် စားသုံးနိုင်ပြီဖြစ်သည်။ ဤနည်းမှာ မျှစ်ချဉ်အကြေထည့်နည်း ဖြစ်၏။

**မျှစ်ကို အလုံးအတိုင်း အချဉ်ထည့်လိုလျှင်မူ**...

ပထမဦးစွာ မျှစ်စိမ်းများကို တစ်ပွက်ဆူပြုတ်ရပါသည်။ နူးအိသွားသည်အထိ မပြုတ်ရ။ ထို့နောက် မျှစ်ပြုတ်များကို အိုးထဲမှ ဆယ်ယူပြီး အအေးခံထားလိုက်ပါ။

လုံးဝ အေးစက်သွားပြီဆိုပါက လင်ပန်းတစ်ချပ်ထဲတွင် ဆားခံ၍ မျှစ်လုံးအတွင်းသို့ ဆားများ ဝင်ရောက်သွားစေရန် မျှစ်တစ်ချောင်းချင်း အသေအချာ ဖိလိမ့်ပေးပါ။

ပြီးလျှင် ရေလုံသော ပလတ်စတစ်အိတ် နှစ်ထပ်ထဲတွင် စီစီရီရီထည့်၍ လေလုံစေရန် အသေအချာ ထုပ်ပိုးထားရပါသည်။

မျှစ်ချဉ်အိတ်အတွင်း ရေထည့်စရာမလိုပါ။ မျှစ်ချဉ်အိတ်များကို နေရောင်မရောက်သော နေရာတွင် ထားရှိရပါသည်။ မျှစ်ချဉ်ထည့်ရာတွင် ကြွပ်ကြွပ်အိတ်များနှင့်ထည့်လျှင် ရပါသည်။ သို့သော် မျှစ်ပိသာချိန် များများမဆံ့သဖြင့် အသုံးနည်း၏။ အများအားဖြင့် အသုံးပြုကြသည်မှာ မျှစ်ပိသာအိတ်


(စာမျက်နှာ (၁၆၆) သို့)

www.burmeseclassic.com

www.burmeseclassic.com

# ခရီးသွားသူ ရောက်,မရောက်

## နှင့် ပစ္စည်းပျောက် ရ,မရ တွက်နည်း

လောကလူ့ရွာတွင် အကြောင်း အကျိုးနှင့် အကောင်းအဆိုး အမှုပေါင်း စုံလင်စွာ တွေ့ကြုံ ရင်ဆိုင်ရလေ့ရှိ၏။

ထိုသို့ စုံလင်သော အတွေ့အကြုံ တို့နှင့် ဖြတ်သန်းခရီးနှင်နေရသည်ကို ပင် "ဘဝ"ဟု ခေါ်သည်။

လူ့လောက၌ လူရယ်လို့ဖြစ်လာ လျှင် ဆုံကြုံနိမ့်မြင့် အကွေ့အကောက် အဖြောင့်အတန်း ဘဝခရီးလမ်းကို ဖြတ်သန်း လျှောက်လှမ်းရမည်မှာ မလွှဲပင်ဖြစ်၏။

ပညာရေး၊ စီးပွားရေး၊ အိမ်ထောင် ရေး၊ လူမှုရေး ရှုပ်ထွေးမွှေလီလုသော အရေးပေါင်းများစွာကိုလည်း ရင်ဆိုင် ဖြေရှင်း ဖြတ်သန်းရမည်မှာကေန်ပင်...

ထိုအရေးတွေထဲမှ ပညာရေး ကြောင့်သော် လည်းကောင်း၊ စီးပွားရေးနှင့် လူမှုရေးကြောင့်သော် လည်းကောင်း၊ မိမိတို့၏ မိသားစုဝင် ထဲမှ တစ်ဦးတစ်ယောက် ခရီးသွား ရာတွင် ရက်အတန်ကြာလာသည်နှင့် "**ဘယ်နေ့ပြန်လာမည်လဲ ဘယ်ရက် ပြန်ရောက်မည်လဲ**"ဟု အိမ်ရှိကျန်ရစ် သူမိသားစုမှာ အပူတစ်ခု ဝင်သကဲ့သို့ နေ့စဉ်မျှော်ရသည်ကိုလည်း မိသားစု ရှိသူတိုင်း အနည်းနှင့်အများတော့ ကြုံဖူးကြပေလိမ့်မည်။

ခန့်မှန်းသည့်ရက်ထက် ကြာလာ လျှင် မိသားစုတို့၏ရင်ထဲ၌ စိုးရိမ်စိတ် တို့ ဝင်လာလေ့ရှိကြ၏။ ပြန်ရောက် မည့် ပြန်လာမည့်ရက်ကို သိလိုကြ၏။

ထို့အတူ မိမိတို့အိမ်မှ ထွက်သွား သောပစ္စည်း၊ ပျောက်သွားသော ဥစ္စာ ကိုလည်း ပြန်၍ ရ,မရ သိလိုကြ၏။

ခရီးသွားသူ ပြန်လာမည့်ရက် ပြန် လာ,မလာ၊ ပျောက်သွားသောပစ္စည်း ပြန်ပြီး ရ,မရကို တွက်ကြည့်ပြီး သိရှိနိုင်သော် ဗေဒင်တွက်နည်း ရှိပါ သည်။ မြန်မာ့ရိုးရာဗေဒင်ပညာနှင့် တွက်ကြည့်လျှင် အဖြေမှန်ကို အမြန် ဆုံး သိရှိနိုင်ပါသည်။

ကျွန်ုပ်သည် ရေးသားတင်ပြမည်ဖြစ် သော "**ခရီးသွားသူရောက်,မရောက် နှင့် ပစ္စည်းပျောက် ပြန်ရ,မရ တွက်နည်းပင်** ဖြစ်ပါသည်။ တွက် နည်းမှာ လွယ်ပါသည်။



မေးလာသည့်လ၏ လဆန်း(၁)ရက်မှစပြီး မေးသည့်ရက်အထိ ရက်ပေါင်းကို ရေတွက် ပြီးတည်ပါ။ န၀(၉)နှင့်စားပါ။ အကြွင်းကိုယူ၍ ဟောရမည်ပင်ဖြစ်၏။

**အဟောမှာ...**

**ကေ–ပွ–သုည (၁–၅–၀)ကြွင်း လျှင်...**

ခရီးသွားသူ ချက်ချင်းရောက်လာ မည်။ ဥစ္စာပစ္စည်းပျောက်၍မေးခဲ့သော် မနက်ဖြန်မုချ ပြန်၍ ရမည်ဟု ဟောပါ။

**နွေ–တြိ (၂–၃)ကြွင်းခဲ့လျှင်...**

ခရီးသွားသူ မရောက်သေး နှစ်ရက် လောက်ကြာမှ သတင်းစကားကို ကြား ရမည်။

**ကျွဲ၊ နွား ငွေကြေးဥစ္စာနှင့် ပစ္စည်း ပျောက်ကို မေးခဲ့သော်...**

အနောက်တောင်အရပ်ကစားကျက် မှာရှာလျှင် မုချတွေ့လိမ့်မည်။

တစ်ဖန် **စာကြွင်းသည် စတု– ဆဋ္ဌ–အဋ္ဌ (၄–၆–၈)ဖြစ်ခဲ့လျှင်...**

ခရီးသွားသူမှာ ငယ်သူငယ်ချင်းများ နှင့်တွေ့၍သော်လည်းကောင်း၊ အခက် အခဲအကြပ်အတည်း တစ်ခုခုနှင့်တွေ့ ၍သော်လည်းကောင်း ပြန်ရန် နှောင့် နှေးနေခြင်း ဖြစ်၏။

**ဥစ္စာပစ္စည်းကို ပြန်၍ရမည်လား ဟု မေးလာလျှင်...**

ကုသိုလ်ကံ မကောင်းသောကြောင့် ပြန်၍ရရန် အလွန်ခက်ခဲပါသည်ဟု ဟောနိုင်ပါသည်။

**ဥပမာတွက်ပြပါမည်။**

လာ၍မေးသူသည် လပြည့်ကျော် (၅)ရက်၌ ဆိုပါစို့...။

**လပြည့်** – ၁၅
**ကျော်** – + ၅
**စားကိန်း ၉** ÷ ၂၀ – ၂–မလို
၁၈
၂ အကြွင်းယူပါ

**အထက်ပါမေးသူသည် (၂)ခု ကြွင်းသောကြောင့်** ခရီးသွားသူ အတွက်ဆိုလျှင် ပြန်မရောက်သေးပါ။ (၂)ရက်ခန့်ကြာမှ သတင်းစကား ကြားရပါမည်။

**ပစ္စည်းပျောက်သူ ဆိုလျှင်** အနောက်တောင်အရပ်၊ စားကျက် မြေ မြက်တို့ပေါက်ရာမြေသို့ ရှာလျှင် မုချတွေ့ရမည်ဟု ဆိုထားပါသည်။

***သုနက္ခတ္တံ ကောင်းသော နက္ခတ်နှင့် ကြုံ၍ ကောင်းကျိုးသုခ ရရှိကြပါစေ***

**ကောင်းခန့် (သစ္စတ်မြေ)**
**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com

ရှေးမြန်မာ

# တိုင်းရင်းဆေးပညာ ကုထုံးများ

မှတ်တမ်းတင်စေချင်

## မြွေပွေးနှင့်ရခိုင် မြွေကိုက်ကုထုံး

**"မြွေပွေးနှင့် ရခိုင် တွေ့ရှိလျှင် ရခိုင်ကို အရင်ဆုံးသတ်၊ မြွေပွေးကို နောက်မှသတ်ရမည်"** ဟူသော စကားကို စာဖတ်သူများ ကြားဖူးကြပါလိမ့်မည်။ စာရေးသူလည်း ငယ်စဉ်ကပင် ကြားဖူးခဲ့ပါသည်။

ရှေးဆရာကြီးများမှ မြွေကိုက်ခံရလျှင် အမြန်ဆုံး အသက်ကို ကယ်ယူနိုင်ရန်အတွက် မသေမပျောက်ရအောင် နားစွဲသွားအောင် မှတ်ယူလွယ်အောင် ထားခဲ့သော **မြွေကိုက်ကုထုံး** ဖြစ်ပါသည်။

မြွေပွေးနှင့်ရခိုင် ရခိုင်ကို အရင်သတ်ဆိုသော စကားမှာ မြွေကိုက်ခံရသော လူနာကို ကယ်တင်ကုသနိုင်ရန် **ရခိုင်ငှက်ပျောပင်ကို** ခုတ်ခိုင်းခြင်း ဖြစ်ပါသည်။

## မြွေကိုက်ကုထုံး

မြွေပွေး၊ မြွေဟောက်၊ ငန်းမြွေ မည်သည့်မြွေကိုက်သည်ဖြစ်စေ အကိုက်ခံရသော် ရခိုင်ငှက်ပျောပင် တစ်ပင်လုံးတို့အထဲမှ အရွက်ထွက်ရန် ရွက်နုအလိပ်ကလေး ရှိပါသည်။

ထိုရွက်နုအရွက်လိပ်ကို ဖယ်ထားပြီး အရည်ညှစ်ယူပါ။ ပထမဦးဆုံး မြွေကိုက်ခံရသူကို ညှစ်ယူထားသော ရခိုင်ငှက်ပျောရည်ကို အဝတိုက်ပါ။ သို့မှသာလျှင် ဝမ်းဗိုက်အတွင်းသို့ အဆိပ်များ မရောက်နိုင်ပါ။

ဝမ်းဗိုက်အတွင်း အဆိပ်ရောက်ခဲ့လျှင် ကုသမှု ခက်ခဲပါသည်။ သေသည်က များပါသည်။ ထို့ကြောင့် ရခိုင်ငှက်ပျောပင်မှ ညှစ်၍ရသော အရည်တို့ကို တိုက်ရခြင်း ဖြစ်ပါသည်။

ထို့နောက် **ရခိုင်ငှက်ပျောညှစ်ရည်နှင့် အုန်းစိမ်းရည်ကို** ဆတူရောစပ်ပြီး တိုက်ပေးရပါသည်။ ရေငတ်၍ ရေတောင်းခဲ့သော် ဤသို့ပင် ပေးရပါမည်။ ရေမငတ် ရေမတောင်းသော်လည်း မကြာခဏသောက်နိုင်သမျှ တိုက်ပေးရပါမည်။



**သတိပြုရန်။ ။ ရေရိုးရိုးကို မပေးပါနှင့်၊ မသောက်ပါစေနှင့်၊ ရေသောက်ခဲ့သော် ချက်ချင်းပြန်ထွက်ပြီး သေဆုံးတတ်ပါသည်။**

ရခိုင်ငှက်ပျောပင် ညှစ်ရည်နှင့် **အုန်းစိမ်းရည်ဆတူရောစပ်ထားသော အရည်ကို မကြာမကြာ တိုက်ပေးပါ။**

အရည်ညှစ်ယူပြီး ငှက်ပျောဖတ်များကို မြွေကိုက်ဒဏ်ရာပေါ်သို့ အုံထားပြီး ငှက်ပျောပင်အတွင်းမှ ဖယ်ထားသော ရွက်နုအလိပ်ကို ဖြေပြီး အပေါ်မှ ပတ်ထားပြီး ပတ်တီးစည်းထားပါ။

ထိုအချိန် အခြားဆေးများ တိုက်လိုပါကလည်း တိုက်နိုင်ပါသည်။ **သို့သော် ရေရိုးရိုးကို မတိုက်မိစေရန် သတိပြုပါ။** အခြား ဆေးမတိုက်လိုကလည်း ဤနည်းအတိုင်း ကုသ၍ ရပါသည်။

အုန်းသီးစိမ်းနှင့် ထန်းလျက်တို့ ကျွေးနိုင်သည်။

ထိုသို့ ကုသပြီး ဆယ်ရက်ကျော်လျှင် **တွင်စုပ်ရပါမည်။** တွင်စုပ်သည် ဆိုသည်မှာ အခေါင်းပေါက်ရှိသော ဝါးတစ်ဖက်မှ အဆစ်ပိတ် ရှိရပါမည်။ ယင်းဝါးကို သုံးလက်မကျော်ခန့် ဖြတ်ပါ။ လေးခု၊ ငါးခု ဖြတ်ပါ။

ထိုဝါးကို ပါးနိုင်သမျှပါးအောင် ပြုလုပ်ပါ။ ပြီးလျှင် ရေနွေးပွက်ပွက်ဆူအောင်ပြုတ်ပါ။

မြွေကိုက်ဒဏ်ရာ အထက်နှင့် အောက်ကို သွေးထွက်အောင် စပါးလုံး တစ်ထောက်ခန့် အရှည်ခွဲပါ။ **(အချို့ ပုလင်းကွဲဖြင့်လည်း ခွဲကြသည်။)**

ဤကဲ့သို့ ခွဲပြီးပြုတ်ထားသော ဝါးလုံးအပေါက်ဘက်မှ ဖိကပ်လိုက်ပါ။ **(ခံနိုင်ရည်ရှိသော အပူချိန်ရောက်မှ ကပ်ပါ။)** ထိုအခါ ဝါးအပေါက်မှ ဆွဲစုပ်ထားပါတော့သည်။

တွင်ဝါး အေးသွားလျှင် ပြုတ်ကျသွားပါသည်။ အသစ်လဲပြီး ကပ်နိုင်သည်။ ထိုကဲ့သို့ မြွေကိုက်ဒဏ်ရာ အနီးတစ်ဝိုက်နှင့် နားထင် တစ်ဖက်တစ်ချက်တို့ကိုပါ တွင်စုပ်ပါ။

ဤကဲ့သို့ မစုပ်ခဲ့သော် ခန္ဓာကိုယ်ထဲတွင် မြွေဆိပ်များ ရှိနေ၍ မျက်စိမှုန်ခြင်း၊ မျက်ရိုးကိုက်ခြင်း၊ သွားနာသွားနဲ့ခြင်း၊ ဖက်ကြောနောက်ကြောများ တက်ခြင်းတို့ ဖြစ်တတ်ပါသည်။

**အချို့ ခွေးကိုက်သည်ကိုလည်း ဤကဲ့သို့ တွင်စုပ်ကြပါသည်။**

**မှတ်ချက် ။ ။ ငှက်ပျော အမျိုးများမှာ များပြားလှပါသည်။ ရခိုင်ငှက်ပျောမှလွဲ၍မည်သည့်ငှက်ပျောမှ မသုံးရပါ။**

ထို့ကြောင့် မြွေပွေးနှင့် ရခိုင် ရခိုင်ကို အရင်သတ်ဟု ဆိုခြင်း ဖြစ်ပါသည်။ **မြွေပွေးမှမဟုတ် အဆိပ်ရှိသော မြွေအားလုံးကို သုံးနိုင်သည်။**

***ဆင်းရဲကင်းပျောက် ချမ်းသာရောက်ကြပါစေ။***

**ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်**
*(တိုင်းရင်းဆေး)*

**နဂ္ဂဏ္ဍရောင်ခြည်မဂ္ဂဇင်း ၁၆ရ**

www.burmeseclassic.com

www.burmeseclassic.com

ဖေဖော်ဝါရီလတွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲ၌ ဆုငွေများနှင့် နီးစပ် ကံထူးနိုင်ကြစေရန် ၂၊ ၁၊ ၅၊ ၃ ဂဏန်းခြေများကို စ၊ ဠ၊ ဒ၊ ဘ အက္ခရာများနှင့် တွဲဖက်ကံစမ်းပါ။

ဂဏန်းတူ အပူးအထပ်အလိုရှိပါက ၂၊ ၁၊ ၅၊ ၃ဂဏန်းများအနက် နှစ်လုံး ထက်ပို၍ ပါဝင်သော ထီလက်မှတ်ကို ရွေးချယ်ပါ။


ဆိုင်ရာ မွေးလရာသီများအရ အခွင့်အလမ်းများကို အသုံးချလိုပါက ဇယား၌ ကြည့်ပါ။

* * *

## ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ

# ထီ

## ဆုကြီးများ ဆွတ်ခူးနိုင်ဖို့



| မွေးလရာသီ | ဂဏန်း | အရောင် | အရပ် | ကံပွင့်နေ့ | အရသာ | ကျောက်မျက် | စပ်တူထိုးရန် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿရာသီ မတ်၂၁မှဧပြီ၂၀ | ၄ | စိမ်း | မြောက် | တနင်္ဂနွေ | ရေနှော | မြ | တနင်္လာ သားသမီး | ဗုဒ္ဓဟူး သားသမီး |
| ပြိဿရာသီ ဧပြီ၂၁မှမေ ၂၀ | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | နီလာ | အင်္ဂါ သားသမီး | စနေ သားသမီး |
| မေထုန်ရာသီ မေ၂၁မှဇွန် ၂၀ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ သားသမီး | တနင်္ဂနွေ သားသမီး |
| ကရကဋ်ရာသီ ဇွန်၂၁မှဇူ ၂၀ | ၉ | ဖြူ | အရှေ့မြောက် | အင်္ဂါ | ငန် | ကြောင် | ဗုဒ္ဓဟူး သားသမီး | ကြာသပတေး သားသမီး |
| သိဟ်ရာသီ ဇူ၂၂မှဩ ၂၀ | ၇ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး သားသမီး | သောကြာ သားသမီး |
| ကန်ရာသီ ဩ၂၂မှစက် ၂၀ | ၀ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး သားသမီး | သောကြာ သားသမီး |
| တူရာသီ စက်၂၂မှအောက်၂၂ | ၅ | ဝါ | အရှေ့မြောက် | ဗုဒ္ဓဟူး | ချိုဆိမ့် | ဥဿဖရား | တနင်္ဂနွေ သားသမီး | တနင်္လာ သားသမီး |
| ဗြိစ္ဆာရာသီ အောက်၂၃မှနို ၂၀ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ သားသမီး | တနင်္ဂနွေ သားသမီး |
| ဓနုရာသီ နို၂၂မှဒီ ၂၀ | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | နီလာ | အင်္ဂါ သားသမီး | စနေ သားသမီး |
| မကာရရာသီ ဒီ၂၀မှဇန် ၁၉ | ၈ | မြောက်ကျား | အနောက်တောင် | ကြာသပတေး | ပုပ်သိုး | ဂေါမိတ် | စနေ သားသမီး | ဗုဒ္ဓဟူး သားသမီး |
| ကုံရာသီ ဇန်၂၀မှဖေ ၁၈ | ၂ | ဖြူ | အနောက်မြောက် | အင်္ဂါ | ငန် | ပုလဲ | ဗုဒ္ဓဟူး သားသမီး | ကြာသပတေး သားသမီး |
| မိန်ရာသီ ဖေ၁၉မှမတ် ၂၀ | ၁ | နီ | အရှေ့ | ဗုဒ္ဓဟူး | စပ် | ပတ္တမြား | ကြာသပတေး သားသမီး | အင်္ဂါ သားသမီး |

(ဥပမာ။ ။ **မိဿရာသီဖွား**(မတ်လ(၂၁)ရက်မှဧပြီလ(၂၀)အတွင်းမွေးသူ) တို့သည် (၄)ဂဏန်း၊ အစိမ်းရောင်၊ မြောက်အရပ်၊ တနင်္ဂနွေနေ့ ရေနှော သည့်အရသာ၊ မြကျောက်တို့က ကံလာဘ်ပွင့်လင်းစေ၍ စပ်တူထိုး လိုလျှင် တနင်္လာသားသမီးများနှင့် ကံစပ်ပါ။ ဗုဒ္ဓဟူးသားသမီးများကို ရှောင်ပါ။

**ဆိုင်တည်ရာအရပ်ကို ရွေးချယ်လိုပါက...**

လမ်းထောင့် လမ်းချိုးအကွေ့တွင်ရှိသော ဆိုင်၊ မြေညီထပ်တွင် ဖွင့်လှစ်ထားသောဆိုင်၊ အစိမ်းရောင် အားကောင်းစွာ တန်ဆာဆင်ထားသောဆိုင်၊ ရေကန်၊ အင်းချောင်း၊ မြစ်ကမ်းပါးတွင် ဖွင့်လှစ်သောဆိုင်၊ အပန်းဖြေစခန်း၊ ပန်းခြံစသည်အနီး ဖွင့်လှစ်သော ဆိုင်များက ဆုကြီးများ ဆွတ်ခူးနိုင်ပေလိမ့်မည်။

**ဤလတွင် ထီကံထူးနိုင်ကြသူတို့မှာ...**

ဗုဒ္ဓဟူးသားသမီးများ ဖြစ်ကြလေသည်။ ထီကံမြင့်ယတြာ ပြုလိုပါက ပန်းရောင်ကို နှင်းကြမ်း၊ အနီရောင်ကို ဆောင်ပန်းပြုပါ။

ဆိုလိုသည်မှာ ဖိနပ်၊ ခြေအိတ်၊ ထဘီ၊ ပုဆိုး၊ ဘောင်းဘီ၊ စကတ် စသည်တို့၌ ပန်းရောင်ပါဝင်စေ၍ ခေါင်းစည်းကြိုး၊ ဆံပင်၊ ကလစ်၊ ဦးထုပ်၊ ထီး စသည့် ခေါင်းထက် အသုံးအဆောင် တစ်ခုခုတွင် အနီရောင်ကို ပါဝင်စေလျက် ထီထိုး သင့်ပေသည်။

***ထီဆုကြီးများဆွတ်ခူးနိုင်ကြပါစေ...***

(ထက်မင်းကျော်စွာ)



www.burmeseclassic.com

www.burmeseclassic.com

# အဆောင်ကျောက်မျက် လက်ဝတ်ရတနာ

သရက်ကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

အမျိုးသမီးများ အလှအပအတွက်လည်းကောင်း၊ ဂုဏ်သိက္ခာအတွက်လည်းကောင်း၊ ယတြာအဆောင်အဖြစ် လည်းကောင်း၊ ဝတ်ဆင်ရန် ကျောက်စီ လက်ကောက်ဖြစ်စေ၊ ကျောက်စီ ဟန်းချိန်းဖြစ်စေ လက်ဝတ်ရတနာ စီရင်ပြုလုပ်ရာတွင် နည်းလမ်းကောင်းတစ်မျိုးကိုညွှန်ပြပေးချင်ပါသည်။

ကျောက်မျက်ရတနာများတွင် **အပူကျောက်၊ အနွေးကျောက်၊ အအေးကျောက်** ဟူ၍ ယေဘုယျအားဖြင့် (၃)မျိုးခွဲခြားထားရာ ယခု ကျွန်ုပ်ဖော်ပြပေးမည့် နမူနာကျောက် (၃)မျိုးမှာ **ပတ္တမြား၊ ခရမ်းစွဲနှင့် နီလာတို့**ဖြစ်ပါသည်။

ပတ္တမြားမှာ အနီရောင်၊ ခရမ်းစွဲမှာ ခရမ်းရောင် သီးသန့်ဖြစ်သော်လည်း နီလာမှာ အရောင်များစွာ ရှိသည့် အနက် အပြာရောင်ကိုသာ ယခု ဆောင်းပါးတွင် ဖော်ပြထားပါသည်။

**ပတ္တမြားမှာ အပူကျောက်၊ ခရမ်းစွဲမှာ အနွေးကျောက်၊ နီလာပြာမှာ အအေးကျောက်ဖြစ်ပါသည်။**

အအေးလက္ခဏာ၊ အအေးဇာတာ၊ အအေးဗီဇ ရှိသူများက အပူကျောက်ကို ဝတ်ဆင်သင့်သည်။

ထို့ပြင် မည်သူမဆို အေးသောရာသီဥတု၊ အေးသော အရပ်ဒေသများတွင် အပူကျောက်ကို ဝတ်ဆင်သင့်သည်။ အပူနှင့် အအေး ညီညွတ်မျှတသော လက္ခဏာရှင်၊ ဇာတာရှင် သမမျှတ ပင်ကိုဗီဇရှိသူတို့က အနွေးကျောက်ကို ဝတ်ဆင်သင့်သည်။


ထို့ပြင် မည်သူမဆို သမမျှတသောရာသီဥတု၊ သမမျှတသော အရပ်ဒေသတို့မှာ အနွေးကျောက်ကို ဝတ်ဆင်သင့်သည်။

အအေးလက္ခဏာရှင်၊ အအေးဇာတာရှင်၊ အအေးပင်ကိုဗီဇ အကျင့်စရိုက်ရှိသူများက အပူကျောက်ကို ဝတ်ဆင်သင့်သည်။

အပူကျောက်ဖြစ်သော ပတ္တမြားကို လက်ဝတ်ရတနာအဖြစ် စီစဉ်ရာတွင် **"ဆယ့်တစ်မီးငြိမ်း"** ပညတ်အဖြစ် ကျောက်မျက်(၁၁)လုံးကို စီရပါသည်။


အနွေးကျောက်ဖြစ်သော ခရမ်းစွဲကျောက်ကို လက်ဝတ်ရတနာအဖြစ် စီစဉ်ရာတွင် **"ဆယ်ပြည့်"**ပညတ်အဖြစ် ကျောက်မျက်(၁၀)လုံးကို စီရပါသည်။

အအေးကျောက်ဖြစ်သော နီလာပြာ ကျောက်မျက်ကို လက်ဝတ်ရတနာအဖြစ်စီစဉ်ရာတွင် **"ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းရေး"** ပညတ်အဖြစ်




▲ လက်ဝတ်(ဟန်းချိန်း)၊ ကျောက်စီ
လက်ကောက်ပြုလုပ်ရန် စီထားသော ပတ္တမြားကျောက်(၁၁)လုံး

www.burmeseclassic.com



▲ လက်ဝတ်(ဟန်းချိန်း)၊ ကျောက်စီ လက်ကောက်ပြုလုပ်ရန် စီထားသော ခရမ်းစွဲကျောက်(၁၀)လုံး

▼ လက်ဝတ်(ဟန်းချိန်း)၊ ကျောက်စီ လက်ကောက်ပြုလုပ်ရန် စီထားသော နီလာကျောက်(၁၅)လုံး



ကျောက်မျက်(၁၅)လုံးကို စီလုပ်ရပါသည်။

အထက်ပါ ကျောက်စီလက်ကောက်၊ ဟန်းချိန်းတို့ကို ပြုလုပ်ပြီးနောက် သိဒ္ဓိတင်ရာတွင် ပတ္တမြားလက်ဝတ်ရတနာကို တနင်္ဂနွေနေ့မှစတင်၍ (၁၁)ရက်၊ ခရမ်းစွဲလက်ဝတ်ရတနာကို အင်္ဂါနေ့မှစတင်၍ (၁၀)ရက်၊ နီလာလက်ဝတ်ရတနာကို သောကြာနေ့မှစတင်၍ (၁၅)ရက် နေ့စဉ် မနက်(၁)ကြိမ်၊ ည (၁)ကြိမ် ရတနသုတ်ပရိတ်တော်ကို ရွတ်ဖတ်ပူဇော်ပေးရသည်။

ထိုသို့ ရွတ်ဖတ်ပူဇော်ရာတွင် ပတ္တမြား လက်ဝတ်ရတနာအတွက်ဆိုလျှင် နံနက်(၆)ခေါက်၊ ည(၅)ခေါက် ခရမ်းစွဲလက်ဝတ်ရတနာအတွက်ဆိုလျှင် နံနက်(၅)ခေါက်၊ ည(၅)ခေါက်၊ နီလာလက်ဝတ်ရတနာအတွက်ဆိုလျှင် နံနက်(၈)ခေါက်၊ ည(၇)ခေါက် ရွတ်ဖတ်ရန်ဖြစ်သည်။

ထို လက်ဝတ်ရတနာများကို ဝတ်ဆင်သော အမျိုးသမီးတို့ကလည်း နေ့စဉ် နံနက်ဖြစ်စေ၊ ညဖြစ်စေ ရတနသုတ်ပရိတ်တော်ကို တစ်ကြိမ်လျှင် (၃)ခေါက် ရွတ်ဖတ်ပူဇော်ပေးခြင်းဖြင့် သိဒ္ဓိစွမ်းအင် ပြန်ဖြည့်ပေးခြင်းပြုရပါမည်။

ဆိုခဲ့သည့်အတိုင်း လက်ဝတ်ရတနာပြုလုပ်စီရင်ဝတ်ဆင်ခြင်းဖြင့် ကျန်းမာရေး အထူးကောင်းမွန်ခြင်း၊ အမျိုးသမီးတို့မှာ သွေးသားမှန်ကန်ခြင်း၊ အသားအရေ စိုပြည်လှပခြင်း၊ ချစ်ခင်သူပေါများခြင်း၊ ပညာဉာဏ်ပွင့်လင်းခြင်း

အလုပ်အကိုင်နှင့် စီးပွားရေးများပိုမိုတိုးတက်ကောင်းမွန်ခြင်း၊ အချစ်ရေး၊ အိမ်ထောင်ရေး သာယာခိုင်မြဲစေခြင်း စသည်ဖြင့် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာအကျိုးထူးများ ရရှိစေနိုင်ပါသည်။

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဒေသွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**

F.22B. February, 2017.



www.burmeseclassic.com

www.burmeseclassic.com

မကွေး-မကျည်း

# အမေး၏ အဖြေ

တစ်နေ့ စာအုပ်စင်မှ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း အဟောင်းများကို ပြန်လည် ဖတ်ရှုမိရာမှ **နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် (၁၈၀)၊ ဇူလိုင်လ၊ (၁၅)နှစ်မြောက် အထူးထုတ်တွင် ဆရာခွန်ဝိဇ္ဇာနွယ် (ရန်ကင်းရပ် ဟိုပုံးမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း)မှ "သိသောသူများ ဖြေပေးပါ"** ခေါင်းစဉ်ဖြင့် သူသိလိုသော အချက်(၈)ချက်ကိုမေးမြန်းထားပါသည်။ ယင်းအချက် (၈)ချက်ကို မိမိဉာဏ်စွမ်းရှိသမျှ ဖြေကြားရမည် ဆိုပါလျှင်...

## (က) သိမ်ဝင်သပိတ်ကွဲ

ယခုခေတ် ရဟန်းခံရာ၌ မြေသပိတ်များအစား သံသပိတ်များကို အသုံးပြုနေကြသည် ဆိုသည်မှာ မှန်ပါသည်။

သို့သော်... လွန်ခဲ့သော နှစ်ပေါင်းများစွာမှ ရှေးဟောင်းပစ္စည်းများကိုပင် ယနေ့ခေတ်တိုင် ရှာဖွေတူးဖော်ရရှိနေသည်ကို သိရှိကြပြီး ဖြစ်ပါသည်။

ဗုဒ္ဓဘာသာ ထွန်းကားသော မြန်မာနိုင်ငံ၌ ဘုန်းတော်ကြီးကျောင်းများ နယ်ပေါင်းစုံတွင် များပြားစွာ ရှိပါသည်။ သို့ပါ၍ သိမ်ဝင်သပိတ်ကွဲ ရှာဖွေရသည်မှာ မခက်ခဲလောက်ပါ။

ရဟန်းခံ ဥပသမ္ပဒ ကမ္မဝါစာ ဖတ်၍ သိမ်ဝင်သဏ္ဌာန်ဖန်တီးပြီး မိမိအလိုရှိသလောက်ထိုသပိတ်အားအတိုင်းအတာအရ လွှဖြင့် ပိုင်းဖြတ်အသုံးပြုမည် ဆိုခြင်းမှာ သဘာဝယုတ္တိမရှိပါ။ အစွမ်းလည်း မထက်မြက်နိုင်ပါ။

ဥပမာ တင်စားပြရလျှင် သဘာဝ အလျောက်ပေါက်သော မှို၏ အရသာနှင့် ဖန်တီးစိုက်ပျိုး၍ရသော မှို၏ အရသာ ကွာနည်းမျိုး ဖြစ်ပါလိမ့်မည်။

အမေး၌ အဖြေ ပါပြီးဖြစ်၍ သိမ်ဝင်ပြီးစစ်စစ် သပိတ်မှ သပိတ်ကွဲကိုသာ အသုံးပြုလျှင် အစွမ်းထက်မြက်ပါလိမ့်မည်။

## (ခ) ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ ဘော်ပြား

လက်ဖွဲ့အင်း စီရင်ရာ၌ ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ ဘော်ပြား၌ စီရင်ရမည်ဟု ပါရှိရာ ယင်းတို့အစား စာကူးမင်ဘူးအခွံ၊ သွားတိုက်ဆေးဘူးခွံ၊ သတ္တုဘူးခွံများအား အသုံးပြုလျှင် အစွမ်းသတ္တိ မထက်မြက်နိုင်ပါ။

ယခုခေတ် ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ ကော်ပြား၊ ဘော်ပြားများ ဈေးကြီးသည် မှန်သော်လည်း **"သီဟိုဠ် ဆေးသိပ္ပံဆရာတော် အရှင်နာဂသေနဘိဝံသ၏ ရသာမတ တတ်ဆေးကုထုံးကျမ်း"**၌...

**ရွှေသည်** အသက်ရှည်၏၊ အသားအရေကို စိုပြည်စေ၏၊ ဆံဖြူခြင်း၊ အိုမင်းခြင်း၊ ပါးရေတွန့်ခြင်းနှင့် ရောဂါပိုးမွှားများကို နိုင်စေ၏၊ အထူးသဖြင့်



မိစ္ဆာများကိုပင် နိုင်နင်းနိုင်၏ဟု ဆိုထား၍ ရွှေပြားစစ်စစ်မှသာလျှင် အစွမ်းသတ္တိ ရှိပါလိမ့်မည်။

**ငွေသည်** အရှယ်ကို တည်တံ့စေ၏၊ အားကို ဖြစ်စေ၏၊ လေသည်းခြေနှင့် မူးဝေခြင်း၊ ရူးသွပ်ခြင်းများကို နိုင်နင်းစေ၏ဟု ဆိုထားသည့်အပြင်...

**ဘော်သည်လည်း** ငွေကဲ့သို့ပင် စွမ်းအင်သတ္တိ ညီမျှစွာရှိကြောင်း ဖော်ပြထားပါသည်။

**ကြေးသည်** သည်းခြေရောဂါ၊ သလိပ်ရောဂါ၊ အဆိပ်တက်ရောဂါ၊ ကုဋ္ဌနူနာရောဂါ၊ ချောင်းဆိုးရောဂါ၊ အသည်း, အဆုတ်တို့၌ ဖြစ်သော ရောဂါများအား နိုင်နင်းစေ၏ဟု ဆိုထားသည့်အပြင် **ကြေးနီ၊ ကြေးဝါ၊ ကြေးဖြူ ကြေး(၃)မျိုးစလုံး** စွမ်းအင်သတ္တိ အလားတူရှိကြောင်း ဖော်ပြထားပါသည်။

ထို့ကြောင့် ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ ဘော်ပြား(စစ်စစ်)တို့အစား စာကူးမင်ဘူးခွံ၊ သွားတိုက်ဆေးဘူးခွံ



www.burmeseclassic.com

www.burmeseclassic.com

သတ္တုဘူးခွံတို့အား အသုံးပြုမည်ဆိုလျှင် တန်ခိုး သတ္တိ အာနိသင် မည်သို့ ကွာခြားမည်ကို သိရှိနိုင်ပါလိမ့်မည်။

## (ဂ) နတ်ရဲသစ်ပင်

နတ်ရဲသစ်ပင် ဆိုသည်မှာ နတ်စင်များ ဆောက်လုပ်ထားသည့် သစ်ပင်များကိုသာ မဆိုလိုပါ။ "**မင်္ဂလသုတ်တော်၊ မေတ္တသုတ်တော်**"များ၌ အလွန်ကြီးမားသော သစ်ပင်များတွင် ရက္ခစိုးနတ်များ တည်ရှိကြောင်း အတိအလင်း ပါရှိသဖြင့် ကြီးမားသော သစ်ပင်ကြီးများအားလုံးကို နတ်ရဲသစ်ပင်ဟု ယူဆရပါမည်။

## (ဃ) တစပုဆိုး

တစပုဆိုးဟု ဆိုလိုရင်းမှာ ရှေးခေတ်ရှင်ဘုရင်များ လက်ထက်တွင် ရာဇဝတ်သားများအား တောင်စွယ်နေကွယ်လျှင် "**သုသာန်တစ သချိုင်းဝထုတ်ထားခုတ်၍သတ်စေ**"ဟု ပြစ်ဒဏ်ပေးလေ့ရှိခြင်းအား ထောက်ရှု၍ **သုသာန်သချိုင်းမှ ယောကျ်ားသားများ၏ ပုဆိုးစကို တစပုဆိုး**ဟု ဆိုလိုရင်းဖြစ်မည်ဟု ယူဆပါသည်။

## (င) သင်္ကန်းကြီးနား

သင်္ကန်းကြီးနား ဆိုသည်မှာ နှစ်ထပ် (ဒုကုဋ်)သင်္ကန်းကြီး၏ အနားမှအစ တစ်စစကိုသာ ဆိုလိုရင်း ဖြစ်ပါသည်။ တစ်ထည်လုံးကို မဆိုလိုပါ။

သံဃာတော်များ ဝတ်ရုံသုံးဆောင်ပြီးသော သင်္ကန်းကြီးအဟောင်းဖြစ်လျှင် ပို၍သင့်တော်ပါသည်။

တစ်ကြိမ်တစ်ခါသာ အသုံးပြုထားသော သင်္ကန်းကြီးထက်စာလျှင် အဟောင်းမှာ သမာဓိရှိသော၊ တရားဘာဝနာ ကျင့်ကြံအားထုတ်သော ရဟန်းတော်မြတ်များ၏ အငွေ့အသက်ဓာတ်များ ပါရှိပြီးဖြစ်၍ အသစ်ထက်စာလျှင် သုံးပြီး အဟောင်းမှာပို၍ အစွမ်းသတ္တိ ရှိပါလိမ့်မည်။

## (စ) တံခွန်မြီးဖျား

တံခွန်မြီးဖျားဟု ဆိုလိုသည်မှာလည်း စေတီဘုရားပုထိုးများ၏ တံခွန်တိုင်မှ တံခွန်ပိတ်စမြီးဖျားကိုသာ ဆိုလိုရင်း ဖြစ်ပါသည်။

တံခွန်မှာ ၇+၂=၉၊ မြီးဖျားပိတ်စမှာ ၅+၅+၅+၃=၁၈=၉ ဖြစ်၍ **ကိုးနဝင်းကျေစေရန်** ရည်ညွှန်းခြင်း ဖြစ်ပါမည်။

## (ဆ) တံစက်လက်ပြန်ရေ

တံစက်လက်ပြန်ရေ ဆိုသည်မှာလည်း ဝါးသက်ငယ်ဖြင့် မိုးထားသော နေအိမ်(အချို့ဒေသတွင် ဝါးကပ်မိုး) အမိုးမှ လက်ပြန်ပက်သောရေအား လက်ပြန်ခံ၍ရသော ရေကို ဆိုလိုရင်း ဖြစ်ပါသည်။

အကြောင်းမှာ မိမိ ဆောင်ရွက်သည့် ကိစ္စ ထမြောက်အောင်မြင်စေရန်၊ ကိုးနဝင်းကျေစေရန်ပင် ဖြစ်ပါသည်။ "**လက်ပြန်**"ဟု ဆိုထား၍ လက်=၄၊ ပြန်=၅ (၉) နဝင်းကျေစေရန် လက်ပြန်ပက်သောရေအား လက်ပြန်ခံ၍ရသော ရေမှသာလျှင် အစွမ်းထက်ပါလိမ့်မည်။

## (ဇ) ရေလုံအိုးကွဲ၊ နတ်အိုးကွဲ၊ အိုးထိန်းလက်စက်

**ရေလုံအိုးကွဲ** ဆိုသည်မှာ မြန်မာလူမျိုးတို့၏ဓလေ့ အသုဘချခါနီး အလောင်းကို ထုတ်ယူစဉ် ရေအိုးကို ရိုက်ခွဲရသော အလေ့အကျင့် ရှိပါသည်။ ထိုရိုက်ခွဲသော ရေအိုးမှ အိုးစအိုးနအား ရေလုံအိုးကွဲဟု ဆိုလိုရင်း ဖြစ်ပါသည်။

**နတ်အိုးကွဲမှာ** နတ်စင်များတွင် တင်ထားသော ညောင်ရေအိုး(နတ်အိုး)၊ ယင်းမှ အလိုအလျောက် ကျ၍ကွဲသော အိုးစအိုးနကို နတ်အိုးကွဲဟု ဆိုလိုရင်း ဖြစ်ပါသည်။ (တမင်ရိုက်ခွဲသော)အိုးစအိုးန မဟုတ်ပါ။

**အိုးထိန်းလက်စက်** ဆိုသည်မှာ အိုးထိန်းသည်များ အိုး ပြုလုပ်ပုံဖော်ရာ၌ မီးပေးမီးယူ မှား၍လည်းကောင်း၊ ရိုက်ချက်(လက်စ) လွန်၍လည်းကောင်း ကွဲသွားသောအိုးမှ အိုးစအိုးနကို အိုးထိန်းလက်စက်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

စာရေးသူသည် ဝါရင့် လောကီပညာရှင်တစ်ဦး မဟုတ်ပါ။ သို့သော် နိုင်ငံတော်အစိုးရက ၁၉၉၅ ခုနှစ်တွင် ကျင်းပပြုလုပ်သော တိုင်းရင်းဆေးလေးဘာသာအား အောင်မြင်ခဲ့ပြီးသူ ဖြစ်ပါသည်။

မိမိ လေ့လာသိရှိရသော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ သင်ပြပေးမှုများ၊ မိမိ နားလည်သဘောပေါက်သည်များအား ကျမ်းအကိုးအကားမှ အချက်အလက်များဖြင့် ပူးတွဲ၍ ဖြေကြားပေးလိုက်ရင်းဖြင့် **အရှင်အဂ္ဂဉာဏ**(ချမ်းမြေ့)၏ "**ပြင်တော်မူ**" ကဗျာလေးအား ဖော်ပြလိုက်ရပါသည်။

ငါတတ်ငါတော် ငါအကျော်ဟု
ငါသော်စိတ်ထား၏ မရှိငြားလည်း
ငါကားငယ်ရွယ် ဉာဏ်မကြွယ်၍
အဘယ်သို့လျှင် အမှားစင်အံ့
အကြင်သူတော် ပညာကျော်သည်
ချွတ်ချော်လွဲမှား ငါ့စကားကို
စိတ်ထားဖွေးမြူ ပြင်တော်မူ......

*မေတ္တာအရင်းခံ စေတနာမှန်ဖြင့်...*

**မကွေး—မကျည်း**



www.burmeseclassic.com

www.burmeseclassic.com

ဒေသခံအကျိုးပြု

# အဏုဇီဝပိုး မွေးမြူထုတ်လုပ်ခြင်း

**Indigenous Micro-Organisms (IMO)**

**အခြေခံအော်ဂဲနစ် လယ်ယာ** (Principles of Organic Farming)ကို အကောင်အထည်ဖော်မယ်ဆိုရင် မိမိမြေဆီလွှာများအတွင်းမှာ အကျိုးပြုမယ့် အဏုဇီဝပိုးများ လုံလောက်အောင် ရှိဖို့က အလွန်ပဲ အရေးကြီးတယ်လို့ ဆိုပါတယ်။

လက်ရှိ မြန်မာနိုင်ငံစိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေကို ဖြန့်ဝေလျက်ရှိတဲ့ **အီးအမ်**(EM)ဆိုတဲ့ အဏုဇီဝဖျော်ရည်ထဲမှာပါတဲ့ အကျိုးပြု မိုက်ခရုပ်ပိုးမျိုး(Effective Microbe)ကို ဆိုလိုတာပါ။

အဲဒီ အီးအမ်အကျိုးပြု အဏုဇီဝဖျော်ရည်ကို ဝယ်ယူသုံးစွဲရ ကြန့်ကြာနေမယ်ဆိုရင် ကိုယ်တိုင် ပြုလုပ်ရယူရနိုင်တယ်ဆိုတာကို တင်ပြလိုရင်း ဖြစ်ပါတယ်။

ဂျပန်နိုင်ငံ ကာရာမိုစီယားသင်တန်းကျောင်းက နည်းပညာတစ်ခုဖြစ်တဲ့ အပြင် တရုတ်(တိုင်ပေ)က **အစားအစာနှင့် မြေဩဇာနည်းပညာဗဟိုဌာန** [Food and Fertilizer Technology Center(FFTC)]လက်တွေ့နည်းပညာကို မလေးရှား စိုက်ပျိုးရေးဌာနနဲ့ ပူးပေါင်း ပညာပေးခြင်း သင်ခန်းစာမှာလဲ အဓိကပါရှိတဲ့ နည်းစနစ်တစ်ခု ဖြစ်ပါတယ်။

အော်ဂဲနစ် သီးနှံထုတ်လုပ်တဲ့စနစ်မှာ **သစ်ဆွေးမြေဩဇာ(ခေါ်) ကွန်ပို့ သဘာဝမြေဩဇာ**ဟာ အသက်တစ်ချောင်းဆိုရင် မမှားပါ။

လက်ရှိ စာရေးသူတို့ ပတ်ဝန်းကျင်မှာ မရှိသလောက်ကို ရှားပါးလာတဲ့ သဘာဝမြေဩဇာများအတွက် မိမိတို့ရဲ့ နီးစပ်ရာ သဘာဝစွန့်ပစ်ပစ္စည်းများ ဆွေးမြည့်ဖို့ဆိုတာ အနည်းဆုံး လေး‚ငါးလကနေ အခန့်မသင့်ပါက နှစ်ဆယ်ချီ ကြာတတ်ပါတယ်။

ဒါပေမယ့် အခု စာရေးသူ ဖော်ပြမယ့် နည်းပညာကတော့ ဂျပန်နဲ့ ကိုရီးယားက အသစ်စတင်လာတဲ့ စနစ်တစ်ခုပါ။ ဒီနည်းပညာကို ဒေသခံ အဏုဇီဝပိုးတွေကို အခြေခံလို့ အချိန်တို(၃)ပတ်အတွင်းမှာ ကုန်ကြမ်းပစ္စည်းများကို ဆွေးမြည့်ဖို့မှာ အကူအညီပေးပါတယ်။ ဒီနည်းကို အဆင့်(၄)ဆင့် လုပ်ဆောင်ရပါတယ်။



◆ ချက်ပြီးထမင်းများ ပါးသေတ္တာအတွင်း ထည့်ကာ I.M.O လုပ်ရန် ပြင်ဆင်နေစဉ်


◆ ထမင်းပေါ်မှ I.M.O အကျိုးပြုပိုး mole များ





www.burmeseclassic.com

www.burmeseclassic.com



▲ ဝါးရုံပင်အောက် သစ်ဆွေးမြေညို ကြွယ်ဝရာနေရာ၌ ထမင်းဘူးမြှုပ်ထားစဉ်

▼ I.M.O(4)အဆင့်ရှိ အနေအထား



### အဆင့်(၁)အဖြစ်

ပလတ်စတစ်ဘူးတစ်ခု ဒါမှမဟုတ် ဝါးပိုးဝါးဆစ်ဘူးထဲကို ပုံမှန်ချက်နေကြ အတိုင်း ချက်ထားတဲ့ထမင်းကိုထည့်ပါ။

သန့်ရှင်းပြီး ပျော့ပျောင်းတဲ့ အဖြူရောင်စက္ကူ [မလေးရှားမှာတော့ မာဂျောင်းစက္ကူ (Mahjong Paper)လို့ ခေါ်ပါတယ်]နဲ့ အုပ်ပေးပါ။ **မိုင်းကိုင်စက္ကူ ဒါမှမဟုတ် ရှမ်းစက္ကူ** အသုံးပြုနိုင်တယ်။

ပြီးရင် ထူထပ်စွာ ပေါက်ပြီး အထူ ရှစ်လက်မခန့်ရှိတဲ့ ဝါးရွက်ဆွေးနဲ့ ဝါးသစ်ဆွေးမြည့် ပေါကြွယ်ဝတဲ့ ဒေသတွင်းက ဝါးရုံပင်တွေအောက်မှာ အဲဒီထမင်းဘူးကို(၂)ရက်အကြာထားပေးပါ။

သိပ်မကြာခင်မှာပဲ ဘူးထဲက ထမင်းပေါ်မှာမှိုမျှင်(mole)လေးတွေ ပေါက်ပွားနေတာကို တွေ့ရပါပြီ၊ ထမင်းဘူးကို ဝါးရုံပင်အောက်မှာ ထားပေးခြင်းဖြင့် ဒေသခံအဏုဇီဝ IMO-1ကို လွယ်ကူစွာ ရရှိစေတဲ့ နည်းလမ်းတစ်ခုပါပဲ။

### အဆင့်(၂)ကတော့

ဘူးထဲက မှိုမျှင်တွေပါတဲ့ ထမင်းနဲ့ ပမာဏဆတူဖြစ်တဲ့ သကြားညိုကို ထည့်ပြီး ရောမွှေလိုက်ပါ။

### အဆင့်(၃)

ရေတစ်လီတာထဲ IMO-2 (၁၀)ဂရမ် ထည့်ပါ။ အညိုရောင်ဖျော်ရည် ရသည် အထိ မွှေပေးပါ။

အညိုရောင်ရပြီဆိုပါက အဆိုပါ ဖျော်ရည်တစ်လီတာကို (၈)ကီလိုဂရမ် အလေးချိန်ရှိတဲ့ ဖွဲနုနဲ့ သမအောင် ရောမွှေပြီးရင် အပေါ်ကနေ ပလတ်စတစ်စတစ်ခုနဲ့ ဖုံးအုပ်ပြီး (၅)ရက် သိပ်ထားပါ။ အဲဒါ အဆင့်(၃)ဖြစ်တဲ့ IMO-3 ရပြီ ဖြစ်ပါတယ်။

### နောက်ဆုံးအဆင့်(၄)ကတော့

အဲဒီဖွဲနုနဲ့ ရောစပ်ထားတဲ့ IMO-3 ကို ကောင်းစွာ ဆွေးမြည့်နေတဲ့ သစ်ဆွေးမြေနဲ့ ရောနှောပါ။ အပေါ်မှ တစ်စုံတစ်ခုဖြင့် ဖုံးအုပ်ပါ။ ငါးရက်ခန့်ကြာရင် အကျိုးပြုအဏုဇီဝပိုး များစွာပါတဲ့ မှိုမျှင်လေးများနဲ့ IMO-4ကို ရရှိပြီဖြစ်ပါတယ်၊

မိမိကိုယ်တိုင် စီမံပြုလုပ်ထားတဲ့ လက်ဖြစ်အကျိုးပြု အဏုဇီဝ IMO-4 ကို အိတ်ထဲထည့်ပြီး အေးရှခြောက်သွေ့တဲ့နေရာမှာ ရေရှည်သိမ်းထားနိုင်ပြီး စိုက်ခင်းများထဲဖြစ်စေ၊ ဘိုကာရှိ သစ်ဆွေးပုံ ပြုလုပ်ရင်ဖြစ်စေတို့မှာ ကောင်းစွာ အသုံးပြုနိုင်ကြောင်း တင်ပြလိုက်ပါတယ်။

ဒါ့အပြင် ကြုံကြိုက်ရင် မိမိ ပတ်ဝန်းကျင်မှာရှိတဲ့ လယ်ယာစွန့်ပစ်ကုန်ကြမ်းများစွာနဲ့ သစ်ဆွေးပြုလုပ်နည်းအကြောင်းတွေကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စိုက်ပျိုးရေးရောင်ခြည်ကဏ္ဍကနေမှ စာချစ်သူ တောင်သူဦးကြီးတို့အတွက် ထပ်မံ ရေးသားတင်ပြသွားပါဦးမယ်။

**တနိုင်းခ**



www.burmeseclassic.com

www.burmeseclassic.com

# အကြောနှင့်ဆရာ သက်စပ်ပါ

မြန်စွာပျောက်ကင်း

ဆရာဦးလှညိမ်း
(အကြောပညာရှင်)
[တံတားဦး အင်းဝ]

ဇက်ကျီးပေါင်းတက်သော်

ကျွန်တော် မန္တလေးမြို့ ၃၈ လမ်း၊ ၈၂–၈၃ လမ်းကြား၊ ဆေးခန်းဖွင့်လျက်ရှိရာ ကျွန်တော်၏ဆေးခန်းသို့ အသက် (၄၀) အမျိုးသမီးနှစ်ဦး ရောက်ရှိလာပြီး ဦးလှညိမ်းနှင့် တွေ့ချင်လို့ ပြောသဖြင့်...

'ကျွန်တော် ဆရာဦးလှညိမ်းပါ၊ ဘာများ အကူအညီပေးရမှာလဲ'

လို့ မေးတော့...

'ကျွန်မ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို လစဉ်နီးပါး ဖတ်ဖြစ်ပါတယ်။ ဆရာ ဆောင်းပါးကိုလဲ အမြဲတမ်း ဖတ်ရှုပြီး ကျွန်မ ဆရာထံ လာရောက်ခြင်း ဖြစ်ပါတယ်'

ဟု ပြောသဖြင့် ကျွန်တော်မှ...

'နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာပါတဲ့ ကျွန်တော့်ဆောင်းပါးတွေကို ဖတ်တဲ့အတွက် အထူး ကျေးဇူးတင်ပါတယ်။ အခု ဘာအကူအညီပေးရမှာလဲ'

လို့ မေးတော့...

'ကျွန်မဦးခေါင်း လှည့်မရဘူး။ ဟိုဘက် ဒီဘက် လှည့်ရင်လဲ မူးတယ်။ အဲဒီဝေဒနာ ခံစားနေရလို့ ဆရာထံ လာပြရတာ ဖြစ်ပါတယ်'

လို့ ပြောတော့ ကျွန်တော်မှ ယင်းဝေဒနာရှင်အား သေချာကျနစွာ စမ်းသပ် စစ်ဆေးပြီး အကြောပြင်နှိပ်ကွက်များဖြင့် ပြုပြင်ပေးပါတယ်။

အဲဒီဝေဒနာရှင်ကို သက်သာသလားမေးတော့ သက်သာကြောင်း ပြောပါတယ်။ ကျွန်တော်မှ...

'ခင်ဗျား ခေါင်းမူးရုံတင်မဟုတ်ဘူး၊ လည်ပင်းတောင့်တင်း နာကျင်နေမယ်။ ပြီးတော့ ဦးခေါင်း၊ လည်ပင်း၊ ပခုံးနဲ့ လက်မောင်းတို့မှာ လေးလံနေသလို ခံစားရမယ်။


နောက်ဆိုရင် ရောဂါ အခြေအနေဆိုးတဲ့ အခြေအနေမျိုးမှာ ကြွက်သားတွေ သေးငယ်သွားပြီး တချို့ဆိုရင် ကိုယ်အထက်ပိုင်း လှုပ်ရှားမရတော့တဲ့အထိ လည်ပင်းအဆစ်ကျုံ့မယ်၊ တနည်းအားဖြင့် အရိုးကျီးပေါင်းတက်ခြင်း ဖြစ်လာပြီဆိုရင် သာမန် အချိန်တွေမှာလို လှုပ်ရှားလို့ မလွယ်ဘူး။

ဒါကြောင့် နေ့စဉ် လှုပ်ရှားရတဲ့ အလုပ်တွေ မလုပ်နိုင်တော့ဘူး။ အနောက်တိုင်း ဆေးပညာမှာတော့လည်ပင်းဆစ် ကျီးပေါင်းတက်ခြင်းဟာ လည်ပင်းအဆစ်မှာ ပါဝင်တဲ့ အရိုးကလေးတွေရဲ့ ဖိနှိပ်အားကြောင့် အကြောညပ်ပြီး ဖြစ်တဲ့ ဝေဒနာလို့ ယူဆတဲ့အတွက် အရိုးကလေးတွေ ဖိအား လျော့သွားအောင် ဆွဲဆန့်ပေးတယ်။

အနောက်တိုင်း ဆေးကုနည်းကတော့ မေးစေ့နဲ့ ဦးခေါင်းနောက်စေ့ကို ကြိုးသိုင်းပြီး ဦးခေါင်းကို မ,ပေးတဲ့အခါ အရိုးတွေ ဖိညပ်မှုက လွတ်ပြီး သက်သာစေတယ်'

'ဟုတ်ပါတယ်ဆရာ.... ကျွန်မလဲ

ပုံ-၁




၁။ ဦးဆက်ကြော
၂။ ဦးနောက်လှိုင်းကြော
၃။ ကုတ်ကြော(သို့မဟုတ်) ဦးနောက်နားထင်ကြော
၄။ ခေါင်းဖြာကြော



www.burmeseclassic.com

ဆရာအခုပြောတဲ့အတိုင်း ခဲဆွဲဖူးပါတယ်။ ဒါပေမယ့် ဆွဲတုန်းခဏ သက်သာပါတယ်။ ပြီးတော့ပြန်ဖြစ်တာပဲ'

လို့ ပြောပါတယ်။

'အခု ခင်ဗျား ကျွန်တော့်ဆီလာပြီး အကြောပြင်ပေမယ့် ခင်ဗျားကိုယ်တိုင် ကျွန်တော်ပြောတဲ့ လေ့ကျင့်ခန်း မလုပ်ဘူးဆိုရင်တော့ သက်သာရုံ သက်သာပြီး ပျောက်ကင်းမှာ မဟုတ်ဘူး သက်သာပျောက်ကင်းစေချင်ရင်တော့ ကျွန်တော့်ဆီမှာ (၃)ခါ အကြောပြင်ပြီး လေ့ကျင့်ခန်း လုပ်ပါ'

လို့ ပြောတော့...

'လေ့ကျင့်ခန်းလဲ လုပ်ပါ့မယ်'

လို့ ပြောပြီး...

'ဆရာရယ် အခုလို ကျီးပေါင်းတက်ရောဂါက ဘယ်လိုအရွယ်တွေ အများဆုံးဖြစ်တာလဲ'

လို့ မေးတော့...

'အသက်(၄၀)ကျော် အဖြစ်များတဲ့ ဝေဒနာပဲ'

'ဘာကြောင့် (၄၀)ကျော်မှာ ဖြစ်တာလဲ'

လို့ မေးတော့...

'အလုပ်ပင်ပင်ပန်းပန်း အားစိုက်လုပ်ရတဲ့ အခါမှာဖြစ်စေ၊ လေအေးစက်ပန်ကာတို့နဲ့ အထိအတွေ့ များတဲ့အခါ ဖြစ်စေ၊ မတော်တဆ ထိခိုက်ဒဏ်ရာရသည်ဖြစ်စေ၊ လည်ပင်းဆစ်အရိုးတွေ ကျီးပေါင်းတက်တတ်ပါတယ်။ ကျီးပေါင်းတက်ပြီး အခုလို ဝေဒနာမျိုးဖြစ်ပါတယ်'

လို့ ကျွန်တော်မှ ပြောပြတော့ ယင်းဝေဒနာရှင်နဲ့အတူ ပါလာတဲ့ အမျိုးသမီးက...

'ဆရာပြောတဲ့ လေ့ကျင့်ခန်းဟာ ဝေဒနာရှင်တွေမှ လုပ်ရတာလား'

လို့ မေးတော့...

'မဟုတ်ရပါဘူး ဝေဒနာရှင်တွေ လေ့ကျင့်ခန်းလုပ်ရင် ပျောက်ကင်းသက်သာပြီး ဝေဒနာမရှိတဲ့သူများ လေ့ကျင့်ခန်းလုပ်ရင် လုံးဝ ကျီးပေါင်းတက်ရောဂါဝေဒနာ မဖြစ်နိုင်ဘူး'

လို့ ကျွန်တော်က ပြောပါတယ်။ ဝေဒနာရှင်အား ကျွန်တော်မှ (၃)ရက် တိတိ အကြောပြင်ပေးပြီး လေ့ကျင့်ခန်းလုပ်ရန် ပြောလိုက်ပါတယ်။

(၃)လခန့်ကြာသောအခါ ယင်းအမျိုးသမီး(၂)ယောက် လက်ဆောင်ပစ္စည်းများဖြင့် ရောက်ရှိလာပြီး...

'ဆရာ ကျွန်မတို့ကို မှတ်မိလား'

လို့ မေးတော့ ကျွန်တော်မှ...

'မှတ်မိပါတယ်... အခု ခင်ဗျား ဦးခေါင်းလဲ လှည့်ရရဲ့လား၊ ခေါင်းမူးသေးရဲ့လား'

လို့ မေးတော့...

'ဦးခေါင်းလဲ လှည့်ရပြီး ခေါင်းလဲ မမူးတော့ဘူး၊ ဆရာခိုင်းတဲ့ လေ့ကျင့်ခန်းကို မှန်မှန်လုပ်တော့ လုံးဝပျောက်ကင်းသွားပါတယ်'

လို့ ပြောဆိုပြီး လက်ဆောင်ပစ္စည်းများ ပေး၍...

'ဆရာ ကျွန်မလို ဝေဒနာရှင်များ ကိုယ်တိုင်လေ့ကျင့်ခန်း လုပ်နိုင်ဖို့ ဆရာမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ အကြောပြင်နိုပ်ကွက်များနဲ့ လေ့ကျင့်ခန်းပြုလုပ်ပုံများကို ရေးသားဖို့ တိုက်တွန်းသဖြင့် ဝေဒနာရှင်များ၊ ဝါသနာရှင်များ အသုံးပြုနိုင်ရန်အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ရေးသား တင်ပြလိုက်ပါတယ်'

အကြောပြင်နိုပ်ကွက်မှာ ဝေဒနာရှင်အား ခြေဖျားမှစ၍ တစ်ကိုယ်လုံး အကြောများ ပျော့ပျောင်းသည်အထိ အကြောဖြေလျှော့ပေးပါ။

**၁။ ဦးဆက်ကြော။** ။ ယင်းအကြောကို ဖိဖိပြီး ဖွပေးပါ။

**၂။ ဦးနောက်လှိုင်းကြော။** ။ ယင်းအကြောကို လက်မဖြင့် ဖိဖိပြီး ဖွပေးပါ။

**၃။ ကုတ်ကြော(သို့မဟုတ်) ဦးနောက်နားထင်ကြော။** ။ ယင်းအကြောကို ဖိဖိပြီး ပွတ်ခြေပေးပါ။

**၄။ ခေါင်းဖြာကြော။** ။ယင်းအကြောကို ဖိဖိပြီး ဖွပေးပါ။

ဝေဒနာရှင်အား ပက်လက်အိပ်စေ၍ မေးစေ့မှကိုင်၍ တစ်ဖက်သို့ လက်တစ်ဖက်ဖြင့် တွန်းပြီး အထက်ပါနည်းအတိုင်း ပြုပြင်ပေးပါ။ ယင်းပြုပြင်သည့်အချိန်တွင် ခေါင်း အလွန်မူး၍ ဝေဒနာရှင်အား မျက်စိမှိတ်ခိုင်းပြီး ဘယ်ညာ ပြုပြင်ပေးပါ။

လေ့ကျင့်ခန်းပြုလုပ်ရန်

၁။ ဝေဒနာရှင် မတ်တတ်ရပ်၍ ခါးထောက်လျက် ဘယ်ညာပခုံးကို မေးစေ့ဖြင့် ရအောင်ထိပါ။


၂။ ခေါင်းကိုမော့၍ "ဝ,လုံး"သဏ္ဍာန် လှည့်ပေးပါ။ (ဘယ်,ညာ)လှည့်ရန်။

၃။ ခေါင်းကို ရင်ဘတ်နှင့် မေးစေ့ထိအောင်ငုံ့ပါ။ တစ်ဖန်ပြန်၍ ခေါင်းကို နောက်ကိုမော့ပါ။

**မှတ်ချက်။** ။ **လေ့ကျင့်ခန်း ပြုလုပ်စဉ် ခေါင်းမူးတတ်၍ မျက်စိမှိတ်၍ လေ့ကျင့်ခန်းလုပ်ပါ။** အထက်ပါအတိုင်း ပြုလုပ်လျှင် ကုတ်ကျီးပေါင်းတက်ခြင်း၊ လက်,မလှုပ်နိုင်ခြင်းတို့ကို ပျောက်ကင်းစေနိုင်ပါသည်။

**ဦးလှညိမ်း(အကြောပညာရှင်)**
**(တံတားဦး၊ အင်းစိန်)**

www.burmeseclassic.com



၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ၊ တန်ဆောင်မုန်းလပြည့်ညတွင် ရရှိသည့် ဆေးတော်များ
၁။ စေတီပုံဆေးမြစ်တုံး၊ ၂။ ကျောက်ပျဉ်သီး၊ ၃။ ညှပ်သွားတော်၊
၄။ ရာကျော်ဆရာတော်ကြီး ချီးမြှင့်သော ဓာတ်လုံး

# ကိုယ်တွေ့ကြုံရလို့ ယုံရသည် (၄)

နှင်းပုလဲသွေး

(၁၉၈၉)ခုနှစ်၊ **နိုဝင်ဘာလ**တွင် စာရေးသူ၏ ခင်ပွန်းရုံးသို့ အဘကြူမှ ဖုန်းလှမ်းဆက်ပါသည်။

'တန်ဆောင်မုန်းလပြည့် ည(၁၂)နာရီတွင် အဘကြီး ဘိုးမင်းခေါင် ဆေးကြိုတ် လိမ့်မယ်၊ ညည်းတို့ နှစ်ယောက် အမရပူရကို လာခဲ့ကြ' ဟု ပြောပါသည်။ စာရေးသူနှင့် ခင်ပွန်းသည်တို့ တန်ဆောင်မုန်း လပြည့်မတိုင်မီ တစ်ရက် အလိုတွင် ရန်ကုန်မှ အမရပူရသို့ ရောက်ကြပါသည်။

ရောက်ပြီးနောက် အဘကြူ၏ ဓာတ်နန်းဘေးဘက်ခြံတွင် နေသူများထံမှ ကြီးမားလှသည့် ကျောက်ပျဉ် တစ်ချပ်ကို ခေတ္တငှားပြီး ဆေးကြော သန့်ရှင်းထားပါသည်။

နောက်နေ့ တန်ဆောင်းမုန်းလပြည့် ည(၁၁ နာရီ ၄၅ မိနစ်)တွင် အဘရာကျော်ဆရာတော်ကြီးသည် အဘကြူထံတွင် ဓာတ်စီးကြွလာပါသည်။

စာရေးသူ၏ခင်ပွန်းမှ ကွမ်းတစ်ရွက်တွင် ကွမ်းသီးသုံးခြမ်းထည့်၊ ထုံးတို့ပြီး ကွမ်းယာကို ရာကျော်ဆရာတော်ကြီးအား ကပ်လိုက်ပါသည်။ ရာကျော်ဆရာတော်ကြီးသည် ကွမ်းဝါးနေရင်း...

'မင်း ကပ်တဲ့ ကွမ်းထဲမှာ ခဲပါတယ်ကွ'

ဟု ပြောကာ ဓာတ်လုံးတစ်လုံး ထွေးချလိုက်ပြီး ထိုဓာတ်လုံးကို စာရေးသူအား လှမ်းပေးကာ...

'ဆေးကုတဲ့အခါတိုင်း ဒီဓာတ်လုံးကိုသုံးပါ'

ဟု ပြောပါသည်။ ထို့နောက် နိဗ္ဗာန်ရောက်ကြောင်းတရားကို တိုတိုတုတ်တုတ် ဟောပါသည်။

ရာကျော်ဆရာတော်ကြီး ပြန်ကြွပြီးနောက် အဘကြီးဘိုးမင်းခေါင် ဓာတ်စီးကြွလာပါသည်။ အဘကြီးဘိုးမင်းခေါင်ကြွလာသည်နှင့် တစ်ပြိုင်နက်...

'ပုဂ္ဂိုလ်တွေ ဆေးကြိတ်တာ ကျောက်ပျဉ် မလိုဘူးကွ'

လို့ ပြောလိုက်ရာ စာရေးသူသည် ရှက်ရှက်နှင့် ကျောက်ပျဉ်ကြီးကို ကမန်းကတန်း နောက်သို့ ရွှေ့လိုက်ပါသည်။

အဘကြီးဘိုးမင်းခေါင်မှ ညာလက်ဝါးကို မြှောက်၍ ဖြန့်လိုက်ဆုတ်လိုက် ငါးကြိမ်လုပ်ရာ နှစ်လက်မအရှည်ရှိ၍ ငါးမူးစေ့လောက်ဝိုင်းသော ဆေးတောင့်ပျော့ပျော့လေး ပေါ်လာပါသည်။

'ခု ဘယ်နှစ်နာရီရှိပြီလဲကွ'

ဟု မေးရာ နာရီကို ကြည့်လိုက်ရာ ည(၁၂)နာရီတိတိ ရှိပြီဖြစ်ပါသည်။

ထိုဆေးကို အနည်းငယ်စီလုံးပြီး တစ်ဦးချင်း အနားခေါ်၍ တစ်လုံးစီ ပါးစပ်ထဲ ခွံ့ပါသည်။ အရသာမှာ ချိုချိုမွှေးမွှေးလေးဖြစ်ပါသည်။

'တန်ဆောင်မုန်းလပြည့်ည(၁၂)နာရီမှာ ငါကြိတ်တဲ့ဆေး စားထားသူတိုင်း တစ်နှစ်အတွင်း ဥပဒ္ဒွေအကျင်္ကနဲ့ မသေဘူးကွ'

ဟု အဘကြီးဘိုးမင်းခေါင်မှ အမိန့်ရှိပါသည်။ အဘကြီးဘိုးမင်းခေါင် ပြန်ကြွသွားပြီးနောက် အဘကြူမှ လက်အပေါ်မြှောက်၍ လက်ဝါးဖြန့်ထားပြီး စေတီပုံ ဆေးမြစ်တုံးတစ်ခု အရင်ပေးပါသည်။

ဒုတိယအကြိမ် ဘူးသီးပုံကျောက်



www.burmeseclassic.com

www.burmeseclassic.com

တစ်လုံးနှင့် ညှပ်သွားတော်ဟု ခေါ်သည့် ကျောက်တစ်ခုကို လက်ဝါးဖြန့်၍ လက်အပေါ် ဆန့်တန်းပြီး လေထဲမှ ဆွဲယူပေးပြန်ပါသည်။

'စေတီပုံ ဆေးမြစ်တုံးကို ရိုးရိုးရောဂါကုရင် သုံးရမယ်။ ဘူးသီးပုံကျောက်ကတော့ ချစ်လို့ဖြစ်စေ၊ မုန်းလို့ဖြစ်စေ အစာဘူးသွင်းတာ တစ်ခုတည်း ကုရင်သုံးပါ။

ညှပ်သွားတော်ကိုတော့ နေအိမ်၊ ခြံမြေ၊ ဈေးဆိုင်၊ ကား့ဆိုင်ကယ်တို့မှာ မကောင်းသည့် အစိမ်းအပ၊ အင်းအတိုက်အခိုက်ကို ဖယ်ဖို့ သုံးရမယ်'

ဟု အဘကြီးမှ ပြောပါသည်။

ဖော်ပြပါဓာတ်ပုံတွင် တွေ့ရသည့် စေတီပုံဆေးမြစ်တုံးမှာ အမြင့် (၃½လက်မ)ခန့် ရှိပြီး အောက်ခြေဝိုင်းပြီး ပေါ့ပေါ့လေးဖြစ်ပါသည်။

ကျောက်ဘူးသီးမှာ နှစ်ဆင့်ပုံဖြစ်ပြီး တစ်လက်မခွဲခန့် မြင့်ပါသည်။ ညှပ်သွားတော်မှာ ပစောက်ပုံ ကျောက်အညိုလေးဖြစ်ပါသည်။

ထိုဆေးတော်သုံးမျိုးနှင့် ဆေးကုရန် ဓာတ်လုံးရပြီးနောက်နေ့တွင် စာရေးသူနှင့် ခင်ပွန်းဖြစ်သူတို့ ရန်ကုန်ရှိ မင်္ဂလာဒုံမြို့နယ်နေအိမ်သို့ ပြန်ရောက်ကြပါသည်။ ဘေးခြံမှ အိမ်နီးချင်းများက...

'အဘကြီးဆီသွားတာ ဒီတစ်ခေါက် ဘာထူးခြားလဲ'

ဟု ဝိုင်းမေးကြရာ...

'အဘကြီးဘိုးမင်းခေါင်မှ ဆေးကုခွင့်ပြုလိုက်တယ်'

ဟုသာ ပြန်ပြောခဲ့ပြီး စာရေးသူမှ ဆေးတော်များကို ထုတ်မပြခဲ့ပါ။

မပြရခြင်းအကြောင်းရင်းမှာ အဖြစ်မှန်အတိုင်း ပြန်ပြောပြလျှင် ဘယ်သူမှ ယုံကြမှာမဟုတ်လို့ပင် ဖြစ်ပါသည်။

ဓာတ်လမ်းက ထိုပြန်ရောက်သည့် ည(၉ နာရီခွဲ)တွင် စပါတော့သည်။ ခရီးပန်းလာသဖြင့် စာရေးသူတို့ မိသားစု(၃)ဦး ည(၈)နာရီအတီတွင် ပုတီးစိပ်ကြပြီး ည(၈နာရီ ၄၅မိနစ်)တွင် အိပ်ရာဝင်ခဲ့ကြပါသည်။

ည(၉နာရီခွဲ)တွင် နှစ်ခြံကျော်မှ အမျိုးသမီးသုံးယောက် ခြံပေါက်ဝမှ အော်ခေါ်နေကြပါသည်။

အကျိုးအကြောင်း မေးကြည့်ရာ အသက်(၂၀)ရှိ မခင်သက်နိုင်ဆိုသည့် ကလေးမသည် ဘုရားထိုင်ရှိခိုးနေတုန်း ရှေ့ကို မှောက်လဲကျပြီး သတိလစ်နေကြောင်း၊ စာရေးသူအား အိမ်သို့ လိုက်ကြည့်ပေးပါရန် လာခေါ်ခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။

အမှန်အတိုင်း ဝန်ခံရလျှင် စာရေးသူသည် ငယ်ငယ်လေးကတည်းက ယခုအသက်အရွယ်ထိ သရဲအလွန်ကြောက်သူ ဖြစ်ပါသည်။

ထိုကြောက်စိတ်ကြောင့်ပင် ဆေးတော်များ ပါလာသော်လည်း ဘယ်မှ လိုက်မကုကြောင်း၊ မခင်သက်နိုင်ကို စာရေးသူအိမ်သို့သာ ခေါ်လာပါရန် ပြန်ပြောလိုက်ပါသည်။

ဆံပင်အလွန်ကောင်း၍ ပေါင်လည်လောက်ထိ ရှည်လျားသော ဆံပင်ဖားလျားနှင့် တောင့်တောင့်ဆန့်ဆန့်ကြီး သတိလစ်နေသော ကလေးမလေးအား အမျိုးသမီးလေးဦးက မ,လာကြပါသည်။ စာရေးသူက ဘုရားစင်တွင် ဆီမီးထွန်း၊ ငါးပါးသီလခံယူပြီးနောက် တိုးတိုးလေး သစ္စာဆိုပါသည်။

(၁၉၇၉)ခုနှစ်မှစ၍ ပုတီးမှန်မှန် စိပ်ခဲ့ပါသည်။ ဤသစ္စာစကား မှန်ပါက ကလေးမလေးကို ဆေးကုရာတွင် ရောဂါပျောက်အောင် ထွက်ရပ်ပေါက် ဆရာတော်နှစ်ပါးဖြစ်သော ရာကျော်ဆရာတော်ကြီးနှင့် အဘကြီးဘိုးမင်းခေါင်တို့မှ စောင့်ရှောက်ကူညီပေးပါရန် တိုင်တည်ပါသည်။

ထို့နောက် သန့်ရှင်းသော ဖန်ခွက်ထဲ ရေထည့်၍ ဓာတ်လုံးနှင့် ညှပ်သွားတော်ကိုပါထည့်ပြီး သရဏဂုံ(၃၀)ကို ရွတ်ပါသည်။

ရွတ်ပြီးနောက် ထိုရေဖြင့် ကလေးမလေးအား တောက်ဖျန်းလိုက်ရာ သတိရလာပြီး ထထိုင်ပါသည်။ စာရေးသူမှ ကလေးမလေးအား...

'နေ့လယ်က ဘယ်သူနဲ့ ရန်ဖြစ်မိသေးလဲ'

ဟု မေးကြည့်ရာ ရစရာရှိသည့် အကြွေးသွားတောင်းတာ မရသဖြင့် အော်ဆဲခဲ့မိပါသည်ဟု ဝန်ခံပါသည်။

စာရေးသူမှ ဒီအိမ်တွင် ဆေးလာကုသည့်အကြောင်း မည်သူ့ကိုမှ မပြောရန် အမျိုးသမီးငါးယောက်လုံးအား အသေအချာ မှာလိုက်ပါသည်။

သို့သော် နောက်နေ့တွင် အဘကြီးထံမှ ရရှိခဲ့သည့် ဆေးအစွမ်းကြောင့် စာရေးသူက မခင်သက်နိုင်ကို ဆေးကုပေးလိုက်နိုင်သည့် သတင်းကို ပါလာသူ အမျိုးသမီးလေးယောက်မှ ဝမ်းသာအားရ ဖြန့်ချိကြပါတော့သည်။

အဘကြီးနှင့် စာရေးသူ စတွေ့သည့် **(၁၉၈၆)ခုနှစ်မှ ယခု(၂၀၁၆)ခုနှစ်ထိ နှစ်သုံးဆယ်အတွင်း** တွေ့ကြုံခဲ့ရသည့် အလွန်ထူးဆန်းသော အကြောင်းအရာများစွာသည် ကိုယ်တိုင် မြင်တွေ့ရလို့သာ ယုံရပါသည်။

တစ်ဆင့်စကားဖြင့် ကြားရလျှင် ယုံနိုင်စရာ မရှိပါ။ အဘ၏ အမည်ရင်းသည် ဦးအေးကြူဖြစ်ပါသည်။ အဘကြူ မဟုတ်ပါ။

အဘကြူနှင့် ပတ်သက်သည့် ထူးဆန်းသော အကြောင်းအရာများစွာကို ကိုယ်တွေ့ကြုံလို့ယုံရသည် (၅)တွင် ဆက်လက်ဖော်ပြပါမည်။

ဤစာစုဖြင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ဖြစ်သော အဘကြူအား ရိုသေစွာ ရှိခိုးကန်တော့အပ်ပါသည်။

**နှင်းပုလဲသူ**

F.23B. February 2017.



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်၏

# ပါဠိဂါထာတော်နှင့်

ကိုယ်တွေ့ ဖြစ်ရပ်ဆန်း

ဦးသူရစိုး
(ငါးသိုင်းချောင်း)



ဘုရားရှင်၏ စရဏာနှင့်

လောကအကျိုး

ဘုရားရှင်၏ စရဏာစွမ်းအားတွေဟာ လောကသုံးပါးအတွက် ကောင်းကျိုးသုခများကို အစဉ်အမြဲ ပေးစွမ်းနိုင်ပါပေသည်။

ဂေါတမဘုရားရှင်မှမဟုတ် ပွင့်တော်မူပြီးကုန်သော ဘုရားရှင်တိုင်း ဘုရားရှင်တိုင်း၏ စရဏာစွမ်းအားများသည် လောကသုံးပါးအတွက် ကောင်းကျိုးသုခများကို ပေးစွမ်းမြဲ ပေးစွမ်းတော် မူခဲ့ကြပါသည်။

ဘုရားရှင်တိုင်းသည် **"ဗုဒ္ဓတ္ထစရိယ– ဉာတတ္ထစရိယ– လောကတ္ထစရိယ"**ဟူသော သုံးပါးသော အကျိုးအတွက် ဘုရားအဖြစ်ကို လေးအသင်္ချေ၊ ရှစ်အသင်္ချေ၊ တစ်ဆယ့်ခြောက် အသင်္ချေ စသည်ဖြင့် မိမိလိုချင်သော ဆုအမျိုးအစားအလိုက် ပါရမီများ ဖြည့်ကျင့်တော် မူခဲ့ကြပါသည်။

ထိုဆင်းရဲကြီးစွာ ကျင့်တော်မူခြင်း၊ စွန့်ကြီးခြင်းများစွာကို ပေးလှူခြင်း၊ စရဏာအကျင့်များစွာ ဖြည့်ဆည်းတော်မူခဲ့ကြသည်များပင် လောကသုံးပါးအတွက် လူ၊ နတ်၊ ဗြဟ္မာများအတွက် ပေးဆပ်ခဲ့၊ ဖြည့်ဆည်းခဲ့၊ ကျင့်တော်မူခဲ့ကြခြင်း ဖြစ်ပါသည်။

ဂေါတမမြတ်ဗုဒ္ဓသည် သုမေဓာရှင်ရသေ့ဘဝမှာပင် တစ်ကိုယ်တည်း၊ တစ်ယောက်တည်းအတွက် လွတ်ရာလွတ်ကြောင်း မြတ်သောနိဗ္ဗာန်သို့ ယူမည်ဆိုလျှင် ရခဲ့ပေမည်။

သို့သော် လူ၊ နတ်၊ ဗြဟ္မာများအတွက် ငဲ့ကွက်၍ မယူခဲ့တဲ့ သဗ္ဗညုဘုရားအဖြစ်သို့ ဆက်၍ ကျင့်ကြံအားထုတ်ခဲ့သော မြတ်လှစွာသော ဘုရားရှင်၏ ကရုဏာတော်များကို သိနိုင်ပါသည်။

စရဏာဟူသော စကားရပ်ကို ပါရမီဟူ၍လည်း ဆိုနိုင်ပါသည်။

ပါရမီနှင့် အာဇာနည်

ပါရမီဟူသော စကားရပ်ကို ဆရာကြီး ဦးရွှေအောင်ရေးသော လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင်စာအုပ် စာမျက်နှာ (၇၁)တွင် ဤသို့ ဖွင့်ဆိုပါသည်။

ပါရမီဟူသည် ပါဠိဝေါဟာရဖြစ်သည်။ မြန်မာပြန်အနက်အကျဉ်းမှာ **"မြင့်မြတ်သူတို့၏ လုပ်ငန်း"**ဟူ၍ ဖြစ်၏။

သို့ဖြစ်လျှင် ရှေးဦးစွာ မြင့်မြတ်သူများကို သိဖို့လိုသည်။

မြင့်မြတ်သူများဟူသည်မှာ ကိုယ်ကျိုးကို ပဓာန မထားဘဲ သူတစ်ပါးကောင်းကျိုးကို လည်းကောင်း သံသရာမှ လွတ်မြောက်ဖို့ကို လည်းကောင်း ရည်မှန်း၍ ပြုတတ်သူများပင် ဖြစ်၏။

ထိုသူများသည် စည်းစိမ်ဥစ္စာ

www.burmeseclassic.com

အတွက်ဖြစ်စေ၊ ရာထူးဂုဏ်သိန်အတွက် ဖြစ်စေ၊ ထင်ပေါ်ကျော်ကြားမှုအတွက် ဖြစ်စေ၊ အများအထင်ကြီးခံရမှုအတွက် ဖြစ်စေ၊ လောကကို မိမိဘဝအတွက် အသုံးမချဘဲ မိမိဘဝကိုသာ လောက အတွက် အသုံးချခဲ့သူများ ဖြစ်ကြ၏။ **မိမိဘဝကို လောကအတွက် စတေးသူများဖြစ်ကြ၏**ဟု ဖွင့်ဆိုပါသည်။

အထက်ပါစာစုများသည် ဘုရားရှင်၏ စရဏစွမ်းအားနှင့် ကရုဏာတော်များကို ပို၍ သိနိုင်အောင် စာပလ္လင်အနေဖြင့် ရေးရခြင်းဖြစ်ပါသည်။

ထိုစရဏစွမ်းအားနှင့် ကရုဏာတော်များသည် တကယ်ပင် အကျိုးကျေးဇူးများကြောင်းကို ဘုရားရှင်၏ ပရိတ်တော်တို့ကြောင့်လည်းကောင်း၊ ဟောကြားတော်မူခဲ့သော တရားတော်များမှ လည်းကောင်း၊ စကားစုဒေသနာတော်အပိုင်းအစလေးများ၊ ရွှေနှုတ်တော်မှ ထွက်ပေါ်တော်မူခဲ့သော မည်သည့် စကားစု၊ တရားစုများသည် ပင်လောကသုံးပါးအတွက် ကောင်းကျိုးသုခကို ပေးစွမ်းနိုင်ကြောင်း...။

မြေဖုတ်ဘီလူး၊ တစ္ဆေ၊ မှင်စာ၊ မကောင်းသော ပြိတ္တာဘေးတို့မှ ကင်းလွတ်ချမ်းသာရာ ရသွားသူများ၊ အသက်အန္တရာယ်များမှ ကင်းလွတ်သွားကြသူများ၊ စီးပွားဥစ္စာတိုးပွားချမ်းသာသွားကြသူများကို စာအုပ်၊ စာပေ၊ မဂ္ဂဇင်းများမှ လည်းကောင်း။

ဆရာတော်၊ သံဃာတော်များ ဟောကြားတော်မူသော တရားတော်များမှ လည်းကောင်း ကြားသိကြ၊ ဖတ်ဖူးကြ၊ နာကြားခဲ့ကြပေလိမ့်မည်။

မြတ်ဗုဒ္ဓ၏ တရားဂုဏ်တော်ခြောက်ပါးတွင်လည်း ကောင်းကျိုးချမ်းသာများကို ရေးရှု၍ဟောကြားတော်မူသော တရားတော်၊ မျက်မှောက်ကိုယ်တွေ့အကျိုးပေးသောတရားတော်၊ အချိန်မရွေး လက်ငင်းအကျိုးပေးသော တရားတော် လာလှည့်ပါ၊ ရှုလှည့်ပါ ပွားများ အားထုတ်လှည့်ပါဟု လက်တွေ့စမ်းသပ်နိုင်သော တရားတော်။

ကောင်းကျိုး ချမ်းသာများနှင့်တကွ နတ်ပြည် နိဗ္ဗာန်သို့တိုင် အကျိုးပေးသောတရားတော်၊ ပညာရှိအပေါင်းတို့ လက်ခံယုံကြည်၍ ကိုယ်ပိုင်အကျိုးခံစားခွင့်ရှိသော တရားတော်ဟု တရားတော်များ၏ ဂုဏ်တော်ခြောက်ပါးကို အတိအလင်း ဟောကြားတော်မူခဲ့ပါသည်။

## မြတ်ဗုဒ္ဓ၏ နှုတ်ကပါဠ်တော် လက်တွေ့အကျိုး

သည်စာစုများကို ရေးရခြင်းသည် ကျွန်တော်၏ ကိုယ်တွေ့တပ်အပ်မြင်တွေ့ခဲ့ရသော အကျိုးခံစားရပုံလေးကို သိစေချင်၍ ဖြစ်ပါသည်။

ဝါဆိုလကိုလည်းရောက်ခဲ့၍ သည်အကြောင်းလေးကိုလည်း သတိရမိခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ငယ်ငယ်က ဝါဆိုလပြည့်နေ့ရောက်ပြီဆိုလျှင် ကျွန်တော့်အမေနှင့် ဆွေမျိုးများသည် ဝါဆိုပန်းခူးထွက်ကြပါသည်။

ပန်းများနည်းလျှင် ဈေးမှလည်း ဝယ်ကြသည်။ ည(၀၇း၀၀)နာရီလောက်တွင် ဘုန်းကြီးကျောင်းသို့ သွား၍ ဝါဆိုတော်မူကြကုန်သော သံဃာတော်များကို ဝါဆိုပန်းများ လှူကြပါသည်။

ကျွန်တော်တို့လှူသော ပန်းများကို ကျောင်းထိုင်ဆရာတော်မှ ကျန်သံဃာတော်များကို အညီအမျှ ခွဲဝေပေးပါသည်။ ပန်းများကို လက်အုပ်တွင် ညှပ်ကာ...

'ဣမသ္မိံဝိဟာရေ ဣမံတေမာသံ ဝဿံ ဥပေမိ'

**အနက်**

**ဣမသ္မိံဝိဟာရေ**– ဤကျောင်းတိုက်၌၊ **ဣမံတေမာသံ**– ဤသုံးလပတ်လုံး၊ **ဝဿံ**–ဝါကို၊ **ဥပေမိ**– ကပ်ရောက်နေထိုင်ပါ၏။ (တစ်နည်း) **ဣမံတေမာဝဿံ**– ဤမိုးသုံးလပတ်လုံး၊ **ဥပေမိ**–ကပ်ရောက်နေထိုင်ပါ၏။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဏ္ဏဒီပြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]***

ဟု ဝါစဉ်ထေရ်စဉ်အလိုက် သုံးကြိမ်ဆို၍ ဝါဆိုတော်မူကြပါသည်။

ကျွန်တော်ရေးချင်သော အကြောင်းသည် (ဤ **ဣမသ္မိံဝိဟာရေ ဣမံတေမာသံ ဝဿံဥပေမိ**)ဟူသော သံဃာတော်များ ဝါဆိုတော်မူကြကုန်သော ပါဠိစာပိုဒ်လေးပင်ဖြစ်ပါသည်။

မြန်မာလိုကတော့...

'ဝါဆိုလပြည့်ကျော်တစ်ရက်မှ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့အထိ ဝါတွင်းသုံးလပတ်လုံး ဤကျောင်း၏အရံအတွင်း၌ ဝါဆိုခြင်းကို ပြုပါ၏'

ဟု ဆိုလိုပါသည်။ ဝါဆိုခြင်းကို... သည် ဤမျှနှင့် မပြည့်စုံနိုင်သေးပါ။

## ဝါဆိုသော ပါဠိလေး၏ အစွမ်း

ကျွန်တော် တစ်ဆယ့်လေးနှစ်သား... အရွယ်ကဖြစ်ပါသည်။ ကျွန်တော်တို့ ငယ်ငယ်က လမ်းပန်းဆက်သွယ်ရေး... သည် ယခုအချိန်လောက် မကောင်း... ပါ။ ကားလမ်းများလည်း ယခု... လောက်မပေါက်သေးပါ။ မီးရထား...



www.burmeseclassic.com

www.burmeseclassic.com

သဘော်များနှင့် သွားလာရတာ များပါသည်။

မြစ်ချောင်းများကူးလျှင် တံတားကြီးများပေါ်မှ သွားရတာ နည်းပါး၍ ဖက်ကူးတို့များနှင့် တစ်ဖက်ကမ်းသို့ ကူးရသည်။

ကျွန်တော်နှင့်မိဘများ ရန်ကုန်သို့ သွားလျှင် ရေကြည်ဘူတာရုံမှ ဟင်္သာတမြို့သို့ ရထားစီးရသည်။ ဟင်္သာတမှ တစ်ဖက်ကမ်းသို့ ဖက်နှင့် ကူးရသည်။

တစ်ဖက်ကမ်း သာရဝေါမှကြည့်မြင်တိုင်ဘူတာသို့ ရထားစီးရသေးသည်။ နံနက်(၀၇း၀၀)မှ ရေကြည်ဘူတာရုံမှ ထွက်လာသော ကျွန်တော်တို့ မိသားစုသည် ရန်ကုန် ကြည့်မြင့်တိုင် ဘူတာသို့ ည(၀၇း၀၀) နာရီမှ ရောက်သည်။

ရေကြည်ဘူတာမှ ဟင်္သာတမြို့သို့ အသွား ရထားပေါ်တွင် ဖြစ်ပါသည်။ တပ်မတော်မှ တပ်ကြပ်ကြီးနှင့် အခြားရဲဘော်တစ်ယောက်နှင့်အတူ တရားခံစစ်ပြေးဟု ထင်ပါသည်။ လက်ထိပ်လဲ ခတ်မထားပါ။ သူတို့လေးယောက် ကျွန်တော်တို့ မျက်နှာချင်းဆိုင် ခုံတွင် နေရာယူကြသည်။

ဇရပ်လှ–ဘူတာသို့ ရောက်သောအခါ ရထားရပ်ပါသည်။ တပ်ကြပ်ကြီးမှ ရထားအောက်သို့ ဆင်းခါနီးတွင် ဖမ်းလာသောတရားခံ နှစ်ယောက်ကို ပါးစပ်မှ တိုးတိုးလေးဆိုပြီး သူ့လက်နှင့် ကြိုးနှင့်ခြည်သလို ရစ်ပတ်နေပါသည်။

**ထူးဆန်းသည်မှာ တရားခံနှစ်ယောက်မှ လက်နှင့် ခန္ဓာကိုယ်တို့ ကပ်၍ ကပ်၍ လာပါသည်။**

တရားခံနှစ်ယောက်မှလည်း…

'အား… ဆရာ ဖြည်းဖြည်းချည်ပါ။ ကျပ်လာပြီ တင်းလာပြီ'



ဟု ပြောပါသည်။ သူလုပ်စရာ ကြိုးချည်သလိုချည်ပြီးတော့ အောက်သို့ ဆင်းသွားပါသည်။

ရထားထွက်ခါနီး တပ်ကြပ်ကြီး ပြန်တက်လာပြီးတော့ တရားခံနှစ်ယောက်ကို သူ့လက်နှင့်ပင် ကြိုးဖြည်သလိုမျိုး ဖြည်ပေးပါသည်။

တရားခံ နှစ်ယောက်မှလည်း…

'ဆရာ ကျန်သေးတယ်'

ဟု ပြောလျှင် တပ်ကြပ်ကြီး ထပ်ဖြည်သည်။

ကြိုးတုတ်ထားသောသူများ ကဲ့သို့ ချည်ထားသော ကြိုးအပတ် အရေ ပြည့်သွားလျှင် တရားခံနှစ်ယောက်မှာ ပူးကပ်နေရာမှ လွတ်လွတ်လပ်လပ် ပုံမှန်အတိုင်း ဖြစ်သွားတော့သည်။

ကျွန်တော့်အမေက တပ်ကြပ်ကြီးအား…

'ထူးဆန်းလိုက်တာ ဘယ်လိုတွေ လုပ်ခဲ့တာလဲ'

ဟု မေးကြည့်တော့ တပ်ကြပ်ကြီးက…

'ရဟန်းသံဃာတော်တွေတောင် ဤဂါထာလေးဆိုပြီးတာနဲ့ ဖါတွင်းသုံးလလုံး မထွက်ရ မသွားရတာ တရားခံတွေလောက်တော့ ဘယ်ခံနိုင်မလဲ'

အမေက…

'ဘာဂါထာလဲ သိချင်ပါတယ် ပြောပြပါ'

ဆိုတော့ ရဟန်းသံဃာတော်များ ဝါဆိုတော်မူကြကုန်သော အထက်ပါ ဝါဆိုပါဠိလေးပင် ဖြစ်ပါသည်။

ဤပါဠိလေးကို အမေနှင့် ကျွန်တော်တို့ ကြားဖူးကြပါသည်။ တပ်ကြပ်ကြီးက ပါးစပ်လှုပ်ရုံလေးဆိုတော့ ဘာဂါထာမှန်း မသိကြပါ။

ကျွန်တော့်အသက် နှစ်ဆယ်ကျော်တော့ ဆေးကုသော မြန်မာဆေးဆရာများကို မေးကြည့်တော့ **နတ်ပူး၊ စုန်းပူးသူများကို ဤနည်းအတိုင်း ချုပ်ထားတတ်ကြသည်ဟု သိရပါသည်။**

ထို့ကြောင့်ပင် ဘုရားရှင်၏ နှုတ်တော်မှဆိုခဲ့သော မည်သည့်စကားတော်များသည်ပင် လောကသုံးပါးအတွက် တစ်နေရာရာ တစ်ခုခုတော့ အကျိုးပြုနေသည်၊ စွမ်းနေသည်ဆိုသည်ကို ယုံမှားသံသယ ရှိစရာမလိုတော့ပါ။

ဤစာကို ဖတ်ပြီးတော့ စာဖတ်သူလည်း ဘယ်ဂါထာ၊ ဘယ်ပါဠိမဆို ဘုရားရှင်၏ဂုဏ်တော်၊ တရားတော်၏ ဂုဏ်တော်၊ သံဃာတော်များ၏ ဂုဏ်တော်များကို အောင့်မေ့သတိရ ရွတ်ဖတ်ပွားများကြပါ။

ထိုသို့ ရွတ်ဆိုပွားများနေကြပါလျှင် အန္တရာယ်များမှ ကင်းလွတ်ပြီး အကျိုးထူးများ၊ ကောင်းကျိုးသုခများ မုချ ရရှိခံစားနိုင်ကြပါသည်ဟု ယုံမှားသံသယမထားရှိကြဘဲ ကြိုးစားပွားများ ရွတ်ဖတ်နိုင်ကြပါစေဟု နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးမှတစ်ဆင့် တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။

***ကောင်းကျိုးသုခ ရရှိကြပါစေ…။***

**ဦးသူရစိုး** *(ငါးသိုင်းချောင်း)*

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၁၉၁**

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစန်းယု (ခေတ်မီအဘိဓမ္မာတောင်သာ-တိုင်းရင်းဆေး)

# ရွှေဓာတ်လုံး လုံ့ကျင့်လမ်း

'ဆင်ပြောင်ကြီးမှာ ဟိုင်းနှစ်ဖြာ၊
မြစ်မှာခြသေ့်၊ မရွှေ့သစ်ကျား၊
ကျောက်နဂါးမပွားတူစုံဖက်
ထောင်းပါအမှုန့်ညက်၊
ကိုးအုပ်ကိုးပုံ-အွန့်နာလုံ
တစ်ပုံမီးကိုနှက်
တူမျှပိတုန်းနက်၊
လုံတွင်းဘော်ခံ၊ သုဝဏ္ဏံ၊
အမှုန်ဝင်းထိန် လျက်
လုပ်ပါဉာဏ်နှင့်တက်၊
အခက်ပယ်ဖျောက်၊
လိုရင်းရောက်
စားလျှ ဒါနပြောက်'

အထက်ဖော်ပြပါ လင်္ကာသည် အဂ္ဂိရတ်ပညာ ဉာဏ်ရှိသူများအတွက် ဆင်ခြင်တုံတရားနှင့်ယှဉ်၍ ပြုလုပ်ပါက အမှန်ပင် ရွှေ(ဝါ) ကိတ်ဖြစ်လာသည်။

ထိုရွှေဓာတ်လုံးကို ဆေးကုသခြင်းနှင့် မြွေဆိပ်ကုသခြင်းအပြင် အာယုသိဒ္ဓိလမ်းစဉ်ကို တက်လိုပါက **ဂဠုန်ခြသေ့်ဆေးများ**ဖြင့် တက်စဉ်အတိုင်း ပြုလုပ်သွားနိုင်သည်။

**အဓိပ္ပါယ်မှာ...**

| | | | |
|---|---|---|---|
| **ဆင်ပြောင်စွယ်စုံဆင်(ခေါ်)အခေါက်ရွှေအစစ်** | | | ၅ ကျပ်သား |
| **ဟိုင်းနှစ်ဖြာ** | → | ယမ်းစိမ်း၊ ဟင်းရိုင်းနီ | ၅ ကျပ်သားစီ |
| **ခြသေ့်** | → | စိန်နီမြင်းသွား | ၅ ကျပ်သား |
| **သစ်ကျား** | → | ဇဝက်သာနှင့်ကန့်ဝါ | ၅ ကျပ်သားစီ |
| **ကျောက်နဂါး** | → | ကျောက်ဆေးဒန်း | ၅ ကျပ်သား |

ထို ရွှေဓာတ်လုံးလုပ်ရတ်တွင် ရှပ်ဓာတ်တစ်မျိုးပါဝင်၍ နာမ်ဓာတ်ခြောက်မျိုး ပါဝင်နေပေသည်။ နာမ်ဓာတ်ဖြစ်သော ယမ်းစိမ်း၊ ဟင်းရိုင်းအနီ၊ စိန်နီမြင်းသွား၊ ဇဝက်သာ၊ ကန့်ဝါ၊ ကျောက်ဆေးဒန်းတို့ကို အလေးချိန် တူညီစွာ စုပေါင်း၍ အမှုန့်ဖြစ်အောင် ထောင်းရပါမည်။

အမှုန့်ဖြစ်သွားလျှင် သံပရာရည်နှင့် ကြိတ်၍ နေလှန်းရပါသည်။ ဆေးမှုန့်ခြောက်သွေ့သော် (၉)ပုံ ပုံ၍ထားပါ။


အခေါက်ရွှေစစ်စစ် (၁)ကျပ်သားကို ဆေးတစ်ပုံကို အောက်အထက်ထားလျက် သင့်တော်သောလုံတွင် ဇော်ကျိုသုံးထပ် ခိုင်စွာမံ၍ မီးသွေး(၉)အုပ်အထိ ထိုးရမည်ဖြစ်ပါသည်။

ထိုနည်းအတူ ကျန်ဆေး(၈)ပုံနှင့် (၉)လုံတိုင်တိုင် ထိုးသည့်အခါမှာ ရွှေဓာတ်လုံးသည် ပိတုန်းကဲ့သို့ အတွင်းအပြင်သား အရောင်ထွက်လျက်နေတော့သည်။

အပြီးသို့ ရောက်ခဲ့သော ထိုရွှေဓာတ်သေ ဓာတ်လုံးကို လုံသစ်တစ်လုံးမှာ ထည့်၍ မီးသွေးတစ်အုပ်ခန့် မီးကစားရသည် (ဝါ) ဖိုထိုးရပါမည်။

မီးသွေးတစ်အုပ်ခန့် ဖိုထိုးပြီးလျှင် လုံကို အအေးခံ၍ ရွှေဓာတ်လုံးကို အသာ လုံမှောက်၍ ယူထားလိုက်ပါ။

ရွှေဓာတ်လုံးထိုးထားသော လုံအတွင်းသို့ လက်နှင့် မနှိုက်မသုတ်ဘဲ မိုက်ဘော်စင် တစ်ပဲသားဖြစ်စေ၊ တစ်မူးသား ဖြစ်စေ(သို့မဟုတ်) ကြေးနီ တစ်ပဲသားဖြစ်စေ၊ တစ်မူးသားဖြစ်စေ လုံအတွင်းသို့ ထည့်၍ လုံအငှားဖုံးဖုံးပြီး မီးပြင်းပြင်းထိုး၍ ရေနံတွင်(၃)



ကြိမ်ခန့် ခံရည်လောင်းသော် ဉာဏ်ရှိတိုင်း ဆောင်ရွက်၍ရတော့သည်။

လောဘကြီးသူများ ဓာတ်လုံးပျောက်ခြင်း၊ ဓာတ်လုံးပျက်ခြင်းသို့ ရောက်တတ်သည်ကို သတိပြု၊ ကံနှင့်ယှဉ် ဉာဏ်နှင့်ထွင်း၊ အလိုနည်းလျှင် လက်တွေ့အောင်မြင်သော နည်းလမ်းဖြစ်ပါသည်။

ဓာတ်ဓာတ်ချင်းကူး၊ ဖြစ်ဖူးများစွာ ပဒေသာ သေချာကျန လုပ်ဆောင်ကြလျှင် မုချမှန်ကန်စွာ သာသနာပြုကောင်းမှုကုသိုလ်များ ထိုထိုနှင့် လိုရာဆန္ဒပြည့်စုံရသည်။

ပတ္တမြားမျက်ရှင် နေအသွင်နှင့် လသွင်သို့ ဖြူရွှေနီဝါရောင် လေးပါးထောင်ထွက် ကျောက်နဂါးတဲ့၊ ရွှေဓာတ်လုံးရှင် လိုလျှင်ပြီးမြောက် သိဒ္ဓိပေါက်၍ မြေဖောက်ရေလျှိုး၊ တန်ခိုးလွန်မြန် ကောင်းကင်ပျံဝဲ သက်ရှည်မြဲသည်။ အယူလွဲတွေးကာ နတ်မိစ္ဆာတို့ မလိုစိတ်ထား အဘိဇ္ဈာများလျက် ပျက်ပြားစေလို ဖျက်ဆီးတို့ကြောင့် သတိကောင်းကြ၊ သီလသမာ လွန်ပညာနှင့် သစ္စာခန္တီ ဖြည့်မိဖြည့်ဆည်းနှင့် မေတ္တာလည်းပွား၊ ကျင့်အားကောင်းမှ၊ အောင်မြင်ကြသည်။

စာမျက်နှာ (၁၈၄) သို့

www.burmeseclassic.com

# စာမေးပွဲအောင်ဂါထာ

ဤသို့ စီရင်သော် | မောင်ပဟိန်း (အင်းတော်)



စာမေးပွဲအောင်ဂါထာကို စာဖတ်ပရိသတ်များ သိထားကြပြီး ဖြစ်ပါသည်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ ဆောင်းပါးရှင်များ ဖော်ပြကြပြီးလည်း ဖြစ်ပါသည်။

ဂါထာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဒေဝါနံ နန္ဒနော ဒေဝေါ
ဒေဝဒေဝေန နန္ဒိနော။
ဝေဒဒိနေန ဝေဒေန
ဝေဒိဝေဒေန ဝေဒိနော။

အထက်ဖော်ပြပါ ဂါထာမှာ **ပြည်မြို့ ကန်တွင်းဆရာတော်ကြီး (အဂ္ဂမဟာပဏ္ဍိတ)ရေးသားသော ကဗျာအမြုတေကျမ်း၌ ဖော်ပြထားသော ဂါထာဖြစ်ကြောင်း** ဆရာကြီး ဦးငွေအောင်မွန် ရေးသားသော ဆောင်းပါးတစ်ပုဒ်၌ ဖတ်ရှုရပါသည်၊

ထို့ပြင် လောကီဂါထာမန္တန်ကျမ်းများ၌လည်း တွေ့ရမည်ဖြစ်ပါသည်။

မြတ်စွာဘုရား၏ ဂုဏ်တော်ဘွဲ့ **"ဒဝနကာရဂါထာ"**ဟု အမည်ပေးထားပါသည်။ စာမေးပွဲမှန်သမျှ ဖြေဆိုရာတွင် မဖြေမီ ရတနာသုံးပါးကို အရိုအသေ အလေးအမြတ်ထားပြီး အာရုံပြု ရွတ်ဖတ် ကြည်ညိုလျှင် ကောင်းစွာ အကျိုးပေးပါသည်။

**အဓိပ္ပါယ်အကျဉ်းမှာ...**

နတ်တို့ သနင်း သိကြားမင်းသည် နတ်တကာတို့ထက်မြတ်သော မြတ်စွာဘုရားရှင်ကို ပထမတွင် အထင်သေး၍ နှစ်သက်မြတ်နိုးခြင်း မရှိ။

နောက်တွင် တုဘက်မရှိ သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်၏ ဆင်ခြင် နှိုင်းဆ၍ မရနိုင်သော ဉာဏ်တော်ကို သိရှိကာ ကြည်ညို မြတ်နိုးနှုံးရှိခဲ့ရသည်။

ဉာဏ်ကောင်း၊ ကံကောင်း၊ ဉာဏ်

ဇယား-၁

(က) **တနင်္ဂနွေနေ့ဆိုလျှင်** နံနက်(၆)နာရီမှ နံနက်(၈)နာရီ (၂၄)မိနစ်အတွင်း
(ခ) **တနင်္လာနေ့ဆိုလျှင်** နံနက်(၈)နာရီ(၃၀)မှ (၁၀)နာရီအတွင်း
(ဂ) **အင်္ဂါနေ့ဆိုလျှင်** နံနက်(၁၁)နာရီမှ မွန်းတည့် နေ့(၁၂)နာရီအတွင်း
(ဃ) **ဗုဒ္ဓဟူးနေ့ဆိုလျှင်** နေ့လယ်(၁)နာရီ (၃၀)မိနစ်မှ (၃)နာရီအတွင်း
(င) **ကြာသပတေးနေ့ဆိုလျှင်** ညနေ(၄)နာရီမှ ည(၆)နာရီအတွင်း
(စ) **သောကြာနေ့ဆိုလျှင်** နံနက်(၆)နာရီမှ နံနက်(၈)နာရီအတွင်း
(ဆ) **စနေနေ့ဆိုလျှင်** နံနက်(၈)နာရီ (၃၀)မိနစ်မှ နံနက်(၁၀)နာရီအတွင်း

ဇယား-၂

| | | | | | |
|---|---|---|---|---|---|
| | ၁ | ၈ | ၁၅ | ၂၈ | |
| ၃၁ | ၁၄ | ၂၇ | ၂ | ၉ | ၁၆ |
| ၂၀ | ၇ | ၃၂ | ၂၉ | ၂၄ | ၃ |
| ၁၃ | ၃၀ | ၂၁ | ၂၆ | ၁၇ | ၁၀ |
| ၆ | ၁၉ | ၁၂ | ၂၃ | ၄ | ၂၅ |
| | ၂၂ | ၅ | ၁၈ | ၁၁ | |

ပထမ ဒုတိယ

| | | | | | |
|---|---|---|---|---|---|
| | ဒေ | ဝေါ | နွိ | ဒေ | |
| ဒိ | န | ဝေ | ဝါ | ဒေ | နော |
| နေ | ဒေ | နော | န | န | နံ |
| န | ဝေ | န | ဒိ | ဝေ | ဝ |
| နော | ဒိ | ဓဝ | ဒေ | န | ဝေ |
| | ဝေ | နွ | ဒ | ဒေ | |

စတုတ္ထ တတိယ

**ဤအင်းကွင်း နံပါတ်အစီအစဉ် အတိုင်း ချပါ။**

**ချပြီး အင်းကွက်**

ဇယား-၃

ပထမအကွက်၌... မောင်သောင်း (သို့မဟုတ်) → ဖိုးနီ (သို့မဟုတ်) → မောင်မောင်
ဒုတိယအကွက်၌... စာမေးပွဲ → ဂုဏ်ထူး → ဆု
တတိယအကွက်၌...အောင်ပါ → ရ → ရ
စတုတ္ထအကွက်၌... စေ → စေ → စေ



www.burmeseclassic.com

www.burmeseclassic.com

ပွင့်၊ ကံပွင့်လိုလျှင် နေ့စဉ် ရွတ်ဖတ်ခြင်း၊ ပုတီးစိပ်ခြင်းဖြင့်လည်း အဓိဋ္ဌာန်ယူ ပွားများအားထုတ်နိုင်ပါသည်။

နံနက်(၇)ခေါက် ရွတ်ဆိုခြင်း၊ ညဥ့် ပုတီးစိပ်ခြင်းဖြင့် ဆောင်ရွက်နိုင်သည်။

**ဆရာတော် ဦးကလျာဏ (နားနောင်ဆရာတော်)**ကမူ အင်းအဖြစ် စီရင်ပြီး ဆောင်ရွက်နိုင်ကြောင်း မိန့်ကြားခဲ့ပါသည်။

အောက်ပါအတိုင်း စီရင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၁။ ကန်တော့ပွဲ (၁)ပွဲ(**ဆေး၊ ကွမ်း၊ လက်ဖက်အစုံအလင်**)
၂။ ဆီမီး၊ ရေချမ်း၊ ဆွမ်းပွဲ အစုံအလင်ပါရမည်။
၃။ ဆီမီး(၅)တိုင်၊ သောက်တော်ရေ(၅)ခွက်၊ ဆွမ်းပွဲ(၅)ပွဲ၊ သစ်သီး(၅)မျိုး၊
၄။ စီရင်ဆောင်ရွက်မည့်သူ၏ အညွန့်ပန်း(၉)ညွန့်၊
၅။ ပျားဖယောင်း (၅)ကျပ်သား၊
၆။ မိုင်းကိုင်စက္ကူ(၁)ရွက်၊
၇။ စီရင်ဆောင်ရွက်မည့်သူ၏ သက်စေ့ ချည်မျှင်၊
၈။ **စီရင်ရမည့်အချိန် (ပုဗ္ဗာရှင်ဘုရင် ဖြစ်ချိန်)**

*** (ဇယား-၁)

စီရင်ရမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ နေ့အလိုက် ယှဉ်တွဲ ဖော်ပြထားသည့် အချိန်စာရင်းအတိုင်း စီရင်ပါ။

အောက်ပါအတိုင်း အင်းချနိုင်ပါသည်။

*** (ဇယား-၂)

ချပြီး အင်းကွက်၌ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထတို့၏ ကွက်လပ်လေးခု၌ ပထမအကွက်မှ အောက်ဖော်ပြပါ ဆန္ဒရှိရာ စာသားရေးထည့်ပါ။

ဥပမာ ဖော်ပြပါမည်။

*** (ဇယား-၃)

သင့်တော်သော ဆန္ဒရှိရာ စာသားများ တိုတိုလိုရှင်း ရေးသားနိုင်ပါသည်။

အင်းချပြီးပါက ဂါထာနှင့်ပင် (၃၇)ခေါက် ရွတ်ပါ။ ပြီးပါက ပျားဖယောင်းကို ဖယောင်းတိုင်ပြုလုပ်ပြီး အင်းရေးထားသော မိုင်းကိုင်စက္ကူနှင့်ပတ်ပြီး မွေးနေ့ရှင်၏နေ့တွင် ဘုရားကို မီးပူဇော်ပါ။

ပူဇော်နေစဉ် အင်းချဂါထာကို ပုတီးတစ်ပတ်စိပ်ပါ။ ရတနသုတ်၊ မေတ္တသုတ်တို့ကို ရွတ်ဖတ်ပူဇော်ပါ။ အမျှဝေပါ။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း(အင်းတော်)**

စာမျက်နှာ (၁၈၂)မှ အဆက်

သိဒ္ဓိထွက်လမ်း–ဓာတ်စခန်း၊ သိဒ္ဓိဝင်ဓာတ်လုံးများ အောင်မြင်စေရန် အားထုတ် လုံ့လပြုသော ပုဂ္ဂိုလ်တို့သည် နတ်ဆိုးနတ်မိစ္ဆာတို့မှ သူတို့ထက်သာလွန်သော တန်ခိုးဣဒ္ဓိပါဒ် ရရှိခြင်းမှာ စိုးရိမ်ကြသောကြောင့် အဂ္ဂိရတ်လုပ်ငန်းဟူသမျှ ပျက်ပြားသွားအောင် အမျိုးမျိုး နှောင့်ယှက် ဖျက်ဆီးတတ်ပါသဖြင့် သီလ၊ သမာဓိ၊ ပညာနှင့် သစ္စာမေတ္တာ ဘာဝနာတရားများကို ပွားများအားထုတ်ခြင်းဖြင့် နတ်ဆိုးနတ်ဝါး နတ်မိစ္ဆာ အဖျက်အဆီး၊ ဘေးအပေါင်းမှ ကင်းဝေးစေပြီး အလိုရှိရာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

ဆရာတော်ကြီးသည် အသက်သားလွတ်စား၍ အဂ္ဂိရတ်ပညာများကို လည်းကောင်း၊ ရွှေဓာတ်လုံးထိုးစဉ်ကာလ၌ သော်လည်းကောင်း ပြုလုပ်သင့်ကြောင်း မိန့်ကြားဖူးပါသည်။

**မှတ်ချက်။ ။ ရွှေဓာတ်လုံးကျိုထားသော လုံခွံအတွင်း လက်ဖြင့် မနှိုက်ယူရ၊ အခြားသော ပစ္စည်းတစ်ခုခု သော်လည်းကောင်း၊ လုံအတွင်းထဲသို့ မထည့်ရ၊ တုတ်နှင့်သော်လည်းကောင်း၊ ဓာတ်လုံးကို မကလော်ရပါ။**

**ရွှေဓာတ်လုံးကျိုထားသော လုံခွံကို လက်နှင့်သော် လည်းကောင်း၊ အခြားပစ္စည်းတစ်ခုခုနှင့် သော်လည်းကောင်း ထိမိပါက ဓာတ်သဘာဝ ပျက်စီးတတ်သဖြင့် ကျင်းယူထားသော ဘော်ဖြစ်စေ၊ ကြေးနီဖြစ်စေ ရွှေဖြစ်သွားလိမ့်မည် မဟုတ်ပါ။**

**လုံကျင်းလိုသောအခါမှာ လုံသစ်ထဲမှာ ရွှေဓာတ်လုံးထည့်၍မီးသွေး တစ်အုပ်ခန့် ဖိုနှင့် ထိုးပြီးလျှင် လုံအေးသွားသောအခါမှာ လုံကို မှောက်ချ၍ ရွှေဓာတ်လုံးကို သိမ်းဆည်းထား၍** ယင်းလုံခွံနှင့် ဘော်နှင့် ကြေးနီ ရရာတစ်ခုခုဖြင့် ထည့်၍ ကျင်းယူရမှာဖြစ်ပါသည်။

ဤရွှေဓာတ်လုံးမှာ လက်တွေ့လုပ်ကိုင်ဖူးသော ပြည်တွင်းပြည်ပ သာသနာပြု ဆရာတော်ဦးပဏ္ဍိတ (ခ) ဦးပညာသီဟက မေတ္တာစေတနာဖြင့် ပေးသွားသော နည်းပညာဖြစ်ပေသည်။

အဂ္ဂိရတ်ဝါသနာရှင်များနှင့် ရိက္ခာထောက်စားလမ်း ပြုလုပ်လိုသူများအတွက် ဤနည်းပညာများကို ယူ၍ ပြုလုပ်နိုင်ပါကြောင်း မေတ္တာစေတနာ ရှေ့ထားပြီး စာရေးတင်ပြ၍ မျှဝေပေးလိုက်ပါသည်။

**[ဤစာစုဖြင့် မေတ္တာစေတနာနှင့် ပညာပေးခဲ့သော ကျေးဇူးရှင် ဆရာတော်ဦးပဏ္ဍိတ(ခ) ဦးပညာသီဟအား သက္ကစ္စ ဂါရဝပြုပါ၏။]**

**ဆရာဦးစန်းယု**
**(ခေတ်မီအဘိဓမ္မာတောင်သာ တိုင်းရင်းဆေး)**




www.burmeseclassic.com

www.burmeseclassic.com



◆ ကျောက်ကွဲပင်၏ အပွင့်ပုံ



◆ ကျောက်ကွဲပင်၏ ပင်စည်၊ အရွက်နှင့်အသီး

# ဆီးကျောက်တည်

## နှင့် ကျောက်ကွဲပင်

စလင်း ဦးကျော်

ကဆုန်လအတွင်းတွင် စလင်း **မြို့နယ်၊ မန်ကျည်းပင်ပုကျေးရွာအုပ်စု ကူတိုရွာတွင် တည်ထားကိုးကွယ်သော ရှင်ပင်ဓာတ်တော်ဘုရားကြီး** ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပပြုလုပ်ပါသည်။

ထိုဘုရားပွဲတော်သို့ ကျွန်တော် ရောက်သွားပါသည်။ ဘုရားပွဲတော်တွင် စလင်းမြို့မှ ဦးသိန်းလွင်နှင့် တွေ့ဆုံကြပါသည်။

ဦးသိန်းလွင်သည် မြန်မာနိုင်ငံအလယ်ပိုင်း ဇာတ်သဘင်လောကတွင် နာမည်ကြီး ပြဇာတ်မင်းသားကြီး ဖြစ်ပါသည်။ နှစ်ဦးသား စကားပြောကြရင်း ဦးသိန်းလွင်က ကျောက်ကွဲပင်၏ အစွမ်းထက်အသုံးဝင်ပုံကို ပြောပြပါသည်။

'မနှစ်က ကျွန်တော့်မှာ ဆီးကျောက်တည်ရောဂါ ဖြစ်ခဲ့ပါတယ်။ (ဆီးအိမ်အတွင်းတွင် ကျောက်တည်ရောဂါ) ဆီးသွားခါနီးရင် မနေနိုင်မထိုင်နိုင်အောင် ကျင်ချောင်းပတ်ဝန်းကျင် နာကျင်ကိုက်ခဲပါတယ်။

ကျင်ချောင်းက ဆီးတစ်စက်, နှစ်စက်ကျဖို့အရေး မျက်ရည်များပင် ကျရပါတယ်။ နာကျင်ကိုက်ခဲတော့ အစားသောက်လဲ ပျက်ရတယ်။

စလင်းမြို့နယ်ဆေးရုံကြီးကို ရောဂါကုသဖို့ တက်ပါတယ်။ ဆေးရုံအုပ်ဆရာဝန်ကြီးက စမ်းသပ်ကြည့်ပြီး စလင်းဆေးရုံမှာ ကုသလို့ မရနိုင်ကြောင်း ပြောပါတယ်။ မကွေးမြို့မှ အထူးကုဆေးခန်းကို သွားရောက်ကုသရန် ညွှန်ကြားပါတယ်။

သွားဖို့ရန် လက်မှတ်လဲ ရေးပေးပါတယ်။ ကျွန်တော် ဆေးရုံမှ အိမ်သို့ ပြန်ဆင်းလာခဲ့တယ်။ မကွေးမြို့ ဆေးသွားကုရန် ငွေကြေးမလုံလောက်တဲ့အတွက် အိမ်မှာပဲ ရောဂါကို ခံစားရင်း အသေခံမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

ရက်အနည်းငယ် ကြာတော့ ကျွန်တော့်အိမ်ကို တပည့်ဖြစ်သူ ပြဇာတ်မင်းသားလေး ကိုစိုးမင်းစိုး ရောက်လာတယ်။

"အစ်ကိုကြီး ကျန်းမာရေး မကောင်းဘူးလား"

"အေး ငါ့မှာ ဆီးကျောက်တည်တဲ့ ရောဂါ ဖြစ်နေတယ်။ မြို့နယ်ဆေးရုံ တက်ပြီး ကုသဖို့လုပ်တော့ ဒီမှာ ကုသလို့ မရဘူး။ မကွေးတိုင်းဒေသကြီး





www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံကို သွားရမယ်တဲ့။ ခွဲစိတ်ကုသရမယ်တဲ့။

ခွဲစိတ်ကုသဖို့ ငါ့မှာ ငွေကြေးမပြည့်စုံဘူး။ ဒါကြောင့် အိမ်မှာပဲ အသေခံတော့မယ်လို့ ဆုံးဖြတ်ထားတယ်''

''ဆီးကျောက်တည် ရောဂါနဲ့တော့ မသေရပါဘူး။ အစ်ကိုကြီးရာ ကျွန်တော် ပျောက်အောင်ကုပေးပါ့မယ်''

ကိုစိုးမင်းစိုးမှာ စက်ဘီးစီးကာ လယ်ကွင်းပြင်များဆီကို ထွက်သွားပါတယ်။ ခဏကြာတော့ ကိုစိုးမင်းစိုး ပြန်ရောက်လာတယ်။

"အစ်ကိုကြီး ဒီအရွက်ကလေးတွေကို ကျောက်ကွဲရွက်ကလေးတွေလို့ ခေါ်ပါတယ်။ သူတို့ကို ရေစင်အောင်ဆေးပါ။ အိုးသန့်သန့်ထဲမှာ ရေနဲ့အတူ ထည့်ပြုတ်ပါ။ အရွက်ကလေးတွေ နူးနပ်လာရင် မီးဖိုမှ ချပြီး အအေးခံပါ။ အေးလာရင် ကျောက်ကွဲရွက်ပြုတ်ရည်များကို သောက်ပါ။ ပြုတ်ပြီး နူးနပ်နေတဲ့ အရွက်တွေကို ကိုယ်နှစ်သက်သလို သုပ်စားပါ။

ဆီးအိမ်ထဲမှ ကျောက်များ ပွဲကြွေပြီး ဆီးပေါက်တဲ့အခါ ဆီးထဲမှာ ပါလာပါလိမ့်မယ်။ ဆီးပေါက်တဲ့အခါ ခွက်ခံပေါက်ပါ။ ပေါက်ပြီး ဆီးခံတဲ့ခွက်ကို နေရောင်မှာ ချကြည့်ပါ''

လို့ မှာထားခဲ့ပါတယ်။ ဆီးပေါက်ပြီး ခွက်ကို နေရောင်မှာ ချကြည့်ပါတယ်။ ဆီးထဲမှာ လက်လက်လက်လက်နဲ့ ဆီးကျောက်တွေ ကြွေကျပါလာတာကို တွေ့ရပါတယ်။

နောက်နေ့တွေမှာလဲ ကျောက်ကွဲရွက်ပြုတ်ရည်တွေကို သောက်လိုက်၊ ကျောက်ကွဲရွက် ပြုတ်ဖတ်တွေကို သုပ်စားလိုက်နဲ့ ဆီးကျောက်တည်ရောဂါ ရှင်းရှင်း ပျောက်သွားပါတယ်။

ကျောက်တည်ရောဂါ ဖြစ်နေသူများ ကျွန်တော့်လို မခံစားရအောင် ဆောင်းပါး ရေးထည့်ပေးပါ'

ကျောက်ကွဲပင်

ကျောက်ကွဲပင်ကို **မြောက်အိုးပင် တိမ်ပြာပင်**ဟု အချို့က ခေါ်ကြပါသည်။ ရေစပ်မြောင်းဘေး၊ ကားလမ်းဘေး၊ လှည်းလမ်းဘေးများတွင် ပေါက်တတ်ပါသည်။ လူတိုင်း မြင်တွေ့နေရသော အပင်ကလေးများ ဖြစ်ပါသည်။

အပင်ငယ်မျိုး ဖြစ်ပါသည်။ ယင်းအပင်ကလေးတွေ၏ အပွင့်အရောင်မှာ အပြာရောင် ဖြစ်ပါသည်။ အသီးကလေးများမှာ သေးငယ်ပါသည်။

အသီးနုချိန်၌ အစိမ်းရောင်ဖြစ်ပြီး ရင့်လာသောအခါ အနက်ရောင် ပြောင်းလာပါသည်။ အသီးကလေးတွေကို ခူးယူပြီး တံတွေးနှင့်ဆွတ်(သုတ်)လိုက်သောအခါ၊ ခဏချင်းပင် "ဖျောက်... ဖျောက်... ဖျောက်''နှင့် မြည်ကာ ကွဲသွားကြပါသည်။

အပင်ကို အလွယ်သိနိုင်ရန် ဓာတ်ပုံပါ ဖော်ပြထားပါသည်။ ဆီးကျောက်တည်ရောဂါ ပျောက်ကင်းစေရန် အလွန်အစွမ်းထက်သော မြစ်ချင်းပြီးဆေးဖြစ်ပါကြောင်း...။

***သတ္တဝါအပေါင်း ရောဂါခပ်သိမ်း ကင်းငြိမ်းကြပါစေ။***

မှတ်ချက် ။ ။ **ကျောက်ကွဲပင်၏ အစွမ်းသတ္တိကို ပြောပြသော ဦးသိန်းလွင်အား ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။**

စလင်း ဦးကျော်

စာမူရှင်များသို့...

ပေးပို့သော

စာမူများကို

မူမှား

ထားကြပါရန်နှင့်

မရွေးချယ်ပါက

ပြန်လည်ပေးပို့မည်

မဟုတ်ပါကြောင်း

အသိ

ပေးအပ်ပါသည်။

လေးစားစွာဖြင့်...

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း





www.burmeseclassic.com

www.burmeseclassic.com

ကောက်ရခဲ့ဖူးသည့်

# ပြဒါးငုတ်တိတ်လုံး



ရဲမြိုင်းသူ (ဇောဓိမြိုင်)
ခေတ္တာ-နီလာကုန်းစခန်း

အဓိဋ္ဌာန်(၉)ရက် ဝင်ရမည်တဲ့။ နိုင်းစေသူက ကျိုက်ထီးရိုးဘုရားသွား ရေမြောင်ကြီးစခန်းအနီး ကျောင်းသခ်မ်းလေးတွင် သီတင်းသုံးနေထိုင်သည့် ရသေ့ကြီးဦးကောဝိဒ...

'ယုံယုံကြည်ကြည် လုပ်ကြည့်ပါ ဒကာကြီး၊ အကျိုးကြီးပါတယ်'

ဆိုစကား ပြန်ကြားမိပါ၏။

လွန်ခဲ့သောကာလ တနင်္ဂနွေနေ့ နံနက်(၆)နာရီ ကျိုက်ပေါလောဘုရားဝင်းထဲ အဓိဋ္ဌာန်ဝင်ရန် ရောက်ခဲ့ပါသည်။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့ ကျိုက်ပေါလော မွဲရှင်ဘုရားသည် တန်ခိုးကြီးလှကြောင်း မြန်မာနိုင်ငံတစ်ဝန်းလုံး ထူးခြားထင်ရှား လူသိများလှပါသည်။

ကြည်နူးစိတ်ဆန္ဒဖြင့် အဓိဋ္ဌာန်ဝင်မည်မို့ အောင်သပြေပန်း(၉)ခက် စိတ်ကြိုက်ပေး စိတ်ကြိုက်ရွေးကာ ဝယ်ယူခဲ့ပါသည်။

ဘုရားအရောက် ကျိုက်ပေါလော မွဲရှင်တော်အား ရိုကျိုးစွာ လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ကာ ကန်တော့လိုက်ပါသည်။

ရသေ့ကြီးဦးကောဝိဒက ဓာတ်အတတ်(အဂ္ဂိရတ်) ကျွမ်းကျင်လှသည်ဟု ဝါသနာရှင်တို့ ဆိုကြပါသည်။ ရသေ့ကြီးနှင့် တွေ့ဆုံစဉ်မိန့်မှာသည်က...

'ဝိဇ္ဇာပညာကို သင်ချင်ရင် အခြေခံမူ(၃)ရပ်ဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာကို လက်လွှတ်လို့ကိုမရဘာ၊ ဝိဇ္ဇာဓရပညာပဲလို့ မှတ်၊ ဒါကြောင့် အဂ္ဂိရတ်ဓာတ်အတတ်ကို အကျိုးရှိစွာ ပြုလုပ်ကြိုးစားမယ်ဆိုတဲ့ ဒကာကြီးကို ဘုရားဂုဏ်တော်တွေ (၉)ရက်တိတိ ပွားများနိုင်းတာ'

ဟု မိန့်မှာထား၍လည်း ဖြစ်ပါသည်။

ဘုရားရှင်အား အာရုံထားကာ ပုတီး(၉)ပတ်၊ (၉)ရက် စိပ်မည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ ဆင်းတုတော်ရှေ့ ဝတ်ပြုပြီး ထိုင်ကာ ပုတီးမစိပ်မီ ဘုရားရှေ့အရောက် စိတ်မနှံ့သူတစ်ဦး စိတ်ပေါက်ပေါက်ဖြင့် ဟစ်အော်ခဲ့သည်။ **"မလိုသူကပစ်၊ လိုသူအတွက် အနှစ်ကွ"** ပြောပြောဆိုဆို ဖန်ဂေါ်လီလုံးလေးအား လွှင့်ပစ်လိုက်လေသည်။

အရူးစကား ထူးစွာ ထပ်ကြားရသည်က...

'ဆံတော်ရှင်အစစ် ဖူးပြီးမှ ဒီဘုရား လာတာပေါ့ ဆုတောင်းတိုင်းရတာ ပဲကွ'

ဟု ဆိုကာ တဟီးဟီး သဘောကျစွာ ရယ်နေသည့် မြင်ကွင်းအား ထင်ထင်ရှားရှား ပြန်မြင်နေမိခြင်း ဖြစ်ပေတော့သည်။

နိမိတ်သဘောဟု တွေးမိသော်လည်း၊ အကောက်အယူ နားမလည်ခဲ့ပါ။

သို့ဖြင့် အဓိဋ္ဌာန်(၉)ရက် ပြီးမြောက်ခဲ့ပြီး ဘုရားမှအထွက် ရင်ပြင်ကျောက်ပြားအတိုင်း လျှောက်လာစဉ် ဖြူညစ်ညစ် ဓာတ်လုံးလေးတစ်လုံး အနှုတ်



www.burmeseclassic.com

www.burmeseclassic.com

မထင် လှမ်းမြင်တွေ့၍ ကောက်ယူခဲ့မိပါတော့သည်။

ဝန်ထမ်းဘဝ အငြိမ်းစားယူခဲ့ပြီးနောက် မိမိနေအိမ်တွင် ငြိမ်းချမ်းစွာ နေထိုင်ရင်း ဝါသနာပါရာ အင်္ဂရတ်ခတ်ကစားခြင်းကို စာပေအသိဖြင့်သာ ဆောင်ရွက်လုပ်ကိုင်ခဲ့ပါသည်။ သိလိုသည်မှ တတ်လိုပြန်ချင်၍ စုံစမ်းကာ ဆရာရှာရင်း ဘရသေ့ဦးကောဝိဒနှင့် ဆုံစည်းခဲ့ခြင်း ဖြစ်လေသည်။

ဘရသေ့ စေခိုင်းမိန့်မှာသည့်အတိုင်း အဓိဋ္ဌာန်(၉)ရက် ပြည့်မြောက်ခဲ့ပြီး ခတ်လုံးတည်ရန် ပြဒါးစိမ်းရည် (၅)ကျပ်သား ကျိုက်ထိုဈေးမှ ဝယ်ယူ၍ ရေမြောင်ကြီးရှိ ကျောင်းသခ်မ်းလေးဆီသို့ လာရောက်ခဲ့ပါသည်။

ကျိုက်ထီးရိုးဘုရားသွား ရေမြောင်ကြီးအား စခန်းကြီးဟုလည်း ခေါ်ဆိုကြပါသည်။ စခန်းဝန်းကျင် စေတီငယ်လေးများ ဖူးမြော်တွေ့ရှိရပြီး ပင်ကိုသဘာဝ တောတောင်တို့၏ အလှအပများကြောင့်ပင် သာယာကြည်နူးဖွယ် ဖြစ်ပေတော့သည်။

ကျောက်တောင် ကျောက်ခက်တို့ကြား ဖြတ်သန်း၍ စီးဆင်းနေသည့် ရေတံခွန်ကပင် ရှုမငြီးစရာ ပန်းချီကားတစ်ချပ်ပမာ ဖြစ်နေပြန်ပါသည်။

ရသေ့ကြီး ဦးကောဝိဒက အင်္ဂရတ်လုပ်ငန်းစဉ် ကြိုးစားအားထုတ်ခဲ့ကြသည့် ရှင်အဇ္ဇဂေါဏ၊ ရှင်မထီး၊ ရှင်ကုန္ဒာစရိယ စသည့် ပုဂ္ဂိုလ်ကြီးများအကြောင်းနှင့် အင်္ဂရတ် ကျမ်းကြီး၊ ကျမ်းငယ် အသွယ်သွယ်တို့အား လေ့လာသိရှိ နှံ့စပ်သူ ဖြစ်လေသည်။ ထူးခြားသော စိတ်အတွေးအခေါ်တို့ ရှိနေပြီး ခတ်ထိုးသည့် သဘောတရားအား...

'ဒကာကြီး... အင်္ဂရတ်အတတ်ပညာရဲ့



အဓိကကြီးမားတဲ့ ရည်မှန်းချက်ဟာ ပြဒါးရှင်ဖြစ်ဖို့ပဲ။ ဒါကြောင့် ကိစ္စပြီးမြောက် ခရီးရောက်စေတဲ့ အန္တိမခတ်လုံးကို အခြေခံမှန်စွာ အစပြုပြီး တည်မိစေဖို့လိုတယ်။ ဒါမှသာ စိတ်ထင်တိုင်း အကျိုးရှိစွာ အလိုရှာ ပြီးမြောက်စေနိုင်တဲ့ "အမတ"ကို ပိုင်နိုင်မယ် မှတ်ရမယ်။

ဒကာကြီး ပေ့လာကြည့် အင်္ဂရတ်နဲ့ ဆက်နွယ်ခဲ့တဲ့ ရှေးဝိဇ္ဇာဓိုရ်တို့ ဖြစ်ရပ်တွေမှာ ပုဂ္ဂိုလ်မြတ်တွေဟာ ရှင်ဘုရင်ဘဝကို လိုလားတောင့်တတာမျိုး မရှိဘူး။ စိတ်တန်ခိုးရှင်ဖြစ်ဖို့သာ လိုလားကြိုးစားခဲ့ကြသူတွေချည်းပဲ။

ဒါတွေသိပြီး စိတ်မှာ စွဲမှတ်ထားရမှာက မြန်မာနိုင်ငံမှာရှိတဲ့ ဝိဇ္ဇာရေလမ်းစဉ် လိုက်စားသူတွေဟာ ဗုဒ္ဓဘာသာကို အလေးအမြတ် ကိုးကွယ်အပ်တယ် ဆိုတာကိုပဲ။ အဲဒီကြောင့်သာ ဒကာကြီးကို သီလ,သမာဓိ တည်နေအောင် အဓိဋ္ဌာန်ဝင်ပြီးမှ လာခဲ့လို့ မိန့်မှာခဲ့တာ'

ဟု ဆိုပါသည်။

'ဘရသေ့ဘုရား... တပည့်တော် ခတ်လုံးလေးကို ကြည့်ပေးပါဦး ဘုရား'

ကျိုက်ပေါလော ရင်ပြင်တော်ပေါ်မှ ကောက်တွေ့ခဲ့ရသော ခတ်လုံးလေးအား ဘရသေ့လက်သို့ ဆက်ကပ်လိုက်ပါသည်။ ရိုးသားစွာပင် (၉)ရက်တိတိ အဓိဋ္ဌာန်ဝင်ပြီး ကောက်ယူခဲ့ပုံကိုပါ လျှောက်မိ၏။

'ဒကာကြီးမှာ ပြဒါးရည်ပါလား'

'တင့်ပါဘုရား... ငါးကျပ်သား ပါတယ်ဘုရား'

"မှန်း"ဟု ဆိုကာ ခတ်လုံးအား လက်နှင့် ချိန်ဆကြည့်ပြီး "အလေးချိန် စီးတယ်"ဟု မိန့်လေသည်။ ခတ်ကို ကြည့်ပြီး ဘရသေ့အကဲခတ်ကာ **"ပြဒါးလုံး"**ဟု မိန့်ပြီး နှစ်လိုဖွယ် ပညာအမြင်ဖြင့် ပြုံး၍ နေလေသည်။

ပြဒါးရည် ငါးကျပ်သားအား လက်ဖက်ရည်ပန်းကန်ထဲ ထည့်စေပြီး ခတ်လုံးကို ပြဒါးရည်ထဲသို့ ထည့်လေရာ အပြီးတိုင် နစ်မြုပ်သွားတော့သည်။ ရသေ့ကြီးမှ...

'ဒကာကြီး...ထိုက်လို့တော့ ရချေပြီ။ အချို့ လူပုဂ္ဂိုလ်တွေဟာ သူတစ်ပါးနဲ့မတူ ထူးခြားစွာ အတိတ်ကံကြောင့် ဖိုထိုးဖို့မလို ခတ်ကောင်းတွေ ကိုင်တွယ် ရရှိတတ်ကြတယ်၊ အဲဒီလူထဲ ဒကာကြီးလဲ ပါနေခဲ့ပြီကိုး'

ဟု အံ့အံ့သြသြ မိန့်လာပါတော့သည်။

'တင့်ပါ ဘုရား'

ဟု လျှောက်ပြီး ဘရသေ့ အဓိဋ္ဌာန်ဝင်ခိုင်း၍ ကျိုက်ပေါလောဘုရားသွားစဉ် အရှး၏ ဆန်းပြားသော နိမိတ်စကား ကြားသိမြင်ယောင်မိပုံပါ လျှောက်ထား လိုက်ပါတော့သည်။ ရသေ့ကြီးမှ...

'ဒကာကြီးရဲ့ ခတ်အဆင့်ဟာ ချက်ချင်းဆိုသလို ဒုတိယတန်းစား ခတ်သမားဖြစ်ခဲ့ပြီမို့ ခတ်လုံးနဲ့ ပတ်သက်တဲ့ သိသင့်တာတွေ မှတ်သားချေဦး'

ဟု မိန့်ပါတော့သည်။

ဝိဇ္ဇာရေပညာရပ်များ၏ ထူးခြားချက်က နိမိတ်ဟု ဆိုပါသည်။ ဝါသနာပါရာ ပညာရပ်ကို ကျွမ်းကျင်နှံ့စပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှန်ရောက်စေဖို့ ဆရာသည် အလွန်အရေးကြီးကြောင်း၊ ပညာအသိ ဆရာတပည့်တို့ ရှိရမည်က ဆရာကိုယ်တိုင် ကိစ္စပြီးမြောက်ခရီးပေါက်ပေ မှသာ တပည့်ကောင်းသည် လည်း ခရီးလမ်းဖြောင့် ရောက်နိုင်မည်ကို သဘော ပေါက်ရန် မိန့်မှာခြင်း ဖြစ်လေသည်။

ဓာတ်လုံးကို ကြည့်၍ မိန့်မှာသည်က...

'ဘရဆေ့ ပြောလိုက်တာကို အသေအချာ မှတ်။ ဟိုလူပြ ဒီလူပြ မပြုလေပါနဲ့၊ နောက် တစ်ချက် ရှုပ်ရှုပ်ထွေးထွေး ဓာတ်ပုပ်၊ ဓာတ်ယုတ်တွေ မပါဝင်၊ မထိတွေ့စေဖို့ ဖိုသီးသန့်ထားပြီး အခြား ဘာဓာတ်များနဲ့မှ တွဲမကစားနဲ့တော့'

ဟု မိန့်ဆိုပြန်ပါသည်။

'ဘယ်လိုများ မီးကစားရမလဲ ဘုရား'

'ဒကာကြီး... လက်ချားမီးပေါက် အမှုန့်ရှိတယ် မဟုတ်လား၊ အင်္ဂရိတ် သမားတို့ မဖြစ်မနေ ဆောင်ထားအပ် တဲ့အရာပဲ။ လက်ချားကို ဖိုမီးမှာဖျော်၊ ဂုဏ်တော်ထုံပြီး ဓာတ်ကို ထည့်ရ တယ်။ အဖုံးရှင်သာ ဖုံးပြီး လုံတစ်ခိုင် မီးချိန်ပြီး စ,ထိုးကြည့်။

ဘာကြောင့်လဲဆိုတော့ စကားရှိ တယ် "ပြဒါးငုတ်ဓာတ် ရှာရခက်၏" ဒါဆို "ဓာတ်သေမြေကျ ပြန်မရ" နိုင်တဲ့ စကားတွေကိုပါ သဘောပေါက် မလားပဲ ဒကာကြီး'

'တင့်ပါဘုရား... သဘောပေါက်ပါ တယ်ဘုရား၊ ဘယ်မီးကို သုံးရမလဲ ဘုရား'

'နည်း(၂)နည်းနဲ့ မီး(၃)မီးကို ကျွမ်းကျင် လာတာနဲ့အမျှ လိုသလို သုံးပြီး မီးအဆင့် တက်ယူရတာ ပြဒါးငုတ်ဓာတ်ပဲ။ ပြဒါးငုတ် ဓာတ်အဆင့်ဟာ အာကာသဓာတ် စ,လို့ ကူးနေပြီမို့ အခန့်မသင့် မီးမတတ်ရင် ဓာတ် အပြီးထွက်တာ ပြဒါးငုတ်ပဲ။

ဖြစ်လာမယ့် ငုတ်လုံးအစွမ်းတွေက လုံ့နတ်ခမ်းပေါ်တက်ပြီး ကစားမယ်။ ချော် ဝဲကတော့ထိုးမယ်၊ ရတဲ့ချော်ဟာ ဖယောင်း ဖြူအသွင်ဖြစ်ပြီး ရသာ(၄)ပါး ကောန်ရှိပြန် တယ် ဒကာကြီး'

'တင့်ပါဘုရား ဘယ်လို အရသာ များလဲ ဘုရား'

ချော်ဝဲထိုးတဲ့ ဓာတ်ပြဒါးငုတ်ဟာ ချော်မကပ်ဘူး။ ချို,ချဉ်,ဖန်,ခါး (၄)ပါး သော အရသာရှိတယ်။ လိုချင်သူ များလှတယ် ဒကာကြီး။

အင်္ဂရိတ်သမားတွေရဲ့ စကားမှာ **"ဓာတ်ကိုသတ်တာ ချော်၊ လူကို သတ်တာ ချွဲ"**လို့ ဆိုပါတယ်။ ဒါ ကြောင့် ချော်တစ်မျိုးတည်းနဲ့ အခြား ဓာတ်တွေ သေအောင် သတ်နိုင်တယ် လို့လဲ မှတ်ရမယ်'

'ပြဒါးငုတ်ဓာတ်လုံးရဲ့ ဂုဏ်သတ္တိ က အများကြီးပါပဲလား ဘုရား'

'ဒကာကြီး တွေးကြည့်...ဘာဖြစ်လို့ ယုံကြည်ချက်တွေနဲ့ ဝါသနာရှင်တွေ ဓာတ်ထိုးတာလဲ။ အစွမ်းသတ္တိ တကယ်ရှိတယ်ဆိုတာ သိကြလို့ပဲ ပေါ့။ မသိတဲ့ အချို့လူတွေ ပြောတဲ့ ဆောင်ထားရင်လေးဆိုတဲ့ ပေါ့ပျက် ပျက်ဓာတ်မျိုးတွေ မဟုတ်ဘူး။

ဓာတ်ကောင်း ဓာတ်မြတ်တို့ ဟာ ထိုက်သူထံသာ နေမယ်။ အကျင့်သီလ ရှိပြီး ပညာဉာဏ်ကြီးသူတို့ရဲ့ အကျိုးကို ဖြစ်ထွန်းအောင်မြင် စေတယ်ဆိုတာကို သိနေရမယ်။ ဒကာကြီး'

'ချော်ကို ဘယ်လို သုံးရလဲဘုရား'

'ဒကာကြီးကို ကျုပ် ပြောပြမယ်။ လက်ရှားနဲ့ ထိုး စိတ်ကျေနပ်ရင် ဖိုခွင်မှ သဲခွက်ပေါ်ချ၊ ခဏတာစောင့်ပြီး နီးဖျားလေးနဲ့ ချော် မျက်နှာပြင်ကို ထိုးကြည့် မီးမရှိတော့ဘူး ဆိုရင် ပြဒါးရည်စိမ်း(၂)ပဲသားချလိုက်၊ အဲဒါပြဒါးရည် ခဲပြီလို့ မှတ်၊

ဒါ ဒီပြဒါးငုတ်ဓာတ်ကို အခေါက်ကျေးပါ မပြောသေးဘူး။ အဆင့်တက်လေ အစွမ်း ထက်လေဖြစ်မှာ၊ ဒကာကြီး ပိုင်ဆိုင်ခွင့်ရတဲ့ ဓာတ်ပဲ၊ ဓာတ်နဲ့အတူ ကိုယ်ကျင့်သီလပါ အပြိုင်တက်ကြရတာ'

'တင်ပါဘုရား... တပည့်တော် ထိန်းသိမ်းပါမယ်ဘုရား'

'ဟုတ်ပြီ ဒကာကြီးပြောတဲ့ ချော်။ ပြောပြမယ် ငုတ်လုံးကရတဲ့ ရသာ (၄)ပါးချော်ကို အမှုန့်ထောင်း ဆန်ခါ ချပြီး ပျားရည်စစ်စစ်(၁)ပုလင်းထဲ လက်ဖက်စားဇွန်း(၂)ဇွန်း ထည့်ပြီး လှုပ်ခါကြည့် ပျားရည်ဟာ နို့လို ဖြူပြီး အရောင်ပြောင်းပြန်တယ်။ နောက် တစ်ချက်က လက်ဖက်ရည်ဖန်ခွက်ထဲ ချော်ခဲထည့်ပြီး ရေစိမ်သောက် လေးပါး အရသာထူးတာ အမှန်ပဲ'

'ဘာအတွက် သုံးသင့်တာလဲ ဘုရား'

'စိတ်စွမ်းအားထူးကို ပေးတယ်။

 (စာမျက်နှာ (၁၉၂) သို့)

www.burmeseclassic.com

www.burmeseclassic.com

ကြွက်နွယ်ဝင်ပင်မှ ထူးဆန်းအံ့ဖွယ်

# မြေပုံသဏ္ဌာန် နွယ်ဝင်

ဆန်းလှနွယ် (မင်းလှ)



ကြွက်နွယ်ဝင်ပင်မှ မြေပုံသဏ္ဌာန် နွယ်ဝင်ကို တစ်ဖက်မှ မြင်ရပုံ

မိုးအကုန် ဆောင်းအကူး ဖြစ်သဖြင့် အေးချမ်းလှပသော သဘာဝရှုခင်းလေးများကို ငွေရောင်နှင်းစက်ပွင့်ကလေးများက တန်ဆာဆင်ပေးလျက် ရှိနေပါသည်။

စာရေးသူသည် နံနက်ခင်း၏ နှင်းပွင့်ကလေးများနှင့်အတူ မြေနီလမ်းကလေးပေါ်၌ လမ်းလျှောက်လျက် ရှိနေပါသည်။

မိမိ၏စိတ်မှာလည်း ဥဒေါင်းမင်းပရိတ်တော်ကို ရွတ်ဖတ်လျက် သတ္တဝါအပေါင်းတို့ကို ဆုမွန်ကောင်းများ တောင်းပေးခြင်း၊ မေတ္တာပို့ခြင်းများ ပြုနေပါသည်။

ထိုအချိန်လေးမှာပင် ကားအဖြူကလေးတစ်စင်းသည် စာရေးသူဘေးသို့ ရပ်သွားပါသည်။ ပြီးလျှင် ကားတံခါးဖွင့်ကာ ဆင်း၍လာသူမှာ စာရေးသူ၏ ကျောင်းနေဖက် ငယ်သူငယ်ချင်း သိမ့်သဇင် ဖြစ်နေပါသည်။

စာရေးသူမှာ ဝမ်းသာစွာ လှမ်း၍ ကြည့်လိုက်မိပါသည်။

'ဟော့...သူငယ်ချင်း ဆန်းလှနွယ် ဘာကြည့်နေတာလဲ၊ မမှတ်မိတော့ဘူးလား'

ဟု အားရဝမ်းသာစွာ ပြောဆို၍ လာပါသည်။

ထိုအခါ စာရေးသူက...

'သိမ့်ကို မမျှော်လင့်ဘဲ မြင်တွေ့လိုက်တော့ အံ့အားသင့်ပြီး ဝမ်းသာသွားမိလို့ပါ'

ဟု အားရဝမ်းသာစွာ ပြောလိုက်သည်။

စာရေးသူမှ...

'ဒီကို ဘာလာလုပ်တာလဲ'

'ဒီကိုလာတာ ကျောက်တခါးစေတီတော်မြတ်အနီးက မဟာမြိုင်ဆိုတဲ့ တောရကျောင်းမှာ ကထိန်လာခင်းမှာလေ။ တန်ဆောင်မုန်းလဆန်း(၁၂)ရက်နေ့ကစပြီး (၁၃)ရက်နေ့မှာ အလှူလှူမှာဆိုတော့ အလှူပစ္စည်းတွေကို ရန်ကုန်ကဝယ်ပြီး မဟာမြိုင်ကျောင်းကို လာပို့ပေးကြတာပါ။ အခု ပစ္စည်းတွေကို ပို့အပြီးမှာအပြန်ပေါ့၊ အလှူကိုလဲ ဆက်ဆက်လာခဲ့ပါ'

ဟု ဝမ်းသာစွာ ဖိတ်ပါသည်။ စာရေးသူလည်း သိမ့်သဇင်နှင့် လက်ချင်းချိတ်ပြီး ခေါင်းညိတ်ပြလိုက်ပါသည်။ သိမ့်သဇင်မှလည်း...

'သူငယ်ချင်း... ဆက်ဆက်လာခဲ့နော်'

ဟု ပြောကာ လက်ပြ၍ နှုတ်ဆက်ထွက်ခွာသွားပါတော့သည်။

* * *

စာရေးသူသည် တစ်လကို သုံးကြိမ်လောက် အိပ်မက်ပေးနေသည့် ပုဂ္ဂိုလ်ရှိပါသည်။ ထိုဝတ်ဖြူစင်ကြယ်ကို ဝတ်လျက် ထူးဆန်းသော အိပ်မက်ထဲမှ အဘိုးအိုကို သတိရနေမိပါသည်။

တစ်နေ့ လပြည့်တစ်ညတွင် စာရေးသူသည် ပြည်ဆံတော်ရှင် ဘုရား၏ ရင်ပြင်ပေါ်သို့ အိပ်မက်ထဲတွင် ရောက်ရှိသွားပါတော့သည်။

စာရေးသူကလည်း ဘုရားပွင့်တော်မူပြီးသည့် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ စသော ဘုရားရှင်များကို စိတ်အာရုံ၌ ဦးညွှတ်ပြီး ကန်တော့လျက် ရှိနေချိန် ခဏတွင် ဝတ်ဖြူစင်ကြယ်ဖြင့် ပုဂ္ဂိုလ်တစ်ဦးသည် စာရေးသူ၏ လက်ယာဘက်၌ မတ်တတ်ရပ်ပြီးလျှင်...

'မင်းလှမြို့နှင့် (၄)မိုင်ခွဲခန့် ကွာဝေးသော အရပ်သို့ သွားရောက်လိုက်ပါ။ ဂုဏ်ရအဆန်းသော အရာဝတ္ထု တစ်စုံတစ်ရာကို တွေ့ရမည်'



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောကာ ပျောက်ကွယ်သွားပါသည်။

ယခုတွင် ပုဂ္ဂိုလ်ပေးခဲ့သော အိပ်မက်အရ မင်းလှမြို့ အရှေ့ (၄)မိုင်ခွဲခန့်ရှိ မဟာမြိုင်တောရကျောင်းသို့ သူငယ်ချင်း မိသားစုမှ အလှူကို ဖိတ်သွားပါသည်။ အိပ်မက်နှင့် တိုက်ဆိုင်နေပါသဖြင့် အရောက်သွားမည်ဟု သန္နိဋ္ဌာန်ချလိုက်ပါတော့သည်။

တန်ဆောင်မုန်းလဆန်း (၁၃)ရက်နေ့ နံနက်(၈)နာရီအချိန် မဟာမြိုင်တောရကျောင်းသို့ စာရေးသူ ရောက်ရှိသွားပါသည်။

စည်ကားသိုက်မြိုက်စွာ အလှူသို့ ရောက်လာကြသည့် ဧည့်သည်များအကြားတွင် သိမ့်သဇင်မှာ စာရေးသူကို မြင်လိုက်သဖြင့် ဝမ်းသာစွာဖြင့် နှုတ်ဆက်လာပါသည်။

'ဟေး... သူငယ်ချင်း မျှော်နေတာကြာပြီ။ အခုမှ ရောက်လာတော့တယ်'

ဟု ပြောပြောဆိုဆို လက်ကိုဆွဲကာ ဘုန်းတော်ကြီးပေါ်သို့ ခေါ်သွားပါသည်။ ဘုန်းကြီးကျောင်းပေါ်မှာလည်း မှန်စီရွှေချပြီး လှူဒါန်းထားကြသောကြောင့် ဖိတ်ဖိတ်တောက်လျက် ရှိနေပြီး ဗုဒ္ဓရုပ်ပွားတော်များဖြင့် လှူဖွယ်ပစ္စည်း စုံလင်စွာများကို တွေ့မြင်ရပါသည်။

ဘုရားကျောင်းဆောင်ရှေ့သို့ စာရေးသူနှင့် သူငယ်ချင်းနှစ်ဦး သွားရောက်ကာ လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ကန်တော့လိုက်ကြပါသည်။ ကျောင်းထိုင်ဘုန်းတော်ကြီးထံသို့ ခေါ်သွားကာ ကန်တော့လိုက်ကြပါသည်။

ဘုန်းတော်ကြီး၏ ရှေ့၌ ထိုင်လျက်နေကြသော ကရင်ဖနီးမောင်နှံတို့မှာ သိမ့်သဇင်နှင့် စာရေးသူကို နှုတ်ဆက်စကားများ ပြောဆိုကြသည်။ သိမ့်သဇင်



◆ အခြားတစ်ဖက်မှ မြင်ရပုံ

မှာ စာရေးသူနှင့် မိတ်ဆက်ပေးနေပါသည်။

'ဒါက တောင်ယာလုပ်ကိုင်ပြီး ကျောက်တခါး စေတီတော်မြတ်ကြီး အနီးမှာ နေထိုင်ကြတဲ့ ဦးစောကျောက်ထွန်းနဲ့ ဒေါ်စောရီမွန်တို့ပါ'

စာရေးသူလည်း အပြုံးတွေဖြင့် အသိအမှတ်ပြုလိုက်ပါသည်။

'ဒီကတော့ စာရေးနေသူ ဆရာမ ဆန်းလှနွယ်ပါ။ မင်းလှမြို့မှာ နေပါတယ်'

ဟု ကရင်ဖနီးမောင်နှံကို မိတ်ဆက်ပေးပါသည်။ ကရင်ဖနီးမောင်နှံတို့ကလည်း ပြုံးရွှင်စွာဖြင့်...

'အခုလို ဆရာမနဲ့ တွေ့ခွင့်ရတာ ကျွန်မတို့ အရမ်းကို ဝမ်းသာပါတယ်'

ဟု ပြောကြသည်။ သိမ့်သဇင်တို့ မိသားစုအားလုံးနှင့် အလှူသို့ ရောက်ရှိလာကြသည့် ဧည့်သည်ပရိသတ်များကို ဧည့်ခံကြပါသည်။

အလှူအပြီးတွင် စာရေးသူမှာလည်း ပြန်ရန် ဘုရားကျောင်းရှေ့တွင် သိမ့်သဇင်နှင့် ကန်တော့အပြီး ဘုန်းတော်ကြီး သံဃာတော်ကို ကန်တော့ကာ မဟာမြိုင်ကျောင်းမှ ပြန်ရန် ပြင်ဆင်နေစဉ်တွင် သိမ့်သဇင် မိတ်ဆက်ပေးသည့် ကရင်ဖနီးမောင်နှံတို့မှာ စာရေးသူထံ ရောက်လာပါသည်။

'ဦးနဲ့ အဒေါ်တို့ ဘယ်သွားကြမလို့လဲ'

ဟု သိမ့်သဇင်က မေးလိုက်သည်။

'ဦးတို့ သမီးတို့ဆီ လာတာပါကွယ်။ ပြန်ကြတော့မလို့လား။ အချိန်ရရင် အဒေါ်တို့အိမ်ဘက် ခဏကြွရောက်ပါလို့ လာဖိတ်ခေါ်တာပါကွယ်'

စာရေးသူမှာ သိမ့်သဇင်ကို လှည့်ကြည့်ပါသည်။ သိမ့်သဇင်မှာလည်း အားနာစွာဖြင့်...

'အချိန်ကတော့ မရဘူး။ ဒါပေမယ့် ကျွန်မတို့ ခဏလောက်တော့ လိုက်ခဲ့မယ်'

ဟု ပြောလိုက်ပါသည်။

ကရင်ဖနီးမောင်နှံမှာလည်း ဝမ်းသာအားရစွာ ရှေ့မှ သူတို့နေသော တောင်ယာအိမ်သို့ သွားပါတော့သည်။

သိမ့်သဇင်နှင့် စာရေးသူလည်း ရှေ့မှ သွားနေကြသော ကရင်ဖနီးမောင်နှံတို့၏နောက်မှ လိုက်ပါလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

တောင်ယာအိမ်သို့ ရောက်ခါနီးတွင် လမ်းကလေးများမှာ ကွေ့ကာကောက်ကာဖြင့် သွားရသဖြင့် ကရင်ဖနီးမောင်နှံနှစ်ဦးမှာ အားနာစွာဖြင့် စောင့်ပြီးခေါ်နေပါသည်။ တောင်ယာအိမ်သို့ ရောက်ရှိသွားပါသည်။

သပ်ရပ်စွာ ဆောက်လုပ်ထားသော သစ်သား အိမ်ကလေးတစ်လုံးနှင့် တခြား တောင်ယာလုပ်ကိုင်ပြီး နေထိုင်ကြသည့် အိမ်ကလေးများကိုလည်း မြင်တွေ့ရပါသည်။

'ဆရာမတို့ လာပါ။ အိမ်ပေါ်ကို ကြွပါခင်ဗျာ'

အိမ်ရှင်ဖြစ်သည့် ဦးစောကျော်ထွန်းမှာ စားပွဲတစ်လုံးပေါ်၌ တင်ထားသော အရာဝတ္ထုတစ်ခုကို သွားရောက်ကာ ယူလာပြီး စာရေးသူတို့ကို ပြလိုက်ပါသည်။

ဦးစောကျော်ထွန်းသည် သူ့လက်မှ ကိုင်ဆောင်ထားသော အရာဝတ္ထုပစ္စည်းကို စာရေးသူတို့ရှေ့မှ စားပွဲပေါ်တွင် တင်ပြီးလျှင်…

'ဒါက ကြွက်နွယ်ဝင်ပါ ဆရာမ'

ဟု ပြောပြလိုက်ပါသည်။ စာရေးသူမှာ ယင်းကြွက်နွယ်ဝင်ကို ယူ၍ကြည့်လိုက်ပါသည်။

ကြွက်နွယ်ဝင်မှာ တစ်တောင်နီးပါးခန့် အရှည်ရှိပြီးလျှင် မြွေပါးပျဉ်းထောင်နေသော ပုံသဏ္ဌာန်ကို မြင်တွေ့ရပါသည်။

တစ်ခါ ထူးဆန်းလှသည့်မှာ နွယ်ဝင်၏ အမြီးဟု ဆိုရသော အဖျားပိုင်းတွင် ''ဝ'' ပုံသဏ္ဌာန်ကို မြင်တွေ့ရ၏။

စာရေးသူလည်း ထို''ဝ'' ပုံသဏ္ဌာန်ကို လက်နှင့် ဖျက်ကြည့်လိုက်မိသည်။ မူလအတိုင်း မပျက်ဘဲ ရှိနေသည်။

သိမ့်သဇင်ကလည်း စိတ်ဝင်စားပြီးလျှင်…

'ဒီကြွက်နွယ်ဝင်ကို ဦးစောကျော်ထွန်း ဘယ်လိုရတာလဲ၊ ဒီလို နွယ်ဝင်မျိုးကို တစ်ခါမှ မတွေ့မြင်ဘူးလို့ပါ'

'ဦးတို့က တောင်ယာတွေကို လုပ်ကိုင်နေရင်း တောင်ကမူတစ်ခုပေါ်မှာ အလေ့ကျပေါက်နေတဲ့ သစ်ပင်တွေရှိတယ်။ နွယ်ပင်တွေကလဲ အများသားကွယ့်။

အဲဒီ အလေ့ကျပေါက်နေတဲ့ အပင်တွေ ကြားထဲမှာ ဒီကြွက်နွယ်ဝင်ကို မြင်တွေ့ရတာပါပဲ။

ဦးလဲ ဒီနွယ်ပင်က မြွေပုံသဏ္ဌာန်လိုပါလားလို့ စိတ်ထဲမှာ ထူးနေတယ်။ ဒါကြောင့် နွယ်ပင်ကိုဖြတ်ပြီး အခုလို ရေမိုးသန့်စင်ပြီး စားပွဲမှာ ထားလိုက်တယ်။ ဒီနွယ်ဝင် ရောက်ပြီး မကြာပါဘူးကွယ် လာဘ်လာဘတွေလဲ ရှင်လာတယ်။

ဒါကြောင့် တူမကြီးတို့ကို အိမ်ကိုခေါ်လာပြီး ဒီနွယ်ဝင်ကို ပြသရတာပါကွယ်'

စာရေးသူလည်း ကရင်ဖနီးမောင်နှံနှစ်ဦးတို့ ရှင်းပြသမျှ နားထောင်နေရင်းမှ စာရေးသူသည် မကြာမီကမှ မက်သည့် အိပ်မက်ထဲက ဝတ်ဖြူစင်ကြယ်ဖြင့် ပုဂ္ဂိုလ်ကို သတိရ၍ နေပါသည်။

ဂမ္ဘီရဆန်သော အရာဝတ္ထု တစ်စုံတစ်ရာကို မြင်တွေ့ရမည်ဟု အိပ်မက်အရ ယခုပင် မြင်တွေ့နေရပါတော့သည်။

ထိုသို့ ထူးဆန်းသော မြွေပါးပျဉ်းထောင်နေသည့် ကြွက်နွယ်ဝင်အား စာရှုသူအများ သိရှိစေရန် ဆောင်းပါးဖြင့် တင်ပြလိုက်ရပါသည်။

**ဆန်းလှနွယ်(မင်းလှ)**

စာမျက်နှာ (၁၈၉)မှ အဆက်

(၉၆)ပါးရောဂါ ဟူသမျှ ကာကွယ်ဟန့်တားနိုင်တယ်။ ရွေကျွေးပြီး ပြဒါးရည်ကို ရွှေသက်သွင်းတာတော့ ဒကာကြီးရဲ့ ဓာတ်တိုးတက်မှုပေါ် ကြည့်ပြီးမှသာ ပြောပြမယ်'

ပြန်ခါနီး ဘရသေ့ နောက်ဆုံးမှာကြားသည်က…

'ဝိဇ္ဇာဓရပညာလမ်းစဉ်တွေထဲမှာ ဆေး၊ အင်း၊ စမ၊ အဂ္ဂိရတ်၊ မန္တန်စသည်ဖြင့် ကွဲပြားတဲ့ လုပ်ငန်းသဘောတို့ ရှိပါသော်လဲ အဓိကမဖြစ်မနေ တွဲဖက်ကာ ကျင့်ကြံအားထုတ်ရမှာက သမထသာ ဖြစ်လေတယ်။

ဒါကြောင့် အစစ်အမှန် အနှစ်သဏ္ဌာန်သိသူအတွက် သမထ အကျင့်မြတ်နဲ့အတူ ပြဒါးငုတ်ဓာတ်ပါ ပူးတွဲ တက်လှမ်းရမယ်လို့သာ မှတ်ယူပြီး ပြန်ပေဦးတော့ ဒကာကြီးရေ'

ဟု မိန့်မှာခဲ့ပါတော့သည်။

အပြန်ခရီးတွင် စဉ်းစားမိပါသည်။ ဝိဇ္ဇာဓရ လုပ်ငန်းလမ်းစဉ်တို့အား ကြိုးစားလုပ်ကိုင် ဆောင်ရွက်ကြရာတွင် ဗုဒ္ဓလမ်းစဉ် မပါ၍မဖြစ်ပါ။ မူလအခြေခံ သီလ၊ သမာဓိ၊ ပညာ အမှန်လိုပါလိမ့်မည်။

ပြဒါးငုတ်ဓာတ်အား ထူးမြတ်စွာ ရရှိခဲ့ပြီး ဓာတ်လုံးစွမ်းရည် ဂုဏ်သတ္တိများနှင့် လုပ်ကိုင်ရမည့် နည်းလမ်းများအား ကြိုတင်၍ပင် မိန့်ကြားပေးခဲ့သည့် ရသေ့ကြီးဦးကောဝိဒအား သိလည်း သိနိုင်ပေသည်ဟု တွေးရင်း ပညာဂုဏ်ကို လေးစားလျက်…

**[ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီးအား အာရုံပြု၍ ဦးခိုက်လျက်…]**

**ရဲမျိုးသူ(ဗောဓိမြိုင်)**
**ခေတ္တ–နီလာကုန်းစခန်း**



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ သိဒ္ဓိအောင် တိုင်းရင်းဆေးကုခန်း

# ဆရာကြီး ဦးတင့်ပွားလှိုင်

(တဆ-၀၀၅၃)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# အမျိုးသားအားနည်းရောဂါ

ကာကွယ်စောင့်ရှောက်နည်းများ

မြောင်းမြ
မောင်ယဉ်တင့်



▲ ဆရာကြီး ဦးတင့်ပွားလှိုင် (တဆ-၀၀၅၃)

အမျိုးသား အားနည်းရောဂါ (ပန်းညှိုးပန်းသေသော ရောဂါ)ဟာ **သက်ကြီးပိုင်းအရွယ် (အသက် ၆၀ ကျော်အရွယ်)**တွေ ဖြစ်နိုင်တဲ့ ရောဂါ ဖြစ်ပေမယ့် လူလတ်ပိုင်းအရွယ် အသက်(၄၀)ပတ်ဝန်းကျင် လူလတ်ပိုင်းတွေဟာ အကြောင်းအမျိုးမျိုးကြောင့် အမျိုးသားအားနည်းရောဂါ ဖြစ်နေကြတာ တွေ့ရှိရပါတယ်။

အဲဒီ အမျိုးသားအားနည်းရောဂါရဲ့ ဖြစ်စဉ်နဲ့ ကာကွယ်စောင့်ရှောက်နည်း၊ ကုထုံးတွေကို သိရှိဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်ကို ရောက်တဲ့အခါ ဆရာကြီးဦးတင့်ပွားလှိုင်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဆရာကြီး ဦးတင်ပွင့်လှိုင်က ဆေးခန်းမှူးကြီး(ငြိမ်း) ဖြစ်ပါတယ်။ ဆေးကုသက်တမ်းနှစ်(၅၀) ကျော်နေပြီဖြစ်တဲ့ ဆရာကြီးဦးတင့်ပွားလှိုင်နဲ့ ဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

■ **"ဒီတစ်ပတ် ဆရာနဲ့ ဆွေးနွေးချင်တဲ့ ရောဂါကတော့ အမျိုးသားအားနည်းရောဂါ ကာကွယ် စောင့်ရှောက်နည်းများကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဦးစွာ အမျိုးသားအားနည်းရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို ပြောပြပေးပါ ဆရာ"**

○ "အမျိုးသားအားနည်းရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကတော့...

၁။ စိတ်ဖိစီးမှုများခြင်း၊
၂။ အာဟာရချို့တဲ့ခြင်း (ကုန်ခန်းသွားသော သုက်ဓာတ်နှင့် အင်အားများကို ဆေးဝါးဓာတ်စာ အာဟာရနဲ့ ပြန်လည် မဖြည့်ဆည်းသူများ)၊
၃။ မေထုန်မှု လွန်ကဲသူများ၊
၄။ သဘာဝမဟုတ်သော ဟတ္ထမေထုန်ပြုသူများ၊
၅။ ဆေးလိပ်နှင့် အရက် အလွန်အကျွံ သုံးစွဲသူများ၊
၆။ လိင်အပျော်အပါး လိုက်စားသူများ၊
၇။ ကိုယ်လက်လှုပ်ရှားမှု နည်းသူများ၊
၈။ လိင်၊ ဝှေးဥ၊ ဆီးအိမ်တို့ ထိခိုက်ဒဏ်ကြောင့် လည်းကောင်း အခြား ပယောဂကြောင့် ကျောရိုးမကြီး ထိခိုက်ဒဏ်ရာရသူများ၊
၉။ ဆီးကျိတ်ခွဲစိတ်မှုနှင့် အခြားခွဲစိတ်မှုများ ပြုလုပ်ခဲ့သူများ၊
၁၀။ မြစ်ခြောက်နာ ရှိသူများ၊
၁၁။ အဆုတ်ရောဂါ ရှိသူများ၊
၁၂။ လေဖြတ်ဖူးသူ၊ လေငန်းရောဂါ



www.burmeseclassic.com

www.burmeseclassic.com

ရှိသူများ။
၁၃။ ဆီးချိုသွေးချိုရောဂါ ရှိသူများ၊
၁၄။ လိပ်ခေါင်းရောဂါ ရှိသူများ၊
၁၅။ အဖြူဆင်းယားယံရှိပြီး ယောနိအနာရှိသူ၊ ယောနိမသန့်ရှင်းသောအမျိုးသမီးများနှင့် လိင်ဆက်ဆံသူများ၊
၁၆။ မိုးလင်း အရုဏ်၊ ကာမဂုဏ်ကိစ္စ ရှောင်ကြဉ် သင့်သော်လည်း မရှောင်ကြဉ်ကြသူများ၊
၁၇။ ခြေလေးချောင်းရှိ သတ္တဝါများနဲ့ လိင်ဆက်ဆံသူများ၊
၁၈။ အသက်အရွယ်ကြီးရင့်သူများ...

စသည်တို့ အကြောင်းအမျိုးမျိုးကြောင့် ပန်းညှိုး၊ ပန်းသေ၊ သုက်ခန်း၊ ခယရုပ် စတဲ့ အမျိုးသားအားနည်းရောဂါ ဖြစ်လာရခြင်း ဖြစ်ပါတယ်'

■ **'အမျိုးသားများဟာ ပန်းညှိုးပြီးမှ ပန်းသေကြခြင်း ဖြစ်တာကြောင့် ပန်းသေရောဂါမဖြစ်မီ ပန်းညှိုးရောဂါရဲ့ လက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

○ 'ဟုတ်ပါတယ်၊ အမျိုးသားများဟာ ပန်းညှိုးပြီးမှ ပန်းသေရောဂါ ခံစားရတာပါ။ ပန်းမသေမီ ပန်းညှိုးစဉ် ဖြစ်လေ့ဖြစ်ထရှိတဲ့ လက္ခဏာများကတော့...

၁။ မောပန်းလွယ်ခြင်း၊
၂။ အစားအသောက်ပျက်ခြင်း၊
၃။ သတိမေ့လျော့တတ်ခြင်း၊
၄။ ကိုယ်ခန္ဓာဝဖြိုးသော်လည်း ကိုယ်ရောစိတ်ပါ လန်းဆန်းမှု မရှိခြင်း၊
၅။ ညဉ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် ချက်ချင်း ပြန်လည် အိပ်မရတတ်ခြင်း၊
၆။ လိင်တံ တောင့်တင်း သန်မာမှု မရှိခြင်း စတဲ့ အကြောင်းအချက်များဟာ ပန်းသေရောဂါ မဖြစ်မီ ခံစားရတဲ့ ပန်းညှိုးလက္ခဏာများ ဖြစ်ပါတယ်'

**အမျိုးသားများဟာ ပန်းညှိုး ပြီးမှ ပန်းသေကြခြင်း ဖြစ်တာကြောင့် ပန်းသေရောဂါမဖြစ်မီ ...**

■ **'ဆီးချိုသွေးချို ရောဂါရှင်များရဲ့ ပန်းသေပန်းညှိုး ဖြစ်စဉ်များကို ပြောပြပေးပါဦး ဆရာ'**

○ 'အစားအသောက် မဆင်ခြင်မှုကြောင့် အမှတ်(၂) ဆီးချိုသွေးချို ဖြစ်တဲ့သူတွေဟာ၊ သူတို့ကိုယ်တိုင် ပထမ ဆီးချိုသွေးချိုရောဂါဖြစ်တာ မသိရှိကြပါဘူး။

အထက်မှာ ပြောခဲ့တဲ့ ပန်းညှိုးရောဂါလက္ခဏာတွေ ဖြစ်လာပြီး ဆရာဝန်၊ တိုင်းရင်းဆေးဆရာတွေရဲ့ ဆေးခန်းတွေရောက်လာမှ ဆီးချိုရောဂါ စဖြစ်နေကြောင်း သိကြရတာပါ။

ဆီးချိုသွေးချိုရောဂါရှိပြီး (၂)နှစ်မှ (၃)နှစ်ကြာတဲ့အခါ၊ ပန်းညှိုးရာမှ တဖြည်းဖြည်း ပန်းသေရောဂါ ခံစားရတာပါ'

■ **'ပန်းသေရောဂါရဲ့ ဖြစ်စဉ်နဲ့ လက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

○ 'ပန်းညှိုးရာမှ တဖြည်းဖြည်း ပန်းသေရောဂါ အဆင့်ရောက်ပြီဆိုရင် အောက်ပါ လက္ခဏာများ ဖြစ်ပေါ်တတ်ပါတယ်။

၁။ အားအင်ကုန်ခန်းခြင်း၊
၂။ ကာမရာဂဆန္ဒစိတ်မရှိခြင်း၊
၃။ နှုတ်ခမ်း၊ လျှာဖြူခြင်း၊
၄။ ဝေးတစ်လုံးတက်ခြင်း၊
၅။ သလိပ်အုပ်စု ခန်းခြောက်ခြင်း၊
၆။ သလုံးသားများခြောက်ခြင်း၊
၇။ သုက်လွှတ်မြန်ခြင်း၊
၈။ စကားမပီသခြင်း(စသံ၊ နသံ မကွဲပြားခြင်း)၊
၉။ လိင်ချောင်းသေးပြီး တိုဝင်ခြင်း၊
၁၀။ ဆီး ပြတ်တောက်ပြတ်တောက် သွားခြင်း စတဲ့ လက္ခဏာများဟာ ပန်းသေရောဂါရဲ့ လက္ခဏာများ ဖြစ်ပါတယ်'

■ **'ပန်းညှိုးပန်းသေရောဂါကုထုံး အကျဉ်းကို ဆက်ပြီး ပြောပြပေးပါဦး'**

○ 'ပန်းညှိုးပန်းသေရောဂါရဲ့ ကုထုံးအကျဉ်းကတော့ ရောဂါရှင်ကို အပူပန်းညှိုးပန်းသေလား၊ အအေးပန်းညှိုးပန်းသေလားဆိုတာ ခွဲခြားစစ်ဆေးရပါတယ်။

ပထမဆုံးရောဂါရှင်ကို ဆီး၊ ဝမ်း၊ လေ မှန်အောင် ပြုပြင်ပေးရပါတယ်။ အသက်အရွယ်ကြီးရင့်သူနဲ့ အားနည်းပိန်ချည့်သူ ဝမ်းချုပ်ရင် ဝမ်းချူ ဝမ်းဆေးရပါတယ်။

ဝမ်းနုတ်ဆေးပြင်းပြင်း မကျွေးရပါဘူး။ ယောကျ်ားမှာ ဆီးဆိုတဲ့ စကားအတိုင်း အမျိုးသားများ ဖြစ်တတ်တဲ့ ဆီးပူညောင်းကျရောဂါ၊ ဆီးချိုသွေးချိုရောဂါ ရှိမရှိ စစ်ဆေးပြီး ရောဂါနဲ့ဆိုင်တဲ့ ဆေးများ တိုက်ကျွေးရပါတယ်။

အဲဒီနောက် အိမ်ထောင်ရေးကိစ္စ၊ လူမှုရေးကိစ္စများ ဆွေးနွေးမေးမြန်းရပါတယ်။ ရောဂါရှင်ကိုယ်တိုင် ဆီးပူညောင်းကျရောဂါ ဖြစ်နေရင်လဲ လိင်ဆက်ဆံမှု မပြုဖို့ တားမြစ်ရပါတယ်။

အိမ်ထောင်ဖက် အမျိုးသမီးမှာ မီးယပ်ဖြူဆင်း ယားယံမှုရှိပြီး အဲဒီနဲ့ အသက်ဆိုးခဲ့ရင်လဲ လိင်ဆက်ဆံမှု



www.burmeseclassic.com

www.burmeseclassic.com

မပြုဖို့ တားမြစ်ရပါတယ်။

အမျိုးသားများအနေနဲ့ ဆီးပူညောင်းကျရောဂါ၊ အမျိုးသမီးများ မီးယပ်ဖြူဆင်းရောဂါ (သာမန်မီးယပ်ဖြူဆင်းရောဂါ မဟုတ်ပါ)များကို သက်သာပျောက်ကင်းအောင် ကုသပြီးမှ လိင်ဆက်ဆံမှုပြုဖို့ ညွှန်ကြားရပါတယ်။

အဲဒီနောက် အပူ ပန်းညိုးပန်းသေရောဂါရှိသူကို ချို၊ ဆိမ့်ရသာ အအေးဓာတ်စာ၊ အအေးဆေး ပေးရပါတယ်။ အအေးပန်းညိုးပန်းသေ ရောဂါရှိသူကို ချဉ်၊ ငန်၊ ခါးဓာတ်စာနဲ့ ဆေးတိုက်ကျွေး ကုသရပါတယ်။

ဆီးလွန်၊ ဆီးယုတ်ကို ကြည့်ပြီး **ဆေးအမှတ်(၂၁) ဆီးဆေးဖြူကို နံနက်အိပ်ရာထမှာ** ပျားရည်နဲ့ သမအောင်ရောစပ်ပြီး လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေများများနဲ့ တိုက်ရပါတယ်။ ည **အိပ်ရာဝင်ချိန်**မှာ ဆီးနည်းဆီးချုပ်ရင် သံသရာရည်နဲ့ တိုက်ရပါတယ်။

**အိပ်ရာဝင်ချိန်**မှာ နှမ်းဆီကို ပေါင်၊ လိင်ပါမကျန် တစ်ကိုယ်လုံး လိမ်းစေပါတယ်။ နှမ်းလှော်၊ နှမ်းယို၊ နှမ်းပျစ်များ စားစေပါတယ်။ လက်ဖက်ကို နှမ်းများများ၊ နှမ်းဆီများများ ထည့်စားစေပါတယ်။

အပူလွန်၊ ပိန်ခြောက်၊ သုက်လွတ်မြန်၊ မောသူကို ဖီးကြမ်းငှက်ပျောသီးမှည့်ကို ထောပတ်နဲ့ ကြော်စားစေပါတယ်။ စတုမဓုမှာ ငရုတ်ကောင်းနည်းနည်း ထည့်စားစေပါတယ်။

ကြက်စွပ်ပြုတ်ရည်၊ ဆိတ်စွပ်ပြုတ်ရည်များကိုလဲ တိုက်ကျွေးရပါတယ်။ ကြက်ဥ လတ်လတ်ဆတ်ဆတ်ကို သင်္ဘောသီးစိမ်းထက်ခြမ်းခွဲ အစေ့ထုတ်ပြီး သင်္ဘောသီးစိမ်းထဲ ထည့်ပြုတ်ပြီး စားစေပါတယ်။

**အိပ်ရာဝင်ချိန်မှာ**
**နှမ်းဆီကို**
**ပေါင်**
**လိင်**
**ပါမကျန်**
**တစ်ကိုယ်လုံး**
**လိမ်းစေပါတယ်...**

အဲဒီနောက် **ဆေးအမှတ်(၂၃)ဆေးပုလဲကလာပ်**ကို ပျားရည်နဲ့ ရောစပ်သောက်စေပါတယ်။

တိုင်းရင်းဆေးအမှတ်များနဲ့ ကုသမယ်ဆိုရင် **ဆေးအမှတ်(၁၄) ဒေဝဩသဓဆေး၊ ဆေးအမှတ်(၂၃) ဝေသာရဇ္ဇ ဆေးပုလဲကလာပ်ဆေး၊ ဆေးအမှတ်(၂၄) နဂါးလေးညင်းကလာပ်ဆေး၊ ဆေးအမှတ်(၄၂) ဥဏှပထဝီဆေး၊ ဆေးအမှတ်(၁၆) အပူငြိမ်းဆေး၊ ဆေးအမှတ်(၁၇) သွေးဆေးနီကြီး** စတဲ့ သမားကိုင်တိုင်းရင်းဆေးတွေကို ရောဂါရှင်နဲ့ အလိုက် တိုက်ကျွေးရပါတယ်။

အပူကြောင့်ဖြစ်တဲ့ ပန်းညိုးရောဂါရှင်ကို အပူအအေးမျှတဲ့ ဆေးဓာတ်စာများရည် ဟင်းစားဇွန်းတစ်ဇွန်း၊ အရက်ဟင်းစားဇွန်းတစ်ဇွန်း၊ ကြက်ဥတစ်လုံး ရောစပ်ပြီး သောက်စေပါတယ်။

အဲဒီနောက် ဆေးအမှတ်(၂၁) ဆီးဆေးဖြူ လက်ဖက်ရည်ဇွန်းတစ်ဇွန်း ရေအေးနဲ့ သောက်စေပါတယ်။

နေ့လယ်ချိန်မှာ ဖြည့်စာအဖြစ် ကြက်သွန်ဖြူဥတစ်လုံး (၃)လုံးကို ထောပတ်နဲ့ ကြော်စားစေပါတယ်။ ညအိပ်ရာဝင်ချိန်မှာ နွားနို့တိုက်ရပါတယ်။

## အအေးကြောင့်ဖြစ်တဲ့ ပန်းညိုး

ရောဂါရှင်ကို **ဆေးအမှတ်(၄၂) ဥဏှပထဝီဆေး**ကို နံနက်၊ နေ့လယ်၊ ညနေ တစ်နေ့ သုံးကြိမ် တစ်ကြိမ်လျှင် လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် တိုက်ရပါတယ်။

**ဓာတ်စာအနေနဲ့** ကြက်သားကြော်၊ ဆိတ်သားကြော်၊ ပုဇွန်တုပ်ကြော်၊ အုန်းထမင်း၊ ဒံပေါက်ထမင်းကျွေးပြီး ကုသရပါတယ်။

အဲဒီဆေးဟာ ဆီးလွန်ပြီး အားနည်းနေတဲ့ ဆီးချိုရောဂါရှင်များအတွက်လဲ ကောင်းပါတယ်၊ အသက်အရွယ်ကြီးပြီး အားနည်းနေသူများ၊ လေငန်းရောဂါရှင်များအတွက်လဲ ကောင်းပါတယ်။

အထက်မှာပြောခဲ့တဲ့ **ဆေးအမှတ်(၄၂) ဥဏှပထဝီဆေး(သို့မဟုတ်) ဆေးအမှတ်(၂၄) နဂါးလေးညင်းကလာပ်ဆေး**တစ်မျိုးမျိုးနဲ့ တိုက်ကျွေးပြီး၊ ဓာတ်စာအနေနဲ့ ဒံပေါက်ထမင်း၊ အုန်းထမင်း၊ ကြက်သားကြော်၊ ဆိတ်သားကြော်များကို ကျွေးနိုင်ပါတယ်။

အထက်မှာ ပြောတဲ့အတိုင်း ရောဂါဖြစ်ကြောင်းများကို ရှောင်ကြဉ်ပြီး ဆရာနဲ့ တိုင်ပင်ကုသမယ်ဆိုရင် ပန်းညိုးပန်းသေရောဂါဟာ တဖြည်းဖြည်း သက်သာ ပျောက်ကင်းသွားမှာ ဖြစ်ပါတယ်'

■ **'အမျိုးသား အားနည်းရောဂါဟာ သက်သာပျောက်ကင်းအောင် ကုသနိုင်တဲ့ ရောဂါဖြစ်ပါသလားဆရာ'**

○ 'အသက်(၇၀)ကျော်အရွယ် အသက်ကြီးရောဂါရှင်မှအပ အသက် (၄၀)မှ (၆၀)အတွင်း သင့်ရာ ဆေးများနဲ့ တိုက်ကျွေးကုသရင် သက်သာပျောက်ကင်းနိုင်တဲ့ရောဂါ ဖြစ်ပါ

www.burmeseclassic.com

တယ်'

■ **'အမျိုးသားအားနည်းရောဂါ (ပန်းညှိုး ပန်းသေရောဂါ) ကာကွယ်စောင့် ရှောက်နည်းများကို ထောက်ပြီး ပြောပြ ပေးပါဦး ဆရာ'**

○ 'အမျိုးသားအားနည်းရောဂါနဲ့ ပတ်သက်ပြီး ငယ်ရွယ်စဉ်မှ သက်ရွယ်ကြီးရင့်တဲ့အထိ ကြိုတင် ကာကွယ်စောင့်ရှောက် နည်းများကတော့ ထာဝစဉ် ကျန်းမာစေရန် မိမိရဲ့ ပကတိအခြေ အနေအရွယ်၊ အခါကာလ ဥတုရတုအလိုက် စားသောက်ပြုမူ နေထိုင်ရပါမယ်။

အထူးသဖြင့် အစာအာဟာရသတ္တု၊ ရသအရည်အသွေး၊ အသား၊ အရိုးခြင်ဆီ၊ သုက်ဓာတ်များ အင်အားတိုးပွားရန် အင်အားဖြစ်မှု ဝင်လာရရှိမှုနဲ့ အင်အားသုံးမှုထွက်မှု၊ အဝင်နဲ့ အထွက်၊ အထွက်မလွန်ကဲအောင် နေထိုင်စားသောက်ရပါမယ်။

မိမိထက် အသက်အရွယ်ကြီးရင့်သူများ၊ သမားတော်များ၊ ဆရာကြီးများ စားသောက်မှု၊ နေထိုင်မှုစနစ်ကို လေ့လာပြီး ရှောင်ကြဉ်သင့်တာ ရှောင်ကြဉ်ပြီး အတုယူသင့်တာ ယူရပါမယ်။

အသက်အရွယ်နဲ့ အလိုက် အားတိုးဆေး၊ အသက်ရှည်ဆေးများ မှီဝဲသုံးဆောင်ဖို့ လိုအပ်ပါတယ်။

အသက်အရွယ်၊ ကာလဒေသ၊ ဥတုအလိုက်၊ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိဖို့ တိုင်းရင်းဆေးပညာရှင်များ၊ ကျွမ်းကျင်သူများနဲ့ တိုင်ပင်ဆွေးနွေးရပါမယ်။ သက်ရှည်ကျန်းမာဖို့အတွက် အားပြုအားယုတ်(၆)ပါးကို သိရှိနိုင်ဖို့ ပြောပြပေးပါမယ်။

သဋ္ဌမံသံ၊ နဝံအန္နံ၊ ဗာလိတ္ထီ၊ ခိရဘောဇနံ၊ ဃတံဥဏှောဒကေနှာနံ သဋ္ဌပါဏာကရာ နိမေ။

**သဋ္ဌမံသံ** = လတ်လတ်ဆတ်ဆတ်

**ပန်းညှိုးပန်းသေ**
**ရောဂါ**
**ကုတဲ့အခါ**
**အပူကြောင့်ပဲဖြစ်ဖြစ်**
**အအေးကြောင့်ပဲဖြစ်ဖြစ်**
**အပူအအေးမျှတတဲ့**
**ဆေးဝါး,ဓာတ်စာကို...**

အသားလည်းကောင်း။

**နဝံအန္နံ** = ထမင်းသစ်၊ ဟင်းသစ်၊ မုန့်သစ်လည်းကောင်း။

**ဗာလိတ္ထီ** = တစ်ဆယ့်ခြောက်နှစ်အရွယ်ဖြစ်သော မိန်းမလည်းကောင်း။

**ခိရဘောဇနံ** = နွားနို့ဘောဇဉ် လည်းကောင်း၊

**ဃတံ** = ထောပတ် လည်းကောင်း။

**ဥဏှောဒကေနှာနံ** = ရေနွေးဖြင့် ရေချိုးခြင်း လည်းကောင်း။

**ဆ** = ဤခြောက်ပါးတို့သည်၊

**သဋ္ဌ**= လောလောခြင်း၊

**ပါဏာကရာနိ**= အားအစွမ်းကို ပြုတတ်ကုန်၏။

ပုတိမံသံ၊ ထိယောဝုဒ္ဓါ၊ ဗာလဏ္ဍော၊ တရုဏောဒဓိ၊ ပဘာတေ မေထုန်နိဒ္ဒါ၊ သဋ္ဌပါဏာဟရာနိဆ။

**ပုတိမံသံ** =ပုပ်သော အသားလည်းကောင်း။

**ထိယောဝုဒ္ဓါ** = အသက်ငါးဆယ်ထက်ကြီးသော မိန်းမတို့ လည်းကောင်း။

**ဗာလဏ္ဍော** = နံနက် နေပူ လည်းကောင်း(သို့မဟုတ်) ကန်ရာသီ၌ တည်သောနေ၏ အရောင်လည်းကောင်း။ (တော်သလင်းနေခံမှု)။

**တရုဏောဒဓိ** = သုံးရက်မပြည့်သေးသော နို့ချဉ်၊ ငါးရက်ထက်လွန်သော နို့ချဉ်လည်းကောင်း၊

**ပဘာတေ** = မိုးသောက်၌၊

**မေထုနံ** = မေထုန်မှီဝဲခြင်း လည်းကောင်း၊

**နိဒ္ဒါ** = အိပ်ခြင်းလည်းကောင်း၊

**ဆ** = ဤခြောက်ပါးတို့သည်၊

**သဋ္ဌ**= လောလောခြင်း၊

**ပါဏာဟရာနိ** = အားအစွမ်းကို ယုတ်စေတတ်၏

လို့ ကျမ်းများတွင် ဖွင့်ဆိုထားပါတယ်။

အသက်ရှည်ကြောင်း ငါးပါးကို စကားပြေအရ ပြောရရင် မိမိနဲ့ သင့်တင့်လျောက်ပတ်သော ဆေးဝါး၊ အစားအစာ၊ အတိုင်းအဆ၊ သင့်တင့်လျောက်ပတ်သောနေရာ၊ ကြေကျက်လွယ်သော အစားအစာများကိုသာ စားသောက်ရပါမယ်။

ဥတုခြောက်ပါး၊ ကာလအားလျော်စွာ ပြုကျင့်နေထိုင်ရပါမယ်။ ငါးပါးသီလ၊ ဥပုသ်သီလများ ဆောက်တည်ရပါမယ်။

တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းတို့ဟာ အသက်ရှည်ကြောင်း နည်းလမ်းကောင်းများ ဖြစ်ပါတယ်။ ကလျာဏမိတ္တော စတဲ့ မိတ်ဆွေကောင်းတို့နဲ့ ပေါင်းသင်းခြင်းဟာလဲ အသက်ရှည်ကြောင်း အကြောင်းတရားတစ်ခုမှာ ပါဝင်ပါတယ်။

အထက်မှာပြောခဲ့တဲ့ (ပန်းညှိုး၊ ပန်းသေ) အမျိုးသား အားနည်းရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများနဲ့ အားပြု အားယုတ်(၆)ပါးကို လေ့လာမှတ်သားပြီး ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိစွာ နေထိုင်စားသောက်သွားရင် အမျိုးသား အားနည်းရောဂါသာမက ရောဂါအမျိုးမျိုးကို ကာကွယ်နိုင်ပါ


စာမျက်နှာ (၁၉၈) သို့

www.burmeseclassic.com

လူတို့နေရာ အိမ်ဂေဟာ

# လှေကားဟောင်းလောင်း မထားကောင်း

ဗိုလ်မင်း (မင်းလှ)



စာရေးသူအနေဖြင့် ကျေးဇူးရှင် ဆရာတစ်ဆူ ဖြစ်တော်မူသော **ရသေ့တောင်မြို့နယ် အနောက်ဘက် ကျောက်ထရံကျောင်းတိုက် ဆရာတော်ကြီး ဦးကောဝိဒမွှထံက** သင်ယူဆည်းပူးခဲ့သော...

လူတို့ နေထိုင်ရာ အိမ်ဂေဟာနှင့် ပတ်သက်၍ အိမ်ဆောက်၊ ကျောင်းဆောက် နက္ခတ်တွက်နည်း၊ အိမ်နိမိတ်ဖတ်နည်း၊ အိမ်သက်တွက်နည်းနှင့် တိမ်တံခွန် နိမိတ်ဖတ်နည်း စသော ဆောင်းပါးများကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခု ရေးသားဖော်ပြမည့် ဆောင်းပါးသည်လည်း ဆရာတော်ကြီးထံက သင်ယူခဲ့ဖူးသော နည်းကောင်းတစ်ခု ဖြစ်သည်။ လူတို့ နေထိုင်ကြရာ အိမ်ဂေဟာထဲ၌ လှေကားသည် လူသားတို့၏ အကျိုးစီးပွားအတွက် (အဓိက) နေရာ၌ ပါဝင်ပတ်သက်လျက်ရှိပါသည်။

ဆရာတော်ကြီးက ပြောပြဆုံးမခဲ့ဖူးသည်မှာ...

'ကိုးကွယ်ဆည်းကပ်မှုတွင် ဘုရား၊ နေထိုင်မှု အိမ်ဂေဟာတွင် လှေကား'

ဟူ၍ ပြောပြခဲ့ဖူးပါသည်။

လှေကားကို လူတို့ နေထိုင်ရာ အိမ်ဂေဟာများတွင် တပ်ဆင်ကြရာ၌ ပွဲတင်/ပွဲထိုး၍ နက္ခတ် အချိန်အခါကောင်းကို ရွေးချယ်ပြီး တပ်ဆင်ကြရပါသည်။

စာရေးသူတို့ မင်းလှမြို့၌ လက်သမားဆရာကြီး(ဦးချစ်တင်) သက်ရှိထင်ရှား ရှိခဲ့စဉ်က ပြောပြခဲ့သည်မှာ...

'အိမ်တစ်အိမ်အတွက် လှေကားဟာ အဓိက ကျလှတယ်၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး အားလုံးနဲ့ သက်ဆိုင်နေတာက လှေကားပဲကွ၊ ဒီလှေကားက တက်ကြမယ်၊ ဆင်းကြမယ်၊ ယူကြမယ်၊ ပေးကြမယ်၊ ဒါကြောင့်မို့ လှေကားဟာ နေအိမ်ထဲမှာ အရေးကြီးတယ်၊ လှေကားကို နေအိမ်တွေမှာ စနစ်တကျ တပ်ဆင်ကြဖို့ လိုတယ်ကွာ'

ဟူ၍ ပြောပြခဲ့ဖူးပါသည်။

နေအိမ်ထဲ၌ လှေကားကို တပ်ဆင်ကြရာတွင် နေရာဒေသကို လိုက်၍ ကွဲပြားမှု ရှိနေသည်ကို တွေ့ရပါသည်။

အချို့ဒေသများမှာ လှေကားထစ်ကို ''စုံ''ဂဏန်းထည့်၍ တပ်ဆင်ကြပါသည်။ ဥပမာ လှေကား (၂)ထစ်၊ (၄)၊ (၆)၊ (၈)၊ (၁၀)၊ (၁၂)ထစ် စသည်ဖြင့် တပ်ဆင်ကြပါသည်။

စုံဂဏန်းဖြင့် လှေကားထစ် တပ်ဆင်ခြင်းမှာ စုံစုံညီညီ ရှိစေခြင်း သဘောဟူ၍ ဆိုပါသည်။

စာရေးသူတို့ ယခု နေထိုင်ရာ ဒေသများမှာ ''မ''ဂဏန်းဖြင့်သာ တပ်ဆင်ကြပါသည်။

ဥပမာ လှေကား (၃)ထစ်၊ (၅)၊ (၇)၊ (၉)၊ (၁၁)ထစ် စသည်ဖြင့် တပ်ဆင်ကြပါသည်။

''မ''ဂဏန်း တပ်ဆင်ခြင်းမှာ ''မမစစ''ရှိစေခြင်း။ မည်သည့်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ ''မ''ဂဏန်းကို ဦးစားပေးကြပါသည်။

စာရေးသူတို့အနေဖြင့်လည်း ဆရာတော်ကြီးထံက သင်ယူခဲ့ဖူးသည့် စာပေထဲမှာ လှေကားနှင့် သက်ဆိုင်သော လှေကားဆန်/လှေကားထစ် ''စုံ''ထည့်ခြင်း၊ ''မ''ဂဏန်းထည့်ခြင်းကို မတွေ့ရှိရပါ။

လှေကားနှင့် ပတ်သက်၍ လှေကားကို အောက်ဘက်ကာ ပိတ်ပေးရမည်။ လှေကားကို(ဟောင်းလောင်း)မထားရ၊ လှေကားကို တပ်ဆင်သည့်အခါ လှေကားခုံပေါ်တင်၍ တပ်ဆင်ရမည်။

နေအိမ်လှေကားကို မြေစိုက်၍ မထားရ၊ မည်သည့်လှေကားကို တပ်ဆင်သည်ဖြစ်စေ လှေကားကို လှေကားခုံပေါ်တင်၍ တပ်ဆင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

လှေကားကို အောက်ဘက်မှ အပိတ်မရှိဘဲ (ဟောင်းလောင်း)ထားလျှင် စီးပွားရေး ဖြစ်ထွန်းမှု အားနည်းသည်။ လာဘ်လာဘ နည်းသည်။ ဝင်လာသည့် ပစ္စည်းဥစ္စာများ မြန်မြန် ပြန်ထွက်တတ်သည်။

လှေကားကို မြေစိုက်၍ တပ်ဆင်ထားလျှင် စီးပွားရေး၊ ကျန်းမာရေး၊ ညံ့လာတတ်သည်။ အလုပ်အကိုင် စီးပွားဆုတ်ယုတ်တတ်သည် ဟူ၍ ဖြစ်ပါသည်။

နေအိမ်များတွင် လှေကားကို တပ်ဆင်ရာမှာ စနစ်တကျ တပ်ဆင်ကြရန် လိုအပ်ပါသည်။

လှေကားကို ကြုံသလို မတပ်ဆင်သင့်ပါ။ နေအိမ် ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ အိမ်လှေကားများကို အထူးဂရုပြု တပ်ဆင်သင့်ပါသည်ဟု စာရေးသူ ယူဆမိပါသည်။

သည်နေရာတွင် စာရေးသူ၏ အတွေ့အကြုံတစ်ခုကို ဖော်ပြလိုပါသည်။ **၁၉၈၆/၈၇ ခုနှစ်တွင်** စာရေးသူအနေဖြင့် (နိုင်ငံ့ဝန်ထမ်း) အင်းစိန် **CID**ရုံးတွင် တာဝန်ထမ်းဆောင်လျက် ရှိခဲ့ပါသည်။

မှုခင်းဆိုင်ရာ ကိစ္စတစ်ခုကို စုံစမ်းဖော်ထုတ်ရန် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဝဲကြီးကျေးရွာသို့ ရောက်ရှိခဲ့ရာ ဝဲကြီးကျေးရွာတွင် ကိုကျော်သောင်း+မလုံးလုံးတို့ နေအိမ်၌ ခေတ္တ တည်းခိုနေထိုင်ခဲ့ပါသည်။

ကိုကျော်သောင်း + မလုံးလုံးတို့သည် ကုန်သည်ပွဲစားလုပ်ငန်း လုပ်ကိုင်နေသူများ ဖြစ်ပါသည်။

တစ်နှစ်မှာ စီးပွားရေး ကောင်းလာခဲ့ပြီး ယခင် ရှိခဲ့သော အိမ်အိုအိမ်ဟောင်းများကို ဖျက်၍ အိမ်သစ်ဆောက်လုပ် နေထိုင်လျက်ရှိရာ အိမ်သစ်ဆောက်ပြီး နောက်ပိုင်း စီးပွားရေး မအောင်မြင်ဘဲ စီးပွားကျဆင်းလျက် ရှိပါသည်ဟု ပြောပြကြ၏။

စာရေးသူမှ ကျောက်ထရံဆရာတော်ကြီး၏ အိမ်နှင့် သက်ဆိုင်သော အခြင်းအရာများကို စစ်ဆေးကြည့်ရာ အိမ်လှေကား တပ်ဆင်ထားမှုတွင် လှေကားကို ခုံမရှိဘဲ တပ်ဆင်၍ထားခြင်း၊ လှေကား၏ အောက်ဘက်မှ အပိတ်မရှိခြင်းများကို တွေ့ရှိရပါသည်။

'ဟဲ... ညီလေး ကျော်သောင်း မင်းတို့ကို ငါ အကြံပြုကြည့်မယ်ကွာ၊ ဒီလှေကားကို လှေကားခုံတစ်ခုံ ခံပြီး တပ်ဆင်ပါ။ ပြီးရင် လှေကားကို အောက်ဘက်က တစ်ခုခုနဲ့ အပိတ်သဘော ပြုလုပ်ပါ'

ဟု အကြံပြု ပြောကြားခဲ့ပါသည်။

နောက်(၂)နှစ်ခန့်အကြာ အခြားကိစ္စတစ်ခုနှင့် သူတို့ဆီ ရောက်သွားခဲ့ရာ စီးပွားရေးအားလုံး ယခင်က အတိုင်း အဆင်ပြေကြောင်း သိရှိခဲ့ရသဖြင့် ဝမ်းသာခဲ့ရပါသည်။

စာရှုသူ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များ အားလုံး အထွေထွေ ဗဟုသုတ တိုးပွားကြပါစေရန် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ အနောက်ဘက်ကမ်း ကျောက်ထရံဆရာတော်ကြီး ဦးကောဝိဒမ္မ၏ **"လှေကားဟောင်းလောင်း မထားကောင်း"**ဟူသော အသိပညာပေး ဆုံးမဩဝါဒစကားအား ရေးသား ဖော်ပြအပ်ပါသည်။

***လူသားအားလုံး ကြီးပွားချမ်းသာကြပါစေ။***

**ဗိုလ်မင်း(မင်းလှ)**

စာမျက်နှာ (၁၉၆)မှ အဆက်

တယ်'

■ **'ပြည်သွက်ပြောစရာရှိရင် ပြောပြပေးပါဦး ဆရာ'**

○ 'ပန်းညို၊ ပန်းသေရောဂါ ကုတဲ့အခါ အပူကြောင့်ပဲဖြစ်ဖြစ်၊ အအေးကြောင့်ပဲဖြစ်ဖြစ်၊ အပူအအေးမျှတတဲ့ ဆေးဝါး,ဓာတ်စာနဲ့ ကုသရင် အချိန်တိုအတွင်း သက်သာပျောက်ကင်းကြတာ တွေ့ရပါတယ်။

သတိအထူး ထားရမယ့်အချက်ကတော့ ဖော်စပ်တဲ့ ဆေးပစ္စည်း မှန်ကန်မှု၊ လတ်ဆတ်မှုရှိဖို့ လိုပါတယ်။ ငှက်သိုက်၊ ကုံကုမံ စတဲ့ ဆေးတွေက ဈေးများပေမယ့် ဝယ်လို့ရပါတယ်။ ဆတ်ချိုနုကတော့ ဝယ်ရခက်ခဲတဲ့ ပရပစ္စည်းတစ်ခုဖြစ်လို့ အလားတူ အစွမ်းထက်တဲ့ ဆေးပစ္စည်းနဲ့ အစားထိုးကုသရင် ပိုပြီးသင့်လျော်ပါတယ်။

တိုင်းရင်းဆေးဆရာများ အနေနဲ့ ရောဂါရှင်ကို ကုသတဲ့အခါ သမားကိုင် တိုင်းရင်းဆေးများနဲ့ ကုသမှသာ ထိထိရောက်ရောက် သက်သာပျောက်ကင်းမှာဖြစ်ကြောင်း ပြောချင်ပါတယ်'

■ **'ကျေးဇူးတင်ပါတယ် ဆရာ'**

○ 'ဆရာကြီး ဦးတင့်ပွားလှိုင်နဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

**ဆရာကြီး ဦးတင့်ပွားလှိုင်**
**သိဒ္ဓိအောင် တိုင်းရင်းဆေးကုခန်း**
အမှတ်(၇၆)၊ စွယ်တော်လမ်း၊
ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀ ၆၉၃၃၃၊
၀၉ ၂၈၇ ၃၂၂၂၈။

**မြောင်းမြ မောင်ယဉ်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

ဆေးနည်း ရှိုပုံ

# ထုံနာကျဉ်နာရောဂါ

## နှင့် အထက်အခိုးလျှခြင်းတို့ကို ပျောက်ကင်းစေသောဆေးနည်း

ဆောင်းရာသီ ချမ်းတဲ့နေ့တစ်နေ့ မနက်ခင်းမှာ မောင်လူဝတစ်ယောက် စာရေးသူအိမ်ကို ရောက်လာပါတယ်။

'မောင်လူဝ လာကွာ ဒီမှာထိုင်ပေ့ါ၊ လက်ဖက်ရည်ကြမ်းနဲ့ အမြည်း သုံးဆောင်ပါဦး။ မင်းမလဲ ဝ,နေလိုက်တာ ငါ့ခန္ဓာကိုယ် နှစ်ကိုယ်စာ ရှိနေပြီ။ ဝတဲ့သူတော့ မသိဘူး။

ငါ မဝတဲ့ ခန္ဓာကိုယ်တောင် အခုလို အေးတဲ့ရာသီရောက်ရင် ခြေဖျားလက်ဖျားတွေအေးတယ်။ ထိုင်ရာက ထလိုက်ရင် ခေါင်းထဲမှာ ရိပ်ရိပ်နဲ့ မိုက်ခနဲ ဖြစ်လာတတ်တယ်။

မူးလဲမသွားအောင် မျက်စိမှိတ်ပြီး အသာဖြည်းဖြည်း ပြန်ထိုင်ရတယ်။ ခြေဖမိုး ခြေကျဉ်းဝတ် ဒူးခေါင်းတွေလဲ ထုံလာတတ်တယ်။



မောင်လူဝမှ...

'ကျွန်တော်လဲ ဖြစ်ပါပကောလား၊ ခြေဖျားတွေ အေးလာတယ်။ ညအိပ်တဲ့အခါ စောင်ခြုံရတယ်။ စောင်ခြုံလို့ စောင်လပ်တဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းဟာ အေးပြီး ထိလို့ထိမှန်းမသိ ဖြစ်တယ်။

အဲဒီနေရာကို လက်နဲ့ဆိတ်ကြည့်ရင် နာရမှန်းမသိဘူး။ လေဖြတ်မှာစိုးလို့ စိတ်ပူနေခဲ့ရတယ်။ အခုတော့ ဆေးနည်းကောင်းလေးရလို့ ဖော်စားနေတာနဲ့ စိတ်အေးသွားရတယ်'

စာရေးသူမှ...

'ဆေးနည်းကောင်းလေး ဖော်စားရအောင် ပေးပါဦး'

'ဆေးနည်းကတော့ လွယ်တယ်။ ဆေးမည်တွေကလဲ လွယ်ကူစွာရနိုင်တယ်။ ဆေးအမည်ကလဲ မများဘူး။ ဆေးဖော်ရတဲ့ စရိတ်စက ငွေကြေးလဲ သိပ်မကျဘူး။ ဆေးကို မှန်မှန်စားသုံးဖို့ပဲ အဓိက ကျပါတယ်'

စာရှုသူများခင်ဗျား မောင်လူဝသည် ဆေးဖော်စပ်ပုံနှင့် ဆေးအကျိုးသွားများကို အောက်ပါအတိုင်း ပြောပြပါသည်။

ရှောက်သီးအမှည့်တစ်လုံးကို နူးနပ်အောင် ရေနွေးပြုတ်ပါ။ ရှောက်သီး နူးနပ်လာပါက အအေးခံပါ။ ဖွဲနုကို ရှောက်သီးအလေးချိန် တူချိန်ယူပါ။ ရှောက်သီးနှင့် ချိန်ယူပြီးသော ဖွဲနုကို ရောပါ။

ယင်းဆေးနှစ်မည်ထဲသို့ ဒံ့ပေါသင့်တော်အောင် ထည့်ပါ။ အဆိုပါ ဆေးသုံးပါးကို ကြေညက်အောင် သမသွားအောင် ကြိတ်နယ်ပါ။ ပြီးလျှင် ဆီးစေ့ခန့် အလုံးကလေးများ ပြုလုပ်အခြောက်လှန်းပါ။ ခြောက်သွေ့လျှင် ဖန်ဘူးထဲတွင်ထည့်ပြီး လေလုံအောင် ထားပါ။

**ဆေးစားရန်အညွှန်း**

ညအိပ်ရာဝင်မှာ စားပါ။ တစ်ခါစားလျှင် (၃)လုံးမှ (၅)လုံးအထိ စားနိုင်ပါသည်။

**ဆေးအကျိုးသွား**

အခိုး အလွန်ကောင်းသည်၊ စောင်အလပ်ခံနိုင်သည်။ လေတိုးခံနိုင်သည်။ အထိုင်အထ၌ ဦးခေါင်းမူးမိုက်သွားသည်ကို သက်သာပျောက်ကင်းစေသည်။ အထက်အခိုးလှသည်ကို ပျောက်ကင်းစေသည်။

ထုံနာကျဉ်နာ သက်သာစေသည်။ ဘယ်ရီဘယ်ရီ(Beri Beri)ခေါ် ထုံရုပ်နာဖြစ်ခြင်း၊ ခြေထောက်ရောင်ရမ်းသော ရောဂါများ ဖြစ်ခြင်းမှ ကာကွယ်သည်။ ယင်းရောဂါများကို သက်သာ ပျောက်ကင်းစေသည်။

**ဆေးတစ်ပုံတွင် ပါဝင်သောပစ္စည်းများ**

၁။ ရှောက်သီးအမှည့်တစ်လုံး။ ၂။ ဖွဲနု(ရှောက်သီးနှင့် အလေးချိန်တူ)၊ ၃။ အိမ်သုံးဆား သင့်တင့်ရုံထည့်ပါ။

စလင်း ဦးကျော်



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ

# ကျန်းမာရေးအကျိုး

## အကြံပေးချက်

ဖေဖော်ဝါရီလတွင် ကျန်းမာရေးပြည့်စုံ၍ ရောဂါဘယ ကင်းဝေးကြစေရန်...

✦ **မိဿရာသီဖွား (မတ်လ ၂၁ ရက်မှ ဧပြီလ ၂၀ ရက်အတွင်း မွေးသူ)**တို့သည် ပထဝီဓာတ်စာကို အားပြုသုံးစွဲ၍ အာပေါဓာတ်စာကို လျှော့ပေါ့ရှောင်ကြဉ်ပါ။

**ဝါယောဓာတ်စာ ။** ။ ကြက်၊ ချိုး၊ ခါ၊ ငုံး၊ ဆတ်၊ ချေ၊ သမင်၊ ဒရယ်၊ ဆိတ်၊ ဝက်ပေါင်သား၊ အမဲ(နွား)သား၊ ဖွတ်၊ ပုတတ်၊ လင်းမြွေ၊ စပါးကြီးမြွေ၊ ပုရစ်၊ ပလူ၊ ငါးခူ၊ ငါးကြင်း၊ ငါးစင်ရိုင်း၊ ငါးစင်စပ်၊ ပုစွန်၊ ငါးသလောက်၊ ငါးပတ်၊ ငါးရှဉ့်၊ ငါးမြွေထိုး၊ ဆိတ်နို့၊ ကျွဲနို့၊ နွားနို့၊ ထောပတ်။

ပိန်းဥ၊ ကိုင်းဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ ဥသျှစ်၊ တညင်း၊ မာလကာ၊ ဒူးရင်း၊ မန်ကျည်းမှည့်၊ ပိုးစာရွက်၊ မုန်လာဥ၊ ကောက်ညှင်း၊ ရွှေပရုံသီး၊ မြေပဲ၊ ပဲလွန်း၊ ပဲကြီး၊ စားတော်ပဲ၊ သစ်ကြားသီး၊ အုန်းသီး၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်။

**အာပေါဓာတ်စာ ။** ။ ကျွဲသား၊ ကြွံသား၊ ရေမြွေသား၊ ရေကြက်သား၊ ဝက်သိုးထပ်သား၊ ခရု၊ လိပ်၊ ကဏန်း၊ ကနုကမာ၊ မျှင်း၊ ဘဲ၊ ငန်း၊ ဖား၊ ငါးလင်ပန်း၊ ငါးပတ်၊ ငါးဖယ်။

ငါးသိုင်း၊ ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးဝက်မ၊ ငါးသင်အုံ၊ ကကူရံ၊ ကဘီလူး၊ ကသပေါင်၊ ကသပိုး၊ ငါးသလဲထိုး။

ဇီးချိုသီး၊ လိမ္မော်သီး၊ ရှောက်ချိုသီး၊ သရက်သီး၊ စပျစ်သီး၊ ဘူးသီး၊ သခွားသီး၊ ဖရဲသီး၊ ကျောက်ဖရုံသီး၊ ကြက်မောက်သီး၊ နာနတ်သီး၊ ပုံလုံသီး၊ သဘော်သီးနှင့် ငှက်ပျောသီး။

ကနဖော့၊ မန်ကျည်းသီးစိမ်း၊ လယ်ပတူ၊ အောင်မဲညို၊ သပွတ်၊ ရေထိကရုံး၊ ကြက်သွန်နီ၊ မင်းကွတ်သီး၊ ကျောက်ပွင့်၊ ရေညှိ၊ တော်သလင်းဖူး၊ ဂေါ်ဖီထုပ်၊ နံနံ။

ဆိတ်ဖူး၊ မုန်ညင်းဖြူ၊ ပုန်းရည်ကြီး၊ ကြံရည်၊ အုန်းရည်၊ ဖလံတောင်ဝေး၊ (ရေ) သရက်ကင်း၊ မဲဇလီကြီး။

✦ **ပြိဿရာသီဖွား (ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်း မွေးသူ)**တို့သည် ဝါယောဓာတ်စာကို အားပြု၍ တေဇောဓာတ်စာကို လျှော့ပေါ့စားသုံးသင့်သည်။

**ဝါယောဓာတ်စာ ။** ။ ငါးခုံးမ၊ ငါးမြင်း၊ ငါးမြစ်ချင်း၊ ကဘီလူး၊ က,ကတစ်၊ ကြက်ဥ၊ ဘဲဥ၊ ငှက်ဥ၊ ငုံးဥ၊ ကင်ပွန်းရွက်၊ မာလာဖူး၊ ပုတတ်စာ၊ သရက်ကင်းဖူး၊ ခွေးတောက်၊ သပွတ်ခါး၊ ကြောင်လျှာ၊ သဘော်သီးရင့်၊ တမာရွက်။

ယင်းပြား ရှားစောင်းခါး၊ လက်ဖက်၊ ကန့်ကလာ၊ ကြက်ဟင်းခါး၊ မဲဇလီ၊ ခဝဲဖြူသီး၊ ဖန်ခါးသီး၊ မုန်လာရွက်၊ သခွတ်ပွင့်၊ လက်ပံပွင့်၊ ဆူးပုပ်ရွက်၊ ကစော့ခါး၊ ကြောင်ပန်းရွက်၊ စပါးလင်၊ မန်ကျည်းမှည့်၊ ဟင်းနုနယ်၊ ထန်းလျက်၊ မုန့်ညင်းခါး။

**တေဇောဓာတ်စာ ။** ။ ငါးပြေမ၊ ငါးဖမ်းမ၊ ငါးတန်၊ ကကတစ်၊ ကဘီလူး၊ ငါးကြင်း၊ ငါးသလောက်၊ မြွေပွေး၊ မြွေဟောက်၊ ကြောင်၊ ကြွက်၊ ရှဉ့်၊ ကြက်သား။

ဒူးရင်း၊ သြဇာ၊ သဘော်သီးမှည့်၊ ရဲယို၊ စောင်းလျား၊ မရန်း၊ သံပရာ၊ ရှောက်ချဉ်၊ ဇီးချဉ်၊ ကနစို၊ လက်လုပ်ချဉ်မျိုးစုံ၊ မုန်လာဥ၊ မှို၊ မျှစ်၊ ကြက်သွန်ဖြူ၊ ချင်း(ဂျင်း)၊ ပိတ်ချင်း၊ ငရုတ်ကောင်း၊ ငရုတ်သီး၊ ကရဝေး၊ သစ်ကြံပိုး၊ လေးညှင်း၊ ပတဲကော။

ကန့်ချုပ်နီ၊ ပင်စိမ်း၊ ဒန့်သလွန်၊ တောင်သလဲ၊ ကင်ပွန်း၊ ငုံ၊ ကြာဟင်း၊ ကုက္ကို၊ ထန်းရည်၊ ဝ,ဥ၊ ပီလောပီနံ့ဥ။

✦ **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)**တို့သည် အာပေါဓာတ်စာကို အားပြု၍ ပထဝီဓာတ်စာကို ဆင်ခြင်သုံးဆောင်ပါ။

✦ **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာကို အဓိကစားသုံး၍ ဝါယောဓာတ်စာကို လျှော့ပေါ့သုံးဆောင်ပါ။



✦ **သိဟ်ရာသီဖွား (ဇူလိုင်လ ၂၂ရက်မှ ဩဂုတ်လ ၂၁ ရက်အတွင်း မွေးသူ)**တို့သည် ပထဝီဓာတ်စာကို အားဖြည့်သုံးစွဲ၍ အာပေါဓာတ်စာကို လျှော့ပေါ့သုံးဆောင်ပါ။

✦ **ကန်ရာသီဖွား (ဩဂုတ် ၂၂ရက်မှ စက်တင်ဘာ ၂၁ရက်အတွင်း မွေးသူ)**တို့သည် ဝါယောဓာတ်စာကို အားပြုသုံးဆောင်၍ တေဇောဓာတ်စာကို ဆင်ခြင်စားသုံးပါ။

✦ **တူရာသီဖွား(စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၂ရက်အတွင်း မွေးသူ)**တို့သည် အာပေါဓာတ်စာကို အဓိကစားသုံး၍ ပထဝီဓာတ်စာကို ချင့်ချိန် သုံးဆောင်ပါ။

✦ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာကို အားပြုသုံးဆောင်၍ ဝါယောဓာတ်စာကို ဆင်ခြင်သုံးဆောင်ပါ။

✦ **ဓနုရာသီဖွား(နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၀ရက်အတွင်း မွေးသူ)**တို့သည် ပထဝီဓာတ်စာကို အဓိကသုံးစွဲ၍ အာပေါဓာတ်စာများ လျှော့ပေါ့ သုံးဆောင်ပါ။

✦ **မကာရရာသီဖွား (ဒီဇင်ဘာ ၂၁ရက်မှ ဇန်နဝါရီ ၁၉ရက်အတွင်း မွေးသူ)**တို့သည် ဝါယောဓာတ်စာကို အားပြုစားသုံး၍ တေဇောဓာတ်စာကို ချင့်ချိန်သုံးဆောင်ပါ။

✦ **ကုံရာသီဖွား (ဇန်နဝါရီ ၂၀ရက်မှ ဖေဖော်ဝါရီ ၁၈ရက် အတွင်းမွေးသူ)**တို့သည် အာပေါဓာတ်စာကို အဓိက အားပြု၍ ပထဝီဓာတ်စာကို ဆင်ခြင် လျှော့ပေါ့ပါ။

✦ **မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ရက်မှမတ် ၂၀ရက်အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာကို ဖြည့်ဆည်း သုံးဆောင်၍ ဝါယောဓာတ်စာကို လျှော့ပေါ့ သုံးဆောင်ပါ။

***အာရောဂျဆုလာဘ်နှင့် ပြည့်စုံကြပါစေ။***

**ဆေးသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com





ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

သိုင်းပညာရှင်

# ဆရာကြီးမင်းယက္ခ

(တိုက်ပွဲဝင်သိုင်း)၏

# ဘဝအတွေ့အကြုံများ

(ဒုတိယပိုင်း) (၄)

**ယခင်လမှ အဆက်**

## ဗိဇ္ဇာလိုင်းက သိုင်းဆရာများ

ဤအကြောင်းကို ရေးသားရခြင်းမှာ လောကတွင် လူအမျိုးမျိုး စိတ်အထွေထွေ ရှိကြသည့် အကြောင်းကို တင်ပြလိုခြင်းဖြစ်သည်။

သိုင်းပညာ သင်ကြားရာတွင် ဆရာဖြင့် မျက်မြင်လက်တွေ့ သင်ယူသူများ ရှိသလို နတ်တို့၏ အစွမ်းသတ္တိအားကိုးဖြင့် ပညာသင်ယူသူများလည်း ရှိသည်။

တချို့က မှော်စဉ်တက်၍ သိုင်းပညာ သင်ယူသူများကိုလည်း တွေ့ရသည်။ နတ်သိုင်း ဆိုသည်မှာ သက်ဆိုင်ရာ နတ်ဆေးကိုထိုး၍ အရေးအကြောင်း ရှိလျှင် နတ်က ဝင်လာပြီး သိုင်းပညာဖြင့် ကာကွယ်ခုခံသွားသည်ဟု ဆိုသည်။

သူ့ယုံကြည်ချက်နှင့်သူ ဖြစ်သည်။ မှော်စဉ်တက်သည့် သူကလည်း **ဓါတ်ရိုက်သာဒမှော်၊ အဥ္ဇာဝကမှော်** တို့ကို အနှိမ့်မမှော်စဉ် (၉)ဆင့် ရအောင် တက်ရပါသည်။ တချို့ကလည်း "**ဝက်မှော်**"ဖြင့် မှော်စဉ်တက်ပါသည်။

အကြောင်းဆိုက်၍ မြစ်ဝကျွန်းပေါ်ဒေသ မော်လမြိုင်ကျွန်းမြို့နယ်၊ ပုဂံတောင်ဝဲချောင်းကျေးရွာတွင် သိုင်းပညာ သင်ကြားစဉ်က နတ်သိုင်းဆရာ တစ်ယောက်နှင့် တွေ့ကြုံရပုံကို တင်ပြလိုပါသည်။

ကျွန်တော်သည် မော်ကျွန်း ကန္နားကျောင်းဆရာတော် ဦးကောသလ္လ **(ရောဝတီတိုင်းဒေသကြီးတွင် မော်ကျွန်းဦးကောဟု ထင်ရှားသည့် ဆရာကြီး ဓားတစ်လက်ဦးနေဝင်း၏ တပည့်ကြီးတစ်ဦးလည်း ဖြစ်ပါသည်။)**က ဖိတ်ကြား၍ ကန္နားကျောင်းတွင် သိုင်းသင်တန်းဖွင့်စဉ် သူငယ်ချင်း စခန်းမှူးအေးကို (အငြိမ်းစားလက်ထောက်ချုပ်မှူး)ဖိုးကော် ချန်ပီယံ အာရှအေးကို)နှင့် ပတ်သက်၍ ပုဂံတောင်ဝဲချောင်းမှ သူကြီးဦးတိမ်ရင်ကို သိရှိရပြီး ဝဲချောင်းကျေးရွာတွင် လူ(၄,၅)ယောက်ကို သိုင်းပညာ သင်ပေးခဲ့ရပါသည်။

ကျွန်တော်နှင့် ကျွန်တော်၏ တပည့်ရင်း ဆရာထွေးသောင်း(ယခုအခါ Danemarkနိုင်ငံတွင် နေထိုင်ပြီး ဥရောပတွင် မြန်မာ့သိုင်းပညာရပ်များ ပြန့်ပွားရေးအတွက် ဆောင်ရွက်နေသူဖြစ်သည်။)တို့မှာ ဝဲချောင်းကျေးရွာရှိ ဦးတိမ်ရင်၏ညီ ဦးခင်(ပြည်သူ့စစ်ခေါင်းဆောင်)နှင့် ဒေါ်သိန်းညွန့်တို့အိမ်

www.burmeseclassic.com

တွင်တည်းခိုပြီး သိုင်းသင်တန်း ဖွင့်ရပါသည်။

ဦးခင်၏ သားအကြီးဆုံး မောင်ကျော်ဦး အပါအဝင် သားသမီး ငါးဦးလုံး သိုင်းပညာ သင်ယူကြပါသည်။ ဦးခင်တို့မှာ တစ်ချိန်က ကရင်သူပုန်များဖြစ်ကာ လက်နက်ချ အလင်းဝင်ရောက်လာသောကြောင့် ပြည်သူ့စစ်ခေါင်းဆောင်အဖြစ် ခန့်အပ်ကာ လူ(၈၀၀)ဖြင့် ထိုနယ်တစ်ဝိုက်ကို ပြန်လည်အုပ်ချုပ်စေခဲ့ပါသည်။

ကျွန်တော်၏ သိုင်းပညာ သင်ကြားသောစနစ်(သင်ရိုး)မှာ အရှောင်အတိမ်း အညွှတ်အယိမ်းတို့ကို အရှောင် (၁၂) နည်းဟု အမည်တပ်ကာ သင်ပေးပါသည်။

အရှောင်(၁၂)နည်းတွင် အဆင့်(၃) ဆင့် ရှိပါသည်၊ အရှောင် (၁၂)နည်းကို တတ်မြောက်လျှင် (၁၂)ကွက်သိုင်း (၃)ဆင့်ကို သင်ပေးပါသည်။ (၁၂) ကွက် (၄)မျက်နှာ လှည့်တတ်သည်နှင့် ဗန်တိုပညာကို သင်ပေးပါသည်။

ထိုသို့ သင်ရာတွင် အခြားသိုင်းဆရာများ သင်သကဲ့သို့ **စုံကွက်ဆိုလျှင်** ၂–ကွက်၊ ၄–ကွက်၊ ၆–ကွက်၊ ၈–ကွက်၊ ၁၂–ကွက်၊ ၁၆–ကွက်။

**မ–ကွက်ဆိုလျှင်** ၃–ကွက်၊ ၅–ကွက်၊ ၇–ကွက်၊ ၉–ကွက်၊ ၁၁–ကွက်၊ ၁၃–ကွက်၊ ၁၇–ကွက်၊ ၂၁–ကွက်တို့ကို သင်ကြားခြင်း မပြုဘဲ အကွက်စဉ်တိုင်း မသွားဘဲ အသုံးချသိုင်းပညာ ခုံကာကွယ်သည့် အကွက်များ၊ နည်းများကို သင်ကြားပေးပါသည်၊ အကွက်အားဖြင့် သင်ကြားခြင်း မပြုပါ။ ပြဿနာက ထိုမှ စ,ပါတော့သည်။

ဝဲချောင်းကျေးရွာတွင် နတ်သိုင်း



ဆရာတစ်ယောက် ရှိပါသည်။ သူက နတ်ဆေးထိုးပြီး နတ်သိုင်း တတ်လာသည်ဟု ဆိုပါသည်။

ဝဲချောင်းကျေးရွာရှိ သိုင်းသင်တန်းကို သူ့အား မသင်ခိုင်းဘဲ တစ်နယ်တစ်ကျေးမှ သိုင်းဆရာကို ခေါ်ယူသင်ကြားသည်ဟု မကျေမနပ် ဖြစ်နေသူ ဖြစ်ပါသည်။

ကျွန်တော်၏ သင်ရိုးသင်စဉ်အတိုင်း သင်ကြားပေးနေစဉ် ထိုနတ်ဆရာက ကျွန်တော်က "အကွက်မတတ်ဘူး ကလေးတွေကို သိုင်းကွက်အလိုက် မသင်ပေးဘဲ ကြုံရာကျပန်း သင်ပေးတယ်။ နာမည်သာကြီးတာ ဘာမှ မတတ်ဘူး"ဟု သွားပုပ်လေလွင့် လျှောက်ပြောနေပါသည်။

သူက နယ်ခံရွာခံဖြစ်၍ သူ့ရွာသားတွေက သူ့စကားကို ပို၍အထင်ကြီးသည်၊ မှန်သည်ဟု ယူဆကြသည်။

ထို့ကြောင့် သင်တန်းသား(၂၀) ယောက် သင်တန်းသို့ မလာတော့ပါ။ ကျွန်တော့်မှာ မလုပ်လျှင် မဖြစ်တော့၊ မပြလျှင် မရတော့သည့် အခြေအနေသို့ ဆိုက်ရောက်နေပါသည်။

ထို့ကြောင့် ကျွန်တော်၏ တပည့်ကြီးကျော်ဦးကို ခေါ်၍...

'ကဲ...ကျော်ဦးရေ ပဲ့ထောင်(စက်တပ်သမ္ဗန်)တစ်စီး ယူပြီးတော့ ချောင်းရိုးတစ်လျှောက် ပုဂံတောင်ဝဲချောင်း(၁၁)ရွာကို ဆပီကာ အော်လံတင်ပြီး လိုက်အော်ကွာ၊ အော်ရမှာကတော့...

"မြန်မာ့သိုင်းပညာရပ်ဖြစ်တဲ့ ဓားတစ်လက်သိုင်း၊ ဓားနှစ်လက်သိုင်း၊ တုတ်ရှည်သိုင်း၊ တုတ်စကသိုင်း၊ လုံယဉ်ပညာ၊ လုံရှည်အဲမောင်းပညာ၊ ကြိုးသိုင်း၊ အကွက်သိုင်းတို့ကို ဆွေးနွေးနှီးနှော ဖလှယ်ခြင်းတို့အပြင် ဆရာတို့ ဆန္ဒရှိသည့်အတိုင်း သူတစ်နည်းကိုယ်တစ်နည်း ပြသမည် ဆိုပါက ပြသကြရန်၊ စမ်းသပ်လိုက စမ်းသပ်နိုင်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင် ဦးခင်၏ နေအိမ်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါတယ်"လို့ အော်ကွာ'

ဟု ခိုင်းလိုက်ရာ ပြည်သူ့စစ်ခေါင်းဆောင်ဦးခင်၏သားကြီး မောင်ကျော်ဦးက စတင်းဂန်း သေနတ်တစ်လက်ကို လွယ်ပြီး ထွက်သွားပါတော့သည်။

နံနက်ပိုင်း (၉)နာရီလောက်တွင် စတင်ကြေညာလိုက်ရာ (၁၀)နာရီလောက်တွင် ကြေညာပြီးသွားပါသည်။

သိုင်းသင်တန်းကို (၁၂)နာရီတွင် ဖြုတ်ပြီး ထမင်းစားကြပါသည်။ ကျွန်တော်က အလျင်ပြီး၍ ကွပ်ပျစ်ပေါ်တွင်ထိုင်ပြီး ထန်းလျက်စား ရေနွေးကြမ်းသောက်နေစဉ် ကျွန်တော့်အား "အကွက်မတတ်ဘူး၊ သိုင်းမတတ်ဘူး"ဟု ပြောသော ရွာခံ သိုင်းဆရာ ရောက်လာပါသည်။

ကျွန်တော့်တပည့် မောင်ထွေးသောင်းကတော့ ထမင်းစားခုံမှ လှမ်းကြည့်နေပါသည်။ ကျွန်တော်က ထိုဆရာအား...

www.burmeseclassic.com

www.burmeseclassic.com

'ကဲ…ဆရာရေ ဆရာလာလာ အတော်ပဲ။ ဆရာ မလာလဲ ကျွန်တော်က သွားခေါ်နိုင်းတော့မလို့၊ ကဲ… လိုရင်းကို ပြောပါမယ်။ ဆရာက ကျွန်တော့်ကို အကွက်မတတ်ဘူးလို့ ပြောတယ်။ ဆရာ ကျွန်တော့်အကြောင်းကို သေသေချာချာ မသိသေးပါဘူး။

ဒီလိုလုပ်ဗျာ…ကျွန်တော်တို့ ဓားနှစ်လက်စီ စွဲကိုင်ပြီး (၂)ကွက်ကို (၂)မျိုး တုတ်မထပ်၊ ဓားမထပ်၊ ခြေမထပ်ဘဲ ကစားပြနိုင်ရမယ်။

ဒီအကွက်တစ်မျိုးမှာ ဓားပညာ တစ်မျိုး၊ ဒီလိုနဲ့… ၄–ကွက် ၄–မျိုး၊ ဓားပညာ ၄–မျိုး၊ ၆–ကွက် ၆–မျိုး ဓားပညာ၆–မျိုး၊ ၈–ကွက် ၈–မျိုး ဓားပညာ ၈–မျိုး၊ ၁၂–ကွက် ၁၂–မျိုး ဓားပညာ ၁၂–မျိုး ကစားပြရအောင်။ ဒါမှ မကျေနပ်သေးရင် ဓားချင်း ယှဉ်ကြည့်လဲရတယ်'

ဟု ဆိုကာ ကွပ်ပျစ်ပေါ်မှ ဆင်းပြီး ထမင်းစားဆောင်ဘေးရှိ ကွပ်လပ်သို့ ဓားနှစ်လက်ကို ကိုင်စွဲ၍ ထွက်လာလိုက်ပါသည်။ သိုင်းဆရာကလည်း ထိုကွက်လပ်သို့ လိုက်လာပြီး…

'ကျွန်တော်က အဲဒီလို မပြောတတ်ဘူး။ ကျွန်တော် သိုင်းစောင့်နတ်ဝင်မှ ကျွန်တော်က သူ့အလိုလို လုပ်ရှားသွားမှာ၊ နောက်ပြီး သိုင်းစောင့်နတ်ကလဲ အခု မဝင်သေးဘူး။ ရန်ဖြစ်တော့မှ ဝင်တာ'

ဟု ပြောနေရာ နံဘေးတွင် ရပ်နားထောင်နေသော ဦးခင်ဇော်၏ဇနီး ဒေါ်သိန်းညွန့်(ကရင်မကြီး)က ဒေါ်ကြီးမောကြီးဖြင့်…

'နင်က ငါ့ဆရာကို သိုင်းမတတ်ဘူးလေး၊ အကွက်မတတ်ဘူးလေးနဲ့ မဟုတ်တာတွေ လျှောက်ပြောတယ်။ ပြရအောင်၊ ချရအောင် ဆိုတော့လဲ နတ်ဝင်မှတဲ့။ ကဲ…နင့်နတ်ဝင်စမ်း၊ ငါ့ကို လုပ်စမ်း'



ဟု ဒေါ်သတကြီး ပြောဆိုရင်းက စိတ်ကို မထိန်းနိုင်ဘော့ဘဲ သူ့လက်တွင် ပါလာသော ၃၀၃ ရိုင်ဖယ်၊ သစ်သားဒင်ဖြင့် သိုင်းဆရာ လက်မောင်းကို ထုလိုက်ရာ သိုင်းဆရာလက်မောင်းမှာ အဆစ်ပြုတ်ပြီး တွဲလွဲဖြစ်သွားပါတော့သည်။

ကျွန်တော်တို့လည်း ဒေါ်သိန်းညွန့်ကို တောင်းပန်ဖျောင်းဖျကာ လက်မောင်း အဆစ်ပြုတ်သွားသော သိုင်းဆရာကို ကျေးရွာဆေးပေးခန်းသို့ လိုက်ပို့ပေးလိုက်ကြပါသည်။

နတ်ဆရာမှာ နတ်ဝင်လိုက်ချိန်ပင် မရလိုက်ဘဲ လက်မောင်း အဆစ်ပြုတ်သွားခဲ့ရပါသည်။ သူ့ယုံကြည်ချက်နှင့်သူ ရှိကြပါသည်။ **"လူကြမ်းက နတ်ကြမ်း မခံနိုင်"**ဆိုသော စကားကို သတိရမိပါတော့သည်။ ဒါက ကျွန်တော် တွေ့ခဲ့ဖူးသော နတ်သိုင်း။

ယခု ကျွန်တော် တွေ့နေရတာက **ဝိဇ္ဇာသိုင်း။** တစ်ခုသော နံနက်ခင်းတွင် ဆရာဦးချစ်သန်းထံသို့ ယောဂီယောင် ဝတ်စုံကို ဆင်မြန်းထားသော ပုဂ္ဂိုလ်နှစ်ယောက် ရောက်ရှိလာခဲ့ပါသည်။ တစ်ယောက်သောသူက ပြောပြသည်မှာ…

'ဆရာခင်ဗျား…ကျွန်တော်တို့ နှစ်ယောက်က ဝိဇ္ဇာကျင့်စဉ်ကို ကျင့်နေကြတဲ့သူတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့က ဆရာ့ထံမှာ သိုင်းပညာ သင်ယူချင်လို့ပါခင်ဗျား'

ဟု ပြောလိုက်ရာ ဆရာဦးချစ်သန်းက…

'ရပါတယ်၊ ဘယ်သူမဆို ကျွန်တော့်ထံမှာ သိုင်းပညာ သင်ယူနိုင်ပါတယ်။ အခုဟာကလဲ နွေရာသီသိုင်းသင်တန်းချိန်ဆိုတော့ ပိုပြီး အဆင်ပြေတာပေါ့။

ခင်ဗျားတို့နှစ်ယောက် မနက်ဖြန်ကစပြီး နံနက်(၉)နာရီက မွန်းတည့်(၁၂)နာရီသင်တန်းမှာ လာတက်ပေါ့။ သင်တန်းကြေးကတော့ တစ်လ (၅)ကျပ်ပါ'

ဟု ပြောလိုက်ရာ အဆိုပါ ပုဂ္ဂိုလ်က

'ကျွန်တော်တို့က ကလေးတွေနဲ့ ရောပြီး မသင်ချင်ပါဘူး။ ကျွန်တော်တို့ နှစ်ယောက်တည်းကို သီးသန့်သင်ပေးရမှာပါ။ နောက်ပြီး ကျွန်တော်တို့က ဆရာ့ထံမှာ ပညာကုန် သင်ယူချင်တာပါ'

ဟု ပြောရာ…

'ဟာ…ဒါတော့ မဖြစ်နိုင်ဘူး။ ဆရာတို့ ကျွန်တော့်ထံမှာ တစ်လ သင်တန်းပဲ တက်ကြည့်ပါဦး။ နောက်ပြီး သိုင်းသင်တယ်ဆိုတာ ဌ္ဌ၊လုံ့လ၊ဝီရိယ၊ခံနိုင်ရည်၊ စိတ်ရှည်မှု၊ သည်းခံမှုတွေနဲ့ ပြည့်စုံရပါတယ်။

ကျွန်တော့်ထံက ပညာကုန် သင်မယ်ဆိုရင် လေး၊ငါး၊ခြောက်နှစ်လောက် ကြာမှာ။ မဖြစ်နိုင်ပါဘူး'

ဟု ပြောလိုက်ရာ အဆိုပါ ပုဂ္ဂိုလ်ကပင်…

'ဖြစ်နိုင်ပါတယ် ဆရာ၊ ကျွန်တော်တို့က ဆရာ့ထံမှာ ပညာသင်ယူတဲ့ အခါ အပင်ပန်းခံ၊ အချိန်ကုန်ခံပြီးသင်မှာ မဟုတ်ပါဘူး။ ဆရာလဲ နှစ်ရှည်လများ အပင်ပန်းခံပြီး သင်ပေးရမှာ မဟုတ်ပါဘူး။

ကျွန်တော်တို့ကို ဆရာက **"ငါ တတ်သမျှ သိုင်းပညာတွေ အကုန် ပေးလိုက်ပြီ၊ မင်းတို့ ငါ တတ်သမျှ**



www.burmeseclassic.com

www.burmeseclassic.com

**သိုင်းပညာတွေ အကုန်လုံး တတ်မြောက်သွားကြပြီ၊ အကုန်လုံး ရရှိသွားကြပြီ**''လို့ နှုတ်က အသံကျယ်ကျယ်နဲ့ ရွတ်ဆိုပြီး ကျွန်တော်တို့ တစ်ယောက်စီရဲ့ လက်ဝါးကို ဆရာ့လက်ဝါး သုံးချက်စီ ရိုက်ပေးဖို့ပါပဲ။

သင်တန်းကြေးအနေနဲ့ ကျွန်တော်တို့ တစ်ယောက်စီက ငွေငါးရာကျပ်စီ ပေးပါမယ်။ ဖြစ်မယ်ဆိုရင် မနက်ဖြန် နံနက်(၆)နာရီတိတိမှာ ဆရာ့ထံ အရောက်လာခဲ့ပါမယ်'

ဟု ရှင်းလင်းပြောပြရာ ဆရာဦးချစ်သန်းမှာ အံ့သြတကြီးဖြစ်ပြီး...

'ကျွန်တော်က ဆရာတို့ကို လက်ဝါးသုံးချက်စီရိုက်ပြီး ပညာပေးရမယ်၊ နောက်ပြီး သင်တန်းကြေးကလဲ (၅၀၀)ကျပ်စီ ပေးဦးမယ်။ ဒီလိုမျိုး တစ်ခါမှတော့ သင်မပေးဖူးဘူး။ ဖြစ်ပါတယ်၊ ဆရာတို့ မနက်ဖြန် (၆း၀၀)နာရီတိတိမှာ လာခဲ့ပါ'

ဟု ပြောဆိုလိုက်ပါသည်။ အဆိုပါ မြေလျှောက်ဝိဇ္ဇာ နှစ်ယောက်လည်း အားရကျေနပ်စွာဖြင့် ပြန်သွားကြပါသည်။

သူတို့ စိတ်ထဲမှာတော့ ဆရာဦးချစ်သန်း တတ်သမျှ သိုင်းပညာတွေ အကုန်လုံး ငါတို့ရတော့မယ်ဟု ဝမ်းသာပီတိ ဖြစ်နေပုံရပါသည်။

နောက်တစ်နေ့ နံနက်စောစောထ၍ သိုင်းသင်တန်းသို့ (၅း၃၀)နာရီ အရောက်သွားပါသည်။ သူတို့ ဘယ်လိုဘယ်ပုံ သိုင်းပညာ သင်ယူမယ်ဆိုတာ သိလိုစိတ်က ပြင်းထန်တာကြောင့် သူတို့မရောက်မီ သိုင်းသင်တန်းသို့ အရောက်သွားခြင်း ဖြစ်ပါသည်။

(ဗ-လ-စ)ခြံဘေးရှိ ကာကာဆိုင်တွင် လက်ဖက်ရည်နှင့် နံပြားကို စားပြီး ခြံဝင်းထဲသို့ ဝင်လာခဲ့ပါသည်။ ခြံဝင်းထဲတွင် စားပွဲတစ်လုံး ချထားပါသည်။

ဆရာဦးချစ်သန်းက အပေါ်ထပ်မှ ဆင်းလာပြီး သင်တန်းကွင်းအလယ် (ခရေပင်ကြီးအောက်)သို့ ရောက်သည်နှင့် မနေ့ကလာသွားသော မြေလျှောက်ဝိဇ္ဇာနှစ်ယောက် ရောက်လာကြပါသည်။

သူတို့ခေါင်းပေါ်တွင်မတော့ ခြင်းဖြင့်ထည့်ထားသော အုန်း၊ ငှက်ပျော ကန်တော့ပွဲ တစ်ပွဲစီ ရွက်လာကြပါသည်။ သူတို့က ကန်တော့ပွဲ နှစ်ပွဲကို စားပွဲပေါ်တွင် တင်၍ အမွှေးတိုင်(၉)တိုင်စီနှင့် ဖယောင်းတိုင်(၉)တိုင်စီ ထွန်းညှိကြပါသည်။

အုန်းသီးတစ်လုံး၊ ငှက်ပျောငါးဖီး ပွဲဖြစ်ပါသည်။ ပန်းများ၊ တံခွန်ကုက္ကား၊ မုလေးပွားများကိုလည်း ဝေနေအောင် ထိုးထား၍ ထီးဖြူတစ်လက်စီ စိုက်ထားပါသည်။ ကန်တော့ပွဲတွင် ငွေငါးရာကျပ်စီ ပွဲထိုးထားပါသည်။

ထိုသူနှစ်ယောက်သည် ကန်တော့ပွဲရှေ့တွင် ဒူးတုပ်ထိုင်၍ သက်ဆိုင်ရာ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များနှင့် ဘိုးတော် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၊ ဝိဇ္ဇာရှစ်သောင်း ဆရာပေါင်းတို့ကို ရိုသေစွာ ပင့်ဖိတ်ပါသည်။

မြတ်စွာဘုရားအား ရိုသေစွာ ကန်တော့၍ ဂါထာမန္တန်များကို ရွတ်ဆိုကြပါသည်။

ထို့နောက် ဆရာဦးချစ်သန်း ရှေ့မှောက်သို့ လာရောက် ရပ်လိုက်ရာ ဆရာဦးချစ်သန်းက သူ၏ ညာလက်ကို မိမိ၏ ဘယ်လက်ဖြင့် စွဲကိုင်၍ သူ့လက်ဝါးကို ပက်လက်လှန်ထားလိုက်ပြီး...

'ဒီနေ့ ဒီရက် ဒီအချိန်မှစ၍ သင့်အား ကျွန်ုပ် တတ်မြောက်ထားသော မြန်မာ့သိုင်းပညာရပ်အားလုံး တစ်ခုမကျန် အကုန်ပေးလိုက်သည်။ သင်သည် ကျွန်ုပ်တတ်မြောက်ထားသော သိုင်းပညာရပ်များကို ပညာကုန်ရရှိသွားပြီ တတ်မြောက်သွားပြီ'

ဟု နှုတ်မှ ကျယ်ကျယ်လောင်လောင် ရွတ်ဆိုပြီး သူ့လက်ဝါးကို ဆရာ့ ညာလက်ဝါးဖြင့် သုံးကြိမ် ရိုက်ပေးလိုက်ရာ ထိုမြေလျှောက်ဝိဇ္ဇာက **''အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ''**ဟု သုံးကြိမ် လက်သီးလက်မောင်း မြှောက်ကာ အော်ဟစ်ပြီး ထွက်သွားပါတော့သည်။

နောက်တစ်ယောက်ကိုလည်း ထိုနည်းအတိုင်း ပြုလုပ်ပေးလိုက်ရာ ထိုသူက လက်သီးလက်မောင်း တန်း၍ **''အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ''**ဟု သုံးကြိမ်ရွတ်ကာ လာရာလမ်းဘက်သို့ ပြန်ထွက်သွားပါတော့သည်။

ကျွန်တော်လည်း ထူးထူးဆန်းဆန်း ပညာပေးပုံကို တအံ့တသြကြည့်နေရာ ဆရာဦးချစ်သန်းက...

'ဒီလို ပညာသင်ယူတဲ့လူမျိုး တစ်လမှာ နှစ်ကြိမ်လောက်လာရင် ကောင်းမှာပဲကွ'

ဟု ပြောလိုက်ပါသည်။

ထိုမြေလျှောက်ဝိဇ္ဇာ၏ သိုင်းပညာသင်ယူမှုကြောင့် နောက်တစ်နေ့တွင် ကျွန်တော်တို့ (ဗ-လ-စ)သိုင်းသင်တန်းများ အုန်းထမင်းနှင့် ကြက်သားဟင်းတို့ နေ့လယ်စာအဖြစ် စားသောက်ကြရပါသည်။

ကျွန်တော်လည်း အုန်းထမင်းနှင့် ကြက်သားဟင်းကို ထပ်မံ စားသောက်ချင်သောကြောင့် ဝိဇ္ဇာသိုင်းသမားများကို လည်တဆန့်ဆန့်ဖြင့် မျှော်နေမိပါတော့သည်။

---

ရှေ့လဆက်ဖတ်ပါရန်

**ဆရာကြီးမင်းယကွ**
*(တိုက်ပွဲဝင်)*

www.burmeseclassic.com

# လက္ခဏာပဟေဠိ

## အဖြေညှိကြစို့

သရာကြီးဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ




ယခုလအတွက် ဖော်ပြပေးလိုက်သည့် ဘယ်လက်ဖဝါးပုံစံပိုင်ရှင်မှာ တက္ကသိုလ်အဆင့် ကျောင်းသူအမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

ထိုလက်ပုံစံကို သေချာစွာကြည့်ရှု လေ့လာစစ်ဆေးပြီးမှ အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။

၁။ ဉာဏ်ရည်ထုံထိုင်းသူလား/ ထက်မြက်ထူးချွန်နိုင်သူလား။

၂။ ပညာရေးမှာ သာမန်ဘွဲ့ရပြီးဆုံးမှုတောင် ဖြစ်နိုင်ပါ့မလား/ ပါရဂူဘွဲ့မျိုးအထိ မရရှိနိုင်ဘူးလား။

၃။ ပြည်တွင်းနဲ့ပြည်ပ ဘယ်မှာ ပညာသွားသင့်ပါသလဲ၊

မိမိတို့အဖြေများကို အကြောင်းပြချက်နှင့်တကွ သီးခြားစာရွက်လွတ်မှာ ကြိုတင်ရေးမှတ်ပြီးမှသာ ပဟေဠိ အဖြေများနှင့် ညှိနှိုင်းတိုက်ဆိုင်ကြည့် ပါရန် အကြံပြု တိုက်တွန်းအပ်ပါသည်။

ပဟေဠိ အဖြေများကို
စာမျက်နှာ (၂၀၈)တွင်
ကြည့်ရှုပါရန်။

www.burmeseclassic.com



ထူးဆန်းထက်မြက်

ရှိုင်ဘုကျား
(နမ့်စန်)

# ရေမှန်းတစ်ခွက်

မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော ကံ,ကံ၏ အကျိုးတရားများသည် အမှန်ကေန်ပင် ဆန်းကြယ်လွန်းလှပါသည်။ ဆန်းကြယ်သော ကံတရားများကြောင့် ပုဂ္ဂိုလ်သတ္တဝါတို့သည် အမျိုးမျိုးသော အကျိုးတရားများကို ခံစားစံစားကြရပါသည်။

ယင်းနှင့်စပ်၍ လွန်ခဲ့သော (၁၅)နှစ်ခန့်က စာရေးသူ၏ မိတ်ဆွေဖြစ်သော စိုင်းလုံးပန်၏ ဖြစ်ရပ်မှန်လေးတစ်ခုကို တင်ပြချင်ပါသည်။

**လွိုင်လင်မြို့သည် ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ ခရိုင်မြို့လေးတစ်မြို့** ဖြစ်ပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၄၄၄၇)ပေ မြင့်ပြီး မြို့ပတ်ပတ်လည် တောင်တန်း တောင်ကုန်းများဖြင့် ကာရံထားသကဲ့သို့ ဖြစ်သောကြောင့် ထိုတောင်တန်းများပေါ်တွင် ပေါက်ရောက်သော ထင်းရှူးပင်များဖြင့် သာယာလှပ၍ နေပါသည်။

မိုးရာသီတွင် မိုးများပြီး ဆောင်းရာသီတွင်လည်း အအေးဓာတ် ပို၍ များပါသည်။ လွိုင်လင်ဆောင်းသည် ဆောင်းနှင်းဖွေးဖွေးတို့ဖြင့် စိမ့်စိမ့်လေး အေးပါသည်။

ထိုဆောင်းဒဏ်ကို ခံနိုင်ရန် ရှမ်းပြည်နယ်၏ သဘာဝပေါက်ပင်များဖြစ်သည့် ထင်းရှူးပင်၏ အသီးခြောက်



www.burmeseclassic.com

www.burmeseclassic.com

များဖြင့် မီးလုံလေ့ ရှိကြပါသည်။

မိတ်ဆွေ အပေါင်းအသင်းများ၊ ဧည့်သည်များ လာလည်သောအခါ ရှမ်းခေါ်ပုတ်၊ နှမ်းထောင်းတို့ဖြင့် ဧည့်ခံရင်း ဝိုင်းဖွဲ့စကားစမြည်များ ပြောကြရသည်မှာ မမေ့နိုင်စရာ အကြောင်းတစ်ခုပင် ဖြစ်ပါသည်။

ထိုဆောင်းရာသီကာလမှာ နွေးထွေးစွာနေနိုင်ရန် သီတင်းကျွတ်ကာလကတည်းက ထင်း၊ မီးသွေး၊ ထင်းရှူးသီးအခြောက် စသည်တို့ကို ကြိုတင်၍ စုဆောင်းထားကြရပါသည်။

တောင်ပေါ် တောရွာများ၏ ဓလေ့တစ်ခုမှာ အိမ်တိုင်းတွင် ဧည့်ခန်း၌ (၃)ပေ ပတ်လည်ခန့်ရှိ ထင်းမီးဖိုများ ထားရှိကြပါသည်။

တောင်ပေါ်သားများသည် ဗုဒ္ဓဘာသာဝင်များဖြစ်သည့် အားလျော်စွာ သီတင်းကျွတ်လပြည့်နေ့သို့ ရောက်လေတိုင်း မြတ်စွာဘုရားအား ရည်မှန်း၍ ထင်းရှူးမီးအလင်းတို့ဖြင့် ပူဇော်နိုင်ရန် ထင်းရှူးဆီများ ရှာဖွေစုဆောင်းထားကြပါသည်။

မြတ်စွာဗုဒ္ဓသည် (၆)ဝါအလွန် (၇)ဝါမြောက် ဝါတွင်း(၃)လ ကာလပတ်လုံး တာဝတိံသာနတ်ပြည်ဝယ် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားနှင့်အတူ နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရား ဟောကြား၍ ပြီးဆုံးသောနေ့မှာ လူ့ပြည်၌ရှိသော သင်္ကဿနဂိုပြည်သို့ ပြန်ကြွလာတော်မူမှာ ဖြစ်ပါသည်။

ထိုနေ့ကို အဘိဓမ္မာအခါတော်နေ့ဟုခေါ်ပြီး နတ်ဗြဟ္မာများက ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့ဖြင့် လူ့ပြည်သို့ လိုက်ပါပို့ဆောင်တော်မူရာ တောက်တောက်ပပ လင်းလင်းလက်လက်သော



အရောင်မျိုးစုံတို့ဖြင့် ပူဇော်သကဲ့သို့ တောင်ပေါ်သားများသည်လည်း မိမိတို့ဒေသတွင် ပေါ်များပြီး လေဒဏ်ကို ခံနိုင်ရည်ရှိသော ထင်းရှူးမီးအလင်းတို့ဖြင့် ပူဇော်ကြပါသည်။

ဖယောင်းတိုင်မီးသည် မီးပုံး လိုအပ်သော်လည်း ထင်းရှူးဆီမီးသည် မီးပုံးမလိုပါ။ ဝါးပိုးဝါးလုံးကို ထိပ်မှ ခွဲစိတ်၍ ကတော့ပုံစံလုပ်ပြီး ထိုအထဲသို့ ထင်းရှူးဆီများ ထည့်ပါသည်။

ဘေးမှ သွပ်နန်းကြိုးဖြင့် တုတ်နှောင်ပြီး မီးညှိထွန်းထားပါလျှင် ပေ(၁၀၀) ပတ်လည်လောက်အထိ လင်းနေပါသည်။

ထိုကဲ့သို့ ပူဇော်နိုင်ရန် ထင်းရှူးဆီများ တောထဲသို့ သွားရှာသူများထဲတွင် စိုင်းလုံးပန်လည်း ပါ,ပါသည်။

စိုင်းလုံးပန်သည် တောထဲ၌ ထင်းရှူးဆီရှာရင်း မည်သို့မည်ပုံ ပြုမူပြောဆိုခဲ့သည်မသိ ညနေစောင်း ရောက်၍ ထင်းရှူးဆီတုံးများ ကိုယ်စီဖြင့် အိမ်ပြန်ကြပါသည်။

အိမ်သို့ရောက်သောအခါ စိုင်းလုံးပန်သည် ရေမသောက် အစာမစားဘဲ ငူငူငေါင်ငေါင်ဖြစ်ကာ ခါတိုင်းနေ့တို့ထက် ပိုမို၍ ထူးဆန်းနေပါသည်။

အခြားသူများဖြင့် စကားများခဲ့ခြင်းလည်း မရှိပါ။ အိမ်သူအိမ်သားများကိုလည်း စကားမပြောပါ။ မျက်လုံးပြူးကြောင်ကြောင်ဖြင့်သာ ကြည့်နေပါ၏။ ပုံမှန်စိတ် မဟုတ်သည်မှာ သေချာသည်။

**"ဘာဖြစ်တာလဲ"**ဟု မေးသော်လည်း မဖြေပါ။ တစ်ရက်၊ နှစ်ရက် ကြာလာသောအခါ ပို၍သာ ဆိုးလာပါသည်။

ညနေပိုင်းအချိန် ရောက်လာလျှင် အိမ်ခြံဝင်းတံခါးဘက်သို့ လက်ညှိုးထိုးကာ...

'ဟိုမှာ...လာပြီ၊ ဟိုမှာ...လာပြီ၊ ပြေး...ပြေး'

ဟု အော်ပြော၍ ထိတ်လန့်နေသော အသွင်ဖြင့် အိမ်ခန်းထဲသို့ ဝင်ပုန်းနေပါသည်။

ထိုအကြောင်းအရာကို သိမြင်သော အဘဦးအောင်ကြည်က...

'စိုင်းလုံးပန်ဟာ နဂိုပုံမှန် စိတ်ထားမျိုး မဟုတ်တဲ့ တစ်ခုခု ပြစားခံထားရပုံ ပေါ်တယ်။ ဆရာတော်ထံ သွားပြီး ပရိတ်ရေမန်း တိုက်ကြည့်ပါလား'

ဟု ပြောပါသည်။

**"ကောင်းပြု၊ ကောင်းစံ၊ ဆိုးပြုခံ၊ ခံစံရလေ၏"**

ဆိုသည့်အတိုင်း မည်သူမဆို အကောင်းပြုလုပ်လျှင် ကောင်းကျိုးခံစားရမှာဖြစ်ပြီး၊ အဆိုးပြုလုပ်လျှင် ဆိုးကျိုးခံစားရမည်မှာ ဓမ္မနိယာမတရားပင် ဖြစ်ပါသည်။

စိုင်းလုံးပန်ကို ဆရာတော်ထံသို့ ခေါ်ဆောင်သွားပြီး ဆရာတော်အား အကျိုးအကြောင်း လျှောက်ထားပါသည်။ စိုင်းလုံးပန်ကိုလည်း ဘုရားရှိခိုးခိုင်းပါသည်။ သူကား ရှိမခိုး၍

www.burmeseclassic.com

ဘုရားဘက်သို့ ခြေဆင်း၍ တောမှာ ထိုင်သကဲ့သို့ ဒူးနှစ်ဖက်ထောင်ကာ လက်မောင်းနှင့်သိုင်းပြီး လက်ယှက်၍ ထိုင်ပါသည်။

ယခင်က ဆရာတော် သံဃာတော်များကို ရိုသေလေးစားသောသူသည် ယခု တစ်မျိုးတစ်ဖုံ ပြောင်းလဲသွား၍ အံ့သြရပါသည်။

ဆရာတော်သည် မေတ္တာ ကရုဏာကြီးမားစွာဖြင့် ဘုရားတွင် ကပ်လှူထားသော သောက်တော်ရေတစ်ခွက် စွန့်ယူပြီး ရေမန်းပြုလုပ်ပါသည်။

(၅)မိနစ်ခန့်ကြာသော် စိုင်းလုံးပန်၏ ဦးခေါင်းနှင့် ခန္ဓာကိုယ်ပေါ်သို့ ရေမန်း ပက်ဖျန်းပေးပါသည်။

ရေမန်းဖြင့် ပက်ဖျန်းလိုက်သောအခါ ခြေကားရား လက်ကားရား ထိုင်ရာမှ အရိုအသေပေးသည့် အနေအထားဖြင့် ကျို့ကျို့ထိုင်လာပါသည်။

ထိုအခါ ဆရာတော်မှ ရေမန်းတစ်ခွက်ကို ကုန်စင်အောင် သောက်စေပါသည်။ စိုင်းလုံးပန်၏ ရင်ထဲသို့ ရေမန်းများ ရောက်သွားသောအခါ **ရင်ထဲ၌ ရှိသမျှသော အရာများအန်ထွက်လာပါတော့သည်။** ညိုညစ်ညစ် အရောင်များ အန်ထွက်ပြီးမှ...

'ဆရာတော် ဘုရား... တပည့်တော် ဘာဖြစ်တာလဲ ဘုရား'

ဟု လက်အုပ်ချီပြီးကုန်း ချလေတော့သည်။

စိုင်းလုံးပန်သည် တောထဲ၌ မှားခဲ့လေသလား (သို့မဟုတ်) သူတစ်ပါး အပြုစားခံရလေသလားဟု အတပ် မပြောနိုင်သော်လည်း အဆိုးပြုခဲ့၍သာ ဆိုးကျိုးခံစားရသည် ဖြစ်ပါ၏။

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးများ ထုံမွှမ်းထားသော ထက်မြက်သည့် ရေမန်း သောက်လိုက်ရသောအခါ ခံစားနေရသော ဝေဒနာ ပျောက်ကင်းခြင်း ဟူသော ကောင်းကျိုး အမှန်ပင် ရရှိသွားသည် မဟုတ်ပါလော။

**ဆရာတော်၏ ရေမန်းဂါထာ**

✤နမော တဿ ဘဂဝတော- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သံရဏံ ဂစ္ဆာမိ။

✤နမော တဿ အရဟတော- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

✤နမော တဿ သမ္မာသမ္ဗုဒ္ဓဿ-ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

✤နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ-
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

* * *

**လှိုင်ဘုဏ်း(နမ့်စန်)**


စာမျက်နှာ (၂၀၅)မှ အဆက်

**လက္ခဏာဗေဒနှင့် အဖြေများ**

**၁။ ဉာဏ်ရည်ထုံထိုင်းသူ မဟုတ်ပါ။ ဉာဏ်ရည်ထက်မြက်သူ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော်... ဉာဏ်လမ်းကြောင်းက တစ်ဆစ်ချိုးကွေ့ခြင်း၊ ဉာဏ်လမ်းကြောင်းပေါ်မှာ တြိဂံ (သရဖူ) သင်္ကေတများ ရှိခြင်းတို့ကြောင့် ဖြစ်သည်။ **ဉာဏဗလယုဂ်ရသူဖြစ်သည်။ "က" အက္ခရာ**


* * *




**၂။ ပညာရေးမှာ ပါရဂူဘွဲ့မျိုးအထိ ရရှိနိုင်သည်။**

အဘယ်ကြောင့်ဆိုသော်... ဉာဏဗလယုဂ်ရသည့်အပြင် ဉာဏ်လမ်းအဆုံးမှာ ခက်ရင်းခွပုံ လမ်းခွဲရှိခြင်း "ခ" အက္ခရာ၊ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ကွက်မှာ အိမ်မြှောင်သင်္ကေတ "ဂ" အက္ခရာ ရှိခြင်း စသည်တို့ကြောင့်ဖြစ်သည်။

* * *





**၃။ပြည်ပမှာပညာသွားသင်သင့်ပါသည်။**

အဘယ်ကြောင့်ဆိုသော်... အသက်လမ်းကြောင်းမှ နိုင်ငံခြားပညာသင်လမ်းကြောင်းများ ထင်ရှားအားကောင်းစွာ ထွက်ပေါ်နေခြင်း **"ဃ" အက္ခရာ**နှင့် နိုင်ငံခြားသွားလမ်းအောက် တနင်္လာဂြိုဟ်ကွက် အောက်ခြေမှာ **တြိဂံပုံသင်္ကေတ** ရှိနေခြင်းတို့ကြောင့်ဖြစ်ပါသည်။ **"င" အက္ခရာ**

**ထိုတြိဂံပုံကြောင့် ပြည်ပမှာ အကူအညီ အထောက်အပံ့ကောင်း ပညာ တော်သင်ဆု ပေးသည်တို့ ရရှိနိုင်ခြင်းကြောင့် ဖြစ်ပါသည်။**

* * *




**မှတ်ချက်** ။ ။ ထို လက္ခဏာရှင်မှာ ပြည်ပတွင် ပညာသင်ဆုဖြင့် သွားရောက်ပညာ သင်ယူနေပြီ ဖြစ်ပါသည်။

***(လက္ခဏာပညာသုတ တိုးပွားကြပါစေ)***

***အောင်မြင်ကျော်ကြားချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# ငွေယပ်

မှိုင်းစိန်
(ခေတ္တ-မြိတ်)



ဝါသနာပါရာ ဗေဒင်၊ လက္ခဏာ၊ ပညာတွေ လေ့လာ ဖတ်ရှုရင်းနဲ့ ၁၉၉၀ ပြည့်နှစ်လောက်က အဖြစ်ပျက်လေးကို ပြန်လည်သတိရပြီး ဤစာစုလေးကို ရေးဖြစ်တော့တယ်။

**၁၉၈၄ ခုနှစ်မှာ** ကျွန်တော်က မန္တလေးမှ တာဝန်ကျရာ ညောင်လေးပင်မြို့ကို ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရတယ်။ ကျွန်တော်က ငွေစာရင်းကိုင် အဆင့်(၂)ရာထူးနဲ့ ငွေစာရင်းဌာန တာဝန်ခံပါ။

၁၉၉၀ ပြည့်နှစ်ထဲမှာတော့ လက်အောက်က စာရေးကြီး(…)က လုပ်ငန်းပိုင်ငွေ(၉၀၀၀ိ/)ကျပ် အလွဲသုံးစားပြုပြီး ရှောင်တိမ်းသွားခဲ့တယ်။

သူ့တာဝန်က နေ့စဉ် ဝင်ငွေတွေကို မပျက်မကွက် လာရောက်ပေးသွင်းရမယ့် တာဝန်ပါ။

ယခုတော့ မမျှော်လင့်ဘဲ ရှောင်တိမ်းသွားခဲ့တာကြောင့် လုပ်ငန်းခွဲဦးစီးမှူးနဲ့ ကျွန်တော်တို့ အတော်လေး အကျပ်ရိုက်သွားခဲ့ရပါတယ်။

ငွေ(၉၀၀၀ိ/)ကျပ်ဆိုတာ အဲဒီကာလက တန်ဖိုးငွေနဲ့ တွက်ရင် မနည်းဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီကာလတုန်းက လက်ဖက်ရည်တစ်ခွက်မှ (ဒိ/)ကျပ်နှုန်းပဲ ရှိပါသေးတယ်။ မုန့်ဟင်းခါးတစ်ပွဲကိုလဲ (ဒိ/)ကျပ်နှုန်းပါပဲ။

အဲဒီအမှုနဲ့ ပတ်သက်ပြီး အောက်ခြေလုပ်ငန်းခွဲရဲ့ လုပ်ပိုင်ခွင့် အတွင်းကနေ စစ်ဆေးရေးအဖွဲ့ ဖွဲ့ပြီး စစ်ဆေးစေခဲ့ပါတယ်။

အဲဒီနောက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ ရေးသားပြီး သက်ဆိုင်ရာ လုပ်ငန်းဌာနကို တင်ပြရန်အတွက် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ရပါတယ်။

ကျွန်တော် ရန်ကုန်ဇာတိဖြစ်ပြီး ယခင် အတူနေခဲ့တဲ့ သူငယ်ချင်း အပေါင်းသင်း မိတ်ဆွေတွေထံ ရောက်တုန်းရောက်ခိုက် ခေတ္တ ဝင်ရောက်လည်ပတ်ခဲ့တယ်။

အဲဒီမှာ မမျှော်လင့်ဘဲ ယခင်က တပည့်အဖြစ် ဆည်းကပ်ခဲ့ဖူးတဲ့ ဘာဘဆာဒူးကြီးနဲ့ ပြန်လည် တွေ့ဆုံခဲ့ရတယ်။

ဘာဘဆာဒူးကြီးက ဟိန္ဒူဆာဒူးကြီး တစ်ဦးပါ။ ကျွန်တော် ရန်ကုန်၊ သဃ်န်းကျွန်းမှာ နေစဉ်ကတည်းက ဆည်းကပ်ခဲ့ဖူးသူပါ။

ဘာဘဆာဒူးကြီးနာမည်ကို အတိအကျ မသိခဲ့ရဘူး။ ဘာဘဆာဒူးကြီးကလဲ ဘယ်အရပ်မှာနေမှန်းလဲ မသိခဲ့ပါ။ တစ်ခါတစ်ရံမှ ရောက်လာသူပါ။

အများပြောနေတဲ့ ဝိဇ္ဇာဆိုတာ လိပ်စာမရှိဘူး ဆိုတာများလား။

ကျွန်တော်တို့ အသိုင်းဝိုင်းတွေက ဘာဘဆာဒူးကြီးကို ယုံကြည်လေးစား ဆည်းကပ်ကြသလို ဘာဘဆာဒူးကြီးကလဲအရေးအကြောင်းဆိုရင် ကြွရောက်လာပြီး အကူညီပေးခဲ့တယ်။

ဘာလုပ် ညာလုပ် ဆိုပြီးတော့လဲ အမြဲခိုင်းတတ်သလို သီလပျက်တာ လုပ်မိရင်လဲ ဆူပူပြီး ဒဏ်ပေးတတ်သေးတယ်။ ကျွန်တော်တို့နဲ့ ရှေးက ပဋ္ဌာန်းဆက်ရှိတယ်လို့ ပြောတယ်။

ဘာဘဆာဒူးကြီးက စကားနည်းတယ်။ တိုတိုနဲ့ လိုရင်းပဲ ပြောတယ်။ မေးမှ ဖြေတယ်။ လှူမှ စားတယ်။ မမေးရင် ဘာမှ မပြောဘူး။ သူကြွလာရင်လဲ အကြောင်းထူးရှိလို့ လာတာပဲ။

မှတ်မိသေးတယ်။ **၁၉၇၇ ခုနှစ်မှာ ရန်ကုန်ကနေ မန္တလေးကို** ပြောင်းသွားပြီးတဲ့နောက် တာဝန်ဝတ္တရားအရ ရန်ကုန်ရုံးချုပ်ကို ခေတ္တ ဆင်းအလာ





www.burmeseclassic.com

www.burmeseclassic.com

မှာ ဘဘကြီးနဲ့ သယ်န်းကျွန်းမှာ တွေ့ဆုံခဲ့တယ်။ ဒီတော့ ဘဘဆာဒူးကြီးက...

'မင်းမှာ အန္တရာယ်ရှိတယ်၊ သစ်သီးသုံးလုံးကို ရှာပြီး တွေ့ရာ ရဟန်းသာမဏေ တစ်ပါးပါးကို လှူလိုက်။

နောက်တစ်ခုက အချိန်မှာတော့ ရှားရှားတာ ရှားတယ်၊ အဲဒါက ကောက်ညှင်းခြေထောက် (ကောက်ညှင်းကျည်တောက်)ကို ရှာပြီး ဘုရားမှာ ကပ်လှူ။

ဘိုးတော်များ၊ မယ်တော်များကိုလဲ လှူပေးပြီး အန္တရာယ်က ကင်းအောင် ဆုတောင်းပါ'

ဆိုပြီး ထွက်သွားရော နောက်ဆုံးမှာ ဘဘဆာဒူးကြီး ညွှန်ကြားချက်အတိုင်း လိမ္မော်သီးသုံးလုံးကို ဝယ်ပြီး ဆွမ်းခံကြွလာတဲ့ ရဟန်းတစ်ပါးကို လှူလိုက်တယ်။

အဲဒီအချိန်က ရန်ကုန်မှာ မိုးတွင်းကာလဖြစ်နေတော့ ကောက်ညှင်းခြေထောက်က ရှားတာ အမှန်ပါပဲ။

ဒါပေမယ့် မန္တလေးမှာကတော့ မိုးနည်းပြီး ဓာတ်သဘင်တွေက မိုးလုံလေလုံ ဓာတ်ပွဲရုံကြီးတွေမှာ ကပြလေ့ရှိတော့ ပွဲဈေးတန်းမှာ ကောက်ညှင်းခြေထောက် ရနိုင်တယ်။

ဒါကြောင့် မန္တလေးပြန်ရောက်မှ ရှာပြီး လှူမယ်ဆိုပြီး မန္တလေးကို ပြန်ခဲ့ပါတယ်။

မန္တလေး ရောက်ပြန်တော့လဲ လုပ်ငန်းက များနေပြန်ပါတယ်။ ဒီတော့ ဘဘဆာဒူးကြီးရဲ့ စေခိုင်းထားတဲ့ ကောက်ညှင်းခြေထောက်ကို လုံးဝ သတိမရတော့ဘူး။

တစ်ရက်မှာ ဘတ်(စ်)ကားပေါ်မှ ဆင်းမယ်လုပ်တုန်း ရုတ်တရက် ကားက ထွက်လိုက်တာ နောက်ပေါက်ကနေ ကျွမ်းပြန်ကျသွားပါတော့တယ်။

ကျွန်တော့်ခြေထောက် ခြေချင်းဝတ်ခေါက်သွားပြီး လုံးဝ မထနိုင်တော့ပါ။

ဘေးပတ်ဝန်းကျင်က ကြည့်နေသော ဆိုက်ကားဆရာတစ်ဦးကို ခေါ်ပြီး နေထိုင်ရာ ဇောတိကုန်းရပ်ကွက်ကို ဆိုက်ကားငှားပြီး ပြန်ခဲ့ရတယ်။

သုံးရက်လောက် လုံးဝ မထနိုင်ပါ။ အဲဒီကာလတုန်းက ကျွန်တော်က လူပျိုဘဝ အိမ်ထောင်မရှိ။ ဒါကြောင့် ဇောတိကုန်းက ဘော်ဒါဆောင်မှာ ငှားနေရတာ။ တစ်ယောက်တည်း အတော်လေး ဒုက္ခရောက်ခဲ့ရတယ်။

ဒါကြောင့် မိဘတွေရှိရာ ရန်ကုန် သယ်န်းကျွန်းအိမ်ကို ခေတ္တ ခွင့်ယူပြီး ပြန်ခဲ့တယ်။

ရန်ကုန်ရောက်ပြီး တစ်ရက်၊ နှစ်ရက် အကြာမှာ ဘဘဆာဒူးကြီး ကြွလာတယ်။ ကျွန်တော်က အကျိုးအကြောင်း ပြောပြတော့...

'မင်းကို ငါပြောတယ်လေ အန္တရာယ်ရှိတယ်လို့... ငါပြောတဲ့အတိုင်း အကုန်မှ မလုပ်တာကိုး။

သစ်သီးသုံးလုံး လှူလိုက်လို့ ဒီလောက် သက်သာတာ၊ ဘာမှသာ မလုပ်ရင် မင်းခြေထောက်ကို ဖြတ်ပစ်လိုက်ရပြီ'

ဘဘဆာဒူးကြီးစကား ကြားရတော့ ကျွန်တော် အတော်လေး မျက်လုံးပြူးသွားပါတော့တယ်။ ဘဘဆာဒူးကြီးက ဆက်၍...

'ကောက်ညှင်းခြေထောက်ကို ဆက်ရှာ၊ ဒီတစ်ခါ နှစ်ချောင်းရှာ၊ တစ်ချောင်းက ကြီးရမယ်၊ တစ်ချောင်းက ငယ်ရမယ်၊ တိုရမယ်။

ကြီးတဲ့အချောင်းကို ခွဲပြီး ဘုရားနဲ့တကွ ဘိုးတော်များ၊ မယ်တော်များကိုလှူ။

သေးတဲ့အချောင်းကို မင်းအိမ်ရဲ့ မြောက်ဘက်အရပ်က သန်သန်မာမာ ကလေးတစ်ဦးကို ဘယ်ဘက်လက်နဲ့ ကိုင်ပြီး ပေးလိုက်'

လို့ ပြောကာ ပြန်သွားခဲ့တယ်။

ဒါကြောင့် ကျွန်တော့်အမေက ကောက်ညှင်းဆန်နဲ့ ဝါးစိမ်းကို ဝယ်ပြီး ကိုယ့်အိမ်မှာတင် ကောက်ညှင်းခြေထောက် ဖုတ်ပေးပြီး ဘဘဆာဒူးကြီး အမိန့်အတိုင်း ဘုရားနဲ့တကွ ဘိုးတော်များ၊ မယ်တော်များကို လှူခြင်း၊ ကျန်အသေးတစ်ချောင်းကို အိမ်ရဲ့မြောက်အရပ်မှ သန်သန်မာမာ ကလေးတစ်ဦးကို ပေးလှူလိုက်တယ်။

သုံးရက်လောက် အကြာမှာတော့ ခြေထောက်ဟာ ပကတိအတိုင်း ပြန်ကောင်းပြီး လမ်းလျှောက်နိုင်ပါတော့တယ်။

ယခု ဘဘဆာဒူးကြီးနဲ့ တွေ့ဆုံလို့ အတိုင်းထက်အလွန် ဝမ်းသာသွားတော့တယ်။ ကျွန်တော်တို့မှာက ငွေမှုပြဿနာ ပေါ်နေတယ်လေ။

ဘဘဆာဒူးကြီးကို ဂါရဝပြုပြီး သူ အမြဲသုံးဆောင်တဲ့ ကွမ်းယာနဲ့ ဆေးပြင်းလိပ်ကို အမြန်ဝယ်ပြီး ဆေးပြင်းလိပ်ကို မီးညှိပြီး ကပ်လှူလိုက်တယ်။

ဘဘဆာဒူးကြီးက ဆေးပြင်းလိပ်ကို အားပါးတရ ဖွာရှိုက်ပြီး ကွမ်းယာကိုတော့ မစားသေးဘဲ လက်ထဲမှာပဲ ကိုင်ထားတယ်။ ကျွန်တော်က ဘဘဆာဒူးကြီးကို...

'ဘဘ သားကို မေးခွင့်ပြုပါနော်'

'ဘာသိချင်လဲ...မေး'

'ကျွန်တော်တို့မှာ ငွေမှုပြဿနာ တက်နေပါတယ်။ အောက်လူ လုပ်သွားတာပါ။ အဲဒီပြဿနာ အေးချမ်းသွားအောင်လို့ ကူညီဆောင်ရွက်ပေးပါခင်ဗျား'

ဘဘဆာဒူးကြီးမှ ချက်ချင်း မဖြေသေးဘဲ သောက်လက်စ ဆေးပြင်းလိပ်ကို ဖွာရှိုက်ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com

'မင်းတို့ဘက်ကရော တာဝန်ကင်းရဲ့လား။ ငွေက ဘယ်လောက်လဲ'

'ကျွန်တော်တို့ဘက်ကတော့ လုံးဝ တာဝန်ကင်းပါတယ်။ လုပ်ငန်းက သတ်မှတ်ပေးထားတဲ့ စည်းမျဉ်းဥပဒေအတိုင်းလဲ ဆောင်ရွက်ထားပါတယ်။ စာရေးကြီးက သူသဘောနဲ့သူ လုပ်သွားတာပါ။ ငွေတန်ဖိုးက ၉၀၀၀၀/ (ကိုးသောင်းကျပ်)ပါ ဘဘ'

ဘဘဆာဒူးကြီးမှ ခေါင်းတညိတ်ညိတ်လုပ်ကာဖြင့် ထပ်မံ ပြောဆိုလိုက်တာက...

'ငွေမှုပြဿနာတက်နေတော့ ငွေရပ်သွားအောင် လုပ်ရမှာပေါ့။ မင်း ယပ်တောင်တစ်ချောင်းရှာ ပြီးတော့ ငွေစက္ကူတွေကို ယပ်တောင်ရဲ့ ရှေ့နောက် အားလုံးမှာကပ်။

ငွေကိုးသောင်းဆိုတော့ ကပ်ငွေ အားလုံးပေါင်းရင် နဝင်းဖြစ်စေရမယ်။ အဲဒီလိုကပ်ထားတဲ့ ယပ်တောင်ဟာ ရိုးရိုးယပ်တောင် မဟုတ်တော့ဘူး။ ငွေယပ်ဖြစ်သွားပြီလို့ မှတ်။

ပြီးတော့ မင်းရဲ့ မွေးနေ့မှာ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အိမ်က ဘုရားမှာ ယပ်တော်သွင်းပေးပြီး ဆုတောင်း။

နောက်နေ့နံနက်မှာ ဆွမ်းခံကြွလာတဲ့ ရဟန်းသာမဏေတစ်ပါးပါးကို လှူလိုက်၊ မင်းရဲ့ ငွေပြဿနာတက်မှု ရပ်သွားလိမ့်မယ်'

'ဒီလိုဆိုရင် အိမ်အပေါ်ထပ်ကို တက်ပြီး ဆွမ်းခံကြွနေတဲ့ ကိုယ်တော်ကို တက်ပြီး လှူလိုက်မယ်'

'ဟော့... ငွေပြဿနာက တက်နေတာကွ တက်လှူတော့ ဆက်တက်တော့မှာပေါ့။ အခုဟာက ကျဆင်းရမှာကွ။ အဆင်းမှာ လှူလိုက် နားလည်လား'

'ဟုတ်... ဟုတ်ကဲ့ပါ ဘဘ၊ နားလည်ပါပြီ'

ထို့နောက် ဘဘဆာဒူးကြီးမှာ လက်တွင်ကိုင်ထားသော ကွမ်းယာကို **သဏ္ဍာတဘာသာနဲ့ ရွတ်ဖတ်ပြီး...**



'ရော့... ဟောဒီကွမ်းယာကို စားလိုက်၊ တံတွေးကို လုံးဝ ထွေးမထုတ်နဲ့၊ အားလုံး မျိုချ။ ကဲ...ငါသွားမယ်'

ဟု ပြောပြောဆိုဆို ထသွားပါတော့သည်။ ကျွန်တော်တို့မှလည်း ဘဘဆာဒူးကြီးကို ကန်တော့၍ ဝတ်ပြုလိုက်ကြပါသည်။

ကျွန်တော်သည် ဘဘဆာဒူးကြီး ပေးလိုက်သော ကွမ်းယာကို စားဖို့ရန် မဝံ့မရဲ ဖြစ်နေပါသည်။

အကြောင်းမှာ ကျွန်တော်မှာ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့ကို ယနေ့ထက်တိုင် မပြုလုပ်ခဲ့ပါ။

ဆေးလိပ်အနံ့ထက် ကွမ်းစားဆေးခံတွင်းထဲသို့ ဝင်လျှင် လုံးဝ မထူနိုင်အောင် မူးတတ်ပါသည်။ အော့အန်ပါသည်။

ဘဘဆာဒူးကြီးက ကွမ်းစားလျှင် ကွမ်းစားဆေးရွက်ကြီး ထည့်စားသဖြင့် ဤကွမ်းယာထဲတွင် ကွမ်းစားဆေး အပြည့်ပါပါသည်။

ဤကွမ်းယာကို ကျွန်တော် စားခဲ့သော် ဆေးမူး၍ အော့အန်တော့မည်မှာ အမှန်ပင်။

သို့သော် ဘဘဆာဒူးကြီး၏ တန်ခိုးသတ္တိကို ကျွန်တော် ယုံကြည်ပါသည်။ ကြိုးဖူးပါသည်။ နားလည်ပါသည်။

ထို့ကြောင့် ယုံကြည်မှု အပြည့်ဖြင့် ကွမ်းကို စားလိုက်သည်။ ထူးလိုက်သည်မှာ ကွမ်းယာက ဆိမ့်နေသည်။ ဘဘဆာဒူးကြီး အမိန့်အတိုင်း တံတွေး လုံးဝ မထွေးဘဲ ကွမ်းယာကို မျိုချလိုက်သည်။

**အဲဒီနောက် ညောင်ဝလေးပင် ပြန်ရောက်တော့ ဘဘဆာဒူးကြီး၏ ညွှန်ကြားချက်အတိုင်း ငွေထောင်ကျပ်တန် အရွက်ရေ (၉၀)ကိုးဆယ်ကို ယပ်တောင်၏ ရှေ့နောက်တို့တွင် ကပ်၍ ငွေယပ်လုပ်လိုက်ပါသည်။**

**ကျွန်တော်၏ မွေးနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် အိမ်မှ ဘုရားခန်းတော်တွင် ယပ်တော်သွင်း၍ နောက်နေ့ နံနက်တွင် အိမ်၏ အပေါ်ထပ်မှ ဆွမ်းခံပြီး ဆင်းသက်လာသော ဦးပဉ္စင်းအား လှူလိုက်ပါတော့သည်။**

သုံးရက်ခန့် အကြာတွင် ရှောင်ပြေးသွားသော စာရေးကြီးသည် ပြန်လည်ရောက်ရှိလာပါသည်။

သူမှ အလွဲသုံးစားပြုထားသော ငွေအားလုံးအတွက် ကျသင့်ငွေ ကိုးသောင်းကျပ်အား သူ၏ ဆွေမျိုးသားချင်းများမှ စုပေါင်း၍ ပေးလျော်လိုက်ခြင်းကြောင့် ဆုံးရှုံးမှု တန်ဖိုးငွေကို ပြန်လည်ရရှိ၍ ဘဏ်သို့ ငွေသွင်းချလန်ရေး၍ ပေးသွင်းလိုက်ပါသည်။

လုပ်ငန်းဌာနမှ ဌာနဆိုင်ရာ ပဏာမစုံစမ်းစစ်ဆေးရေးအဖွဲ့များ လာရောက်စစ်ဆေးလာသော် ဆုံးရှုံးငွေများ အပြည့်အဝ ပြန်လည်ရရှိပြီးကြောင်းကို ဘဏ်ငွေသွင်းချလံများ တင်ပြပြီး ဖြေရှင်းလိုက်ပါသည်။

လုပ်ငန်းဌာနမှ စာရေးကြီးအား ထိုက်သင့်သော ပြစ်ဒဏ်ပေး၍ ငွေပြဿနာတက်မှု ရပ်သွားပါတော့သည်။

**ဦးစိန်(ခေတ္တ-မြိတ်)**



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

သရော်ကြီးဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ ＊ ＊ ＊



ယခုလအတွက် **နံပါတ်(၁)** နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ အသက်အစိတ်ခန့် ရှမ်းတိုင်းရင်းသူ အမျိုးသမီးငယ်တစ်ဦး ဖြစ်ပါသည်။

ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသ မြို့တစ်မြို့မှဖြစ်ကြောင်း သိရသည်။ မြန်မာသက္ကရာဇ် **၁၃၅၃ ခုနှစ်၊ ဗုဒ္ဓဟူး နံနက်ပိုင်း** မွေးသူဖြစ်ပြီး နာမည်က **"နန်းဝေဝေ"**ဖြစ်သည်။

**"ဝေဝေ"**ဆိုသော စာလုံး(၂)လုံးတွဲကို အင်္ဂလိပ်စာလုံးဖြင့် လက်မှတ်ရွေးထိုးထားခြင်း ဖြစ်ပါသည်။

'အချစ်ရေး၊ အိမ်ထောင်ရေး ကိစ္စတွေ အပြိုင်အဆိုင် များလွန်းတယ်၊ တအား စိတ်ညစ်ရတာယ် ဆရာ'

ထိုးမြဲလက်မှတ်ပိုင်ရှင် အမျိုးသမီးငယ်၏ ပြောစကား ဖြစ်ပါသည်။

လက်မှတ်ပုံသဏ္ဌာန်မှာ အပြိုင်သင်္ကေတ တွေ့ရှိသည့်အပြင် အင်္ဂလိပ်ဂဏန်း"2"ကို လက်မှတ်အဖြစ် အညွန့်တင်ထားခြင်းကို တွေ့ရသည်။

**ထိုသင်္ကေတများက အချစ်ရေး၊ အိမ်ထောင်ရေးမှာ စိတ်ညစ်ရလောက်အောင် ဒုက္ခပေးနေခြင်း ဖြစ်ပါသည်။**

မူလမဟာဘုတ်ခွင်နှင့် နာမက္ခရတိုင်စဉ် ချကြည့်လျှင်...

＊ ＊ ＊ **[နံပါတ်–၁]**


ဗုဒ္ဓဟူး သိုက်ဖွားဖြစ်သည်။ "ရှမ်း" အနွယ်ဖြစ်၍ **"နန်း"** ဆိုသော စကားလုံးကို နာမည့်**"ဝေဝေ"**၏ ရှေ့မှာ ထည့်ခေါ်ခြင်း ဖြစ်သော်လည်း မှတ်ပုံတင်မှာ **"မနန်းဝေဝေ"**ဖြစ်နေသည်။

အပြင်တွင် လူခေါ်များသည့် နာမည်မှာ **"နန်းဝေ"**ဖြစ်သည်။ ထို့ကြောင့် မူလမဟာဘုတ်တွင် **စနေ+ဗုဒ္ဓဟူး= ရာဟု+သိုက်=ပက္ခ** နာမည်ဖြစ်ပြီး နာမက္ခရတိုင်စဉ် မှားသည်။

**"ဝေ"** ဆိုသော လက်မှတ်ရွေးထိုးခြင်း မှန်သော်လည်း "2" **ဂဏန်း**ကို မထည့်သင့်ပါ။ အောက်ပါအတိုင်း လက်မှတ်ပြုပြင်သင့်ပေသည်။

＊ ＊ ＊





▲အသည်းပုံ တည့်တည့်လှလှ ကြီးကြီးဆွဲ။
▲အညွန့်နေရာမှာ ပွင့်ဖတ်(၄)ခုပါသော ပန်းပွင့်သင်္ကေတ လှလှထည့်။
▲လက်မှတ်အောက်မှာ မျဉ်းမသားရ။

အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် အယှဉ်အပြိုင် အနှောင့်အယှက်ကင်းပြီး စိတ်ချမ်းသာ ပျော်ရွှင်လာပါလိမ့်မည်။

၂။ ＊ ＊ ＊



ယခုလအတွက် **နံပါတ်(၂)**နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ အထက်အညာ

နံပါတ်–၁

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ ＊ | ၀ |
| ၅ | ၂ | ၃ |

**(မူလမဟာဘုတ်ခွင်)**

| | |
|---|---|
| ၁ | |
| ၇ | ၆ |
| ၅ | ၄ |
| ၃ | ၂ |

**(နာမက္ခရတိုင်စဉ်)**



www.burmeseclassic.com

www.burmeseclassic.com

ဒေသ မန္တလေးမြို့မှ အသက်(၄၀)ကျော် အမျိုးသားတစ်ဦး ဖြစ်ပါသည်။

**"မြင့်ကျော်မိုး"**ဆိုသည့် နာမည် (၃)လုံးတွဲကို အင်္ဂလိပ်အက္ခရာ စာလုံးဖြင့် လက်မှတ်ထိုးထားကြောင်း ပြောပြပါသည်။


လက်မှတ်သင်္ကေတမှာ တုတ်ခြစ်ပုံတွေ အဆင့်ဆင့် ဖြစ်နေပြီး ငှက်တစ်အုပ် စုဖွဲ့ပျံသန်းနေပုံမျိုး ဖြစ်သည်။


'နိုင်ငံခြားမှာ သွားရောက်လုပ်ကိုင်ပေမယ့်လဲ အလုပ်ကောင်းကောင်း မရပါဘူး။ ရောင်းစားခံရ၊ ဖမ်းဆီးချုပ်နှောင်ခံရ၊ လိမ်ညာခံရ၊ ငွေလဲမရ ဒုက္ခတွေပဲ များပါတယ်'

ထိုးမြဲလက်မှတ်ပိုင်ရှင်က အတိုချုံး၍ ပြောပြခြင်း ဖြစ်ပါသည်။ လက်မှတ်ပုံသဏ္ဌာန် ညံ့လွန်းကြောင်း အထူးပြောရန် လိုမည်မထင်ပါ။

သူ၏ မွေးသက္ကရာဇ်မှာ **မြန်မာလို ၁၃၃၂ ခုနှစ်၊ ကြာသပတေးသား** ဖြစ်၍ မူလမဟာဘုတ်ခွင်နှင့် နာမက္ခရတိုင်စဉ် ချကြည့်လျှင်...

*** **[နံပါတ်-၂]**





ကြာသပတေးသား မရဏဖွားဖြစ်သူကို **ကြာသပတေးအစ၊ တနင်္လာအလယ်၊ အင်္ဂါအဆုံး** နာမည်ပေးထားရာ **မရဏ+ဘင်္ဂ+ပုတိ** အနိဋ္ဌနာမည်မျိုးဖြစ်သည်။

ထိုနာမည်ညံ့ကို သုံးလုံးလက်မှတ်ရွေးထိုးရာတွင်လည်း ပုံသဏ္ဌာန် ညံ့နေပြန်သဖြင့် သူ့ဘဝတစ်လျှောက်လုံး အညံ့တွေသာ ကြုံခဲ့ရပြီး ဆယ်စုနှစ်(၂)ခုလောက်ကြာအောင် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားတို့ ပိုင်နက်တွင် ငါးဖမ်းလှေများ၌ ရောင်းစားခံခဲ့ရသည်။

ဤနေရာတွင် ထိုးမြဲလက်မှတ်ကို **"မြင့်"** တစ်လုံးတည်းသာ ထိုးသင့်သည်။


အရပ်အမောင်း မြင့်သူဖြစ်သည့်အပြင် အသားကလည်း ညိုညိုမည်းမည်းဖြစ်၍ ဝဏ္ဏနှင့် ပညတ်မှန်အောင် ရွေးချယ်ပေးရခြင်းဖြစ်သည်။

***



အရာရာ တည်ငြိမ်နိုင်ပြီ ကံကောင်းနေစေရန် တြိဂံပုံအောက်ခြေပြား ငွေအိတ်သင်္ကေတ တည့်တည့်လှလှကြီး ဆွဲစေသင့်သည်။

၃။ ***



ယခုလအတွက် **နံပါတ်(၃)**နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ **တနင်္သာရီတိုင်းဒေသကြီးရှိ မြို့တစ်မြို့မှ အသက်လေးဆယ်ဝန်းကျင်** အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

**"ခင်စိန်ထွေး"**ဆိုသော နာမည်သုံးလုံးမှ ထိပ်ဆုံးစာလုံး **"ခင်"**ကို မြန်မာအက္ခရာဖြင့် လက်မှတ်ထိုးထားသည်။

**"ခ"အက္ခရာမှာ** ခွက်မှောက်သင်္ကေတဖြစ်၍ ငွေထွက်များ၊ ငွေမမြဲ၊ ငွေကြေးအတွက် စိတ်ညစ်ရမည် ဖြစ်ပေသည်။

'အကြွေးပူတွေ ပိနေလို့ အမြန်ဆုံး ပြန်ဆပ်နိုင်ချင်တယ်'

ထိုးမြဲလက်မှတ်ပိုင်ရှင်က သူမ၏ လတ်တလော အခြေအနေကို ရှင်းပြခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ၏ မြန်မာလို မွေးသက္ကရာဇ် **၁၃၃၉ ခုနှစ်၊ တနင်္လာသမီး** ဖြစ်၍ မူလမဟာဘုတ်ခွင်နှင့် နာမက္ခရတိုင် စဉ် ချကြည့်လျှင်...

* * * **[နံပါတ်-၃]**


တနင်္လာ ဘင်္ဂဖွားဖြစ်သူကို **တနင်္လာ +အင်္ဂါ+စနေ** နာမည်ပေးထားရာ **ဘင်္ဂ+ပုတိ+ရာဇ** နာမည်ဖြစ်သည်။ **အနိဋ္ဌ+အနိဋ္ဌ+ဣဋ္ဌ** ဖြစ်ရာ အညံ့ များနေသည်။

ထို့ပြင် တနင်္လာနံသင့်အက္ခရာနှင့် စတင်ခေါ်ပြီး တနင်္လာ၏ ဘုမ္မိဖြစ်သော စနေနံသင့်အက္ခရာနှင့် နာမည်အဆုံး ပေးခြင်းလည်း အလွန်ညံ့ပါသည်။

ဤနာမည်အညံ့တွင် ဘင်္ဂအပျက် ဌာနမှ တနင်္လာနံ အက္ခရာစာလုံးကို နာမည်ရွေးထိုးခြင်းက မဟာ အမှား ဖြစ်ပါသည်။

စိတ်ချမ်းသာမှု အလွန် နည်းပါးပေ လိမ့်မည်။ ကိုယ်မကျန်းမာ၊ စိတ်မချမ်း သာ အမြဲကြုံရနိုင်သည်။ ဤနာမည် တွင် ထိုးမြဲလက်မှတ်အဖြစ် ရွေးစရာ မှာ "**ထွေး**"တစ်လုံးသာ ရှိပါသည်။

* * *



▲"ထ"ကို နှစ်မြှာအသည်းပုံလေးဆွဲ။

▲"ဝဆွဲ"ကို ငွေအိတ်ပုံ ကြီးကြီးလုလု တည့်တည့်ဆွဲ။

▲ဝစ္စပေါက်ကိုလည်း အညွန့်လေးနှစ်ခုပုံဆွဲ။ ကံကောင်းလာပါလိမ့်မည်။

***ဤမျှနှင့်သာ ကျေနပ်နိုင်ကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာ ကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဒေဘွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**

# သံကောင်းရရှိသူများ

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့ နယ်တွင် ရက္ကန်းစင်တောင် ရှိပါသည်။ တောင်ခြေတွင် တဗျောအင်းရှိပါ သည်။ တန်ခူး၊ ကဆုန်မြစ် ရေကျချိန် တွင် သံကို ငုပ်ယူပေးသော ကျွမ်းကျင် သော ပုဂ္ဂိုလ်များရှိပါသည်။



ပုစွန်ကျစ်စာခဲ ကဲ့သို့သော အခဲ လေးများ ရရှိပါမည်။ ယင်းအခဲလေး များကို အောက်ပါ သံချဆေးဖြင့် ချပါ က **ရေသယံ သံကောင်း**ကို ရရှိပါ မည်။

## သံထုတ်ဆေး

**နွားရိုး၊ ကျွဲရိုး၊ ဆင်ရိုး ရရာနှင့် ပြာဖုတ်** ယင်းပြာ(၁)ကျပ်သား၊ လက်ချား(၁)ကျပ်သား၊ ထန်းလျက် (၁)ကျပ်သား ယင်း(၃)ပါးကို ညက်စွာ ကြိတ်၍ သံ(၁)ကျပ်သားကို ဆေး ဖျူး(၅ မှုး) ထည့်ထိုး၊ မီးသွေး(၅)အုပ်၊ (၆)အုပ်၊ (၇)အုပ် လုံပိတ်၍ထိုး၊ သံ အရည် ဖြစ်လာ၏။ အေးလျှင် ရေသယံ နုနု စင်ကြယ်စွာရ၏။ မိမိတို့ အလိုရှိရာ သံလမ်းကို တက်ပါလေ။

## သထုံဝိဇ္ဇာမိုးရိုလမ်း

ကောက်ယူနည်းများကို မရှင်းပြ တော့။ လက်တွေ့လုပ်ငန်းကို ပြသ သွားပါမည်။ ကြိုက်နှစ်သက်ပါက ဆောင်ရွက်ကြပါလေ၊ ပြဒါးပြာကို ရရှိ ခံစားရမှုများ ရှိပါသည်။

၁။ ကြေးနီ (၂)ကျပ်သား၊ နာ(၂) ကျပ်သား ပေါင်း(၄)ကျပ်သားကို လုံပိတ်၍ (၁)ကျပ် ၁၂(ပဲ)သား ကျန်အောင်ထိုး၊ ကျန် (၁)ကျပ် (၁၂)ပဲသား။ နာ(၁)ကျပ် (၁၂)ပဲ သားထည့်၍ ဒုတိယအကြိမ်ထိုး၊ (၁)ကျပ်၈(ပဲ)သားကျန်လျှင် (၁) ကျပ် ၈(ပဲ)သားထည့်၍ တတိယ အကြိမ်ထိုး၊ (၁)ကျပ် ၂(ပဲ)သား ကျန်လျှင်ရပ်ထားပါ။ **အန္တောဓာတ်**။

၂။ ရေသယံသံနုနု (၁)ကျပ်သား၊ ဘင်(၁)ကျပ်သား ပေါင်း၍ ကြေမွ ကြွပ်ဆပ်လာအောင် လုံပိတ်ထိုးပါ။ ယင်းမှ ၈(ပဲ)သားစီယူ၍ အန္တော ဓာတ်ကို လက်ချားချော်အုပ်၍ လုံပိတ်ထိုးသွား၊ နောက်ဆုံး (၁)ကျပ် ၂(ပဲ)သားကျန်လျှင် ရပ် ထားပါ။ **ခြုံသော့ဆေးခေါ်သည်။**

၃။ မုတ္တာမဂွတ်ညို အရောင်တောက် ပြောင်သည်။ လက်လောလက်ဆံ လေးသည်။ အရေနုသည်။**(ပရ ဆေးဆိုင်တွင် ရရှိပါသည်။)** ယင်း (၁)ကျပ်သားမှ ၄(ပဲ)သား ယူ၍ ဓာတ်လုံး လုံပိတ် ချော်အုပ်၍ ကျွေးသွားပါ။

၄။ (၁)ကျပ်သား ကျန်လျှင် ထုံခွက်နှိပ် ပြဒါးချွတ်ပြီး ၄(ပဲ)ထည့်ပြီး လွှစာ မီးနှင့် မီးစိုက်ပါ။ ပြဒါးပြာကျ၏။ လိုရာသုံး။

**တင်လှ (ဆ-မ-မြိမ်း)**



www.burmeseclassic.com

www.burmeseclassic.com

### တနင်္ဂနွေ

**စီးပွားရေး ။ ။** အမျိုးသမီးအသုံးအဆောင်များ၊ အလှကုန်များ၊ ငွေကြေးရောင်းဝယ်ရေး၊ လဲလှယ်ရေး လုပ်ငန်းများ အကျိုးအမြတ် များမည်။

**ဝန်ထမ်းရေးရာ။ ။** ငွေစာရင်း အတိအကျထားပါ။ ငွေကြေးအရှုပ်အရှင်းကိစ္စရှိ၍ အသင့်ပြင်ဆင်ထားပါ။

**အိမ်တွင်းရေး။ ။** မိသားစု ဝင်ငွေကောင်းမည်။ ငွေကြေးသုံးစွဲမှုနှင့် ပတ်သက်၍ မိသားစု စိတ်ဝမ်းကွဲတတ်သည်။ သားသမီးများ၏ နိုင်ငံခြားခရီး အဆင်ပြေမည်။

**အချစ်ရေး။ ။** ချစ်သူမရှိသေးသူများ ချစ်သူရရှိမည်။ ချစ်သူရှိနေသူများ မမျှော်လင့်ဘဲ လက်ထပ်ကိန်း ဝင်မည်။

**ပညာရေး။ ။** ကံအားနည်းလျှင် ဉာဏ်ဝီရိယဖြင့် ကူပါ။ ဆန္ဒပြင်းထန်အားကြီးသူသည် ဖြစ်ချင်သည့်ဆန္ဒများကို ဖြစ်နိုင်ပါသည်။

**ကျန်းမာရေး။ ။** လေထိုးလေအောင့် လေနာရောဂါဖြစ်တတ်သည်။ ရင်ဘတ်၊ ဝမ်းဗိုက်၊ ခြေထောက် အအေးမခံပါနှင့်။

**ဆောင်ရန်ရက်များ။ ။** ၃၊ ၅၊ ၉၊ ၁၄၊ ၁၈၊ ၂၁၊ ၂၃၊ ၂၅၊ ၂၇။

**ရှောင်ရန်ရက်များ။ ။** ၄၊ ၆၊ ၁၀၊ ၁၅၊ ၁၉၊ ၂၂၊ ၂၄၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ။ ။** ၃၊ ၇၊ ၈၊ ၁၁၊ ၁၆၊ ၁၇၊ ၂၀၊ ၂၃၊ ၂၇။

**ထီထိုးရန်ဂဏန်းများ။ ။** ၃၊ ၅၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ ။ ။** သံဃာတော်တစ်ပါးအား ဝက်သားလုံးကြော် (၆)လုံး ကပ်လှူပါ။

### တနင်္လာ

**စီးပွားရေး။ ။** လျှပ်စစ်ပစ္စည်း၊ ပလတ်စတစ်ပစ္စည်း ထုတ်လုပ်၊ ရောင်းဝယ်ခြင်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည်။ လုပ်ငန်းများ တိုးချဲ့လိုက တိုးချဲ့နိုင်ပါသည်။

**ဝန်ထမ်းရေးရာ။ ။** ဝင်ငွေထွက်ငွေ စာရင်းများ၊ အသုံးစရိတ်များကို တိတိကျကျ မှန်မှန်ကန်ကန် စာရင်းပြုစုထားပါ။

**အိမ်တွင်းရေး။ ။** အိမ်ထောင်ဖက် စီးပွားရေး၊ ကြီးပွားရေး၊ ကျန်းမာရေး ကောင်းမည်။ နိုင်ငံခြားရောက် သားသမီးများထံမှ အကူအညီ အထောက်အပံ့ရမည်။ သတင်းကောင်းကြားရမည်။

**အချစ်ရေး။ ။** ချစ်သူက သံသယဝင် အထင်လွဲတတ်သည်။ အပြောအဆို အနေအထိုင် သတိထားပါ။

**ပညာရေး။ ။** အခြားနေရာဒေသသို့ သွားရောက်၍ ပညာသင်ယူရကိန်း ရှိသည်။ နိုင်ငံခြားတွင် ပညာသင်ယူလိုပါက သွားရောက်ရန် ကြိုးပမ်းကြည့်ပါ။ အောင်မြင်ပါလိမ့်မည်။

**ကျန်းမာရေး။ ။** ခြေလက် အရိုးအဆစ်များ၊ နာကျင်ကိုက်ခဲရတတ်သည်။ (ဂေါက်)ရောဂါဖြစ်နိုင်၍ သမားတော်များနှင့် ပြသကုသပါ။

**ဆောင်ရန်ရက်များ။ ။** ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၈၊ ၂၄၊ ၂၆၊ ၂၈။

**ရှောင်ရန်ရက်များ။ ။** ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၁၉၊ ၂၅၊ ၂၇။

**ထီထိုးရန်ရက်များ။ ။** ၃၊ ၇၊ ၁၀၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈။

**ထီထိုးရန်ဂဏန်းများ။ ။** ၃၊ ၅၊ ၇၊ ၈ ဂဏန်း များများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။ ။** မိရွယ်ဖရွယ်များကို ကော်ဖီနှင့် ကိတ်မုန့် တိုက်ကျွေးပါ။

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်မှ (၂၈)ရက်နေ့အထိ ခုနစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျော်မြင့်








### အင်္ဂါ

**စီးပွားရေး။ ။** စစ်ဘက်ဌာနနှင့် ပူးတွဲလုပ်ကိုင်ရမည်။ ဆေးဝါးထုတ်လုပ်ရေး ရောင်းဝယ်ရေး အကျိုးအမြတ်များမည်။ ဆီအမျိုးမျိုးလုပ်ငန်း အရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းရေးရာ။ ။** လုပ်ငန်းဆိုင်ရာ ခရီးထွက်ခိုင်းလျှင် ထွက်လိုက်ပါ။ မိမိအလုပ်အကိုင် နေရာဌာနအတွက် ကောင်းကျိုးပြုမည့်ခရီး ဖြစ်သည်။

**အိမ်တွင်းရေး။ ။** အိမ်တွင်းရေး အဆင်ပြေနေသော်လည်း သားသမီးတို့၏ အတွေးအခေါ် အယူအဆများ လွဲမှားနေသောကြောင့် သူတို့၏ စီးပွားရေး၊ ပညာရေး တို့ အခက်တွေ့မည်။

**အချစ်ရေး။ ။** အချစ်ရေးတွင် အောင်မြင်ပျော်ရွှင်ရမည်။ မျိုးရိုးဂုဏ်မြင့်ပြီး ပညာတတ်ဥစ္စာပေါ ရုပ်ချောသည့် သူနှင့် မေတ္တာမျှရမည်။

**ပညာရေး။ ။** မိမိ၏အယူအဆ အတွေးအခေါ်တို့ တစ်ယူသန် လွဲမှားနေ၍ ပညာရေးတွင် အခက်တွေ့ရတတ်သည်။ ဘာမျှ မတွေးဘဲ ပညာရေးတွင် စိတ်နှစ်ထားလိုက်ပါ။

**ကျန်းမာရေး။ ။** ဝမ်းဖောဝမ်းရောင်ရောဂါဖြစ်တတ်၍ ဝမ်းနုံးစာများကို ရှောင်ပါ။

**ဆောင်ရန်ရက်များ။ ။** ၄၊ ၆၊ ၉၊ ၁၃၊ ၁၅၊ ၁၈၊ ၂၂၊ ၂၄၊ ၂၆၊ ၂၈။

**ရှောင်ရန်ရက်များ။ ။** ၅၊ ၇၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅၊ ၂၇။

**ထီထိုးရန်ရက်များ။ ။** ၃၊ ၆၊ ၈၊ ၁၁၊ ၁၂၊ ၁၇၊ ၂၀၊ ၂၁၊ ၂၄၊ ၂၆၊ ၂၈။

**ထီထိုးရန်ဂဏန်းများ။ ။** ၃၊ ၄၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။ ။** အိမ်တွင်းအတူနေသူများအား ကိတ်မုန့်နှင့် ကော်ဖီမစ် တိုက်ကျွေးပါ။

### ဗုဒ္ဓဟူး

**စီးပွားရေး။ ။** ရွှေအရောင်းအဝယ်လုပ်ငန်း၊ ရွှေထည်ပစ္စည်း လက်ဝတ်တန်ဆာများ အရောင်းအဝယ်ကောင်းမည်။ အကျိုးဆောင် ရေ့နေ၊ ပွဲစား၊ ကိုယ်စားလှယ်လုပ်ငန်းများ ဝင်ငွေကောင်းမည်။

**ဝန်ထမ်းရေးရာ။ ။** အရောင်းအဝယ်နှင့်သက်ဆိုင်သော ဝန်ထမ်းများ ရောင်းအားကောင်း၍ ဆုကြေးငွေရမည်။ အထက်လူကြီးတို့၏ ချီးမွမ်းခြင်းခံရမည်။



www.burmeseclassic.com

www.burmeseclassic.com

**အိမ်တွင်းရေး။ ။** အိမ်တွင်းရေးသာယာမည်။ အိမ်၏ စီးပွားရေးကောင်းမည်။ သားသမီးများ၏ အောင်မြင်မှုများကြောင့် မိဘများ သာယာချမ်းမြေ့မည်။



**အချစ်ရေး။ ။** ချစ်သူ၏ အထင်အမြင် လွဲမှားခြင်းခံရတတ်သည်။ ချစ်သူရှိသူများ မထင်မှတ်ဘဲ လက်ထက်ဖို့ အကြောင်းပေါ်တတ်သည်။



**ပညာရေး။ ။**ပညာရေး ကံဇာတာတက်နေသည်။ ကျောင်းစာမေးပွဲများ၊ ပြိုင်ပွဲဝင်သက်မွေးမှုသင်တန်းများ၊ ကောလိပ်များ တက္ကသိုလ်များ တက်ပါ။ ထူးချွန်စွာ အောင်မြင်မည်။



**ကျန်းမာရေး။ ။**နှလုံးရောဂါအခံရှိသူများ၊ လူပင်ပန်း စိတ်ပင်ပန်းမခံပါနှင့်။ ရောဂါတိုးလိမ့်မည်။

**သောင်ရန်ရက်များ။ ။**၃၊ ၇၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇။

**ချောင်ရန်ရက်များ။ ။**၄၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၁၉၊ ၂၂၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ။ ။**၅၊ ၆၊ ၁၁၊ ၁၄၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၅၊ ၂၇။

**ထီထိုးရန်ဂဏန်းများ။ ။** ၃၊ ၅၊ ၆၊ ၇ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။ ။** မိဘများအပါအဝင် ဆွေမျိုးသားချင်းထဲမှ သက်ကြီးဝါကြီးများအား ကြက်သားလုံးစွပ်ပြုတ် တိုက်ကျွေးပါ။

## ကြာသပတေး

**စီးပွားရေး။ ။** ရွှေပန်းထိမ်လုပ်ငန်းများ၊ ရွှေထည်ပစ္စည်း လက်ဝတ်ရတနာများ ရောင်းဝယ်ရေးလုပ်ငန်းများ၊ အကျိုးအမြတ်များမည်။ အကျိုးဆောင်၊ ကိုယ်စားလှယ်၊ ရှေ့နေလုပ်ငန်းများ အလုပ်ဖြစ်မည်။

**ဝန်ထမ်းရေးရာ။ ။** လုပ်ငန်းဆိုင်ရာ ခရီးထွက်ရမည်။ အောင်မြင်သောခရီးဖြစ်မည်။ အထက်လူကြီး၏ အသိအမှတ်ပြုခံရမည်။

**အိမ်တွင်းရေး။ ။**အိမ်ထောင်ဖက်နှင့် စကားပြော အဆင်မပြေဖြစ်ရတတ်သည်။ အနေအထိုင် အပြုအမူကြောင့် အထင်လွဲခံရတတ်သည်။ သားသမီးများ စီးပွားရေးကောင်းမည်။

**အချစ်ရေး။ ။**သံသယစိတ်သည် အချစ်ကို ပျက်စီးစေတတ်သည်။ ချစ်သံသယစိတ်ကြောင့် ချစ်သူများ ကွဲကွာရတတ်သည်။

**ပညာရေး။ ။**ပညာရေး ကံကောင်းနေသည်။ ဉာဏ်နှင့် ဝီရိယပါ တွဲလိုက်လျှင် အားလုံးအောင်မြင်မည်။

**ကျန်းမာရေး။ ။**အဆစ်အမြစ် နာကျင်ကိုက်ခဲသည့် ရောဂါရတတ်သည်။ ခန္ဓာကိုယ်ကို ပူနွေးအောင်ထားပါ။

**သောင်ရန်ရက်များ။ ။**၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၆၊ ၂၈။

**ချောင်ရန်ရက်များ။ ။**၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၇။

**ထီထိုးရန်ရက်များ။ ။**၂၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၈။

**ထီထိုးရန်ဂဏန်းများ။ ။** ၃၊ ၆၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။ ။** သံဃာတော်အား ကော်ဖီမစ်(၅)ထုပ် (သို့မဟုတ်) (၁၉)ထုပ် လှူဒါန်းပါ။

## သောကြာ

**စီးပွားရေး။ ။** ငွေကြေးရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။ ငွေပန်းထိမ်လုပ်ငန်း၊ ငွေထည်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းများ ကောင်းမည်။

**ဝန်ထမ်းရေးရာ။ ။** လုပ်ငန်းတာဝန်များ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်မြင်မည်။ လူကြီးများ၏ အားပေးကူညီမှုကို ရရှိမည်။

**အိမ်တွင်းရေး။ ။**သားသမီးတို့၏ ကိစ္စများ ပြီးစီး အောင်မြင်မည်။ မိသားတစ်စု အပျော်ခရီး၊ ဘုရားဖူးခရီးထွက်ရကိန်းရှိသည်။

**အချစ်ရေး။ ။** ချစ်သူမရှိသေးသူများ ပညာထူးချွန်သော ချစ်သူနှင့် တွေ့ရတတ်သည်။ ချစ်သူရှိသူများ ရုတ်တရက် မင်္ဂလာကိစ္စ ဖြစ်ပေါ်လာတတ်သည်။

**ပညာရေး။ ။** အချစ်ရေးကောင်း၍ ပညာရေးကို ထိခိုက်တတ်သည်။ တစ်ဘဝအတွက် ဖြစ်၍ ပညာရေးကို အထိခိုက်မခံပါနှင့်။

**ကျန်းမာရေး။ ။**နှလုံးရောဂါအခံရှိလျှင် ရောဂါပြန်ထတတ်သည်။ အနားယူပေးပါ။ အစားအသောက် အအိပ်အနေ ဆင်ခြင်ပါ။

**သောင်ရန်ရက်များ။ ။** ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၈။

**ချောင်ရန်ရက်များ။ ။** ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇။

**ထီထိုးရန်ရက်များ။ ။** ၄၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈။

**ထီထိုးရန်ဂဏန်းများ။ ။** ၂၊ ၅၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။ ။** မိဖအပါအဝင် အိမ်တွင်းအတူနေသူများအား ကြက်သားဟင်းနှင့် ထမင်းဖြူ ကျွေးမွေးဒါနပြုပါ။

## စနေ

**စီးပွားရေး။ ။**အဝတ်အထည်များ ချုပ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း လုပ်ငန်းများ အကျိုးဖြစ်ထွန်းမည်။ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ငန်းများ တိုးချဲ့ရလိမ့်မည်။

**ဝန်ထမ်းရေးရာ။ ။** နေရာကောင်းသို့ ပြောင်းရွှေ့ရကိန်းရှိသည်။ သို့မဟုတ် ရာထူးတိုးရန် စာရင်းထဲတွင် ပါသွားလိမ့်မည်။ မနာလိုသူများကို ဂရုစိုက်မနေပါနှင့်။

**အိမ်တွင်းရေး။ ။** မိဘနှစ်ပါးအတွက် ပူပန်စိုးရိမ်ရတတ်သည်။ သားသမီးများ၏ ဖွတ်တရွတ်စိတ်ကြောင့် ပြဿနာများ ဖြေရှင်းရတတ်သည်။ လကုန်ပိုင်းတွင် အဆင်ပြေသွားမည်။

**အချစ်ရေး။ ။** ချစ်သူမရှိသေးသူများ ချစ်ဖော်နှင့် တွေ့ရမည်။ အတွင်းသိ အစင်းသိ အကြောင်းသိသူချင်း ချစ်သူဖြစ်မည်။ သစ္စာရှိရှိ ချစ်သွားဖို့သာလိုပါသည်။

**ပညာရေး။ ။**စီးပွားရေးဆိုင်ရာ ပညာ သင်တန်း၊ ကျောင်းတက်ပါ။ ထူးချွန်စွာ အောင်မြင်မည်။ ကံဇာတာတက်နေချိန်ဖြစ်၍ ပညာရေးတွင် ထိပ်တန်းရောက်မည်။

**ကျန်းမာရေး။ ။** သွေးတိုးရောဂါ မရှိသေးလျှင် သွေးတိုးရောဂါဖြစ်တတ်သည်။ သွေးတိုးရောဂါရှိလျှင်မူ အစားအသောက် အနေအထိုင် သတိထားပါ။

**သောင်ရန်ရက်များ။ ။**၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈။

**ချောင်ရန်ရက်များ။ ။**၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၆၊ ၂၇။

**ထီထိုးရန်ရက်များ။ ။** ၂၊ ၄၊ ၇၊ ၈၊ ၁၃၊ ၁၆၊ ၁၇၊ ၂၂၊ ၂၅၊ ၂၈။

**ထီထိုးရန်ဂဏန်းများ။ ။** ၂၊ ၄၊ ၅၊ ၇ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။ ။** အတူနေ လူကြီးလူငယ်များကို နွားနို့ဆန်ပြုတ် ဒါနပြုပါ။

*ကျန်းမာ ချမ်းသာကြပါစေ။*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်သူငယ်ချင်း ကိုအေးကြူ (သို့မဟုတ်)

# အဘကြူ

ဖိုးလှသန်း (ကန့်ဘလူ)

၂၀၁၆ ခုနှစ်၊ မေလထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် စာရေးသူ၏ "ဥမင်တောင် (သို့မဟုတ်) ရသေ့တောင် အပိုင်း(၁)" စာမူပါခဲ့သည်။ ထိုမဂ္ဂဇင်းစာအုပ်တွင် မျိုးတင့် (ညောင်လေးပင်)ရေးသော **"လျှို့ဝှက်အမှတ်အသားပိုင်ရှင် အဘကြူနှင့် သံမဏိကွင်းဘုရား ထီးတင်ပွဲ"** ဆောင်းပါးကို ဖတ်ခွင့်ရခဲ့သည်။

ဆောင်းပါးအပြီးတွင် စာတည်းချုပ် ဦးကျော်မိုးသိန်းမှ စာရှုသူ သုတေသီများအား **"အဘကြူကို သိမြင်သူ ပုဂ္ဂိုလ်များမှ ရေးသားမှတ်တမ်းတင်ပေးကြပါရန်"** မေတ္တာရပ်ခံထားသော သဘောထားမှတ်ချက်ကို အကြောင်းပြု၍ ဤစာမူကို ရေးဖြစ်ခဲ့ပါသည်။

တစ်နည်း ကွက်လပ်ဖြစ်ကာ လစ်ဟာနေခဲ့သော အဘကြူ၏ ငယ်ဘဝပုံရိပ် အဆစ်အပိုင်းတစ်ခုကို လက်လှမ်းမီသလောက် ပုံဖော်ထုဆစ်ပြီး ငယ်သူငယ်ချင်း တစ်ယောက်အနေဖြင့် ဖွင့်ဟရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ပုပ္ပါးတောင်တွင် သီတင်းသုံး နေထိုင်ခဲ့ပြီး ဘိုးမင်းခေါင်၏ လက်ရုံးတပည့်ရင်းဖြစ်သော **"ရသေ့အဘကြူ"** ယနေ့နီးစပ်ရာလူအများ တလေး တစား ယုံကြည် ကိုးကွယ်နေကြသော **"အဘကြူ"**မှာ ကျွန်တော်နှင့် လွန်ခဲ့သော နှစ်ခြောက်ဆယ် ဝန်းကျင်ခန့်က ညီရင်းအစ်ကိုပမာ ပေါင်းသင်းနေထိုင်လာခဲ့ကြသော ငယ်ပေါင်းကြီးဖော်များ ဖြစ်သည်။

ကျွန်တော့်တစ်ဝမ်းကွဲအစ်မ မစန်းရီနှင့် သူ့အထက်မှအစ်ကို ကိုပွား(ခေါ်)ကိုစောမောင်တို့ လက်ဆက်ပေါင်းဖက်လိုက်ပြန်သဖြင့် သူနှင့်ကျွန်တော့်ကြား သွေးရင်းသားရင်းမခြား ခင်မင်မှုက ပိုကဲ ခိုင်မြဲသွားပါသည်။

ရှေးဦးမဆွ လွန်လေပြီသော **၁၉၅၈ ခုနှစ် ဝန်းကျင်တစ်ပိုက်က** ဖြစ်သည်။ ကြာခဲ့ပါပြီ။ အနှစ်ခြောက်ဆယ်နီးပါး ရှိခဲ့ပါပြီ။

ယခုလို အရွယ်လွန် ဇရာပိုင်းရောက်မှ ဉာဏ်ရည်အိုင်ကျူ ညွှန်းကိန်း မြင့်မားနေသေး၍သာ သူနှင့် နေထိုင်ခဲ့ရသော ငယ်ဘဝ ဖြစ်စဉ်လေးများကို မမေ့မလျော့ဘဲ တခုတ်တရ ပြန်လည်အမှတ်ရနေခြင်းဖြစ်သည်။

**သူ့အဖေနာမည် ဦးပတ်ကား။ အမေဒေါ်ဒေါ်စာ။** သူက တတိယမြောက်သား။ သူ့အထက်က ကိုပွား (ခေါ်)ကိုစောမောင်၊ အကြီးဆုံးသားကြီးက ကိုခင်အောင်။

ကိုခင်အောင်က ရွှေဘို ဘောလုံးဒိုင်နှင့် အားကစားမှူး။ ပညာရေးဌာနမှ ဖြစ်သည်။ ယောက်ဖတော်သူ ကိုစောမောင်က အစောပိုင်းတွင် ရွှေဘို မြူနီစပယ်၌ ဈေးကောက် ဝင်လုပ်ခဲ့သည်။ နောက်မှ အလုပ်အကိုင်ပြောင်းပြီး ဘဏ်ဝန်ထမ်း ဖြစ်လာသည်။

**"အဘကြူ"** နာမည်ရင်းက **"ကိုအေးကြူ"**။ ရွှေဘိုမြို့ အ.ထ.က (၁) တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေချိန်၊ ကျွန်တော်က ရေဦးလမ်းထွက်မှ ကျောင်းအုပ်ဆရာကြီး ဦးတိုးရ၏ အလွတ်ပညာသင်ကျောင်း "အောင်ဇေယျ"တွင် .တက္ကသိုလ်ဝင်တန်းတက်နေစဉ်...

သူ့အဖေ ဦးပတ်ကားက ရွှေဘိုမြို့ မျက်နှာဖုံး ဆန်စက်သူဌေး ဦးထွန်းဖေ၏ "ရတနာသိမ်ဆန်စက်" မန်နေဂျာ၊ ဦးထွန်းဖေ၏ လူယုံတော်၊ ဦးထွန်းဖေ နေရာချပေးသော ပြင်ဈေးတောင်ပိုင်း ဆန်စက်ဝင်းထဲမှ သုံးခန်းပတ်လည် လုံးချင်း ပျဉ်ထောင်ပျဉ်ခင်း တစ်ထပ်အိမ်တွင် ကိုအေးကြူတို့ မိသားစု နေထိုင်ကြသည်။

ကျွန်တော်က ဈေးအနောက် ရပ်ကွက် "ဘုရင့်" ရုပ်ရှင်ရုံအနီးမှ အဒေါ်ဖြစ်သူ ဒေါ်မမကြီးအိမ်တွင်





www.burmeseclassic.com

www.burmeseclassic.com

နေထိုင်ကာ ကျောက်မြောင်းမှ လာပြီး ကျောင်းတက်နေသည်။

မိကွဲဖကွဲနှင့် မြို့ကျောင်း လာတက်နေသော ကျွန်တော့်အား တတ်အားသမျှ ငွေကြေးအစ အဝတ်အထည်လေးများကို ညီရင်းတစ်ယောက်ပမာ ကိုအေးကြူမှ ကူညီပံ့ပိုးပေးခဲ့သည်။

ပညာသင်ကြားရာ ကျောင်းချင်းမတူသော်လည်း ကျောင်းပြင်ပတွင် သူ နေထိုင်ရာ ပြင်ဈေးတောင်ပိုင်းရပ်၊ ဟပ်ထန်းလမ်းဘေးမှ ဆန်စက်ဝင်းထဲသို့ သူနှင့်အတူ ထဲထဲဝင်ဝင် ကျွန်တော်သွားရောက်လည်ပတ် နေထိုင်ခဲ့သည်။

ကျွန်တော်ရှိရာ အနောက်ဈေးအိမ်သို့လည်း တံခါးမရှိ ဓားမရှိ အားမနာ စတမ်း ကိုအေးကြူ ဝင်ထွက်စားသောက် နေထိုင်လာကြသော ငယ်ပေါင်း ကြီးဖော်များ ဖြစ်ကြပါသည်။

**ထိုစဉ်က ကျွန်တော့်အသက် (၁၆)နှစ်လောက်သာ ရှိသေးသည်။** သူက ကျွန်တော့်ထက် နှစ်နှစ်၊ သုံးနှစ်ခန့် ကြီးမည်ဟု ထင်ပါသည်၊ ထိုအချိန်က သူ့အသက် ၁၈၊ ၁၉ နှစ်ခန့် ရှိမည်ဟု ခန့်မှန်းမိ၏။ ယခု ကျွန်တော့်အသက် (၇၇)နှစ် ရှိပြီဖြစ်၍ **သူ့အသက် (၇၉၊ ၈၀) နှစ်ခန့်လောက်** ရှိပြီဟု ထင်မိပါသည်။

ကျွန်တော့်အိမ်နှင့် ကျောချင်းကပ် "ဘုရင့်" ရုပ်ရှင်ရုံဈေးတန်းမှ ဒေါ်အေးခင် အသုပ်ဆိုင်တွင် ကျွန်တော်တို့ နှစ်ယောက် ကျောက်ချထိုင်တတ်သည်။ ထိုစဉ် ဒေါ်အေးခင် လက်ဖက်သုပ်က ယခုခေတ် "အရီးတောင်း" လက်ဖက်သုပ်လောက် နာမည်ကြီးသည်။

စာရေးသူအိမ်နှင့် မလှမ်းမကမ်း "မင်းသီဟ" ရုပ်ရှင်ရုံ အပေါက်ထွက်လမ်းမတော်လမ်းမကြီးဘေးမှ ညိုညက်တို့၊ ပြာညက်တို့ ညီအစ်မတစ်သိုက်ရောင်းသော အညာသူ အညာသားအကြိုက် "မုန့်ရေပါး"(မုန့်ပျားသလက်အဖြူဆိုင်)၊

မင်းသီဟသို့ ရုပ်ရှင်သွားကြည့်တိုင်း ထိုလမ်းဘေးဆိုင်တွင် ထိုင်ဖြစ်ကြသည်။ ရွှေဘိုဈေးကြီးထဲမှ နာမည်ကျော် ဒေါ်အုန်းခင် "**အညာအကြေမုန့်တီဆိုင်**"နှင့် ဈေးထိပ်မှ "**ကျော်ကျော် အအေးဆိုင်**"တို့က ကျွန်တော်တို့နှစ်ယောက် ပင်တိုင် ထိုင်နေကျစားသောက်ဆိုင်များဖြစ်သည်၊ စုံစီနဖာစားဖွယ်သောက်ဖွယ်လေးများကို သူကြိုက်တတ်၏။

**ထိုအချိန်က မူး၊ ပဲ၊ ကျပ် ခေတ်ဖြစ်သည်။** ရုပ်ရှင်နှင့် စာနယ်ဇင်းကို အဓိကထား အများကြည့်ရှုကြသည်။ ကုန်ဈေးနှုန်း စီးဆင်းမှု မှန်ကန်ပြီး ငွေတန်ဖိုး ကြီးသဖြင့် လူတိုင်း လူတိုင်း လူမှုစီးပွားနှင့် လုံခြုံရေးပေါ် အာမခံချက်ရှိသော ခေတ်အခါသမယဖြစ်၏။

ကျောင်းသားဘဝကတည်းက သူ့ကိုယ်ပေါ်တွင် ရွှေတွဲလွဲ ငွေတွဲလွဲနှင့် ကိုအေးကြူ လက်ဖျားငွေသီးပြီး အသုံးအစွဲ အပေးအကမ်း ရက်ရောသူ ဖြစ်သည်။

အမြဲတစေ ကျွန်တော့်ကို ဒကာခံကျွေးမွေးခဲ့သည်။ ကျွန်တော်မှ ကျန်အပေါင်းအသင်းများကိုလည်း ကိုအေးကြူမှ မငြိုမငြင် ဒိုင်ခံကျွေးတတ်သည်၊ ငယ်စဉ်ကတည်းက အများအပေါ် သဒ္ဓါတရား ထက်သန်ခဲ့သူဖြစ်သည်။

"ရန်ကြီးအောင်၊ ကုန်းဘောင်၊ မုဆိုးဖို၊ ရတနာသိမ်၊ ရွှေဘို" ငါးမည်ရမြို့၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျမှ ဆည်ဖို့ တူးဖော်ပြီး ရေအရင်းအမြစ် ထူထောင်ပေးခဲ့သော ကုန်းဘောင်ပုံရိပ်"**မဟာနန္ဒာကန်တော်**"၊ ယင်းကန်တော်အနီးမှ ယခင် မဟာမျိုးမဟာနွယ် ကုန်းဘောင်မင်းညီမင်းသားများ အသောက်ကျူး အစားကျူးခဲ့ရာ သမိုင်းဝင်"**ဥယျာဉ်တော်ထန်းတော**"၊

ကိုအေးကြူ အပါအဝင် ကျွန်တော်တို့ဆယ်တန်းကျောင်းသား ငါးယောက်အဖွဲ့ အတန်းတင်စာမေးပွဲ နောက်ဆုံးနေ့က စာမေးပွဲပြီး အထိမ်းအမှတ်နှင့် စက်ဘီးလေးတွေ ကိုယ်စီဖြင့် ထိုသမိုင်းဝင် "ဥယျာဉ်တော်ထန်းတော"တွင် ထန်းရည်လာသောက်ခဲ့ကြသည်။

ပဲကြီးလှော်များ မြက်ခင်းထဲ ပက်ကြဲပြီး စိတ်လွတ်ကိုယ်လွတ် မူးမူးမေ့မေ့ ထန်းရည်ကို သောက်ခဲ့ကြသည်။ ထန်းရည်မူးမူးနှင့် ထန်းပင်ကြို ထန်းပင်ကြား သူနိုင်ကိုယ်နိုင် ထွေ့ဝိုက် ကွေ့ပတ်ပြီး စက်ဘီးအပြိုင်စီးခဲ့ကြသည်။

နေညိုချိန် ထန်းရည်အရှိန်တက်လာပြီး အားလုံး မှောက်သွားသည်။ ထန်းရိပ်ညိုညိုတွင် မှေးစက်အိပ်ခဲ့ကြပြီး မိုးကြီးချုပ်မှ အိမ်သို့ ပြန်လာနိုင်ခဲ့ကြသည်။ ထိုထိုသော နှောင်းအတိတ်ဆီမှ အပူအပင်မရှိ ငယ်ဘဝ အပျော်ဖြစ်စဉ်လေးများကို ယနေ့တိုင် ရင်ထဲ ထိထိရှရှနှင့် အမှတ်တရ ဖြစ်နေမိပါသည်။

ကိုအေးကြူက ကိုယ်လုံးကိုယ်ထည် သွယ်လျလျ ဥပဓိရုပ်ဖြောင့်ဖြောင့် စင်းစင်းနှင့် နှာတံအကျပြေပြီး မျက်လုံးမျက်ဖန်ကောင်းသည်။ ဘဝပေါ် အပျော်လေးတွေ ဖက်တွယ်ပြီး လွတ်လပ်ပေါ့ပါးစွာ နေတတ်၏။

အသန့်အပြန့် အလှအပပေါ် ခုံမင်သည်၊ ဆင်ယင်ထုံးဖွဲ့မှုနှင့် ပြောဆိုဟန်အနွဲ့အနှောင်းက အငြိမ့်ဇာတ် ဆန်သလို ဖြစ်နေ၍ ထိုခေတ်ထိုအခါက သူ့အပေါ် ဝေဖန်မှု အနည်းအပါးတော့ ရှိခဲ့ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

နေ့ကျောင်းပိတ်ရက်တွင် သူ့ဘဝ ကို အပြောင်းအလဲ တစ်ခုလုပ်၍ လွတ်လပ်စွာ ပြင်ပလောကထဲ ရွက် တိုက်ခဲ့သည်။ တပေါင်းလေရူးနှင့်အတူ သူ့ဘဝကို ပူးတွဲချည်နှောင်ပြီး လိုက်ပါ လွင့်မြောလာခဲ့သည်။

သူ့ဝါသနာက ကျောင်းပညာရေး ထက် အဆိုအက အနုပညာဘက် အားသန်နေခဲ့သည်။တစ်ခေတ်တစ်ချိန် က ရွှေဘိုအတာသင်္ကြန် ပွဲတော်၏ စင်မြင့်ထက်မှ ငွေကြယ်တစ်ပွင့်။

နောက်ပိုင်း နတ်ကတော်များ ရောထွေးယှက်တင် ပေါင်းသင်းနေထိုင် ပြီး နတ်ပွဲများဆီသို့ သွားလာပျော်ပါး ကခုန်နေခဲ့သည်။

သူ့ကို အကြောင်းပြုပြီး မြို့ပေါ်မှ နတ်ပွဲများတွင် နောက်မြီးဆွဲအဖော် အဖြစ် သူ့နောက် ကျွန်တော် လိုက်ခဲ့ ရသည်။ တစ်ဆင့်တက်၍ နယ်နတ်ပွဲ များရှိရာသို့ ကျွန်တော် တွဲဖက် လိုက် ပါပြီး ညအိပ်ညနေ သူနှင့် သွားလာ ခဲ့ဖူးပါ၏။

ထိုအချိန်မှ အစပြု၍ သူ့နတ် အပေါ့အတွက် အခန်းကဏ္ဍက စန်းထလာခဲ့သည်။ ငုပ်လျှိုးနေသော သူ့ ပါရမီဓာတ်ခံကွက်ရှိ စွမ်းအားလေး တွေ ပွင့်အာလာခဲ့ ပုံရသည်။

သူ့အဆိုအမိန့် အပေါ့အပြော များက ဒက်ထိမှန်ကန်လှသဖြင့် သူ့ အား ရက္ခစိုးမော်အောင်သလို အကြား အမြင်ရပုဂ္ဂိုလ်လို ထင်ကြေးများပေးပြီး သူနှင့် ထိတွေ့ဆက်နွှယ် ပတ်သက်ရာ အဝန်းအဝိုင်း၊ အစုအဖွဲ့များက တလေး [illegible]ကာ လူသိရှင်ကြား ထင်ရှား [illegible]

[illegible]တစ်ပိုက်တွင် နတ် [illegible] လုပ်ငန်း၌ ပြိုင်စံရှား [illegible] ဖြစ်လာခဲ့သည်။



မေးမြန်းသူများကို ကြွေပစ်ခိုင်းပြီး အပေါ့အတွက် လုပ်လေ့ရှိ၏။

သူ့အား လူအများက **"ကိုအေး ကြူ"**မှ**"ဘိုးတော်ကြူ"**ဟု ပြောင်းလဲ ခေါ်ဆိုတော့မည့် အချိန်ကာလ တစ်ခု ဆီသို့ ရောက်လာခဲ့သည်။ တစ်စတစ်စ သူ့ဂုဏ်ရည်သိန်းကမြင့်တက်လာခဲ့သည်။

ထိုနှစ်တွင် ကျွန်တော်တို့ နှစ်ယောက်စလုံး ဆယ်တန်းစာမေးပွဲ ကျကြသည်။ ကျောင်းမှ အပြီးအပိုင် ထွက်လိုက်ကြပြီး အပြင်လောကထဲ ရောက်သွားကြသည်။ ကျွန်တော် လည်း ရွှေဘိုမြေနှင့် ကိုအေးကြူကို ခွဲခွာပြီး ကျောက်မြောင်းပြန်ခဲ့သည်။

ကျောက်မြောင်း အရှေ့ဘက်ကမ်းမှ ကျွန်တော့်အဘွားစော ဇာတိ **ငပျင်း အင်းရွာ**တွင် ကျွန်တော် **"စိုက်ပျိုး မွေးမြူ"**လုပ်ငန်း သွားလုပ်ကိုင်နေ ခဲ့သည်။ ထိုအချိန်မှစ၍ ကိုအေးကြူ နှင့် ကျွန်တော် တစ်နယ်စီခြားပြီး အဆက်အသွယ် ပြတ်သွားခဲ့သည်။

နောက်ပိုင်း ကိုအေးကြူလည်း **"ဘိုးတော်ကြူ"**ဘဝနှင့် အမရပူရ **"ဦးရာမနန်း"**သို့ ပြောင်းရွှေ့သွား ကြောင်း ကြားလိုက်ရသည်။

ယောက်ဖဖြစ်သူ ကိုစောမောင်နှင့် အစ်မ စန်းရီတို့လည်း ကိုအေးကြူကို စောင့်ရှောက်ရန် "ဦးရာမနန်း"သို့ လိုက်ပါသွားကြောင်း ထပ်ဆင့် စုံစမ်း သိရှိလိုက်ရ၏။ **အင်းဝ၊ တံတားဦးနှင့် စစ်ကိုင်းဘက်တွင်ကို အေးကြူကို "ဘိုးတော်ကြူ"အဖြစ် လူသိများ လာခဲ့သည်။**

နှစ်အနည်းငယ် ကြာပြီးနောက် ရွှေဘိုတွင် ကျွန်တော် ဆယ်တန်း တက်စဉ် နေထိုင်ခဲ့သော အဒေါ်ဖြစ်သူ ဒေါ်မမကြီးမှ သမီးအကြီးဆုံး သီလရှင် မခင်အေးအတွက် စစ်ကိုင်းတောင် ရွှေဟင်္သာချောင်တွင် သီလရှင်နှစ်ထပ် ဘုရားရှိခိုးကျောင်းတစ်ဆောင် ကုသိုလ် ပြု ဆောက်လုပ်လှူဒါန်းခဲ့သည်။

ဒေါ်မမကြီးမှာ ကျောက်မြောင်း ဇာတိဖြစ်သည်။ ထိုဘုရားကျောင်း ရေစက်ချပွဲသို့ ကျွန်တော်နှင့် ကျောက်မြောင်းမှ ဆွေမျိုးသားချင်း တစ်စု ကားနှစ်စီးဖြင့် သွားခဲ့ကြသည်။

ထိုဘုရားကျောင်း ရေစက်ချပွဲတွင် ကိုအေးကြူနှင့် ကိုစောမောင်တို့ ညီအစ်ကိုနှစ်ယောက်ကို မျှော်လင့် မထားဘဲ ပြန်လည်ဆုံတွေ့ခဲ့ကြသည်။

ကိုအေးကြူမှ ဝမ်းသာအယ်လဲ ဖက်လဲတကင်းနှင့် ကျွန်တော့်ကို နှုတ် ဆက်ပြီး သူနေထိုင်ရာ "ဦးရာမနန်း" သို့ နောက်နေ့ ဆက်ဆက်လာခဲ့ရန် ဖိတ်ခေါ်သွားသည်။

ဘုရားကျောင်း ရေစက်ချပွဲတွင် ကိုအေးကြူမှ ငွေစက္ကူအရွက်ကြီးများ လှူပရိသတ်ထဲ ပစ်ကြဲပြီး ကုသိုလ်ပြု သွားသည်ကို တွေ့လိုက်ရသည်။ ထိုစဉ် က ကိုအေးကြူမှာ လူဝတ်ကြောင်နှင့် ဖြစ်ပါသည်။

နောက်နေ့ စစ်ကိုင်းမှ အမရပူရ "ဦးရာမနန်း"သို့ ကျွန်တော် လာခဲ့ သည်။ ဗိုင်နာကားတစ်စီးနှင့် ကားလေး သုံးစီးခန့် "ဦးရာမနန်း"တွင် တွေ့ လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုအေးကြူနှင့် လူမှု၊ စီးပွားရေးကိစ္စများ မေးမြန်းဆွေးနွေးရန် လာကြသော ကျောက်ဆည် မြစ်ငယ်ဘက်မှ ကားများဖြစ်ကြောင်း ကိုစောမောင်မှ ပြောပြသည်။ ဧည့်ရှင်းသွားမှ ကျွန်တော့်အား သူ့ဓာတ်ခန်းထဲ ခေါ်သွားသည်။

ဓာတ်ခန်းအကျယ် နှစ်ခန်းပတ်လည်ရှိသည်။ တန်ဖိုးကြီးကြီး ပေးထားရမည့် ကြက်သွေးရောင် ကော်ဇောကြီးများ ခန်းလုံးပေါက် ခင်းထားသည်။ ဓာတ် ခန်းအရှိန်ကြောင့် ကျောထဲ စိမ့်ခနဲ ဖြစ်ကာ ပေါ့ပါးသလို ဖြစ်သွားသည်။

ဘုရားခန်းတွင် အော်ကိုရောင်စုံ မီးသီးများဖြင့် ထိန်ထိန်လင်းနေ၏။ ရွှေ၊ ငွေ၊ ဖန်များဖြင့် ထုဆစ်ထားသော ဘုရားရုပ်တုများက ရွှေရောင်၊ ငွေရောင်၊ ဖန်ရောင်များဖြင့် ဖိတ်ဖိတ်တောက်နေသည်။ ဘုရားပန်း၊ အမွှေးတိုင်နှင့် ရေမွှေးရနံ့များက ဓာတ်နန်းတစ်ခုလုံး ကြိုင်လှိုင်ပြီး ထုံသင်းပျံ့နေ၏။

ရောင်စုံ ဝါဆိုဖယောင်းတိုင်ကြီးများကို သတ္တုမီးဆိုင်းများပေါ်တွင် ထွန်းညှိထားသည်။ ဘုရားဆောင်ရှေ့တွင် သစ်သီးမျိုးစုံနှင့် သစ်သီးဆွမ်းများ ကပ်လှူပူဇော်ထားသည်။ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်နှင့် အချို့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၏ ရုပ်တုများကို သီးသန့် စင်တင်ထားသည်။

ကျန် အထက်ပုဂ္ဂိုလ်ကြီးများ၏ ရုပ်ပုံ၊ ပန်းချီကားချပ်များကို ရွှေရောင်၊ ငွေရောင်၊ ဖန်ရောင်များဖြင့် နံရံထက်တွင် အသားအနား ချိတ်ဆွဲထားသည်ကို တွေ့လိုက်ရသည်။ ခမ်းခမ်းနားနား ဓာတ်ခန်းအား ကိုအေးကြူမှ ပြင်ဆင်တည်ထောင်ထားပါသည်။

ဘုရားစင်ပေါ်မှ နွားနို့တစ်ခွက် ကိုအေးကြူ ယူ၍ ကျွန်တော့်ပေးကာ အသောက်ခိုင်းပြီး အမှတ်တရအနေဖြင့် ငွေသားစစ်စစ်နှင့် ကွင်းထားသော ဓာတ်လုံးလက်စွပ်တစ်ကွင်း ပေးလိုက်သည်။

သစ်ထုတ်ရေးဌာနတွင် ကျွန်တော် အလုပ်လျှောက်ထားသည့် ပူပူနွေးနွေး ကိစ္စ ခေါင်းထဲ လက်ခနဲ ပေါ်လာသည်နှင့် ကိုအေးကြူအား ယင်းကိစ္စပြောပြလိုက်သည်။

ငွေကလပ်ပေါ် ကတ္တီပါအနီစလေး ခင်းထားသော ကြွေကလပ်၌ ကျွန်တော့်အား ကြွေပစ်ခိုင်းလိုက်သည်။ သုံးကြိမ်သုံးခါ ကျွန်တော် ကြွေပစ်လိုက်သည်နှင့်...

'မင်း အလုပ်ခန့်စာ အိမ်ရောက်နေပြီ'

ဟု ကိုအေးကြူမှ ယတိပြတ်ကြီး တစ်ခွန်းတည်းသော စကားကို ပြောချလိုက်ပါသည်။

ပုပ္ပါးမှ ဘိုးမင်းခေါင် အမှာစကားဖြင့် တစ်နှစ်လျှင် နှစ်ခေါက်၊ သုံးခေါက်ဆိုသလို ပုပ္ပါးသွားနေရကြောင်း၊ ကျွန်တော့်ကိုလည်း သူနှင့်အတူ တစ်ခါတစ်ခေါက် ထူးခြားနယ်မြေ ပုပ္ပါးရောက်အောင် ကြိုးစားလိုက်စေလိုကြောင်း ကိုအေးကြူမှ ပြောပြပါသည်။

မစန်းရီမှ ညစာပြင်ကျွေးလိုက်သဖြင့် "ဦးရာမနန်း" တွင် စားခဲ့သည်။ ညစာ စားပြီး မတွေ့ဖြစ်တာ အတော်ကြာပြီဖြစ်၍ ရှေးဟောင်းနှောင်းဖြစ်များကို ကိုအေးကြူ၊ ကိုစောမောင်၊ မစန်းရီတို့နှင့် အတိုးချ ပြောဆိုရင်း နေဝင်ခါနီးမှ ကျွန်တော် စစ်ကိုင်းဘက် ပြန်ကူးခဲ့သည်။

**(မှတ်ချက် ။ ။ ဘိုးတော်ကြူ အနေဖြင့် လူတိုင်းကို ဓာတ်ခန်းထဲ ခေါ်သွားလေ့ မရှိကြောင်း၊ ငယ်သူငယ်ချင်းဖြစ်၍သာ ကျွန်တော့်ကို ခေါ်သွားကြောင်းနှင့် ဘိုးတော်ကြူ ဓာတ်ကျ ဓာတ်ပေါက်လျှင် ငွေသား ရွှေဆွဲကြိုး၊ ရွှေလက်စွပ်နှင့် အခြား ရွှေထည်၊ ငွေထည် ပစ္စည်းများကို တိုက်ဆိုင်သူများအား ပေးကမ်းစွန့်ကြဲတတ်ကြောင်း အစ်မ မစန်းရီမှ ပြောပြလိုက်ပါသည်။ စာရေးသူ)**

စစ်ကိုင်းတွင် တစ်ရက်နေ၍ ဘုရားများ လှည့်လည်ဖူးပြီး နောက်နေ့ ကျောက်မြောင်းသို့ ကျွန်တော်တို့ ကားနှစ်စီး ပြန်လာခဲ့သည်။

အမေက အိမ်ပေါက်ဝတွင် သစ်ထုတ်ရေးဌာနမှ အလုပ်ခန့်စာ ကိုင်ပြီး ဖမ်းသာအယ်လဲဖြစ်ကာ ကျွန်တော့်ကို စောင့်ကြိုနေပါသည်။ ခရီးရောက်မဆိုက် အပျော်လေးတစ်ခု ရရှိသွားပြီး သူငယ်ချင်း ကိုအေးကြူ၏ အဟောအတွက် ပေါက်ရောက်မှုပေါ် အံ့ဩတကြီးဖြစ်ကာ လက်ဖျားခါ၍ ယုံကြည်သွားမိလိုက်ပါသည်။

**၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ (၁၃)ရက်**နေ့တွင် ကျွန်တော် သစ်ထုတ်ရေးဌာနထဲ ဝင်ရောက်အမှုထမ်းခဲ့သည်။ အလုပ်ဝင်ပြီးနောက် ယနေ့အချိန်ထိ နှစ်ငါးဆယ်ကျော်ကြာ ကိုအေးကြူနှင့် ကျွန်တော် ပြန်လည်ဆုံစည်းခွင့် မရခဲ့တော့ပေ။

နောက်ပိုင်း ဘိုးမင်းခေါင် ခေါ်သွားသဖြင့် ပုပ္ပါးလိုက်သွားပြီး ကိုအေးကြူ ရသေ့ဝတ်သွားကြောင်း ကိုစောမောင် အပြောနှင့်သာ သိခဲ့ရပါသည်။

ငါးမည်ရ ပြည်ရွှေဘိုတွင် လွန်ခဲ့သော အနှစ်ခြောက်ဆယ်က ပန်းဖက်လက်တွဲလာခဲ့သော ကျွန်တော်နှင့် ကိုအေးကြူတို့၏ ကျောင်းနေရွယ် ငယ်ဘဝဖြစ်စဉ်အား လက်လှမ်းမီသလောက် တင်ပြလိုက်ပါသည်။

တစ်နည်း **"အဘကြူ"** ၏ **ငယ်စဉ် ဘဝပုံရိပ် တစ်စိတ်တစ်ဒေသ**ကို ပြန်လည်ထုဆစ် ပုံဖော်ခင်းကျင်း ပြသသွားလိုက်ခြင်း ဖြစ်ပါတော့သည်။

ဗိုလ်သန်း(ကန့်ဘလူ)



www.burmeseclassic.com

www.burmeseclassic.com





ပျားစွဲသော နိမိတ်များအား လက်လှမ်းမှီသမျှ လေ့လာစူးစမ်းကြည့်ခဲ့ရာတွင် ကောင်းသည့်အတိတ်, နိမိတ်ဟူ၍ ခပ်ရှားရှားဟု ဆိုရမလောက်ပင်။

ပျားစွဲသည့်အိမ်သည် "အခိုက်"များပြားလှသည်ကို တွေ့ရ၏။ အထူးသဖြင့် လူနေအိမ်၏ ကြမ်းပြင် (သို့မဟုတ်) အိပ်ရာခုတင်၏ အောက်ဘက်၌ စွဲသော ပျားစွဲမှုသည် မထိမခိုက်ဘဲ ကြမ်းပြင်(သို့မဟုတ်)အိပ်ရာခုတင်၏ အပေါ်ဘက်မှ အမြင့်တစ်နေရာတွင် အိမ်၌ ပျားစွဲပါမူ ယင်းပျားစွဲနိမိတ်သည်ကား မကောင်းလှချေ။

စာရေးသူသည် ပျားစွဲ၍ ကြီးပွားတိုးတက်သွားသော အကြောင်းအား မလေ့လာမိသေး၍လားတော့ မသိပါ။

အိမ်၌ ပျားစွဲ၍ သေကျေပျက်စီးခြင်းအထိဖြစ်သွားကြရသော "ပျားစွဲအိမ်" တစ်လုံးအကြောင်းအား လေ့လာသိရှိခဲ့ရပေ၏။

ယခု အဖြစ်အပျက်သည် ကာယကံရှင်ဖြစ်သော စာရေးသူ၏ မိတ်ဆွေဦးဖေတင်၏ ကိုယ်တွေ့နှင့် ပြန်လည်ပြောပြချက်အား စာဖတ်သူများ သိရှိ၍ သတိထားနိုင်ကြစေရန် စိတ်စေတနာဖြင့် တင်ပြရေးသားအပ်ပါပေ၏။

# ပျားစွဲသော အိမ်

ရှုံမိုး
(မတ္တရာ)

**လွန်ခဲ့သော (၃၀)နှစ်ခန့်က** ဖြစ်လေ၏။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ မတ္တရာမြို့တွင် ဆီစက်များကို တည်ဆောက်တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဆီကြိတ်ပေးခြင်း စသည့် အလုပ်များ လုပ်ကိုင်သူ **"ဆုံဆရာ"**ကိုဖေတင် တစ်ယောက်က မိသားစုနှင့်အတူ မြို့သစ်ရပ်ကွက်၏ အစွန်အဖျားနားတွင် အခြေချနေထိုင်၏။

ထိုအချိန်က ကွက်သစ်တည်စဖြစ်၍ အိမ်များ ကျိုးတိုးကျဲတဲသာ ရှိသေးချိန်လည်းဖြစ်၏။

မြို့သစ်ရပ်ကွက်တွင် ကိုယ်ပိုင်အိမ်နှင့်ဝင်းနှင့် နေထိုင်ပြီး ဇနီးနှင့် သားလေး(၁)ယောက်သာရှိသဖြင့် သူတို့မိသားစုမှာ အတော်အသင့် ချောင်လည်ကြသည်ဟု ဆိုနိုင်လေ၏။

ကိုဖေတင်တို့ မိသားစုအိမ်က ပေ(၄၀)×ပေ(၆၀) မြေကွက်တွင် (၂)ခန်း×(၃)ခန်း သွပ်မိုးအိမ်နှင့် ထရံကာ ပျဉ်ခင်းထားသော သပ်သပ်ရပ်ရပ် အိမ်ကလေးဖြစ်၏။ အိမ်တိုင်များမှာလည်း (၅)လက်မပတ်လည် တိုင်များ ဖြစ်ကြ၏။

ကိုဖေတင်က မတ္တရာမြို့မှ ဆီစက်ပိုင်ရှင်ဦးသန်း၏ ဆီစက်၌ စက်မောင်းတာဝန်ဖြစ်၍ မြေပဲ၊ နှမ်း၊ နေကြာများကို ဆီကြိတ်ပေးရသော အလုပ်ဖြစ်ပေ၏။

စက်မောင်း၊ စက်ပြင်၊ ဆီကြိတ်အလုပ်ကို ကျွမ်းကျင်သဖြင့် ကိုဖေတင်မှာ ဆီစက်ပိုင်ရှင်ဦးသန်း၏ ညာ



www.burmeseclassic.com

www.burmeseclassic.com

လက်ရုံးသဖွယ် အားကိုးမှုကို ခံရ၏။

ဦးသန်း၏ ကျယ်ဝန်းလှသော ဆီစက်ဝင်းအတွင်း၌ လူနေအဆောက်အအုံများလည်း ရှိသဖြင့် မိသားစုလိုက်လာနေရန် ဦးသန်းမှ ပြောသော်လည်း ကိုဖေတင်က သူ့အိမ်နှင့်ဝင်းအား စိတ်မချ၍ မြို့သစ်အိမ်မှပင် စက်ဘီးဖြင့် အလုပ်ဆင်းလေ၏။

ဆီစက်၌ ကိုဖေတင်နှင့်တွဲ၍ အကူ (၂)ယောက်လည်း ရှိသဖြင့် အလုပ်ကို သက်သက်သာသာနှင့် တွင်ကျယ်စွာ လုပ်နိုင်ကြ၏။

တစ်ရက်တွင်ဖြစ်၏။ ညနေပိုင်း အလုပ်သိမ်း၍ ကိုဖေတင်တစ်ယောက် ဆီစက်မှ စက်ဘီးဖြင့် အိမ်သို့ ပြန်လာခဲ့၏။ အိမ်သို့ ရောက်လျှင်ပင် ဇနီးဖြစ်သူ မချိုချိုမှ...

'ကိုဖေတင်ရေ... ကျွန်မတို့အိမ်မှာ ပျားအုံလာစွဲနေတယ်တော့၊ လာကြည့်ပါဦး'

'ဟေ...ဟုတ်လား၊ ချိုချိုရေ ဘယ်မှာ စွဲတာလဲဟ'

ဟု မေးကာ ကိုဖေတင်က အိမ်ပေါ်သို့ တက်သွားပြီး ကြည့်လိုက်၏။

'ဒီမှာကြည့်လေ... ဧည့်ခန်းထုပ်တန်းရဲ့ အပေါ်က ခေါင်တိုင်မှာ စွဲနေတယ်လေ'

ဟုတ်လေ၏။ ကိုဖေတင်မှ ကြည့်လိုက်ရာ ဧည့်ခန်းရှိ ခေါင်တိုင်ကို ကန့်လန့်ဖြတ်၍ ရိုက်ထားသော ထုပ်တန်း၏ အပေါ်နား ခေါင်တိုင်တွင် စွဲနေသော **"ပျားလေးအုံတစ်ခု"** အား တွေ့ရှိရ၏။

အစွန်အဖျား၌ရှိသော အိမ်ဖြစ်၍ ပျားစွဲခြင်းလည်း ဖြစ်နိုင်ပေ၏။ ထိုပျားအုံကို တွေ့ရှိရခြင်းနှင့်အတူ ကိုဖေတင် တစ်ယောက် အတော်လေး တုန်လှုပ်ချောက်ချားသွားခဲ့ရ၏။

မှန်ပေသည်။ ကိုဖေတင်သည် ဘုန်းကြီးကျောင်းသား တစ်ယောက် ဖြစ်ခဲ့ဖူး၍ ပျားစွဲသောနိမိတ်၏ ကောင်းခြင်း၊ မကောင်းခြင်းကို ဂဃနဏ မသိသော်လည်း "ကြားဖူးနားဝ"ဖြင့် ဤပျားစွဲမှုသည် ကောင်းသည့်နိမိတ် မဖြစ်နိုင်ကြောင်း၊ "အခိုက်"ဖြစ်နိုင်ကြောင်း မှတ်ချက်ချလိုက်မိ၏။

ထို့ကြောင့်...

'ချိုချိုရေ...မနက်ဖြန်မှာ တို့မိသားစု ဆီစက်ထဲကိုပြောင်းဖို့ ပြင်ထားတော့'

'ဘာအရေးကြီးလို့လဲ ကိုဖေတင်၊ ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့... ပျားအုံကြောင့်ပဲ ချိုချိုရေ၊ ပျားအုံဟာ လူနေအိမ် အပေါ်ပိုင်းကို စွဲရင် အဲဒီအိမ်မှာ နေသူတွေ ဒုက္ခရောက်တတ်တယ်လို့ ကြားဖူးတယ်၊

အဲဒီတော့ အိမ်ကို ခဏပစ်ထားခဲ့ပြီး ဆီစက်ထဲ ပြောင်းနေကြရအောင်'

'ကိုဖေတင်ရဲ့ သဘောပါပဲ။ ကျွန်မကတော့ ဘာမှ မသိပါဘူး'

နောက်နေ့ နံနက်ပိုင်းတွင် ကိုဖေတင်တစ်ယောက် စက်ဘီးဖြင့် ဆီစက်ဘက်သို့ နင်းသွားလေ၏။ ဆီစက်ပိုင်ရှင် ဦးသန်းအား အကျိုးအကြောင်း ပြောပြပြီး ဆီစက်ဝင်းထဲ၌ ခေတ္တနေခွင့် ပြုပါရန် ပြောကြားရာ ဦးသန်းက လိုလိုလားလားပင် လာ၍နေထိုင်ရန် ခွင့်ပြုခဲ့၏။

ထို့ပြင် ကိုဖေတင်တို့မိသားစု အိမ်ပြောင်းရန်အတွက် သူ့အိမ်မှ ကားကြီးတစ်စီးနှင့်အတူ ဆီစက်မှ လူ(၂)ယောက်ပါ ပစ္စည်းများ ကူ၍တင်ရန် ထည့်ပေးလိုက်၏။

ကိုဖေတင်တို့ စီးလာသော ကားကြီးမှာ အိမ်သို့ရောက်လျှင် ပစ္စည်းများကို ကားပေါ်သို့ အကုန်တင်ကြ၏။ ပစ္စည်းများတင်ပြီးသောအခါ ကိုဖေတင်နှင့် အဖွဲ့က ပျားအုံရှိသော ခေါင်းရင်းနေရာမှ ထရံကိုသာ ချန်ထားပြီး အိမ်ပတ်လည်မှ အခြားထရံများကို ခွာချကြ၏။

ခွာချပြီးသော ထရံများကို ပျားအုံရှိရာ ထရံတွင် ကပ်၍ ထောင်ထားခဲ့လေ၏။ ပြီးနောက်တွင် ကားကို ဆီစက်ဝင်းဆီသို့ မောင်းလာခဲ့ကြတော့၏။

ဤသို့ဖြင့် ကိုဖေတင်တို့ မိသားစုမှာ ဆီစက်ဝင်းထဲ၌နေထိုင်ဖို့ ဖြစ်လာခဲ့ရ၏။

ကိုဖေတင်က ဆီစက်တွင် မိသားစုလိုက် ပြောင်းရွှေ့၍ နေသော်လည်း သူ့အိမ်နှင့်ဝင်းကိုတော့ တစ်လ တစ်ကြိမ်လောက် သွား၍ကြည့်၏။

(၃)လခန့်ကြာသော တစ်နေ့တွင် သူ့အိမ်၏ ဘေးဘက်အိမ်၌နေသော ကိုချစ်ကိုတစ်ယောက် ကိုဖေတင်ထံသို့ ရောက်လာပြီး ကိုဖေတင်တို့အိမ်မှ ပျားအုံကို ယခင်(၂)ရက် နေ့လယ်ပိုင်းက နွားကျောင်းသားလေးများ ပျားဖွပ်၍ ယူသွားကြကြောင်းနှင့် ပျားများမှာ ပျားဖွပ်ခံရပြီးနောက် မနေ့ နံနက်ပိုင်းတွင် နေရာရွှေ့ပြောင်းသွားကြပြီဖြစ်ကြောင်းလာ၍ ပြောပြ၏။

ထိုသတင်းကြားသည့် ညနေပိုင်းတွင် ကိုဖေတင်မှ မြို့သစ်အိမ်သို့ စက်ဘီးဖြင့် နင်းသွားပြီးကြည့်ရာ ကိုချစ်ကိုပြောသည့် အတိုင်းပင် ပျားအုံအား မတွေ့ရတော့ချေ။

ပျားအုံ မရှိတော့သဖြင့် ကိုဖေတင်မှာ အတော်လေး စိတ်ချမ်းသာသွားခဲ့ရ၏။ ဒီလိုဆို အခိုက်များလည်း မရှိလောက်တော့ဟု ထင်မြင်ယူဆမိလိုက်လေ၏။ ထို့ကြောင့် စိတ်ချမ်းသာစွာဖြင့် ဆီစက်သို့ ပြန်ခဲ့ပေ၏။

ပျားအုံလည်း မရှိတော့သဖြင့် ကိုဖေတင်တို့မိသားစုက အိမ်သို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com

နေလိုသော်လည်း ဆီစက်ပိုင်ရှင် ဦးသန်းမှ အလုပ်နှင့်နီးရာတွင် အလကားလည်း နေရသဖြင့် ဆက်၍နေရန် ပြောသောကြောင့် ဆီစက်တွင်သာ ဆက်၍ နေကြရ၏။

တစ်နေ့ နံနက်ပိုင်းတွင် မချိုချို၏ အစ်ကိုရင်းဖြစ်သူ ကိုလှမောင် တစ်ယောက် သူတို့နေထိုင်ရာ ဆီစက်သို့ ရောက်လာခဲ့၏။

ကိုလှမောင်၏ မိသားစုမှာ ပုသိမ်ကြီးမြို့တွင် နေထိုင်ကြပြီး ယခုအခါ မတ္တရာမြို့သို့ ပြောင်းရွှေ့ နေထိုင်ကြမည်ဖြစ်၏။ ထို့ကြောင့် အိမ်ဝင်း ဝယ်မရသေးမီ ကာလအတွင်း မြို့သစ်ရှိ ကိုဖေတင်တို့အိမ်၌ ခေတ္တမျှပေးနေရန် လာ၍ပြောခြင်းဖြစ်၏။

ကိုလှမောင်နှင့် မစန်းတို့ မိသားစုတွင် (၇)နှစ်နှင့်(၅)နှစ်အရွယ် သားလေး(၂)ယောက်နှင့် ကိုလှမောင်၏ မိခင်ကြီး ဒေါ်တင်တင်ပါဆိုလျှင် ပေါင်း(၅)ယောက်ဖြစ်၏။ ကိုဖေတင်မှ ယောက်ဖဖြစ်သူ ကိုလှမောင်အား...

'ကိုလှမောင်ရေ... ခင်ဗျားတို့ နေတာကတော့ ရပါတယ်ဗျာ၊ ဒါပေမယ့် အဲဒီအိမ်ဟာ ပျားစွဲထားတော့ ခိုက်မှာ စိုးရတယ်ဗျ'

'ရပါတယ် ဖေတင်ရာ ငါတို့လဲ အိမ်ဝင်းမရခင်ထိ ခဏပဲနေမှာပါ။ နောက်ပြီး ငါက အဲဒါမျိုးတွေကို အယုံအကြည် မရှိပါဘူးကွာ'

'ဒါဆိုလဲ မိသားစုကိုသာ သွားခေါ်ခဲ့ပါတော့၊ အိမ်ကို ကျွန်တော် ကြည့်ပြီး ပြင်ထားလိုက်မယ်လေ'

ကိုဖေတင်မှ သူတို့အိမ်တွင် နေခွင့်ပြုမည်ဟု ပြောပြီးသည်နှင့် ယောက်ဖဖြစ်သူ ကိုလှမောင်လည်း ပုသိမ်ကြီးမှ မိသားစုနှင့် မိခင်ဖြစ်သူတို့ကို ပြန်ခေါ်လေ၏။

ပုသိမ်ကြီးမြို့နှင့် မတ္တရာမြို့တို့မှာ



မြို့နယ်ချင်းဆက်ဖြစ်၍ သိပ်မဝေးလှချေ။ ကိုဖေတင်မှာလည်း ယောက်ဖဖြစ်သူတို့ မိသားစု လာနေမည်ဖြစ်သည့်အတွက် အိမ်မှ ဖြုတ်ချထားသော ထရံများကို ပြန်ကပ်ရလေ၏။

ထရံများ ပြန်ကပ်ပြီးသည့်နေ့မှာပင် ကိုလှမောင်တို့မိသားစု ရောက်ရှိလာကြပြီး မြို့သစ်အိမ်၌ နေထိုင်ကြတော့၏။ ဤအိမ်တွင် နေစဉ်၌ အစစအရာရာ သတိရှိကြရန် ကိုဖေတင်မှ ပြောကြားခဲ့၏။

ထိုအိမ်သို့ ရောက်ရှိပြီး နောက်နေ့မှစ၍ ကိုလှမောင်နှင့် မစန်းတို့ ဇနီးမောင်နှံမှာ အိမ်ပါသောဝင်း ရောင်းမည့်သူရှိမရှိ မတ္တရာမြို့အနှံ့ လိုက်လံ၍ စုံစမ်းကြ၏။ အိမ်တွင် ကိုလှမောင်၏မိခင် ဒေါ်တင်တင်နှင့် ကလေး(၂)ယောက်တို့က အစောင့်အဖြစ် ကျန်ရှိကြ၏။

ကိုလှမောင်နှင့်မစန်းတို့က မြို့ထဲတွင် လူမရှိသည့် အိမ်ပါသော ဝင်းတစ်ခုအား တွေ့၍ မေးမြန်းစုံစမ်းရာ ရောင်းမည့်အနေအထား ဖြစ်သော်လည်း ပိုင်ရှင်များ မရှိသေးသဖြင့် ပိုင်ရှင်များနှင့် အဆက်အသွယ်ပြုလုပ်နေရဆဲ ဖြစ်၏။

အိမ်နှင့်ဝင်း ဝယ်မရသေးမီ ကာလအတွင်း ဝင်ငွေရသော အလုပ်လည်း မရှိသေးသဖြင့် ကိုလှမောင်အား ကိုဖေတင် အလုပ်လုပ်သော ဆီစက်မှာပင် အလုပ်သွင်းပေးလိုက်ရ၏။

ဆီစက်၌ အလုပ်ဝင်၍ တစ်လမျှ မပြည့်သေးမီ အချိန်ကာလအတွင်းမှာပင် ကိုလှမောင်၏ သားအငယ်မှာ နေရင်းထိုင်ရင်း ဆိုသလို အပြင်းဖျားလေ၏။

ကလေးငယ် အသည်းအသန်ဖြစ်၍ ကုနေရချိန်တွင် ကိုလှမောင်၏ မိခင်ဖြစ်သူ ဒေါ်တင်တင်လည်း ကောက်ကာငင်ကာ ဆိုသလို ဖျားပြန်လေ၏။

တစ်အိမ်တည်း (၂)ယောက် ဖျားနေသဖြင့် မသင့်တော်သောကြောင့် ကိုဖေတင်၏ဇနီး မချိုချိုမှ မိခင် ဒေါ်တင်တင်ကို သူတို့နေထိုင်ရာ ဆီစက်ဝင်းသို့ ခေါ်လာကာ ဆေးကုပေး၏။

ကိုလှမောင်၏ ကလေးငယ်မှာ (၄)ရက်ခန့် အပြင်းဖျားပြီး သေဆုံးသွားရှာလေ၏။ ကလေးဆုံး၍ (၇)ရက်ခန့်အကြာတွင် ဆီစက်၌ ခေါ်ထား၍ ဆေးကုပေးထားသော ဒေါ်တင်တင်လည်း ဆုံးသွားပြန်လေ၏။


ပျားနိမိတ်ကို အယုံအကြည် မရှိသော ကိုလှမောင်မှာလည်း အတော်လေး လန့်သွားခဲ့ရလေ၏။ စျေးဆိုင်ထားသော အိမ်နှင့် အရောင်းအဝယ်တည့်သွားသည်နှင့် ကိုလှမောင်တို့ မိသားစုမှာ ဝယ်ထားသော အိမ်သို့ အမြန်ပြောင်း ရွှေ့သွားကြတော့၏။

အခြားအလုပ် မရှိသေးသဖြင့် ကိုလှမောင်က ဆီစက်တွင်ပင် အလုပ်ဆက်၍လုပ်၏။ ကိုဖေတင်က ယောက္ခမဖြစ်သူနှင့် ကိုလှမောင်၏ သားလေးတို့ သေဆုံးကြရခြင်းမှာ ပျားစွဲနိမိတ်ကြောင့်ဟုသာ ထင်မြင်



www.burmeseclassic.com

www.burmeseclassic.com



ယူဆ၏။

ထို့ကြောင့် ကိုဖေတင်သည် ကိုလှမောင်နှင့် ဆီစက်မှ အလုပ်သမား(၂)ယောက်တို့ဖြင့် မြို့သစ်သို့ သွား၍ သူ၏ ပျားစွဲသော အိမ်ကို ဖြိုဖျက်ပစ်ကြ၏။

ဖြိုဖျက်ပြီးသော အိမ်ကို ဝင်းအတွင်းမှာပင် သေသေသပ်သပ် စုပုံထားခဲ့ပြီး ခြံဝင်းကို သော့ခတ်ထားခဲ့ကြ၏။

တစ်လခန့်ကြာပြီးသည့် တစ်နေ့တွင် ကိုဖေတင်နှင့် သူငယ်ချင်းဖြစ်သူ ကိုကျော်အေးတို့ နှစ်ယောက် လက်ဖက်ရည်ဆိုင်၌ ဆုံမိကြ၏။

ကိုကျော်အေးမှ လယ်မြေ(၁၀)ဧကခန့် ပိုင်ဆိုင်သော လယ်သမားတစ်ယောက်ဖြစ်၏။ ကိုဖေတင်နှင့် အာလာပသလ္လာပ စကားပြောကြရင်းဖြင့် ကိုကျော်အေးမှ....

'ဖေတင်ရေ...ငါ့မှာ နွားတင်းကုပ်ဆောက်ဖို့ သစ်အဟောင်း လိုနေတယ်ကွာ။ ပြန်ရောင်းမယ့်သူများ ကြားမိရင် ငါ့ကို အကြောင်းကြားပေးပါကွာ'

နွားတင်းကုပ် ဆောက်မယ်ဆိုရင်တော့ (၅)လက်မ ပတ်လည်တိုင်တွေ ငါ့မှာ ရှိတယ်ကွ။ ဒါပေမယ့် လူနေလို့တော့ မဖြစ်ဘူးနော်'

'လူနေဖို့ မဟုတ်ပါဘူးကွာ၊ နွားထားဖို့ပါပဲ။ မင်းမှာ ရှိတယ်ဆိုတော့ ငါ့ကို ရောင်းပေးပါ'

ထိုသို့ဖြင့် နှစ်ယောက်သားမှာ အရောင်းအဝယ် တည့်သွားကြပြီး ကိုကျော်အေးမှ ကိုဖေတင်၏ ပျားစွဲသောအိမ်နှင့် သစ်များအား လှည်းဖြင့် တိုက်၍ သယ်သွားခဲ့လေ၏။

ပျားစွဲသော အိမ်တိုင်နှင့် သစ်များ ကိုကျော်အေး၏အိမ်သို့ ရောက်ရှိပြီး ပုံထားစဉ်မှာပင် ကိုကျော်အေး တစ်ယောက် အပြင်းဖျားလေတော့၏။

ကိုကျော်အေးမှာ နွားတင်းကုပ်ပင် မဆောက်နိုင်တော့ချေ။ ပျားစွဲသော အိမ်အား ဝယ်ယူသွားပြီး တစ်ပတ်ခန့် အကြာတွင် ကိုကျော်အေးမှာ သေဆုံးသွားခဲ့ရလေ၏။

ကိုကျော်အေး၏ဇနီးဖြစ်သူ မအေးမိမှာလည်း ယောက်ျားသေဆုံးမှုအတွက် စိတ်ဓာတ်ပေလော မသိရ၊ ကိုကျော်အေး သေဆုံးပြီး တစ်ပတ်ခန့်အကြာတွင် မအေးမိလည်း သေဆုံးသွားရှာလေ၏။

မည်သည့် အကြောင်းကြောင့်၊ မည်သည့်ရောဂါကြောင့်ဟု တိတိကျကျ မပြောနိုင်သော်လည်း ဤပျားစွဲသော အိမ်တိုင်နှင့် သစ်များရောက်လာမှသာ သေဆုံးသွားကြရခြင်းဖြစ်၍ ပျားစွဲသောအိမ်မှ ခိုက်သည်ဟုသာ ကိုဖေတင်က တထစ်ချ ယူဆလေ၏။

ကိုကျော်အေး၏ဇနီး မအေးမိ နာရေးသို့ သွားရင်းဖြင့် ကိုဖေတင်မှ အသုဘရှင်ဖြစ်သော ဆွေမျိုးများအား ပျားစွဲသောအိမ်တိုင်များ ခိုက်ခြင်းဖြစ်နိုင်သဖြင့် စဉ်းစားပြီး တစ်ခုခု လုပ်ကြရန် အကြံပေးလိုက်လေ၏။

ဆွေမျိုးများကလည်း ကိုဖေတင်၏ အကြံပေးချက်ကို ဆွေးနွေးတိုင်ပင်ကြပြီး သေဆုံးသွားကြသော ကိုကျော်အေးနှင့် မအေးမိတို့ ကိုးကွယ်သည့် ဘုန်းကြီးကျောင်း၌ ပျားစွဲသော အိမ်ကို မီးတင်းကုပ်အဖြစ် ဆောက်လုပ် လှူဒါန်းကြရန် ဆုံးဖြတ်ကြ၏။ မကြာမီရက်များ အတွင်း၌ ပျားစွဲသော အိမ်ကို မီးတင်းကုပ် အဖြစ် ဘုန်းကြီးကျောင်းတွင် ဆောက်လုပ် လှူဒါန်းလိုက်လေ၏။

ကိုကျော်အေးနှင့် မအေးမိတို့အားလည်း အလှူဒါနကို အမျှအတန်းပေးဝေလိုက်ကြ၏။

**မည်သို့ပင်ဆိုစေကာမူ ဤအဖြစ်အပျက်များသည် ပျားစွဲသောအိမ်မှ စတင်၍ ဖြစ်ပျက်ခဲ့သော အကြောင်းအရာများဖြစ်၍ "ထန်းသီးကြွေကိုက် ကျီးနင်းခိုက်" များဖြစ်လေသလော၊ လာ၍စွဲသော ပျား၏ "အကိုက်"ကြောင့်များ ဖြစ်လေသလော ဆိုသည်ကို စာရှုသူများအနေဖြင့် စဉ်းစားသုံးသပ် ဝေဖန်နိုင်ကြပါစေရန်နှင့် ဦးစိုး၏ အတွေ့အကြုံနှင့် ထပ်မြင်ယူသချက်များကို နဂ္ဂတ္တရောင်ခြည် မဂ္ဂဇင်းသို့ ရေးသားပေးပို့ကြပါရန်။**

ဤရေးသားချက်အတွက် စာရှုသူများအနေဖြင့် "**ဥပါဒါန်ကြောင့် ဥပဒ်မရောက်**"ကြစေရန်နှင့် "**အကယ်၍များ အိမ်တစ်အိမ်၌ ပျားစွဲပါက မည်သို့မည်ပုံ "မခိုက်" အောင် ပြုလုပ်ရမည်ကို စာရေးသူ ကျွန်ုပ်အပါအဝင် စာရှုသူအပေါင်းအား သိရှိနိုင်ပါရန် လေ့လာထားသူ (သို့မဟုတ်) သိရှိနားလည်သူများမှ ရေးသားကြပါရန် ပန်ကြားအပ်ပေသတည်း။**

ဦးစိုး(မဂ္ဂရာ)



www.burmeseclassic.com

www.burmeseclassic.com

ကြုံဆုံခဲ့ရ

# ထိုတစ်ည

ကိုစိုးမြင့်ဦး (B.Ed)
(S ပညာရေးတက္ကသိုလ်)



အမိ ဧရာဝတီမြစ်ကြီးသည် ပုစွန်ဆီရောင် အသွေးအရောင်များ ရုပ်သိမ်းစပြုနေပေသည်။ သူရိန်နေမင်းသည် အနောက်ဘက် တောင်စွန်း၌ ငုပ်လျှိုးပုန်းခိုရန် ကြိုးစားနေလေသည်။

မြစ်နံဘေး ရေတိမ်တွင် တံငါလှေများ ဝင်လုဆဲ နေရောင်များနှင့်အပြိုင် ဆိုက်ကပ်ခိုနားလာကြသည်။ ပိုက်ထုပ်များ ငါးထုပ်များနှင့် တံငါသည် ရေလုပ်သားတို့၏ အိမ်ပြန်ချိန်သည် ပျော်စရာအတိ ဖြစ်နေသည်။

စက်လှေဆိပ်တွင် ညှို့သည်စောင့်နေသော "လှရင်"သည် တစ်စတစ်စ အချိန်လင့်လာသောကြောင့် မစောင့်တော့ဘဲ သားနှစ်ယောက်နှင့်အတူ ရွာပြန်ရန် လှည်းအမြန် က,ခိုင်းတော့သည်။

ခုနစ်နှစ်အရွယ် သားငယ်နှင့် တစ်ဆယ့်နှစ်,နှစ်အရွယ် သားကြီးနှင့်အတူ လာကြိုခြင်းဖြစ်သည်။ ထို့ကြောင့် တံငါသည်များထံမှ ဝယ်ယူထားသော ငါးစိမ်းထုပ်ကို အမြန်ပြန်ထုပ်၍ ရွာပြန်ရန် နှိုးဆော်ရလေသည်။

'သားကြီး နီတွတ် နွားတွေ သေချာက,နော်၊ ဘက်မှားနေဦးမယ်။ သိလား ငါ့သား'

'ဟုတ် အမေ...ကျုပ် မှတ်မိပါတယ်ဗျ။ ဒါနဲ့ ကြီးကြီးမြတို့ကို ဆက်မစောင့်တော့ဘူးလားဟင်'

'အမယ်လေး ငါ့သားရယ်၊ မကြာခင် မိုးချုပ်တော့မှာဟဲ့၊ စက်လှေတွေလဲ ကုန်ပြီလို့ တံငါသည်တွေက ပြောတယ်။ ဒီအချိန်ဆို ကြီးကြီးတို့ မလာဖြစ်တာ သေချာပြီပေါ့။ ကဲ...နွားသာ သွက်သွက် က,ပါ။ နေမဝင်ခင် ရွာရောက်အောင်'

'ဟုတ်...ဟုတ်ကဲ့'

သို့နှင့် နီတွတ်သည် ခိုင်းနွားနှစ်ကောင်ကို ဘက်မှန်အောင် အမြန်လှည်းတွင် တပ်ဆင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကြိုးတစ်စကို လှရင်က ကူဆွဲ၍ ကျန်တစ်ဖက်ကို သူကိုယ်တိုင် ဆွဲကာ လှည်းပေါ် လှမ်းတက်လိုက်သည်။ လူပျိုပေါက်ကလေး နီတွတ် နွားများကို တဟဲဟဲမောင်းရင်း ဆိပ်ကမ်းမှ မောင်းထွက်လာလေသည်။

နေ့ကာလ၏ အမှတ်အသားဖြစ်သော အလင်းရောင်များ တစ်စတစ်စ လျော့ပါးလာကာ 'အညိုရောင် ညဝတ်ရုံလွှာက ဩကာသ လောကကို ဖြန့်ကြက်အုပ်မိုးလာသည်။

ဖုန်ထူထူ လမ်းမထက်မှ လှည်းကလေးမှာ နွားများ၏ ခြေပေါ်တွင် မှိုနိုရင်း အသော့နှင် နှင်လာသည်။

အမှောင်ထု ဖိစီးလာသည်နှင့် လှရင်တစ်ယောက် ကြောက်စိတ် အနည်းငယ် ဝင်လာသည်။ သို့သော် ကလေးများသိလျှင် ပိုဆိုးမည် စိုးသောကြောင့် ဟန်ဆောင် ဖုံးကွယ်လိုက်ပါလာရသည်။

'ငါ့သား နွားတွေကို တို့ပေးကွယ်၊ သိပ်မမှောင်ခင် ရွာကို ရောက်အောင်'

'မောင်းနေတာပဲ အမေရာ၊ နွားတွေက နေ့ခင်းက ထွန်ထားရတော့ ခြေပတ်နေပြီ၊ သိပ်မသွားနိုင်ကြဘူး'

'အေးပါ...ဒါနဲ့ ငါ့သား ဓာတ်မီးကျခဲ့မယ်နော်၊ ဖင်ခုထိုင်ထား သိလား'

'ဟုတ် အမေ၊ ကျွန်တော် ခါးမှာ ထိုးထားပါတယ်'

လှည်းကလေးသည် ရောဝတီမြစ်ဘေးမှ ရွာလေးများကို မသိမသာ ကျော်ဖြတ်လာသည်။ နောက်ထပ် ရွာနှစ်ရွာခန့်ကျော်လျှင် လှရင်တို့ ရွာကို ရောက်ပေပြီ။

ကြောက်စိတ်ကို မျိုသိပ်ရင်း အမှောင်အားကြီးလာသော ပတ်ဝန်းကျင်ကို မကြာခဏ မျက်စိကစားရပေသည်။ တစ်နေရာ အရောက်...

'ဟင်...'

မြင်လိုက်ရသော မြင်ကွင်းက ဘာမှ မထူးဆန်း။ ရိုးရှင်းလှသည်။ လှည်းလမ်းဘေး ခြံစည်းရိုးတွင် **ရေနံချေးများ ဝ,နေအောင် သုတ်လိမ်းထားသော ခမောက်တစ်ချပ်**ကို အခင်း ခြံစည်းရိုးတွင် ချိတ်ဆွဲထားသည်။

လှရင်တစ်ယောက် ရွာသားများ မေ့ကျန်ခဲ့ခြင်း ဖြစ်မည်ဟူသော အတွေးဖြင့် အာရုံမထားတော့ဘဲ မျက်ကွယ်ပြုထားလိုက်သည်။ လှည်းကျော်သွားလျှင် နေခဲ့မှာပဲဟူသော သဘောပိုက်ကာ မျက်စိမှတ်ထားလိုက်သည်။

မိမိပေါင်ပေါ်တွင်မူ သားငယ်လေး မှေးစက်အိပ်ပျော်နေသည်။ အခြားတစ်ဖက်တွင် **ငါးစိမ်းထုပ်နှင့် ထိုးညှပ်ထားသော ကိုင်းခုတ်ဓားမ တစ်ချောင်း။**

သို့သော် ထူးဆန်းသည်မှာ မြင်ခဲ့ရသော ခမောက်သည် လှည်းနှင့် ထက်ကြပ်မကွာ ကပ်လိုက်လာခြင်းပင် ဖြစ်သည်။ မိမိတစ်ယောက်တည်းသာ မြင်၍လားဟု သံသယဖြင့် သားကြီးကိုအကြည့်...

'အမေ ဒီခမောက်တွေကလဲ မေ့လိုက်ကြတာဗျာ၊ အခင်းတိုင်းနီးပါးပဲ တွေ့ရတယ်နော် အမေ'

'ဟုတ်ပဲ့ သားရယ်၊ တောဆင်းတဲ့ သူတွေ ကိုယ့်ခမောက်ကို မေ့တတ်လိုက်ကြတာ'

တကယ်တော့ ကလေး မကြောက်စေရန် ဖြီးဖြန်း၍သာ ပြောလိုက်ရသည်။ ကြောက်စိတ်တို့မှာ ငယ်ထိပ်တက်နေလေသည်။

အရေးထဲ၌ သာမည့်လမှာ တိမ်ဖုံးနေ၏။ နေရာတိုင်းတွင် အလင်းရောင် ဖျော့ဖျော့များသာ စိုးမိုးနေသည်။

ကြောက်စိတ်ဖြင့် ကိုင်းခုတ်ဓားမဆီသို့ *အကြည့်ရောက်သွားသည်။* ဖြစ်ချင်ရာဖြစ် အနားကပ်လာလျှင် ခုတ်ချလိုက်မည်ဟူသော အတွေးဖြင့် လှမ်းဆွဲလိုက်သည်။

တိုက်ဆိုင်၍လားတော့ မပြောတတ်၊ ခြံစည်းရိုးမှ ခမောက်မှာ ဘယ်နေရာ၌ ကျန်ခဲ့မှန်း မတွေ့တော့ပေ။ လှည်းနှင့် ကပ်လိုက်မလာတော့ပေ။

နီတွတ်မှာ ဘာကိုမှ မသိသေးသော ကလေးပီပီ နွားနှစ်ကောင်ကို ရိုက်၍ တစ်ဖုံ၊ အော်ဆဲ၍တစ်မျိုး မောင်းနေတော့သည်။

လောကအကြောင်းကို ခရေစေ့တွင်းကျ သိရန်မှာ အချိန်ဟူသော ရထားကို စီးနင်းရဦးမည် မဟုတ်ပါလား။

ထိုခဏ တိမ်ရိပ်များ ပယ်ခွာသွားသော လမင်းကြီးမှာ လောကပေါ်သို့ ပြုံးပြုံးကြီး ပြူးထွက်လာသည်။ ဝမ်းသာသူက လှည်းပေါ်မှ လှရင်။ စိတ်ညစ်စရာကောင်းသည်မှာ ခရီးသွားလှည်း တစ်စီးမျှ မတွေ့။

လမင်းကြီး တစ်ဖန် ရှုံးနိမ့်သွားပြန်ပါသည်။ ထိုအချိန်...

'ကလောင်... ကလောင်... ကလောင်'

'ချွင်...ချွင်...ချွင်'

'ကလင်...ကလင်...ကလင်'

ခြူသံများ၊ ခလောက်သံများ၊ ခင်းလင်းသံများ ဝေဆာစွာ မြည်နေသော လှည်းတစ်စီးသည် မိမိတို့လှည်းဆီသို့ နောက်မှ အတော်ဝေးသော လှည်းလမ်းအတိုင်း မောင်းလာသံကို ကြားရသည်။

လရောင် ဝိုးတဝါးအောက်တွင် လှည်းပေါ်မှ လူများက အဲဒီစု ဟစ်၍ မောင်းလာကြသည်။ ယောက်ျား မိန်းမ


www.burmeseclassic.com

www.burmeseclassic.com



စသော လူသားတို့၏ နှုတ်မှလည်း...

'ဟော...ဟော...ဟော'

'ဝေး...ဝေး...ဝေး'

'ဟဲ့...ဟဲ့...ဟဲ့'

စသည်ဖြင့် ဆူညံကာ လှရင်တို့ လှည်းဆီသို့ ဦးတည်လာကြသည်။ လှရင်သည် အားကိုးရသည်ဟူသော အတွေးဖြင့် အနားသို့ အရောက်ကို မျှော်နေမိသည်။

သို့သော် ရောက်မလာ။ ခပ်ဝေးဝေး ကသာ အော်နေကြသည်။ နီတွတ်က...

'အမေ အဲဒီ ဘယ်ရွာက လှည်းတွေလဲနော်၊ ခြူသံတွေကို ညံနေတာပဲ။ ကျုပ်တို့ရွာ အဲလောက်ပေါတဲ့ လှည်း မရှိဘူးနော့'

'ဒီနားက ရွာက ဖြစ်မှာပေါ့၊ ဒီလောက် လူတွေ ညံနေမှတော့ ပွဲလာကြတယ် ထင်တယ်'

'ဟင်... ကျွန်တော်ဖြင့် ဒီနားမှာ ပွဲရှိတယ်လို့ မကြားပေါင်'

'ဟုတ်လား'

လှရင် အခုမှ သဘောပေါက်သွားသည်။ တခြားမဟုတ် မိမိဝယ်လာသော ငါးထုပ်။ ဒီအရာကြောင့် သင်းတို့ မိမိတို့ လှည်းဝန်းကျင်မှ လိုက်နေကြခြင်း ဖြစ်ပေလိမ့်မည်။

အညှီအဟောက်ကို တပ်မက်တတ်သော နာနာဘာဝများ အကြောင်းကို လှရင် နားထောင်ခဲ့ရသည်မှာ နည်းနည်းနောနော မဟုတ်။

ထို့ကြောင့် ဖြစ်ချင်ရာဖြစ် အတွေးဖြင့် ငါးထုပ်ကို ဖင်အောက် ခုထိုင်ပစ်လိုက်သည်။

ထိုခဏ ခြူသံများ ညံနေသော လှည်းမှာ လုံးဝ တိတ်ဆိတ်သွားသည်။ လူသံ,ခြူသံများ ပကတိ ငြိမ်ကျသွားသည်။ ငြိမ်ရုံမက မြင်ကွင်းကပါ ပျောက်ကွယ်သွားသည်။ လမင်းကြီးမှာ တိမ်မည်းများအကြား အိပ်ကောင်းဆဲ။

'သား နီတွတ် မြန်မြန်မောင်းစမ်း၊ အမေ ချမ်းလာပြီဟဲ့'

'ဟုတ် အမေ၊ ကဲ... ဖေ့သားကြီးတွေ ပြေးထားကွ၊ ရှေ့မှာ ရွာမြင်နေရပြီ'

လှရင် ကြောက်ဒူးတုန်ရပြီ။ မျက်လုံးကို စုံမှိတ်၊ အံကို တင်းတင်းကြိတ်၍ အားခဲထားရသည်။ လက်တို့မှာလည်း လှည်းရုံတိုင်ကို ဆွဲကိုင်ထားသည်မှာ မြဲမြဲမြံမြံ။ ရွာအဝင်ထိပင် ဘာကိုမှ မမြင်တော့ဘဲ တိတ်တိတ်ဆိတ်ဆိတ်သာ မောင်းလာတော့သည်။

သို့သော်...

'အမေ...အမေ... အိမ်ရောက်ပြီလေ ဆင်းကြစို့၊ ဟင်...အမေ အမေရေ လာပါဦး အမေ ဝုတ်တုတ်ကြီး အိပ်နေတာ၊ ခေါ်လဲ မရဘူး အီး...ဟီး'

'ဟင်...လှရင်...လှရင်'

နားထဲတွင် လူများစွာတို့၏ အော်ဟစ်သံများ ကြားနေရသည်။ စိုးရိမ်သံများ၊ ဝမ်းနည်းသံများ ရောပြွမ်းနေသော ဂန္ဓာရုံကို စုစည်းရင်း ခန္ဓာမှာ လေထဲတွင် လွင့်နေသလိုလို။ သတိထား၍ မျက်စိကို အားယူဖွင့်ကြည့်...

'အလှ...အလှ... သတိရပြီလား။ သတိထားနော်၊ အိမ်ပြန်ရောက်နေပြီ ဘာမှ မကြောက်နဲ့တော့ သိလား'

အိမ်ဦးနတ်၏အပြောကို ခေါင်းညိတ်နားထောင်ရင်း အာရုံတို့က ခြူတွေ ဝေဆာနေသော လှည်းတစ်စီး၊ ရေနံ့ချေးဝ ခမောက်တစ်ချပ်၊ အို... တွေးရင်း ကြောက်လိုက်တာ။

ကျယ်ပြောလှသော **အနန္တစကြဝဠာတွင် မရေတွက်နိုင်သော အပါယ်ဘုံသားတို့ ပြည့်နှက်နေကြပေသည်။ ပမာဏမှာ လူသားများထက်ပင် များလှသည် မဟုတ်ပါလား။**

ထိုအပါယ်ဘုံသားနှင့် ထိပ်တိုက်ကြုံတွေ့ခဲ့ရခြင်းမှာ **ပုပ်နံ့လှိုင်နေသော ငါးစိမ်းထုပ်ကြောင့်ဟုလည်း ဆိုရမည်လား။ ဒါမှမဟုတ် ကံတရားနိမ့်ပါး၍လား မပြောတတ်။**

***စိုးရိမ်သောက ကင်းနိုင်ကြပါစေ။***

**ကိုစိုးမြင့်ဦး***(B.Ed)*

**(S ပညာရေးတက္ကသိုလ်)**

www.burmeseclassic.com

# ကုက္ကိုပင်မှ ရုက္ခစိုးနတ်

ဘုသုတြကျောင်းဆရာ



ကျွန်ုပ်သည် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်တစ်ဦးသာ ဖြစ်ပါသည်။ စာရေးဆရာမဟုတ်၊ ကဗျာဆရာမဟုတ်၊ သာမန် အညတရ ကျောင်းဆရာတစ်ဦးသာ ဖြစ်ပါသည်။

စာသင်ရုံမှလွဲပြီး ဘာမှမသိ။ အိမ်အလုပ်၊ ကျောင်းအလုပ် လုံးလည်ချာလည် လိုက်နေသည်။ သို့သော် အသက်ကတော့ ဒီအတိုင်းမနေ (၅၀) ကျော်၍ (၆၀)နီးပါး ဖြစ်လာချေပြီ။

ဇနီးသည်က ပညာရေး အငြိမ်းစား၊ ဆီးချိုသွေးတိုးရောဂါသည်၊ အမြဲတမ်း ဆီးချို တိုင်းနေရသည်။ ဆီးချိုကတော့ (၅၀၀)လေ၊ အလွန်မြင့်သည်ပေါ့။ စက်ဝယ်ထားပြီး တိုင်းရသည်။

တစ်ခါတလေ စက်က မတိုင်းနိုင်၊ ဆီးချို အလွန်တက်နေသည့်အခါ ($H_1$)ဟုသာ စက်ကပြသည်။ အမြဲ ဆီးချိုကျဆေးသောက်ရ၊ ဆောင်ရသည်။ ဆရာဝန်ဆီ သွားပြသည်။ အငေါက်အငမ်း ခံလိုက်ရသည်။

"ခင်ဗျားတို့ ပညာတတ်တွေဖြစ်ပြီး ဘာကြောင့် ဂရုမစိုက်ရတာလဲ"ပေါ့။ ဩော်...ကရုဏာဒေါသောပါ။ ဒါတွေထားပါတော့။

ကျွန်ုပ် ရေးမှာက ကျွန်ုပ် ဇနီးသားသမီးအကြောင်းမဟုတ်၊ နည်းနည်းတော့ သည်းခံပေးကြပါခင်ဗျာ။ ကျောင်းဆရာမို့ လျှာရှည်ရန်ကော၊ ကျွန်ုပ်၏ ငယ်စဉ်ဘဝ (၇,၈)နှစ်သား အရွယ်ကပေါ့။

ကျွန်ုပ်၏ မိဘများမှာ ဈေးသည်များ။ တောင်ငူမြို့၏ အရှေ့ဈေးလေး၊ ကားဝိုင်းဈေး၊ ကုန်စိမ်းဈေးဟု အမျိုးမျိုးခေါ်ကြ၏။ ဟိုးယခင်က ညနေကျောင်းဆင်းရင် ကျွန်ုပ် ဈေးထဲရောက်သွားချေပြီ။ ဈေးကြမ်းပိုးပေါ့။

ယခင် ဈေးဟောင်း၏ မြောက်ဘက် အတွက် သံတောင်လမ်း၊ လမ်း၏ မြောက်ဘက် မီးသတ်စခန်းအမှတ်(၁) ယခုတိုင်ရှိ၏။

မီးသတ်စခန်း၏ အရှေ့ဘက်ခုံးကြီး ဈေး၏မြောက်ဘက်ခြမ်း သံတောင် လမ်းဘေးတွင်တော့ ဈေးဆိုင်ခန်း ကလေးများ၊ လူနေအိမ်နှင့် တွဲလျက် ပါ။

ဟိုးယခင်က အမြဲအနေကို ...



www.burmeseclassic.com

www.burmeseclassic.com

ရေးပြခြင်းပါ။ ယခုတော့ ထိုသို့ မဟုတ်တော့။ ပြောင်းလဲသွားချေပြီ။ အဲဒီအချိန်ကာလက စက်ဘီးပြင်ဆိုင်ကလေးလည်း ရှိ၏။ ထိုစက်ဘီးပြင်ဆိုင်၏မျက်နှာစာ သံတောင်လမ်းဘေးတွင် နှစ်ပရိစ္ဆေဒကြာမြင့်ပြီဖြစ်သော လူကြီးလေးဖက်စာခန့် ကြီးမားသော ကုက္ကိုပင်ကြီးရှိ၏။

ထိုကုက္ကိုပင်ကြီးတွင် ပန်း, ရေချမ်း, ဆီမီး, အမွှေးတိုင် ကပ်လှူစရာ စင်ကလေးရှိ၏။ ထိုစင်ကလေးတွင် နံနက်တိုင်း စက်ဘီးပြင်ဆိုင်မှ ဦးလေးကြီးက အမွှေးနံ့သာတိုင် ကပ်လှူထား၏။ အငွေ့တထောင်းထောင်း ထနေသော်လည်း ကျွန်ုပ်တို့ ကလေးတစ်သိုက်မှာ ယောင်လို့တောင် စိတ်မဝင်စား၊ မသိ။ တစ်ဈေးလုံးပတ်၍ ဆော့ဖို့သာ သိ၏။

တစ်နေ့တော့ ကံကြမ္မာ ဖန်လာချေပြီ။ မိုးအကုန် ဆောင်းအကူး သီတင်းကျွတ်ပြီးအချိန်ပေါ့။ ပုရစ်များလည်း ကျလာပြီလေ။

ဘာပြောကောင်းမလဲ… ကျွန်ုပ်တို့ကလေးတစ်သိုက် ပုရစ်အမဲလိုက်ကြပြီ။ တွေ့သမျှ ပုရစ်တွင်း အကုန်တူးနှိုက်၊ ရေခပ်လောင်း၊ ရသမျှ ပုရစ်ကလေးတွေ နှီးကြိုးနှင့်သီလို့ပေါ့။

သနားစရာ ပုရစ်ကလေးတွေ ယက်ကန်ယက်ကန်နှင့်ပါ။ မသေမရှင်တွေပေါ့။ ဘယ်လောက်များ ဝဋ်လိုက်လေမည်မသိ။

ကလေးတွေကိုး ဘာမှ အသိမရှိ။ ကြောက်ရလန့်ရမှန်း မသိ။ ဤသို့ဖြင့် သူငယ်ချင်းနှစ်ယောက် အနီး ကုက္ကိုပင်ကြီးနားရောက်လာချေပြီ။

ဟော… တွေ့ပါပြီ ပုရစ်တွင်းကလေး။ မြေစာပုံကလေးပါ။ ကုက္ကိုပင်ခြေရင်းမှာလေ။ မြေစာပုံ လက်နှင့်ဖယ်လိုက်တော့ တွင်းဝပေါ့။ ဘာလက်နက်မှမပါ။ လောင်းစရာ ရေမရှိနတ္ထိ။

ကဲ… မထူးတော့ သူငယ်ချင်းနှစ်ယောက် တစ်ယောက်တစ်လှည့် ပုရစ်တွင်းထဲ ရှူးရှူးပေါက်ထည့်ကြပါလေရော။ ပုရစ်ထွက်လာရင် ဖမ်းမည်ပေါ့။

ဒီလိုနှင့် အချိန်သာ ကုန်သွားခဲ့သည် ပုရစ်ကတော့ ထွက်မလာ။ ဆော့ကစားထားလို့ ဗိုက်ကလည်း ဆာနေပြီ။

ဈေးထဲက ဈေးဆိုင်ပြန် ထမင်းစားမည်ဟု ကြံပြီး ဈေးထဲပြန်အဝင် ညာခြေတစ်ချောင်း ဘာမှ မထိမခိုက်ပါဘဲ တရွတ်ဆွဲသွားတော့၏။

ဈေးအဝင်ဝ ဆိုက်ကားဂိတ်ရှိ၏။ ဆိုက်ကားပေါ် ထိုင်နေသော ဆိုက်ကားဆရာအချို့က လှမ်းမေး၏။

'ဟဲ့ကောင်လေး… ဘာဖြစ်လာသတုံး'

ဘာမှ ပြန်မဖြေနိုင်။ ကိုယ့်အမေဈေးဆိုင်ရောက်ဖို့ မနည်းအားတင်းလို့ ပြန်လာရသည်။ ရောက်တော့ အမေလုပ်သူမသိ။ သူ့အလုပ်နှင့်သူ ရှုပ်နေ၏။ မိမိဘာသာ ဈေးဆိုင်ပေါ်တက်ထိုင် လက်ကလေးနှင့် နှိပ်လို့ပေါ့။

ဘယ်သူ့ကိုမှလည်း ဒီအကြောင်း မစပ်မိ၊ မပြောမိ။ ကုန်ကုန်ပြောရရင် ကွယ်လွန်သွားရှာကြပြီဖြစ်သော မိဘများပင် ဒီအကြောင်းကိုမသိ။ သူငယ်ချင်းဖြစ်သူကတော့ ဘာမှမဖြစ်။ မိမိတစ်ယောက်သာ ထိုသို့ ဖြစ်သွားချေသည်။ ကံနိမ့်သူ ခံရသည် ထင်ပါသည်။

အတန်ကြာ ထိုင်နေမိသည်။ တုတ်တုတ်မျှမလှုပ်။ နာရီဝက် တစ်နာရီခန့် ကြာသွားသည်ထင်၏။ ထိုအချိန်ကျမှ ဖြစ်နေသော ညာခြေ ပြန်လှုပ်ရှားနိုင်၏။ လမ်းကောင်းကောင်း ပြန်လျှောက်နိုင်၏။

ထိုအဖြစ်အပျက်သည် နှစ်ပေါင်း (၅၀)ကျော်တိုင် မမေ့နိုင်သေး။ မိမိအသက်ကြီးမှ ထိုအဖြစ်အပျက်ကို ပြန်စဉ်းစားမိသည်။

သြော်…ကုက္ကိုပင်ကြီးတွင် နေထိုင်သော ရုက္ခစိုးနတ်ကြီး သူ့အပင်ခြေရင်း ရှူးရှူးသွားပန်းတော့ အလွန့်အလွန်ကို စိတ်ဆိုးဒေါသ ဖြစ်သွားပေမပေါ့။ ဘာမှ မသိနားမလည်သည့် ကလေးမို့ ဒီလောက်နှင့် ခွင့်လွှတ်လိုက်ပုံရ၏။

တော်သေးသည်ဟု ပြောရပေမည်။ ဒီအဖြစ်အပျက်ကတော့ ကျွန်ုပ်ကိုယ်တိုင် လုပ်ခဲ့၊ ကိုင်ခဲ့၊ မှားယွင်းခဲ့သော ကိုယ်တိုင် သိရှိခံစားခဲ့ရသော အဖြစ်အပျက်ပါပေ။

(၃၁)ဘုံ လောကီဘုံဝယ် မြင်အပ်၊ မမြင်အပ်သော ပုဂ္ဂိုလ်သတ္တဝါများ ရှိကြကုန်သည်မှာ ယုံမှားသံသယ ရှိရန် မလို အမှန်ဖြစ်လေစွတကား။

နောင်ကြုံလျှင် ထပ်ရေးပါဦးမည်။ အကြောင်းအရာများစွာ ကျန်ရှိနေပါသေးသည်။ ဆက်လက်ကြိုးစားပါဦးမည်။

ယခုတော့ ဤစာစုကလေးဖြင့် မြတ်စွာဘုရားရှင်အား ရှိသေအမှုထား၍ ခင်ပွန်းကြီး(၁၀)ပါးအား လက်ဆယ်ဖြာ ဦးထိပ်တင်လျက် ရိုသေစွာ ကန်တော့အပ်ပါသည်။

မင်းကွန်းဆရာတော်ကြီး၏ မေတ္တာပို့နည်းဖြင့်ဆိုလျှင် “**မြင်အပ်၊ မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ**”ဟု မေတ္တာပို့ အမျှဝေရင်း နိဂုံးကမွတ် အဆုံးသတ်လိုက်ရပါသည်။

**အညတြကျောင်းဆရာ**

www.burmeseclassic.com



# အံ့ဩမိပါသည်

ထီလာကျော်

ခုနှစ်ကို တွက်စစ်ကြည့်တော့ ငွေရတုမင် နီးနေပါပြီ။ ဆရာစိုးလွင်လွင်ကျော် တစ်ယောက် ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၊ ဒိုမိုခို ကျေးရွာတွင် တာဝန်ထမ်းဆောင်စဉ်က ဖြစ်ပါသည်။

ထိုရွာလေးသည် မြို့နှင့် (၃၄)မိုင်ဝေးပြီး ကယော. တိုင်းရင်းသား ခရစ်ယန် ဘာသာဝင်များဖြစ်ကြသည်။ ဗုဒ္ဓဘာသာဆို၍ ဆရာစိုးလွင်လွင်ကျော်နှင့် မဒမ်စိုး နှစ်ဦးသာရှိသည်။ မဒမ်စိုးသည်လည်း ကျောင်းဆရာမတစ်ဦး ဖြစ်သည်။

ရွာလေးသည် မြို့နှင့် အလှမ်းကွာဝေးသော်လည်း နေချင်ဖွယ် ကောင်းသည်။ တောင်တန်းများ ပတ်ချာလည် ဝိုင်းနေ၍ နံနက်လင်းသည်နှင့် နေကို မမြင်ရ။ နံနက်(၈)နာရီကျော်မှ မြင်ရသည်။ ညနေ(၅)နာရီဆိုလျှင် နေလုံး ပျောက်ကွယ်သွားပြီ။

ရွာသူရွာသားများသည် ရိုးသားပွင့်လင်းကြသည်။ ဆရာ, ဆရာမတို့၏ လိုအပ်ချက်များကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးကြသည်။

ဆရာ စိုးလွင်လွင်ကျော်တို့သည် ရွာရောက်နေလျှင်တော့ သီးခြားကမ္ဘာရောက်နေသလိုပင် ခံစားရသည်။ မြို့မှာ ဘာတွေဖြစ်နေသနည်း။ နိုင်ငံတော်က ဘာတွေ ထုတ်ပြန်ကြေညာသနည်း။ ဘာဆိုဘာမှ မသိရ။

တီဗွီ,ကက်ဆက် ထားလိုက်ဦး ရေဒီယိုပင်မရှိ။ အနီးအနားရှိ ရွာများအကြောင်းပင် ရံဖန်ရံခါမှသာ ကြားရ၊ သိရသည်။

ရွာနီးချုပ်စပ်ဆို၍ နီးနီးနားနား မထင်လိုက်နဲ့ဦး၊ တစ်ရွာနှင့်တစ်ရွာ အနည်းဆုံး (၃)မိုင်တော့ဝေးသည်။ အချို့ ဆိုလျှင် (၅)မိုင်၊ (၇)မိုင်အထိ ဝေးသည်။

ထူးထူးခြားခြား **အထက်ဘီသူရွာ**သည် (၁)မိုင်လောက်သာ ဝေးသည်။ (၁)မိုင်သာဝေးသော ဘီသူ(အထက်)ရွာသို့ စာရေးသူတို့ ဖနီးမောင်နှံ မရောက်ခဲ့ရပါ။

အခြားသော ဘီသူအောက်ရွာ၊ ဒိုရော၊ ဟိုယာ၊ ဘီယာ၊ ထေခို၊ ဟာကြာခူ စသည့် ရွာအားလုံး ရောက်ခဲ့ဖူးသည်။

တစ်ခါတစ်ရံ ပျင်းသော်လည်း စာသင်ကြားခြင်းဖြင့် လည်းကောင်း၊ ပညာရေးဌာနမှ အခမဲ့ဖြင့် မရောက်ရောက်အောင် ပေးပို့သော ပညာတန်ဆောင်မဂ္ဂဇင်းဖြင့် လည်းကောင်း ဖြေဖျောက်ရသည်။

တစ်ခါတစ်ရံတော့ ကမ္ဘာကြီးနှင့် အဆက်အသွယ် ရသည်။ အိမ်ဖက်



www.burmeseclassic.com

www.burmeseclassic.com

ထဲမှာဖြစ်သည်။ ယခုတင်ပြသွားလို သည်မှာ **ဆန်းကြယ်သော အိပ်မက်နှင့် မှန်ကန်သော တိုက်ဆိုင်မှုအကြောင်း**ပင် ဖြစ်သည်။




အိပ်မက်ကို လူတိုင်း မက်ဖူးကြသည်။ မက်ပုံချင်း ကတော့ မတူနိုင်ပေ။ အချို့က နေ့ခင်းမြင်ခဲ့သော မြင်ကွင်းကို ပြန်မက် တတ်ကြသည်။အချို့က နေ့ဘက်ကြားခဲ့ သော အကြောင်းအရာကို ပြန်မက် တတ်ပြန်သည်။ လွမ်းဆွတ် သတိရနေ သူကိုလည်း မက်တတ်ပြန်သည်။

ဘဝတစ်ကွေ့ တွေ့ခဲ့သမျှကိုလည်း မက်တတ်ပြန်ရော။ နိမိတ်ကြိုလည်း မက်ကြပြန်သည်။ တချို့က သေလွန် သူက အသိပေးသည့် အိပ်မက်မျိုး လည်း ရှိသည်။

ယခု စာရေးသူ မက်သော အိပ်မက် သည် ဆန်းကြယ်သည့်အပြင် နောက် ဆက်တွဲ တိုက်ဆိုင်မှုကပင် အံ့သြ လောက်ပါပေသည်။

အိပ်မက်အကြောင်း မတင်ပြမီ ဘီယာကျေးရွာမှ ဦးမောင်လွင် အကြောင်း အနည်းငယ် တင်ပြထား ပါရစေ။

ဦးမောင်လွင်သည် သမဝါယမ (ဟိုယာအုပ်စု) ဥက္ကဋ္ဌဖြစ်သည်။ ဟိုယာ အုပ်စုတွင် ဟိုယာ၊ ဘီယာ၊ ဒိုရော၊ ဒိုမိုခိုတို့ ပါဝင်သည်။

ဦးမောင်လွင်သည် ရွာနှင့်မြို့ မကြာ ခဏ သွားနေတတ်သည်။ လှိုင်ကော် မြို့ကိုပင် မကြာမကြာ ရောက်သည်။

လှိုင်ကော်ရောက်လျှင် ထီထိုးသည် မှာ သူ့အကျင့်ဖြစ်သည်။ ယခုလည်း ဦးမောင်လွင်သည် လှိုင်ကော်သို့ ရောက်နေသည်။ နောက်နေ့မှာတော့ ဇရှုဆိုသို့ ပြန်လာမည်ဖြစ်သည်။

ဆရာ စိုးလွင်လွင်ကျော်သည် မနက်ဖြန် မြို့သို့ပြန်ရန် စီစဉ်ထားပြီး ဖြစ်သည်။ ရွာမှ လူကြုံရှိမှ ပြန်၍ ရနိုင်သည်။ နံနက်စာစော ထရမည်မို့ ညစောစော အိပ်ရာဝင်လိုက်သည်။

ည(၂)နာရီခန့်တွင် ဆန်းကြယ် သော အိပ်မက်တစ်ခုကို မြင်မက်ခဲ့ သည်။ ကလေးလည်း မဟုတ်ပါဘဲ စွန်လွှတ်နေသည်။ စွန်သည် စက္ကူဖြင့် ပြုလုပ်ထားခြင်း မဟုတ်သလို ပလတ် စတစ်နှင့် ပြုလုပ်ထားခြင်းလည်း မဟုတ်ပြန်။ ငွေစက္ကူများ တွဲချုပ်၍ ပြုလုပ်ထားခြင်းဖြစ်သည်။

စွန်လွှတ်သည်ကလည်း တစ်ခု တည်း မဟုတ်၊ ငါးခု တစ်ပြိုင်တည်း လွှတ်နေခြင်းဖြစ်သည်။ စွန်လွှတ်ခြင်း ကို ရပ်နား၍ စွန်များကို ပြန်သိမ်း လိုက်သည်။

ချုပ်စက်ဖြင့် ချုပ်ထားသော ငွေစက္ကူများကို ဖြုတ်၍ စီစီညီညီ ထပ်၍ ရေတွက်ကြည့်ရာ (၃၅) (သုံးဆယ့်ငါးကျပ်)သာ ရှိသည်။ ဒီလောက်တော့မကဟု ယူဆကာ အကြိမ်ကြိမ် ရေတွက်သော်လည်း(၃၅) (သုံးဆယ့်ငါးကျပ်)သာဖြစ်သည်။

ညက မက်သည့် အိပ်မက်ကို အမှတ်မရအား။ မေ့မေ့ပျောက်ပျောက် ဖြင့် မြို့သို့ ပြန်ခဲ့သည်။ တစ်တောင် တက်၊ တစ်တောင်ဆင်း မမောမပန်း လာခဲ့သည်မှာ ဇရှုဆိုသို့ ညနေ(၅)နာရီ ခန့်တွင် ရောက်သည်။

ဆေးရုံကုန်းတွင် ရှိသော ဦးမောင်လွင်သည် ခရီးဦးကြိုပြုကာ စောင့်နေ သည်။ အမောပြေ ခေါင်ရည် သောက်ရန်နှင့် ညစာစားပြီးမှ အိမ်ပြန်ရန် ဖိတ်ခေါ်သည်မို့ မငြင်းမိတော့ဘဲ ဝင်လိုက်သည်။

ဆရာစိုးလွင်လွင်ကျော်နှင့် အဖွဲ့ သည် အားမနာတမ်း စားလိုက်ကြ သည်။ ခေါင်ရည်သောက် ထမင်းစား ပြီးသောအခါ ဦးမောင်လွင်သည် မိမိ ထီပေါက်ကြောင်းနှင့် မုန့်ဖိုးပေးမည်ဟု ဆိုကာ ငွေစက္ကူတစ်ရွက် ထုတ်ပေး သည်။

ဆရာစိုးလွင်လွင်ကျော် အတော်ပင် အံ့သြသွားပါသည်။ အံ့သြသည်မှာ ဦးမောင်လွင်က မုန့်ဖိုးပေးခြင်းကို မဟုတ်ပါ။ ငွေစက္ကူသည် (၃၅)ကျပ် (သုံးဆယ့်ငါးကျပ်)တန် ဖြစ်နေသော ကြောင့် ဖြစ်သည်။

(၃၅)ကျပ်တန် အသစ်ထုတ်သည်မှ (၃)ရက်သာ ရှိသေးသည်။ ရွာတွင် ရှိနေစဉ်က (၃၅)ကျပ်တန် အသစ် ထုတ်သည်ကို လုံးဝ မသိခဲ့ပါ။ ယခုမှ သိရမြင်ရခြင်းဖြစ်သည်။

အိပ်မက်ထဲတွင် ငွေအများကြီးကို ရေတွက်ရာ အဘယ်ကြောင့် (၃၅)ကျပ် သာ ဖြစ်နေရသနည်း။

အမှန်တကယ် မုန့်ဖိုးရသည့် (၃၅)ကျပ်နှင့် အိပ်မက်ထဲမှ (၃၅)ကျပ် မည်သို့ ဆက်စပ်နေသနည်း။ မည်သို့ တွေးတွေး ဆန်းကြယ်သည်တော့ အမှန်ပင် ဖြစ်ပါတော့သည်။

**[ဒိုမိုခိုကျေးရွာအမှတ်တရ...]**

**ထီလာကျော်**



www.burmeseclassic.com

www.burmeseclassic.com

# ဤသို့ ကြားလိုက်ရ၏



ဗုဒ္ဓါနုဿတိကို ပွားများအားထုတ်သူများ၌ ဘုရားရှင်အား မုဒြာအမျိုးမျိုးဖြင့် ရုပ်ပွားတော် အသွင်သဏ္ဍာန်နှင့် ရော သက်တော်ထင်ရှား ရှိသည့်ဟန်နှင့်ပါ ဖူးတွေ့နိုင်ကြပါသည်။

အချို့တို့တွင် ဘုရားရှင်အား ဖူးတွေ့ရသည့်ခဏ၌ ပတ်ဝန်းကျင်ကို သတိမရကြတော့ဘဲ ဟစ်အော်ပြောဆိုခြင်း၊ ပြေးထွက်လိုက်ပါခြင်းများ ပြုမိကြ၍ အများအမြင်တွင် ရယ်စရာလိုလို ပြောဆိုခံကြရပါသည်။ ဖြေရှင်းရခက်သော စိတ်ပိုင်းဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်ပါချေသည်။

*　*　*

ယနေ့ နံနက်၌ အိပ်ရာထ နောက်ကျသွားပါသည်။ သို့အတွက် အပြစ်ရှိသူတစ်ဦးပမာ ခံစားရပြီး ပျာယာခတ်ပြင်ဆင်လိုက်ရပါသည်။

ဘုရားခန်းသို့ ရောက်ရှိ ဦးချပြီးမှသာ ပြုမြဲအမှုတော့ ပြုရပြီဟူ၍ တထစ်အေးသွားတော့၏။ ထို့နောက် ထုံးစံအတိုင်း ပရိကံပြုကာ ဗုဒ္ဓါနုဿတိကို စိပ်ပွားလိုက်တော့၏။

ယခုအခါ ကျွန်ုပ်၏ ဂုဏ်တော်ကို စိတ်ဖြင့် ရွတ်ပွားစဉ် ပထမ စာလုံးကို ရွတ်ပွားလိုက်သည်နှင့် နောက်စာလုံးများက ကြယ်ပျံသည့်နှယ် အလိုအလျောက် အတန်းလိုက် လိုက်ပါလာသည့် အခြေအနေ ဖြစ်နေပါသည်။

သို့အတွက် စိတ်ကို နှစ်မြှုပ်ထားမှသာ ပုတီးစေ့ကို ကွက်တိ ဆွဲချနိုင်ရပါသည်။ ဆိုလိုသည်မှာ စိတ်ကို ပျံ့လွင့်မခံရပါ။

ဤသို့...ဤသို့ စုစည်းထားသည့်ကြားမှ ဘယ်သို့ ဖြစ်သည် မသိရပါ။ စိပ်ပွား၍ မိနစ်(၅၀)ခန့်အကြာ၌ မတ်ရပ်တော်တစ်ဆူ ကြွရောက်လာပါတော့သည်။ "ဘုရား"ဟု အသိကပ်လိုက်သည်၌...

'အမျှ...အမျှ...အမျှ... ယူတော်မူကြပါ။ သာဓု...သာဓု...သာဓု'

အမျိုးသမီးတစ်ဦးမှ "အတိုင်"ဆို၍ အမျိုးသမီးထုက "အဖောက်"လိုက်ကြသံကို ကျွန်ုပ် ကြားလိုက်ရတော့၏။

တစ်ကြိမ်တည်းမဟုတ်၊ သုံးကြိမ်၊ သုံးခါပင်ဖြစ်၏။ သို့အတွက် ခန္ဓာကိုယ်ဖျဉ်းခနဲ ဖြစ်သွား၍ အသံကြားရာဆီ အာရုံလိုက်မည် ဖြစ်သွားရာ မနည်းပင် ထိန်းသိမ်းလိုက်ရပါသည်။

*　*　*

ဖြေရှင်းရခက်ခြင်း၊ ရယ်ဖွယ်လိလိ ဖြစ်တတ်ခြင်း၊ အာရုံ၌ ဖူးတွေ့ရခြင်းများနှင့် ဗုဒ္ဓါနုဿတိ အကြောင်းကို ကနဦး၌ ကျွန်ုပ် ဆိုခဲ့ပြီးပါပြီ။ သို့သော် ပြားလည်း ထပ်၍ ဆိုလိုက်ရပြန်ပါပြီ။

မည်သည့်အကြောင်းက ဤကဲ့သို့သော အသံကို ဖြစ်ပွားစေခဲ့ပါသနည်း။

အများအမြင်တွင် မည်သို့ ရှိမည် မသိပါ။ ကျွန်ုပ်အနေဖြင့်မူ တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့ဘူး၍ ဆန်းလှပါသည်။ အမှန်တွင်မူ ကုသိုလ်ပြုသူ ကျွန်ုပ်မှ အမျှပေးဝေရမည် မဟုတ်ပါလား။ ယခုတွင်မူ မည်သူက ကြားဝင်၍ အမျှပေးဝေလေသနည်း။ ထိုပေးဝေသူသည် ကျွန်ုပ်နှင့် မည်သို့ ဆက်စပ်ခဲ့ဖူးသူပါလိမ့်။

ဤကဲ့သို့သော အခြေအနေမျိုး၌ အမျှပေးဝေရမည်ကို မသိ၍များ လမ်းပြလေခြင်းလား။

အတွေးများဖြင့် တအုံနွေးနွေး ရှိနေသည်မှာ ယခုတိုင် ဖြစ်ပါတော့သည်။

**ဝမ်း(စက်မှုတက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com



ကြည်အုံ

# ဥစ္စာစောင့်ပေးတဲ့ ရွှေ

ကျွန်တော်တို့ အညာကျေးလက်တွင် ဆောင်းရာသီဆိုလျှင် မီးဖိုဘေးပတ်ပတ်လည် လူတွေဝိုင်းပြီး မီးလှုံရင်း စကားတွေ ပြောကြသည်။ အိမ်နီးနားချင်း သက်ကြီးရွယ်အိုများသာ ဖြစ်သဖြင့် ကျွန်တော်က လူကြီးတွေကြားမှာ မီးလှုံရင်း ''သက်ကြီးစကား သက်ငယ်ကြား'' ခဲ့ရသည်။

စကားဝိုင်းက အကြောင်းအရာစုံလင်သည်။ ရပ်ရေး,ရွာရေး,နိုင်ငံရေးမှစ၍ သာရေး,နာရေးအဆုံး အားလုံးပါဝင်သည်။ တစ်ခါတစ်ရံ တစ္ဆေသရဲအကြောင်း၊ ဥစ္စာစောင့်တွေအကြောင်း၊ ပရလောကအကြောင်းတွေလည်းပါဝင်သည်။

တစ်ညမှာ အမေက...

'ဒီနယ်မှာ ဥစ္စာစောင့်ပေးလို့ ရွှေရတာ တစ်ခါပဲကြားဖူးတယ်'

လို့ နိဒါန်းဖွင့်ပြီး အမေငယ်ငယ်က တွေ့ကြုံကြားသိခဲ့ရသော''**ဥစ္စာစောင့်ပေးတဲ့ရွှေ**''ဆိုတဲ့ ဇာတ်ကြောင်းလေးကို ပြောပြပါသည်။

---

ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်

မြောက်ပိုင်း ကျေးရွာလေးတစ်ရွာ

---

ယခုတလော ညနေစောင်းလျှင် ''အောင်ခင်''တစ်ယောက် နေမထိထိုင်မသာဖြစ်၍ နေတတ်သည်။ အကြောင်းက - တခြားမဟုတ်။ ရွာအရှေ့ဘက် မန်ကျည်းပင်အောက်မှာ သူငယ်ချင်းတွေနှင့် ခြင်းခတ်ရမှာမို့ မိမိလုပ်နေကြ နွားစာစဉ်း၊ နွားကျွေး အလုပ်တွေကို စောစောပြီးနိုင်သမျှ ပြီးအောင်လုပ်သည်။

တောသူ၊ တောင်သားတွေရဲ့ ဓလေ့အတိုင်း နံနက်ပိုင်း တော လယ်,ယာလုပ်ငန်းခွင်မှာသာ အချိန်ကုန်သည်။ နေ့ခင်းမှာ တရေးတမောနားပြီး ညနေအချိန် နွားစာစဉ်း၊ နွားကျွေး အလုပ်တွေက ပုံမှန်လုပ်နေကြပါ။

''အောင်ခင်''က ရိုးရိုးအေးအေးကြီးပါ။ လူပျို၊ လူရွယ်ဆိုပေမယ့် အစ်ကိုတွေ ညီမတွေလို ကျောင်းပညာမတတ်သဖြင့် ဖခင်ဖြစ်သူ၏ လယ်ယာလုပ်ငန်းမှာပဲ လုပ်နေရသည်။

ယခုတလော အောင်ခင်အလုပ်ကို ပြီးစလွယ်လုပ်သည်။ နွားတွေ အံစာ မဝ,ခင် စားခွက်မှ ချည်တိုင်ကိုပြောင်းရွှေ့ချည်ခဲ့ပြီး ခြင်းခတ်ဟုဆိုကာ ထွက်သွားတော့သည်။

ညနေစောင်း ထင်းခွေ၊ နွားကျောင်းက ပြန်လာတဲ့ ရွာကလူတွေက





www.burmeseclassic.com

ရွာအရှေ့ဘက် မန်ကျည်းပင်အောက်မှာ တစ်ယောက်တည်း ခြင်းခတ်နေတဲ့ "အောင်ခင်"ကို တွေ့တဲ့အကြောင်း ပြောပြကြ၍ အိမ်ကမိဘတွေ စိုးရိမ်ပူပန်မိသည်။

ရွာအရှေ့ဘက် မန်ကျည်းပင်ဆိုတာ အစိမ်း၊ တစ္ဆေ ဥစ္စာစောင့်ရှိတယ်လို့ ရှေးပသဝေဏီကတည်းက ယုံကြည်ကြသည်။

တချို့လူတွေ မန်ကျည်းပင်အောက် ဖြတ်လျှောက်ကြလျှင် အန္တရာယ်ရသည်။ ခြောက်လှန့်ခံရဖူးသည်အထိပင် ပြောဆိုကြသည်။ ယခုတော့ "အောင်ခင်"က တစ်ယောက်တည်း ခြင်းခတ်နေသည်တဲ့...။

သေသေချာချာ သိရအောင်ဟုဆိုကာ ဖခင်ဖြစ်သူက သားကြီးကို "အောင်ခင်"နောက်က လိုက်ချောင်းကြည့်စေခဲ့သည်။

အဲဒီလို လိုက်ချောင်းကြည့်တော့လည်း မန်ကျည်းပင်အောက်မှာ ခါးတောင်းမြှောင်အောင် ကျိုက်ပြီး ခြင်းခတ်နေတဲ့ အောင်ခင်တစ်ယောက်တည်းကိုပဲ တွေ့ရသည်။

နွားရိုင်းသွင်းချိန် ညီအစ်ကို မကွဲတကွဲ မှောင်ရီပိုးတဝါး အောင်ခင်ပြန်လာတော့ ဖခင်ဖြစ်သူကမေးလျှင်...

'သူငယ်ချင်းတွေနဲ့ ခြင်းခတ်ပြန်လာတာပါ'

ဟု ပြောသဖြင့် ဖခင်ဖြစ်သူ စိတ်ထဲသံသယတွေနှင့်။ သံသယဖြစ်မည်ဆိုလည်း ဖြစ်လောက်ပါသည်။

တွေ့ခဲ့ မြင်ခဲ့သူတွေနှင့် လိုက်ချောင်းကြည့်စဉ်က "အောင်ခင်"တစ်ယောက်တည်း ခြင်းခတ်နေတာပါ။ ယခု အောင်ခင်ကိုမေးတော့လည်းသူငယ်ချင်းတွေနှင့် ခြင်းခတ်ပြန်လာတာပါတဲ့...။

ဘယ်က သူငယ်ချင်းတွေနှင့်လည်း



ဘယ်သူတွေလည်းဆိုတာ"အောင်ခင်" တစ်ယောက်သာ အသိဖြစ်ပေမည်။

ယနေ့တော့ ထူးထူးခြားခြား အောင်ခင် နေမဝင်ခင် အိမ်ပြန်ရောက်လာသည်။ အခါတိုင်းနေ့တွေက မှောင်ရီပိုးတဝါးမှ ပြန်လာလေ့ရှိသည်။ အောင်ခင်ပြန်လာတာမြင်ပြီး မိခင်ဖြစ်သူက စူးစမ်းတဲ့သဘောနဲ့...

'ဒီနေ့တော့ အိမ်ပြန်စောပါလား'

ဟု မေးတော့...

'သူငယ်ချင်းတွေ ပြောင်းတော့မှာ'

ဟု ပြောပြီး အိပ်ရာပေါ် ဝင်အိပ်နေတော့သည်။

ဟုတ်ပါသည်။ ဒီနေ့ အောင်ခင် ခြင်းခတ်သွားတော့ သူငယ်ချင်းတွေ မျက်နှာက အခါတိုင်းလို ရွှင်ရွှင်ပျပျ မဟုတ်။ ညှိုးညှိုးငယ်ငယ်နှင့် တစ်ခုခုကို စိတ်မကောင်း ဖြစ်နေသလိုပါပဲ။

'သူငယ်ချင်း ငါတို့တစ်တွေ ပြောင်းရတော့မယ်။ နောက်နေ့ကစပြီး ဒီနေရာကို မင်းမလာပါနဲ့တော့။

မနက်ဖန် အရုဏ်တက်ချိန် ရွာ အနောက်ဘက် သချိုင်းကုန်းထိပ် တမာပင်လေးအောက်က စားထမ်းစောင့်နေပါ့။ မအိပ်ငိုက်မိစေနဲ့။ စောင့်နေတုန်း မင်းရှေ့က ဘာမြင်မြင် တွေ့ရာမြင်ရာကို ဓားနဲ့ခုတ်ပါ'

ဒီစကားလေး အောင်ခင်ကို ထပ်တလဲလဲမှာပြီး ခြင်းမခတ်တော့ဘဲ မန်ကျည်းပင်နောက် ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။ ဒါကြောင့်လဲ "အောင်ခင်" အိမ်ပြန်စောခဲ့ခြင်း ဖြစ်သည်။

အရုဏ်တက်ချိန်...

ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သံကြားရသည်။ တစ်ဆက်တည်းမှာပဲ ကြက်တွန်သံတွေလည်းကြားရသည်။ "အောင်ခင်" အိပ်ရာမှထ၍ ထရံပုဏ္ဏားကွယ်အတွင်းက တောရှင်းသည့် ဓားရှည်တစ်လက်ဆွဲနုတ်ပြီး မိဘများ မသိရအောင် ခြေဖော့ဖော့နင်းပြီး ရွာအနောက်ဘက် သချိုင်းကုန်းဘက်ဆီ ထွက်လာခဲ့သည်။

အိပ်မောကျနေသည့် ရွာလေးကို ကျောခိုင်းပြီး ကြယ်ရောင်တွေရဲ့ အလင်းအားနဲ့ သူငယ်ချင်းတွေခေါ်ရာကို လာခဲ့သည်။ သချိုင်းကုန်းထိပ်ရောက်တော့ တမာပင်လေးအောက်မှာ သူငယ်ချင်းတွေအလာကို ထိုင်စောင့်နေလိုက်သည်။

မကြာမီ ဆီနှင့်ဝေးနေသည့် လှည်းဘီးဝင်ရိုးသံ တကျည်ကျည်ကို ကြားရသည်။ စောင့်နေရတာကြာလို့လားမသိ "အောင်ခင်" အိပ်ချင်လာသည်။ "သူငယ်ချင်းတွေက မအိပ်နဲ့လို့မှာထားတာ"ဟု စိတ်ထဲမှာ တင်းထားသော်လည်းမရ၊ အိပ်ချင်လာသည်။

လှည်းဝင်ရိုးသံတွေကလည်း တကျည်ကျည်နှင့်။ မှေးခနဲ ငိုက်နေစိုက် လန့်ပြီး မျက်လုံးဖွင့်ကြည့်မိသည်။ မိမိထိုင်နေသည့်ရှေ့မှာ မြွေတစ်ကောင်ကို တွေ့ရသည်။ **"ဘာမြင်မြင် တွေ့ရာမြင်ရာကို ဓားနဲ့ခုတ်"**လို့ မှာထားတဲ့ သူငယ်ချင်းတွေရဲ့စကားကို အမှတ်ရပြီး မြွေကို ဓားရှည်နှင့် ခုတ်လိုက်သည်။ မြွေရဲ့အမြီးပိုင်းလောက်ကို"အောင်ခင်" ခုတ်မိလိုက်ပါသည်။



 (စာမျက်နှာ (၂၃၈) သို့)

www.burmeseclassic.com

www.burmeseclassic.com



မောင်စေသူ
(ကျောက်စိမ်းတွင်း)

# ဆင်ကြီး၏ ရှုံ့ရှာသည်

ကိုမဲသည် အမည်သာ ကိုမဲဖြစ်၍ အသားဖြူပါသည်။ စိတ်ကောင်းနှလုံးကောင်းရှိ၍ ကျွေးချင်မွေးချင်စိတ် ရှိပါသည်။ သူကြီးမျိုးရိုးဖြစ်ပြီး ဆွေကြီးမျိုးကြီးဖြစ်၊ အသိုင်းအဝိုင်း တောင့်သည်။ ရွာတည်မျိုးရိုးဖြစ်၍ သူကြီးခေတ်မှ အုပ်ချုပ်ရေးမှူးခေတ်အထိ သူ၏ အမျိုးအဆွေများသာ အုပ်ချုပ်လာခဲ့သည်။

အဘိုး၊ အဖေ၊ ဘကြီး၊ ညီအစ်ကိုဝမ်းကွဲများသဖြင့် အစဉ်အဆက် အုပ်ချုပ်လာသည်။ အခြား သူစိမ်းများကခဏသာလျှင် အုပ်ချုပ်ရပြီး သူတို့မျိုးရိုးကသာလျှင် အစဉ်သဖြင့် အုပ်ချုပ်လာသည်။

သူသာလျှင် အသက်(၅၀)နှစ်ဝန်းကျင်အထိ ရောက်လာသော်လည်း သူကြီးမပြောနှင့် ဆယ်အိမ်ခေါင်းပင်မဖြစ်ပါ။ သူ့ညီပင် သူကြီးအုပ်ချုပ်ရေးလုပ်သွားသည်။ သူက ရာအိမ်မှူးပင်မဖြစ်လိုက်ပါ။ သူ့ကို ခန့်လျှင် လုပ်မည်မဟုတ်သကဲ့သို့ သူ့ကိုလည်း သူ့အသိုင်းအဝိုင်းနှင့် ရွာက ခန့်မည်မဟုတ်ပါ။ အကြောင်းရှိပါသည်။

သူသည် အသောက်အစား ရှိပါသည်။ အရက်ကို အလွန်ကြိုက်ပါသည်။ အရက်မူးလျှင် ဒေါသထွက်ပြီး ရန်စသည်။ ... 

သည်။ တစ်ခါ၌ သူသည် သူ့အိမ်၌မူးပြီး သောင်းကျန်းနေရာ ရွာထဲ၌ရောက်နေသော တပ်မတော်သား တစ်ဦးမှ ဖျန်ဖြေရန် အိမ်ဝင်းထဲဝင်ရာ သူက အဝင်မခံ လောက်လေးခွဖြင့် ပစ်သည်။ တုတ်၊ ဓား ကိုင်ထားသည်။

တပ်မတော်သားသည် သူ့တပ်စခန်း ပြန်သွားပြီး လူစု၍ သူ့အား ဖမ်းရန်လာ၏။ ထိုအခါ သူ့ အခြေအနေကို စောင့်ကြည့်နေသော သူ့အသိုင်းအဝိုင်းသည် တပ်မတော်သားတစ်စုအား ဝိုင်းဝန်း တောင်းပန်ကြသည်။ သူ့ကိုလည်း စိတ်မနှံ့သူအဖြစ်ပြောသဖြင့် တပ်မတော်သား တစ်စုလည်း ကျေနပ်၍ ပြန်သွားကြသည်။

သူသည် ဘယ်တော့မှ အချုပ်အနှောင် မခံရ ရုံးရောက်ဂတ်ရောက်တော့မည်ဖြစ်သည်။ အသိုင်းအဝိုင်းတောင့်၍ လာရောက်အာမခံခြင်း၊ တောင်းပန်ခြင်း၊ လျော်ပေးခြင်းဖြင့်

www.burmeseclassic.com

ကိစ္စဝိစ္စ ပြီးသွားတတ်သည်။

သူကလည်း မမူးလျှင် အကောင်းပါ။ ရပ်ရေးရွာရေး လုပ်ကိုင်ပေးပါသည်။ အလှူအတန်းလည်း ရက်ရောပါသည်။ သူ့၌ အမွေရထားသော ဟန်နီဟု ခေါ်သည့် ဆင်ထီးကလေးတစ်ကောင် ရှိပါသည်။ ဟန်ကုပ် အမျိုးအစားဖြစ်၍ အစွယ်မှာ တစ်ထွာကျော်ကျော်သာ ရှိပါသည်။

ထိုဆင်ကလေးဖြင့် သူ လုပ်ကိုင်စားသောက်ပါသည်။ ဘုန်းကြီးကျောင်းများ၌ လိုအပ်သော ပျဉ်၊ သစ်၊ တိုင်တို့ကို အခကြေးငွေမယူ လှူဒါန်းပါသည်။

ထိုဆင်မှာ ယော်ကတည်းက သူ ကျွေးမွေး ထိန်းကျောင်းလာသော ဆင်ကလေးဖြစ်သည်။ သို့ဖြစ်၍လည်း ထိုဆင်ကလေးကို သံယောဇဉ်အလွန်ရှိသည်။ "**သားကြီး...သားကြီး**"ဟု ခေါ်ကာ ခိုင်းတတ်သည်။ ကျွေးမွေးတတ်ပါသည်။

သူ့၌ သမီး(၃)ယောက်သာရှိ၍ သားမရှိသဖြင့် သားကဲ့သို့ သံယောဇဉ်ရှိတာလည်း ဖြစ်နိုင်ပါသည်။ တောထဲတောင်ထဲ၌ လူနှင့်အတူ နေပူမရှောင်၊ မိုးရွာမရှောင် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ရ၍လည်း သံယောဇဉ်ဖြစ်တာလည်း ပါမည်။

သေချာတာကတော့ သူ သံယောဇဉ်ရှိ၍သာ မရောင်းခြင်းဖြစ်သည်။ သူ၏ညီအစ်ကို အရင်းအချာ၌ အဆင်းရဲဆုံးဖြစ်သော်လည်း သူ၌ အိမ်စီးဗင်ကားတစ်စီးရှိသည်။ အောက်ခံအုတ်နံကပ် နှစ်ထပ်အိမ်နှင့် ဝင်းရှိသည်။ အခင်းအကွက်များ၊ လယ်များ



ရှိသည်။

အခင်းကွက်၊ လယ်ကွက်ဆို၍ အထင်မသေးပါနှင့်။ ကျောက်စိမ်းထွက်၊ ရွှေထွက်၍ ဈေးအလွန် ကောင်းပါသည်။ သိန်းရာချီ၊ ထောင်ချီတန်ပါသည်။ ထိုအရာများကို ရောင်းချ၍လည်း လုပ်ငန်းပြောင်း လုပ်ကိုင်ခြင်းမရှိပါ။ ဆင်နှင့်သာ လုပ်ကိုင်စားသောက်ပါသည်။

သမီးများကိုတော့ တက္ကသိုလ်၊ ကောလိပ်ပို့ပါသည်။ တစ်ခု ထူးခြားသည်မှာ သူသည် မည်မျှ မူးရူးကာမူ သမီးများကိုတော့ ဆဲခြင်း၊ ရိုက်ခြင်း လုံးဝ မရှိပါ။ သူ့သမီးများနှင့် ပတ်သက်၍လည်း အပြောအဆိုမခံပါ။

တစ်နေ့၌ သူသည် သမီးကိုရှာရင်း သူ့အိမ်နှင့် မျက်နှာချင်းဆိုင်ရှိ သူ့ညီအရင်းအိမ်၌ သွားရှာ၏။ သူ့ညီကို မေးရာ သူ့ညီက...

'ယောက်ျားနောက် လိုက်သွားသလား မသိဘူး'

ဟု နောက်ပြီးပြောရာ ဒေါကန်ပြီး အိမ်ပြန် ဓားယူသည်။

သူသည် ဓားများကိုလည်း ကြိုက်နှစ်သက်ရာ ဂျပန်ဘက်နက်မှအစ ဓားလွယ်အရှည်ကြီးများအထိ ဓားမျိုးစုံ ရှိသည်။ သူသည် ဓားရှည်ကြီးယူလာပြီး ဓားကြိမ်းကြိမ်းရာ လူများဖျန်သဖြင့် စိတ်မကျေနပ်နိုင်ကာ သူ့ညီ၏ အိမ်တံခါးနှင့် အိမ်အတွင်း လှေကားလက်ရန်းများကို ဓားဖြင့် ခုတ်သည်။

သူ့ညီမှာ သိန်းကြီးပိုင်းအထိ ကုန်ကျပြီး ပြန်ပြင်ရလေသည်။ သူသည် ဤကဲ့သို့ စိတ်တိုစိတ်ဆတ်၍လည်း လူ့လောက၌ သက်တမ်းစေ့ မနေရခြင်းလည်း ဖြစ်လေသည်။

သူသည် သူငယ်ချင်းများအပေါ်၌ အတော် အနွံအတာခံသည်။ စားသောက်ဆိုင်များ၌ သောက်စားလျှင်လည်း သူ၌ ပါသည့်ငွေ ကုန်သည်အထိ ကျွေးမွေးတတ်သည်။ အခြားနေရာများ၌ မကျွေးမွေးတတ်သော်လည်း ငွေကုန်ကြေးကျများသည့် အသောက်အစားများ၌ အကုန်အကျခံတတ်သည်။

ဒါကြောင့်လည်း ငွေဘယ်လောက်ရရ အဖတ်မတင် မစုမိခြင်းဖြစ်သည်။ မိတ်ဆွေ အပေါင်းအသင်းများနှင့် ပတ်သက်၍ အခြားသူများနှင့် ပြဿနာတက်လျှင်လည်း သူ ရှေ့မှ ရပ်တည်တတ်သည်။ အထူးသဖြင့် ရိုက်နှက်ထိုးကြိတ်လိုက်ခြင်းဖြစ်သည်။

အသိုင်းအဝိုင်း တောင့်တင်းခြင်း၊ ရွာအုပ်ချုပ်သူများနှင့် ဆွေမျိုးရင်းချာဖြစ်ခြင်း၊ မမူးလျှင်လည်း သဘောကောင်း၍ လူအများကို ကူညီတတ်ခြင်းတို့ကြောင့် သူမူးလျှင်လည်း အခြားသူများက သူနှင့် ပြဿနာ ဖက်မဖြစ်ပါ။ ရှောင်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ ကိုမဲသည် သကြန်အတွင်း၌ သင်္ကန်းဝတ်တတ်သည်။ ထွက်လာလျှင်တော့ ဒုံရင်းဒုံရင်းဖြင့် ပြန်သောက်တတ်သည်။ ဒီလိုနှင့် ကိုမဲတစ်ယောက် လုပ်ရင်းကိုင်ရင်း သောက်ရင်းစားရင်း ဆင်စီးရင်းဖြင့် နှစ်တွေ အဆင့်ဆင့် ပြီးပြောင်းလာသည်။ သူကတော့ ဘာမှ မပြောင်းလဲ၊ အငယ်ဆုံးသမီးတောင် (၁၀)တန်း အောင်လေပြီ။

သမီးအားလုံးကို မန္တလေး၊ မိုးညှင်းရှိ ဘော်ဒါများမှ (၁၀)တန်းအောင်ကြသည်။ သူကသာ မပြောင်းလဲသော်လည်း သူ့ဆင်က ပြောင်းလဲလာသည်။ ဆင်က မှန်ယိုတတ်လာသည်။ မှန်ယိုလာ၍ တောထဲလွှတ်ထားလျှင် ပြန်ကောက်သည့်အခါ ဝေးဝေးကောက်ရသဖြင့် နမ့်ခန်းဘုန်းကြီးကျောင်းဝန်းကျင်၌ လွှတ်ထားလိုက်သည်။

နမ့်ခန်းချောင်းသည် ဥရုချောင်း၏ လက်တက်ဖြစ်သည်။ တောကျောင်းဖြစ်သဖြင့် လူရှင်းသည်။ ကျောင်းဝင်းကျယ်သဖြင့် လွှတ်ထား၍ရသည် တောစပ်ဖြစ်၍လည်း ဆင်အတွက် အစားအသောက်ပေါသည်။

ခပ်ဝေးဝေး တောင်ကြော တောင်စောင်းများ၌သာ ငှက်ပျောခင်းနှင့် တောင်ယာ အနည်းငယ်ရှိသည်။ ဘုန်းကြီးမှာ သူနှင့်ရင်းနှီးသည်။ ကျောင်းတိုင်၊ ပျဉ်များကို ဆင်ဖြင့် ဆွဲထားပေးဖူးသည်။ သူ လှူဒါန်းထားသည်များလည်း မနည်းပါ။

သို့ဖြစ်၍ နမ့်ခန်းဘုန်းကြီးကို ပြောပြီး ကျောင်းဝန်းကျင်၌ ဆင်ကို လွှတ်ထားသည်။ သူကတော့ နေ့တိုင်း လာရောက်ကြည့်သည်။ တစ်ခါတစ်ရံ ဘုန်းကြီးကျောင်းဝင်းထဲက သစ်ပင်ကြီးမှာ ဆင်ကို သံကြိုးဖြင့် ချည်သည်။



တစ်နေ့တော့ ဆင်ကောက် မထွက်ခင် ဆေးရည်စိမ် နည်းနည်းသောက်ပြီး ထွက်လာသည်။ လမ်းမှာလည်း မိတ်ဆွေ ကျောက်တူးကျင်းတဲများ၌ အပေါင်းအသင်းများနှင့် ဆုံ၍ အရက်ပြန်သောက်ဖြစ်သည်။ သောက်ရင်း သောက်ရင်းဖြင့် များသွားသည်။

နွေရာသီဆိုတော့လည်း နေကလည်း ပူသည်။ ကိုမဲတစ်ယောက် အတွင်းပူ အပြင်ပူနှင့် မူးတီးမူးဝေဖြင့် နေ့လယ်(၂း၀၀)နာရီလောက် ဘုန်းကြီးကျောင်း ရောက်သွားသည်။ ဘုန်းကြီးကျောင်းရောက်တော့ ပို၍ ရင်ပူသွားသည်။

အဘယ်ကြောင့်ဆိုသော် သူ့ဆင်သည် အနီးအနားက ငှက်ပျောခင်းကို ဝင်ရောက်ဖျက်ဆီးလိုက်သဖြင့် အခင်းရှင်မှ ဘုန်းကြီးကို လာရောက် တိုင်ရာ ဘုန်းကြီးမှ မိမိဒကာ၏ ဆင်ဖြစ်နေသဖြင့် အရှုပ်အရှင်း မဖြစ်ရအောင် ခုနှစ်သောင်းခွဲနှင့် ညှိနှိုင်း၍ လျော်ပေးလိုက်သည်။

အခင်းရှင်မှာ ကချင်တိုင်းရင်းသူ အဘွားကြီး ဖြစ်သဖြင့် လက်နက်ကိုင်များနှင့် ရှုပ်ယှက်ခတ်ကုန်မည်စိုး၍ ဘုန်းကြီးမှ ကြို၍ ညှိနှိုင်းကာ လျော်ပေးထားခြင်း ဖြစ်သည်။ ကိုမဲသည် ဘုန်းကြီး ပြောပြသည့် အဖြစ်အပျက်ကြားသောအခါ နေပူကျော့ပူ ရင်ပူနားပူရာမှ ဒေါသပူလာပြီး ဆူလာရာ သူနှင့်အတူ ပါလာသော သူ့တူ ဆင်ဦးစီးကို ဖမ်းခိုင်းကာ ဆင်ကို သစ်ပင်မှာ ချည်ခိုင်းထားလေသည်။

ထို့နောက် သူသည် ဒေါသဖြစ်ပြီး ဆင်ကို ပါးစပ်ဖြဲ၍ ဓားမြှောင်ဖြင့် အစွယ်ရင်း အာခေါင်ကို ထိုးလေသည်။ ဆင်မှာ နာလွန်းသဖြင့် ငယ်သံပါအောင် အော်လေသည်။

ကိုမဲသည် ထိုးပြီးနောက် ကျောင်းပေါ် ပြန်တက်သွားလေသည်။ သူသည် စိတ်တိုပြီး ဒေါသအလျောက် လုပ်သွားသော်လည်း အသည်းခိုက်အောင် နာသွားသဖြင့် သူ့ကို ဆင်နာကျည်း မုန်းတီးသွားသည်ကိုတော့ သူ မသိလိုက်ပါ။

သူသည် နောက်တစ်နေ့၌ မိသားစုအလိုက် ဘုန်းကြီးကျောင်းသို့ လှူဖွယ်ပစ္စည်းဖြင့် လာရောက်ကာ အကြွေး ခုနှစ်သောင်းခွဲကိုလည်း ဆပ်လိုက်သည်။ မနေ့က မူးမူးနှင့် ဓားဖြင့် ထိုးထားသော ဒဏ်ရာကို ကြည့်ရန် လွှတ်ထားသော ဆင်ကို ဖမ်းရန် ကြိုးစားရာ ဆင်မှာ အဖမ်းမခံ သူ့ကို လိုက်ထိုးလေသည်။

သူက မည်သို့ပင် "သားကြီး သားကြီး" ဟု ခေါ်စေကာမူ သူ့စကားကို မနားခံတော့ သူ့ကို လိုက်ထိုးသဖြင့် ကျောင်းပေါ် တက်ပြေးရသည်။

ထူးခြားသည်မှာ ဆင်သည် မည်သူ့ကိုမျှ လိုက်မထိုး၊ သူ့ကိုသာ ရွေး၍ မဲပြီး လိုက်ထိုးခြင်းပင်ဖြစ်သည်။ ဆင်ကို သူ ဖမ်း၍ မရတော့သဖြင့် ဆင်ဦးစီး လုပ်ကြသည့် သူ့ညီအစ်ကိုတစ်ဝမ်းကွဲများ၊ သူ့တူများကို လှမ်းမှာပြီး ဖမ်းခိုင်းရသည်။

ကိုမဲ၏ အဖေ ညီအစ်ကိုများသည် အယောက်တိုင်း ဆင်ပိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ကောင်တည်းမဟုတ် တစ်ယောက်ကို (၃)ကောင်၊ (၄)ကောင် ပိုင်ကြသည်။ နောက်တော့ သားသမီးများကို လက်ဆင့်ကမ်း အမွေပေးခဲ့သဖြင့် ကိုမဲ၏ ညီအစ်ကိုဝမ်းကွဲများသည်လည်း ငယ်ကတည်းက ဆင်များနှင့် မစိမ်း၊ ကြီးတော့လည်း ဆင်ဦးစီးလုပ်ကြသည်။

သို့ဖြစ်၍ ကိုမဲမှ အကူအညီတောင်း၍ ဖမ်းခိုင်းခြင်းဖြစ်သည်။ ညနေပိုင်းတွင် ကိုမဲ၏ဆင်ကို ဝိုင်းဖမ်းပြီး သစ်ပင်မှာ ချည်ကာ ထူးခတ်ထားလိုက်သည်။ ထူးခတ်သည် ဆိုသည်မှာ ရှေ့ခြေနှစ်ချောင်းကို သံကြိုးချည်၊ နောက်ခြေနှစ်ချောင်းကိုလည်း သံကြိုးချည်ပြီး ရှေ့ခြေနှစ်ချောင်းသံကြိုးနှင့် နောက်ခြေနှစ်ချောင်းသံကြိုးကိုလည်း နဂိုအကွာအဝေးအတိုင်း သံကြိုးဖြင့် ထပ်ချည်ထားခြင်းဖြစ်သည်။

ခြေလေးချောင်းစလုံး ကပ်ပြီး ချည်ထားပါကလည်း ဆင်လဲသွားဖို့သာ ရှိတော့သည်။ ကိုမဲ ဆင်ကလည်း ကိုမဲကိုသာ အကပ်မခံ၊ ကျန်လူများ ဖမ်းတာကိုတော့ အသာတကြည် အဖမ်းခံပါသည်။ ဆင်ကို ထူးခတ်ပြီးနောက် ကိုမဲတို့ မိသားစု အပါအဝင် အားလုံး ရွာသို့ ပြန်ကြသည်။

ကိုမဲသည် ဒေါသကြောင့်သာ သူ့ဆင်ကို လုပ်ခဲ့မိသော်လည်း အခုတော့ စိတ်မကောင်း၊ သားသမီးကဲ့သို့လည်း သံယောဇဉ်ရှိသဖြင့် သနားမိသည်။ အခုလည်း သူ့ဆင် ဟန်နီကို ချော့ဖို့ ကြိုးစားနေသည်။ မနေ့က ထူးခတ်ထားသော ဟန်နီကို ယနေ့ ဒဏ်ရာကြည့်ပြီး ချော့ကာ ထူးဖြုတ်ပေးဖို့ စဉ်းစားနေသည်။

နံနက်စာ စားပြီးနောက် ကိုမဲသည် သူ့တူကို ခေါ်ပြီး ဆင်ရှိရာသို့ ထွက်လာခဲ့သည်။ စိတ်စောနေသဖြင့် မည်သည့်ကျင်း၊ မည်သူ့တဲမှ မဝင်တော့ဘဲ ဆင်ရှိရာကို တန်းပြီး လာခဲ့သည်။

ဆင်အနားရောက်တော့ ဆင်ကို "သားကြီးဟန်နီ၊ သားကြီးဟန်နီ"ဟု ခေါ်၍ အသံပြုသည်။ ဆင်မှာ သူ့ကို ကြောက်နေသလားမသိ၊ သစ်ပင်နား ကပ်နေပြီး ရှေ့ခြေနှစ်ချောင်းမှာလည်း နောက်ခြေနား ကပ်နေသည်။ ပုံမှန် မရပ်နေပါ။

ကိုမဲသည် ရှေ့တိုးလာပြီး နှာမောင်းကို ပွတ်ဖို့ ကြိုးစားသည်။ ကိုမဲ၏လက် နှာမောင်းပေါ်ရောက်သည်နှင့် ဆင်သည် ကိုမဲကို နှာမောင်းဖြင့် တွန်းလှဲလိုက်သည်။

ထိုအခါ နောက်ဆုတ်ထားသော ရှေ့ခြေသည် ရှေ့သို့ တိုးလာပြီး ကိုမဲကို အစွယ်ဖြင့် ထိုးတော့သည်။ ကိုမဲက "သားကြီး သားကြီး"ဟု အော်သော်ညည်း အသိမရှိတော့ အစွယ်ဖြင့် ထိုးစိုက်လိုက်လေသည်။

ကိုမဲမှ အစွယ်မထိအောင် ရှောင်သော်လည်း နှာမောင်းဖြင့် ဖိမိလေသည်။ အစွယ်မှာ ဟန်ကုပ် ဖြစ်သဖြင့် အစွယ်နှင့် မြေကြီး မထောက်မိဘဲ ကိုမဲကို နှာမောင်းဖြင့် ဖိသတ်သလို ဖြစ်သွားသည်။

ကိုမဲသည် မည်သည့်အသံမှ မထွက်နိုင်တော့ ဗိုက်ကွဲပြီး ကလီစာများ အပြင်ထွက်ကာ အသက်ပျောက်သွားတော့သည်။

သူ ဒေါသအလျောက် လုပ်ခဲ့မိသည်။ ကိုယ့်ဆင်က ပြန်၍ လက်စားချေရန် ဆင်ကြံ ကြံနေသည်ကိုတော့ ကိုမဲတစ်ယောက် သေချိန်မှာတော့ သဘော ပေါက်သွားလောက်ပါသည်။

**မောင်ဇင်သူ**
***(ကျောက်စိမ်းတွင်း)***

စာမျက်နှာ (၂၃၄)မှ အဆက်

ကြည့်လိုက်တော့ ခုတ်မီလိုက်တဲ့ အမြီးပိုင်းက မြွေမဟုတ်။ လက်ညှိုးတစ်ချောင်းခန့်ရှည်တဲ့ ရွှေချောင်းလေး။

ဟုတ်ပါသည် ရွှေချောင်းလေးပါ။ အရုဏ်တက် နေခြည်အလင်းရောင်နှင့် ဝင်းဝင်းလေးတွေ့လိုက်ရတဲ့ ရွှေချောင်းလေးကို "အောင်ခင်" ကောက်ယူလိုက်သည်။

စောစောက ကြားနေရတဲ့ လှည်းဝင်ရိုးသံတွေက တဖြည်းဖြည်း ဝေးသွားသည်။ သူငယ်ချင်းတွေလည်း ရောက်မလာ။

ဒါဆို ဟိုဝေးဝေးက ကြားနေရတဲ့ လှည်းဝင်ရိုးသံတွေက ပြောင်းသွားတဲ့ သူငယ်ချင်းတွေရဲ့ လှည်းတွေလား။ ဟို အရှေ့ဘက်ဆီမှာ နေ့သစ်ရဲ့ ရောင်ခြည်ဦးတွေ ထိုးလက်လာနေသည်။ "အောင်ခင်" ရွှေချောင်းလေး လက်ထဲမှာ မြဲမြဲဆုပ်ပြီး ခေါထမ်းလို့ အိမ်ပြန်ခဲ့တော့သည်။

မြိုင်မြို့နယ် မြောက်ပိုင်းတစ်ခွင်မှာတော့ "**ဥစ္စာစောင့်ပေးလို့ ရွှေရတာ**" အောင်ခင်တစ်ယောက်ပဲ ရှိတယ်လို့ ပြောစမှတ် တွင်လေတော့သည်။

**မှတ်ချက်** -

**မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ကန်နီကျေးရွာမှ ဖြစ်ရပ်မှန်ဇာတ်လမ်းလေးကို စိတ်ကူးရေးဖွဲ့ပါသည်။**

**"ကန်နီကျေးရွာ" အရှေ့ဘက် မန်ကျည်းပင်ကြီးမှာ မရှိတော့ပါ။ မြိုင်–ထုံးမ ကားလမ်း ဖောက်လုပ်စဉ်က ခုတ်လှဲခဲ့သည်ဟု သိရပါသည်။**

**ဇာတ်လမ်းပြောပြသော "လက်ယက်မကျေးရွာ"မှ မိခင်ကြီး ဒေါ်ခင်ဝင်းအား ဂါရဝပြုလျက်။**

**တိုးသျှံရှ**



www.burmeseclassic.com

www.burmeseclassic.com

# သာဓု မပေါ်တဲ့ သရဲ

ရွှေဘော်မြှ
မောင်ကြည်သိန်း



ဝမ်းမီးကောင်းသူအတွက် စားသမျှ အစာသည် "အား"ဖြစ်၏။ သတိ ဉာဏ်ရှိသူအတွက် တွေ့သမျှအာရုံ သည် တရားချည်းပင်တည်း။ စာရေး ဆရာအတွက် ရေးစရာသည် ကုန်နိုင် ဖွယ် မရှိပြီ။

"အာနာပါန"ကို နိုင်နင်းကျွမ်းကျင် လာရင် ရှုပချာန်၊ အရှုပချာန်(ရှစ်ပါး၊ ကိုးပါး) သမာပတ်ရှစ်ပါးကို ရတော်မူ တယ်။

'ငါတို့တော့ သမာဓိအားကောင်းလာတဲ့ အခါ ဘယ်သမထ၊ ဘယ်ကသိုဏ်း ဖြစ်ဖြစ် နှလုံးသွင်းလိုက်ရင် ချက်ချင်းထင်မြင်လာတာ ပဲ။ ယုတ်စွအဆုံး သစ်ပင်မှာရှိတဲ့ သစ်ရွက် တွေ စိုက်ကြည့်လိုက်ရင် နီလကသိုဏ်း ချက်ချင်းပွားပြီးသား ဖြစ်နေတယ်။

ဈာန်သမာပတ်ရှစ်ပါးကို ဝင်စားဖန် များ၍ အဘိညာဉ် မရစေကာမူ "မဟာဂုဏ်သမာဓိ" မှုဖြင့် နာနာဘာဝတို့ကို ပကတိမျက်စိဖြင့် မြင်နေသကဲ့သို့ မြင်နေရ၏။

ညောင်လေးပင်မြို့ ခင်တန်းရွာ၊ သိမ်သမုတ် ပွဲသို့ ကြွတော်မူစဉ် မနက် သုံးနာရီခန့် ထိုရွာ သုသာန်အနီးသို့ တစ်ပါးတည်းထွက်၍ တောရ အာရုံခံတော်မူရာ သရဲ တစ္ဆေများ မရောက်နိုင်အောင် ခြောက်လှန့်သည်ကို မြင်တော်မူ၍ "မေတ္တာ"ပွားပို့ကာ "အာဋာ နာဋိယသုတ်"ကို ရွတ်ခါမှ ဖယ်ရှားသွားကြ လေတယ်'

ဤကဲ့သို့ ညောင်လွန့်တောရ ဆရာတော်ကြီး (၁၂၂၈-၁၂၉၅)ခုနှစ် က ဟောကြားထားခဲ့ပါတယ်။

စာရေးသူက ပိုက်ဆံသာမရတာ အလုပ်ကဖြင့် ယမမင်းကြီးထက် ပိုသေး။ ရပ်ကွက်မှာ ရာဇဝိမ်မှူး၊ သာရေးနာရေးမှာ ဥက္ကဋ္ဌ "ဆီမီးထူး ကျောင်း" ဂေါပကမှာ ပါလားပါရဲ့။

ကြာတော့ အိမ်သူသက်ထားဖနီး မယားက ငြိုငြင်၊ ဘယ်တတ်နိုင်မှာ လဲလေ။ "အများကောင်းကျိုး ရွက် သည်ပိုးက၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မငဲ့မစောင်း၊ ကိုယ်လမ်းကြောင်းကို၊ ဖြောင့်တန်းမှန်စွာ၊ လျှောက်လှမ်း ပါလေ"လို့ ဆိုထားတယ်မို့လား...။

ဒကာကြီးတို့ကို ခေါ်ရတဲ့အကြောင်း ရင်းက ဒီမှာ သိမ်သမုတ်ပွဲလုပ်မှာမို့ အစည်းအဝေးခေါ်ရတာပါ။ ကိုယ့် တာဝန် ကိုယ်ကျေပွန်ဖို့ ဘုန်းကြီး ပြောလိုပါတယ်။ ရပ်ရေးရွာရေးတွက် လုပ်တာပဲ ဒီဂေါ်စရဂါမ်(ရ)ရွာက လူတွေ အထူးစောင့်ကြပ်ပေးဖို့ လို တယ်။ မည်သည့် အာဂန္တုရဟန်းမှ ဖြတ်သန်းမသွားရအောင် သတိထား ကြဖို့ ဘုန်းဘုန်းပြောလိုတယ်'

'တင်ပါ့ဘုရား'

အချိန်လေးရတော့ စာရေးသူ ဘုန်း ဘုရား ဦးဝိနယ ဆရာတော်ကြီးနား ကပ်ပြီး ရေးစရာရှာတော့...။

'ဒကာကြီးက နက္ခတ္တရောင်ခြည် နဲ့ ပါရမီမှာရေးနေတာဆိုတော့ ရေးစရာ ပေးရဦးမယ်'

'တင်ပါ့ဘုရား'

'ဒါ ဘုန်းဘုန်းကိုယ်တွေ့နော် ဒကာ ကြီး'

ကိုပေါက်ကျော် တောမလည် ရှေ့ ရှိသရွေ့ သေရည်နဲ့ပဲ နပန်းလုံးနေ၊

www.burmeseclassic.com

အိမ်ကဇနီးမယားနဲ့ ကလေးတွေ၊ ရှိလေတဲ့ငပိ၊ ဖုတ်လေတယ်မရှိ၊ ပြန်မကြည့်တာ ဘယ်လောက်ရှိပြီလဲ။

"အမယ် ကမြင်းနီမ၊ ရာရာစစ နင့်ဟာနင် ရှာစားပါလား၊ ငါလုပ်လိုက်ရ မကောင်းနေတော့မယ်။ ငါ မလုပ်နိုင်မကိုင်နိုင်တော့မှ ဒီစကားဆိုရသလား၊ ဟိုတုန်းက လုပ်ကိုင်ကျွေးတုန်းက မျက်နှာကြီးကို ဖြီးလို့ ငါ ထင်းစနဲ့ ကောက်ရိုက်လိုက်ရ သေတော့မယ် နော်"

ငိုနေရုံမှတစ်ပါး အခြားမရှိပြီ။ နင့်ထိုက်နဲ့နင့်ကံ ရှိစေတော့ ရှင်နှောင်းရေ။ သူက ရွာမှာဆို ကွမ်းတောင်၊ ပန်းတောင်ကိုင် အချောအလှလေး နာမည်က ဘာတဲ့... "ရှင်နှောင်း" တဲ့လေ...။

ပိုးပန်းခဲ့သမျှ ကာလသားတွေ ဘေးချိတ် "ပေါက်ကျော်" မှ "ပေါက်ကျော်" သူ့ကိုပဲ တစ်ဘဝလုံး စုံးစုံးပုံအပ်ခဲ့တဲ့ သူ့အမိုက်၊ နင့်မိုက်ပြစ်နင်သာခံပေဦးပေါ့ ရှင်နှောင်းရေ...။

ဟိုတုန်းက အသောက်စားကင်းတဲ့ "ပေါက်ကျော်" ခုတော့ ထွေးညိုတို့ချက်အရက်အဆုံး အကုန်လုံးသောက်၊ ချက်တဲ့သူတွေကလဲ ချမ်းသာဖို့ဆိုတဲ့အတွက်နဲ့ မူးသထက်မူးအောင် ဂုန်လျှော်ဆေး မသိမသာ နှီးတစ်တို့ ထည့်လားထည့်ရဲ့။

ကြာလာတော့ ပေါက်ကျော်လို လူငယ်တွေ မျက်နှာကြီးတွေ ဖောရောင်၊ ဒါကြောင့် ကလေးတွေက ဆိုပြောကြတယ် ဘာတဲ့ "သောက်၊ ဖော၊ ရှော" တဲ့လေ...။

"လာကြပါဦး အရပ်ကတို့ရေ၊ ဒီမှာ ကိုပေါက်ကျော် မူးလဲသွားလို့ လာကြပါဦး"

ဒေါင်းဖွန်တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်။

"မှန်းစမ်း ငါကြည့်ပါ့မယ် ရှင်နှောင်းရာ"

ဆိုပြီး ရွာလူကြီး ဘကြီးဖြိုး လက်ဖျံကသွေး စမ်းကြည့်တော့...

"သွားရှာပေါ့ ပေါက်ကျော်ရာ။ မင်းဟိုဘဝမှာ ဒီလို အဖြစ်ဆိုးမျိုး မကြုံပါစေနဲ့လို့ ဘကြီးဖြိုး ဆုတောင်းပေးလိုက်ပါ့မယ် ငါ့တူကြီးရာ"

"ဘကြီးဖြိုး၊ ကိုပေါက်ကျော် အသက်မရှိတော့ဘူး ဟုတ်လား"

ဘကြီးဖြိုး ခေါင်းညိတ်ရုံမှတစ်ပါး ဘာများပြောရမှာလဲ ရှင်နှောင်းရယ်။

ဒီတုန်းက ဘုန်းဘုရား မီးလောင်ရွာ ဘက်ရောက်နေတယ် ဒကာကြီး။ ဦးပဥ္စင်းလေး နန္ဒိယလှမ်းခေါ်လို့ ဘုန်းဘုန်း အမြန်ပြန်ကြွလာခဲ့တယ်။

သရဏဂုံတင် ရေစက်ချတော့မယ်၊ တစ်ရွာလုံး လူစုံတက်စုံ ရောက်နေကြပြီ။ သေသူ ပေါက်ကျော်အတွက်က ရေစက်ခွက်တစ်ခွက်၊ သူ့ဇနီး ရှင်နှောင်းအတွက်က တစ်ခွက်၊ ပေါက်ကျော်အမေကြီး ဒေါ်နှင်းယုံ အတွက်ကတစ်ခွက်၊ သူ့ဇနီးရှင်နှောင်း နားမှာက ဦးညိုကြီး ကပ်လို့ ထိုင်နေတယ်။

ဦးညိုကြီးဆိုတာက စာရေးသူအိမ်နဲ့ဆို (၆)အိမ်ပဲဝေးတယ်။ သူက တည်ကုန်းတောင်ပိုင်း ကြာနီကန် ရပ်ကွက်မှာနေတယ်။ သေဆုံးသူနဲ့က တူဝရီးတွေ။

ဒေါင်းဖွန်ရွာနဲ့ တည်ကုန်းနဲ့ဆိုတာ မိုင်ဝက်ပဲ ဝေးတာလေ။ ထိုစဉ် မိန်းကလေးတစ်ဦး ဗြုန်းစားကြီး ထပြီး...

"ဦးလေးဦးညိုကြီး ကျုပ်မိန်းမဘေးကပ်မထိုင်နဲ့ ဘေးနားဖယ်စမ်း။ ရှင်နှောင်း နင်ဟို့ကို သတိမရဘူးလား။ ငါကတော့လေ နင့်ကို အရမ်းချစ်တာသိလား။ လိမ္မာနော် ရှင်နှောင်း ကလေးတွေကို ဂရုစိုက်။ ငါ အရက် အလွန်အကျွံသောက်လို့ သေရပေမယ့် တစ်နေ့မှ မေ့မရပါဘူး ရှင်နှောင်းရာ။ နင် ငါ့ကို ချစ်သေးလား ပြောစမ်းပါဦးဟာ"

ဆိုပြီး သရဲဝင်ပူးတဲ့ ကလေးမလေးက သူ့ဘဝဟောင်းကဇနီးကို တအားသိမ်းကျုံးဖက်ပြီး ငိုနေလိုက်တာများ တရားနာလာတဲ့ သူတွေတောင် မျက်ရည်တွေဝိုင်း၊ သမုဒယ သံယောဇဉ်များ သေသည်၏ အခြားမဲ့ ဌပါ စွဲလမ်းနေတုန်းပါလား။

"ဒကာကြီးပေါက်ကျော်၊ သတိထားစမ်း ဘုန်းဘုရား မေတ္တာပို့ အမျှဝေပေးမယ် ရေစက်လိုက်ချလေ"

ဒီတော့ စားတော့ ဝါးတော့မယ့် အတိုင်း မျက်ထောင့်နီကြီးနဲ့ ဘုန်းဘုန်းကို ကြည့်နေလိုက်တာ၊ ကိုယ်တော်တောင် ထပြေးရမလိုပဲ ဒကာကြီး...

ကဲ... အားလုံး အားလုံး ကုသိုလ် အမျှ...အမျှ...အမျှ။

ရေစက်ချနေပြီ ပေါက်ကျော်ဝင်ပူးနေတဲ့ကလေးမလေး ရေစက်ခွက်မကိုင် သာဓုမခေါ်ဘဲ ဗြုန်းစားကြီး ထွက်သွားတယ်။

အဲဒါပဲ ဒကာကြီး။ ဘုန်းကြီးတစ်သက် ရေစက်မချတဲ့သရဲ ပရလောကသား ဒီတစ်ခါပဲ တွေ့ဖူးတော့တယ်'

'ဒီအကြောင်း တပည့်တော် စာရေးခွင့်ပြုပါဘုရား'

'ရေးပါ ဒကာတော်၊ ဒါ တကယ့်ဖြစ်ရပ်မှန်လေ...'

***စာဖတ်သူအပေါင်း ကျန်းမာချမ်းသာကြပါစေ...။***

**ရွှေမှော်မြေ မောင်ကြည်သိန်း**



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်ကျော်
(ရင်တွင်းပုံရိပ်)
ပျဉ်းမနား

ကန္ဒရဝတီ ငွေတောင်ပြည်

# လွိုင်ကော်မြို့မှ

ထူးခြားဆန်းကြယ်မှုတွေနှင့်

# ကျတ်ဂူ

ကယားပြည်နယ်၏ မြို့တော် လွိုင်ကော်ဆိုသည်နှင့် စိတ်ဝင်စားဖွယ် "ကျတ်ဂူ"က ပါလာပြီးသားပါ။

**ကာယားပြည်နယ်မြို့တော်လွိုင်ကော်မှ(၉)မိုင်ခန့်အရှေ့ဘက်ရှားတောမြို့သို့ သွားရာလမ်းမှ လှည့်ဝင်လျှင် ကျတ်ဂူကိုတွေ့ရမည်ဖြစ်ပြီး** လှေလာကြည့်ရှုနိုင်ပါသည်။ ကားလမ်းမှ (၃)ဖာလုံခန့်ဝင်ပြီးလျှင် ဆောက်လုပ်ပြီး စ ဇရပ်(၂)ဆောင်ကို တွေ့နိုင်ပါသည်။

ရှုသူဝေး၍ အေးမြသော၊ တိတ်ဆိတ်သော တောင်ကြားလေးထဲမှာ ရှိသည့် ကျတ်ဂူပါ။ ကျတ်ဂူအဝင်ဝရှိ တံတားလေးထိပ်တွင် သစ်သားဖြင့် ဆောက်လုပ်ထားသော သစ်သား ကျောင်းဆောင်လေးရှိပြီး မြေစိုက် ဆောက်လုပ်ထားခြင်းဖြစ်ပြီး လဲပြို မသွားစေရန် အချို့ကျောင်းတိုင်ခြေရင်းတွင် ကွန်ကရစ်လောင်း၍ ထား၏။

တစ်ထပ် ကျောင်းဆောင်ကလေးဖြစ်၍ အတွင်းဘက်တွင် မီးပိုချောင်ကျဉ်းကျဉ်းလေးတစ်ခုရှိ၏။ (၁၀)ပေသို့မဟုတ် (၁၂)ပေခန့်အကျယ်တွင် ဘုရားစင်တစ်ခုရှိပြီး ဘုရားစင်၏ နံဘေးတွင် တစ်ယောက်အိပ် ကွပ်ပျစ်ကလေး ရိုက်ထားပါသည်။

ကယားဒေသတွင် ပြောစမှတ်ရှိသည်က **"ဖရေမီကူ" (တောလူများနေထိုင်ရာဂူ)ဟု** အဓိပ္ပာယ်ရကာ "တောလူများ" ဆိုသည်ကတော့ ကယားပြည်နယ်နေထိုင်ရာ ဒေသခံများ ဘိုးစဉ်ဘောင်ဆက် ယုံကြည်ထားမှုက...

၁။ လူပုံသဏ္ဌာန်နှင့် တူ၏။
၂။ မျက်စိလှည့်၍ ခေါ်ယူတတ်၏။
၃။ အရပ်ရှည်၏။
၄။ အမွေးရှည်ကာ မျက်နှာချွန်၏။
၅။ သူတို့မြင်စေချင်သူကို မြင်အောင်လုပ်နိုင်၏။
၆။ သာမန်လူက သူတို့အား မမြင်နိုင်ပါ

ဟု ဆိုကြသည်။

ကျတ်ဂူဆိုတာ ကျတ်တွေသေတဲ့အခါ ခေါင်းတလားထဲထည့်ပြီး ဂူထဲမှာ ထားကြတယ်လို့ သိရပြီး အခုလဲ ခေါင်းတလားတွေရှိသော်လည်း ခေတ်အဆက်ဆက် ရှေးရှေးကတည်းကဆိုတော့ အချို့ခေါင်းတလားတွေ ကျိုးပဲ့ကုန်၍ ခေါင်းတလားတစ်ခုသာ မကျိုးမပဲ့ဘဲ ကျောက်ပိုးကျောက်ထပ်တွေ အပေါ်မှာ ချိတ်ဆွဲထားတာ ရှိသေးတယ်လို့ သိရပါသည်။

အဖျားအနားများသာ ကျိုးပဲ့နေသော ခေါင်းတလားအရှည်များမှာ (၁၅)ပေ၊ (၁၆)ပေ၊ (၁၂)ပေ၊ (၁၃)ပေ၊

www.burmeseclassic.com



ဦးဉာဏ်

ကျွန်ုတော့်ကိုယ်တွေ့

# မရဏလောကသားများ အတွေ့အကြုံနှင့်

ဘဝအသိအပြောင်းအလဲ (၂)

**ယခင်လမှ အဆက်**

**စတုတ္ထအတွေ့အကြုံ**

အမျိုးအမည်မသိ မီးလုံးကြီးဟူသော ခေါင်းစဉ်နှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဖော်ပြပြီးဖြစ်ပါသည်။ ဤအဖြစ်အပျက်သည်လည်း ကျွန်တော့်အား ရုပ်ဝါဒသမားဘဝမှ ပြောင်းလဲစေမည့် အကြောင်းအရာတစ်ခု ဖြစ်ပေသည်။

**ပဉ္စမအတွေ့အကြုံ**

ကျွန်တော့်မိခင်ကြီးသည် အိမ်သုံးအတွက်ရော၊ မုန့်လုပ်ငန်းအတွက်ပါ လိုအပ်သော မီးသွေးကို ကန်တော်လေး အနောက်ပိုင်းရပ်ကွက် (၈၈) လမ်းနှင့် (၈၉)လမ်းကြား ယခု မြန်မာ့ဂုဏ်ရည်လမ်းမကြီးကို မျက်နှာပြုထားသည့် ဘာဘူကြီး မီးသွေးဆိုင်တွင် ဝယ်နေကျဖြစ်သည့်အတိုင်း တစ်ရက်ခြားဆိုသလို (ခြင်းလိုက်မယူဘဲ) သန့်ပြီးသား မီးသွေးတို့ကို လေးထောင့်သံပုံးကြီးနှင့် (၂)ပုံး၊ (၃)ပုံ ဝယ်နေကျဖြစ်သည်။

သို့နှင့် ည (၈)နာရီနှင့် (၉)နာရီ... လောက်တွင် အစ်ကိုကြီး အစ်မကြီး





www.burmeseclassic.com

www.burmeseclassic.com



တို့ကို ဝယ်နိုင်နေကျဖြစ်၏။ ဖြစ်ချင်တော့ ထိုနေ့တွင် အစ်ကို၊ အစ်မများ ကိစ္စတစ်ခုနှင့် အပြင်သွားရာမှ ပြန်မရောက်လာကြသည့်အတွက် သူတို့ ပြန်အလာကို စောင့်ရင်း (၉)နာရီခွဲ သွား၏။

မီးသွေးဆိုင်ပိတ်လျှင် အခက်တွေ့မည်စိုး၍ ကျွန်တော့်အား နိုင်သလောက် လက်ဆွဲခြင်းနှင့်ထည့်၍ ဝယ်ရန်လွှတ်လိုက်၏။

ကူးစက်ရောဂါကု ဆေးရုံကြီးကွေ့သည်(ပန်းဆိုးတန်းလမ်းမှ မြန်မာ့ဂုဏ်ရည်လမ်းဘက်အကွေ့) သစ်ပင်ကြီးများ အုပ်ဆိုင်းနေသည့်အတွက် အမှောင်ကျလွန်းလှပေသည်။ အမေနိုင်း၍သာ သွားရသည်။ စိတ်မပါ့တပါနှင့် ဆွဲခြင်းဆွဲကာ ထွက်လာခဲ့၏။

ယခု ကားမှတ်တိုင်နား မရောက်ခင် သစ်ပင်ကြီးပေါ်မှ ဘုတ်ခနဲ ပြုတ်ကျသံကြား၍ ကြည့်ရာ အမှောင်ရိပ်ကြောင့် ဘာမှန်း သဲသဲကွဲကွဲ မမြင်ရဘဲ ဘောလုံးအရွယ် မည်းမည်းလုံးကြီးသာ တွေ့ရ၏။ **ကျွန်တော့်အထင် လင်းဆွဲငှက်များ လုံးထွေးပြီး ကျလာသည် ထင်၏။**

ထိုမည်းမည်းအလုံးကြီးကို ဖမ်းရာ ဟိုဘက်လိမ့်လိုက်၊ ဒီဘက်လိမ့်လိုက်နှင့် ဖမ်းရခက်သဖြင့် ဘာကြီးလဲဟု သေချာစွာကြည့်ရာ ပွရောင်းရောင်း မည်းမည်းလုံးကြီးသာဖြစ်ပြီး ကြည့်နေလျှင် ငြိမ်နေ၍ လက်နှစ်ဖက်နှင့် ညှပ်ဖမ်းလျှင် လိမ့်ထွက်သွားပြီး ရပ်ကြည့်နေလျှင် လူအရှေ့သို့ လိမ့်ပြီး ပြန်ရောက်လာနှင့် အတော်ကြာမှ...

'ငါ့ သရဲခြောက်နေပါလား'

ဟု စဉ်းစားမိပြီး အလင်းရောင်ရှိသော လမ်းတစ်ဖက်သို့ ကူးကာ မီးသွေးအမြန်ဝယ်ပြီး တစ်ဖက်လမ်းမှ ပတ်၍ အိမ်သို့အမြန်ပြန်လာ၏။

နောက်မှ စဉ်းစားမိပြီး ကြက်သီးထမိလေသည်။ အကယ်၍ လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ဖမ်းမိလျှင် မည်ကဲ့သို့ဖြစ်လာမည် မသိတော့ပါ။

ထိုတွေ့ကြုံရပုံကို မိခင်ကြီးအား ပြောပြရာ မိုးချုပ်လျှင် မဝယ်နိုင်းတော့ဘဲ နေမဝင်ခင် စောစောဝယ်နိုင်းတော့သည်။ ဤအတွေ့အကြုံသည်လည်း ပြောင်းလဲမှုအတွက် တစ်ခုအပါအဝင်ဖြစ်သည်။

## ဆဋ္ဌမအတွေ့အကြုံ

မိုးဦးကာလများတွင် ကျွန်တော့်အစ်ကိုကြီးများနှင့် ကျွန်တော်တို့ သူငယ်ချင်းတစ်စု ညအခါများတွင် ဖားရိုက်ထွက်ကြလေသည်။ ငယ်ရွယ်သူ လူပျိုပေါက်များ ဖြစ်ကြသဖြင့် အလွန်တက်ကြွနေကြ၏။

လူအုပ်စု များလှသောကြောင့် (၃)ယောက်တစ်တွဲ၊ (၄)ယောက်တစ်တွဲ ခွဲ၍ ရပ်ကွက်အနှံ့ ရေအိုင်များ၊ မြေလွတ်ကွင်းများတွင် လိုက်ရိုက်ကြရာ တစ်ညလုံးနီးပါး နံနက်(၅)နာရီထိ လိုက်ရိုက်ကြ၏။ ကျွန်တော် အပါ သူငယ်ချင်း(၄)ယောက် အုပ်စုသည် အထက်တန်း ပန်းဆိုးတန်းလမ်းရှိ ကူးစက်ရောဂါကု ဆေးရုံဝင်းရှေ့ တစ်လျှောက် ဖားလိုက်ရိုက်ကြရာ ယခု မြန်မာ့ဂုဏ်ရည်လမ်းထောင့်ရှိ ဆေးရုံဝင်းအစွန်သို့ ရောက်လာကြလေသည်။ ထိုထောင့်ချိုးနေရာတွင် တမာပင်ကြီးတစ်ပင်ရှိပြီး အခြားအပင်(ခရေပင်)များနှင့် ကိုင်းယှက်ကာ အုပ်ဆိုင်း၍ နေ၏။

ကျွန်တော်တို့(၄)ယောက် ထိုအပင်ကြီးအောက်သို့ဝင်၍ ဓာတ်မီးထိုးရင်း ဖားဝင်ရိုက်ရာ အပင်ပေါ်မှ သဲမှုန်များ ကျွန်တော်တို့(၄)ယောက်စလုံးပေါ်သို့ ကျလာသဖြင့် မီးအလင်းရောင်ရှိရာ ဓာတ်မီးတိုင်အောက်သို့ ပြန်ထွက်လာကြပြီး သဲမှုန်တို့ကို ခါချရာ ဘာမှမရှိ။

စိတ်ထင်လို့နေမှာပါဆိုပြီး သူငယ်ချင်း အောင်ဘုမှ ဦးဆောင်၍ ဝင်ရိုက်ရာ ကျွန်တော်တို့လည်း နောက်မှ ဝင်လိုက်သွားပြီး ဓာတ်မီးထိုး၍ ကုန်းကုန်းကုန်းကုန်းနှင့် ဖားရှာရိုက်နေစဉ် သဲမှုန်များ ဖားရိုက်သူ အားလုံးပေါ်သို့ ကျလာပြန်၏။

ထိုအခါ စိတ်အနှောင့်အယှက်ဖြစ်ပြီး ဓာတ်မီးတိုင်ရှိရာသို့ ပြန်ထွက်လာကာ သဲမှုန်တို့ကို ပွတ်သပ်ကာ ချပြန်ရာ ဘာသဲမှုန်မှမရှိ။ စဉ်းစားမရဖြစ်ပြီး ဓာတ်မီးနှင့် သစ်ပင်ပေါ်သို့ ထိုးကြည့်သော်လည်း ဘာမှ မတွေ့ရသဖြင့် ခဏထိုင်နေကြပြီး တစ်အောင့်အကြာ ကျွန်တော်မှနေ၍...

'ဒီတစ်ခါ ဝင်ရိုက်ကြည့်ဦးမယ်ကွာ၊ ဒါမှ ထပ်ပြီး ကျလာရင် ဒီအပင်အောက် မရိုက်တော့ဘဲ ဒီပြင်နေရာသွားပြီး ရိုက်ကြတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပြီး ကျွန်တော် တစ်ယောက်တည်း ထိုအပင်အောက်သို့ ဝင်၍ ဖားရိုက်လေရာ ကျန်သူငယ်ချင်းများပါ လိုက်ဝင်လာကြပြီး ဖားလိုက်ရိုက်နေကြသည်။

တစ်အောင့်အကြာ သဲမှုန်များ ထပ်ကျလာရာ အားလုံး ခေတ်မီးတိုင်အောက်သို့ ပြန်ထွက်လာပြီး အပင်ပေါ်ကြည့်နေကြ၏။ ကျွန်တော် ဒေါ်ပွပွနှင့် ခဲကောက်ပစ်ကာ အပင်ပေါ်သို့ (၂)ချက်၊ (၃)ချက်ခန့် ပစ်ပေါက်လိုက်ပြီး အခြေအနေ စောင့်ကြည့်နေ၏။

ထိုစဉ် သူငယ်ချင်းတစ်ယောက်က...

'ဒါ သရဲခြောက်တာကွ၊ ငါတို့ သူ့အပင်အောက် ဝင်ပြီး ဖားရိုက်တာ မကြိုက်လို့နဲ့တူတယ်။ လာကြကွာ အခြားနေရာတွေမှာ သွားရိုက်ကြတာပေါ့'

ဟု ပြောနေစဉ်ပင် အစ်ကိုကြီးတို့လူစု ရောက်လာသဖြင့် အကျိုးအကြောင်းပြောရာ အတွေ့အကြုံရှိသည့် အစ်ကိုအကြီးဆုံး ကိုသန်းအောင်က...

'အခြားနေရာ သွားရိုက်ရအောင်'

ဟု ပြောပြီး အုပ်စုပေါင်း၍ ရပ်ကွက်အတွင်း ရေအိုင်ကွင်းများဆီသို့ ထွက်လာကြသည်။

ဤ အတွေ့အကြုံသည်လည်း ကျွန်တော့်ကို ဘာသာရေးဘက်သို့ ပြောင်းလဲစေလာမည့် သာဓကတစ်ခုပင် ဖြစ်သည်။

## သတ္တမအတွေ့အကြုံ

ဤအတွေ့အကြုံသည် သင်္ကြန်မကျမီ တစ်ရက်အကြိုကဖြစ်၏။ ထိုအတွေ့အကြုံသည် ပထမအတွေ့အကြုံများထက် ပိုဆိုးလာ၏။

**ဖြစ်ပုံမှာ...**



ကျွန်တော်နှင့် သူငယ်ချင်း(၂)ဦး (ယခုအခါ သူငယ်ချင်း မောင်မဲမှာ ကွယ်လွန်သွားပြီး တစ်ဦး ကျန်နေသေး၏။) မောင်မဲနှင့် မောင်နိုင်ဆိုသူတို့နှင့် မြန်မာ့ဂုဏ်ရည်လမ်းနှင့် ပန်းဆိုးတန်းလမ်းမကြီးဆုံရာ လမ်းဘေးတွင် မြို့နယ်ဆုပေးမဏ္ဍပ် အလှဆင် ပြုလုပ်နေသည်ကို ကြည့်ရှုသည်။

ထို့နောက် ည(၁၂)နာရီခန့်တွင် ကျွန်တော်တို့ လမ်းထိပ်ရှိ ရေကစားမဏ္ဍပ်သို့ (၃)ဦးသား ပြန်လာကြပြီး မဏ္ဍပ်အတွင်း ထိုင်၍ စကားပြောနေကြ၏။

ထိုသို့ စကားပြောနေကြရင်း နံနက်စောစောထ၍ မိခင်ကြီးအား ပိုင်းကူလုပ်ရန် အလုပ်ရှိသဖြင့် သူငယ်ချင်းနှစ်ဦးအား...

'ဟေ့ကောင်တွေ ငါတို့ စကားပြောနေတာ (၁)နာရီတောင် ထိုးသွားပြီ၊ ငါ အိပ်ပြန်အိပ်ဦးမယ်။ မင်းတို့ကော မအိပ်သေးဘူးလား'

ဟု ပြောရာ သူငယ်ချင်းနှစ်ဦးမှ...

'ငါတို့ ဒီရေကစားမဏ္ဍပ်ကို စောင့်ပြီး အိပ်ရမှာကွ'

ဟု ပြောသဖြင့် သူတို့(၂)ဦးအား နှုတ်ဆက်ပြီး ရေကစားမဏ္ဍပ်နှင့် မလှမ်းမကမ်းနှင့် ကပ်လျက်ရှိနေသည့် ကျွန်တော်တို့ အိမ်ကြီးမှ အဖီထုတ်ထားရာ အိပ်ရာထဲ ပက်လက်လှန်၍ နဖူးပေါ် ဘယ်လက်တင်ရင်း ညာခြေကို ဘယ်ဒူးပေါ်တင်လျက် ဒူးထောင်ရင်း မှိန်းနေ၏။

လမ်းမရှိ မဏ္ဍပ်အတွင်းမှ သူငယ်ချင်းနှစ်ဦး၏ စကားသံမှာ ကျယ်လောင်လှသဖြင့် သူတို့ ပြောဆိုနေသည်ကို အတိုင်းသား ကြားနေရာမှ ဘယ်လိုမှ အိပ်မရတော့သဖြင့် အိပ်ရာမှထ၍ သူတို့ဆီ ပြန်ထသွားလိုက်သည်။

ထိုအခါ ပက်လက်အနေအထားနှင့် လက်နှစ်ဖက်ထောင်၍ ထထိုင်ရန် အားယူထစဉ် ရင်ဘတ်ပေါ်သို့ တစ်စုံတစ်ခု တက်ဖိထားသကဲ့သို့ ခံစားရပြီး ထရန် အားပြုထောက်ထားသော လက်နှစ်ဖက် ပြုတ်ကျပြီး ပက်လက်အနေအထား ပြန်ဖြစ်သွား၏။

နောက်ထပ် အားပြုပြီး ဒုတိယအကြိမ် လက်နှစ်ဖက်ထောက်၍ ထပြန်ရာ ရင်ဘတ်နေရာတွင် အတင်းတွန်းဖိထားသကဲ့သို့ ခံစားရပြီး ပက်လက်အနေအထားအတိုင်း ပြန်ပြုတ်ကျပြန်၏။

တတိယအကြိမ် လက်နှစ်ဖက် အားပြု၍ ထပြန်ရာ ရင်ဘတ်အား အတင်းဖိတွန်းချခံရသဖြင့် ပြန်ပြုတ်ကျပြန်ရာ "ဒါ ဘာဖြစ်တာလဲ" ဟု စိတ်ထဲမှ ဆိုပြီး ပက်လက်ထမရသဖြင့် မှောက်ခုံမှောက်၍ လေးဖက်ထောက် ထပြန်ရာ လေးဖက်ထောက် အနေအထားနှင့် ကုန်း၍ရသော်လည်း ကျောနေရာမှ လေးလွန်းလှပြီး အတင်းဖိချခံရသဖြင့် မှောက်ခုံကြီး ပြန်ဖြစ်သွား၏။

ဤသို့နှင့် လေးဖက်ထောက်၍ ထလိုက်၊ မရလျှင် ကိုယ်ကို အသာလေးလှည့်ပြီး ပက်လက်အနေအထားနှင့် ထလိုက် ထိုသို့လုပ်ရင်းလူလည်း

www.burmeseclassic.com

ခွေးများရှဲ၍ မောလာ၏။

'ဒါ ဘယ်လိုဖြစ်တာပါလိမ့်၊ ဘီလူးစီးတာလဲ မဟုတ်ဘူး။ ဘီလူးစီးတာဆိုရင်လဲ အသိစိတ်ရှိနေပြီး တစ်ကိုယ်လုံး လှုပ်လို့မရ၊ တစ်ယောက်ယောက်က အသားလာထိရင် ချက်ချင်း လှုပ်ရှားလို့ရတယ်။

အခု ငါဖြစ်နေတာက ဟက်လက်ကောမှောက်ခုံရော ပြောင်းလို့ရ လှုပ်ရှားလို့ရပြီး ဘယ်လိုတွေ ဖြစ်နေပါလိမ့်'

ဟု စဉ်းစားနေစဉ် ကျွန်တော်တို့ လမ်းထိပ်နှင့် (၂)လမ်းကျော်၊ (၃)လမ်းမြောက်လမ်းမဘက်ဆီမှ ခွေးအူသံများ ကြားရသည်။

ထို့နောက် တဖြည်းဖြည်း ထိုခွေးအူသံများသည် ကျွန်တော် ခေါင်းရင်းဘက်ဆီသို့ ရောက်လာရာ "ထူးလှချည်လား"ဆိုပြီး ထမရသဖြင့် ဘေးတိုက်အနေအထားနှင့် ခြင်ထောင်လှန်ပြီး ခေါင်းပြူကြည့်ရာ ခွေးဖြူကြီး (၃)ကောင်သည် ဘေးချင်းယှဉ်၍ ဆောင့်ကြောင့်ထိုင်ပြီး ကျွန်တော့် အိပ်ရာဘက်သို့ ကြည့်ပြီး အူနေပုံကို မြင်ရာ၊ မြင်ရပုံ ထူးလှသဖြင့် စိတ်ထဲမှ...

'ဒါ...တစ်ခုခုတော့ ထူးနေပြီ ငါ ထမရတာ ရိုးရိုးတန်းတန်း မဟုတ်ဘဲ မကောင်းဆိုးဝါး တစ်ကောင်ကောင် ငါ့ကို ကပ်လာပြီး တက်နင်းတက်ခွတာပဲဖြစ်မယ်'

ဟု စဉ်းစားမိပြီး အခြေအနေအတွက် စိုးရိမ်လာကာ ဘုရားကို **ပထမဆုံးအကြိမ်** အားကိုးသမှုပြု၍ တမိပြီး ဩကာသ ဘုရားရှိခိုးစာကို ဘေးတိုက်အနေအထားနှင့် လက်အုပ်ချီပြီး (၄)ကြိမ်,(၅)ကြိမ်ခန့် ရွတ်ဖတ်ပူဇော်နေမိပါသည်။

ထဲ၌ ရ,မရကို စာရွတ်ဖတ်နေရင်း ဖြည်းဖြည်းချင်း လက်ထောက်အားပြု၍ ထကြည့်ရာ ထထိုင်၍ ရသွားသဖြင့် အမြန်ခြင်ထောင်လှန်ပြီး အပြူအမူ ထူးခြားနေသည့် ခွေးဖြူကြီး(၃)ကောင်ကိုကြည့်ရာ ထိုခွေး(၃)ကောင်သည် အအူရပ်ပြီး အမြီးတနန့်နန့်နှင့် ရှေ့နောက် တန်းစီ၍ ကျွန်တော့်ခေါင်းရင်းမှ ကားလမ်းမကြီးသို့ ထွက်သွားပြီး ထိုမှ တစ်ဆင့် ကားလမ်းမကြီးအတိုင်း တရွေ့ရွေ့ ထွက်သွားသည်ကို တွေ့ရလေသည်။

ကျွန်တော်လည်း "ဘာတွေဖြစ်တာလဲ"ဟု စဉ်းစားအဖြေရှာမရသဖြင့် အိပ်ရာမှထပြီး ခေါင်းရင်းရှိ ထိုင်ခုံလေးတွင် ထိုင်ရင်း မိမိအဖြစ်ကို စဉ်းစားနေမိလေသည်။

ပြန်အိပ်ချင်စိတ်လည်း မရှိတော့ သူငယ်ချင်း(၂)ဦးမှာလည်း အတိုင်အဖောက်ညီညီ စကားပြောနေသံကို ကြားနေရသဖြင့် စိတ်ရှုပ်ရှုပ်နှင့် သူတို့ရှိရာသို့ ထထွက်သွားပြီး နံနက်(၅)နာရီထိုးသည်အထိ စကားထိုင်ပြောနေလိုက်၏။

ကျွန်တော် တွေ့ကြုံခံစားရသည်တို့ကို သူငယ်ချင်းတို့အား မပြောမိသလို၊ မိဘအစ်ကိုမောင်နှမတို့အားလည်း မပြောဖြစ်ပါ။

ကျွန်တော် ကြောက်ရလန့်ရမှန်း မသိ။ ဖြစ်ပုံထူးခြားလွန်း၍ စိုးရိမ်စိတ်ပူလာပြီး ဘုရားစာဆိုမိ၍ ထိုအဖြစ်မှ လွတ်မြောက်လာပုံကိုတွေးရင်း ဘုရားအား အားကိုးအားထား ကိုးကွယ်ရာဟူ၍ စိတ်တွင် ထင်မြင်လာပြီး ထိုနေ့ ထိုရက်မှစ၍ ဘုရားရှိခိုး ဦးချကန်တော့လာသည်မှာ ယနေ့ထိပင်ဖြစ်သည်။

အထက်ပါ အဖြစ်အပျက် အတွေ့အကြုံများကြောင့်လည်း ကျွန်တော်သည် ဘုရား,တရား,သံဃာ ဟူသော ရတနာသုံးပါးတွင် ပထမဆုံး ဘုရားကို အားကိုးအားထားရာအဖြစ် ယုံကြည်ပြီး အိပ်ရာဝင်တိုင်း ဘုရား မှန်မှန်ရှိခိုး ဦးချလာမိပါသည်။

တရားနှင့် သံဃာအပေါ်၌ ယုံကြည်ကိုးကွယ်ရမှန်း မသိသေးပါ။**(ငယ်ရွယ်စဉ်ကာလ စိတ်ထဲရှိသည့်အတိုင်း ရိုးရိုးသားသား တင်ပြခြင်းဖြစ်သည်။)**

ဤသို့ နေလာရင်း ကျွန်တော်တို့ အိမ်ဆိုင်(ကုန်စုံဆိုင်)လေးနှင့် မျက်နှာချင်းဆိုင်သည့် အောင်ဆန်း အားကစားကွင်းကြီး တည်ရှိနေပြီး ဆိုင်၏အရှေ့ဘက်တွင် ကူးစက်ရောဂါ ဆေးရုံဝင်းကြီး တည်ရှိနေ၏။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ဦးသည် ထိုဆိုင်လေးတွင် ဆိုင်စောင့်ရင်း အိပ်လေ့ရှိရာ တစ်ညတွင် ကျွန်တော်သည် ရေခပ်စရာ မရှိသဖြင့် စောစော အိပ်ဖြစ်၏။

ကျွန်တော့်ညီသည် မအိပ်သေးဘဲ အိမ်ချင်းကပ်လျက်နေ ကိုစိုးဆိုသူနှင့် ဆိုင်အနီး ပလက်ဖောင်းတွင် ထိုင်ရင်း ထွေရာလေးပါး စကားထိုင်ပြောနေကြရာ ည(၁)နာရီ ကျော်ကျော်လောက်တွင်ဖြစ်၏။

ကူးစက်ရောဂါကု ဆေးရုံဘက်မှ ကားလမ်းကူးပြီး အောင်ဆန်း အားကစားကွင်း အုတ်တံတိုင်းတစ်လျှောက် ပြေးလာသော ခြေသံများကို ကြားရာ ညီဖြစ်သူနှင့် ကိုစိုးတို့ အသံကြားရာဘက်သို့ လှမ်းကြည့်ရာ လူဟူ၍ တစ်ဦးတစ်ယောက်မှ မတွေ့ရပါ။


ထို့ပြင် ပြေးလာနေသည့် ခြေသံကိုသာ ကြားရပြီး အောင်ဆန်း အားကစားကွင်း အုတ်နံရံတွင် ဖြူဖြူအရိပ်အရှည်ကြီး သုံးရိပ်သည် ရှေ့နောက် အစီအရီတန်း၍ သွားနေသည်ကို မြင်တွေ့ကြသည်။

သို့နှင့် သူတို့(၂)ယောက် ကြောက်လန့်ပြီး အိပ်နေသော ကျွန်တော့်ထံသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး အတင်းနိုးရာ ကျွန်တော်လည်း အိပ်ရာမှနိုးပြီး သူတို့ လက်ညှိုးထိုးပြရာသို့ သေသေချာချာ ကြည့်ရာ ဖြူဖြူအရိပ်ကြီးသုံးရိပ်သည် အုတ်နံရံတွင် တန်းစီ၍ သွားနေသည်ကို မြင်တွေ့ရသည်။

သို့နှင့် သုံးဦးသားကြည့်နေစဉ်မှာပင် ထိုဖြူဖြူအရိပ်သုံးရိပ်သည် တဖြည်းဖြည်း မှေးမှိန်၍ ပျောက်သွားသည်ကို တွေ့ရလေသည်။

ကျွန်တော့်ညီနှင့် ကိုစိုးတို့မှာ အတော်ကြောက်နေပုံရပြီး ထိုအရိပ်ပျောက်သွားသည်နှင့် ကိုစိုးဆိုသူ အိမ်ပြန်ပြီးပြေးလေတော့သည်။ ညီလုပ်သူက ဆိုင်ပေါ်တက်ပြီး ခြင်ထောင်ထဲ အတင်းဝင်ကာ ငြိမ်ကုတ်နေ၏။

မိုးလင်းသည့်အခါ ညီလုပ်သူနှင့် ကိုစိုးတို့သည် လမ်းနေသူတို့အား ပြောပြရာ လူကြီးတချို့က "မင်းတို့ ကံနိမ့်လို့ ဒီလို မကောင်းဆိုးဝါး နာနာဘာဝတွေကို မြင်ရတာ"ဟု ပြောရာ ထိုစကား ကျွန်တော်ပါကြားပြီး ရှေးကထက်ပို၍ ဘုရားကို အချိန်မှန်မှန် ရှိခိုးချလာမိပါသည်။

ယခု တင်ပြမည့် အတွေ့အကြုံသည် ယခင် တွေ့ကြုံခဲ့သည်များထက် ပိုဆိုး၍ ဆရာဘုန်းဘုန်းအား အကူအညီတောင်း၍ ပင့်ခေါ်ကုရသည်အထိ ဖြစ်လာခဲ့ရသည်။

**ဖြစ်ပုံမှာ...**

ကျွန်တော်တို့အိမ်ရှေ့ မျက်နှာချင်းဆိုင်အိမ်မှ သူငယ်ချင်း၏ဖခင် ဦးလေးသောင်းသည် ပုတီးသမားကြီးဖြစ်၏။ ထိုဦးလေးသောင်းသည် အကြောင်းတိုက်ဆိုင်လျှင် ပယောဂကု၏။ ဆေးဝါးဓာတ်စာလည်းပေး၏။

သူတို့ဆရာအချင်းချင်း အကြောင်းရှိ၍ တွေ့ဆုံကြရာဝယ် ဆေးတတ်အင်းတတ်များ ပြုကြရာ တစ်နှစ်ကို တစ်ခါ, နှစ်ခါမျှသာ တွေ့ဆုံကြသည်ဖြစ်၍ သူငယ်ချင်းမှ ကျွန်တော့်အား ဗဟုသုတအလို့ငှာ လာခေါ်သဖြင့် လိုက်သွားပြီး ထိုဆရာတို့၊ ထိုအဘတို့နှင့် တွေ့ဆုံပြီး ကျွန်တော် ဘာလုပ်ရမည်ကို ညွှန်ကြားရန် တောင်းဆိုမိသည်။

"**အရဟံသိဒ္ဓိ**"ကို ပုတီးတစ်လုံးကျနှင့် ည(၉)နာရီတွင် (၉)ပတ်စိပ်ရန်နှင့် လုပ်နိုင်ပါက အသက်သတ်လွတ် အသားလွတ်စားရင်း အဓိဋ္ဌာန်(၉)ရက်စီ နိုင်သလောက် လုပ်ခိုင်းရာ ကျွန်တော် ကြိုးစား၍ လုပ်ဆောင်ပါမည်ဟု ပြောပြီး ကျွန်တော့်ဘဝတွင် ပထမဆုံး ပုတီး စ,စိပ်ဖြစ်ခြင်းပင်ဖြစ်သည်။

ကျွန်တော်သည် ည(၉)နာရီထိုးသည်နှင့် အရဟံသိဒ္ဓိဟု ရွတ်ဆို၍ ပုတီးတစ်လုံးကျနှင့် ပုတီး(၉)ပတ် မှန်မှန်စိပ်ဖြစ်၏။ သို့သော် မေတ္တာပို့ အမျှဝေရမှန်း ကျွန်တော် လုံးဝ မသိပါ။

စိတ်ပါလက်ပါ ပုတီး(၉)ပတ်စိပ်ပြီးသည်နှင့် ဘုရားရှိခိုး ကန်တော့ကာ အိပ်ရာဝင်လေသည်။

ဤသို့ ရိုးရိုးတန်းတန်း ပုတီးစိပ်သော်လည်း မေတ္တာပို့အမျှ မဝေမိသည်၏အဖြစ်ကြောင့် ထင်ပါသည်၊ နောက်ပိုင်း ကျွန်တော့်အား အနှောင့်အယှက်တို့ ဝင်ရောက်လာ၏။

ကျွန်တော်တို့၏ ကုန်စုံဆိုင်သည် လမ်းပလက်ဖောင်းနှင့် ကပ်လျက်တည်ရှိပြီး ဆိုင်ဘေးတွင် လူ(၃)ဖက်စာမက ကုက္ကိုပင်ငုတ်တိုကြီး ရှိ၏။ ကုန်စုံဆိုင်လေးတွင် ဆိုင်စောင့်အိပ်ရင်း ပုတီးစိပ်ဖြစ်၏။

တစ်ည ပုတီးစိပ်နေစဉ်(ပုတီးကြိုးမခိုင်လို့လား အနှောင့်အယှက်ကြောင့်လားဆိုသည်ကို ဝေခွဲမရပါ။) ပုတီးကြိုးပြတ်ထွက်ပြီး ပုတီးတစ်လုံးချင်း လိုက်လောက်နေရလေသည်။

'ပုတီးကြိုး ပြန်ပြုပြင်ပြီးနောက် ညစဉ် ပုတီးမှန်မှန်စိပ်ရင်း ထိုကုန်စုံဆိုင်လေးတွင်ပင် အိပ်ဖြစ်ပြီး အနှောင့်အယှက်သည် စဝင်လာပြီဖြစ်၏။

**ဖြစ်ပုံမှာ...**

အိပ်ပျော်နေစဉ် တစ်စုံတစ်ယောက်က ဆွဲခါဆွဲလှုပ်သကဲ့သို့ ခံစားရပြီး နိုးလာ၏။ ပထမဖြစ်ကာစတွင် "ငါ အာနည်းလို့ ဖြစ်တာနဲ့တူတယ်"ဟု ထင်မိ၏။

ထိုဖြစ်စဉ်သည် နောက်ညများတွင်လည်း ညစဉ်လိုလိုလောက် ဖြစ်လာရာ သတိထားပြီး အိပ်ရသည့်အတွက် အိပ်ရေးမဝ ဖြစ်လာပြီး နေ့လယ်နေ့ခင်းကျမှသာ အိပ်ရေးဝဝ အိပ်ရတော့သည်။

ဤဖြစ်စဉ်သည် ယခင်အခါညများ



www.burmeseclassic.com

www.burmeseclassic.com

တွင်သာ မကြာခဏဆိုသလို ခြေထောက်ဆွဲလှုပ်ခါသကဲ့သို့ ခံစားခဲ့ရသော်လည်း ယခုအခါ နေ့လယ်နေ့ခင်း တစ်ယောက်တည်း အိပ်မောကျနေစဉ်မှာပင် ဆွဲလှုပ်ခံရသဖြင့် ကျွန်တော် မစဉ်းစားတတ်အောင်ပင် ဖြစ်နေပြီး မည်သူ့မှ မပြောဖြစ်ပါ။

တစ်ညတွင် အလွန်ထင်ရှားစွာ နှောင့်ယှက်ခံရပြီးမှ သိရှိလာရ၏။ ဤကဲ့သို့ ဆွဲလှုပ်ခံရဖန်များ၍ အိမ်အပြင်ကုန်စုံဆိုင်တွင် မအိပ်တော့ဘဲ အိမ်ကြီးအတွင်း မိဘများ၏ အလယ်တွင်နေပြီးအိပ်ရာ ကောင်းကောင်း အိပ်မောကျနေချိန် **(ညဉ့်သန်းခေါင် (၁၂)နာရီ (၁၀)မိနစ်)** လောက်တွင် ခြေထောက်(၂)ဖက်စလုံး ဆွဲချခံရကာ လန့်နိုးလာ၏။

သတိရ၍ကြည့်ရာ ခြေထောက် (၂)ချောင်းသည် ခြင်ထောင်အပြင်ဘက် ဒူးခေါင်းနေရာ ထိရောက်အောင် ဆွဲချခံရသဖြင့် မကြောက်တတ်သော ကျွန်တော်၊ မမြင်ရသည့် ထိုအကောင်ကို ကြောက်လန့်မိပြီး မိဘနှစ်ပါးအား နှိုး၍ ပြောပြရာ ဖခင်ကြီးက သိပ်ယုံပုံမပေါ်။ မိခင်ကြီးကသာ စိတ်ပူပြီး မီးဖွင့်၍ ပြန်အိပ်စေ၏။

နံနက်လင်းသော် ကျွန်တော် အတင်းအကျပ် ပြောမှုကြောင့် ဖခင်ကြီးသည် အသိဆရာ ဘုန်းဘုန်းအား အိမ်သို့ပင့်ပြီး ဆရာဘုန်းဘုန်းမှ ကျွန်တော့်ဖြစ်စဉ်ကို မေးစမ်းစစ်ဆေးပြီး ကျွန်တော့်အား ပရိတ်ကြိုးများ ဝတ်ဆင်စေပြီး ပရိတ်ရေတိုက်၍ ကုသသည်။

ထိုအခါ ကျွန်တော်သည် ထိုဆရာဘုန်းဘုန်း ကုသပြီးနောက် ဘာအနှောင့်အယှက်မှ မဖြစ်တော့ဘဲ ကောင်းမွန်စွာ အိပ်စက်၍ ရသွား၏။



ပုတီးစိပ်ပြီးတိုင်း မေတ္တာပို့ အမျှဝေရမှန်းလည်း ဆရာဘုန်းဘုန်း ပြောပြ၍ သိသွားပါသည်။

ကျွန်တော် ပုတီး(၉)ပတ်စိပ်ပြီးတိုင်း မေတ္တာပို့ အမျှဝေပါသည်။ ကျွန်တော် ခံစားနေရသည့် အနှောင့်အယှက် ဒုက္ခအား ဘုရားသားတော်ဖြစ်သည့် ဆရာဘုန်းဘုန်း၏ ကျေးဇူးကြောင့် အမှောင့်ပယောဂများ ကင်းကွာ၍ စိတ်ချမ်းသာခဲ့ရသည်။

သို့အတွက် ရဟန်းသံဃာများ အပေါ် ရှိသေလေးစား အားကိုးမိပါသည်။ ဤတွေ့ကြုံမှုတွင် အမှန်အတိုင်း ဝန်ခံရသော် ကျွန်တော် တော်တော် လန့်သွား၏။

ကောင်းတာ ပြုသော်လည်း အကြောင်းမညီညွတ်ကာ အနှောင့်အယှက်ပြုခံရတတ်ကြောင်း ကျွန်တော် သဘောပေါက်မိသွား၏။ လူတိုင်း အနှောင့်အယှက်ပြုခံရမည်ကို မဆိုလိုပါ။ သူ့အကြောင်းနှင့်သူ ရှိမည်ဟု ကျွန်တော် ထင်ပါသည်။

နေ့စဉ်မှန်မှန် မပျက်မကွက် ပုတီးစိပ်နေသည်ကို ဖခင်ကြီး မြင်တွေ့ဖန်များလာသောအခါ ဖခင်ကြီးပါ ကျွန်တော်နှင့်အတူ ပုတီးလိုက်စိပ်ရင်းသားအဖနှစ်ယောက် အတူတူ ပုတီးစိပ်ဖြစ်ကြလေသည်။

ထိုသို့ နေလာရင်း တစ်နေ့ မွန်ပြည်နယ် ဥတ္တတားရွာမှ ကျွန်တော့်အဘိုး၏ညီ ဘိုးလေးသည် ကျွန်တော့်တို့အိမ်သို့ (၁)လကြာမျှ အလည်ရောက်လာပြီး ဝိပဿနာတရားတို့ကို ဟောပြရာ ကျွန်တော် အသိတစ်ဆင့် တိုးတက်ပြောင်းလဲလာခဲ့ရပေသည်။

ဘိုးလေး၏ ပြောဆိုညွှန်ကြားတိုက်တွန်းချက်အရ ပုတီးစိပ်ခြင်းကို ရပ်ဆိုင်း၍ (လယ်တီဆရာတော်ကြီး၏ အာနာပါနဒီပနီကျမ်းကို ဖတ်မှတ်စေလျက်) အာနာပါန ထွက်လေဝင်လေ ရှုမှတ်မှုသို့ပြောင်း၍ တစ်စိုက်မတ်မတ် ကျင့်ကြံအားထုတ်ရာ အနှောင့်အယှက် တချို့လာသော်လည်း မမှုတော့ပြီ။

ကျွန်တော်သည် ဤထွက်လေဝင်လေအကျင့်ကို ကျမ်းစာပါအတိုင်း တစ်သဝေမတိမ်း လိုက်နာကျင့်ကြံအားထုတ်ရာ ဝင်လေထွက်လေတို့သည် တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲ၍ ထွက်လေဝင်လေတို့က တစ်ဆင့်ပြီးတစ်ဆင့် သိမ်မွေ့ချုပ်ပျောက်သွားသည်အထိ အားထုတ်မိရာ လောကီစျာန် ချမ်းသာသည် ပြောဖွယ်ရာမရှိ ချမ်းသာကြောင်း သိရပြီး ဘုရား, တရား,သံဃာဟူသော ရတနာသုံးပါးပေါ်ဝယ် သဒ္ဓါတရားတိုး၍ သက်ဝင်ယုံကြည်ခဲ့ပါသည်။**(ဝိပဿနာတရား၊ မဂ်တရား၊ ဖိုလ်တရားတို့ကိုဖြင့် မသိသေးပါ။)**

ကျွန်တော်သည် ရုပ်ဝါဒသမားသက်သက်မှ ပေတလောကသားတို့နှင့် သိမြင်ထိတွေ့ခံစားခဲ့ရသဖြင့် ယုံကြည်မှုလည်း ပြောင်းခဲ့ရပေပြီ၊ ဘုရားဟော ဤအပါယ်ဘုံသား ဤလောကသားများ အမှန်တကယ် ရှိနေကြောင်းနှင့် ဘုရားဟော ဒေသနာနည်းအရ အာနာပါနကျင့်စဉ်ကိုလည်း လက်တွေ့ကျကျ

www.burmeseclassic.com

ကျင့်ကြံပေါက်ရောက် သိရှိ ခံစားရပါသည်။

သို့ဖြင့် ကျွန်တော့်အယူအဆ၊ ကျွန်တော်ဝါဒများသည် အပါယ်သွားမည့် မိစ္ဆာ အယူဝါဒများ ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သိခဲ့ရပေသည်။

ဤသို့ တွေ့ကြုံခံစားခဲ့ရ၍ ကျွန်တော့်အမြင်၊ အယူပြောင်းသွားမှုတွင် ထိုပေတလောကသား တစ္ဆေသရဲတို့ကိုပင် ကျေးဇူးတင်ရမလို ဖြစ်ပေသည်။ သို့မဟုတ်ပါက အယူဝါဒဆိုးတွေနှင့် ဘယ်လောက်တောင်ကြီးထွားစိုးမိုးနေမိမှန်း မသိတော့ပါ။

ထိုပေတလောကသားများနှင့် တွေ့ကြုံရပုံ၊ သမထတရားများ အားထုတ်နေစဉ် ကာလအတွင်း၌လည်း တွေ့ကြုံရပုံများကို ပါရမီမဂ္ဂဇင်းနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတို့တွင် အပိုဒ်ခွဲ၍ တချို့ဖော်ပြခဲ့ပြီးဖြစ်သည်။

ယခု အသက်(၅၀)ကျော်အရွယ်ရှိ ဝိပဿနာတရားသို့ပြောင်း၍ ကျင့်ကြံအားထုတ်နေစဉ် အတွင်းမှာပင် ပကတိမျက်စိနှစ်လုံးနှင့် (အိပ်မက်ထဲတွင် မဟုတ်ပါ။) မျက်ဝါးထင်ထင် မြင်ခဲ့ရပုံ တချို့ကိုလည်း ဖော်ပြထားပါသည်။

ထိုစဉ် (၁၀–၈–၂၀၁၁) နေ့ ည(၂) နာရီ(၁၅)မိနစ်တွင် ကျွန်တော် တစ်ယောက်တည်း လမ်းပလက်ဖောင်းပေါ်တွင် စာအုပ်ဖတ်ရင်း တရားရှုမှတ်နေရာ ထိုပေတလောကသားများ အုပ်စုလိုက် ရောက်လာပုံကို နောင်စာမူများတွင် ဖော်ပြပေးပါမည်။

**(ကျွန်တော်သည် ထိုလူအုပ်ကို ပေတလောကသားများဟု မထင်မိဘဲ အခြေအနေမဲ့ အာဝါတားများဟု ရုတ်တရက် တွေးထင်မိပြီးမှ အပြုအမူ ထူးခြား၍ နောက်မှ လူတွေ မဟုတ်ဘဲ ပြိတ္တာတွေပါလားဟု သိရ၏။)**

ဤသူတို့သည် အကြောင်းမကောင်း၍ အကျိုးမကောင်းသော အပါယ်ဘုံသို့ ရောက်နေကြသော သတ္တဝါများဖြစ်၍ အယူတိမ်း၍ ဘဝယိမ်းသွားရသူများ ဖြစ်လေသည်။

ကျွန်တော်ကိုယ်တိုင် မြင်တွေ့ခဲ့ရ၍ ဤဘဝမျိုးသို့ ရောက်သွားမှာကို အလွန်ကြောက်ခဲ့၏။ သို့ကြောင့်လည်း ကောင်းမှုကုသိုလ်တို့ကို ဤနေရ တစ်ဘဝဝယ် ကြိုးစား၍ပြု၏။

မိမိမိသားစု၊ မိမိဆွေမျိုး မိတ်ဆွေတို့ကိုလည်း အချိန်ရှိတုန်း ကုသိုလ်ကောင်းမှုတို့ပြု၍. သီလစောင့်ရန် တရားဘာဝနာတို့ကိုလည်း အချိန်ရသရွေ့ ကြိုးစားကျင့်ကြံ အားထုတ်ရန် တိုက်တွန်းပါသည်။

ဘုရားဂုဏ်ကျေးဇူး၊ တရားဂုဏ်ကျေးဇူး၊ သံဃာဂုဏ်ကျေးဇူးတို့ကို ဘာမျှ မသိ လူ့အန္တဘဝနှင့် လုပ်ကိုင်စားသောက် နေထိုင်ပျော်ပါးရင်းတို့နှင့် သာအချိန်တို့ ကုန်မှန်းမသိ ကုန်ဆုံးနေပါသည်။

ထိုသို့ နောက်ဆုံးတွင် အိုနာသေ ဘဝနှင့်တစ်ဘဝ တစ်ခန္ဓာ ချုပ်ရင်း ကိုယ်နှင့်ပါသွားသည့် အကုသိုလ်တရားတို့နှင့် ယှဉ်ကာ အပါယ်(၄)ဘုံသို့သာ ရောက်ကြရလေသည်။

ဤသို့မဖြစ်ရလေအောင် နိဗ္ဗာန်မရမီကာလ ကောင်းမှု ကုသိုလ်များပြုရင်း ဝိပဿနာတရားကိုလည်း ကျင့်ကြံကြိုးကုတ်အားထုတ်၍ မိမိတို့ဘဝကို မြှင့်တင်သွားနိုင်ကြပါစေဟု ဆုတောင်းရင်း...

**ဦးဉာဏ်**

**စာမျက်နှာ (၂၄၁)မှ အဆက်**

(၇)ပေ၊ (၈)ပေ၊ အချို့မှာ (၃)ပေ၊ (၄)ပေ ခန့်ရှိကြရာ သူတို့ အယူအဆများအရ ကျတ်များသည် အရပ်ရှည်ကြသည်ဟု ယုံကြည်ကြသည့်အတိုင်း ကျတ်လူကြီးများ၊ အမျိုးသမီးများ၊ လူလတ်များ၊ ကလေးများ၏ ခေါင်းတလားများဟု ယူဆနေကြလေသည်။

တုတ်တစ်ချောင်းဖြင့် သတ်သွင်းကာ ဖုံးအုပ်၍ရသည့်အဖုံးများပါ စနစ်တကျ ပြုလုပ်ထားသည်ဟု သိရပါသည်။ "ဖရေမီကူ"တောလူတို့၏ ဂူဆိုသည်နှင့်လည်း တိုက်ဆိုင်သည်ဟု ယူဆရပါသည်၊ ဆရာတော် ဦးဝါယမ (ကယားတိုင်းရင်းသား)က ဤဂူတွင် သီတင်းသုံးသည်မှာ (၄)နှစ်ခန့်ရှိပြီး ခေါင်းတလားများသည် ကျွန်းသစ်လုံးကို ထွင်းထားတာဖြစ်ပြီး အလျား (၁၅)ပေ သို့မဟုတ် (၁၆)ပေခန့်ရှိပြီး ပို၍ ရှည်တာတွေလည်းရှိ၍ လူလား၊ ကျတ်တွေရဲ့ ခေါင်းတလားတွေလားဆိုတာ ဂဃနဏမသိပါဟု မိန့်ပါသည်။

ဤနေရာလေးကတော့ လျှို့ဝှက်ဆန်းကြယ်မှုတွေနှင့် ဖြစ်တည်ပြီး ဘယ်သူမှ အဖြေမထုတ်နိုင်သေးပါ။ စာရေးသူတို့ရောက်သွားချိန်မှာ ညနေနေဝင်ချိန်ဖြစ်၍ သွားရသည်က (၄)ယောက်တည်း၊ လက်နှိပ်ဓါတ်မီး ပါသော်လည်း ဂူထဲဝင်လေ မှောင်လေ။ စာရေးသူတို့ရဲ့ စူးစမ်းချင်စိတ်က တစ်ဖက်၊ အမျိုးသမီးတို့သဘာဝ ကြောက်စိတ်ကရှိနေတော့ ကိုယ်တွေ့မဟုတ်သော်လည်း လျှို့ဝှက်ဆန်းကြယ်မှုတွေနှင့် စိတ်ဝင်စားဖွယ် ကျတ်ဂူသို့သွားရောက် လေ့လာသမျှလေးကို ဝေမျှလိုက်ပါသည်။

**ကြည်ကြည်ကျော်(ရှင်တွင်းပုံနှိပ်)**
**ပျဉ်းမနား**



www.burmeseclassic.com

www.burmeseclassic.com

# ရွှေပေါ်ကျွန်းနှင့်

## နှင်းပျောက်တဲ့ငွေ

မင်းမောင်သွား
(မြောင်းမြ)





ရွှေပေါ်ကျွန်းသို့ လွမ်းမိပါသည်။ ၁၉၉၇ ခုနှစ်ဟု ခန့်မှန်းမိပါသည်။ ပန်းချီဆရာ ကိုသန်းထွန်း၊ သူသည် ဗုံ(ခြောက်လုံးပတ်) ကျွမ်းကျင်သလို လေမှုတ်ကီရိယာလည်း ကျွမ်းသည်။

တစ်နေ့တွင် သူ၏ အော်ဂင် တစ်လက်ကို ပြန်၍ ရောင်းချရန် ရွှေပေါ်ကျွန်းဆရာတော်ထံ အရဲစွန့်၍ လျှောက်ထားရာမှ ဆရာတော်က သဘောကျ၍ အော်ဂင်ကို ကျောင်းဝင်း အတွင်း ယူဆောင်သွားလေ၏။

ကိုသန်းထွန်းသည် အော်ဂင်ကို မတီးတတ်ပါ။ ကျွန်တော်က ထို အကြောင်းကို သိ၍ ကျောင်းအတွင်း ဝင်ခွင့်တောင်းကာ ဝင်သွားခဲ့ပါသည်။ ကျောင်းဝင်းအတွင်းသို့ ဆရာတော်၏ ခွင့်ပြုမိန့်မရဘဲ မည်သူမျှ ဝင်ခွင့်မပြုပါ။

ဆရာတော်၏ အနားတွင် ရပ်ဝေး ရပ်နီးမှ ဒကာ,ဒကာမများ ဝိုင်းရံလျက် ဦးခိုက်ပူဇော်နေကြသည်။

ပရိသတ်များသဖြင့် ကျွန်တော် သည် ဆရာတော်နှင့် အလှမ်းဝေးသော မြေပြင်တွင် ထိုင်လျက် အခြေအနေ များကို အကဲခတ်နေစဉ် ဆရာတော်မှ လှမ်း၍ကြည့်ရင်း…

'ဟေ့…ဘာလဲကွယ့်၊ ဘာကိစ္စလဲ'

ဟု မိန့်တော်မူရာ ကျွန်တော် လန့်သွားသည်ကို ကိုဝင်းမြင့်ဦးက ကျွန်တော့်အတွက် ဝင်၍ လျှောက်တင် လေသည်။

'ဆရာတော်ဘုရား… ဦးအောင်လွင်က မန္တလေးကို စုတ်တံဝယ်ဖို့ သွားရမလားလို့ လျှောက်နေပါတယ် ဘုရား'

ဆရာတော်သည် မည်သို့မျှ မမိန့်ဘဲ ငြိမ်နေပါသည်။ နောက်မှ သိရသည်မှာ ကျွန်တော်နှင့် ကပ်ပါလာသော ဆရာ တော် အလိုမရှိသော ဝိညာဉ်များဟု သိရပါသည်။

ခဏအကြာတွင် ဦးမြင့်ဦး (ဆရာ တော်၏ တပည့်ရင်း)က ကျွန်တော့်ထံ လျှောက်လာပြီး…

'ဆရာဦးအောင်လွင် ဆရာတော်ကို လက်စွမ်းမပြချင်ဘူးလား၊ အော်ဂင် တီးပြီး မပူဇော်ချင်ဘူးလား'

ဟု မေးသဖြင့် ကျွန်တော်က ဝမ်းသာအားရဖြင့်…

'ဟာ…ဘယ့်နှယ်ပြောပါလိမ့် တီးပြ ချင်တာမှ အူကို ယားနေတာလေ'

ဟု ပြောလိုက်ရာ "လိုက်ခဲ့"ဟု ပြော၍ ခေါ်သွားပြီး ဆရာတော်အနီးတွင် ထိုင်စေပါသည်။ အော်ဂင်ရှေ့တွင် ဖြစ်ပါသည်။

ယခင် သုံး,လေးရက်ခန့်က ဤ ကျောင်းဝင်း ဤနေရာ၌ ဆရာတော် သည် ပက်လက်ကုလားထိုင် တစ်လုံး ဖြင့် အမြဲတမ်းလိုလို ထိုင်လျက် သီတင်း သုံးလေ့ ရှိပါသည်။

ကျွန်တော်သည် ဤကျောင်းဝင်း အတွင်း၌ ကိုသန်းထွန်း မအား၍ သူ၏ ကိုယ်စား ကျွန်တော်က အလှူရှင် မှတ်တမ်းများ ရေးရပါသည်။ ဤနေရာ ၌ ဆရာတော် ထိုင်နေသည်ကို မတွေ့ ရပါ။ ကျွန်တော့်အမြင်တွင် ကွယ်နေ ပါသည်။ ကျွန်တော်၏ ကိုယ်တွေ့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

ပန်းချီမှတ်တမ်း ရေးဆွဲအပြီး ဒကာများက **"ဟိုမှာလေ ဆရာတော်"** ဟု ညွှန်ပြမှသာ ဆရာတော်ကို ဖူးတွေ့ရပါသည်။ ဤသို့ ထူးဆန်းသည့် အချက်ကို ကျွန်တော် ယနေ့ထက်တိုင် မမေ့။

ယခု ဤနေရာသို့ ကျွန်တော် ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်၏ ထူးခြားချက်တစ်ခုမှာ **"တစ်ခုခု ဖြစ်တော့မည်"** မှန်းသိသည်။ သို့သော် မျက်ဝါး ထင်ထင် မဖော်ပြတတ်။ နှုတ်က စီး၍ နေပြီး မျက်ရည်များသာ စိမ့်ထွက်လာပါသည်။

ကျွန်တော် အော်ဂင်ရှေ့တွင် နေရာယူပြီးချိန်၌ ဆရာတော်သည် ကွမ်းယာများ ယာနေရင်းမှ မဆီမဆိုင် ကောက်ကာငင်ကာ...

'ဟေ့...နှင်းပျောက်တဲ့နွေ ရလားကွ'

ဟူ၍ ဖြစ်ပါသည်။ ကျွန်တော့်ရင်ထဲ နင့်ခနဲ ဖြစ်သွားမှန်း သိပါသည်။

ဂီတအနုပညာသမား ဖြစ်နေသဖြင့် အရိပ်အမြွက်ကို နိမိတ်ဆက်၍ ကောက်မိပါလေပြီ။

'တစ်ခုခုတော့ ဖြစ်တော့...အင်း...ဖြစ်တော့မယ်'

ဟူ၍ ကျွန်တော်က ကပျာကယာဖြင့်...

'တင်ပါ့ဘုရား...ရပါတယ်ဘုရား'

ဟူ၍ လက်အုပ်ချီလျက် ဖြေမိပါသည်။

**ဆရာတော်**။ ။'သီချင်း ကလေးက တော်တော် ကောင်းတယ်ကွ'

**ကျွန်တော်** ။ ။'တင်ပါ့ဘုရား၊ တပည့်တော် သိပ်ကြိုက်တဲ့ သီချင်းပါ ဘုရား'

ညအခါ ငယ်စဉ် ကျောင်းသားဘဝက ဤသီချင်းကို လမ်းမတစ်လျှောက်



အတီးမပါဘဲ အားရပါးရ တမြတ်တနိုး ဆိုခဲ့ဖူးပါ၏။

**ဆရာတော်**။ ။'စာသားက အဓိပ္ပါယ် ရှိတယ်ကွ၊ ဘယ်သူ ရေးတာလဲဟေ့'

**ကျွန်တော်** ။ ။'တင်ပါ့ဘုရားကိုသက်ဦး ရေးတာပါ ဘုရား၊ နှင်းပျောက်တဲ့နွေ ဇာတ်ကားထဲက ဇာတ်ဝင် တေးပါ ဘုရား'

**ဆရာတော်**။ ။'ဪ...အေး... အေး ရတယ် မဟုတ်လား ဆိုစမ်းကွာ'

ဟု ဆရာတော်က ကွမ်းယာကို ဝါးစားရင်း မိန့်ပါသည်။ စဉ်းစားကြည့်လျှင် ထိုစကား၏ အသွားအလာ အရိပ်အမြွက်ကို စာရှုသူတို့ အကဲခတ်မိလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။

ဘုရားရှင်နှင့် ညီတော်အာနန္ဒာ ကြားတွင် မာရ်နတ်က ပိတ်ပင်ထားသလို ကျွန်တော်၏ နှုတ်များ ဆွံ့အနေပါသည်။

ကျွန်တော်သည် မြေပြင်တွင် အကျအနထိုင်လျက် အော်ဂင်ကို ဆိုတီးတီးပါတော့သည်။ ပထမပိုဒ်၊ ဒုတိယပိုဒ် အထိ ဘာမှ မထူးခြားပါ။ ရှောရှောရှူရှူ ပါပဲ။

သို့သော်...

နောက်ဆုံးပိုဒ် "ချစ်တဲ့သူ နှင်းရေ... ရင်တွင်းမချိအောင်ပေ...စွဲရစ်နှောင်ဖွဲ့ပါလို့...မျှော်လေတဲ့ လွမ်းဘွဲ့ကိုစေ... ညီတူမျှတ ဪ... ကြည်ဖြူကြမှ နှင်းက ပေါ်မလာတော့ပေ...

ဟင်...တကယ်တမ်း ဆန်းစစ်တော့ မြူနှင်းလေလား...ဆောင်းနှင်းလေလား စိတ်မှာထွေပြား မခွဲခြားနိုင်ခဲ့... ကြင်ဖော်မဲ့ကင်းတယ်လေ... နှင်း...နှင်း ပျောက်တဲ့ နွေဦးရောက်ပြီလေ...'

အထက်ပါ စာသားများ မပါဝင်ဘဲ အတီးချည်းသက်သက် တီးနေမိလေ၏။ နှာခေါင်းဝမှလည်း လူမြင်မကောင်းအောင် နှပ်ချေးများ တွဲလျောင်းကျလျက် ပါးစပ်ထဲပင် စီးဝင်နေပါတော့သည်။

ဆရာတော်က မျက်လုံးဝင့်၍ ခပ်တည်တည် ကြည့်နေမိသည်ကိုလည်း ရိပ်မိပါသည်။ ရှိုက်ကြီးတငင် ငိုနေသောပုံစံသည် လူမြင်၍ပင် မကောင်းတော့ပါ။

ပတ်ဝန်းကျင်တွင် ရှိနေကြသော ဒကာ၊ဒကာမတို့၏ မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝိုင်းလျက် တိတ်ဆိတ်ငြိမ်သက်စွာ အကဲခတ်နေကြသည်။

နောက်ဆုံးပိုဒ် ပြီးသည်အထိ ကျွန်တော် တီးပါသည်။ သီချင်းပြီးသွားသည့်အချိန်ကျမှ မျက်ရည်များကို လက်ဖမိုးနှင့်သုတ်၊ တွဲလျောင်းကျနေသည့် နှပ်များကို ညှစ်လျက် ရင်ထဲတွင်မှ "တဟင့်ဟင့်" နှင့် အသံတိတ်ရှိုက်နေဆဲ။

ဤတွင် ဆရာတော်က ပက်လက်ကုလားထိုင်ပေါ်မှ ခါးလေးကို အသာ ကိုင်း၍ အညာလေသံနှင့် မေးသည်။

'နို့...နောက်ဆုံးပိုဒ်က ဘာဖြစ်လို့ မဆိုတာ





www.burmeseclassic.com

www.burmeseclassic.com

လဲကွယ့်’

အမှန်မှာ သည်နောက်ဆုံးပိုဒ်သည် ကျွန်တော့်အတွက်ရော ပရိသတ်အတွက်ပါ အလွန် အရေးကြီးသော အပိုဒ်ဖြစ်နေသည်ကို ကျွန်တော်တို့ ထိုအချိန်က မသိခဲ့ကြပါ။

ဆရာတော် မေးသည်ကို ကျွန်တော်က ချက်ချင်း လက်အုပ်ချီ၍ ဖြေကြားလိုက်ပါသည်။

‘ငိုချင်လို့ပါဘုရား...အဟီး...ဟီး...’

ကျွန်တော်သည် ထိုအချိန်ကျမှ အသံထွက်၍ ရှိုက်ကြီးတငင် ငိုယိုမိပါတော့သည်။

**ကျွန်တော်က ဝမ်းနည်းစွာ ခံစားချက် အပြည့်နှင့် ငိုနေသလောက် ဆရာတော်ကြီးသည် ပါးစပ်မှ ကွမ်းတံတွေးများပင် စီးကျလာ သဘောကျရွှင်မြူးသဖြင့် ချော ကိုယ် ယိမ်းနွဲ့ပြီး အားရပါးရ ရယ်မော နေပါတော့သည်။**

မောလောက်ပြီရှိမှ ပါးစပ်မှ ကွမ်းတံတွေးများကို လက်ဖြင့် အသာ သုတ်ရင်း ပြုံး၍ စိုက်ကြည့်နေစဉ် ကိုဝင်းမြင့်ဦးက ဆရာတော်ကို လျှောက်တင်ပါသည်။

‘ဆရာတော်ဘုရား... ဆရာဦးအောင်လွင်က မန္တလေးကို စုတ်တုံသွားဝယ်ဖို့ လျှောက်ပါတယ်ဘုရား’

ဆရာတော်၏ ပြန်လည် မိန့်ဆိုသည့် စကားသံသည် ယခင်ပုံစံနှင့် လုံးဝ မတူသည်ကို ထင်ရှားစွာ အကဲခတ်မိပါသည်။

‘ဩော်... အေး... အေး... သွားပါ... သွား...သွား...ကျောင်းအတွက် နောက်ဆံမတင်းနဲ့၊ ဘာမှ မဖြစ်ဘူး။ မောင်ဝင်းမြင့်ဦး ဝတ္ထုငွေ အလုံအလောက် ပေးလိုက်ပါကွယ်’

ကိုသန်းထွန်း တစ်ယောက်တည်း အော်ဂင်ကြီးနှင့် ကျန်နေခဲ့စဉ် ကျွန်တော်နှင့် ကိုဝင်းမြင့်ဦး ကျောင်းဝင်းထဲမှ ထွက်လာပါတော့သည်။

မိန်းကလေးများ (ဆရာတော်၏ သမီးတော်)က ကျွန်တော့်ကို ဝိုင်းအုံပြီး “နှင်းပျောက်တဲ့နွေ” စာသားကို ကူးကြပါတော့သည်။ ဆရာတော် နှစ်သက်ပြီဆိုလျှင် ဤသို့ ဖြစ်တတ်ကြစမြဲပါ။

ဆရာတော် ပျံတော်မူမည့် မှန်အခန်းကြီး ထားမည့်နေရာကို ဆရာတော်က သူကိုယ်တိုင် ရှင်းပါသည်။ သန့်ရှင်းရေး ပြုလုပ်ပါသည်။ မျက်နှာတော်ကလည်း ဝင်းပသော အပြုံးများဖြင့် ထူးဆန်း အံ့သြဖွယ်ရာ ဖူးတွေ့ပါသည်။

ဒကာတစ်ဦးက...

‘ခင်ဗျား... တော်တော် ကုသိုလ်ထူးတဲ့သူပဲဗျ။ ကျုပ်တို့ ဒီကျောင်းကို ရောက်တာ နှစ်(၃၀)ကျော်ပြီ တစ်ခါမှ ဒီလို အူလိုက်သည်းလိုက် ရယ်တာမျိုး မဖူးမြင်ခဲ့ဘူးပါဗျာ။ ခုကြည့်စမ်းပါဦး... အားရပါးရ ရယ်လိုက်တာ ကျုပ်ဖြင့် မျက်ရည်တောင် စို့ထွက်လာတယ်ဗျာ...တကယ်ပါပဲ’

ဆရာတော်ကြီးကို ထိုအချိန် ထိုနေ့သည် ကျွန်တော့်အတွက် အနီးကပ် ဖူးမြော်ခွင့် ရခဲ့ပြီး နောက်ဆုံး ကြည်ညိုလိုက်ရသည့် အခွင့်အရေးတစ်ခု ဖြစ်မှန်း မန္တလေးကိုရောက်မှ သိရပါတော့သည်။

ထို့ကြောင့် “နှင်းပျောက်တဲ့နွေ” ဟူသော သီချင်းသံကြားတိုင်း၊ ဆိုမိလေတိုင်း၊ တီးခတ်မိလေတိုင်း ကျွန်တော့်အသည်း ကွဲလုမတတ် တဆတ်ဆတ်တုန် ရင်ခုန်ရသည့် နှင်း နွေကာလတွင်မှာပဲ စေတော်ဝင်ကျောင်းမှ ပျောက်ကွယ်ခဲ့လေပြီ တကား...။

**မင်းမောင်ဘွား(မြောင်းမြ)**

စာမျက်နှာ (၂၅၂)မှ အဆက်

ဘူးလုံး ပြောင်သလင်းခါသွားတာပဲ။

ရေသောက်ပြီးတော့ လှဘော်ကို ကျုပ်က မေးကြည့်တယ်။

‘ငါ အခုလို ဖြစ်လာအောင် မင်း ဘယ်လိုလုပ်လိုက်တာလဲ’

ပေါ့...။

အဲဒီအခါမှာ လှဘော်က ကျုပ်ကို အခုလို ရှင်းပြတယ်ဗျ။

‘လူကိုပေါက်ထားတဲ့မြွေဟာ ချက်ချင်း သေဆေးကို မပြေးနိုင်သေးဘူး။ မြွေမှာလဲ လူ့အဆိပ်တက်နေတာပဲလေ။ အဲဒီမှာ အတိုးပြောတဲ့စကားကို သတိရလိုက်တာနဲ့ မြွေရဲ့အမြီးပိုင်း လက်နှစ်ဆစ်လောက်ကို ဓါးနဲ့ ခုတ်ဖြတ်လိုက်တယ်။

အဲဒီလိုခုတ်ပြီးရော မြွေလဲ ချုံပုတ်ထဲ ဝင်ပြေးသွားတယ်။ အဲဒီ ခုတ်ဖြတ်ထားတဲ့အမြီးနဲ့ အစ်ကိုကို ပေါက်ထားတဲ့အစွယ်ရာ နှစ်ခုပေါ်မှာဖိပြီး “နှင့်အဆိပ်ကို နင်ပြန်ယူသွား”လို့ (၉)ခေါက်တိတိ ရွတ်လိုက်တာ သိပ်မကြာဘူး အစ်ကို ကျွန်တော့်ဆီက ရေတောင်းသောက်နိုင်ပြီး အကောင်းပကတိ ဖြစ်သွားတော့တာပဲ။

ဒါပေမယ့် တစ်ခုတော့ရှိတယ် အစ်ကို... အဲဒီလိုကုနည်းနဲ့ အကုခံရတဲ့လူနာဟာ “မြွေသားကို တစ်ခါမှမစားတဲ့သူ”ဖြစ်ရမယ်။ ပြီးတော့“ မြွေကိုလဲ တစ်ခါမှ မသတ်တဲ့သူ” ဖြစ်ရမယ်။

အဲဒါမှ တက်နေတဲ့အဆိပ် အကုန်လုံးကျတယ်။ မြွေသတ်ခဲ့တဲ့သူဆိုရင် အဆိပ်တစ်ဝက်ပဲကျမယ်။ အဲ... မြွေသားစားထားတဲ့ သူဆိုရင်တော့ အဆိပ်လုံးဝမကျဘူးတဲ့’

‘တော်သေးတာပေါ့ကွာ။ ငါက မြွေသားလဲ တစ်ခါမှမစားဘူး။ မြွေကိုလဲ တစ်ခါမှ မသတ်ဖူးဘူးလေ... ကံသီပေလို့သာပေါ့ကွာ’

**ကိုကိုခန့်ချော (ကသာမြို့)**

www.burmeseclassic.com



ကိုကိုခန့်ဝေဒ
(ကသာမြေ)

# မြွေဆိပ်အတွက် တော်နည်း တစ်နည်း

အခုဇာတ်လမ်းအား စာရေးသူကို ပြောပြခဲ့သည်မှာ တစ်နှစ်နီးပါးခန့် ရှိသွားပြီဖြစ်သော်လည်း အခြား ရေးစရာ အကြောင်းများက လတ်တလောပေါ်လာသဖြင့် တော်တော်နှင့် မရေးဖြစ်ခဲ့ပါ။

အခု မှတ်စုစာအုပ်ကိုထုတ်ကြည့်မှ ရေးဖြစ်သွားပါတော့တယ်။ ပြောပြသူမှာ စာရေးသူ၏ စာမှန်သမျှကို မလွတ်တမ်း ဖတ်ရှုလေ့ရှိသောကိုထူးကျော်ဆိုသူ ဖြစ်ပါတယ်။

သူ၏ "**သေကံမရောက် သက်မပျောက်**"ခဲ့ရသော အကြောင်းကို စာရေးသူအား အောက်ပါအတိုင်း ပြောပြခဲ့ရာ စာရေးသူကလဲ ကိုထူးကျော်ပြောပြသည့် ပုံစံဖြင့် ရေးသားတင်ဆက်လိုက်ရပါတယ်။

* * *

ကျွန်တော့်နာမည်က **ထူးကျော်**ပါ။ ကသာမြို့နယ် ဆိပ်သာကျေးရွာမှာ နေပေမယ့် တကယ်တော့ ရွှေဘိုခရိုင်ဝက်လက်သားဗျ။

ဖောင်ထိုးလိုက်ရင်း ဆိပ်သာရွာမှာ သောင်တင်နေလို့ ဆိပ်သာရွာသူ စန်းစန်းဆွေနဲ့ အကြောင်းပါပြီး ဆိပ်သာရွာသားဖြစ်နေတာ။

စန်းစန်းဆွေမှာ စန်းစန်းဝေဆိုတဲ့ ညီမတစ်ယောက်ရှိတယ်။ သူကလဲ အိမ်ထောင်နဲ့ပဲ။ သူ့ယောက်ျားနာမည်က လှဘော်တဲ့။ ကျုပ်နဲ့ဆို မယားညီအစ်ကို တော်တာပေါ့ဗျာ...။

တစ်နေ့တော့ ကျုပ်နဲ့ မယားညီအစ်ကိုတော်တဲ့ လှဘော်တို့နှစ်ယောက်သား "**နတ်ရေတွင်းရွာ**" ကို သွားကြတယ်။ ကသာကိုရောက်တော့ ည ခုနစ်နာရီခွဲလောက်ရှိနေပြီ။ ကသာမှာ တည်းအိမ်မရှိတာနဲ့ နတ်ရေတွင်းရွာကို ဆက်သွားမယ်လို့ ဆုံးဖြတ်ကြတယ်။ နတ်ရေတွင်းဆိုတာကတော့ "ကသာ"နဲ့ လေးမိုင်သာသာပဲ ဝေးတာပါ။

အဲဒီညက မိုးတိမ်တွေအုပ်ပြီး လကမသာတော့ တစ်လောကလုံး အမှောင်ဖုံးနေတာပေါ့။ လက်နှိပ်ဓါတ်မီး ပါပေမယ့်လဲ ဓါတ်ခဲက အားနည်းနေတော့ သိပ်မလင်းဘူးဖြစ်နေတယ်။

ဒီလိုနဲ့ မယားညီအစ်ကိုနှစ်ယောက် လျှောက်လာလိုက်ကြတာနတ်ရေတွင်းရွာနဲ့ လေးဖာလုံလောက်ဝေးတဲ့ ချောင်းတစ်ချောင်းကိုဖြတ်ပြီး ကျော်လာခဲ့ကြပြီ။

အဲဒီမှာ ကျုပ်က သစ်ကိုင်းခြောက်တစ်ခုကို တက်နင်းမိတဲ့အခါ ကျုပ်ခြေသလုံး မီးစနဲ့ထိုးသလို ပူခနဲ ဖြစ်သွားတယ်။

အမှန်က ကျုပ်တက်နင်းမိတာဟာ သစ်ကိုင်းခြောက်မှ မဟုတ်ဘဲ မြွေဖြစ်နေတာကိုး။ ကျုပ်လဲ တစ်ခါတည်း ဖင်ထိုင်လျက် လဲကျသွားတာပေါ့။

ကျုပ်လဲ ခြေသလုံးအထက်နားကို လက်နှစ်ဖက်နဲ့ ဆုပ်ညှစ်ထားတယ်။ ဒါပေမယ့် မြွေဆိပ်တက်လို့ ထင်ပါရဲ့၊ မျက်ခွံတွေလေးပြီး အမြင်အာရုံတွေ မှုန်ဝါးလာတယ်။

လှဘော်ဟာ လက်ထဲက ကိုင်းခုတ်ဓါးကြီးကို မြှောက်ပြီး မြေပြင်ကိုခုတ်နေတာတွေ့ရတယ်။ ကျုပ်အထင်ကတော့ ကျုပ်ကိုပေါက်လိုက်တဲ့မြွေကို ခုတ်တယ်ထင်ပါရဲ့...။

ပြီးတော့ ကျုပ်ရဲ့ ခြေသလုံးကို တစ်စုံတစ်ခုနဲ့ ဖိပြီး ပါးစပ်ကလဲ ဘာတွေ ရွတ်မှန်း မသိဘူး... တတွတ်တွတ်နဲ့ ရွတ်နေလေရဲ့။

သူ အဲဒီလိုလုပ်ပြီး တအောင့်ကြာတော့ မှုန်ဝါးနေတဲ့ အမြင်အာရုံတွေဟာ ပြန်ပြီးတော့ ကြည်လင်လာတယ်။ ကျုပ်လဲ ရေဆာလာတာနဲ့ လှဘော်မှာချိတ်လာတဲ့ ရေသန့်ဘူးကိုတောင်းပြီးသောက်လိုက်တာ ရေသန့်ဘူးတစ်

စာမျက်နှာ (၂၅၁) သို့

www.burmeseclassic.com



ထူးဆန်းသော

# အိမ်ကြီးနှင့် ပရလောကသား

(၂)

ရွှေဒုံ ကြူကြူအေး

ယခင်လမှ အဆက်

မဟာသမယသုတ်နဲ့ ပဋ္ဌာန်းပါဠိတော်ကိုလဲ အကျယ်ရွတ်ဆိုပူဇော်ပါတယ်။ ပြီးတာနဲ့ (၃၁)ဘုံမှာ ကျင်လည်ကြကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့နဲ့တကွ ဤအိမ်ဂေဟာနဲ့ မလွတ်ကင်းသော ဘုမ္မိရုက်မှ အစောင့်များ၊ ညောင်ပင်မှ ညောင်ရုက္ခစိုး၊ ကုက္ကိုပြင်မှာ ရှိနေသော ရုက္ခစိုးနဲ့ ဤအိမ်အနီးအနားမှာ ရှိနေကြသော ကျွတ်လွတ်ပြီး ပုဂ္ဂိုလ်နဲ့ မကျွတ်မလွတ်သေးသော ပုဂ္ဂိုလ်အနန္တတို့အား အမျှပေးဝေလိုက်ပါတယ်။

ဒီနေ့ သင်္ကြန်အကျနေ့မှာ သားလေးကောက်ကာငင်ကာ ဖျားပါတော့တယ်။ နေ့လယ် အိပ်နေရာမှ လန့်အော်ပြီး ထငိုတာမို့ ကောက်ချီလိုက်တော့ ကိုယ်တွေအရမ်းပူနေမှန်း သိရတော့တယ်။

အဖေကြီးက ဆရာဝန်ပြေးခေါ်တော့ ဆရာဝန်လဲ ချက်ချင်းလိုက်လာခဲ့ပါတယ်။ ကလေးကို စမ်းသပ်ကာ ဆေးထိုး၊ သောက်ဆေးပေးကာ ပြန်သွားပါတယ်။

မသက်သာရင် ညဖြစ်နေပါစေ လာခေါ်ပါလို့လဲ မှာသွားပါတယ်။ ကိုယ်ပူတာ သက်သာပေမယ့် ခြေတစ်ပိုင်း လက်တစ်ပိုင်းအေးကာ တစ်ညလုံး ထငိုနေတော့ လူကြီးတွေမှာ မအိပ်ရပါ။

မနက်မိုးလင်းတော့ သင်္ကြန်အကြတ်နေ့မှာ မိုးကလဲ တဖွဲဖွဲရွာပြီမို့ ပိတောက်ပန်းတွေ ဝေနေအောင် ပွင့်ကြပါပြီ။ ရဲဘော်လေးတစ်ယောက်က ပိတောက်ပန်းတွေ ပွေ့လာပြီး လာပို့ပေးတော့ သမီးကြီးက ဘုရားကပ်လှူလိုက်ပြီး အရိုးတိုတာတွေကိုတော့ အားလုံးဝေမျှပြီး ပန်လိုက်ပါတယ်။

ကျွန်မ အမျိုးသားအား...



www.burmeseclassic.com

www.burmeseclassic.com

'ဖေကြီး ဘုန်းကြီးပင့်ပေးပါ။ ပရိတ် ရွတ် ကမ္မဝါဖတ်ချင်တယ်'

လို့ပြောတော့...

'အေး... ပင့်ပေးမယ်။ ဒါလေးပြီး အောင် လုပ်လိုက်ဦးမယ်'

သူက ရဲဘော်လေး‚ငါးယောက်ကို အိမ်သာရွှေ့ဖို့ အလုပ်ရှုပ်နေတာပါ။

ယခင် အိမ်သာက ညောင်ပင် အောက်မှာဆိုတော့ မထားသင့်ဘူး လေ။ ဒါကြောင့် ညောင်ပင်နဲ့ လွတ်နေ တဲ့ဘက်ကို ရွှေ့ရတာပါ။ တစ်ဆက် တည်းမှာပဲ ညောင်ပင်မှာ ပန်းအိုးနဲ့ မီးပူဇော်လို့ရအောင် စင်လေးပါ ရိုက် ပေးကြပြီး ညနေ(၅)နာရီလောက်မှာ စခန်းမှူးက ဘုန်းကြီး(၅)ပါး ပင့်လာပါ တယ်။

ဆရာတော်မှာ ကျောက်အင်းကုန်း ကျောင်းမှဖြစ်ပြီး **သက်တော်(၈၀)၊ ဝါတော်(၄၅)ဝါ**ရပြီလို့ ပြောပါတယ်။ ကျွန်မတို့ကိုလဲ...

'ဘယ်က ပြောင်းလာ ကြတာလဲ'

လို့ မေးပါတယ်။

'တပည့်တော်တို့ မော်လမြိုင်ကပါ ဘုရား'

လို့ လျှောက်တင်လိုက်ပါတယ်။

ဆရာတော်မှ...

'နေမကောင်းတဲ့ ကလေးကို ခေါ်ခဲ့ ပါ'

ဆိုလို့ သမီးကြီးမှ သားကိုချီကာ ကျွန်မအား ကမ်းပေးပါတယ်။ ကလေး က အိပ်ပျော်နေတော့ ကျွန်မလဲ ပေါင်ပေါ်မှာ တင်သိပ်ကာ သီလခံယူပြီး တရားနာကြပါတယ်။

ဆရာတော်တွေ ကမ္မဝါဖတ်တော့ ပရိတ်ကြိုးနဲ့ ကလေးကို ကိုးပတ် ပတ်ကာ သံဃာတော်တွေက ပရိတ် ကြိုးစကို ကိုင်ပြီး ရွတ်ဖတ်ရာ ကမ္မဝါ (၂)ပုဒ် အရောက်မှာတော့ အိပ်ပျော်



နေတဲ့ကလေးဟာ အတင်းရုန်းကန် တာ ပရိတ်ကြိုးတွေ ပြုတ်ကုန်ပါတယ်။

အားကလဲ ကြီးလိုက်တာ လူကြီး (၂)ယောက် ဖမ်းချုပ်ကိုင်တာတောင် မနိုင်ပါဘူး။ ဆရာတော်မှ ရွတ်နေရင်း ပရိတ်ကြိုးကို ကလေးကိုယ်မှာ ပြန် ပတ်ဖို့ လက်ဖြင့်ပြရာ ပြန်ပတ်ကြပြန် တယ်။

ဒီတစ်ခါတော့ အဖေကြီးရယ်၊ ဦးကျော်မြင့်ရယ်၊ နယ်ထိန်းတစ် ယောက်ရယ် ဝိုင်းပြီး ချုပ်ကိုင်ထားကြ တာမို့ ရုန်းပေမယ့် ကြိုးမပြုတ်တော့ပါ။ ပြီးခါနီးမှာ ရုန်းကန်တာ ငြိမ်သွားပါ တော့တယ်။

ဆရာတော်လဲ ချက်ချင်းပဲ ပရိတ် ကြိုးနဲ့ လက်ဖွဲ့ထိုးပြီး ကလေးရဲ့ လည်ပင်းနဲ့ လက်နှစ်ဖက်၊ ခြေနှစ်ဖက် မှာ ချည်နှောင်ပေးပြီး...

'ကြက်သွန်ဥရှိလား... ရှိရင် သုံး‚လေးဥ ဆရာတော်ကိုကပ်ပါ'

ပြောလို့ ကြက်သွန်နီလေးဥကို ကပ် လိုက်ရာ ဆရာတော်မှ မန်းမှုတ်ပြီး...

'ရော့... အိမ်ရဲ့ တိုင်ထောင့်လေးထောင့် မှာ တူးပြီး မြှုပ်လိုက်၊ ပြီးရင် ခဲမန်း‚ သဲမန်း‚ ဆန်မန်းတွေကို အိမ်ပေါ်အိမ်အောက် အိမ် အနီးအနား ပတ်ဝန်းကျင်ကို ပက်လိုက်ပါ'

လို့ မှာကြားပြီး ပြန်ကြွသွားပါတယ်။

ကျွန်မလဲ ဆန်မန်းကို အိမ်ပေါ်၊ ခေါင်မိုးပေါ်မကျန်ကြဲကာ သဲနဲ့ခဲကို တော့ အိမ်အောက်၊ အိမ်ဘေး၊ အိမ် နောက်၊ အိမ်သာပါမကျန် ကြဲပက် လိုက်ပါတယ်။

ဘုန်းကြီးများ ပြန်ကြွသွားတာ ကျောင်းတော် မရောက်သေးပါ။ သား လေးမှာ နေကောင်းသွားပြီး ဘောလုံး ထကန်နေပါရောလား။ ထမင်းလဲ တောင်းစားလို့ သူကြီးတော်က ထမင်း ခွံ့ကျွေးနေပါတော့တယ်။

ကျွန်မတို့ တစ်အိမ်လုံးလဲ ခရီးက ပန်း၊ အိပ်ရေးကလဲ ဆက်တိုက်ပျက် နဲ့မို့ အတိုးချ အိပ်ပျော်သွားပါတယ်။ အဲဒီညမှာပဲ လူနှစ်ယောက် ကျွန်မတို့ အိမ်ပေါ်တက်လာပြီး ဖိနပ်ချွတ်မှာ ရပ်ကာ ကျွန်မအား...

'ကျွန်တော်တို့ နေစရာမရှိလို့ နေရာ ပေးပါ'

လို့ လာတောင်းတော့ ကျွန်မက...

'မင်းတို့ကို နေရာပေးရင် ကောင်း ကောင်းမွန်မွန် နေမှာလား၊ သူများ တွေကို မနှောင့်ယှက်ရဘူး။ မင်းတို့ ကတိပေးရင် ငါ နေရာပေးမယ်'

လို့ပြောတော့...

'ကောင်းပါပြီခင်ဗျာ... ကောင်း ကောင်းမွန် နေပါ့မယ်'

လို့ ကတိပေးကာ အိမ်ပေါ်မှ ဆင်း သွားကြပါတယ်။

ကျွန်မ အိပ်ရာမှ လန့်နိုးလာပြီး အမျိုးသားကိုနှိုးကာ ပြောပြမိတယ်။ သူကတော့...

'လွယ်ပါတယ် မိန်းမရာ၊ အိမ်ရှေ့က အပင်ကြီးမှာ သစ်သားနဲ့ အိမ်ကလေး လုပ်ပေးလိုက်ပေါ့'

လို့ လွယ်လွယ်ပဲ ပြောခဲ့ပေမယ့် ကျွန်မ မလုပ်ရဲခဲ့ပါ။

သင်္ကြန်လွန်ပြီး တက္ကသိုလ်ကျောင်း တွေ ပြန်ဖွင့်တော့ သမီးဆီမှ ကြေးနန်း လာပါတယ်။ အဆောင်ကျောက်တာ မရလို့ မေမေ လာစီစဉ်ပေးပါဦးဆိုတာနဲ့

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ မော်လမြိုင်ကို ဆင်းခဲ့ရပါတော့တယ်။

သမီး နေထိုင်ဖို့ စီစဥ်ပြီးတာနဲ့ ကျွန်မ ဆရာအေးဆီ သွားရောက်ခဲ့ပါတယ်။ ဆရာအေးမှ ဘားမဲ့ဆရာတော်ကြီးကို ပင့်လျှောက်ပြီး မေးကြည့်ရာ ဆရာတော်ကြီးမှ...

'ငါ့သား ပြောသလို လုပ်လိုက်ရင် မွေးထားသလိုဖြစ်ပြီး ပြောင်းလေရာ တကောက်ကောက် လိုက်နေမှာ။ သမီးပြန်ရင် သင်္ကန်းဝယ်သွား ဟိုရောက်ရင် ဘုန်းကြီးပင့် သင်္ကန်းလှူ၊ ဆွမ်းကပ်ပြီးရင် အိပ်မက်ပေးသူ နှစ်ဦးကိုခေါ် ရေစက်ချ အမျှအတန်းပေးဝေလိုက်ရင် သူ့ဟာသူ ဘုံဗိမာန် ရသွားလိမ့်မယ်'

လို့ ဟောပြီး ဆရာတော် ပြန်ကြွသွားတော့ ဆရာအေးကို နှုတ်ဆက်ကာ ပြန်ခဲ့ပါတော့တယ်။

ကျွန်မလဲ မန္တလေးအိမ်တော်ရာ ဘုရားမှ သင်္ကန်းဝယ်ကာ ပြန်ခဲ့ပါတယ်။ ကျွန်မ အမျိုးသားက နယ်တွေကို စည်းရုံးရေး၊ စပါးဝယ်ယူရေးနဲ့ ပါတီကောင်စီ ခရီးထွက်တိုင်း လိုက်နေရတာမို့ နှစ်လလောက် ကြာသွားပါတယ်။

ဒီနေ့တော့ ပြန်ရောက်ပါပြီ။ ဒါပေမယ့် နောက်နေ့ ကသာကို အစည်းအဝေးသွားရမှာမို့ ပြန်လာတာပါ။

ညဘက်ရောက်ရင် အမြဲတမ်းလိုလိုပဲ ယမ်းမီးခြစ် ခြစ်တဲ့ အနံ့နဲ့ စီးကရက်သောက်သလိုမျိုး ဆေးလိပ်နံ့ကိုလဲ ရတတ်လို့ ခဏခဏပဲ ကျွန်မအမျိုးသားက အိမ်အောက်ကို ဆင်းပြီး ရှာတာ ဘာမှမတွေ့ပါဘူး။

'ကဲ...စောစောအိပ်ကြ၊ ဖေဖေလဲ မနက်စောစော ခရီးထွက်ရဦးမယ်'

ပြောပြီး စောစောပဲ အိပ်ရာဝင်ခဲ့ကြပါတယ်။ ညသန်းခေါင်လောက်မှာ



လင်မယားနှစ်ယောက် အပေါ့အပါး ထသွားကြပြီး တံခါးသော့ချပိတ်ကာ အိပ်ရာထဲဝင်ကြကာ အမျိုးသားက မအိပ်သေးဘဲ ခြင်ရှာနေပါတယ်။

သူလဲအိပ်ချလိုက်တာနဲ့ "ဒုံး... ဒုံး... ဒုံး..." ဆိုတဲ့ ပြင်းထန်တဲ့ ခြေသံကြီးနဲ့ အတူ တစ်အိမ်လုံး လှုပ်ခါယမ်းပြီး ရေချိုးခန်းမှ ထမင်းစားခန်း၊ ထိုမှ ဧည့်ခန်းထိ ဝင်ရောက်လာပါတယ်။

တော်တော်ပြင်းပြင်း နင်းလျှောက်လာတာမို့ ခြေသံကြီးက အကျယ်ကြီး ကြားရပြီး ကျွန်မတို့က ကြမ်းပြင်မှာဝဲအိပ်တာမို့ အိမ်ကြီး လှုပ်ခါနေတာကို သိရပါတယ်။

ခြေသံက ဧည့်ခန်းရောက်တာနဲ့ ရပ်သွားပါတယ်။ ကျွန်မအမျိုးသားလဲ ခေါင်းအုံးအောက်က ခြောက်လုံးပြူးသေနတ်ကိုဆွဲပြီး ဓာတ်မီးထိုးကာ ချက်ချင်း လိုက်ရှာပါတော့တယ်။ တစ်အိမ်လုံး အနှံ့ပါပဲ။ ကလေးတွေနဲ့ အမေလဲ အိပ်မောကျနေလျက်ပါ။

ဘာမှ မတွေ့ရတာနဲ့ဘဲ သူလဲ ပြန်ဝင်လာပြီး မကျေမချမ်းနဲ့ ဘာတွေလဲကွာလို့ပြောပြီး ကျွန်မနံဘေးမှ ပြန်ဝင်အိပ်ပါတယ်။ ဒီအချိန်မှာပဲ ကျွန်မတို့ အိပ်တဲ့ ခြေရင်းမှ "ချွင်...ချွင်... ဂလယ်...ဂလယ်... ချွင်... ချွင်... ချွင်... ဂလယ်..."နဲ့ ကြားရတော့တာပဲ။

အမျိုးသားက ဓာတ်မီးဖြင့် ထိုးကြည့်ရာ အကောင်အထည်လဲ မမြင်ရဘဲ ခြေရင်းတွင် ထားရှိတဲ့ အဝတ်လှန်းတဲ့ သွပ်ကြိုးတန်းမှာ လှုပ်ခါယမ်းနေပြီး ယူနီဖောင်းမှ ခါးပတ်နဲ့ နံရံကို ရိုက်ခတ်နေလို့ ထွက်ပေါ်လာတဲ့ အသံတွေပါပဲ။

အမျိုးသားက ဓာတ်မီးပိတ်ပြီး ကျွန်မအနားကပ်ကာ လေသံဖြင့်...

'မိန်းမ ဘာလဲ မသိဘူး၊ ဘာမှလဲ မတွေ့ရဘူးကွာ'

လို့ ပြောပါတယ်။ ကျွန်မက သူ့ကို "ဘယ်နှနာရီလဲ ဖေဖေ" လို့မေးတော့ (၂)နာရီ (၁၅)မိနစ်လို့ လက်ပတ်နာရီကြည့်ပြီး ပြောပါတယ်။ ကျွန်မလဲ မေတ္တာသုတ်ကို ရွတ်ဆိုပြီး သူတို့ကို မေတ္တာပို့လိုက်တော့ ငြိမ်သက်သွားပါတော့တယ်။

ရဲစခန်းမှ နာရီ(၄)ချက် သံချောင်းခေါက်ပြီးမှ ကျွန်မ အိပ်ရာမှထကာ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ဘုရားမီးပူဇော်နံ့သာတိုင် ထွန်းညှိကာ ဘုရားရှိခိုးပရိတ်ရွတ်ပြီး သူတို့ကိုခေါ်၍ အမျှအတန်းပေးဝေပြီး...

'ငါ မင်းတို့ကို ကတိပေးထားတဲ့အတိုင်း လုပ်ပေးဖို့ရာ ငါတို့က မင်းမှုထမ်းဖြစ်နေတဲ့ အတွက် မင်းရဲ့အမိန့်ကို လိုက်နာရတယ်။ မအားလပ်သေးလို့ လုပ်မပေးနိုင်တာကို မင်းတို့က သည်းခံမှပေါ့။

ဒီပုံစံနဲ့ နောက်ကို ဘယ်တော့မှ ငါတို့ကို သတိပေးတာမျိုး ဘယ်တော့မှ မလုပ်ပါနဲ့။ ကလေးတွေနိုးကုန်ရင် ထိတ်လန့်ကြောက်ရွံ့ကုန်လိမ့်မယ်။ ခရီးသွားရာက ပြန်လာရင် ငါလုပ်ပေးမယ်။ မင်းတို့လဲ ငါပြောတဲ့အတိုင်း နေပေးကြပါ'

လို့ ပြောဆိုပြီး ပုတီးကိုးပတ်စိပ်ကာ ကိစ္စပြီးပြီမို့ ထလာခဲ့ပါတယ်။

မနက်လင်းတော့ အဖေကြီးအား အဆာပြေကျွေးကာ (၃)ရက်စာ အဝတ်အစားနဲ့ လိုအပ်တဲ့ ဆေးဝါးများ ထည့်နေစဉ် အမျိုးသားမှ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

အား...

'မိန်းမ...မင်း အိပ်ရဲ့ရဲ့လား။ မအိပ်ရဲရင် ကလေးတွေခေါ်အိပ်'

လို့ တိုးတိုးလာပြောပါတယ်။

ကျွန်မကလဲ...

'အိပ်ရဲတယ်... ဖေကြီး ဘယ်နေ့ပြန်လာမှာလဲ ဆိုတာပြော'

လို့ သူ့ကို ပြောတော့ စနေနေ့ရောက်မယ်လို့ ပြောပါတယ်။ ကျွန်မ အလှူလုပ်ဖို့ အဆင်သင့်ဖြစ်ရန် ဝယ်ရခြမ်းရပါတော့တယ်။

နောက်တစ်နေ့မှာ သမီးကြီးက...

'မေမေ အိမ်ရှေ့မှာ ဧည့်သည်တွေလာတယ် မေမေ'

လို့ လှမ်းပြောတော့ မီးဖိုမှ လုပ်လက်စကို ထားခဲ့ကာ အိမ်ရှေ့သို့ ထွက်ခဲ့ပြီး လာသူများကို ထွက်တွေ့ကာ ''လာကြပါရှင်''လို့ ခေါ်လိုက်တော့ အမျိုးသမီး(၃)ဦးက အိမ်ပေါ်သို့ တက်လာလို့ ကျွန်မ နေရာထိုင်ခင်း ပေးလိုက်ပါတယ်။

ရောက်လာသူ အမျိုးသမီးများထဲမှ အသက်အနည်းငယ်ကြီးသူက သူ့ကိုယ်သူ မိတ်ဆက်ပါတော့တယ်။ ''ကျွန်မ ကောင်စီဥက္ကဋ္ဌဇနီး ဒေါ်ခင်ဆွေတင့်ပါ'' နောက်တစ်ယောက်ကလဲ ''ကျွန်မက ပါတီယူနစ်ဥက္ကဋ္ဌ ဇနီးဒေါ်သိန်းသိန်းပါ'' အငယ်ဆုံးတစ်ယောက်ကလဲ ''ကျွန်မက တိ–မွေး–ကု ဒေါက်တာညီညီရဲ့ဇနီး မလဲ့လဲ့ပါ''လို့ မိတ်ဆက်ကြတော့ ''ကျွန်မကလဲ မြို့နယ်မှူး ဦးခင်မောင်မြင့်ဇနီး ဒေါ်ကြူကြူအေး''ပါလို့ ပြန်လည်မိတ်ဆက်ပြီး ကော်ဖီနဲ့မုန့်များနဲ့ ကျွေးမွေးဧည့်ခံကာ စကားပြောဆိုနေကြပါတယ်။

သူတို့အားလုံး သဘောကောင်းကြပါတယ်။ ပါတီယူနစ်ဥက္ကဋ္ဌဇနီးမောင်နှံကတော့ ယခု အဆိုတော်ချောစုခင်ရဲ့ မိဘများပဲ ဖြစ်ကြပါတယ်။



ကျွန်မက...

'မနက်ဖြန်အိမ်မှာ ဆွမ်းကပ်လှူမှာမို့ မမတို့နဲ့ ညီမလေး လဲ့လဲ့ကော လာခဲ့ဖို့ ဖိတ်ပါတယ်။ လာခဲ့နော်'

လို့ ဖိတ်တော့ ''ဘာကျွေးမှာလဲ ညီမလေး''လို့ မေးပါတယ်။

'မော်လမြိုင်အုန်းနို့ခေါက်ဆွဲ ကျွေးမှာပါမမ'

လို့ပြောတော့...

'လာမယ်...လာမယ်... မော်လမြိုင်လက်ရာ စားရတာပေါ့။ ကဲ ပြန်ဦးမယ်။ ညီမလေး မမတို့ဆီလဲ အလည်လာပါဦး'

လို့ နှုတ်ဆက်ကာ ပြန်သွားကြပါတယ်။

ညနေ(၅)နာရီလောက်မှာ အဖေကြီး ပြန်ရောက်လာပါတယ်။ ကျွန်မလဲ သူ့ဆီမှ အိတ်ကို ယူပြီးသိမ်းလိုက်ပါတယ်။

'လူတွေ ဖိတ်ပြီးပြီလား'

မေးလို့...

'ဟုတ်ကဲ့ ဖေကြီး... စခန်းမှူးက တာဝန်ယူဖိတ်ပေးပါတယ်'

လို့ ပြန်ဖြေလိုက်ပါတယ်။

သူလဲ ရေမိုးချိုးပြီး အိမ်မှာ လုပ်စရာရှိတာတွေ ရှာဖွေလုပ်ကိုင်နေပါတယ်။ ခေါက်ဆွဲနဲ့ ဟင်းကိုတော့ ကျွန်မကိုယ်တိုင် ချက်တာမို့ ညရောက်တော့ ရဲမေတွေ လာရောက်ကူညီလုပ်ကိုင်ပေးကြပါတယ်။

ဆရာတော်နဲ့တကွ သံဃာငါးပါးလဲ ကြွရောက်ပါပြီ။ ကျွန်မတို့မိသားစုနဲ့တကွ တပ်ဖွဲ့ဝင်ရဲဘော် အရာရှိရဲမေများအားလုံး တရားနာယူကြပြီး သက်န်းနဲ့ ဆွမ်းကပ်လှူဒါန်းကာ အိပ်ပက်ပေးသော ပုဂ္ဂိုလ်နှစ်ယောက်ကိုခေါ်ကာ ဤသို့ လှူဒါန်းရသော ကုသိုလ်ကောင်းမှုအဖို့ဘာဂကို သူတို့အား ရေစက်သွန်းချ အမျှပေးဝေလိုက်ပါတော့တယ်။

အိပ်ရေးပျက် ပင်ပန်းကြတာမို့ နေ့ခင်း တရေးတမောအိပ်ပြီး ညနေ(၅)နာရီခွဲလောက် ကျွန်မမိခင်ကြီးရယ်၊ ကျွန်မအမျိုးသားရယ်၊ သားလေးရယ်၊ ကျွန်မရယ် အိမ်ရှေ့မှာထိုင်ပြီး သားလေးက ဆော့နေပါတယ်။

အဲဒီအချိန်မှာ မွှေးလိုက်တဲ့ ပန်းရနံ့ ဘာပန်းမှန်းကို မသိပါဘူး။ ကုက္ကိုပန်းပွင့်ချိန်လဲ မဟုတ်၊ အနီးအနားမှာလဲ ဘာပန်းမှလဲမရှိပါ။ ည(၈)နာရီ (၉)နာရီထိပဲ မွှေးကြိုင်နေတော့တာပါပဲ။ ကျွန်မ အမျိုးသားက...

'ဒီကောင်တွေ နေရာရပြီး ကောင်းတဲ့ဘုံကို ရောက်ရှိသွားကြပြီဆိုတာ သေချာသွားပြီ'

လို့ပြောတယ်။

ကျွန်မရဲ့ စိတ်ထဲမှာတော့ တစ်စုံတစ်ယောက်ကို မကျွတ်မလွတ်ဘဝမှ ကျွတ်လွတ်ရာဘုံဘဝသို့ ရောက်ရှိသွားအောင် ပြုလုပ်ပေးနိုင်ခဲ့သော ကုသိုလ်စိတ် ပီတိအဟုန်သည် တစ်လောကလုံး ပျံ့နှံ့အောင် ရောက်ရှိသွားပါတော့တယ်။

**ကိုယ်တွေ့ဖြစ်ရပ်မှန်မို့ နာမည်အမှန်အတိုင်း သုံးစွဲထားပါသယ်။**

**// ရွှေဒုံ ကြူကြူအေး //**



www.burmeseclassic.com

www.burmeseclassic.com

စာရှုသူများအနေဖြင့် ယခု ရေးသား တင်ပြအပ်သော ဇာတ်လမ်း ခေါင်းစဉ်အား ဖတ်ရှုပြီး သို့လော... သို့လော... တွေးတော၍ မျက်စိလည်ကြမည်ဟု ထင်ပါသည်။

သို့ပါသော်လည်း ဤဇာတ်လမ်းအား အစအဆုံး ဖတ်ရှုပြီးလျှင် သဘောပေါက် နားလည်ကြမည်ဟု ထင်ပါသည်။

ဤဇာတ်လမ်းသည် စာရေးသူ ကျွန်တော်၏ ကိုယ်တွေ့အဖြစ်အပျက် ဇာတ်လမ်း မဟုတ်ပါ။ ကျွန်တော်နှင့် ညီအစ်ကိုအရင်းတမျှ ခင်မင်သော ဦးသန်းလှိုင်၊ သ/မဦးစီးဌာန စဉ့်ကူး မြို့နယ်၏ အမှန်တကယ် တွေ့ကြုံ ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန် ကိုယ်တွေ့ ဇာတ်လမ်း ဖြစ်ပါသည်။

ယခုအချိန်တွင် စာရေးသူ လေးစား ရပါသော အစ်ကိုကြီး ဦးသန်းလှိုင် ကွယ်လွန်ခဲ့သည်မှာ (၁)နှစ်နီးပါးပင် ကြာခဲ့ပါပြီ။

သူ မကွယ်လွန်မီ လွန်ခဲ့သော (၅)နှစ်ခန့်က စာရေးသူအား ပြောပြခဲ့ သော ဤဖြစ်ရပ်မှန် ဇာတ်လမ်းအား စာရှုသူတို့အတွက် ပြန်လည်ရေးဖွဲ့ တင်ပြခြင်းသာ ဖြစ်ပါသည်။

***(စာရေးသူ)***

* * *

အချိန်ကား **၁၉၉၅ ခုနှစ်** ဖြစ်ပါ သည်။ ကျွန်ုပ်သည် စဉ့်ကူးမြို့၏ ဘုရားပေါင်း (၁၃၇)ဆူအနက် တန်ခိုး ကြီးဘုရားများဖြစ်သော **ရွှေကူကြီး၊ ရွှေမုဋ္ဌော၊ ရွှေတောင်မည်း၊ ရွှေရစ် တော်ဘုရားကြီး** လေးဆူတွင် ပုတီး စိပ် အဓိဋ္ဌာန်ဝင်ရန် ဆုံးဖြတ်ထားပြီး ဖြစ်သဖြင့် လူသူအသွားအလာ နည်း ပါးသော အချိန်နာရီတို့ကို ရွေးချယ် ရပါသည်။

F.33A. February, 2017.



ကိုသိန်းလွင်ဟိန်း–ဟန်းသခင်
(စဥ့်ကူး)

ကျွန်ုပ်နှင့်

# မျက်နှာများသော ခေါင်းဖြတ်ကြီး

ကျွန်ုပ်လည်း နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလတို့အား ရွေးချယ်၍ ပုတီး စိပ်ရန် အချိန်အား နံနက်(၁း၀၀)နာရီမှ (၃း၀၀)နာရီအချိန်ထိ အလုပ် လုပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

ကျွန်ုပ်သည် ဘုရားကြီး လေးဆူ တွင် တစ်ရက်လျှင် တစ်ကြိမ် အလှည့် ကျဖြင့် အဓိဋ္ဌာန်ပုတီးစိပ်ရန် ဆုံးဖြတ် ၍ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက် နေ့မှ စတင်ကာ အဓိဋ္ဌာန်လုပ်ငန်းကို



www.burmeseclassic.com

www.burmeseclassic.com

စတင်ခဲ့ပါသည်။

ကျွန်ုပ်သည် မိမိ၏ အဓိဋ္ဌာန်လုပ်ငန်း (၁၂)ရက် မပျက်မကွက် လုပ်ဆောင်နိုင်ခဲ့၍ အတိုင်းမသိသော ပီတိများ ဖြစ်ပေါ်ခံစားရပါ၏။

ကျွန်ုပ်၏ ဖွဲလုံ့လကိုလည်း တိုးမြှင့်ဆောင်ရွက်ရန် မိမိကိုယ်မိမိ အားပေးနေမိ၏။

ကျွန်ုပ် အဓိဋ္ဌာန်လုပ်ငန်း၏ (၁၃) ရက်မြောက်သော ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ(၁၃)ရက် ည(၁၂း၃၀)နာရီအချိန်တွင်ကား...

## ခေါင်းပြတ်ကြီးနှင့် စတင် တွေ့ဆုံခြင်း

၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ(၁၃)ရက် ည(၁၂း၀၀)နာရီ အချိန်ခန့်တွင် ကျွန်ုပ်သည် ပုံမှန်လုပ်ဆောင်နေကျအတိုင်း ဘုရားမီးပူဇော်ရန် ဖယောင်းတိုင်၊ အမွှေးတိုင်၊ မီးခြစ်တို့ကို ကြွပ်ကြွပ်အိတ်ထဲထည့်၍ စဉ့်ကူးမြို့၏ အအေးဒဏ်ကို ကာကွယ်နိုင်ရန်အတွက် အနွေးထည်၊ ခေါင်းစွပ်၊ ခြေအိတ်တို့ကို ဝတ်ဆင်ပြီး နေအိမ်မှ ထွက်လာခဲ့ပါသည်။

ကျွန်ုပ်သည် စဉ့်ကူးမြို့နယ် စည်ပင်သာယာဈေးရှေ့ အရောက်တွင် မြို့နယ်ပြည်သူ့ဆေးရုံမှ ခွေးလေခွေးလွင့်များ၏ ချောက်ချားဖွယ် အူသံများကို စတင်ကြားရပါသည်။

ကျွန်ုပ်လည်း သူတို့ ဘာသာဘာဝ အရ အူကြတာပါပဲဟု သုံးသပ်ကာ ဗုဒ္ဓါနုဿတိကို ဆင်ခြင်၍ မြို့ထဲသို့ ဆက်လျှောက်လှမ်းခဲ့ပါသည်။

ဆေးရုံရှေ့မှ ခွေးလေခွေးလွင့်များ၏ အူသံကြား၍ မြို့ဟောင်းထဲမှ အိမ်မွေးခွေး၊ လမ်းဘေးခွေးများလည်း အူသံပေးနေကြပါသည်။ အသည်း



ငယ် ကြောက်ရွံ့တတ်သူတို့အတွက် ချောက်ချားဖွယ် ညတစ်ညပင် ဖြစ်နေပါမည်။

ကျွန်ုပ်လည်း ဆက်လက်လျှောက်လှမ်းလေရာ **စဉ့်ကူးမြို့ဟောင်းအဝင် ဘိုးဘိုးကြီး၊ ဘွားဘွားကြီး နတ်နန်း** အရောက် နှင်းမှုန်များကြားမှ ရှေ့သို့ ကျော်ကြည့်လိုက်ရာ လျှပ်စစ်မီး၏ အလင်းရောင်ဖြင့် လွတ်လပ်ရေးကျောက်တိုင် ဖြူဖြူဖွေးဖွေးနှင့် ယှဉ်လျက် လမ်းမပေါ်တွင် ဦးခေါင်းမပါသော ခေါင်းပြတ် မည်းမည်းကြီးကို ကျွန်ုပ် ထင်ထင်ရှားရှား မြင်တွေ့ရပါသည်။

ကျောက်တိုင်၏ အမြင့်နှင့် ခေါင်းပြတ်ကြီး၏ အမြင့်တို့မှာ အတူတူနီးပါးဟု ကျွန်တော် ခန့်မှန်းမိပါသည်။

ကျွန်ုပ်၏ တစ်သက်နှင့်တစ်ကိုယ် ဤမျှမြင့်မားကြီးမားသော သတ္တဝါကြီးကို အံ့သြဘနန်း ကြည့်နေမိသည်မှ တစ်ပါး ကြောက်ရွံ့ထိတ်လန့်စိတ် မရှိခဲ့ပါ။

ခေါင်းပြတ်ကြီးသည် ကျဲသော ခြေလှမ်း၊ နှေးကွေးသော နှုန်းထားတို့ဖြင့် တစ်လှမ်းချင်း လှမ်းလျက် မြို့ထဲသို့သွားရာ ကျွန်ုပ်လည်း ခေါင်းပြတ်ကြီး၏နောက်မှ ဆက်လက် လိုက်ပါလာခဲ့ပါသည်။

လမ်းဘေး ခွေးလေခွေးလွင့်များသည် ခေါင်းပြတ်ကြီးကိုကြည့်၍ ဝပ်၍တစ်ဖုံ၊ ဆောင့်ကြောင့်ထိုင်၍တစ်မျိုး ကြောက်ကြောက်လန့်လန့်ဖြင့် အူသံပေးနေကြသည်မှာ ထိတ်လန့် တုန်လှုပ်ဖွယ်ရာပင်။

ထိုနေ့က ကျွန်ုပ် အဓိဋ္ဌာန် ဝင်ရမည့် ဘုရားသည် ရွှေမုဋ္ဌောဘုရားဖြစ်၍ မိန်းလမ်းမကြီးမှ သွားရမည် ဖြစ်ပါသည်။ ခေါင်းပြတ်ကြီးသည် ခြေလှမ်းကျဲကြီးများဖြင့် အနောက်သို့ တရွေ့ရွေ့ လျှောက်လှမ်းနေသကဲ့သို့ ကျွန်ုပ်လည်း ယင်း၏နောက် ခပ်လှမ်းလှမ်းမှ မကြောက်မရွံ့သော ခြေလှမ်းတို့ဖြင့် လိုက်ပါလာခဲ့ပါသည်။

ဤသို့ သွားကြရင်း မိန်းလမ်းမ၏ လမ်းလေးခွ အရောက်တွင် ခေါင်းပြတ်ကြီးသည် လမ်းလေးခွ အလယ်တည့်တည့်ရပ်ကာ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာကို လှည့်ပတ်ကြည့်ရှုကာ တောင်ဘက်ရဲစခန်းရှိရာသို့ ယင်း၏ ခြေလှမ်းကျဲကြီးများဖြင့် ဖြည်းညင်းစွာ ထွက်ခွာသွားပါသည်။

ကျွန်ုပ်လည်း ခေါင်းပြတ်ကြီး ဘယ်သွားမည်၊ ဘာလုပ်မည်ကို သိလိုသောစိတ် မထိန်းနိုင်ရကား ယင်း၏နောက် ပေ(၆၀)ကျော်အကွာမှ လိုက်ပါသွားခဲ့ပါသည်။

ခေါင်းပြတ်ကြီးသည် မ.ယ.က ရုံးကြီးအရှေ့ရောက်တွင် ခေတ္တရပ်ဆိုင်းပြီး ယင်း၏ ကြီးမားတုတ်ခိုင်သော ခြေထောက် မည်းမည်းကြီးကို မြှောက်

www.burmeseclassic.com

ကာ ရုံးဝင်းအား ကျော်ဝင်သွား၍ ရုံး၏တောင်ဘက် စည်းရိုးဝင်းကို ထပ်မံကျော်လွှားကာ ရဲစခန်း၏ အပြင်ဘက် အရှေ့မြောက်ဘက်ရှိ ညောင်ပင်ခြေရင်း အနီးတွင် ဖြည်းညင်းစွာ ထိုင်ချလျက် ညောင်ပင်ကြီး၏ ပင်စည်ကို မှီလျက် ထိုင်နေပါတော့သည်။

ကျွန်ုပ်လည်း မိမိ၏အစိဋ္ဌာန် အချိန်နီးသဖြင့် ယင်းနေရာမှ ရွှေမုဋ္ဌောဘုရားကြီးဆီသို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။

## မျက်နှာအတုနှင့် ခေါင်းပြတ်ကြီး

နေ့ရက်ကား ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ(၄)ရက် အချိန်ကား ညလူခြေတိတ်ချိန် (၁၂း၃၀)နာရီအချိန်၊ ကျွန်ုပ်သည် နေ့စဉ် ပြုနေကျ ထုံးစံအတိုင်း အဓိဋ္ဌာန်လုပ်ငန်း လုပ်ကိုင်ရန် မြို့ကွက်သစ်နေအိမ်မှ မြို့ထဲသို့ ထွက်လာခဲ့ပါသည်။

စဉ့်ကူးမြို့၏ ဆောင်းရာသီသည် အေးလွန်းလှသဖြင့် ဂျာကင်အကျႌ အနွေးထည်အိတ်ထောင်ထဲသို့ လက်နှိုက်ကာ ဂုဏ်တော်ပွားရင်း လမ်းလျှောက်လာခဲ့ပါသည်။

မြို့ဟောင်းထဲမှ ခွေးများ ဆွဲဆွဲငင်ငင် အဆက်မပြတ် အူသံကြားရသဖြင့် မိတ်ဆွေကြီး မြို့ထဲ တိုင်းခန်းလှည့်လည်ပြန်ပြီထင်တယ်ဟု ကျွန်ုပ်စိတ်ထဲ တွေးရင်း ဆက်လက်လျှောက်လှမ်းခဲ့ပါသည်။

ကျွန်ုပ် အတွေးမမှားခဲ့ပါ။ ခေါင်းပြတ်ကြီးသည် လမ်းလေးခွအလယ်တွင် ကျွန်ုပ်အား နောက်ကျောပေး၍ မားမားကြီး ရပ်နေပါသည်။

ကျွန်ုပ်လည်း ယင်းအား ကျော်လွန်၍သွားလိုခြင်း မရှိသည့်အတွက် ခပ်လှမ်းလှမ်းတွင်ရပ်ကာ ထို မကောင်း



ဆိုးဝါးကောင်ကြီးအား မမှိတ်မသုန်သော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်လျက် မေတ္တာပို့သပြီး မိမိ ပြုခဲ့ဖူးသမျှသော ကုသိုလ်ကောင်းမှု အစုစုတို့ကို အမျှပေးဝေလျက် ရပ်နေရပါသည်။

ထိုစဉ်မှာပင် ပါးရေနားရေ တွန့်လိမ်၍ ဖြူဖပ်ဖြူရော် ဖြစ်နေသော အမျိုးသမီးကြီးတစ်ဦး၏ ဦးခေါင်းပြတ်ကြီးသည် မနှေးမမြန်သော အရှိန်ဖြင့် လေထဲမှ လွင့်မျောလာကာ ခေါင်းပြတ်ကြီး၏ လည်ပင်းတွင် တိုင်းစွပ်ပေးသကဲ့သို့ အံဝင်ခွင်ကျရောက်`နေရာယူ၍ ထိုမိန်းမကြီး၏ လူပကတိမျက်နှာသည် ခေါင်းပြတ်ကြီး၏ ခန္ဓာကိုယ် အရပ်အမောင်းနှင့် ညီမျှသော မျက်နှာအရွယ်အစားသို့ ရုတ်ခြည်းပြောင်းလဲကြီးထွားလာပါသည်။

ကျွန်ုပ်လည်း ထို မနှစ်မြို့ မသတီစရာ မျက်နှာကြီးကိုကြည့်၍ စိတ်ထဲတွင် ခံစားမှုတစ်မျိုးဖြစ်ကာ တစ်မိနစ်ခန့်မျှ မျက်စိ မှိတ်ထားလိုက်ပါသည်။

ကျွန်ုပ် မျက်စိဖွင့်၍ ကြည့်လိုက်သောအခါ ဆံပင်စုတ်ဖွားဖွား မိန်းမမျက်နှာကြီးနှင့် မကောင်းဆိုးဝါးကောင်ကြီးသည် အရပ်လေးမျက်နှာကို လှည့်ပတ်ကြည့်ရှုပြီး အနောက်ဘက်သို့ ပြန်လှည့်သွားပါသည်။

ရုတ်တရက် မိန်းမမျက်နှာနှင့် ခေါင်းပြတ်ကြီးသည် လည်ပင်းမှ ပြုတ်ထွက်သွားပြီး လျင်မြန်သော အရှိန်ဖြင့် တောင်ဘက်အရပ်ဆီသို့ လေထဲတွင် ဝင်ရောက် ပျောက်ကွယ်သွားပါတော့သည်။

ခေါင်းပြတ်ကြီးလည်း အနောက်သို့ ဘယ်ခြေ တစ်လှမ်း လှမ်း၍ ကျွန်တော်၏ မျက်စိရှေ့မှ ရုတ်ခြည်း ပျောက်ကွယ်သွားပါတော့သည်။

## ဒုတိယအကြိမ် ထပ်မံတွေ့ဆုံခြင်း

ကျွန်တော်သည် အေးချမ်းလှသော ဆောင်း၏ အအေးဒဏ်ကို အန်တုရင်း ပရလောကသား၏ အနှောင့်အယှက် အဟန့်အတားများကို မကြောက်မရွံ့ ကျော်လွှားရင်း မိမိ၏ အဓိဋ္ဌာန်လုပ်ငန်းများကို နေ့စဉ် မပျက်မကွက် လုပ်ဆောင်လာခဲ့ရာ ရက်ပေါင်း(၅၀) ကျော်လွန်ခဲ့ပါသည်။

၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ(၂၈)ရက်နေ့တွင် ရပ်ကွက်(၁)ရှိ **ရွှေရစ်တော်ဘုရားကြီး**တွင် အဓိဋ္ဌာန်ဝင်ရမည့်နေ့ ဖြစ်ပါသည်။

ကျွန်ုပ်လည်း အေးလွန်းလှသဖြင့် နေအိမ်မှ (၁၂း၃၅)မိနစ် အချိန်တွင် ထွက်လာခဲ့ပါသည်။ ကျွန်ုပ် ဘုရားရောက်၍ အရှေ့ဘက်မုခ်ပေါက်မှ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်ရန် အုတ်လှေကားအတက်တွင် ကျွန်ုပ်သည် ဘုရားမြောက်ဘက်ရှိ အဆောက်အအုံသို့ ရုတ်တရက် ကြည့်လိုက်မိပါသည်။

ကျွန်ုပ်၏ မိတ်ဆွေကြီးသည် ထို အဆောက်အအုံဘက် လှည့်ပြီး ကုန်းကုန်းကွကွ ထိုင်နေသည်ကို ကျွန်ုပ်သည် လမ်းမီး၊ အိမ်မီးများ၏ အလင်းရောင်ဖြင့် မြင်တွေ့နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိ

ယုန်ထိုးကြီးမှ

# ဖုန်းဆိုးကြီးနှင့် ပုံဆိုးကြီး

စာရေးသူတို့၏ ရွာအနောက်ဘက်တွင် တစ်ဖက်မှန် ရှေးဘုရားတစ်ဆူရှိသည်။ တန်ခိုး အလွန်ကြီးသည်။ ရှေးယခင်က ယုန်ထိုးကြီးရွာ၏ ထိပ်တွင် ရှိသဖြင့် ယုန်ထိုးကြီးဘုရားဟု ထင်ရှားသည်။

ဘုရားအနီးတွင် သစ်ပင်ကြီးများ အုပ်ဆိုင်းပြီး သချိုင်းဂူများ ရှိသဖြင့် ကြောက်စရာ အလွန်ကောင်းပါသည်။ ယခု စာရေးသူတို့ရွာသည် အသစ်တည်ထားသော ရွာဖြစ်သဖြင့် ရွာသစ်ဟု ခေါ်ဝေါ်အမည်တွင်ခဲ့သည်။

စာရေးသူတို့ ငယ်ရွယ်စဉ်က ထိုဘုရားသည် လပြည့်လကွယ်ညများတွင် ရောင်ခြည်တော်များလွှတ်ကြောင်း ဖူးမြော်ရသည်။ စေတီမှန်တွင် အာရုံခံဇရပ်တစ်ခု တည်ဆောက်ထားသည်။

ရွာမှ နွားကျောင်းသားများသည် ဇရပ်ပေါ်တွင် ဆော့ကစားကြသည်။ ထိုအခါ ဇရပ်ဘေးနားတွင် ရှိသော နှစ်ထပ် အုတ်ဂူဟောင်းကြီးထဲမှ သေတ္တာဟောင်းကြီးတစ်ခု ပေါ်ပေါက်လာတတ်သည်။

ထိုသေတ္တာကြီးသည် ပွင့်လာပြီး အထဲတွင် ရွှေငွေရတနာများကို မြင်ရသည်။

နွားကျောင်းသားများက နှိုက်ကြသည်။ သို့သော် အထဲမှ ရတနာများကို ယူလျှင် သေတ္တာက ဖိပိတ်ပြီး ရတနာများ လက်မှ ချမှာသာ၊ မပါမှသာ ပွင့်လေ့ရှိသည်။ ယူ၍ မရပေ။

အချိန်အတော်ကြာ မြင်ရသည်။ ယင်းနောက် ပျောက်သွားတတ်သည်။ တစ်လ တစ်ခါ၊ နှစ်ခါ ထိုအဖြစ်အပျက်ကို ကြုံတွေ့ကြရသည်။

ရှေးလူကြီးများက သိုက်ရှိသည်ဟု ပြောကြသည်။ ထိုဇရပ်မှ သွပ်မိုးများကို မှောင်သော တစ်ညတွင် လာခိုးဖူးသည်။ ရွာသားများသိပြီး သူခိုးများ ခွေးပြေးဝက်ပြေး ကြရသည်။

ထိုဘုရား အနီးတစ်ဝိုက်ရှိ စိုက်ခင်းများမှ သီးနှံများကိုလည်း မခိုးရဲကြပေ။ ခိုးလျှင် ပုံဆိုးဆိုးကြီးက လိုက်၍ ခြောက်လှန့်တတ်သဖြင့် ပစ္စည်းများ ချ၍ ထွက်ပြေးကြရ၏။

ရှေးလူကြီးများက ရှေးကတည်းက သူခိုးများကို ပုံဆိုးကြီးက လိုက်ခြောက်တတ်ကြောင်း ပြောဖူးပါသည်။

လကွယ်ညများတွင်လည်း လှည်း[illegible] သံများ၊ လူသံ၊ ကလေးသံများ၊ မိန်း[illegible] သံများ ဆူညံနေသည်ကို အမြဲကြား[illegible] တတ်သည်။ ရှေးလူကြီးများက ကျ[illegible] သိုက်ဟု ပြောကြသည်။ ဥစ္စာစောင့်များ လည်း ဖြစ်ကြသည်။

စာရေးသူတို့အိမ်သည် ရွာအနောက်[illegible] ဖျားတွင် ရှိသဖြင့် ရွာမှ မဝေးလှသော ထိုဘုရားဆီမှ အသံများ၊ ရောင်ခြည် တော်များ၊ အဖြစ်အပျက်များကို စာရေး[illegible] သူကိုယ်တိုင် အမြဲကြားနေရသည်။

စာရေးသူမှာ ငယ်ငယ်ကတည်းက[illegible] နေ့ခင်းတွင်ပင် ထိုဘုရားထဲကို မဝင်ရဲ[illegible] ပေ။ တချို့လူများက ဝင်ရဲကြသည်[illegible]

သို့သော် အကြောင်းမဲ့ ခြောက်လှန့်[illegible] ခြင်း မရှိပေ။ တစ်ခါကျ စာရေးသူတို့[illegible] အဖွဲ့တော့ ညအိပ်ကြရာ၊ မီးခြစ်မပါ[illegible] သဖြင့် အဖော်က ဆေးလိပ် အလွန်[illegible] သောက်ချင်နေပေသည်။ ညခရီး[illegible] များလာလျှင် မီးတောင်းမည်ဟု ပြော[illegible]



www.burmeseclassic.com

www.burmeseclassic.com

သည်။

ထိုအခါ ခပ်ဝေးဝေးလမ်းဆီမှ နွားလှည်းမောင်းနှင်လာသံများ ကြားရသည်။ အဖော်မှာ ဝမ်းသာအားရ ဆေးလိပ်မီးတောင်းမည်ဟု အားခဲထားသည်။

သို့သော် လှည်းမှာ နီးလာသယောင်ယောင်ဖြင့် ရောက်မလာပေ။ အဖော်မှာ တစ်ညလုံး ဆေးလိပ် မသောက်ရပေ။

စာရေးသူကတော့ **"ဒါ ကျတ်လှည်း ဖြစ်မှာပဲ"**ဟု ကောက်ချက်ချမိသည်။ တခါတလေ စာရေးသူတို့နှင့် တစ်ခေါ်လောက်အထိ ဆေးလိပ်မီးတဖွားဖွားကို မြင်ကြရသည်။ သို့သော် ရောက်မလာပေ။

နောက်တစ်ချက်မှာ ထိုဘုရားနှင့် တစ်မိုင်လောက်ဝေးသော ဘုရားအနောက်ဘက်တွင် ကွက်လပ်ကြီးတစ်ခုရှိသည်။ ထိုလေးကေခန့်ရှိ ကွက်လပ်သည် အပင်များ ပေါက်ရောက်ခြင်းမရှိ။ ဖုန်းဆိုး မြေလပ်ကြီးဖြစ်နေသည်။ မည်သူမျှ ထွန်ယက်မစိုက်ပျိုးရဲကြပေ။

ရှေးလူကြီးများက ဘုရားသိုက်ရှိသည်ဟု ပြောကြသည်။ ရွှေရက်ကန်းစင်လည်းရှိကြောင်း ပြောကြသည်။

ထိုကွက်လပ်တွင် တလင်းအဖြစ်သာ အသုံးပြုကြသည်။ တလင်းတွင်လည်း ကောက်ပဲသီးနှံ အပုံများကို ညတွင် ပစ်ထားသော်လည်း မည်သူမျှ မခိုးရဲပေ။ ခိုးလျှင် ပုံဆိုးကြီးလိုက်သည်ဟု ယနေ့တိုင် ပြောစမှတ်ပြုကြသည်။

ဖုန်းဆိုးကြီးတွင် ပုံဆိုးကြီးကား ဘုရားနှင့် ကူး၍ စောင့်နေသည်ဟု ပြောကြသည်။

တစ်ခါက ဖုန်းဆိုးကြီးအနီးမှာ ယာခင်းရှင် ဦးထွန်းကြည်အား ဆင်းရဲလှသဖြင့် ယာခင်းဘေးတွင် အိုးကြီးတစ်လုံးပြပေးသည်။ အိုးမှာ လှပပြီး ရွှေအိုးဖြစ်သည်ဟု ပြောသည်။

ဦးထွန်းကြည်မှာ အားရဝမ်းသာဖြစ်ပြီး ယာခင်းအနီးယာရှင် ညီဖြစ်သူ ဦးထွန်းရီအား လှမ်းခေါ်၍ တူးကြသည်။ သို့သော် အိုးအတွင်းမှာ မီးသွေးခဲများသာ တွေ့ရသည်။

အမှန်မှာ သူတစ်ဦးတည်းသာ ပေးသည်ကို အခြားသူ ခေါ်ပြသဖြင့် ရွှေများသည် မီးသွေးခဲ ဖြစ်သွားကြောင်း ပြောကြသည်။

ထိုယုန်ထိုးကြီးဘုရားနှင့် ဖုန်းဆိုးကြီးတို့မှ ပုံဆိုးကြီး၏ ထူးခြားမှုဖြစ်ရပ်များကြောင့် ထိုတောတွင် သီးနှံများကို မည်သူမျှ မခိုးရဲကြပေ။

ထိုဖုန်းဆိုးကြီးကို ထွန်ယက်လျှင်လည်း မြွေများ မြောက်မြားစွာ ပေါ်လာကြောင်း၊ ရှေးလူကြီးများ လက်တွေ့မြင်ဖူးကြကြောင်း ပြောပါသည်။

ယနေ့တိုင် ထိုဖုန်းဆိုးကြီးသည် ထင်ရှားစွာ ရှိနေပါသည်။ **ထို ယုန်ထိုးကြီးဘုရားကို ဖူးမြော်လိုလျှင်...**

မြင်းခြံမြို့မြောက်ဘက် နဘူးအိုင်သွားပေလမ်းမှ (၁၀)မိုင်အကွာ တစ်ရုံရွာ၊ ယင်းမှအရှေ့သို့ (၂)တိုင်သာသာ လာရပါသည်။

ထိုမှ ထိန်ပန်းရွာကို ရောက်ပါသည်။ ထိန်ပန်းရွာ၏ တောင်ဘက် (၄)ဖာလုံအကွာတွင် ရွာသစ်ရွာရှိပါသည်။ ရွာသစ်ရွာ၏ အနောက်ဘက် (၂)ဖာလုံအကွာတွင် တည်ရှိပါသည်။

ရှေးတန်ခိုးကြီးဘုရား၏ ဖြစ်ရပ်ဆန်းများနှင့် ထူးခြားမှုများကို ဗဟုသုတ ထား ကြည်ညိုသဒ္ဓါပွားစေရာ ဖော်ပြလိုက်ရပါသည်။

ထို

စာမျက်နှာ (၂၅၉)မှ အဆက်

ယခုအကြိမ်တွင် မကောင်းဆိုးဝါးကောင်ကြီး၏ လည်ပင်းတွင် ဦးခေါင်းမဲ့မဟုတ်ဘဲ ယောက်ျားတစ်ဦး၏ ဦးခေါင်းဖြင့် နောက်ကျောဘက်မှ မြင်တွေ့နေပါသည်။

ကျွန်ုပ်လည်း ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်ခြင်း မပြုသေးဘဲ မကောင်းဆိုးဝါးကောင်ကြီးအား အာရုံစူးစိုက်၍ မေတ္တာပို့ပေးလျက်ရှိပါသည်။

ထိုအခိုက် ယောက်ျားဦးခေါင်းပြတ်ကြီးသည် မကောင်းဆိုးဝါးကြီး၏ လည်ပင်းမှ ရုတ်တရက် ပြုတ်ထွက်ပြီး အထက်သို့ ပေ(၁၀)ခန့် မြောက်တက်သွားပြီး လျင်မြန်သော အရှိန်ဖြင့် မြောက်အရပ်သို့ ရွေ့လျားပျောက်ကွယ်သွားပါသည်။

မရှေးမနှောင်းမှာပင် မကောင်းဆိုးဝါးကောင်ကြီးသည် ကုန်းကုန်းကွကွနှင့် ထကာ မြောက်ဘက်သို့ ခြေလှမ်း တစ်လှမ်း လှမ်းပြီး ကျွန်ုပ်၏ မျက်စိရှေ့မှောက်မှ ပျောက်ကွယ်သွားပါသည်။

ကျွန်ုပ်လည်း ဘုရားရင်ပြင်တော်ပေါ်တက်၍ မိမိ၏ လုပ်ငန်းကို မပျက်မကွက် လုပ်ဆောင်ခဲ့ပါသည်။

ကျွန်ုပ် စဉ်းစားမိသည်မှာ ဤမြင့်မြင့်မားမား အမွေးစုတ်ဖွားနှင့် ခေါင်းပြတ်ကြီးသည် သူ့နဂိုမူလက ဦးခေါင်းမပါသော်လည်း ကွယ်လွန်မည့်ဆဲဆဲ လူနာ ယောက်ျား၊ မိန်းမတို့၏ မျက်နှာများစွာကို အငှားတပ်၍ မျက်နှာများသော ခေါင်းပြတ်ကြီးဟု ကျွန်ုပ် တင်စားပြောဆိုရပါလျှင်...။

*လေးစားခင်မင်လျက်...*

**ကိုသိန်းလွင်ဟိန်း-ပန်းသခင်**
**(စဉ့်ကူး)**



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသူတော်

# အဂ္ဂိရတ်ဖိုခန်းအတွင်းမှ

## သထိသံဝေဂနှင့်
## အဂ္ဂိရတ်ဓာတ် အတွေ့အကြုံဆန်းများ

သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ဟူသည့် လောက သုံးပါးတွင် ပါဝင်နေသည့် လူသတ္တဝါ၊ ရေ ,မြေ၊ တော၊ တောင်၊ သီတာ ခုနစ်တန်၊ သတ္တရဘန်ခုနစ်ထပ် အရပ်ရပ် အရာရာသည် အစဉ်မြဲ ဖောက်လွဲတတ်သည့် အနိစ္စ မမြဲသော သဘောသာ ရှိသဖြင့် ဒုက္ခဆင်းရဲ၏၊ အနတ္တ အစိုးမရဟု ဗုဒ္ဓမြတ်စွာ ညွှန်ပြ ဟောပြောထားသည့် ဒေသနာဓမ္မများ ကြောင့်…

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်း တို့သည် အို,နာ,သေရေး ဒုက္ခဘေး တို့မှ အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို ရည်သန်တောင့်တ ကျင့်ဆောင်တတ် ကြပါသည်။

နိဗ္ဗာန်သည် ပရမတ္ထသစ္စာဖြစ်သည်၊ အရှိတရားဖြစ်သည်၊ ဒုက္ခဘေးမှ ကင်း ဝေးရာဖြစ်သည်၊ အိုသုံးဆယ့်တစ်မှ လွတ်မြောက်ရာ ဖြစ်သည်ဟု ဗုဒ္ဓ ဘာသာတိုင်း နားလည်ကြပါသည်။

သို့သော် လောကီလူသားများစွာ တို့မှာ တဏှာဥပါဒါန်တို့ကြောင့် ကံများ ဖြစ်ကာ ဘုံဘဝများ မလွတ်ဘဲ သံသရာဝဲဩဃတွင် ကျင်လည်နေကြ ပါသည်။

အနည်းငယ်သော ပုဂ္ဂိုလ်မျှသာ လောကီမှ လွတ်မြောက်၍ လော ကုတ္တရာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် ကြပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်က လက်သည်း ပေါ်တွင် တင်သော မြေမှုန့်နှင့် ဤ မဟာပထဝီမြေမှ မြေမှုန့်နှင့်ဟု ပမာပြ ကာ ကျွတ်လွတ်သွားသူ အလွန်နည်း ကြောင်း ဥပမာဆောင်ပြခဲ့ပါသည်။

ကျွန်တော်တို့ ပုထုဇဉ်များမှာ လောကီသားပီပီ လောကီအကျင့် စရိုက်အထုံသာ ရှိသည်များ၍ လောကီ တွင်သာ ကျင်လည်နေကြရခြင်း ဖြစ်ပါ တော့သည်။

ထိုသို့ ကာမသုခလွှိကာ နုယောဂ အကျင့်နှင့် နိဗ္ဗာန်ကို မရနိုင်၊ နိဗ္ဗာန်ကို အလိုရှိ၍ လောကသဘာဝကို စွန့်ခွာ နိုင်ရန် အတ္တကိလမထာ နုယောဂ ကျင့်စဉ်နှင့်လည်း မရနိုင်။

ဗုဒ္ဓမြတ်စွာ၏ ဓမ္မအတိုင်း မဇ္ဈိမ ပဋိပဒါလမ်းစဉ်ကိုသုံး၍ မဂ္ဂင်ရှစ်ပါး အကျင့်မြတ်နှင့်သာ အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို ကေန်မုချ ရောက်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း ဒေသနာစမ္မ လာရှိသဖြင့် ယခုလို သာသနာတွင်းကာလတွင် ကြိုးစားကျင့်ကြံသင့်လှပါသည်။

သို့သော် ပပဉ္စတရားတို့နှင့်သာ ခြံရံ၍ ဘဝတွင် ကျင်လည်နေကြသဖြင့် ပါရမီဖြစ်ရုံမျှ ဒါန, သီလ, ဘာဝနာကို ကျင့်နိုင်သူပင် အလွန် နည်းနေပါသည်။

ထိုသူတို့အထဲတွင် ကျွန်တော်လည်း ပါဝင်သည်။ မည်သည့်နေရာမှ ပါသနည်းဆိုလျှင် အလွန်နည်းလှပါသည်မှ ပါနေပါသည်။

အဘယ်ကြောင့်ဆိုသော် လောကုတ္တရာမဂ်ဖိုလ်နှင့် ပတ်သက်၍ ကျွန်တော် ဘာမှ မသိသေးပါ။ တရားရိပ်သာကိုလည်း သွားဖူးပါသည်။ ဗုဒ္ဓဘာသာစစ် သရဏဂုံဆောက်တည်သူပါ။ တရားရိပ်သာများမှ ကျွန်တော် တရားမရသည်မှာ ကျွန်တော့်အကြောင်းကြောင့်သာဟု မှတ်ယူပါသည်။

**အမှန်ပြောရလျှင် ကျွန်တော် ဘဝကို ခင်တွယ်ပါသည်။ ကျွန်တော် ဘဝကို မမုန်းပါ။ မစွန့်လွှတ်နိုင်ပါ။ ကျွန်တော် ဘဝကိုပင် မမုန်းသဖြင့် သံသရာကို ခွာနိုင်ဖို့ရန် ဝေလာဝေးပါတော့သည်။**

သို့သော် ကျွန်တော့်ကိုယ် ကျွန်တော် ဒုက္ခရောက်မှာကိုတော့ အလွန်စိုးရိမ်ပါသည်။ ဒုက္ခကိုလည်း ကြောက်ပါသည်။ အမှန်မှာ ကျွန်တော် ကြောက်သည့် ဒုက္ခမှာ သမုတိသစ္စာနယ်မှ ဒုက္ခများကို ဆိုလိုပါသည်။

ပရမတ္ထသစ္စာနယ်မှ ဒုက္ခ ဆိုသည်ကို ဗဟုသုတမျှသာ ကျွန်တော် သိသည်၊ လက်ခံသည်ဟု ကိုယ့်ကိုယ်ကို ထင်ပါသည်။ ထို့ကြောင့် ကျွန်တော် ဒုက္ခမရောက်အောင် အကုသိုလ်များကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါသည်။

ထိုသို့သော အကျင့်စရိုက်များ



ကြောင့် ကျွန်တော်သည် လောကီဝိဇ္ဇာမရပညာရပ်များကို လေ့လာဖြစ်ခဲ့ပါတော့သည်။

လောကီပညာများမှ အဂ္ဂိရတ်ပညာကို ဂရုတစိုက် ရှာဖွေကျင့်ကြံပါသည်။ အဂ္ဂိရတ်လိုက်စားသူသည် စိတ်ရောလူပါ သန့်ရှင်းရပါသည်။ တည်ငြိမ်ရပါသည်။

ထို့ကြောင့် သီလစောင့်ခြင်း၊ သက်သတ်လွတ်စားခြင်း၊ အမိဋ္ဌာန်ဝင်ခြင်း စသည်များ ကျင့်၍ ဖိုထိုးရသည်။

ကျွန်တော် ကံကောင်းပါသည်။ ဓာတ်သေအဆင့် အဂ္ဂိရတ်ပညာ၏ အစိတ်အပိုင်းအချို့ကို ကျွန်တော်နားလည် သဘောပေါက်လာပါသည်။

ဓာတ်သေဓာတ်လုံးလည်း ရရှိလာပါသည်။ ထိုအချိန်ကျမှသာ ဘဝ၏ အပြောင်းအလဲကို တစေ့တစောင်း သံဝေဂရမိပါတော့သည်။

သံဝေဂရရုံနှင့် မလုံလောက်ပါ။ တကယ်လုပ်မှ အဟုတ်ဖြစ်ပါသည်။ သို့သော် အသိတရား ရှိရန်ကား အရေးကြီးလှပါသည်။ အသိတရားဟူသည် စာပေ ဗဟုသုတအသိနှင့် ခံစားသိမှုမှာ အလွန် ကွာခြားပါသည်။

အမည်မဖော်လိုသူ ရဟန်းတော်တစ်ပါး၏ အမိန့်ရှိပုံကို စာပေတွင် ကျွန်တော် ရှာမတွေ့ပါသော်လည်း "ဘုရား...ဘုရား"ဟု တ၍ပင် ယူရသော စကားဖြစ်မှန်း ကျွန်တော် သိလိုက်ပါသည်။

ထိုဆရာတော်သည် ကျွန်တော် ကိုးကွယ်သော ဆရာတော်တစ်ပါး ဖြစ်သည်။ ထိုဆရာတော်၏ စကားမှာ...

'ကိုယ့်ကိုယ်ကိုယ် ပြန်တွေးမိလိုက်ရင် ကိုယ့်ဘဝဟာ အလွန်ကျော့ချမ်းစရာ ဖြစ်တယ်လို့ ဆရာတော် တွေးမိပါတယ် အကာ' ဟု ဖြစ်ပါသည်။

ကျွန်တော် ခံစားမိသည်မှာ သူ့ဘဝက ရဟန်းဘဝ၊ ရဟန်းဟူသည် သရဏဂမန ဖြစ်သည်။ ဗုဒ္ဓဘာသာ၏ အထွတ်အမြတ်ပင်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တိုင်း၏ ပူဇော်ရာအမှန်ဖြစ်သည်။ ပူဇော်ခံထိုက်သော သူဖြစ်သည်။ သူကိုယ်တိုင်၏ ပူဇော်ခံသူဘဝသည် သူဖြစ်၍ပင် နေပါသည်။ ဟုတ်ပါပေသည်။ ကျော့ချမ်းလောက်ပါ၏။

သရဏဂုံ၏ တန်ဖိုးကို သဘောပေါက်သူတိုင်း ထိုသို့ ခံစားရနိုင်ပါသည်။ အရိယာ မဟုတ်သေးသမျှ တုန်လှုပ်ရလောက်သော ဂုဏ်ပုဒ်ပင် ဖြစ်ပါသည်ဟု ကျွန်တော် နားလည်လိုက်သဖြင့် "ဘုရား...ဘုရား"ဟူ၍ပင် တ, လိုက်မိပါတော့သည်။

ထိုသို့ပင် ကျွန်တော် ဘုရားတ, တတ်ပါသော်လည်း ဖိုဆွဲ မပျက်ခဲ့ပါ။ ဖိုထိုး မပျက်ခဲ့ပါ။ အသိတရား ရစေသော ဖိုထိုးသည့် နေ့တစ်နေ့ကို ကျွန်တော် မမေ့နိုင်တော့ပါ။

ထိုနေ့က ကျွန်တော် ညဘက်တွင် ဖိုထိုးနေခြင်း ဖြစ်ပါသည်။ ကျွန်တော့် ဓာတ်လုံးကို လုံတွင်ထည့်၍ ချော်မထည့် ဖော်မမံဘဲနှင့် အခြောက်ကျိုကြည့်ပါသည်။

ကျွန်တော့်ဓာတ်လုံးသည် ဓာတ်သေ ဖြစ်ပါသည်။ ရွှေကျွေးလျှင် စားတတ်ပါသည်။ ရွှေကျွေး၍ အရေးချိန်



www.burmeseclassic.com

www.burmeseclassic.com

တိုးမလာတော့ပါ။ **နို့နှစ်ရောင် ချော်ဖြူဆိုက် ဓာတ်လုံးလည်း** ဖြစ်ပါသည်။

ကျွန်တော် မီးပြင်းပြင်းနှင့် ဓာတ်လုံးကို ကျိုသဖြင့် ဓာတ်လုံးသည် ခဏတွင်ပင် အရည်ပျော်သွားမည်ဟု ထင်မိပါသည်။ မီးပြင်းပြင်း ဆွဲနေရင်းမှ မီးရောင်များ မှိန်လာသည်။

မီးလင်းအား ရှိနေပါသေးသော်လည်း လင်းသင့်သလောက်၊ မလင်းပါဘဲနှင့် မှုန်လာသည်။ ပတ်ဝန်းကျင်တွင်လည်း အေး၍ လာပါသည်။ လုံ၏ အတွင်းဘက်ကို ကြည့်လိုက်သောအခါ မှောင်တောင်တောင် ဖြစ်၍လာသည်။

နောက် ပို၍...ပို၍ မှောင်လာသည်။ ဓာတ်လုံးသည် အရည်ပျော်၍ လင်းနေရမည့်အစား ဓာတ်လုံးကို လုံထဲ၌ မမြင်ရလောက်အောင် မှောင်လာပါသည်။

လုံကွဲမည်စိုးသဖြင့် ဓာတ်လုံးကို သေချာကြည့်လေ၊ မမြင်နိုင်အောင် မှောင်နေလေ ဖြစ်ပါသည်။ မမြင်သဖြင့် လုံနှင့် နီးကပ်အောင် အလွန်ငုံ့၍ပင် ကြည့်မိပါသည်။

ထိုအချိန်တွင် ကျွန်တော် လန့်သကဲ့သို့ ခံစားလိုက်ရပါသည်။ လန့်၍ပင်သွားလောက်အောင် အံ့သြရပါသည်။

**ကျွန်တော်၏ မျက်လုံးများနှင့် ဦးခေါင်းသည် လုံနှင့် ထိလုမတတ် ရှိနေပါသော်လည်း ကျွန်တော့်မျက်နှာကို မီးမှ မဟပ်ပါ။ အေး၍ပင် နေပါသည်။ ထိုအချိန်တွင် ဖိုတွင်းမှ မီးများမှာ ရဲနေပါသည်။**

လုံ၏ အပြင်ဘက်တွင်တော့ လင်းပါသည်၊ ကျွန်တော့်မျက်နှာ မီးလောင်လောက်အောင် မီးနှင့် ကပ်ပါသော်လည်း လုံးဝမပူသဖြင့် အလွန်အံ့သြသွားခြင်း ဖြစ်ပါသည်။



ဖိုဆွဲရပ်၍ လုံကို ဖိုခွင်မှချကာ ကြည့်လိုက်သောအခါ လုံအပြင်ဘက်၌ မီးထိုးထားသဖြင့် လင်းနေသော အလင်း မှိန်သွားချိန်တွင် လုံအတွင်းမှ ဓာတ်လုံးကို ပြန်၍ မြင်လာရပါသည်။

ဓာတ်လုံး၏ဘေးတွင် ရွှေရောင် ဖျော့ဖျော့ ပြာများ ဝိုင်းရံနေသည်။ ဓာတ်လုံးမှ ပြာအန်သည်ဟု ကျွန်တော် သိလိုက်ပါသည်။

ထိုပြာမှာ **ရွှေပြာ**ဖြစ်ပါသည်။ အဂ္ဂိရတ်ပညာတွင် အန်ပြာသည် **ဓာတ်သေပြာ** ဖြစ်ပါသည်။

ဓာတ်လုံးမှ ဓာတ်အစွမ်းကြောင့် အတုံးလိုက် ရွှေကို အပုံလိုက် ပြာဖြစ်အောင် ရိုက်နိုင်သော ရွှေပြာသေလောက် မစွမ်းဟု ဆိုကြပါသည်။

သို့သော် ကျွန်တော်သည် စမ်းသပ်ကြည့်လိုက်သဖြင့် ယင်းအန်ပြာ ကွမ်းရိုးတစ်တို့ကို လုံသစ်တွင် ထည့်၍ မီးထိုးကြည့်သောအခါ ကွမ်းရိုးပျောက်သွားချိန်တွင် လုံတွင်း၌ လင်းလာပါသည်။

ကွမ်းထည့်လျှင်ပင် မီးမလောင်တော့ပါ။ ထိုလုံတွင်းသို့ လက်ညှိုးထိုးထည့်လျှင် ပူရမည့်အစား အေး၍ပင် နေပါတော့သည်။ မီးသေသည်ဆိုသော အဖြစ်ကို ကြုံကြိုက်လိုက်ပါသည်၊ မီးသေလျှင် အေး၍နေပါသည်။ မီးရှူပါလျက် မလောင်ခြင်း၊ မပူခြင်း၊ မပျက်စီးခြင်းကို ဆိုလိုပါသည်။

အလွန် အံ့သြဖွယ်ကောင်းသော အတွေ့အကြုံတစ်ခု ဖြစ်ပါသည်။

ပူသော မီးကိုပင် အေးသွားရစေသော အဂ္ဂိရတ်ပညာ ဖြစ်ပါသည်။

ကျွန်တော်၏ ဓာတ်သေဓာတ်လုံးသည်လည်း ငရဲမီးခံဓာတ်သား ဖြစ်ပါသည်။ ရွှေရောင်ကဲ့သို့ ဖြစ်ပါသည်။ စားထားသော ရွှေများကို ပြာအဖြစ် အန်ချခဲ့သော ဓာတ်လုံးဖြစ်ပါသည်။

အန်ပြာ(ရွှေပြာ)သည်လည်း မီးသေအောင် စွမ်းပါသည်၊ ယင်းဓာတ်လုံးသည် စ,ခဲ့စဉ်က သာမန်ကြေးတုံးကလေးမျှသာ ဖြစ်ပါသည်၊ ထိုစဉ်က ထိုကြေးတုံးလေးသည် အပူနှင့် မီးနှင့် ဖျက်ဆီးက ရနိုင်သော်လည်း ယခု မရတော့ပါ။ အေးငြိမ်း၍ပင် နေပါတော့သည်။

အဂ္ဂိရတ်ပညာရှင်တို့က ဓာတ်သေ ရွှေဖြစ်ဟု ဆိုကြသည်။ ကျွန်တော်၏ ဓာတ်သေဓာတ်လုံးမှာ ရွှေပင်ဖြစ်ပါသည်။ တွင်းထွက် ရွှေထက်ပင်လျှင် စွမ်းနေပါသည်။ ဓာတ်ပြောင်းလဲမှုတို့ သဘာဝဖြစ်စဉ် တစ်ခုဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော် တွေ့မိသည်မှာ ဘာမျှမတန်သော ကြေးတုံးလေးပင် ရွှေတုံးဖြစ်ခဲ့သည်။ အစဉ်တည်တံ့သော သဘောမရှိ၊ ပြောင်းလဲနေတတ်သည်။

အကောင်း ပြောင်းလဲခြင်းများ ပြောင်းလဲလိုလျှင် ကိုယ့်ကိုယ်ကို ပမာပြု၍ စဉ်းစားမိသည်မှာ...

'ကျွန်တော့်ဘဝကို ကြေးတုံးလေးဘဝနှင့်ပင် နေမည်လား၊ ရွှေတုံးလေးဘဝ ရောက်အောင်လုပ်မည်လား၊ ခွဲခွဲခြားခြား သိသင့်လှပါပေပြီတည်း'


ဟူသော အသိတရားကို ရင်မှာစွဲမှတ်၍ "**ဘုရား...ဘုရား...ဘုရား**" ဟု တမ်းတပူဇော်လိုက်မိပါတော့သည်။

**ဖိုးသူတော်**

www.burmeseclassic.com

# ဘီလူးခေါင်းပုံ ကျောက်တုံးလေး နှင့် ဘယ်လိုလုပ်ရပါ့

စောမိုးသွင်
(ရန်ကုန်)



◆ ရှုမျှော်နှာပုံ

ဘီလူးခေါင်းပုံ ကျောက်တုံးလေး

တွေ့ရှိပုံ

ကျွန်တော်တို့အိမ်တွင် မောင်နှမလေးယောက်ရှိရာ မမကြီးက သူ့ဘာသာ သီးခြားနေတတ်ပြီး အလုပ်မှပြန်လာလျှင် စာဖတ်နေတတ်သည်။ ကျန်သည့် သုံးယောက်ကတော့ တပူးပူး တတွဲတွဲ ရှိကြသည်။ ဝါသနာကတော့ တစ်ယောက် တစ်မျိုးပါပဲ။

ကျွန်တော်တို့ နေသည်က မုံရွာမြို့ပြင် တစ်နေရာမှာပါ။ အဖေနှင့်အမေ အိမ်ထောင်ကျခါစက အဘိုးနှင့် အဘွားက ထိုခြံမြေကို မင်္ဂလာလက်ဖွဲ့အဖြစ် ပေးသည်။ ထိုခြံမြေနေရာကို ငွေတစ်သောင်းနှင့် ဝယ်ထားသည်။ ပေလေးဆယ်၊ ပေခြောက်ဆယ်ခန့် ကျယ်ပါသည်။ နေရာ သိပ်မကောင်းလျှင် ခြောက်ထောင်လောက်နှင့် ရသည်ဟု အဘိုးက ပြောပြဖူးပါသည်။

ကျွန်တော်တို့ မွေးလာကတည်းက အဖေ့လုပ်ငန်းက ကျောက်ခွေလုပ်သည့်လုပ်ငန်း ဖြစ်သည်။ ကျွန်တော်တို့ မြို့လေးတွင် ရေလောင်းအိမ်သာဆိုသော်လည်း အုတ်နှင့် မဆောက်ပါ။ အိမ်သာကျင်းကို ကိုးတောင်ခန့်တူးပြီး ကျောက်ခွေ ကိုးခွေခန့် ချထားပါသည်။

သစ်သားအိမ်သာအမိုးကို သွပ်မိုးထားပြီး ကျင်းကိုတော့ အပေါ်မှ ဝါးကတ်အုပ်၊ တာလပတ်စ အုပ်ပြီးမှ မြေဖို့ကြပါသည်။ ကိုးနှစ်၊ ဆယ်နှစ်ခန့် ကြာသော်လည်း မပျက်စီးပါ။

အိမ်သာကျင်းပြည့်လျှင် စည်ပင်မှ အညစ်အကြေးစုပ်သည့် မိလ္လာကားကို ငှား၍ ရှင်းလင်းကြပါသည်။ ကျောက်ခွေလုပ်ငန်းလုပ်၍ အိမ်ရှေ့တွင် ကျောက်စရစ်ပုံ၊ သဲပုံတို့ အမြဲရှိနေတတ်ပါသည်။

ညီမလေးက လေး,ငါးနှစ်အရွယ်ကတည်းက မြစ်မှ ရရှိသော ကျောက်စရစ်ပုံထဲမှ သူ လိုချင်သည့် ကျောက်စရစ်ခဲလှလှလေးများကို ယူထားတတ်သည်။

ဖန်ဘူးတစ်ခုနှင့် ထည့်သိမ်းထားသော ချောကလက်ရောင် ကျောက်စရစ်ခဲလေးများ၊ ဖွေးဆွတ်နေသည့် ကျောက်ခဲလေးများ၊ တစ်ခါတလေ အသည်းပုံ အဖြူရောင် ကျောက်ခဲလေးများ၊ လိပ်ကျောခုံးနှင့်တူသည့် ကျောက်ခဲလေးတွေ၊ ကလေးပိုက်ထားသလိုပုံစံနှင့် ကျောက်ခဲလေးများကို ရတတ်ပါသည်။


သဘာဝအတိုင်း ဖြစ်နေသော ကျောက်စရစ်ပုံထဲမှ ကျောက်ပုံလေး





www.burmeseclassic.com

www.burmeseclassic.com



◆ နောက်ဘက်မှ မြင်ရပုံ

များကလည်း ဆန်းကြယ်သည်။ ခြေဖဝါးပုံ၊ ကြေးစည်ပုံကအစ ပုံအမျိုးမျိုး အစားအစား ကျောက်ခဲလေးများကို ကျောက်စရစ်ပုံမှ ရတတ်ပါသည်။ သူ ကောက်ထားသည့် ကျောက်ခဲလေးများကို ညီမလေးက "ဒါ ညီမလေးရဲ့ ရတနာလေးတွေ"ဟု ပြောတတ်သည်။

ကျောက်စရစ်ပုံမှ ကျောက်ခဲလေးများကို ကောက်ယူရုံနှင့် အားမရ၊ ပုပ္ပါးတောင်ကလပ်သို့ ဘုရားဖူးသွားသည့်အခါ သူဝယ်သည့် အမှတ်တရ ပစ္စည်းက သူများတွေလိုမဟုတ်၊ အတူသွားသည့် သူများက သစ်လက်ဝါးတို့ ဝယ်တတ်သည်။ အရိုးစူးသည့်အခါ လည်ပင်းကို ထိုသစ်လက်ဝါးနှင့် ဆွဲချသည့်အခါ အရိုးကျသွားတတ်၍ ဖြစ်သည်။

ညီမလေးကတော့ ကျောက်ခဲလုံးလေးကို လှုပ်ကြည့်လိုက်လျှင် "ကျောက် ကျောက်"ဟု အသံမြည်သည့် ကျောက်ခလောက်ဟု ခေါ်သည့် နီညိုရောင် ကျောက်ခဲလုံးလေးများကို ဝယ်လာသည်။ စေတီပုံပါသော ကျောက်အဖြူပြား သေးသေးလေးများကိုလည်း ဝယ်ခဲ့ပါသည်။

အိမ်ရောက်တော့ ကျောက်ခလောက်လုံးလေးကို လှုပ်ကြည့်ကာ သဘောကျနေတတ်သည်။ ကျောက်ခဲလေးများကို ချစ်တတ်သော ညီမလေးပါပဲ။

တချို့က တံဆိပ်ခေါင်း စုကြသည်၊ တချို့က ပန်းပင်စိုက်ခြင်း၊ စာရေးစာဖတ်ခြင်း၊ ပန်းချီဆွဲခြင်း အစရှိသည်တို့ကို ဝါသနာပါကြသည်။ သူ့ ဝါသနာကတော့ ကျောက်ခဲလေးများကို စုခြင်းမို့ သူ့ဝါသနာကလည်း ထူးဆန်းသည်။

သူ့ဝါသနာကြောင့် ညီမလေးက ကျောက်စရစ်ပုံမှ ကျောက်တုံးလေး တစ်တုံး ရှာတွေ့ခဲ့ကြောင်း သိခဲ့ရသည်။ ထိုကျောက်တုံးလေးကို ကောက်ရခါစက အိမ်ပေါ်သို့ မယူရဲ၍ ခြံထဲက ပန်းပင်တွေကြားတွင် ဝှက်ထားခဲ့ပါသည်။

ခြံထဲသို့ ခွေးဝင်လျှင် အစ်ကိုဖြစ်သူက တွေ့ရာခဲလုံးဖြင့် ကောက်ပေါက်ကာ မောင်းတတ်၍ ခွေးပစ်သည့်အထဲ ပါသွားမည်ဆိုး၍ အိမ်ပေါ်သို့ ယူလာခဲ့ကြောင်းကို နောက်မှ သိခဲ့ရသည်။ ဒါကြောင့်ပဲ ထိုကျောက်ခဲလေးက ခြံထဲမှတစ်ဆင့် အိမ်ပေါ် ရောက်လာခဲ့သည်။

## ကျောက်တုံးလေး၏သဏ္ဌာန်

စာကြည့်စားပွဲပေါ် တင်ထားသည့် ထိုကျောက်တုံးလေးကို ညီမလေးက မကြာခဏ ကိုင်ကြည့်မိသည်။ ကြည့်မိသည့် အခါတိုင်းလည်း လူမျက်နှာပုံဟု ထင်မိသည်။ လူမျက်နှာ ဆိုသည်ထက် ဘီလူးမျက်နှာနှင့် ပိုတူသည်။ မျက်စိတစ်ဖက်လပ်နေသည့်ပုံ ဖြစ်သည်။

ပါးစပ်နေရာတွင် သွားကသုံးချောင်းပေါ်နေသည်။ ပါးစပ်က ခပ်ပြဲပြဲ ဖြစ်သည်။ ထိုကျောက်မျက်နှာတွင်ရှိ နှာခေါင်းမှာ ပိပြားပြားဖြစ်သည်။ လက်ယာဘက် မျက်လုံးနေရာတွင် မျက်ဆန်ပင် ပါရှိလေသည်။

လက်ဝဲဘက် မျက်လုံးနေရာတွင်တော့ မျက်လုံးအရာလေးသာ ပါသည်။ သေချာကြည့်လေ ဘီလူးမျက်နှာနှင့် တူလေဖြစ်သည်။

## ကျောက်တုံးလေးက ပြသော အစွမ်း

သူမ စိတ်ညစ်ရသည်က ကျောက်




www.burmeseclassic.com

www.burmeseclassic.com

တုံးကလေး၏ မျက်နှာကို သေချာကြည့်မိသည့်အခါ သူ့နှုတ်ခမ်းတွေ တဆတ်ဆတ်လှုပ်လာကာ"တောက်" ဆိုသည့် တောက်ခေါက်သံသည် သူမ နှုတ်ဖျားက ကျယ်လောင်စွာ ထွက်ပေါ်လာတတ်သည်။

တစ်ခါတည်းမဟုတ် သုံး,လေးခါ ဆက်တိုက် တောက်ခေါက်သံ ပေါ်၍ ထိုကျောက်တုံးလေးကို မကြည့်ဖြစ်ဘဲ ဗီရိုထဲထည့်ထားခဲ့သည်။ တခါတလေ ထုတ်ကြည့်မိတိုင်း ထိုသို့ ဖြစ်နေ၍ အစ်ကိုဖြစ်သူကို ပြောပြခဲ့ခြင်း ဖြစ်ပါသည်။

## ကျောက်တုံးလေးကို အိမ်ပြင်ထုတ်ခဲ့ခြင်း

'ညီမလေး နှင့်ကျောက်တုံးက တောက်ခေါက်တယ်ဆိုတော့ မကောင်းဘူးဟဲ့။ တောက်ခေါက်တယ်ဆိုတာ မကျေနပ်မှ ခေါက်တတ်ကြတာ။ အခု ဒီကျောက်တုံးကို ကြည့်တိုင်း နှုတ်ခမ်းတွေလှုပ်ပြီး တောက်ခေါက်တယ်ဆိုတော့ လွှင့်ပစ်လိုက်တာ ကောင်းမယ်ထင်တယ်။

မျက်နှာကလဲ ဘီလူးပုံစံနဲ့ အိမ်မှာ မထားကောင်းဘူးနဲ့ တူတယ် ညီမလေး နားလည်တဲ့သူတွေကို ပြပြီး မေးကြည့်ပြီး ပစ်လိုက်တာ ကောင်းမှာပါ။ တော်ကြာ အိမ်မှာ တစ်ခုခု ဖြစ်နေဦးမယ်'

အစ်ကိုက ဒီလိုပြောတော့ လွှင့်ပစ်ရမှာလည်း အခက်။ လွှင့်ပစ်ရမှာကို နှမြောမိသည်။ မရစဘူး ရခဲ့သည့် ကျောက်တုံးလေးမို့ ဘယ်သူမှ မသိအောင် လွှင့်ပစ်လိုက်ပြီဟု အစ်ကို့ကို ပြောကာ အိမ်ဘေးက ပစ္စည်းဟောင်းများထားသည့် ပုံးထဲသို့ ကြွပ်ကြွပ်အိတ် အမည်းဖြင့် ဘယ်သူမှ မမြင်အောင် ထုတ်ပြီး ထည့်ထားခဲ့ပါသည်။

## နှစ်ကြာလာသည့်အခါ

ထိုကျောက်တုံးလေး အိမ်မှာရှိနေမှန်း ကျွန်တော် မသိခဲ့ပါ။ ညီမလေးက ကျွန်တော့်ကို ထိုကျောက်တုံးလေးကို မပစ်ဘဲ သိမ်းထားမိကြောင်း၊ အိမ်ပေါ်တွင်တော့ မထားကြောင်း ပြောပြတော့မှ ထိုကျောက်တုံးလေးကို သတိရလိုက်မိသည်။

ဘာလိုလိုနှင့် ထိုကျောက်တုံးလေး အိမ်ရောက်နေသည်မှာ နှစ်,နှစ်ခန့်ကြာပြီဖြစ်သည်။ ကျောက်တုံးလေးကို ထုတ်ကြည့်မိသည့်အခါ ကျွန်တော်ကတော့ ဘာမှမဖြစ်ဘဲ ညီမလေး နှုတ်ခမ်းများ တဆတ်ဆတ် လှုပ်လာကာ တောက်ခေါက်သံကြီးက ကျယ်လောင်စွာ ထွက်ပေါ်လာပါသည်။

အိမ်က လူကြီးများ မသိခင် ပစ်လိုက်မှပဲဟု မောင်နှမတွေ တိုင်ပင်မိကြသည်။

## ဘယ်ကိုပစ်ရမလဲ

ထို ကျောက်စရစ်ခဲလေးများသည် မြစ်ထဲမှ ရလာကြောင့် သူ့ကို မြစ်ထဲ ပစ်ချလိုက်ရမလား။ ကမ်းစပ်တွင် တင်ထားခဲ့ရမလား တိုင်ပင်မိကြသည်။ ညီမလေးကတော့ ကျောက်တုံးလေးကို လူနှင့် စကားပြောသလို ပြောနေသည်။

'နင် တတောက်တောက် ခေါက်နေ လွှင့်ပစ်ခံရတော့မယ်။ ဘာမကျေနပ်လို့ ခေါက်တာလဲ ပြောမှ သိမှာပေါ့။ အိမ်မက်ပေးပါလား ဘာလုပ်ပေးရမယ် ဆိုတာကို။ ငါကတော့ လွှင့်မပစ်ချင်ဘူး ပစ်ရမှာ နှမြောတယ်။ နင့်ပုံစံက ကြည့်လေ ကြည့်လေ ရှုသိုးသိုးနဲ့ ဘီလူးရုပ် ပေါ်လေဆိုတော့ ဘယ်လိုထားရပါ့မလဲ၊ နင့်ကို အိမ်မှာ ထားရမှာလား...မထားရဘူးလား'

'ကဲ...ညီမလေး ပစ်ရမှာ နှမြောလဲ တို့ကိုးကွယ်တဲ့ ဘုန်းတော်ကြီးကျောင်းကို သွားပြီး ကျောက်တုံးလေး ပြပြီး လျှောက်ကြည့်တာပေါ့။ ထားဖို့ သင့်သလား၊ မသင့်သလား ဆိုတာကို။ အခုတော့ အိမ်ပေါ် မတင်ထားနဲ့ အိမ်ဘေးက ပုံးထဲမှာပဲ ပြန်ထားလိုက်လေ'

ဘုန်းကြီးကျောင်းသို့လည်း မရောက်ဖြစ် မမေးဖြစ်ဘဲ သူတို့မောင်နှမ စာရေးသူဆီသို့ ရောက်လာရာမှ အသိဆရာတော်တစ်ပါးကို မေးပေးမည် ပြောကာ ယူထားလိုက်ရာမှ အိမ်တွင် သောင်တင်နေပါတော့သည်။

ထိုဆရာတော်က ဖုန်းနံပါတ် သုံး,လေးခု ပေးထားသော်လည်း ဖုန်းထဲတွင် မှတ်ထားမိသည်က တစ်ခုတည်းမို့ ဖုန်းဆက်၍ မရပါ။ ဆရာတော် ဦးဝိမလမှာ ဝိဇ္ဇာလိုင်း လိုက်နေသော ဆရာတော်ဖြစ်ကာ မဟာမြိုင်တောကြီးထဲတွင်လည်း သွားရောက်သီတင်းသုံးတတ်သည်။ တစ်နေရာတည်း အတည်တကျ မနေ၍ ဖုန်းဆက်၍ မရပါ။

စာရေးသူလည်း ထိုကျောက်တုံးလေးကို ကြည့်မိသောအခါ ထိုကလေးမလေး ဖြစ်သလို နှုတ်ခမ်းများ တဆတ်ဆတ် လှုပ်လာကာ ကိုယ့်နှုတ်မှနေ၍ တောက်ခေါက်ပါတော့သည်။

ထိုကျောက်တုံးလေးပုံကို ဓာတ်ပုံများရိုက်ကာ ကိုယ်လည်း စက္ကူပုံးလေးတစ်ခုထဲထည့်ပြီး သိမ်းထားလိုက်ပါသည်။ အိမ်ထဲတွင် မထားလို၍ သူတို့လိုပဲ အိမ်ရှေ့ကပြင်မှ ထင်းရှူးသေတ္တာပုံးကြီးထဲသို့ ထည့်ထားလိုက်ပါသည်။

## ဘယ်လိုလုပ်ရမလဲ

ဘီလူးမျက်နှာလို ပေါ်နေသော ကျောက်တုံးလေးအား အိမ်တွင် ဆက်ထားရမလား၊ မြစ်ကမ်းစပ်မှာပဲ သွားပစ်လိုက်ရမလား မဝေခွဲနိုင်ပါ။ ဘယ်လိုလုပ်ရပါ့၊ ဘယ်လိုလုပ်သင့် မလုပ်သင့်၊ အိမ်တွင် ထားသင့် မထားသင့်ကိုတော့ သိချင်မိပါသည်။

**စောမိသွင်(ရန်ကုန်)**



www.burmeseclassic.com

www.burmeseclassic.com



မျိုးလက်ဘို

# ဝိဉာဉ်စေပေလား

ကွင်းပိုင်လား

(၂၅-၇-၂၀၁၆)နေ့ နံနက်(၅) နာရီနှင့် (၆)နာရီကြားတွင် ကျွန်ုပ် အိပ်ရာမှ နေ့စဉ် ထ၍ လမ်းလျှောက်ရာ ထိုနေ့တွင် ထူးထူးခြားခြားပင် ရွာသားများ လမ်းပေါ်တွင် သွားလာ ဆူညံနေပါသည်။

ထိုသူများကြားမှ ဖြတ်လျှောက်ရင်း "ဘာဖြစ်တာလဲ"ဟု မေးကြည့်ပါသည်။

အမျိုးသမီးရွယ်တစ်ဦးက (၃) နာရီလောက်ကပင် အပေါ့အလေးဆင်းသွားသူ မောင်စိုးထိုက်၊ ယခုအချိန်ထိ ပြန်တက်လာခြင်းမရှိ၍ ရှာဖွေနေကြကြောင်း သိရပါသည်။

အိမ်တံခါးဖွင့်ထားပြီး ပြန်လည်းမတက် ပြောလို့လည်းမသွား နေလို့ သိပ်မကောင်းဟု သိရပြန်ပါသည်။

ဆက်လက် ရှာဖွေကြသော်လည်း မတွေ့ရတော့ မရောက်လာတော့သဖြင့် မိသားစုနှင့် ရင်းနှီးသူများ ပူဆွေးသောက အလွန်ရောက်ပြီး အိမ်အနီးရေကန်ထဲ ဆင်းရှာ၊ ငုပ်ရှာ များတိုက်ပိုက်ချ ပြုလုပ်ကြသည်။

တချို့က တောသွားသူ အိမ်များကိုသွားရောက် မေးမြန်း စုံစမ်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့ကလည်း ဟိုရွာဒီရွာ မေးရန် သွားကြပြီး တချို့က ဗေဒင်ဆရာထံ ပြေး၍ ဗေဒင်မေးကြသည်။

ဗေဒင်ဆရာက ရေအနီး၌ ရှိနေသည်ဟု ပြောပါသည်။ နတ်ဆရာမနှင့် မေးသောအခါ...

'ရွာရှပ်မ၊ နယ်ရှင်မက စားထားတာ မကြာမီ သတင်းရမယ်၊ အုန်း၊ ငှက်ပျောပွဲပြင်၍ ကိုးမြို့ ပယာရမည်'

ဟု ဆိုသဖြင့်**"မသေဝံ့ နတ်ကိုး"** ဆိုသည့်အတိုင်း လုပ်ကြရလသည်။

(၁၀)နာရီခန့်တွင် သတင်းရသည်၊ တစ်ဖက်ရွာနောက်ဘက်မှာ တွေ့လိုက်သည်။ ကိုစိုးထိုက်တစ်ယောက် (မိုးလင်းဝါကပင်) နောက်ဘက်ကွင်းထဲ၌ ရွှံ့ပေပေနှင့် လျှောက်သွားနေတာ တွေ့လိုက်သည်ဟု ဆိုသဖြင့် ရွာပြင် ကွင်းပြင်၊ ရွာနောက်ဘက် ချောင်း မြောင်းမကျန် ရှာကြပြန်သည်။ နာရီပြန်တစ်ချက်ခန့်တွင် ကျွန်တော်တို့ (အောက်ရွာ) အနောက်ဘက်ကွင်းပြင်၌ လယ်ထွန်နေသူ "ဦးနဂုတ်"ဆိုသူ က...

'ဒီလူ စိုးထိုက် (၈) နာရီလောက်က ရွှံ့ပေပေ ရေစိုစိုနဲ့ ချောင်းအနားဘက် ဆင်းသွားတာ တွေ့လိုက်တယ်၊ ချောင်းနားကမ်းစပ်မှာ ရှာကြဦး'

ဟု ပြောပြန်သောကြောင့် လူအုပ်ဖွဲ့၍ ချောင်းထဲမှလှေနှင့် တချို့ ကုန်းပေါ်မှ တဖွဲ့ ဓားများ ဆွဲ၍ ချုံစပ်,ကွင်းစပ်, ရိုးစပ်,ချောင်းစပ်များတွင် ရှာကြပြန်ပါသည်။

ထို ဦးနဂုတ်ခေါ် လယ်သမားကြီးက ပြောသည်မှာ...

'ဒီကွင်းက နည်းနည်းကြမ်းတယ် သတိထားသွားပါ'

ဟုလည်း ပြောလိုက်ပါသည်။ ပျောက်နေသူ စိုးထိုက်၏ ယောက်ဖတော်သူ ဦးသန်းထွန်းဆိုသူကလည်း ခြေထောက် ဓားထိ၍ မသွားနိုင်သော်လည်း ဆေးထည့် ပတ်တီးစည်း၍ ဓားဆွဲလိုက်လာပြန်ပါသည်။

ရွာနှင့်လည်း အတော်ဝေးဝေး ဗျိုက်တောလယ်စပ်၊ ချောင်းစပ်ရှိ ကျွန်းချွန်းကလေးတစ်ခုရှိသော နေရာ ရောက်သောအခါ...

'ဟော့...စိုးထိုက် မင်းဘယ်မှာလဲ'

ဟု အကြိမ်ကြိမ် ခေါ်၍ ဝင်သွားရာမှ မသက်သာသဖြင့် ထိုကျွန်းချုံစပ် ခရာဆူးချုံ၊ နရွဲချုံ ထူထူကြီးကို ဓားနှင့် ခုတ်ရှင်းရင်း နှုတ်ကလည်း...

'ကွင်းပိုင် နယ်ပိုင် လယ်ပိုင် အရှင်သခင်များ ရှိပါက ကြားပါ၊ ပြပါ၊ ကျွန်ုပ်မှာလဲ အနာနဲ့ ဆက်မရှာနိုင်တော့ပါ'

ဟု ပြော၍ ချုံကို ဓားနှင့် ခုတ်ပြ၏။ နားထဲသို့ **"ဒီဘက်မှာ"** ဟု အသံသြသြနှင့် ပြောသံကြားလိုက်ရသည်။

ဦးသန်းထွန်းလည်း ဆက်၍ မဝင့်ဝံ့တော့သဖြင့်...

'ဟော့ လာ လာကြဟော့ ဒီမှာတွေ့ပြီ တွေ့ပြီ'

ဟု ကုန်းအော်လေသည်။ ချုံက ထူလှပြီး ဆူးချုံမှာ နဘူးချုံ၊ ခရာချုံ ဖြစ်နေသည်။

သို့သော် လူကိုမတွေ့၊ အသံလည်း မကြားတော့ပါ။ အဝေးမှာ ရှာနေသော လူအများအပြား လာတော့မှသာ ထိုချုံကို ဝိုင်း၍...

'ဒီထဲက လူသံကြားလိုက်တယ်၊ ရှင်းကြမယ်'

ဟု ဆိုပြီး ဓားနှင့် ဝိုင်းခုတ်၍ ချုံကို ရှင်းကြလေသည်။

ချုံလယ်လောက်တွင် မြေ၌ ပိပိပြားပြား ထိုင်၍ လက်နှစ်ဖက် မြေကြီးကို တူးယက်နေသည်ကို တွေ့ရသည်။

သူတွေ့ရှိသောနေရာမှာ ချောင်းနီးကပ်နေသော မြေဆွယ်ကျွန်းလေး ဖြစ်၍ ရေအတက်လည်းဖြစ်သဖြင့် ထိုသူ ဖင်ကို ရေထိလုခါနီး ဖြစ်နေသည်။ နောက်တစ်နာရီခန့်ဆို ထိုကျွန်းကလေး ရေမြုပ်နိုင်လေသည်။

ရေမြုပ်လျှင် ထိုပျောက်နေသော လူကို ရေမြုပ်ပေတော့မည်။ လူတွေလည်း မရောက်နိုင်၊ ရေကျမှ သွား၍ ရတော့မည်။ ကံကြီးပေစွ။

ကိုစိုးထိုက်ကို သူ့မိသားစုများဝိုင်း၍ သယ်ထုတ်လာကြ၏။ ရွှံ့လူးလူး ဖြစ်နေသည်။ သတိကား မရတစ်ချက်၊ ရတစ်ချက်၊ ခေါ်မရ မေးမရ ဖြစ်နေသဖြင့် အစ်ကိုလတ်က နောက်ကျော တွင် ကုန်းပိုး၍ ဘေးက အခြားယောက်ျားကြီး(၃၊ ၄)ယောက် ဖက်ဆွဲ, ဆွဲ၍ သယ်ယူလာကြလေသည်။

ရွာကို တစ်နာရီခန့် သယ်ယူချိန်ကြာသည်။ မလိုက်လို အတင်းရုန်း၍ နောက်ကိုသာ ပြန်ကြည့်နေသည်။

'ငါလိုက်လို့ မဖြစ်ဘူး၊ ဒီနေ့ ငါ့အလှည့်ပဲ၊ ငါ့ကို လိုက်ခေါ်နေပြီ၊ ဟိုမှာ ကျွဲမည်းမည်းကြီး လိုက်လာပြီ မြန်မြန်ပြေး'

ဟု ကျောကုန်းပေါ်မှ အော်ရာ



www.burmeseclassic.com

www.burmeseclassic.com

သည်။

မိုးတွင်းဖြစ်၍ လယ်ကွင်းတွေကို ဖြတ်သယ်ရသောကြောင့် အလွှန် ဒုက္ခရောက် ပင်ပန်းတကြီးနှင့် ညီအစ်ကိုများ ယူလာကြသည်။

ရွာနားနီးသောအခါ နောက်ပြန်ကြည့်၍...

'ဟိုမှာ ရွှေမည်းမည်းကြီး လိုက်လာပြန်ပြီ မိရင်တော့ ကိုက်တော့မှာပဲ ချချ'

ဟု ဆိုပြန်သည်။

ကျွန်ုပ် စာရေးသူက ရွာဝတွင် စောင့်ကြည့်နေသော လူအုပ်နှင့်အတူ ရှိနေသည်။ ထိုသူ၏အိမ်မှာ ရွာဝတွင် ရှိသောကြောင့် ရွာဝရောက်သည်နှင့် ရွာခလေ့အတိုင်း အမှောင့်ပယောဂများ မကပ်ရောက်စေရန်၊ မဝင်နိုင်စေရန် ရေမန်းရေစင်များနှင့် ပက်သူက ပက်ပြီး ရွာထဲဝင်သည်နှင့် ထမင်းတချို့ ရေစိမ်ထားသော ပန်းကန်ဖြင့် ထိုလူနာအား ထိ၍...

'ကပ်သူပုဂ္ဂိုလ်ရှိပါက ရွာပြင်တွင် ထိုအာဟာရကို စား၍နေခဲ့ပါ။ မနှောင့်ယှက်ပါနှင့် ရွာထဲ မဝင် မလိုက်ပါနှင့်'

ဟု ပြော၍ လူကိုကျော်၍ ပက်ခဲ့ရလေသည်။

ထို့နောက် သူ့အိမ်ပေါ် တင်လိုက်ကြသည်။ လူအများ ဝိုင်းအုံပြီး အဝတ်လဲခြင်း၊ အဝတ်ပူအုပ်ခြင်း၊ မီးဖို၍ အပူပေးခြင်း၊ ရေမန်းရေစင် တိုက်ခြင်းနှင့် နားလည်တတ်သိသူများ ရောက်လာကြသည်။ မကြာမီ ထိုသူ တရေးအိပ်သွားလေသည်။

အိပ်ရာမှ နိုးလာသောအခါ အကောင်းဖြစ်နေသည်။ လူများ၊ အိမ်သားများက ဝိုင်း၍ မေးကြမြန်းကြလေသည်။

ထိုသူ မောင်စိုးထိုက်ပြောပြသည်မှာ သူ အိမ်ပေါ်က ဆင်း၍ အပေါ့သွားနေ



စဉ် လူသိတစ်ယောက်က လမ်းပေါ်မှ လက်ယပ်ခေါ်သဖြင့် အိမ်မှ ထွက်၍ လိုက်သွားကြောင်း...

(၆) နာရီခန့်ရှိပြီဖြစ်၍ တောသွားသူဟု ထင်၍ အဖော်ဟု ထင်ပြီး လိုက်သွားတာဖြစ်ကြောင်း...

တောသို့ရောက်သောအခါ အလုပ်မဖြစ်ဘူး၊ ရွာပြန်ဆင်းရမယ်ဟု ပြော၍ ရှေ့မှသွားရာ သူလည်း လိုက်လာကြောင်း ပြောပါသည်။

(၂) နာရီခန့် ကြာပြီဖြစ်၍ ရွာပြန်ရောက်လာသော်လည်း ...

'ရွာထဲက မသွားတော့ဘူး၊ မိုးလင်းသွားပြီ၊ ကွင်းထဲက သွားကြမယ်၊ လူမြင်မယ်'

ဟု ဆို၍ ရွာနောက်ဘက် ကွင်းထဲမှ သွားကြကြောင်းနှင့် ချောင်းနားရောက်သောအခါ ဆိုင်းဗုံများတီး၍ ပွဲခံနေသည်ကို တွေ့သဖြင့် နှစ်ယောက်သား ခေတ္တ ထိုင်ကြည့်နေခြင်းဖြစ်ကြောင်း...

ထိုစဉ် နောက်တစ်ယောက် လူမည်းမည်း၊ ခေါင်းမှာ ချိုနှစ်ချောင်းနှင့် ရောက်လာသူက...

'ဘယ်မှ မသွားရတော့ဘူး။ မင်း အလှည့်ရောက်ပြီ၊ ဒီမြေကို လက်နဲ့ ယက်တူးစမ်း'

ဟု ပြော၍ တူးနေရကြောင်း...

ထိုခဏ၌ သူ့အမည် ခေါ်သံကြား၍ ကိုသန်းထွန်း ယောက်ဖတော်သူ၏ အသံဟု ထင်၍ "**ဒီမှာ**" ဟု ပြောလိုက်မိကြောင်း...

နောက် ဘာကိုမှ မသိတော့၊ သတိရသောအခါ ထမင်းအလွှန်ဆာ၊ ရေအလွှန်ဆာသောကြောင့် နိုးလာခြင်းဖြစ်ကြောင်း ပြောပါသည်။

ထိုသူ ကိုစိုးထိုက်သည် နံနက်(၄) နာရီကျော်ကပင် အိမ်မှဆင်းသွားသည်မှာ ညနေ(၄)နာရီခန့်မှ လူများတွေ့၍ သယ်ယူလာသောကြောင့်၊ တွေ့သောကြောင့် ထိုညနေ (၄)နာရီ သတိရမှ ထမင်းစား ရေသောက်ရသည်။

ထမင်းမစား၊ ရေမသောက်ရဘဲ ထိုသူ ဘယ်မှာ ရောက်နေသနည်း။

သူပြောတာတွေကော အမှန်တွေလား။

သူတွေ့မြင်ခဲ့သော ပွဲကနေခြင်း ချိုနဲ့လူသားနှင့် အဖော်ရွာသားတို့သည် လူလား၊ နာနာဘာဝလား၊ ဝိညာဉ်လေလား၊ ကွင်းပိုင်ဆိုသူများလား မည်သို့ ခွဲခြားပါမည်နည်း။

စာရှုသူအသင်ကော အမှန်ပြောနိုင် ခွဲပြနိုင်ပါသလား။ ကျွန်ုပ်တော့ဖြင့် မသိနိုင်တော့ပါ။

ယခုထိ ကျွန်ုပ်တို့ ငါးပြေမရွာတွင် ဤအဖြစ်အပျက်နှင့် သက်ဆိုင်သူများ အားလုံး ရှိနေပါသည်။

ဗျိုးလက်ညို



www.burmeseclassic.com

www.burmeseclassic.com



မင်းမောင်ဘွား
(မြောင်းမြ)

# မိုးကြိုးနှင့် ဆက်နွယ်နေတဲ့

ငယ်စဉ် ကျောင်းသားဘဝက ကျွန်တော်တို့ မကြာခဏ ကြားမိပါသည်။ **"ရှင်မောဂ္ဂလာန်ကို ငရဲမီး လိုက်သည်"**ဟူ၍...

ကြားဖန်များသောအခါ ရိုးသွားပြီး မေ့ပျောက်သလိုပင် ရှိခဲ့ပါလေ၏။ သို့ရာတွင် ယခု ဖော်ပြမည့် အကြောင်းမှာ ကျွန်တော်၏ တစ်သက်တာတွင် တစ်ခါမျှ မတွေ့ကြုံခဲ့ဘူးသော အဖြစ်အပျက်တစ်ခု ဖြစ်နေသောကြောင့် ကြုံဖူးသူများအတွက် မဆန်းသော်လည်း မကြုံဘူးသူများအတွက် တွေးတော ဆင်ခြင်သုံးသပ်နိုင်စေရန် ရည်ရွယ်လျက် ရေးသားတင်ပြရပါသည်။

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှလည်း ဤသို့ ထူးဆန်းအံ့ဩဖွယ်ရာများကို ဖိတ်ခေါ်ထားပါသဖြင့် ကျွန်တော်သည် ဆောင်းပါးတစ်ပုဒ်အဖြစ် ရေးသားပေးပို့မိပါသည်။

မြောင်းမြမှ လပွတ္တာသို့ သွားသော ကားလမ်း ရှိပါသည်။ လမ်းကောင်းမွန်သဖြင့် ကားကြီးကားငယ် အသွယ်သွယ်တို့ ပြေးဆွဲလျက် ရှိပါသည်။

ဂုန်နီစက်ရုံသွားသော လမ်းကို ကျော်သွားလျှင် **"ရေပြာစမ်း"**၊ **ကညွတ်ကွင်း"** စသော ရွာငယ်များ ရှိပါသည်။ ထိုရွာများသည် ယခုအခါ ဈေးဆိုင်များနှင့် စည်ကားလျက် ရှိပါသည်။

တစ်နေ့တွင် ကျွန်တော်၏ မိတ်ဆွေ ကိုစိုးသူက သူ၏ ဥယျာဉ်သို့ အလည်အပတ်ခေါ်သဖြင့် အလည်အပတ်သဘောဖြင့် လိုက်ပါသွားပါသည်။

ထိုရေပြာစမ်းရွာတွင် ဆိုင်ကယ်ဆီဖြည့်ရန် သွားခဲ့ပြီး အပြန်တွင် စားသောက်ဖွယ်ရာများကို ဝယ်ယူ၍ ဆိုင်ကယ်ကို ပုံမှန်စီးကာ ဥယျာဉ်သို့ ပြန်လာခဲ့ပါသည်။

ရော့မ မိုးလုံးကြီးလား

အချိန်ကား ညနေ(၄း၀၀)နာရီခန့် ရှိပြီ...

ထိုစဉ် ကောင်းကင်ယံမှ **"ဖျစ်... ဖျစ်"**ဟူသော လျှပ်စီးလက်သံကြီးကို အတိုင်းသား ကြားလိုက်ရသည်။ မိုးကြိုးပစ်ခါနီးတွင် ကြားရသော အသံပင်ဖြစ်သည်။

ကျွန်တော်က ဆိုင်ကယ်မောင်းနေသူ ကိုစိုးအား ပခုံးပုတ်၍ သတိပေးပါသည်။

'ကိုစိုးရေ... မိုးကြိုးပစ်လိမ့်မယ် ထင်တယ်ဗျ'

နှစ်ကြိမ်,သုံးကြိမ်မှက မြည်ဟည်းနေသဖြင့် ဆိုင်ကယ်နောက်သို့ လှည့်၍ ကြည့်မိသည်။

ထိုစဉ် တစ်ခေါ်လောက် အကွာ



www.burmeseclassic.com

www.burmeseclassic.com

အဝေးမှ ''ဟီး''ထနေသော မီးလုံးကြီးသည် ရောမ ပူစီဖောင်းကြီး လိမ့်နေသကဲ့သို့ မီးရောင်များဖြာလျက် ကားလမ်းဘေးတစ်လျှောက် ကုန်းမြင့်တောတန်းလေးဘေးမှ ဆိုင်ကယ်နောက်သို့ အရှိန်အဟုန် ပြင်းစွာလိုက်ပါလာပါသည်။

ကြားရသော အသံကလည်း **''ဟိန်း... ဟိန်း... ဟိန်း... ဟိန်း''** ဟူသော ကြောက်မက်ဖွယ်ရာကြီးဖြင့် တစ်စုံတစ်ယောက်ကို အငြိုးကြီးစွာ ထား၍ ပြေးလိုက်နေသကဲ့သို့ပင်။

ထို့ကြောင့် ဆံပင်များ ထိုးထိုးထောင်ထောင် ဖြစ်ကုန်တော့သည်။ ကြက်သီးများလည်း ထလာပါတော့သည်။

ကျွန်တော်တို့ ဓာတ်ဆီဖြည့်သောနေရာမှ စတင်၍ တွေ့ရှိရခြင်း ဖြစ်ပါသည်။

ကောင်းကင်ယံတွင်လည်း မိုးများညို့ကာ လျှပ်စီးလက်သံ တဖျစ်ဖျစ်တဝင်းဝင်းဖြင့် ''ဂျိန်း...ဂျလိန်း'' ဟူသော အသံမျိုးစုံတို့ကို ကြောက်ဖွယ်လိလိ ကြားနေရသဖြင့်...

'ဟေ့...ကိုစိုး နောက်မှာ... နောက်မှာ... မီးလုံးကြီး လိုက်လာနေတယ်ဗျို့'

ဟု အလန့်တကြား အော်ဟစ်မိပါတောသည်။ ကိုစိုးကလည်း ဆိုင်ကယ်မောင်းရင်းက နောက်သို့ လှည့်ကြည့်ရင်း...

'အေး...ဟုတ်တယ်ဗျို့၊ ခါးကို မြဲမြဲဖက်ထား မကြောက်နဲ့'

ဟု အားပေးလျက် ဆိုင်ကယ်ကို အရှိန်ထပ်မြှင့်ရင်း သူ၏ ဥယျာဉ်ရှိရာလမ်းတစ်လျှောက် တအားမောင်းတော့သည်။

ထိုအရှိန်နှင့် ထပ်တူညီမျှသော အရှိန်ဖြင့် မီးလုံးကြီးသည်လည်း လျင်မြန်စွာ လိုက်လာပါသည်။

ထိုမီးလုံးကြီး ကျော်ဖြတ်ခဲ့သော ချုံပုတ်များ၊ တောတန်းများသည် ''အိခနဲ''ဖြစ်သွားပြီး မီးဟပ်သည့် အရှိန်ဖြင့် ''တဖျစ်ဖျစ်'' မြည်နေပေတော့သည်။

ဆိုင်ကယ်အရှိန်ကလည်း ကြောက်ဖွယ်လိလိ ပြေးလွှားနေသည်။ တဖြည်းဖြည်းနှင့် ကျွန်တော်တို့ကို မီလာလျက် ယှဉ်၍ တပြေးညီ ဖြစ်လာတော့သည်။

အနီးကပ်လာတော့မှ အသံကြီးသည် ''တဟိန်းဟိန်း''''တဟုန်းဟုန်း'' ဖြင့် စာနှင့်ပင် ရေးမပြတတ်နိုင်လောက်အောင် ကြောက်ဖွယ် ကောင်းလှပါတော့သည်။

ကျွန်တော်သည် မီးလုံးကြီးကို မရဲတရဲ ကြည့်နေရင်းက ကြောက်လန့်နေသည့်ကြားမှ စမ်းသပ်သလိုစိတ် ဖြစ်ပေါ်လာပြီး လက်ဖမိုးကို ဆန့်ထုတ်လျက် မီးလုံးကြီးရှိရာသို့ မီးကင်သလို ပြုလုပ်ကြည့်ပါသည်။

ထိုအခါ **''နွေးတေးတေး''** အရသာကို ခံစားမိပါသည်။ သိပ်ပြီး အပူကြီး မဟုတ်ပါ။

ကိုစိုးက...

'ဟေ့လူ... အတင့်မရဲနဲ့၊ ခါးကို ဖက်ထား၊ ရှေ့နားဆိုရင် ခြံကို ရောက်တော့မယ်၊ ဖက်ထား'

ဟု သတိပေးပါသည်။

ကျွန်တော်ကလည်း အမြဲတမ်း ရွတ်ဆိုနေသော သဝေမပါ ကိုးဂါထာကို ရွတ်ဆိုနေမိပါသည်။ ထိုစဉ်မှာပဲ မီးလုံးကြီးသည် ထိုနေရာ၌ တဟုန်းဟုန်းတောက်လျက် တန့်၍ ကျန်ရစ်ခဲ့ပါသည်။

ဆိုင်ကယ်က မီးလုံးကြီးကို ကျော်လျက် ကိုစိုးတို့ ဥယျာဉ်ခြံထိပ်သို့ ရောက်လာပါတော့သည်။ ကိုစိုးက ထိုအခါကျမှ...

'ဟေ့လူ... ခင်ဗျား ရှေ့က အမြန်သွား၊ ကျွန်တော် လိုက်ခဲ့မယ်'

ဟု ပြောရင်း သူက နောက်သို့ လှည့်ကြည့်သည်။

'ဟာ...ရောမ မီးလုံးကြီးပါလား၊ ဟေ့လူ သွား...သွား...အမြန်သွား'

သူကိုယ်တိုင်ကား ဆိုင်ကယ်ကို လမ်းဘေးမြောင်းကို ကျော်အောင် အားနှင့်တွန်း၍ နေလေ၏။

ကိုစိုးက ခြံထဲသို့အရောက်... ကျွန်တော်က တဲထဲသို့အဝင် အလွန်ကြောက်မက်ဖွယ်ကောင်းသော အသံကြီးကို ကြားလိုက်ရပေ၏။

'ဝုန်း...ဒိုင်း...'

မြေကြီးများ သိသိသာသာ တုန်ဟည်း၍ သွားပေတော့သည်။ တဲထဲတွင်ရှိသော လူများက အဖြစ်အပျက်များကို သိလိုဇောဖြင့် ဝိုင်း၍ မေးကြသဖြင့် ရှင်းပြနေစဉ် ကိုစိုးသည် မောကြီးပန်းကြီးဖြင့် ဆိုင်ကယ်ကို တွန်းလျက် ရောက်လာသည်။

'ဟာဗျာ... ကြောက်စရာ ကောင်းလိုက်တာ၊ ဘယ်နေရာ မိုးကြိုးပစ်သလဲ မသိဘူးဟေ့၊ ကဲ...ပေးစမ်းပါဦး ရေတစ်ခွက်'

ဟူ၍ အမောတကော ပြောဆိုရင်း ရေသောက်နေလေ၏။

အကြောင်းအရာက ထူးချင်မှ ထူးမည် ဖြစ်သော်လည်း အဖြစ်အပျက်ကို ကိုယ်တွေ့ကြုံရသော ကျွန်တော့်အတွက် ကျွန်တော်၏ တစ်သက်တာတွင် ဤတစ်ကြိမ်သည် ထူးထူးဆန်းဆန်း ကြောက်မက်ဖွယ်ကောင်းအောင် ကြုံတွေ့ခဲ့ရပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

**မင်းမောင်ဘွား(မြောင်းမြ)**



www.burmeseclassic.com

www.burmeseclassic.com



# အိပ်မက်ဖြင့် ဝေါးမြင်သူ

ဦးမင်းသို (မြဝတီ)

စာရေးသူ ကျွန်တော်သည် ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလထုတ် အမှတ်(၃၃၀) နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ဆောင်းပါးရှင် ညီလေးငယ် (လယ်တော်)၏ **"အိပ်မက်ဖြင့် လမ်းလျှောက်သူ"** ဆောင်းပါးကို ဖတ်လိုက်ရ၏။

ပထမတွင် စာရေးသူ ပြုံးရယ်မိ၏။ သို့သော် **လွန်ခဲ့သည့် အနှစ်(၅၀) ကျော်က** အဖြစ်အပျက်လေးကို ပြန်လည်တွေးမိသောအခါ လွမ်းဆွတ်တမ်းတမှုတစ်ခုကို ကျွန်တော့်ရင်မှာ ခံစားလိုက်ရပါတော့သည်။

ကျွန်တော် (၁၃)နှစ်အရွယ်ကပါ။ ကျွန်တော်တို့တွင် မောင်နှမ(၅) ယောက်ရှိ၏။ အကြီးဆုံး ယောက်ျားလေး၊ ဒုတိယ မိန်းကလေး အမည်က **"မဝါနု"**၊ တတိယက ကျွန်တော် **"မောင်ညို"**၊ကျွန် ညီမနှင့် ညီကို တော့ ဤစာမှုတွင် မပါ၍ မဖော်ပြတော့ပါ။

ကျွန်တော်တို့က ရောဝတီတိုင်း ဒေသကြီး မြစ်ဝကျွန်းပေါ် ဖျာပုံမြို့နယ်၊ ဖျာပုံတမံ ဆိုသော တောရွာလေးတွင် မွေးဖွားကြသူများဖြစ်၏။ ကျွန်တော်

www.burmeseclassic.com

တို့၏ ဇာတိမြေတမံရွာလေးနှင့် ဖျာပုံမြို့က (၂)မိုင်ကျော်ကျော်မျှသာ ဝေးပါ၏။

*　*　*

စာရေးသူ မိဘများက တောင်ယာလယ်လုပ် ဓားမခုတ်ဆိုသည့် တောသူတောင်သားလယ်သမားများပါ။ မိုးကျပြီဆိုမှဖြင့် လယ်တွေ ထွန်ကြ ယက်ကြ စိုက်ကြ ပျိုးကြရ၏။

စပါးပေါ်ချိန် ရောက်ပါက စပါးများရောင်းချပြီး စပါးပေး ယူထားသောအကြွေးများ ဆပ်ကြရပါသည်။ ငွေပိုငွေလျှံလေးများကို ရွှေတိုရွှေစလေးများ ဝယ်ကြ၏။ စပါးပေါ်ချိန် ငွေပေါ်ချိန် ဆိုသော လယ်သမားများဘဝ။

စပါးများ ရောင်းချပြီး ကျန်စပါးများအား စပါးကျီဖြင့် နောက်နှစ် စပါးပေါ်ချိန်အထိ စားသုံးရန် သိုလှောင်ထားကြ၏။ ကျွန်တော်တို့ မိသားစုသည်လည်း ဝမ်းစာ စပါးများကို စပါးကျီတွင် သိုလှောင်ထားလေ၏။

တစ်နေ့သော ညနေဘက်တွင် အဖေနှင့်အမေ ညစာ စားနေစဉ် အမေက...

'ဖိုးရန်ရေ...ဆန်ကုန်တော့မယ်'

ဟု ပြောလိုက်ရာ...

'ဟုတ်လား... ဘယ်လောက် ကျန်သေးလဲ'

'လေးပြည် (တစ်စိတ်)လောက်တော့ ရှိသေးတယ်'

'မကြည်ရာ... ရပါသေးတယ်။ ငါ မနက်ဖြန် ဖျာပုံသွားပြီး ဆန်ကြိတ်ပေးမယ်'

တစ်ဆက်တည်း အဖေက...

'ဟိုနှစ်ယောက် (ကျွန်တော်နှင့် မမဝါနုကို ပြောခြင်းဖြစ်၏။) မနက်ဖြန် စောစောထ စပါးတင်း(၂၀)လောက် ခြင်(ချိန်)ထည့်ပြီး သမ္ဗန်ပေါ်တင်ထားကြ။ ငါ ရှစ်နာရီလောက် ရေအကျနဲ့ ဆန်သွားကြိတ်မယ်'

'ဟုတ်ကဲ့'



ကျွန်တော်တို့ မောင်နှမ နှစ်ယောက် ပြိုင်တူ "ဟုတ်ကဲ့" လိုက်ကြသည်။ ကျွန်တော်တို့တွင် သမ္ဗန်လေး တစ်စင်းရှိ၏။ စပါးတင်း (၃၀)ခန့် တင်နိုင်၏။

သည့်သို့ဖြင့် ကျွန်တော်တို့ မောင်နှမတွေ ထမင်းစားပြီး ရေဒီယိုနားထောင် နေကြ၏။ ညရှစ်နာရီ သတင်းပြီးသော အခါ အဖေနှင့် အမေ ဘုရားရှိခိုးကြ၏။ ကျွန်တော်တို့သည် ရေဒီယိုပိတ်ပြီး အိပ်ရာဝင်ခဲ့ကြသည်။

*　*　*

ထိုနေ့ည လဆုတ်လား၊ လဆန်းလား ကျွန်တော် မမှတ်မိပါ။ လ အနည်းငယ် သာနေ၏။

ည(၁၂)နာရီ အချိန်တွင်မှာတော့ အိမ်နောက်ဖေး စပါးကျီဆီမှ အဖေ့အသံကို ကြားရ၏။

'မကြည် မီးခွက်ထွန်းပြီး လာခဲ့'

ဟု အဖေအော်သံကို ကြားရ၏။ အဖေ ဘယ်နှကြိမ် အော်ခေါ်နေသည်ကိုမသိ။ အမေရော ကျွန်တော်တို့ တစ်အိမ်သားလုံး နိုးကြပါပြီ။ အဖေလည်း ရေနံဆီမီးခွက်ထွန်းပြီး သွားကြည့်သောအခါ မမဝါနုတစ်ယောက် စပါးကျီနံရံကပ်ပြီး ငိုနေလေ၏။

အမေက မမကို တွေ့တော့...

'ဟောတော့... အချိန်မတော်ကြီး ဘယ်လိုဖြစ်တာလဲ'

အဖေက...

'မကြည်... နင့်သမီးကို ခေါ်သွား ကိုယ်လက် သန့်ရှင်းအောင်လုပ်ပြီး သိပ်လိုက်။ ဒီမှာ သူ ထခြင်ထားတဲ့ စပါး (၅)အိတ်ရနေပြီ။ ခေါ်သွား မကြည် အိမ်ပေါ်ရောက်မှ ငါ ပြောပြမယ်'

အမေနှင့် ဝါခူတို့နှစ်ယောက် မမကို တွဲပြီး အိမ်ပေါ် ခေါ်တက်သွားကြ၏။ အဖေနှင့် ကျွန်တော်လည်း ပြန်ခဲ့ကြ၏။

*　*　*

ထိုအချိန်တွင် ကျွန်တော်တို့ အိမ်ရှေ့တည့်တည့် ချောင်းတစ်ဖက်ကမ်းတွင် နေသော အဖေ့ညီ ဦးလေးမောင်ကွန်း၊ သူ၏ဇနီး ဒေါ်လှညွှန့်တို့ လင်မယား လှေဖြင့် ရေနံဆီမီးခွက်ကြီး ထွန်းပြီး ကူးလာကြ၏။

'အစ်ကိုဖိုးရန်... ဘာဖြစ်ကြတာလဲ'

'အေး... မင်းတူမ ဝါနု အိပ်မက် မက်ပြီး စပါးတွေ ထခြင်ထည့်တာ (၅)အိတ်ရတယ်။ (ဂုန်နီအိတ်တစ်လုံး နှစ်တင်းဝင်၏။ ၅ အိတ်= ၁၀ တင်း)'

ဦးလေးက "ဟောဗျာ" အဒေါ် မလှညွှန့်က "ဘုရား...ဘုရား" ဖြစ်နေကြကုန်၏။

'ဒီလိုကွာ မောင်ကွန်းရ... မနေ့ညနေက မင်းအစ်မက ဆန်ကုန်တော့မယ်ပြောလို့ ငါ ဝါနုနဲ့ညီကို စပါးတင်း(၂၀)လောက် ဂုန်နီအိတ်ထဲ ခြင်ထည့်ခိုင်းထားတယ်။ အဲဒါကို စိတ်စွဲပြီး အိပ်မှာပေါ့။ အိပ်မက် မက်ပြီး အခု သန်းခေါင်ချိန် ထခြင်တာပေါ့ကွာ။

ငါ တရေးနိုးတော့ စပါးကျီဘက်က အသံဗလံကြားလို့ ထပြီး သွားကြည့်လိုက်တော့ ဝါနု စပါး ငါးအိတ်ခြင်ထားပြီပြီ၊ ငါ သူ့အမေ လှမ်းခေါ်တော့မှ နိုးသွားတယ်ထင်တယ် ထရုန်းသွားကပ်ပြီး ငိုနေတော့တာပဲ'



 စာမျက်နှာ (၂၇၈) သို့

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပိုင်နွေး
(ကျွန်းသစ်)

မယုံသူကို ယုံအောင်ပြသည့်

# ကွင်းပိုင်ကြီး၏ အစွမ်းသတ္တိ

ကျွန်ုပ်...မြို့ မြန်မာ့သစ်လုပ်ငန်းပိုင် အမှတ်(...)သစ်စက်သို့ အလုပ်တာဝန် လွှဲပြောင်းယူရန် သစ်စက်သစ်လုံး သိုလှောင်ရေးမြစ်ဆိပ်သို့ ရောက်ရှိသွားသည်။ အထက်အမိန့်ရမို့ မငြင်းနိုင်ပါ။

ခက်တာက တာဝန်မို့သာ... အညာသား ရေကူးမကျွမ်းသူ ဖြစ်နေသည်။ သို့ပေမယ့် ကမ်းနားရုံးသို့ ဝန်ထမ်းများရှိရာသို့ အမှန်ပင် ရောက်တော့၏။

'ဆရာ...အလှူငွေ ထည့်ပါ'

သစ်ဖောင်ထိန်းကြီး ကိုသာဦးက ကျွန်ုပ်ရောက်သည်နှင့် အလှူငွေ တောင်းလာ၏။

'ဘာလုပ်ဖို့ အလှူငွေလဲဗျာ'

ကျွန်ုပ်မှာ သံသယအတွေးနှင့် မြန်းစားကြီး ပြောချလိုက်တော့...

'ဒီသစ်စက် ကမ်းနားစောင့် ကွင်းပိုင်ဘိုးဘိုးကို တင်မြှောက်ဖို့ပါ'

'ဗျာ'

ကျွန်ုပ်မှာ ဩချလျက် အာမေဋိတ်သံက လွင့်ထွက်သွား၏။ ခက်တာက ကျွန်ုပ် ဒါတွေ မယုံရေးချ မယုံပါ။

မမြင်မတွေ့ရ လောကသားများကို ဘယ်လိုမှ မယုံခဲ့သူတစ်ယောက်ကို လာနှိပ်စက်ကြ၏ဟု မိမိထင်မိ၏။

'ဆရာတို့က ဉာဏလုပ်သားဆိုတော့ အကြောင်းမထူးပါဘူး။ ကျွန်တော်တို့လို ကာယလုပ်သား ကမ်းနားသစ်ပင် ဗိုက်တွယ်နေရတဲ့သူတို့အဖို့မှာ မမြင်မတွေ့ရသော်လဲ မြင်တွေ့သူရှိလို့ သဘောထားပြီး နှစ်တိုင်း ကွင်းပိုင်ကြီးကို ပူဇော်ယရပါတယ်'

'ဒီလိုမလုပ်ရင် ဒုက္ခတစ်ခုခု ဖြစ်ပြီး သေတဲ့သူတွေရှိပါတယ်'

သည်လို သစ်ဖောင်ဝန်ထမ်းများ တစ်ယောက်တစ်မျိုးစီ ပြောဆိုကြသည်ကို ကျွန်ုပ်က မယုံကြည်သော်လည်း အလှူငွေ ငါးရာကျပ် ထည့်လိုက်ပါ၏။

'ဆရာ နည်းပါတယ်။ ကွင်းပိုင်က အရက်တစ်လုံးရယ်၊ ကြက်ဖိုကြက်မ ရယ် မုန့်ဆန်းရယ်၊ ကောက်ညှင်းရယ် ထည့်ဆက်ရမှာပါ ခေတ်ဈေးနှုန်း ဆိုတော့ ဆရာက နောက် တစ်ထောင် ထည့်ထားပါဦး ဆရာ'

ကျွန်ုပ်လည်း စိတ်မရှည်စွာနှင့် သူတို့တောင်းတာ ထည့်လိုက်ပါသည်။ သူတို့ကျေနပ်မှ နောင်ဆက်ဆံလို့ ကောင်းမည်။

'ကဲ...ကဲ ခင်ဗျားတို့က အကြောက်လွန်တော့ ကျုပ်စက်ရုံမှူးဆီက အလှူငွေ ထပ်တောင်းပေးပါ့မယ်'

အားလုံး ဝမ်းသာပီတိ ဖြစ်သွားကြ၏။

* * *

ကျွန်ုပ်မိသားစုနှင့်အတူ ဝန်ထမ်းအိမ်ရာမှာ နေရတော့ စက်ရုံမှူးက ညကင်းပါ အမြဲစစ်ပေးဖို့ ထပ်ဆင့် တာဝန်ပေးလိုက်ပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာဦးကပင် အိမ်မွေး ခြံပေါက်အဖြစ် ခွေး၊ ကြောင် အဖော်မွန်အဖြစ် မွေးကျွေး ထားသင့်သည့် ရှေးမူကို ကျွန်ုပ် လက်ခံပါသည်။

ကြောင်က အိမ်တွင်းပစ္စည်း ကိုက်ဖြတ်ဖျက်ဆီးသည့် ကြွက်သတ္တဝါများကို သုတ်သင်ပေး၏။ ခွေးက လူအသိ သတိရှိစေမည့် သက်လုံလုံခြုံရေးအတွက် များစွာ အထောက်အကူရသည်။

ထိုမှုအရ အိမ်မှာလည်း အိမ် အရောက် လုပ်ငန်းခွင်မှာလည်း လုပ်ငန်းခွင်အလျောက်ပေါ့။ ကျွန်ုပ်တို့ လင်မယားနှစ်ယောက်ကလည်း အိမ် မွေးခြံပေါက် ခွေးနှင့် ကြောင် မိတ်ဝတ် မပြတ် ကျွေးမွေးထား၏။

အုန်းခွံရောင်ရှိသည့် ကျားမိုဆိုသည့် ခွေးကြီး၊ အလုပ်ထဲမှ ဘယ်ခွေးနှင့် မတည့်သည့် မြီးပြတ်ဂုတ်ကျားမ၊ သူတို့အဖော် နက်ကျော်မတို့သည် ကျွန်ုပ် ဘယ်သွားသွား ညဆိုရင် အမြီး တနန့်နန့်နှင့် လိုက်ပါတတ်၏။

ည၌ နာရီပြန် တစ်ချက်တီးဆိုလျှင် စက်ရုံဝန်းထဲ ပတ်လှည့်တိုင်းပါ၏။ ည၌ ဆိုတော့ လုံခြုံရေး လျှပ်စစ်မီးတိုင်နှင့် ဝေးသည့်နေရာဆို တော်ရုံမမြင်တွေ့ရ မဟုတ်ရာည၌ စီးမိုးမှုကြောင့် ဘာမျှမမြင် ရပါ။

ကျွန်ုပ်ကလည်း ဓာတ်မီးအမျိုးစား ကောင်းကို ကိုင်ထား၏။ တစ်ဖက်က ပိတောက်နှစ်သား တုတ်တစ်ချောင်း ကိုင်လေ့ရှိပါသည်။

ည၌ဦးက မိုးရွာထားတော့ ဝန်းကျင်အားလုံး စိုစွတ်နေပါသည်။

လကွယ် မိုးနှောင်းည ဘာကိုမျှ မမြင်၊ ပိန်းပိတ်ဖုံးနေသော အမှောင်ထု က အတော်ကြီး စိုးမိုးထားသည်။

'ဝုတ်…ဝုတ်…ဝုတ်'

'ဝေါင်း…ဝေါင်း…ဝေါင်း'

ခွေးတွေ ထိုးဟောင်သံရှိရာ မီးထိုး ကြည့်၏။ မှောင်ရိပ်တစ်ခု… မည်းမည်းရှည်ရှည် ဘာရယ်မသိ၊ ခွေး ကလည်း ဟောင်လိုက်လာ အသံမစဲ ခွေးဆိုသည့် အရာကလည်း သူတို့ စိတ်ထဲ မြင်ရာထင်ရာ စွတ်ဟောင် တာပဲ…

ထိုပုံရိပ်ကို ကျွန်ုပ် ဓာတ်မီးနှင့် ထိုးထားသည်။ အလင်းတန်းရှေ့လျား တာတွေ့ရ၏။ အမှန်တော့ သတ္တဝါ တစ်ခုခုဖြစ်မည်ဆိုတာ သဘောပေါက် သဖြင့်…

'ဟေ့…ရပ်၊ ဘယ်သူလဲ'

ကျွန်ုပ်က မယုံလို့ ကြောက်သလား ဆိုတော့ ကြက်သီးမွေးညင်းတော့ ထောင်ထလာသည်။ ရင်ထဲမှ ခပ်ဖိုဖို ပါ။

ကျွန်ုပ်က ရှေ့လျှောက်လျှင် သူက ရှေ့တိုးသွား၊ ကျွန်ုပ်က နောက်ဆုတ် ကြည့်ရင် သူကလည်း နောက်ဆုတ် ပြန်လာသည်လို့ ထင်ရသည်။ ခွေး ကလည်း အဟောင်မရပ်ပါ။

သည်လိုနှင့် သစ်ဖောင်စောင့် တဲ နား ရောက်သွားပါသည်။

'ဟေး…ကိုသာဦးနဲ့ ဦးကျော်ဝင်း'

မှောင်ရိပ်ထဲမှ ခေါ်သူက ကျွန်ုပ်ပါ။

'ဗျာ… ဆရာလား'

'ဟုတ်ပါတယ်'

ကျွန်ုပ်လည်း ပြောလည်းပြော ရှေ့လျှောက်သွားမိ၏။ မည်းမည်းပုံရိပ်လည်း ပျောက်ကွယ်သွားလို့ ထင်ပါသည်။ ခွေးတွေ အဟောင်ရပ်သွား သည်။

'စောစောက ခွေးတွေ ဝိုင်းဟောင်တာ မည်းမည်းပုံရိပ် မြင်လိုက်ရရဲ့လားဗျ'

ဒီလိုဆိုတော့ ကိုသာဦးက ပြုံးရယ် သည်။

'အဲဒါ ကွင်းပိုင်ကြီးပေါ့ ဆရာရယ်'

'ဗျာ'

ကျွန်ုပ် မျက်လုံးအိမ် ဝေ့လည်လည် ဖြစ်သွား၏။

'ဆရာက သူ့ကို မယုံဘူးမဟုတ်လား၊ အဲဒီ အရိပ်အယောင်ပြတာပဲ'

'ဟာ မယုံဘူးဗျာ'

'ဒီလိုဆို ဒီညနေ ကွင်းပိုင်ကို မြှောက်မယ်၊ ဆရာလာခဲ့ပါ အရက်လဲ သောက်၊ ကြက်သားနဲ့ မြည်းရတာပေါ့'

'ဟာ ကျုပ်အရက်မသောက်ဘူးဗျ'

သည်လိုနှင့် ဆရာတပည့် အချီအချ စကားဝိုင်းဖွဲ့ရင်း နံနက်စောစော ဖောင်ဝန်ထမ်း အကြော်စုံဆိုင် အဝယ် ခိုင်းပြီး ရေနွေးကြမ်းဝိုင်းဖွဲ့လို့ အချိန် အတော်ကြာတော့ မိုးစင်စင်လင်းလာ ပါသည်။

* * *

သူတို့သက်ဆိုင်ရာ ကွင်းပိုင်မြှောက် ပွဲ တပျော်တပါး ပြုလုပ်ကြ၏။ ပွဲ မြှောက်လို့ ပြီးတော့ သူတို့သည် ပွဲစွန်ပွဲ တည်ခင်းကြတာကို နတ်စားပွဲတဲ့။

ကျွန်ုပ်က သရော်ပြုံးနှင့် သူတို့ အသိုင်းအဝန်းကို ခေါင်းခါပြလိုက် တော့…

'ကွင်းပိုင်ကြီးဘိုးဘိုး… ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ဆရာက ဘိုးဘိုးရှိတာ မယုံဘူး။ လိုတာရှိရင် ဘိုးဘိုး အရုပ်မမြင် အကောင်အထည် ပြလုပ်ပြီး ကူညီပါဘိုးဘိုး။

ကျွန်ုပ်တို့ အမိုက်မဲများ လွန်တာရှိက ဝန္ဒာမိပါ၏ ဘိုးဘိုးကို အစဉ်လာပြုလို့ ပူဇော်မှု မပြတ်ခဲ့ပါ။ ဒါဆို ဘိုးဘိုးကျေနပ်ပါလိမ့်မယ်'

အသက်(၅၀)ကျော် ဦးကျော်ဝင်းက မြစ်ကမ်းနဖူးပေါ် ခုံတန်းလေးပေါ် နီနီရဲရဲ ကင်ကြော်ထားတဲ့ ကြက်ဖိုကြက်မ နှစ်ကောင် လင်ပန်းထဲ ထည့်လို့ ကောက်ညှင်း၊ မုန့်ဆန်း၊ အရက် ဆိုင်ရာဆိုင်ရာ ထည့်စရာများနှင့် ထည့်ပြီး တင်မြှောက်ပြောဆိုနေလေသည်။

မကြာမတင်မှာပဲ ကြက်သားအချို့ ဖဲ့၊ အရက်ပုလင်းကိုငှဲ့၊ ကောက်ညှင်း၊ မုန့်ဆန်း၊ လက်ဖက်ပွဲမှ အချို့ဖဲ့ဖယ်ပြီး မြေဝယ် ပုံပေးလိုက်ပါသည်။

ထိုအဖြစ်ကို ဟုတ်ထာ မဟုတ်တာ၊ ကျွန်ုပ်က ကိုယ့်တပည့် လက်အောက်ဝန်ထမ်းများ စိတ်ဝယ် ချမ်းမြေ့စေရန် အလိုက်အထိုက်နှင့် ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့နဲ့ ထိုနေရာဆီမှ ထပြန်ခဲ့ပါသည်။

မိုးဦး၊ မိုးလယ်၊ မိုးနှောင်း...

ရာသီယန္တရား လှည့်ပတ်ခဲ့တာ မိုးနှောင်း ,လကွယ်ည၊ ရောက်လာသည့် သစ်လုံးများကို မြစ်ရေထဲမှ ဆွဲကရိမ်း ဂျစ်ယန္တရားနှင့် ကုန်းပေါ်ဆွဲတင်ကြရ၏။

ရေတက်ချိန် ခဏတပန်း ကြိုးပမ်းလို့ နေက ညနေစောင်းမို့ နေချိုလာပြီ။ ပုစွန်ဆီရောင် အလင်းတန်း မကုန်ဆုံးချိန် လုပ်ငန်းအပြီး ဆောင်ရွက်ကြရသည်။

လုပ်ငန်းသိမ်းလို့ အိမ်ပြန်ခါနီး ကမ်းနားမြေပြင်ပေါ်မှ သစ်လုံးပုံကြီးကို ကြည့်ငေးလျက်မှ နှုတ်မှ တစ်စုံတစ်ခု ရေရွတ်လိုက်ပုံက...

'ကဲ...ကွင်းပိုင်ကြီး ကျုပ်တပည့်တွေက ထုံးစံအရ တာဝန်ကျေပွန်ခဲ့တော့ ဒီသစ်ပုံကို အမြဲစောင့်ရှောက်ပါ'

ဘာရယ်မသိ သည်လိုကြီး ပြောပြီး လှည့်ထွက်ခဲ့၏။

* * *

'ဒေါင်...ဒေါင်...ဒေါင်'

'ဝုတ်...ဝုတ်...ဝုတ်'

'အားလုံး ထကြ၊ ထကြ၊ ရေတက်နေတယ်'

ခွေးကဟောင်၊ လူက ဆူဝေ၊ ညခင်း၏ တိတ်ဆိတ်မှု ဖြိုခွင်းလိုက်သည်။ ကျွန်ုပ်အား ဇနီးသည်က လှုပ်နှိုးသည်။

'ဆရာ...ဆရာ...ဆရာ'

'ဦးခင်မောင်အေး'

အိမ်အောက်ထပ်မှ ခေါ်အော်သံ ဆူညံလာသည်၊ ကျွန်ုပ်လည်း ဓာတ်မီး၊ တုတ်၊ မိုးကာအင်္ကျီဝတ်၊ တောဘွတ်ဖိနပ်ကို ကပျာကယာဝတ်စီး အိမ်တံခါးမကို ဖွင့်ဆင်းခဲ့သည်။

'ဆရာ သစ်လုံးတွေ ရေထဲ မျောပါကုန်တယ်'

'ဟုတ်လား'

သည်စကားသာ ပြောနိုင်သည်။ ကမ်းနားဘက် အပြေးနှင်တော့၏။ အချိန်ကား ညဥ့်သန်းခေါင်ကျော် တစ်နာရီ တစ်ချက်တီးဖြစ်နေတာ လက်ပတ်နာရီက ပြန်ဆိုနေပါသည်။

ကမ်းနားရောက်တော့ မြစ်ပြင် တဖွေးဖွေး သစ်လုံးတွေ တရေးရေး မြင်တွေ့ရတော့ ရင်ထဲမှ ဖိုမိသလိုကြီးပါပဲ။

ဘယ်အချိန်က ရောက်လာသည်။ မသိသည့် စက်ရုံမှူး ဦးထွန်းကြိုင်၊ ဖောင်ထိန်းကြီး ဦးသာဦး၊ တာဝန်မှူး ဦးတင်ဝင်း၊ အထူးတာဝန်မှူး ဦးအောင်မြင့်သူ...

'ကဲ...ကဲ ဘယ်လိုလုပ်မလဲ ဦးခင်မောင်အေး'

ကျွန်ုပ်မှာ စကားမပြောနိုင်တော့ပါ။ ဦးသာဦးက ကမ်းစပ်သို့ ပြေးတက်သွားပြီး မြစ်ရေပြင်မျက်နှာမူကာ...

'ကဲ... ရေလုပ်သားတို့ ကွင်းပိုင်ဘိုးဘိုးတို့ တို့ဝန်ထမ်းအားလုံး သစ်လုံးတစ်လုံးမှ မပျောက်အောင် ပိုင်းဆယ်ကြပါ။ လိုတာကို ကူညီပါ'

သူ၏ အော်ပြောသံကြီးကား ကျယ်လောင်လှပါ၏။ မြစ်ပြင်ထဲဝယ် သင်ဖြူးဖျာ ဖြန့်ခင်း စင်းစင်းလုံးလုံး သစ်လုံးများသည် မြော်တွေးရည်ရော်လျက်...

ညဥ့်မှောင်ကမ်းမည်း လလေးက ကွေးကွေး မဟူရာညအမှောင် ကြားထဲ၌ တိမ်တိုက်ကြားထဲမှ မှိတ်သုံ မှိတ်သုံ ကြယ်အရောင်ကြောင့် ဖွေးလက်လာလိုက် မှောင်နက်မည်းမည်း ဖြစ်လိုက်နဲ့...

လူတွေ သစ်လုံးတွေနှင့် လုံးထွေးနေသော မြင်ကွင်းကား နပန်းပွဲကောင်း ကြည့်နေရသလိုပါပဲ။

ဒါပေမယ့်...

ဒါပေမယ့်...

မည်းမည်း သဏ္ဍာန်များကား



www.burmeseclassic.com

www.burmeseclassic.com

အမှောင်ကြားမှ မသဲမကွဲ သစ်လုံးများ ကမ်းနားဆီသို့ ပို့ယူလာသည်။ လူတွေလော၊ နတ်တွေလော၊ ဘာတွေလဲ ကျွန်ုပ် သံသယ ဖြစ်မိ၏။

နေအရုဏ်၏ အလင်းရောင်ခြည်များသည် တလောကလုံး ဖြန့်ဆန်းလာပါသည်။

သစ်လုံးများလည်း ကမ်းနားမှာ စုပြုံရောက်လာပြီ ဒီရေတွေလည်း ကျဆင်းသွားပါပြီ။

ကမ်းလုံးညွှတ်မှ ဝက်ဝက်ကွဲ ဆူညံသောအသံများလည်း စဲသွားပါပြီ။ ငြိမ်သက်သွားပါသည်။

ကျွန်ုပ်တို့ ရင်ဖိုသမျှ ချေးသိပ်ပေးသည့်အသံကတော့...

'ဆရာ... သစ်လုံး တစ်လုံးမှ မပျောက်ဘူး အားလုံး ပြန်ရတယ်'

ဖောင်ထိန်းကြီး ဦးသာဦးအသံကား အောင်မြင်ပီပြင်လှ၏။ စက်ရုံမှူးနှင့်တကွ အားလုံး ပြုံးနိုင်ကြပါပြီ။

တစ်ချိန်လုံး ပန်းသမျှ နွမ်းခွေ အိပ်မောကျလို့ အိပ်ရာအနီး...

သစ်လုံးရုံးခန်းမှာ အရာထမ်းအမှုထမ်း စုံညီစွာ ရောက်နေကြပါပြီ။

'တာဝန်ကျေပါတယ် ဘိုးဘိုးရယ်' ဦးသာဦးက အားလုံးရှေ့မှောက်မှာ ပြောရင်း...

'ညက ကွင်းပိုင်ဘိုးဘိုးတို့အဖွဲ့ကလဲ တစုတဝေး ကူညီပါတယ်။ ကျုပ်ကိုယ်တွေ့ပါ။ ပရလောကသားတို့ဟာ သူတို့ ကူညီပြီးတာနဲ့ အလင်းရောက်လို့ မကြာသေး လူအုပ်ကြားက ကြက်ပျောက်ငှက်ပျောက် ပါပဲ။

ရေလုပ်သားနဲ့ ဝန်ထမ်းအားထက် များပါတယ်။ ကျွန်တော် အနီးကပ်ကြည့်တော့ မျက်နှာပြင် လုံးဝမပေါ်ပါ။ အနီးကပ်လဲ မခံကြပါ'

ဦးသာဦးသည် ဘွင်းဘွင်းသမားမို့ တည့်တိုးပဲ ပြောလိုက်ပုံကို ကျွန်ုပ် စိတ်ထဲ သံသယမရှိတော့ပါ။ အစည်းအဝေး ဆုံးဖြတ်ချက်အရ ကွင်းပိုင်နှင့် အပေါင်းပါ တင်ဆက်ပွဲမှာ...

ကြက်ဖို့ကြက်မစုံတွဲသာမက ပရလောကသားတို့ မက်မောမယ့် ပွဲပေါင်းစုံ ပါဝင်အောင်...

ကျွန်ုပ်ကိုယ်တိုင် စီမံ စီစဉ်ခဲ့ပါသည်။

**(၁၉၉၉ ခုနှစ် ဖြစ်ရပ်မှန်ကို အမှန်ကိုယ်တွေ့ ရေးဖွဲ့ထားပါကြောင်း ဝန်ခံပါသည်။** ***စာရေးသူ*****)**

*သုခိတာ ဟောထ ဒုက္ခမုဥ္စထ*

**ကောင်းဟိန်း(*ကျွန်းသစ်*)**

စာမျက်နှာ (၂၇၄)မှ အဆက်

'ဖြစ်ရလေ ကြိုကြိုဖန်ဖန်'

ဟု ဦးလေး မောင်ကွန်းက ပြော၏။ ဒေါ်လှညွှန့်ကတော့ မမအခန်းထဲသွားပြီး ရယ်နေကြ၏။

အဖေက...

'ဟော့ကောင်ညို မင်းအစ်မ (၅)အိတ်ခြင်ထားပြီးပြီ မိုးလင်းရင် မင်း(၅)အိတ်ခြင်ထည့်'

ဟု ပြောပြီး ဦးလေးမောင်ကွန်းနှင့် ပြုံးရွှင်စွာ ရယ်မောနေကြကုန်၏။

ကျွန်တော့်တစ်သက်မှာ အဖေ့မျက်နှာ ပြုံးပြုံးရွှင်ရွှင် ရယ်မောပြော ဆိုခြင်းကို တစ်ချိန်တစ်ခါမှ မမြင်ဘူးခဲ့ပါ။ ဒါ ပထမအကြိမ် မြင်တွေ့ရခြင်း ဖြစ်ပါတော့သည်။

ဦးလေးနှင့်အဒေါ်တို့လည်း ရယ်မောပြီး ပြန်သွားကြလေသည်။

* * *

နောက်နေ့နံနက် ကျွန်တော် စပါးထခြင်တော့ မမ လာဝိုင်းခြင်ပေးပါသည်။ ကျွန်တော်က...

'မမ နင်... ညက ဘယ်လိုဖြစ်တာလဲ'

ဟု မေးရာ မမက...

'မသိတော့ပါဘူး ကိုညိုရာ'

ဟု ပြောလေ၏။ ဆက်ပြီး...

'ငါ အဖေ့အသံကြားမှ နိုးတာဟ၊ ငါ အဖေရိုက်မှာကြောက်လိုက်တာဟာ။ အသားပါ တုန်တယ်'

ဟု ပြောလေ၏။

ကျွန်တော်က...

'မနေ့ညက အဖေနဲ့ ဦးလေးမောင်ကွန်း ပြုံးရယ်ပြီး ငါတို့ကို စပါးခြင်ခိုင်းတဲ့အကြောင်း ပြေနေကြတယ်'

ထိုအခါ...

'ဟုတ်လား... အဖေပြုံးတာ ငါမြင်ချင်လိုက်တာ'

တဲ့။ ကျွန်တော်က...

'ဒါဆို... ဒီလိုလုပ်လေ ဒီတစ်ခါ ဆန်ကုန်ရင် အခုလို သန်းခေါင်ကျော် စပါးထခြင်လေ'

ဟု ပြောလိုက်ရာ မမက...

'မလုပ်ပါနဲ့ ကိုညိုရယ်... ဒီတစ်ခါ ဖြစ်ရင် ရိုက်ချင်ရိုက်မှာ၊ မရိုက်တောင်ငါအဖေ့ကိုကြောက်တဲ့စိတ်နဲ့ သေသွားနိုင်တယ်'

ဟု ပြောပြီး မောင်နှမနှစ်ယောက် ရယ်မိကြ၏။

စပါးခြင်ပြီးတော့ ဦးလေးမောင်ကွန်း ကူးလာပြီး စပါးအိတ်များ သမ္ဗန်ပေါ် တင်ပေးပါသည်။ ရှစ်နာရီလောက်မှာတော့ အဖေ သမ္ဗန်ခတ်ပြီး ဆန်ကြိတ်ရန် ဖျာပုံသို့ ထွက်ခွာသွားပါတော့သည်။


**ဦးမင်းညို(*မြဝတီ*)**

**မှတ်ချက်။** ။ အဖြစ်မှန် ဖြစ်ပါသည်။ နေရာဒေသအမည်များ အမှန်အတိုင်း ရေးသားထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ရောဂါကုဆေးဗေဒ

ယတြာအစွမ်းဟော

ထိလာကျော်

စာရေးသူ၏ ဇာတိမှာ တောင်သာမြို့နယ်၊ အုန်းပင်တောရွာ ဖြစ်ပါသည်။ စာရေးသူ(၂)နှစ်သားအရွယ်က အဖြစ်အပျက်လေးတစ်ခုကို မိဘများ ပြန်ပြောပြသည့် အထဲမှ စာရေးသူ မှတ်မိသမျှ ရေးသားဖော်ပြပေးလိုက်ပါသည်။

စာရေးသူသည် နို့မြက်၍ (၂)နှစ်သားအရွယ်တွင် သာမန် ဖွံ့ဖြိုးမှုပင်မရှိ။ ပိန်လှီချည့်နဲ့လှသည်။ ထို့အပြင် ငိုသည့်အခါ တွက်တက်နေသည်။

အာဟာရချို့တဲ့မှုကြောင့် ပိန်လှီသော်လည်း မိဘနှစ်ပါးကမူ ဤသို့ မယူဆဘဲ အခြား အကြောင်းတစ်ခုခုကြောင့်ဟု ယူဆသည်။

နတ်ကိုင်သည်ဟူ၍ ဖြစ်သည်။ နတ်ကိုင်သည်ဆိုသည်မှာ နတ်က မကျေနပ်၍ ပြုစားသည်ဟု ယူဆခြင်းဖြစ်သည်။ နတ်ဆရာများနှင့် ကုသသည်။ ထူးခြားမလာပါ။

ရွာ၏ အနောက်မြောက်ယွန်းယွန်းတွင် ဖျောက်ဆိပ်ပင်ကြီးတစ်ပင်ရှိသည်။ အတော်ပင် ကြီးမားသည်၊ အဆိုပါ အပင်၏ တောင်ဘက် ယာတစ်ကွက်ကျော်တွင် စာရေးသူ၏ မိဘနှစ်ပါးတို့၏ ထန်းတဲရှိသည်။

ဖျောက်ဆိပ်ပင်ကြီးသည် နတ်ကြီးသည်ဟု တစ်ရွာလုံးက ယူဆထားကြသည်။ အပင်၏အနီးတွင် မည်သူမျှ အပေါ့အလေး မစွန့်ရဲ၊ ဆဲရေးတိုင်းထွာ မပြုရဲကြပေ။ ဤသို့ပြုမိက နတ်ကိုင်သည်ဟု အားလုံးက ယူဆကြသည်။

စာရေးသူတို့ရွာနှင့် (၅)မိုင်လောက် အကွာတွင် သဲတောကျေးရွာရှိသည်။ သဲတောကျေးရွာရှိ ဆရာတော် ဦးဇဝနသည် ဗေဒင်ပညာ ကျွမ်းကျင်လှသည်။ ဒီနေ့ ဘယ်ရွာမှ ဘယ်သူ ဗေဒင်လာမေးမည်ကအစ သိသည်။

ယခင်က သိထားသူများသာမက တစ်ခါတစ်ရံမှ မသိဘူး မမြင်ဘူးသူများက အစသိသည်။ ဗေဒင်နှင့် ယှဉ်တွဲလျက် ယတြာချေရသည့် ကိစ္စကလည်း ပါလာသည့်အပြင် အစွမ်းလည်း ထက်လှသည်။

ဗေဒင်ယတြာအပြင် ဆေးကုလည်း ကျွမ်းကျင်လှသည်။ ဆေးကုသည်ဟု ဆိုသော်လည်း တိုင်းရင်းဆေး၊ အင်္ဂလိပ်ဆေးများဖြင့် ကုသခြင်း မဟုတ်။ ဆရာတော်၏ ဆေးကုသပုံကလည်း ဆန်းပြားနေပြန်သည်။

ကျောင်းဝင်းအတွင်းရှိ သဲနှင့် ဆရာတော်ကိုယ်တိုင် ဂါထာရွတ်ထားသော ရေနှင့် ရောစပ်၍ ပေးခြင်းသာလျှင်ဖြစ်သည်။

မျက်စိနာလျှင် ခတ်၊ အနာပေါက်ဆိုလိမ်း၊ ဖျားနာဗိုက်အောင့် ဗိုက်နာဆိုသောက်ရုံမျှဖြင့် ပျောက်ခြင်းဖြစ်သည်။ မည်သည့်လူနာထံကမှ ဆေးကုသစရိတ် မယူပါ။

ရေတိုက်၊ ရေလိမ်း၊ ရေခတ်ရုံမျှဖြင့် သာမကဘဲ တစ်ခါတစ်ရံ ရောဂါမှုန်းကို

www.burmeseclassic.com

ယတြာဖြင့် ကုသပြန်သည်။

ယတြာဟု ဆိုသော်လည်း ငွေကုန်သော ယတြာမျိုးတော့ မဟုတ်။ ငွေကုန်နည်းနိုင်သမျှ နည်းသော ယတြာကိုသာ ဖြစ်စေသည်။

အဆိုပါ အစွမ်းများကြောင့် ဆရာတော် ဦးဇဝန၏ ဂုဏ်သတင်းသည် တစ်မြို့နယ်လုံးတွင် သင်းပျံ့နေသည်။

မလှိုင်မြို့နယ်၊ လေးအိမ်တန်းရွာမှ မဖွားသည် စာရေးသူတို့ရွာသို့ ပြောင်းရွှေ့လာသည်မှာ အတန်ပင် ကြာပြီဖြစ်သည်။ မဖွားသည် အပျိုကြီးတစ်ဦးဖြစ်သည်။ ရွာထဲရှိ ကလေးများကို အလွန်ချစ်ခင်သည်။

သူမ၏ ခန္ဓာကိုယ်တွင် အဖုများများစွာပါသည်။ မှဲ့စိုဟု ပြောကြသည်။ ကြာလေ ပွာလေးဖြစ်သည်။ အချို့ကလေးများက မဖွား၏ အဖုများကို ရွံကြသည်။

စာရေးသူသည် မဖွားကို ချစ်ပါသည်။ အကြောင်းမှာ မဖွားထံမှ မုန့်ပဲသရေစာ များများစားရသောကြောင့် ဖြစ်ပါသည်။

ရွာသူရွာသားများသည် အခါကြီးရက်ကြီးများတွင် မဖွားထံသို့ မုန့်ပဲသရေစာများ ပို့ကြသည်။ မုန့်ဆီကြော်၊ ထမနဲ၊ မုန့်လုံးရေပေါ် စသည်တို့ဖြစ်သည်။

မဖွားသည် များပြားလှသော မုန့်ပဲသရေစာများကို ကုန်အောင် မစားနိုင်ပါ။ ဘယ်သူ့ကလေး၊ ဘယ်ဝါကလေး မခွဲခြားဘဲ ကျွေးလေ့ရှိသည်။ မဖွားကို ရွံသော ကလေးများကတော့ မစားကြပေ။

စာရေးသူ၏ ပိန်လှီချည့်နဲ့နေမှုကြောင့် မိဘများမှာ စိတ်မချမ်းမသာ ဖြစ်နေရသည်။ ဆွေမျိုးများ စိတ်မကောင်းဖြစ်ကြရသည်။ အသက်ရှင်လိမ့်မည်ဟုပင် မည်သူမျှ မထင်ကြပါ။

စာရေးသူ၏ မိခင်မှာ ညီဖြစ်သူအား ကိုယ်ဝန်ဆောင်ထားသည်မှာ နေ့စေ့လစေ့ပင် ဖြစ်နေပြီ။

ဖခင်သည် ဆွေမျိုးများ၏ တိုက်တွန်းမှုကြောင့် လည်းကောင်း၊ သူကိုယ်တိုင်ပါ ဆန္ဒရှိ၍ ထို သဲတောဆရာတော်ထံ သွားရန် ဆုံးဖြတ်လိုက်သည်။

သဲတောကျောင်းပေါ်သို့ ရောက်လျှင်ရောက်ချင်း ဆရာတော် ဦးဇဝနက ဦးစွာနှုတ်ဆက်သည်။ စာရေးသူ၏ ဖခင်မှာ ထိုကျောင်းပေါ်သို့ တစ်ခေါက်မှ မရောက်ဘူးပါ။

'ဒကာ ဦးသန်းဖေ လာမယ်ဆိုတာ ကျုပ်က ကြိုသိပြီးသားပါ'

စာရေးသူ၏ ဖခင်မှာ အံ့သြရပါသည်။

'ဒကာကြီးက သားအတွက် ဗေဒင်မေးရင်း ဆေးတောင်းရင်း လာခဲ့တာလဲ ကျုပ်က သိပြီးသားပါ'

ဟုဆို၍ ဒုတိယအကြိမ် အံ့သြရပြန်သည်။

'ဒကာကြီးသားက အင်္ဂါသား၊ ရောဂါက ပိန်လှီချည့်နဲ့နေတယ် မဟုတ်လား'

စာရေးသူ၏ ဖခင်အနေဖြင့် အံ့သြပြီးရင်း အံ့သြရရင်း ဖြစ်နေရပါသည်။

'မှန်တယ် ဘုရား'

'ဟုတ်ပြီ ဒကာကြီး ဒီလိုလုပ်၊ ကျုပ်ပေးလိုက်တဲ့ရေကို တိုက်၊ ကလေးအတွက် အင်္ကျီတစ်ထည် ချုပ်ပေးရမယ်၊ ဆိုင်မှာ ချုပ်လို့မရဘူး။

ဒကာကြီးတို့ရွာမှာ ကိုယ်မှာ အဖုတွေနဲ့ အပျိုကြီးတစ်ဦး ရှိနေတယ် မဟုတ်လား။ သူ့ကို ချုပ်ခိုင်းရမယ်'

'ရှိပါတယ် ဘုရား'

'ဟုတ်ပြီ၊ နောက်ပြီး ဒကာကြီးရဲ့သား ဘာစားချင်လဲမေး။ ပြီးရင် ဒကာကြီးပဲ သူ့ကို ကျွေးရမယ်။ ချက်ဖို့လိုရင်လဲ ဒကာကြီး ကိုယ်တိုင်ပဲ ချက်ကျွေးရမယ်'

'မှန်ပါ့ ဘုရား'

စာရေးသူ၏ ဖခင်သည် အိမ်ရောက်လျှင်ရောက်ချင်း စာရေးသူအား ပါလာသည့်ရေ(သဲနှင့်ရေ မန်းဖျော်ထားသောရေ)ကို တိုက်ပါသည်။

ချက်ချင်း ပိတ်စ ပြေးဝယ်ခိုင်းကာ မဖွားကို ချုပ်ခိုင်းသည်။ ပြီးလျှင် ချက်ချင်း ဝတ်ပေးသည်။ စာရေးသူအား ဘာစားချင်လဲ မေးပါသည်။

စာရေးသူက ပုခက်အနီးရှိသော ကြက်ကို လက်ညှိုးထိုးပြသည်။ ကြက်ဖကြီးကို ချက်ချင်းရိုက်သတ်ကာ ကိုယ်တိုင် ကြော်လှော် ချက်ပြုတ်ကျွေးသည်။ **ထိုကြက်သားကို အခြားမည်သူမျှ မစားရပါ။**

စာရေးသူ၏ ဖခင်သည် သတ္တဝါများကို သတ်လေ့မရှိပါ။ သတ်ဖို့ဝေးစွ အသားကိုပင် မြင်သား၊ ကြားသားဆိုလျှင် မစားပါ။ သားဇောကြောင့်သာ သတ်ခြင်းဖြစ်သည်။

စာရေးသူ၏ ဖခင်သည် သူ့အသက် သတ်ခြင်းအလုပ်ကို တစ်ကြိမ်သာ ကျူးလွန်ဖူးသည်။

စာရေးသူသည် ထိုကြက်သား စားပြီးကတည်းက ကျန်းမာဝဖြိုးလာပါသည်။ ငိုလျှင်လည်း မတက်တော့ပါ။

ဤရောဂါကုထုံးသည် ခေတ်မီစက်များထက် သာလွန်နေသည်ကတော့ မည်သူမျှ ငြင်းနိုင်မည် မဟုတ်ပါ။ ယတြာအစွမ်း အံ့မခန်းဟု ဆိုလိုက်ချင်ပါတော့သည်။

ထီလာကျော်



www.burmeseclassic.com

www.burmeseclassic.com




သုခဆွေ (တွံတေး)

# ရုက္ခစိုးပေးသော ထီ သို့သော်...

၁၉၉၀ ခုနှစ်ဝန်းကျင်က ဖြစ်သည်။

'ချက်(စ်)...'

ကာစတယ်နှင့် ဘုရင်ကို မြင်းခုန်ကွက်ဖြင့် ခွချက် ချက်ရာမှ ကျွန်တော်က အော်လိုက်သည်။ စစ်တုရင်ကစားဖက် သူငယ်ချင်းဖြစ်သူက ဘယ်လိုရှောင်ရမည်ကို မေးစေ့ပွတ်ကာ စဉ်းစားနေစဉ်...

'ဒါ... ရတနာရွှေထီး ထီဆိုင်လားကွယ့်'

ဟု မေးသံကို ကြားလိုက်မိသည်။ မော့ကြည့်လိုက်သော် ယောဂီရောင်ပဝါကို ခေါင်းပေါင်းထားပြီး အထက်အောက် ယောဂီရောင်ဖြင့် သန့်ပြန့်စင်ကြယ်သော ဥပမိရုပ်နှင့် အဘရသေ့တစ်ဦးကို တွေ့လိုက်ရသည်။

'ဟုတ်ကဲ့ အဘ၊ ဒါ ရတနာရွှေထီး ထီဆိုင်ပါ'

'အေး... အဘထီထိုးချင်လို့ (က) အက္ခရာနဲ့ ရှိလားကွယ့်'

'ဟုတ်ကဲ့ အဘ၊ (က)အက္ခရာနဲ့ တစ်အုပ်တည်း ရှိပါတယ်။ ဒီမှာပါ'

ဟု ပြောရင်း စစ်တုရင်ကစားကွက်ကို အာရုံပြန်စိုက်ကာ ဆက်ကစားနေသည်။

ကျွန်တော်၏ ရတနာရွှေထီး ထီဆိုင်ဖြစ်ပေါ်ပုံမှာ မိတ်ဆွေတစ်ဦးက ငွေငါးရာကျပ် လာချေးသည်။ သူ့အဖေကို ပေးချင်လို့ဟု ပြောသည်။





www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်ကား မိခင်ကို ချစ်သော သားပီပီ မိခင်ကိုပေးချင်သော ဆန္ဒရှိသည့် သူငယ်ချင်းကို အလွယ်တကူပင် ထုတ်ပေးလိုက်သည်။ နောက် အကြွေး မဆပ်နိုင်တော့သောအခါ သူ သိမ်းထားသော ရတနာရွှေထီး ထီဆိုင်ခုံအားလာပေးသည်။

ကျွန်တော်က မယူဟု ငြင်းသော်လည်း မရ။ သံသရာ အကြွေးအပါ မခံနိုင်ဆိုကာ အတင်းပဲ ပေးသွားသောကြောင့် အဖတ်တင် ကျန်ရစ်သည်။

မထူးတော့ပြီဖြစ်သောကြောင့် နာရီရောင်းသော ကျွန်တော်၏ဆိုင်တွင် တွဲဖက်ကာ ရတနာရွှေထီး ထီဆိုင်ဖွင့်သည်။ အက္ခရာတစ်မျိုး တစ်အုပ်ဖြင့် ထီဆယ်အုပ်သာ တင်ရောင်းသည်။

အဘရသေ့ထိုးသော (က)အက္ခရာသည် ထိုဆယ်အုပ်မှ တစ်အုပ်တည်းသာ။

'ထီနှစ်စောင်ပဲ ဖြတ်မယ်ကွယ်။ တစ်စောင်တစ်ဆယ်ဆိုတော့ နှစ်စောင် နှစ်ဆယ်ပေါ့။ ရော့...ငွေနှစ်ဆယ်'

ကျွန်တော်သည် ငွေနှစ်ဆယ်ယူကာ ထီနှစ်စောင်အား စာအိတ်တစ်အိတ်တွင် ထည့်ကာ သိန်းဆုကြီးပေါက်ပါစေဟု ဆုတောင်းပြီး လှမ်းပေးလိုက်သည်။

'သိန်းဆုကြီးတော့ မဟုတ်ဘူးကွယ်။ ပေါက်ရင် ဆုလတ်လေးပဲ ပေါက်မယ်'

'ဗျာ...ဘယ်လို ဆုလတ်လေးပဲ ပေါက်မယ်၊ ဟုတ်လား...အဘ'

'အေးကွယ် ဆုလတ်လေးပဲ'

'အဘ သေချာလှချည်လား၊ ဘာဖြစ်လို့ ဆုလတ်လေးလို့ ပြောနိုင်တာလဲ၊ မသိလို့မေးတာနော် အဘ စိတ်မရှိပါနဲ့'

'စိတ်မရှိပါဘူးကွယ်။ မသိလို့ မေးတာပဲ၊



သိအောင် ပြောပြရတာပေါ့။ အဘက မောင်းတော်ချုပ်ဘုရားမှာ နေတယ်ကွယ့်။ နေ့စဉ်နေ့တိုင်း ပရိတ်ကြီး ဆယ့်တစ်သုတ်ရွတ်၊ တရားထိုင်၊ ပုတီးစိပ်၊ မေတ္တာပို့ အမျှအတန်းဝေ နို့စွတ် ဝတ်ပေါ့ကွယ်။

ဒီနေ့ နေ့လယ် တအောင့် အိပ်နေတုန်း ကျောင်းခေါင်းရင်း ကုံကော်ပင်မှာနေတဲ့ ရုက္ခစိုးက အိပ်မက်ပေးတယ်။ တွံတေးဈေးထဲက ရတနာရွှေထီး ထီဆိုင်ကို သွားပါ။ (က)အက္ခရာနဲ့ ထီအုပ်မှာ ဒီအပတ် ထွက်မယ့် အောင်ဘာလေထီ ဆုလတ်လေး တစ်ဆုပေါက်မယ်တဲ့။ အဲဒီလို အိပ်မက်ပေးလို့ အဘလဲ ထွက်လာတာပဲ'

'အဘကလဲ ဒီထီအုပ်မှာ ဆယ့်တစ်စောင်တောင်ပါတာ။ အဘ အခုထိုးတာ နှစ်စောင်တည်းဆိုတော့ ကိုးစောင်တောင် ကျန်သေးတယ်။ အကုန်လုံးထိုးသွား ပြီးရော'

'အကုန်လုံး ထိုးစရာ ပိုက်ဆံမပါဘူးကွယ့်'

'ဒီလိုဆို နောက်မှပေး အဘရာ၊ ကျန်တဲ့ ကိုးစောင်လုံးယူသွား'

'အဘက အကြွေးမထိုးချင်ဘူး။ ဟော... ပြန်ပို့ပေးမယ့် ဆိုက်ကားလဲ လာပြီ သွားတော့မယ်နော်'

ဟုပြောကာ ဆိုက်ကားပေါ်တက်ပြီး ပြန်သွားလေသည်။

အဘပြောသော မောင်းတော်ချုပ်ဘုရားကား တွံတေး–ကံဘဲ့သွား လမ်းဘေးတွင်ရှိပြီး ဘုရားဖူးလာ ပရိသတ်တို့ဖြင့် အမြဲ စည်ကားနေတတ်သည်။

မောင်းတော်ချုပ်ဘုရားနှင့် အတူ မြတ်စွာဘုရားဖူးပွင့်ရာ ဗုဒ္ဓဂါယာမှ သတ္တဌာနနှင့် ပုံစံတူ သတ္တဌာန ဘုရားခုနစ်ဌာနကိုလည်း တည်ထားသည်။

ထိုဘုရားတို့ကို တည်သော ပုဂ္ဂိုလ်ထူးကား မောင်းတော်ချုပ်ဆရာတော်ပင်ဖြစ်သည်။ ဆရာတော်ကြီး၏ ဂုဏ်သတင်းကား ကြီးမားပေစွ။ အထူးသဖြင့် မေတ္တာကမ္မဋ္ဌာန်း ပေါက်ရောက်သည်ဟု အခြားသော ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများက မိန့်ကြားကြသည်။

စိတ္တဇဝေဒနာရှင်များ မောင်းတော်ချုပ်ဆရာတော်ထံသို့ ရောက်လျှင် ပျောက်ကင်း ချမ်းသာကုန်ကြသည်။ လေးဆယ့်ငါးရက်၊ ရက်ကိုးဆယ်၊ တစ်ဝါ စသည်ဖြင့် သာသနာ့ဘောင်သို့ ဝင်ကာ ရဟန်းဝတ်ပြီး အဓိဋ္ဌာန်ဝင်သွားကြသော လောကီလောကုတ် ကိစ္စရပ်များ အောင်မြင်သွားကြသော အခြားသော ပါရမီရှင်များလည်း မနည်းတော့။

ထိုမောင်းတော်ချုပ်ဘုရားတွင် နေထိုင်သော အဘရသေ့သည် ကျွန်တော်၏ ထီဆိုင်တွင် ထီလာထိုးခြင်းဖြစ်သည်။

'ကဲ... သူငယ်ချင်း အဘရသေ့ ပြောသွားတာ ကြားတယ်မဟုတ်လား။ ကျန်တဲ့ ကိုးစောင် မင်းထိုးသွား'

ဟု စစ်တုရင်ထိုးဖက် သူငယ်ချင်းအားပြောပြီး ထီအုပ်ကို ပေးလိုက်သည်။ ထိုသူငယ်ချင်းက စိတ်ဝင်စားသော်လည်း ငွေနှစ်ဆယ်သာ ပါသောကြောင့် နှစ်စောင်သာ ထိုးသွားသည်။


F.36B. February, 2017. ဇာမျက်နှာ (၂၈၄) သို့
www.burmeseclassic.com

www.burmeseclassic.com

# လွန်ခဲ့တဲ့ (၇)နှစ်က

ပရလောကသား

ခင်လေးမြင့်
(မြစ်ကြီးနား)



လွန်ခဲ့သည့် (၂၇)နှစ်ခန့်က ကျွန်မ မိခင်တွင် ရင်သားကင်ဆာ ဖြစ်နေပါသည်။ အမေက ကင်ဆာ ဆိုတာကို လက်မခံဘဲ ပယောဂပဲ စွဲလမ်းနေ၍ ပယောဂဆရာထံ သွားရပါသည်။

ဆရာတွေက အစ်မတော်ကိုဏ်းကဟု ဆိုပါသည်၊ ဒီဆရာတွေက ပယောဂကို လူနာဆီ မပူးစေဘဲ ဆရာကိုပဲ ပူးစေပါသည်။ ဆရာတွေက ရန်ကုန်က ဟု သိရပါသည်။

ဘုရားစင်အောက်ရှိ ရှန်ပန်းထည် အနီခင်း၍ အုန်း၊ ငှက်ပျောပွဲ တင်ထားသည့် စားပွဲခုံကြီးရှေ့မှာ ထိုင်ရပါသည်။ အလွန် အုံ့သြစရာ ကောင်းပါသည်။

ပယောဂ စစ်ပြီးသည့်တိုင် ထွက်မသွားဘဲ အပူးခံနေရသူ ဆရာက ရှိုက်ကြီးတငင် ငိုကြွေးနေပါသည်။

ဆရာမကြီးက **"ဘယ်သူလဲ၊ ဘာပြောချင်သလဲ"**ဟု အထပ်ထပ်မေးသော်လည်းမရ၍ ကျွန်မအမေကို မေးခိုင်းပါသည်။ အမေက...

'ဘယ်သူပါလဲ...ဘာပြောချင်သလဲ'

ဟု (၂)ခေါက်လောက်မေးတော့ ငိုနေသည့် ဆရာက စိတ်ဆိုးမာန်ဆိုးနှင့်...

'နင်...ငါ့ကို သိပါတယ်'

ဟု ပြောပါသည်။ အမေက လုံးဝ မသိပါကြောင်း ပြောတော့ အမေ့နာမည်ခေါ်ပြီး ချုံးပွဲချ ငိုပြန်၍ ကျွန်မက **"ဦးကြီးလား"**ဟု ဝင်မေးမှ...

'အေး...ဟုတ်တယ်။ နင်လဲ ငါ့ကို တစ်ခါမှ အမျှမဝေဖူးဘူး'

ဆိုပြီး ငိုပြန်သည်။

ဟုတ်ပါသည်၊ ကျွန်မတို့နှင့် ဦးလေး ဦးကြီးတွေက ရွာမှာနေကြ၍ အနေဝေးပြီး စိမ်းနေကြပါသည်။ အခါကြီး ရက်ကြီးရောက်မှ ကျွန်မတို့က ကန်တော့ပစ္စည်းတွေ အမေမှတစ်ဆင့် ပို့ပေးပါသည်။

ဦးကြီး မြစ်ကြီးနားသို့ အလည်ရောက်လျှင်လည်း သူ ကျွန်မတို့ဆီ တကူးတက လာမလည်တတ်၊ အမေက သူ့ကားလေးနှင့် ပို့မှ ရောက်လာတတ်သည်။

ကျွန်မတို့ သားငယ်၊ သမီးငယ်တွေပါ ကြုံတုန်း ကန်တော့လျှင်လည်း ကလေးတွေကို မုန့်ဖိုးမပေးတတ်၊ သူ့မှာ သားသမီးမရှိ၊ သူတို့ဇနီးမောင်နှံပဲ ရှိကြသည်။

လှူတာ တန်းတာလည်း တစ်ခါမှ မကြားစဖူး အမေကတော့ ရတနာသုံးပါး အလွန်ကိုင်းရှိုင်းသည်၊ ခဏခဏ လှူသည်။ ဘုရားဖူးလည်း ထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ အမေက "အစ်ကိုလဲ အသက်ကြီးပြီ စီးပွားရေးချည်းပဲ လုပ်မနေနဲ့၊ ဘုရားဖူးသွားရအောင်" ဆိုပြီး အောက်ပိုင်းသို့ ဘုရားစုံဖူး ခေါ်သွားပါသည်။ ဦးကြီးက ကျောက်သမားပါ။ သူ့အလုပ်တွေအတွက် စိတ်မချဘဲ အမေနှင့်ပါသွားသည်။

တစ်လခန့်ကြာတော့ သူတို့ မောင်နှမ ပြန်လာကြသည်။ ဦးကြီးက သူ့မြို့တွင် ဆင်းနေရစ်ခဲ့သည်။ အမေက သူ့အစ်ကို အကြောင်းပြောပြပြီး ရယ်နေသည်။

'အမေကတော့ဟော့... အမေလှူရင် သူ့ကိုလဲ လှူနိုင်းလို့ အလှူငွေတွေထည့်၊ ဘုရားရွှေချနဲ့ အစ်ကို ပိုက်ဆံအတော်ကုန်သွားတယ်'

ဟု ပြောပြီး အားရပါးရ ရယ်နေသည်။

မကြာခင် ဦးကြီး ဆုံးသွားကြောင်း ဖုန်းရ၍ အမေလိုက်သွားသည်။ ဦးကြီး ဇနီးက ပြောပြသည်။

'ညစာလဲ ကောင်းကောင်းစားတယ်။ ရေဒီယိုလဲ အကုန်နားထောင်တယ်၊ မြန်မာ၊ အင်္ဂလိပ် စုံအောင် နားထောင်ပြီးမှ အိပ်တာ။

ဒီအတောအတွင်း ဘာမှလဲ မဖြစ်ဘူး။ အဲဒီနေ့ကပဲ အိပ်ရာဝင်တော့ သန်းခေါင်လောက်မှာ တစ်ချက်အော်ပြီး ဆုံးသွားတာ'

အမေက ကောင်းမွန်စွာ သဂြိုဟ်ပြီး ပြန်လာသည်။ ယခု အမေကင်ဆာဖြစ်တော့မှ ဆရာပင့်မေး၍ သိရသည်။ အမေက...

'ကျွန်မ... အစ်ကို့ကို ရက်လည်ဆွမ်းသွတ်ပြီးမှ ပြန်ခဲ့တာ။ နေ့တိုင်း ဘုရားရှိခိုးတော့လဲ အစ်ကို့ကို အမျှဝေပါတယ် မရဘူးလား'

ဟု မေးလျှင် သူက...

'ဒါ နင့်သံယောဇဉ်နဲ့ နင့်အိမ် လိုက်လာပြီး နင့်အိမ်လှေကားသုံးထစ်မှာ နေလာတာ ဟောဒါလောက်ရှိပြီ'

ဟု ဆိုကာ သူ့လက်(၇)ချောင်း ထောက်ပြသည်။

ဦးကြီးဆုံးသည့်နှစ် တွက်ကြည့်တော့ (၇)နှစ်ကွက်တိ။ ကျွန်မတို့မှာ စိတ်မကောင်းကြပါ။ "ခု ဘာလုပ်ပေးရမလဲ" ဟု မေးမှ သူ့မွေးနေ့မှာ ဘုန်းကြီး(၃)ပါးပင့်ပြီး ဆွမ်းကျွေး သင်္ကန်းလှူပေးပါဟု ဆိုသည်။

အမေ ညတိုင်း အမျှဝေတာ ကြားပေမယ့် သူ သာဓုခေါ်မရဟု ဆိုသည်။ အမေ့အိမ်က အုတ်ခုံလှေကား သုံးထစ်အပေါ်က သစ်သားလှေကားပါ။ **(၇)နှစ်အတွင်း ဘာမှ မသိရ။ အိပ်မက်ပင် မမက်ဟု အမေက ပြောသည်။**

သူ့မွေးရက် ကြာသပတေးနေ့ရောက်တော့ အမေက ဘုန်းကြီး ဆွမ်းကပ်ပြီး သင်္ကန်းလှူပေးသည်။ နောက်ထပ် ဘာမှ မသိရတော့ပါ။

မနှင်းခိုင်ရေ... ပြောပြ၍ ကျေးဇူးတင်ပါသည်။

**ခင်လေးမြင့်(မြစ်ကြီးနား)**

---

စာမျက်နှာ (၂၈၂)မှ အဆက်

"ကျုန်တဲ့ ခုနစ်စောင် ထိုးသွား။ နောက်မှ ပိုက်ဆံပေး" ဟု ပြောသော်လည်းမရ "အကြွေးထိုးရင် မပေါက်ဘူးကွ" ဟု ပြောကာ ပြန်သွားလေသည်။

ကျွန်တော်သည် "**ဒီလောက်တောင် ဖြစ်လုတာ ငါ့ကံပဲ**" ဆိုပြီး အံဆွဲထဲထည့်ကာ သိမ်းထားလိုက်သည်။

ထီဖွင့်ရန် တစ်ရက်သာလိုသော အချိန်တွင် ကျွန်တော့်ထီဆိုင်မှ ကျန်သော ထီလက်မှတ်များအား ကျန်ဖြတ်သမားအားလုံး သိမ်းကျုံးဖြတ်သွားသည်။

ထို (က)အက္ခရာနှင့် ထီခုနစ်စောင်အား အံဆွဲထဲတွင် ထည့်ထားသောကြောင့် မေ့ပြီး မပေးဖြစ်။

ထီဖွင့်သောရက်နှင့် ဘွားအေဖြစ်သူ နာရေးအသုဘရက်တို့ တိုက်နေသောကြောင့် ဆိုင်ကို တစ်ပတ်လောက် ပိတ်လိုက်ရသည်၊ ရက်လည်ဆွမ်းသွတ်ပြီး နောက်တစ်နေ့မှဆိုင်ပြန်ဖွင့်သည်။

ထီပေါက်စဉ်တစ်စောင်အား ဝယ်ယူကာ ဆိုင်မှ ထီဂဏန်းတို့ဖြင့် တိုက်ကြည့်သော် တစ်ဆုမှ မပေါက်။

သတိရသောကြောင့် အဘရသေ့ ထိုးသွားသော (က) အက္ခရာ ထီအုပ်အား အံဆွဲမှထုတ်ကာ တိုက်သည်။ **ငါးထောင်ဆု** ပေါက်သည်။ ကျွန်တော် သိမ်းထားသောခုနစ်စောင်မှ ဖြစ်သည်။ ကျွန်တော် တစိမ့်စိမ့်တွေးမိသည်။

- အဘရသေ့ကို ကံ့ကော်ပင်မှ ရက္ခစိုးက ရတနာရွှေထီး ထီဆိုင်သွားပါ (က)အက္ခရာဖြင့် ထီအုပ်မှ ဆုလတ်လေးပေါက်မည်ဟု အိပ်မက်ပေးပြီး ထိုးခိုင်းသည်၊ အဘရသေ့သည် ငွေအခက်အခဲကြောင့် နှစ်စောင်သာ ထိုးသွားသည်။ မပေါက်။
- စစ်တုရင်ထိုးဖက် သူငယ်ချင်းသည် ပြေလည်သူ ဖြစ်သော်လည်း ထီအကြွေးထိုးရင် မပေါက်ဟုဆိုကာ သူ့ထံပါသော ငွေဖြင့် နှစ်စောင်သာ ထိုးသွားသည်။ မပေါက်။
- ကျန်ဖြတ်သမား လာ၍ လက်ကျန် ထီအားလုံး ဖြတ်သွားသော်လည်း ထိုအုပ်ကား ကျွန်တော်က ပေးရန် မေ့သွားသောကြောင့် ထိုကျန်ဖြတ်သမားလည်း မပေါက်၊
- ထိုရောင်းသော ကျွန်တော်သာ ပေါက်သည်။ အဘရသေ့ပြောသည့်အတိုင်း ဆုလတ်လေး ပြော်...ရက္ခစိုးပေးသောထီ သို့သော်... ဆန်းကြယ်သော ကံတရားပါကလား။

ဖြစ်ရပ်မှန်ဇာတ်လမ်း ဖြစ်သည်။

**[ကျွန်တော် ထီရောင်းစဉ်က အတွေ့အကြုံတစ်ခုကို အရှင်းအတိုင်း ဖောက်သည်ချထားသည်။ ကံတရား၏ ဆန်းကြယ်မှုကို ပထုဇဉ်လူသားများ သတိပြုကြပါကုန်]**

သုခဆွေ(တွံတေး)




www.burmeseclassic.com

www.burmeseclassic.com

# ပိုးဟပ်ပျံလျှင် ပိုက်ဆံဝင်ငေါ်

ညွှန့်ခိုင်ဝင်း



ပိုးဟပ်ကို အပေါ်မှ မြင်ရပုံ

'ဟာ...ပိုးဟပ်ပျံနေတယ်'

အပေါ်ထပ်မှ ဆင်းလာသည့် ဇနီးသည်က ကိုင်ထားသော လက်ကိုင်ဖုန်းဖြင့် ဓာတ်ပုံရိုက်ရန် ကြိုးစားပါသော်လည်း ပိုးဟပ်တို့ မည်သည် ပျံသည်ဆိုငြား ကျေးငှက်များကဲ့သို့ ဝဲပျံနိုင်ခြင်းမရှိလေရာ မမီလိုက်ပေ။

ယခုခေတ် ကာလတွင် ဆိုက်ကားသမား၊ ဈေးသည်များမှအစ ရိပ်သာဝင် တရားအားထုတ်နေကြသည့် အချို့သော ဘိုးဘွားများအဆုံး လက်ကိုင်ဖုန်း လူမှုကွန်ရက်တွင် နှစ်မြှောနေလေ့ ရှိကြသည်။

တစ်အိမ်တည်းနေ မိသားစုများ စုဆုံကြသောအခါ အာလာပသလ္လာပ အချင်းချင်း ဖွယ်ဖွယ်ရာရာ အပြန်အလှန် ပြောဆိုကြမည့်အစား လက်ကိုင်ဖုန်းကိုယ်စီဖြင့် နှုတ်ဆိတ်နေတတ်ကြရာ "ယနေ့မြန်မာနိုင်ငံ၌ ခေတ်အစားဆုံး ဝစီပိတ်ကျင့်စဉ်"ဟုပင် ဆိုကြလေသည်။

ဇနီးသည်လည်း အများအနက်မှ တစ်ယောက် ဖြစ်သောကြောင့် သွားလေရာ လက်ကိုင်ဖုန်းလက်နှင့် မကွာရှိနေခြင်းဖြစ်သည်။

'ပိုးဟပ်ပျံရင် ပိုက်ဆံဝင်တယ် ပြောကြတယ်။ ဘာကြောင့်လဲဟင်'

သူ့အမေးကြောင့် ရေးလက်စကို ခေတ္တ ရပ်ထားကာ စာအုပ်စင်ကို မွှေနှောက်ရှာဖွေရ၏။

"ပိုးဟပ်"သည် နေအိမ်တွင်း ချောင်ကြိုချောင်ကြားတွင် ခိုအောင်းနေလေ့ရှိသော ပင့်ကူ၊ ပုရွက်ကဲ့သို့ (အင်းဆက်) ပိုးတစ်မျိုးဖြစ်သည်။ လူသားနှင့်အတူ အနီးစပ်ဆုံးရှိနေတတ်၍ အစာမစားရဘဲ တစ်လခန့်အထိ အသက်ရှင်နေနိုင်သည် ဆိုလေသည်။ အရေခွံလဲတတ်သော သတ္တဝါဖြစ်၍ ပျံလည်း ပျံနိုင်ကြသည်။

အရေခွံ လဲခါနီးကာလနှင့် အရေခွံလဲပြီးခါစ(ပိုးဟပ်ဖြူ) အခြေအနေတွင် ကောင်းစွာ နားနေနိုင်ရန် အစာရေစာ ရှာဖွေ သိုလှောင်သည့် ကာလတို့တွင် ပျံတတ်ကြသည်ဟု သိရပေသည်။

သို့ဖြစ်လေရာ ပိုးဟပ်ပျံခြင်းသည် အရေခွံလဲပြီးနောက် ဘဝအခြေအနေ အသစ်၌ အေးအေးလူလူ နေနိုင်ရေး ရည်ညွှန်းသော နိမိတ်ပုံဖြစ်သည်။

**ယင်အပြစ်ကို သတ္တဝါနတွေ နိမိတ်ယူကာ မြင်တွေ့ရသူမှာလည်း အတိုင်းအတာ တစ်ခုအထိဖြင့် ဘဝအသက်အသဲ အသေအပျက် ပြောလျှော့စေမည့် ငွေကြေး လာဘ်လာဘ ရရှိခြင်းကို မျှော်လင့်ခြင်း ဖြစ်ဟန် ရှိပေသည်။**

မြွေအရေခွံလဲသည်ကို မြင်တွေ့ရပါက လာဘ်လာဘ ရွှင်လန်းသည်ဟူသော အယူအဆနှင့် ပမာတူလေသည်။ ဝေဒအမြင်ဖြင့် ဆန်းစစ်ပါက...

ငွေကြေးလာဘ်လာဘ ရွှင်လန်းစေသည့် သစ်မင်းဝါးထွင်း အစီအစဉ်နှင့်လည်း သဘောချင်းတူမျှ၏။ သစ်မင်းပင်စည် တစ်ထွာတစ်ညှိခန့်ကို ဖြတ်၍ အူတိုင်နေရာ၌ အနေတော် ဝင်ဆံ့သည့် ဝါးဆစ်ခွက်ကို ထည့်သွင်းထားခြင်းကို သစ်မင်းဝါးထွင်းဟု ခေါ်သည်။


ထိုဝါးဆစ်ခွက်တွင် ပန်း စသည် အလှထိုးစိုက်၍ ဧည့်ခန်းတွင် ထားလေ့ရှိကြသည်။ သာမန်သစ်မင်းပင်စည်ထက် မဟာမြိုင်သစ်မင်းပင်စည်ကို သုံးတတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com





▲ ပိုးဟပ် အချောင်ခွဲပုံစဉ်

◀ သစ်မင်းဝါးတွင်း အစီအစဉ်

မဟာမြိုင်သစ်မင်းမှာ ပင်စည် (အရွယ်တော်) သေးငယ်သည့်အပြင် **"မဟာမြိုင်"**ဟူသော ပညတ်နံ ကြောင့်လည်း သုံးစွဲကြခြင်းဖြစ်သည်။

**"သစ်မင်း"**သည် သောကြာ၊ ကြာသပတေး ဂြိုဟ်တွဲဖြစ်ရာ အမြစ်နံ ဖြစ်သော ဗုဒ္ဓဟူး၊ ဝါးကို သုံးခြင်းဖြစ်သည်။ ပြည့်စုံပွားစီးသော သစ်ပင်ဖြစ်လာစေရန် အမြစ်(ဗုဒ္ဓဟူး)ဝါးက ဖြည့်ဆည်းပေးထား၏။

**"မဟာမြိုင်"**ကား ကြာသပတေး ဂြိုဟ်တွဲဖြစ်၍ **"သစ်မင်း"**ကို နံတူ ထပ်အားဖြည့်လေသည်။

ယခု မြင်တွေ့ရသော ပိုးဟပ်ပညတ်သည် ကြာသပတေး၊ သောကြာဂြိုဟ်တွဲဖြစ်ကာ ပုံမှန်မဟုတ်ဘဲ မြင်တွေ့ရခဲသော ပျံသန်းသည့် အခြေအနေကြောင့် နိမိတ်ယူကြခြင်း ဖြစ်သည်။

ယင်းကြောင့် အမြစ်၊ ပင်စည် အညွန့်တို့ ပေါင်းစပ်လျက် ပြည့်စုံစီးပွားသော အခြေအနေအတွက်ဗုဒ္ဓဟူး(အမြစ်) လာဘ်လာဘသည် မလွဲမသွေ ပါဝင်ရမည်ဟု တွက်ဆမျှော်လင့်ကြလေသည်။

ထိုအခြေအနေများအရ ပိုးဟပ်၏ လုံခြုံအေးချမ်းသော ဘဝနေမှုကို ဖော်ညွှန်းသည့် ပျံသန်းခြင်းနိမိတ်ကို သဏ္ဍာန်တူနိမိတ်ယူကာ မြင်တွေ့ရသူအတွက်လည်း ငွေကြေးလာဘ်လာဘ ရရှိခြင်း အတိတ်နိမိတ် ဖြစ်သည်ဟု ယူဆကြပေသည်။

ဤသည် နိမိတ်၊ တဘောင် အယူတော်မင်္ဂလာဆိုင်ရာ အယူအဆဖြစ်လေရာ အခြေအနေတစ်ရပ် (သို့မဟုတ်) တစ်စုံတစ်ယောက်၏ လုံ့လပယောဂကြောင့် ပျံသန်းခြင်းကို မတွက်၊ မယူရပေ။ မိသာ ချလာသည်ကို မြင်လျှင် လာဘ်ကောင်းသည်၊ ငွေဝင်သည် ဆိုသော်ငြားလည်း သုသာန်သို့ ပြောင်းရွှေ့နေထိုင်ခြင်းဖြင့် ငွေဝင်မည် မဟုတ်ပါ။

သို့ဖြစ်ရာ ပိုးဟပ်များအား ရေနွေးပူလောင်းခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ မိလ္လာတွင်းအား မွှေနှောက်ခြင်းတို့ဖြင့် ပိုးဟပ်ပျံသည်ကို တွေ့မြင်နိုင်သော်လည်း ငွေဝင်မည် မဟုတ်ပါ။

သာမန်အားဖြင့် ပိုးဟပ်များ ခိုအောင်းပျော်မြူးလေ့ မရှိသည့် အိပ်ခန်း၊ ဧည့်ခန်း စသည်တွင် အမြင့်သို့ ခုန်လွှားပျံသန်းခြင်းကိုသာ ရည်ညွှန်းခြင်းဖြစ်သည်။ ပိုးဟပ် ပျံသည်ကို တွေ့မြင်ရပြီး နောက်တစ်နေ့တွင် ငွေကြေး အတန်အသင့် ဝင်ရောက်လာ၍ ငှားရမ်းနေကျ ဆိုင်ကယ်သမားလေး မောင်ထားဝယ်က "လမ်းကြုံလို့" ဟု ဆိုကာ ရွှေဝါ ငါးကြင်းကြီးတစ်ကောင်ကို "ဟင်းစား"လက်ဆောင်ပေးလေသည်။

**ရသစုံ လောကီပညာရပ်များ ဆက်လက်ထင်ကျန် ရှင်သန်နိုင်ကြပါစေ။**

**ခွန်စိုင်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com

# ကျိုက်ထီးရိုးဘုရား နှင့်

## လူတစ်ဦး၏ အံ့ဖွယ်ဖြစ်ရပ်ဆန်း

ဘသုရာ
(တောင်စွန်း) တိုက္ကလား



တောတောင် ရေ၊ လေ၊ မြေတို့၌ သွားလာလှုပ်ရှားပြီး တစ်ဝမ်းတစ်ခါး အတွက် ရုန်းကန်လှုပ်ရှား သွားလာ နေကြသော လူအပေါင်းတို့သည် တစ်နည်းမဟုတ် တစ်နည်း ဘေးဥပဒ် တို့နှင့် ကြုံတွေ့ရသလို အဆန်း တကြယ်ဖြစ်ရပ်တို့နှင့် ကြုံတွေ့ရကြပေ မည်။

ဘေးအပေါင်း ကင်းဝေးအောင် ဖြစ်ရပ်တို့နှင့် ကြုံရသလို၊ သေဘေးနှင့် ရင်ဆိုင်တိုးသူတို့ ရှိကြပေသည်။ ဘေးအန္တရာယ်တို့၌ ရေကြောင်းလမ်း ခရီးတွင် ကယ်မသူနှင့် တွေ့ရှိသလို တောတောင်ခရီးတွင်လည်း ကယ်မသူ ရှိပေသည်။

ကယ်မသူဟူသည် စိတ်ထား ကောင်းသူ၊ လူများအကျိုးက သည်ပိုး ဆောင်ရွက်တတ်သူဖြစ်ရသလို၊ ကယ်မ ခံရသူသည်စိတ်ထားကောင်း၊ သဘော ကောင်းရှိသူ ဖြစ်ရပေမည်။

အကျဉ်းအကျပ် အနှောင်အဖွဲ့ ခံနေ ရခြင်း၊ ရေဘေး၊ မြေဘေး၊ လေဘေး၊ မီးဘေးတို့၌ အကျဉ်းအကျပ် ကြုံနေကြ ရသောအခါ လူသူတော်ကောင်း၊ နတ် သူတော်ကောင်းတို့ ကယ်မကြသည် ကို၊ ကြုံကြရသည်ကို၊ ခံစားရသည်ကို ဆုံကြုံကြရပေမည်။

စိတ်နေသဘောဖြူတစ်ဦး ဖြစ်သူ အား ကောင်းသောကယ်မခြင်းတစ်မျိုး ဖြင့်ကယ်မလိုက်သော ဤဇာတ်ကြောင်း လေးဖြင့် စာရှုသူအပေါင်းတို့အား သိစေချင်ပါသည်။

ထိုသူသည် တစ်ချိန်လုံး လူသူတော် ကောင်းတို့နှင့် ကင်းဝေးလျက် သောက် သောက်စားစား လူ့ငနွားဆိုရလောက် အောင် ဘုရားမေ့၊ တရားမေ့လျက် မိမိ၏ အလုပ်တာဝန်များ ကျေပွန်စွာ ထမ်းဆောင်နေရင်း တစ်ခုနေသော နေ့လယ်ခင်းတွင် တာဝန်အရ အလုပ် ဝင်ရ၏။

လုပ်ကွက်နေရာကား မရမ်းကုန်း ကျိုက်ထို မီးရထားသံလမ်းတွင် ဖြစ်ပါ သည်။ မိမိသည် ရထားသံလမ်းများ ခိုင်ခိုင်ခံ့ခံ့ ရှိစေရန် ပြုပြင်နေရသော အမြဲတမ်းဝန်ထမ်းဖြစ်ပါ၍ သံလမ်း တစ်လျှောက် မူလီများကို ပြုပြင်ခြင်း၊ တပ်ဆင်ခြင်းအလုပ် လုပ်နေရာ နေ၏ အပူရှိန်ဒဏ်ကြောင့် မောပန်းရကား ရထားလမ်းဘေးတစ်နေရာရှိကျည်းပင် တစ်ပင်၏အရိပ်အောက်တွင် အနားယူ ရ၏။

မိမိပါးစပ်မှ "ဘုရား...ဘုရား... ဘုရား"ဟုဆိုပြီး မြေပြင်တွင်ပက်လက် အနေထား အိပ်ချလိုက်၏။ ရှော့ချပြီး



www.burmeseclassic.com

www.burmeseclassic.com

နောက် ရင်ခုန်နှလုံးတုန်၍ မျက်စိကို မဖွင့်နိုင်ဘဲ ရှိနေ၏။

ထို့နောက် မိမိမျက်စိကို အားယူဖွင့် ကြည့်လိုက်စဉ် ထန်းနှစ်ဖျားလောက် အမြင့် မြေပြင်အထက်တွင် ကျိုက်ထီးရိုးဘုရားကို မြင်ရခြင်းဖြစ်သည်။

ထိုဖြစ်စဉ်သည် အလွန်ထူးဆန်းရကား မိမိလူဖြစ်ခဲ့ရသောဘဝတစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့၊ မတွေ့မမြင်ခဲ့ရကြောင်းပြောပြပါသည်။

မိမိသည် မိမိမြင်ကွင်းအထက်တွင် ရပ်တည်နေသော ကျိုက်ထီးရိုးဘုရားစေတီတော်အား အလွန်တရာကြည်ညိုမိပါကြောင်း၊ မကြည်ညိုဘဲ မနေနိုင်အောင်လည်း ဖြစ်ရကြောင်း၊ အသည်းထိအောင် ရိုက်ခတ်ခံစားရပါသဖြင့် ယခုဖြစ်ရပ်မှ ရာသက်ပန်တိုင်အောင်လည်း ကိုးကွယ်နေသူဖြစ်သွားရပါကြောင်း ပြောပြသည်။

ထိုသို့ မိမိသည် ပက်လက်လှန်အိပ်ချအနေအထားတွင် လက်အုပ်ချီမိုးလိုက်ပြီး ဦးညွှတ်နေမိပါကြောင်း၊ မိမိ၏ဘာသာ၏ တလေးတစား ရှိသေခြင်းစကားဖြင့် အကြိမ်ကြိမ်ရွတ်ဆို၍ ကြည်ညိုရကြောင်း...။

ထိုအချိန်တွင် မြေပြင်အထက်ကောင်းကင်ယံတွင် ရပ်တည်နေသော ကျိုက်ထီးရိုးဘုရား စေတီတော်သည် တဖြည်းဖြည်း ရွေ့လျားလျက် ကျိုက်ထီးရိုးတောင်ဘက်သို့ ရွေ့လျားပျောက်ကွယ်သွားကြောင်း...။

ထိုမြင်ကွင်းကား သာမန်မြင်ကွင်းမျိုး မဟုတ်နိုင်ပေ။ အဘယ်ကြောင့်နည်း ကျိုက်ထီးရိုးဘုရားကို လူတကာဖူးတွေ့ကြရသည်မှာ လူတိုင်း အံ့ဩစရာမြင်ကွင်းမျိုးဖြစ်၍ တစ်ကမ္ဘာလုံးကျော်ကြားသည်။

ကျောက်တုံးနှစ်တုံးတွင် အပေါ်ဘက်ရှိ ဘုရားစေတီပါသော ရသေ့ကြီးဦးခေါင်းနှင့် ပုံစံတူသော ကျောက်တုံးကြီးက အောက်ခံကျောက်တုံးကြီး၏ တစ်ဖက် အစွန်းအဖျား တင်နေရာတွင် အလွန်အံ့ဩခြင်း ဖြစ်ရအောင် တည်ရှိနေခြင်း၊ တစ်ဦးတစ်ယောက်တည်း ထမ်းမ၍ လှုပ်နိုင်ခြင်း၊ ကြိုးသေးသေးတစ်ချောင်းကို လူနှစ်ယောက် ဟိုဘက်သည်ဘက် ဆွဲယူခြင်းဖြင့် လွတ်ထွက်လာခြင်း...။

သုံးပုံနှစ်ပုံလောက် အနေအထားကျောက်တုံးနှစ်ခုစပ်ကြားတွင် ကြက်မတစ်ဝပ်စာ လွတ်နေကြောင်း တွေ့မြင်နေရသည်။

ရှေးကလူကြီးများ ပြောချက်အရ တစ်ထွာအကွာရှိ၍ဟိုဘက်သည်ဘက် ကောင်းကင်ပြင်ကို မြင်ရကြောင်း၊ လက်ရှိကျိုက်ထီးရိုးဘုရားနှင့် ထပ်တူတခြား ကောင်းကင်ပြင်တွင် နောက်ထပ်တစ်ဆူ ဖူးတွေ့ရခြင်းစသော အဆန်းတကြယ်တို့ဖြင့် ဖူးတွေ့ကြရပေမည်။



ယခု ထိုသူသည် အထက်ပါဖြစ်ရပ်မှန်တို့ထက် အဆပေါင်းများစွာ သာလွန်သည်ကို တွေ့ရပေမည်။ မြေပြင်အထက် ကောင်းကင်ယံတွင် ထန်းနှစ်ဖျားအထက် ရပ်တည်နေခြင်း၊ ရွေ့လျားသွားနေခြင်း၊ အလွန်လေးလံသော ကျောက်တုံးကြီးနှင့် စေတီတော်သည် အထောက်အကူမရှိ လေထဲတွင် ရပ်တည်ခြင်း၊ သွားနေခြင်း ဘယ်လောက်အံ့ဩစရာ ကောင်းပါသနည်း...။

ဘာသာတရား တစ်ခုဆီသို့ အရောက် တွန်းပို့နိုင်လောက်အောင် ဘဝင်ကို ကိုင်လှုပ်လိုက်သောကြောင့် ထိုသူသည် အမြင်မှန်ရသော ဘဝတိုင်အောင် လူ့ဘဝမှာပင်တဖြစ်လဲ ရောက်သွားရတော့၏။

လူသူတော်ကောင်း၊ နတ်သူတော်ကောင်းတို့သည် ကယ်ချွတ်နိုင်သော အနေအထား မြင်ရ၊ သိရသောအခါ တစ်နည်းမဟုတ် အားဖြင့် ကယ်ချွတ်ကြ၏။

ယခုဇာတ်ကောင် ဦးမုတ်ဆိတ်ဆိုသူ လမ်းအလုပ်သမားတစ်ယောက်အား မည်သို့ ကယ်ချွတ်နည်းဖြင့် ချွတ်လိုက်ပါသနည်းဆိုတာကို...။

**အသူရာ**

**(တောင်စွန်း) တို့ရွာလား**



www.burmeseclassic.com

www.burmeseclassic.com

# မြွေဟောင်းနှမ

အေးမွန်ကျော်
(နမ္မတီး)



## အခန်း[ ၁ ]

အချိန်အားဖြင့် လွန်ခဲ့သော အနှစ်(၃၀)ခန့်က ဖြစ်သည်။ နေရာကား ဖားကန့်မြို့နှင့် (၁၅)မိုင်အကွာ ဝေခါရွာ အနီးရှိ တောင်တန်းကြီးတစ်ခု၏ လျှိုမြောင်ကလေးနားရှိ ကမူလေး တစ်ခုပေါ်တွင် တစ်ကိုယ်လုံး အစိမ်းရောင်ပေါ်တွင် ရွှေရောင်များ ဖုံးလွှမ်းလျက်ရှိသည့် ယောက်ျားကြီးပေါင်လုံးခန့်ရှိ မြွေနှစ်ကောင်သည် တစ်ကောင်နှင့်တစ်ကောင် အတန်ကြာအောင် စိုက်ကြည့်နေကြရင်း အနည်းငယ်မျှ သေးငယ်သော မြွေမလေးက...

'အစ်ကိုတော်ရယ်...ညီမလေးကို သွားခွင့်ပြုပါနော်၊ လူ့ပြည်မှာ အကြာကြီး မနေပါဘူး။ အစ်ကိုတော် ပြန်လာခေါ်တဲ့အချိန် ညီမလေး ပြန်လိုက်ခဲ့ပါမယ်နော်။ သွားခွင့်ပြုပါနော် အစ်ကိုတော်...နော်'

အစ်ကိုဖြစ်သူ မြွေကြီးက ညီမဖြစ်သူကို ချစ်ရည်ရွှမ်းသော၊ စိတ်မချသော၊ အကြင်နာတရားနှင့် ပြည့်လျှံသော မျက်ဝန်းများဖြင့် ကြည့်နေရင်းမှ...

'ညီမတော်လေးရယ်... အစ်ကိုတော်က ညီမတော်လေးကို မသွားစေချင်လို့ စိတ်မချလို့ မသွားစေတာပေါ့ကွယ်။ လူ့ပြည်ဆိုတာက အင်မတန်မှ ရှုပ်ထွေးလှပါတယ်။ ညီမတော်လေးကို ဘယ်လိုမှ စိတ်မချလွန်းလို့ပါ။ မသွားချင်ပါနဲ့နော်'

ထိုအခါ ညီမဖြစ်သူ မြွေမလေးက မူဟန်နွဲ့နွဲ့ ငိုသံယှက်သော အသံဖြင့်...

'ဟင့်အင်း...ဟင့်အင်း... ညီမလေး အရမ်းသွားချင်လို့ပါ အစ်ကိုတော်ရယ်၊ ညီမလေးကို သွားခွင့်ပြုပါနော်၊ ခဏလေးပဲ သွားမှာပါနော်'

ညီမဖြစ်သူ၏ လူ့ပြည်လူ့ရွာသို့ အလည်သွားချင်လှသော ဆန္ဒကို မလိုက်လျောလိုသော်လည်း ညီမဖြစ်သူ ဒီစိတ်နှင့် မစားနိုင်၊ မအိပ်နိုင်ဘဲ တစ်ခုခုဖြစ်သွားမှဖြင့် ဟူသော အတွေးများက ဝင်လာပြန်သည်။

ထို့ကြောင့် အတန်ကြာအောင် စဉ်းစားပြီး နောက်ဆုံးတော့လည်း သူ သိပ်ချစ်ရသော ညီမလေးကို မသွားစေချင်၊ မခွဲချင်ဦးတော့လည်း ညီမထံမှ ကတိတစ်ခုကို တောင်းပြီး သဘောတူညီချက် ယူထားမှ လူ့ပြည်သို့ လွှတ်မည်ဟု ဆုံးဖြတ်လိုက်သည်။

'ကဲ... ဒီလောက်တောင် သွားချင်လှတဲ့ လူ့ပြည်ကို သွားစေရမယ်။ ဒါပေမယ့် ခဏပဲနော်။ ပြီးတော့ အစ်ကိုတော်ကို ကတိ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုပေးရမယ်။ အစ်ကိုတော် ပြန်လာခေါ်တဲ့အချိန် ပြန်လိုက်ခဲ့ပါမယ်လို့'

အစ်ကိုဖြစ်သူထံမှ သူမ ကြားချင်သော စကားကို ကြားလိုက်ရတော့ မြွေမလေးခမျာ အလွန်ပျော်ရွှင်သွားပြီး အစ်ကိုဖြစ်သူ မြွေကြီးနားသို့ ကပ်ကာ ဦးခေါင်းကို ထပ်ကာထပ်ကာ ညိတ်ပြပြီး...

'ညီမလေး ကတိပေးပါတယ် အစ်ကိုတော်။ အစ်ကိုတော် လာခေါ်တဲ့အချိန် အစ်ကိုတော်နဲ့အတူ ပြန်လိုက်ခဲ့ပါမယ်လို့ ကတိပေးပါတယ်'

သူမ၏ ဆန္ဒကို ဖြည့်ဆည်းပေးလိုက်သဖြင့် အလွန်ပင် ဝမ်းသာသွားရှာသော ညီမဖြစ်သူကို ကြည့်ရင်း အစ်ကိုဖြစ်သူ မြွေကြီးမှာ ဦးခေါင်းကို မသိမသာ ခေါင်းယမ်းရင်း သက်ပြင်းကို ဖြည်းညင်းစွာ ချလိုက်မိသည်။

## အခန်း[ ၂ ]

ဖားကန့်မြို့နယ်၊ ဝေခါကျေးရွာအတွင်းရှိ တစ်ခုသော နေအိမ်တွင် အရပ်လက်သည် နှစ်ဦးမှာ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ယောက်ကို ကလေးမွေးပေးနေကြသည်။

မိခင်မှာ မည်သို့မျှပင် အားမထုတ်လိုက်ရဘဲ ကလေးမှာ လွယ်ကူစွာပင် လူ့လောကထဲသို့ ရောက်ရှိလာသည်။ ထိုကလေးအား လူပြည်သို့ အလည်သွားချင်လှပါသော မြွေမင်းသမီးလေး ဖြစ်ပေတော့သည်။

'ဟယ်... ကလေးက မိန်းကလေးတော့၊ မျက်လုံးနက်နက်နဲ့ အသားဖြူဖြူလေး ချစ်စရာလေး'

လက်သည် အဒေါ်ကြီးနှစ်ဦး၏ ပြောစကားကြောင့် မိခင်ဖြစ်သူ မနန်းမှာ သမီးဟု အသံကိုလည်းကြား၊ ချစ်စရာလေးဟုလည်း ပြောသံကြားသဖြင့် လက်သည်အဒေါ်ကြီး လက်ထဲက သမီးလေးကို ကြည့်မိလိုက်သည်။ ဟုတ်ပေသားပဲ၊ သမီးလေးက ချစ်စရာကောင်းလိုက်တာ... တုတ်တုတ်ခဲခဲလေး။

'ဟယ်... ငယ်ထိပ်နားမှာ အစိမ်းရောင်အမှတ်ကလေးနဲ့တော့...အမှတ်လဲပါတယ်'

ဟုတ်ပါသည်။ သမီးလေးက လူဝင်စားလေးများလားဟု မနန်း ထင်မိသည်။ ဒီသမီးလေးကို ကိုယ်ဝန် စရှိကတည်းက မနန်း အိပ်မက်ထဲမှာ မြွေတွေကို အိပ်မက် မက်သည်။ အိမ်နားပတ်ဝန်းကျင်မှာလည်း မြွေတွေကို မကြာခဏ တွေ့နေရသည်။

သမီးလေးကို ကိုယ်ဝန် စရှိချိန်မှာ မနန်းတို့၏ စီးပွားရေးမှာ အဆင်ပြေခဲ့သည်။ မနန်း၏ ခင်ပွန်းဖြစ်သူ ကိုသျှိုင်းအောင်က ကျောက်စိမ်းစူးသည့်အလုပ် လုပ်သည်။ ကိုယ်ပိုင်ကျင်းထောင်၍ တူးခြင်းဖြစ်သည်။

ကျောက်ကျင်းမှ ကျောက်များ မကြာခဏ ရလာသည်။ ဒီတုန်းက ကျောက်စိမ်းရောင်းချင်လျှင် ရွာနှင့် (၁၅)မိုင်မျှဝေးသော ဖားကန့်မြို့ရှိ လောပန်းသူဌေးတွေဆီ-သွားရောင်းရသည်။**(ယခင်က ယခုလို ကျင်းတူးသောနေရာထိ၊ ကျောက်ရှာသောနေရာထိ လောပန်းသူဌေးများ ကျောက် လာမဝယ်ကြသေးချေ။)** ရောင်းစားကျောက်များ ရလာလျှင် ဖားကန့်မြို့ထိ သွားရောင်းကြရသည်။

ဦးခေါင်းထိပ်မှာ အမှတ်စိမ်းကလေးပါသော ဖြူဖြူတုတ်တုတ်နှင့် ချစ်စရာသမီးလေးကို ချစ်စနိုးဖြင့် "**နန်းမြွေကြာ**"ဟု အမည်ပေးထားကြသည်။ ယခုဆိုလျှင် သမီးလေးမှာ (၆)လအရွယ်သို့ပင် ရောက်ရှိလာပေပြီ။

သမီးလေးမှာ မွေးကတည်းက ခုချိန်ထိ တစ်ခါမှ မငိုခဲ့ဘူး၍ တစ်ရွာလုံးက အံ့သြကြရသည်။ ပြီးတော့ သမီးလေးက တည်တည်ငြိမ်ငြိမ်နှင့် အေးအေးဆေးဆေး နေတတ်သည်။ သမီးလေးနှင့် ပတ်သက်၍ ထူးဆန်းမှု ကြုံခဲ့ရသည်မှာ သမီးလေး (၆)လ အရွယ်က ဖြစ်သည်။

ထိုနေ့က အိမ်ရှေ့ကပြင်ရှိ ပုခက်ထဲတွင် သမီးလေးကို သိပ်ထားပြီး မနန်းမှာ အိမ်နောက်ဖေး မီးဖိုချောင်တွင် ထမင်းချက်နေသည်။ ကိုသျှိုင်းအောင်မှာလဲ ကျောက်တွင်းသို့ သွားလေပြီ။

သမီးလေး၏ တခစ်ခစ်နှင့် ရယ်မောနေသံကို ကြားလိုက်ရသဖြင့် မီးဖိုချောင်တွင်ရှိသော မနန်း၏ စိတ်ထဲတွင် ထူးဆန်းသလို ခံစားမိသဖြင့် သမီးလေးကို လှမ်းကြည့်လိုက်ရာ...

'အမယ်လေး...ဘုရား...ဘုရား... လုပ်ကြပါဦး မြွေကြီးတော့...မြွေကြီး...မြွေကြီးလာကြပါဦး သမီးလေးကို ကယ်ကြပါဦးရှင်'

မနန်း မြင်လိုက်ရသည်က ပုခက်ထဲက သမီးလေး၏ အပေါ်သို့ ပါးပျဉ်းကြီးထောင်၍ ရှိနေသော မြွေကြီးတစ်ကောင်။ မနန်း၏ အော်သံကို ကြားရ၍ထင့်။

မြွေကြီးမှာ မနန်းရှိရာသို့ တစ်ချက်လှမ်းကြည့်ပြီး ပုခက်ကြိုးတန်းပေါ်တွင် ပတ်ထားသော သူ၏ ကိုယ်ခန္ဓာကြီးကို ဖြေလျှော့လိုက်ပြီး သမီးလေးကို စိုက်ကြည့်ကာ အောက်သို့ လျှောဆင်းပြီး ပျောက်ကွယ်သွားလေသည်။

မနန်း၏ အော်ဟစ်သံကြောင့် အိမ်နီးချင်းများ ရောက်ရှိလာကြသည်။ တချို့လည်း လက်ထဲတွင် တုတ်တွေ.ဓားတွေ ကိုင်ဆောင်ထားကြသည်။

'ဘယ်မှာလဲ မြွေ၊ ဘယ်မှာလဲ မြွေ ရိုက်သတ်ပစ်မယ်'

အိမ်နီးချင်းတို့၏ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

တစ်ခွန်း မေးမြန်းမှုများကို မနန်း မဖြေနိုင်သေးပေ။ သူမ မြင်တွေ့ခဲ့ရသော မြင်ကွင်းကို မယုံကြည်နိုင်စွာ အံ့သြသည့်စိတ်၊ ကြောက်ရွံ့သည့် စိတ်တို့က ဖုံးလွှမ်းလျက်ရှိသည်။ အတန်ကြာမှ သူမ တွေ့မြင်ခဲ့ရသည်တို့ကို ပြောပြလိုက်ရာ တချို့က...

'အင်း... ကလေးကို ဘာမှ အန္တရာယ်မပြုတာ ကံကောင်းတယ်'

'ဒီကလေးက မြွေဝင်စားတာ သေချာသလောက်ပဲဟ'

တစ်ယောက်တစ်မျိုး ဝေဖန်ပြောဆိုနေကြသည်။ ပုခက်ထဲမှ သမီးလေးကတော ပြုံးလို့ရွှင်လို့ပင်။ ညနေရောက်တော့ ကျောက်တွင်းမှ ပြန်လာသော သမီးလေး၏အဖေကို ထိုအကြောင်း ပြောပြတော့...

'အင်း...ဘာပဲဖြစ်ဖြစ် သမီးလေးကိုတော့ အထူးဂရုစိုက်နော် မနန်း'

**အခန်း[ ၃ ]**

ဤသို့ဖြင့် ရာသီစက်ဝန်းများ တစ်ပတ်ပြီးတစ်ပတ် ကုန်လွန်လာခဲ့ရာမှ ''နန်းရွှေကြာ''လေးမှာ အသက်(၂၀)နှစ် အရွယ်သို့ပင် ရောက်ရှိလာလေသည်။ နန်းရွှေကြာလေးမှာ တစ်ရွာတည်းနေ မောင်ငြိမ်းချမ်းဆိုသူနှင့် လူငယ်ချင်း မေတ္တာမျှနေသည်ကို မိဘတွေက သိကြ၍ နှစ်ဖက်မိဘများ တိုင်ပင်ကာ နန်းရွှေကြာလေးကို မောင်ငြိမ်းချမ်းနှင့် အိမ်ထောင်ချပေးလိုက်ကြလေသည်။

အိမ်ထောင်သက် တစ်နှစ်ကျော်တွင် နန်းရွှေကြာမှာ သားဦးကလေးကို မွေးပြီး (၂)နှစ်ခန့် အကြာတွင်တော့ ဒုတိယသမီးလေးကို ဖွားမြင်ခဲ့သည်။ ထိုအချိန်တွင် နန်းရွှေကြာ၏ မိဘနှစ်ပါးမှာ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ကွယ်လွန်သွားကြလေသည်။



မောင်ငြိမ်းချမ်းမှာ အများသူငါလို ကျောက်တူးသည့်အလုပ်ကို လုပ်သော်လည်း ကျောက်ကောင်းဟူ၍ တစ်ခါမျှ မရခဲ့ဘူးပေ။ ရလာသည့် ကျောက်တွေကလည်း ရောင်းစား၍မရ။ နန်းရွှေကြာ၏ မိဘများ ဆင်ပေးထားခဲ့သော လက်ဝတ်လက်စားများကို ထုခွဲရောင်းချကာ မိသားစု စားဝတ်နေရေးကို ဖြည့်ဆည်းနေခဲ့သည်။

ထိုအခါ နန်းရွှေကြာမှာ မိမိတို့ မိသားစု စားဝတ်နေရေးအတွက် ခင်ပွန်းသည်ကိုပဲ အားကိုး၍ မနေသင့်တော့။ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရအောင် မိမိကလည်း အလုပ်တစ်ခုခု လုပ်မှဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

တစ်ရက်တွင် အိမ်နီးချင်းဖြစ်သူ မခင်ဖြူနှင့် စကားစပ်ပြီး ပြောကြရာမှ မခင်ဖြူက သူမတို့နှင့် ရွှေကျင်လိုက်ခဲ့ရန် ပြောသဖြင့် နန်းရွှေကြာလည်း ခင်ပွန်းဖြစ်သူနှင့် တိုင်ပင်ကာ နောက်နေ့တွင် အင်ပိုင်းတစ်ချပ် ဝယ်၍ မခင်ဖြူတို့နှင့် ရွှေကျင်လိုက်သွားလေသည်။

သားကြီး မောင်ချမ်းအေးနှင့် သမီးလေး နန်းရွှေခင်တို့ကို ခင်ပွန်းဖြစ်သူက ကြည့်ရှုပေးလေသည်။ ငြိမ်းချမ်းမှာ ဇနီးသည်ကို ဤသို့ ပင်ပန်းသည့်အလုပ်ကို မလုပ်စေလိုသော်လည်း ကျောက်တူးသည့် သူ့အလုပ်ကလည်း အဆင်မပြေလှသဖြင့် ဇနီးသည် ပင်ပန်းသည်ကို သိသော်လည်း ဒီအတိုင်းသာ နေခဲ့လိုက်တော့သည်။

နန်းရွှေကြာမှာ မခင်ဖြူတို့နှင့် ရွှေကျင်လိုက်သွားရာ ပထမဆုံးရက်မှာတော့ ရွှေနှစ်ရွေးမျှပင် မရရှိခဲ့ပေ။ နန်းရွှေကြာ၏ ဘဝတစ်လျှောက် ဤသို့ ပင်ပန်းသည့် အလုပ်မျိုး တစ်ခါမျှပင် မလုပ်ခဲ့ဘူးသဖြင့် ပင်ပန်းသည့်ဒဏ်ကို နန်းရွှေကြာတစ်ယောက် မခံနိုင်ခဲ့ချေ။

သို့ပါသော်လည်း သားနှင့်သမီး အတွက်ဟူသော မိခင်တစ်ယောက်၏ မေတ္တာဖြင့် နောက်ရက်တွေမှာလည်း ရွှေကျင်လိုက်သွားဖြစ်သည်။ နောက်ပိုင်းတွင် တစ်ရက်လျှင် ရွှေ တစ်ရွေး, နှစ်ရွေးမျှ ရလာတတ်သည်။ ဤမျှရသည်နှင့်ပင် မိသားစု စားဝတ်နေရေး အတွက် အတော်ပင် လုံလောက်သည်။

မခင်ဖြူတို့တစ်တွေကတော့ တစ်နေ့လျှင် (၃,၄)ရွေးလောက် ရကြလေသည်။ တစ်နေ့တွင် နန်းရွှေကြာမှာ မခင်ဖြူတို့နှင့် မနီးမဝေးတွင် ရွှေကျင်နေစဉ် နန်းရွှေကြာနှင့် ခြေ ငါးလှမ်းအကွာတွင်ရှိသော ကိုင်းပင်ကြီးဘေးတွင် ရောမ မြွေကြီးတစ်ကောင်သည် နန်းရွှေကြာအား မမိုတ်မသုန် စိုက်ကြည့်နေသည်ကို နန်းရွှေကြာက မြင်တွေ့သွားပြီး ကြောက်လန့်တကြားနှင့် အော်မည်အလုပ်တွင်...

'ညီမတော်လေး... အစ်ကိုတော်ပါကွယ်

www.burmeseclassic.com

အစ်ကိုတော်ကို မမှတ်မိတော့ဘူးလားဟင်'



အက်ကွဲစူးရှသော လူသားတစ်ယောက်၏ အသံကြောင့် နန်းရွှေကြာမှာ သတိမေ့နေရာမှ ရုတ်တရက် သတိဝင်လာသူလို မြွေကြီးကိုကြည့်ရင်း ရင်ထဲတွင် ဆို့နင်ကြေကွဲ တုန်ယင်လှိုက်လှဲ အံ့ဩသော အသံဖြင့်...

'အို...အစ်ကိုတော်... အစ်ကိုတော် ဟုတ်လားဟင်၊ ညီမလေး အစ်ကိုတော်ကို မှတ်မိပါတယ် အစ်ကိုတော်၊ အို...အစ်ကိုတော်ရဲ့'

နန်းရွှေကြာမှာ ဘာကိုမှ သတိမပြုမိတော့ဘဲ မြွေကြီးရှိရာကို ပြေးသွားပြီး မြွေကြီး၏လည်ပင်းကို ဖက်ကို ရှိုက်ကြီးတငင် ငိုလေတော့သည်။ မြွေကြီးမှာလည်း မျက်ဝန်းများကိုမှိတ်ကာ အတန်ကြာ ငြိမ်သက်နေရာမှ...

'ညီမတော်ရယ်... ခုလို လူ့ဘဝမှာ ညီမတော်လေး ပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက်နေရတာကို အစ်ကိုတော် မကြည့်ရက်ပါဘူးကွယ်၊ အစ်ကိုတော်နဲ့ ပြန်လိုက်ခဲ့ပါတော့နော်'

နန်းရွှေကြာမှာ တအင့်အင့် ရှိုက်ငိုနေရာမှ ခေါင်းမော့ပြီး မြွေကြီးကို ကြည့်၍...

'ညီမတော်ကို ခဏတော့ နေခွင့်ပြုပါဦး အစ်ကိုတော်၊ သားလေးကို ရှင်ပြုပေးပြီးရင် ညီမတော် ပြန်လိုက်ခဲ့ပါမယ်နော်'

မြွေကြီးမှာ ဦးခေါင်းကို မသိမသာ ခါယမ်းရင်း...

'ညီမလေးရယ် ဒါဆိုလဲ နောက်ရက်တွေကစပြီး ညီမလေး ရွှေကျင်လာရင် ဟိုးရှေ့က မြင်နေရတဲ့ တောင်ခြေကို လာခဲ့နော်၊ တစ်ယောက်တည်း လာခဲ့နော် အစ်ကိုတော် ညီမလေးကို စောင့်ရှောက်ပါရစေကွယ်'

'ဟုတ်ကဲ့ပါ အစ်ကိုတော်'

ထိုနေ့က နန်းရွှေကြာမှာ ရွှေ ရွှေကျင်သွားတိုင်း ရွှေ မရသည့်နေ့တစ်မှုန်မျှပင် မရသွားဘဲ အိမ်ပြန်သွားခဲ့လေသည်။ အိမ်သို့ ရောက်သော် အတိတ်ဘဝမှ အစ်ကိုဖြစ်သူနှင့် တွေ့ဆုံခဲ့ကြောင်းကို ခင်ပွန်းဖြစ်သူအား ပြောပြရမလားဟု စဉ်းစားမိသေးသည်။ နောက်တော့ တော်ပါပြီလေ၊ မပြောပြတော့ပါဘူး ပြောပြရင်လဲ ယုံမယ် မထင်ဘူး။

နောက်နေ့တွင် နန်းရွှေကြာမှာ မခင်ဖြူတို့နှင့် ရွှေကျင် မလိုက်သွားတော့ဘဲ မိမိ တစ်ယောက်တည်းသာ အစ်ကိုတော် ညွှန်ပြသည့် တောင်ဆီသို့ သွားလိုက်သည်။ တောင်ခြေ၌ တသွင်သွင် စီးဆင်းလျက်ရှိသော ချောင်းငယ်လေးတစ်ခု ရှိလေသည်။ နန်းရွှေကြာမှာ အစ်ကိုဖြစ်သူကို မတွေ့ရသဖြင့် နှုတ်မှ...

'အစ်ကိုတော်ရေ... ညီမလေး ရောက်ပြီနော်'

ဆိုကာ အင်ပိုင်းဖြင့် ချောင်းထဲမှ သဲများကို ကျုံးကာ ရွှေကျင်လေရာ မကြာမီ မန်ကျည်းစေ့ခန့်ရှိသော ရွှေများကို အတုံးလိုက် ရရှိလေသည်။ နန်းရွှေကြာမှာ ဝမ်းသာအံ့ဩလွန်း၍...

'ညီမလေးကို အခုလို ကြည့်ရှုစောင့်ရှောက်တဲ့အတွက် အစ်ကိုတော်ကို အထူးကျေးဇူးတင်ပါတယ်ရှင်'

နန်းရွှေကြာမှာ ရက်ခြားဆိုသလို ရွှေကျင်သွားတိုင်း ရွှေ မရသည့်နေ့ဟူ၍ မရှိပေ။ တစ်နေ့လျှင် အနည်းဆုံး ငါးမူးသား တစ်ကျပ်သားခန့်ထိပင် ရရှိခဲ့ရာ နန်းရွှေကြာတို့ မိသားစုမှာ လက်ဝတ်တန်ဆာများနှင့် အိမ်ကောင်းကောင်းကို ပိုင်ဆိုင်ခဲ့ကြလေသည်။

ငြိမ်းချမ်း၏ စိတ်ထဲတွင် မိမိ၏ မိန်းမဖြစ်သူကို မသင်္ကာတော့ပေ။ နန်းရွှေကြာ ရွှေကျင်သွားတော့လည်း အဖော်မပါ။ တစ်ယောက်တည်း သွားပြီး တစ်ယောက်တည်း ပြန်လာတိုင်း ရွှေတွေကလည်း အများကြီး ရလာသည်။ ဒါ မသင်္ကာစရာဟု ထင်မိသည်။ တစ်ရက်တွင် ငြိမ်းချမ်းက ဇနီးဖြစ်သူကို...

'ရွှေကြာ ငါ တစ်ခုလောက် မေးပါရစေ။ မင်းက ရွှေကျင်သွားတော့လဲ အဖော်မပါဘူး။ ပြီးတော့ မင်း ပြန်လာတိုင်းလဲ ရွှေတွေက အများကြီး ရလာသေးတယ်။ မဟုတ်မှလွဲရော မင်း ငါ့ကွယ်ရာမှာ လင်ငယ်နဲ့ ဖောက်ပြန်နေတာ မဟုတ်လား'

နန်းရွှေကြာမှာ ခင်ပွန်းဖြစ်သူ မယုံသင်္ကာဖြစ်ပြီး ပြောနေမှန်း သိသော်လည်း ဒေါသမထွက်ဘဲ လေသံအေးအေးဖြင့်...

'ဘယ်လင်ငယ်နဲ့မှ မဟုတ်ပါဘူးရှင်၊ ကျွန်မ ပြောပြရင် ရှင် ယုံမှာတောင် မဟုတ်ဘူး။ တကယ်တော့ အတိတ်ဘဝက အစ်ကိုတော်စပ်ခဲ့ဖူးတဲ့ ကျွန်မရဲ့ အစ်ကိုတော်က ကျွန်မကို ကူညီစောင့်ရှောက်ပေးနေတာပါ'

ထိုအခါ ငြိမ်းချမ်းက...

'ဘာ... အတိတ်ဘဝက အစ်ကိုတော်တွေ ဘာတွေ လာမပြောနဲ့၊ အရှုံးမ ငါ့ကိုများ လှည့်စားချင်သေးတယ်။ ကဲဟာ..., ကဲဟာ... ငါ့ကို လိမ်ချင်ဦး၊ ဖြန်း...ဖြန်း...



www.burmeseclassic.com



'အမယ်လေး...'

ခင်ပွန်းဖြစ်သူက မိမိ၏ ပါးပြင်ပေါ်သို့ လက်ဝါးစောင်းနှင့် နှစ်ချက်ဆင့်ရိုက်လိုက်သဖြင့် နန်းရွှေကြာမှာ မြေပြင်ပေါ်သို့ အရှိန်ဖြင့် လဲကျသွားလေသည်။ ငြိမ်းချမ်းမှာ လက်ဖြင့် ရိုက်သည်ကို အားမရနိုင်သေးဘဲ ဇနီးဖြစ်သူကို ခြေထောက်နှင့်ပင် ကန်လိုက်ပြန်သေးသည်။ နန်းရွှေကြာမှာ နာကျင်လွန်းလှသဖြင့်...

'အစ်ကိုတော်ရယ်... ညီမလေးကို ကူပါဦး'

ဟု ငိုယိုအော်ဟစ်စဉ်မှာပင်...

'အား...အမလေးဗျ'

ငြိမ်းချမ်းမှာ မိမိ၏ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားရင်းမှ နှုတ်မှလည်း အော်မိသေးသည်။

'အား... နာတယ်ဗျ၊ နာတယ်ဗျ၊ ငါ့ကို ဘယ်သူလုပ်တာလဲဟင်၊ သတ္တိရှိရင် ထွက်ခဲ့စမ်း၊ အား...အမယ်လေးဗျ'

ငြိမ်းချမ်းတစ်ယောက် ထိုနေ့က မျက်နှာတစ်ပြင်လုံး ရောင်ကိုင်းနေသည်ကို နန်းရွှေကြာက ဆေးလိမ်းပေးနေရင်းမှ...

'ကိုငြိမ်းချမ်းရယ်... ကျွန်မကို ရှင် ရိုက်လို့ ရှင့်ကိုလဲ ကျွန်မရဲ့ အစ်ကိုတော်က ဆုံးမတာ ရှင့်။ ရှုပ်မယုံရင် မနက်ဖြန် အစ်ကိုတော် ရှိတဲ့နေရာကို သွားရအောင်လေ'

နောက်နေ့ နံနက်(၈)နာရီခန့်တွင် ငြိမ်းချမ်းနှင့် နန်းရွှေကြာတို့ ဇနီးမောင်နှံနှစ်ယောက်မှာ သားနှင့်သမီးကို အိမ်နီးချင်းဖြစ်သူ မခင်ဖြူထံတွင် အပ်နှံကာ အစ်ကိုတော်ရှိရာ တောင်ဆီသို့ သွားခဲ့ကြသည်။

ရွာမှ (၁)နာရီနီးပါးခန့် လမ်းလျှောက်လာခဲ့ကြရာ တောင်ခြေသို့ ရောက်သည်တွင် နန်းရွှေကြာက သူမ နေ့စဉ် ရွှေလာကျင်သည့် နေရာသည် ဤနေရာဖြစ်ကြောင်း၊ ရှေ့မှ မြင်နေရသည့် တောင်သည် အစ်ကိုတော်၏ သိုက်နန်းနေရာဖြစ်ကြောင်း ပြောပြလေသည်။

'အစ်ကိုတော်ရေ... ညီမလေးကို ညီမလေးရဲ့ခင်ပွန်းက မယုံသင်္ကာတွေ ဖြစ်နေတယ်။ တကယ်လို့ အစ်ကိုတော် ဒီတောင်မှာ နေတယ်ဆိုရင် ညီမလေးရဲ့ခင်ပွန်း သိသာမြင်သာအောင် လုပ်ပြပါ'

နန်းရွှေကြာ ထိုသို့ ပြောပြီး (၃)မိနစ်ခန့် အကြာမှာပင်...

'ဝေါ...ဝေါ...ဝေါ...'

ဟူသော တော်လည်းသံကြီးလိုလို အသံများ ထွက်ပေါ်လာပြီး ငြိမ်းချမ်းနှင့် နန်းရွှေကြာတို့၏ ရှေ့တည့်တည့်မှ တောင်ကြီးမှာ ဘယ်မှညာသို့ သုံးကြိမ်တိုင်တိုင် လှုပ်ယမ်းနေသည်ကို တွေ့မြင်ကြရလေသည်။

ငြိမ်းချမ်းမှာ အံ့သြလွန်းသဖြင့် မိမိ၏ မျက်လုံးကို အကြိမ်ကြိမ် ပွတ်ကြည့်ရသည်အထိ အံ့သြပြီးရင်း အံ့သြနေမိသည်။ ခဏအကြာတွင် တောင်ကြီးမှာ သူ့ဘာမှ မလုပ်ခဲ့သည့်အလား ပကတိတည်ငြိမ်သွားလေတော့သည်။

တောင်ကြီး ငြိမ်သက်သွားသော်လည်း သစ်ပင်ချုံနွယ်များမှာ လှုပ်ယမ်းနေဆဲပင် ဖြစ်သင့်သော်လည်း ယခုမူ တောင်ကြီး ငြိမ်သက်သွားသည်နှင့် သစ်ပင်ချုံနွယ်များလည်း ပကတိတည်ငြိမ်သွားသည်မှာ ထူးဆန်းအံ့သြဖွယ်ရာပင်။ နန်းရွှေကြာက ခင်ပွန်းဖြစ်သူအား...

'ကဲ...ရှင်ယုံပြီလား ကိုငြိမ်းချမ်း'

'အေး...အေးပါကွာ၊ ငါ ယုံပါပြီ မိန်းမရယ်... ယုံပါပြီကွာ။ မင်းကိုလဲ အပြစ် မမြင်တော့ပါဘူး။ ငါတို့ ပြန်ကြစို့နော်'

တုန်ယင်မောဟိုက်သော အသံဖြင့် ငြိမ်းချမ်းက ဇနီးဖြစ်သူကို ပြောလေသည်။ ငြိမ်းချမ်းမှာ အိမ်သို့ ပြန်ရောက်လာသော်လည်း ထိုနေ့တစ်နေ့လုံး နန်းရွှေကြာအကြောင်းကို စဉ်းစားနေမိသည်။ သူနှင့် ရွှေကြာနှင့်က တစ်ရွာတည်းသား၊ ငယ်သူငယ်ချင်းတွေလည်း ဟုတ်သည်။ သူငယ်ငယ်တုန်းက အဖေနှင့်အမေတို့ ပြောနေကြတာ သူ ကြားခဲ့ဖူးသည်။ ဘာတဲ့။ ရွှေကြာက မြွေဝင်စားတာတဲ့။

ရွှေကြာကို မွေးတုန်းကလည်း မြွေတွေလာသည်။ ရွှေကြာ ငယ်ငယ်တုန်းကလည်း မြွေတွေနှင့် ကစားဖူးသည်တဲ့။ ဒီလိုတွေ...သူ ကြားခဲ့ဖူးပေမယ့် အခု အရွယ်ရောက်လာတော့ ထိုအရာတွေကို ပုံပြင်တစ်ပုဒ်လို ထင်မှတ်ထားခဲ့သည်။

ဟော... ယခုတော့ သူ သိခဲ့ဖူး ကြားခဲ့ဖူးသော အရာတွေက ပုံပြင်မဟုတ်၊ တကယ်ပါလားဟု သူ လက်ခံယုံကြည်ခဲ့ရသည်။ ဩော်... နန်းရွှေကြာ...နန်းရွှေကြာ မင်းလေးက မြွေဝင်စားသူလေးကိုး။ ရွှေကြာကို သူ ဒေါသထွက်ထွက်နှင့် ရိုက်ပြီးနောက် သူ့မျက်နှာကို တစ်ယောက်ယောက်က လက်သီးနှင့် ထိုးသလို အထိုးခံရသဖြင့် သူ တော်တော်လေး အီစီနှိသွားခဲ့

www.burmeseclassic.com

သည်။ လက်သီးနှင့် ထိုးသူကိုလည်း မတွေ့ရ။ သူနှင့် ရွှေကြာ နှစ်ယောက်တည်း ရှိချိန်လေ။

အင်းလေ...ဘာပဲဖြစ်ဖြစ် သူလက်ခံလိုက်ပါသည်။ သူ့မျက်စိနှင့် တပ်အပ်မြင်တွေ့ခဲ့ရတာတွေက သာမန်လူသားတွေအဖို့ ဘယ်လိုမှ ယုံနိုင်ဖွယ်ရာ မရှိချေ။ နန်းရွှေကြာမှာ သူမ၏ အတိတ်ဘဝအကြောင်းများကို ခင်ပွန်းဖြစ်သူအား ပြောပြပြီး...

'သားလေးကို ရှင်ပြုပြီးရင်တော့ ကျွန်မ ပြန်ရတော့မယ် ကိုငြိမ်းချမ်းရယ်၊ ခုဆို ကျွန်မ မရှိလဲ ရှင်တို့ သားအဖတွေ လုတန်းစေ့နေနိုင်တဲ့ အတွင်းပစ္စည်းတွေလဲ ရှိနေပြီပဲလေ'

'အို... ရွှေကြာကလဲကွာ မပြောကောင်း မဆိုကောင်းတွေ မပြောပါနဲ့နော်။ သားလေးကလဲ ခုမှ (၁၀)နှစ်ပဲ ရှိသေးတယ်။ သက်နှီးမစည်းပါနဲ့ဦး။ တို့ မိသားစုတွေ ပျော်ပျော်ပါးပါးကြီး နေသွားကြရအောင်ပါ မိန်းမရယ်နော် မင်းရဲ့ အစ်ကို့ကိုလဲ လာမခေါ်ဖို့ ပြောလိုက်ပေါ့'

'မရဘူး ကိုငြိမ်းချမ်းရဲ့... ကျွန်မက အစ်ကိုတော်ကို ကတိပေးပြီးမှ ဒီလူ့ပြည်ကို လာရတာ'

'ဒါဆို သားလေးကို ရှင်ပြုပေးပြီးတာနဲ့ မင်းသေရတော့မှာပေါ့။ ဟုတ်လား ရွှေကြာ'

'ဟုတ်တယ် ကိုငြိမ်းချမ်း၊ ဒါ ဘယ်လိုမှ ရှောင်လွှဲလို့ မရတဲ့ ကျွန်မရဲ့ ကံကြမ္မာပဲ'

'ဒါဆိုလဲ သားလေးကို ဒီတစ်သက် သက်နှီးမစည်းပေးနဲ့တော့ကွာ'

'အို... ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ ကိုငြိမ်းချမ်းရဲ့၊ အရွယ်ရောက်ရင်တော့ သာသနာ့ဘောင် ဝင်ရမှာပေါ့။ ဒါ ကျွန်မ တို့ရဲ့ ဗုဒ္ဓဘာသာ ထုံးစံပဲလေ'

ငြိမ်းချမ်းမှာ သူ ဘယ်လိုပြောပြော



မရသည်မို့ သူ၏ ခေါင်းကို တပျင်းပျင်း ကုတ်ကာ...

'အေး...ဒါဆိုလဲ မင်းသဘောပေါ့၊ မင်းသဘော...မင်းသဘော... ငါက မင်းသေမှာစိုးလို့ ပြောတာဟ'

* * *

အချိန်ကာလများမှာ တရွေ့ရွေ့ ကုန်လွန်သွားခဲ့ရာ ယခုဆိုလျှင် ငြိမ်းချမ်းနှင့်နန်းရွှေကြာတို့၏ သားကြီး မောင်ချမ်းအေးမှာ အသက်(၁၅)နှစ် အရွယ်သို့ပင် ရောက်ရှိခဲ့ပေသည်။ တစ်နေ့တွင် နန်းရွှေကြာမှာ မီးဖိုချောင်တွင် ထမင်းချက်နေခိုက် ရေသွန်ချောင်းနားရှိ သရက်ပင်ပေါ်တွင် မြွေကြီးတစ်ကောင် ရစ်ခွေလျက်ရှိရာမှ...

'ညီမလေး... အစ်ကိုတော်ဆီ ပြန်ခဲ့ဖို့ အချိန်တန်ပြီနော်'

ထိုအသံကို ကြားလိုက်ရ၍ ရွှေကြာမှာ လန့်ဖျပ်သွားပြီး ရှေ့ကို ကြည့်လိုက်ရာ မြွေကြီးကို တွေ့လိုက်ရလေသည်။

'ဟင်... အစ်ကိုတော်ဖါလား၊ ညီမလေး ပြန်ခဲ့ဖို့ သတိရပါတယ် အစ်ကိုတော်ရယ်၊ သားလေးကို ရှင်ပြုပေးပြီးရင် ညီမလေး ပြန်လာခဲ့ပါ့မယ်နော်'

'အေး...ညီမလေးစကားနဲ့ ညီမလေး တည်ပါစေ'

ဆိုပြီး မြွေကြီးမှာ ပျောက်ကွယ်သွားလေတော့သည်။ အမှန်ကို ဆိုရသော် နန်းရွှေကြာမှာ ယခု လူ့ဘဝတွင် ပျော်နေပြီဖြစ်သည်။ သားနှင့်သမီးနှင့် မိသားစုလေး သိုက်သိုက်ဝန်းဝန်း ရှိနေသည်ကို ကျေနပ်နေလေသည်။

'အစ်ကိုတော်ကိုတော့ ပြန်လာခဲ့ပါ့မယ်ဟု ပြောလိုက်ပါသော်လည်း တကယ်ဆို မပြန်ချင်တော့ပေ။ ထို့ကြောင့် နေ့ရွှေ့ ညရွှေ့နှင့် သားလေးကို ရှင်ပြုမည့်အရေးကို အချိန်ဆွဲနေခဲ့သည်။ တစ်နေ့တွင် နန်းရွှေကြာမှာ အိမ်ရှေ့ရှိ ဒန်းပေါ်တွင် မိသားစုနှင့် အတူထိုင်ကာ ရယ်ကာမောကာ စကားပြောနေစဉ် ရုတ်တရက်...

'ဖြန်း...ဖြန်...'

'အမယ်လေး...'

နန်းရွှေကြာမှာ ပါးကို အရိုက်ခံလိုက်ရသဖြင့် ဒန်းပေါ်မှ အောက်သို့ လန်ကျသွားရာ ခင်ပွန်းဖြစ်သူ ငြိမ်းချမ်းက...

'ရွှေကြာ...ရွှေကြာ ဘာဖြစ်တာလဲ'

မြေပေါ်တွင် လဲကျနေသော နန်းရွှေကြာကို ထူမ ပေးနေစဉ်မှာပင် နန်းရွှေကြာ၏ လည်ပင်းတွင် ဆွဲထားသော ဆွဲကြိုးမှာ လူတစ်ယောက်က ဆွဲဖြုတ်လိုက်ပြီး လွှင့်ပစ်လိုက်သလို အဝေးသို့ လွင့်စဉ်သွားလေသည်။

လက်တွင် စွပ်ထားသော လက်စွပ်သည်လည်းကောင်း၊ လက်ကောက်သည်လည်းကောင်း သူ့အလိုလို ပြုတ်ထွက်ကုန်ပြီး လွှင့်စဉ်သွား၍ ငြိမ်းချမ်းက ပြေးကောက်သော်လည်း မည်သည်ကိုမျှ ရှာမတွေ့ခဲ့ချေ။

မိမိတို့ မျက်စိရှေ့မှာပင် ပြုတ်ကျသော ဆွဲကြိုး၊ လက်ကောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်စွပ်တို့မှာ ရုတ်ခြည်း ပျောက်ကွယ်ကုန်လေသည်။ နန်းရွှေကြာ သိလိုက်ပါပြီ။ ဒါ... အစ်ကိုတော်၏ လက်ချက်ဆိုတာကို။

ပြန်လာမယ် ပြန်လာမယ် ပြောပြီး အစ်ကိုတော်ကို လှည့်စားလိမ်ညာခဲ့သည့် အတွက် သူမကို အစ်ကိုတော် စိတ်ဆိုးပြီး ဤသို့ ဒဏ်ခတ်ခဲ့ခြင်းဟု ခင်ပွန်းဖြစ်သူ ငြိမ်းချမ်းက...

'ရွှေကြာ...တို့ကို မင်းနဲ့ အစ်ကိုက စိတ်ဆိုးလို့ မင်းကိုလဲရိုက်၊ ပစ္စည်းတွေလဲ ပြန်ယူသွားတာ နေမှာနော်'

'ဟုတ်တယ် ကိုငြိမ်းချမ်း၊ ကျွန်မတို့ကို အစ်ကိုတော် စိတ်ဆိုးသွားပြီ'

ထိုသို့ ဖြစ်ပြီး (၃)ရက်မြောက်ညတွင် နန်းရွှေကြာ အိပ်ပျော်နေစဉ် မြွေကြီး ရောက်ရှိလာပြီး...

'ညီမလေး... အစ်ကိုတော် ရှိရာဆီကို ခုချက်ချင်းလာခဲ့ပါ။ သူတို့သိုက်ကို တူးနေကြပြီ၊ တောင်ခြေက ကြက်လျှာတိုင်(၉)တိုင်ကို ခုချက်ချင်း လာဖြုတ်ပေးပါ။ မဟုတ်ရင် အစ်ကိုတော် သေဆုံးရမယ့်အပြင် ရတနာသိုက်လဲ သူတို့လက်ထဲ ရောက်သွားလိမ့်မယ်'

အိပ်မက်လိုလို တကယ်လိုလို ကြောင့် နန်းရွှေကြာ အိပ်ရာမှ လန့်နိုးခဲ့ပြီး ခေါင်းရင်းမှ တိုင်ကပ်နာရီကို ကြည့်လိုက်တော့ ည(၁၁)နာရီ ရှိနေပြီ၊ အစ်ကိုတော်တစ်ယောက် ဒုက္ခရောက်နေပြီ ထင်သည်။

ထို့ကြောင့် ခုတင်ပေါ်မှ အမြန်ဆင်းကာ ခင်ပွန်းဖြစ်သူကို နှိုး၍ အကျိုးအကြောင်း ပြောပြပြီး နှစ်ယောက်သား တောင်ခြေသို့ ညကြီးမင်းကြီး ပြေးကြလေတော့သည်။

ခါတိုင်း (၁)နာရီနီးပါးမျှ လမ်းလျှောက်ရသော ခရီးကို ယခုမူ နာရီဝက်မျှပင် မကြာလိုက်ချေ။ တောင်ခြေသို့ ရောက်သော် တွေ့လိုက်ရပါပြီ၊ တောင်ခြေတစ်ဝိုက်မှာ ဆီမီးတွေ မြိုင်မြိုင်ထွန်းကာ တောင်ခြေတစ်ဝိုက် ကြက်လျှာတိုင်တွေ စိုက်ထားပြီး အကျီဖြူတွေ ဝတ်ဆင်ထားကြသော အသက်(၆၀)ခန့် လူကြီးနှစ်ယောက် ဆီမီးတိုင်ရှေ့တွင် တင်ပျဉ်ခွေထိုင်ကာ ဘာတွေ ရွတ်ဆိုနေကြသည်မသိ။ ပြီးတော့ တဒုတ်ဒုတ်နှင့် အသံကိုလည်း ကြားရပြန်သေးသည်။

နန်းရွှေကြာတို့ လင်မယားလည်း ထိုလူကြီးနှစ်ယောက် မမြင်အောင် ကြက်လျှာတိုင်များကို အလျင်အမြန် ဆွဲနုတ်ယူကာ ဖျက်ဆီးပစ်ကြပြီး အိမ်သို့ ပြန်ပြေးခဲ့ကြလေသည်။ အိမ်သို့ ရောက်သော် လင်မယားနှစ်ယောက် ဖတ်ဖတ်မောနေကြပြီ။

နောက်နေ့မိုးလင်းတော့ လင်မယားနှစ်ယောက်သား တောင်ခြေသို့ မသိမသာ သွားချောင်းကြည့်ကြသည်။ မည်သည့် လူသားတစ်ယောက်မှ မတွေ့ရှိရဘဲ သူတို့ မြင်လိုက်ရသည်က နက်ရှိုင်းလှသော ချိုင့်ဝှမ်းကြီးတစ်ခု။

မနေ့ညကအထိ မြင့်မားလှသော တောင်ကြီးက ရှိနေသေးသည်။ ယခုမူ တောင်ကြီးကို တွေ့ရမည့်အစား ချိုင့်ဝှမ်းကြီးကိုသာ တွေ့ရလေသည်။

နှစ်ယောက်လုံး အံ့ဩမှင်တက်မိသွားကြသည်။ ငြိမ်းချမ်းမှ...

'ရွှေကြာရေ... ကြည့်စမ်းပါဦးကွာ၊ ဒီနေရာမှာ တောင်ကြီး ရှိနေရမယ့်အစား ဘယ်လိုကြောင့် ချိုင့်ဝှမ်းကြီး ဖြစ်နေရတာလဲ၊ ငါတော့ နားမလည်တော့ဘူး'

နန်းရွှေကြာမှာ မျက်စိမျက်နှာ ပျက်နေရှာပြီ။ ပြီးတော့မှ...

'အစ်ကိုတော် လွတ်ရော လွတ်သွားရဲ့လား မသိဘူးနော်...ကျွန်မ စိတ်ပူလိုက်တာရှင်'

'လွတ်မှာပါ ရွှေကြာရယ်...တို့တွေ သူပြောတဲ့အတိုင်း သေသေချာချာ လုပ်ခဲ့ကြတာပဲဟာ'

'ကျွန်မကတော့ အစ်ကိုတော် လွတ်ပါစေလို့ပဲ ဆုတောင်းပါတယ်ရှင်'

* * *

**[ နိဂုံး ]**

တစ်ညတွင် နန်းရွှေကြာထံသို့ မြွေကြီး ရောက်ရှိလာပြီး...

'ညီမတော်... ညီမတော်တို့ရဲ့ ကျေးဇူးကြောင့် အစ်ကိုတော် လွတ်သွားပါပြီကွယ်။ စိတ်မပူနဲ့တော့နော်။ ပြီးတော့ ညီမတော်ကို ပြောရဦးမယ်...အခု အစ်ကိုတော် သိုက်နန်းနေရာ ပြောင်းသွားပြီကွယ်၊ မိုးကောင်းမြို့နယ်ထဲက လုံခြုံတဲ့နေရာကိုပေါ့။ အဲဒါ ညီမတော်တို့လဲ မိုးကောင်းမြို့မှာပဲ အခြေချဖို့ မိုးကောင်းကို ပြောင်းခဲ့ကြနော်။ အစ်ကိုတော်နဲ့ နီးအောင်လို့လေ'

'ဟုတ်ကဲ့ပါ အစ်ကိုတော်'

နန်းရွှေကြာတို့ မိသားစုလေး မိုးကောင်းမြို့သို့ အပြီး ပြောင်းရွှေ့သွားကြပြီး (၂)နှစ်အကြာတွင် ဖားကန့်မြို့နယ်၊ ဝေခါကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကိုငြိမ်းချမ်းနှင့် မနန်းရွှေကြာတို့၏ သားကြီး မောင်ချမ်းအေးအား ရှင်သာမဏေဘောင်သို့ သွတ်



www.burmeseclassic.com

www.burmeseclassic.com

သွင်းခဲ့ကြပါသည်။

သို့သော် သားရှင်ပြုပွဲတွင် ဖခင်ဖြစ်သူ ကိုငြိမ်းချမ်းတစ်ယောက်သာပါရှိပြီး မနန်းရွှေကြာမှာမူ မပါရှိခဲ့ပေ။ တကယ်တော့ သားလေး ရှင်မပြုခင် (၁၀)ရက် အလိုမှာပင် မိုးကောင်းမြို့ရှိ အိမ်တွင် နန်းရွှေကြာတစ်ယောက် နှလုံးရောဂါဖြင့် သေဆုံးသွားသောကြောင့်ဖြစ်သည်။

နန်းရွှေကြာမှာ သူချစ်သော ခင်ပွန်း၊ သားနှင့်သမီးတို့ကို အပြီးတိုင် စွန့်ခွာသွားခဲ့လေပြီ။ သူမ သေခါနီးတွင် သားလေးကို ဝေခါကျေးရွာတွင် သွားရောက်၍ ရှင်ပြုပေးပါရန် တဖွဖွ မှာကြားခဲ့လေသောကြောင့် ကိုငြိမ်းချမ်းမှာ ဇနီးဖြစ်သူ၏ ဆန္ဒကို ဖြည့်ဆည်းပေးခဲ့ခြင်း ဖြစ်သည်။

ဇနီးဖြစ်သူ နန်းရွှေကြာ(ခေါ်)မြွေမလေး သေဆုံးသွားသဖြင့် ကိုငြိမ်းချမ်းမှာ အသဲနှလုံးကြွေပြုန်းမတတ် ခံစားခဲ့ရပါသည်။ ထို့ကြောင့်လည်း နန်းရွှေကြာ၏ ရုပ်ကလာပ်ကို မီးရှို့ မသင်္ဂြိုဟ်ဘဲ အုတ်ဂူပြုလုပ်ကာ ဂူသွင်းမြှုပ်နှံခဲ့လေသည်။


မြွေဝင်စားမလေး နန်းရွှေကြာ၏ အုတ်ဂူလေးမှာ မိုးကောင်းမြို့ပြင်ရှိ (ယခင် သုသာန်ဟောင်း)တွင် ယနေ့တိုင် ရှိသည်ဟု ပြောဆိုနေကြပါသည်။

**[ဝန်ခံချက် ။ ။ ဤ"မြွေမောင်နှမ"ဇာတ်လမ်းလေးအား ရေးဖြစ်အောင် အစပျိုးပေးသူ မမိုးညီမိ၊ ဇာတ်လမ်း အစမှ အဆုံးတိုင် စိတ်ရှည်ရှည်ဖြင့် ပြောပြပေးပါသော (ယခင်က နန်းရွှေကြာ၏ အိမ်နီးချင်းအဖြစ် နေထိုင်ခဲ့သူ မခင်ဖြူ(ခ) အဘွားဒေါ်သန်းသန်းဌေး၊ ရပ်ကွက် (၃)လုံးခင်းတွင် နေထိုင်သူတို့အား ကျေးဇူးအထူးတင်ရှိပါသည်။]**

**အေးမွန်ကျော်(နမ္မတီး)**

# အတက်ရောဂါအတွက် ဆေးတစ်ခွက်





၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ (၃)ရက် (၁၆-၁-၀၆)နေ့တွင်ဖြစ်၏။

ရွာထဲက ဖိုးနော်ပွဲယ်၏ အသုဘသို့ သွားဖြစ်သည်။ ရွာထုံးစံအရ အသုဘကို (၇)ရက်ထားကြသည်။ ညစဉ်ညတိုင်း ရွာဦးကျောင်းက ကိုရင်လေး၊ ဦးဇင်းလေးများ သီလလာပေးကြ၏။

ငါးပါးသီလမယူမီ လူစောင့်နေကြရင်း ကျွန်တော်တို့အဖွဲ့သည် ရောက်တတ်ရာရာစကားများကိုပြောဆိုကြ၏။

ကျွန်တော်တို့အဖွဲ့ဆိုသည်မှာ ဦးကီးကယ်၊ ဦးစိန်ဒူး၊ ဦးဖားရှိုးတို့ဖြစ်ကြ၏။ ပြောကြဆိုကြရင်း တလောတုန်းက ဦးကီးကယ်၏ (၁၃)နှစ်အရွယ်သားလေးမှာ အတက်ရောဂါဖြစ်၍ ဦးကီးကယ်မှာ မကြာခဏ စိတ်ပူရကြောင်း ပြောလာ၏။

သို့သော် ခုချိန်မှာ သားလေးအတွက် ဆေးနည်းတစ်ဖုံ ရရှိထားသဖြင့် ထိုဆေးကို သားဖြစ်သူ စောကျော်လေးအား တိုက်ကျွေးရာ အတက်ရောဂါ ပြန်ပေါ်မလာတော့ကြောင်း ဦးကီးကယ်ကပြော၏။

မှန်၏ ဦးကီးကယ်၏သားမှာ တစ်ခါတစ်ခါတက်လျှင် ထိတ်စရာကောင်း၏။ ခြေကောက်၊ လက်ကောက်ဖြစ်သွားကာ တွန့်လိန်လျက် ရှိနေ၏။

လျှာမှာတင်း မာလာကာ အံတကြိတ်ကြိတ်ဖြစ်၏။ ရံခါ ကစားနေရင်း ချော်လဲကာ အတက်ရောဂါရုတ်တရက် ခံစားနေရသည်ဟု ဦးကီးကယ်က ပြောပြ၏။

အတက်ရောဂါပြန်ကျလျှင် သားဖြစ်သူမှာ နုံးချည့်၍သွား၏။ ရောဂါတက်လာလျှင် နှိပ်နှိပ်ပေးရသည်က နှစ်ဖက်စလုံး မသက်သာ။

အနှိပ်ခံရသူရော၊ နှိပ်သူပါ ပင်ပန်းလှပါ၏။ ဆေးရုံသွားပြရအောင်လဲ အကြောင်းအမျိုးမျိုးကြောင့် မသွားဖြစ်ခဲ့ကြ။

တစ်နေ့တော့ ကံကောင်းထောက်မစွာ ရပ်ဝေးရောက်လာသော ဦးကြီးတစ်ယောက်က အတက်ရောဂါပျောက် ဆေးနည်းကို ညွှန်ပြသဖြင့် သားဖြစ်သူကို တိုက်ကြည့်ရာ ခုတော့ ပျောက်ကင်းသွားလေပြီဟု ဦးကီးကယ်က ပြော၏။

ဆေးနည်းကား မခက်ပါ။ အောက်ပါအတိုင်း ဖြစ်သည်။

ကြီးကြီးငယ်ငယ် မည်သူမဆို အတက်ရောဂါ ခံစားနေရသည်ကို မြင်လျှင် အောက်ဖော်ပြပါဆေးနည်းကို တိုက်ကျွေးပါလေ။

| | | |
|---|---|---|
| ၁။ | အုန်းစိမ်းရည် (ဂလူးကို့ပုလင်း) | ၃-ပုလင်း |
| ၂။ | ပျားရည်စစ်စစ် | ၁-ပုလင်း |
| ၃။ | ရှောက်ရည် | ၁-ပုလင်း |

စုစုပေါင်း **(၅)ပုလင်း**ဖြစ်သည်။

ထို (၅)ပုလင်းကိုရောပြီး (၃)ပုလင်းတခန့်သာကျန်သည့်အထိကျိုရပါမည်။

ရလာသော ထို(၃)ပုလင်းစာကို အတက်ရောဂါဝေဒနာရှင်အား ကြက်ဥပန်းကန်လုံးဖြင့်...

**နံနက်** → **(၁)ခွက်**

**နေ့လည်** → **(၁)ခွက်**

**ည** → **(၁)ခွက်တိုက်ပါ။**

သိသိသာသာ ပျောက်ကင်းသွားကြောင်း တွေ့ရမည်ဖြစ်သည်။

ဤဆေးနည်းကို ပြောပြပေးသော **လေးကေရွာ ဦးကီးကယ်အား ကျေးဇူးတင်ပါ၏။**

*ကျန်းမာကြပါစေ...*

**မောင်လေးကေ (ဘီလင်း)**



www.burmeseclassic.com

www.burmeseclassic.com



မောင်စိမ့်စမ်း
(ကျောက်မီ)

ယခင်လမှ အဆက်

ကျွန်ုပ် မောင်ဘိုးလွန်း၏

ဘဝမှတ်တမ်း

မြေပိုင်ရှင်ကြီး ဦးဘိုးလွန်းနှင့်

# ဂျိုရှ ဆေးဂိုးကျိုးပေါင်း (၃)

ကျွန်ုပ် မောင်ဘိုးလွန်းကား ငယ်စဉ်ကပင် ဖခင် ကွယ်လွန်သွားသည့်အတွက် မိခင်ဖြစ်သူ ဒေါ်ပိုင်းစိန်နှင့်သာ ကြီးပြင်းလာရသူ ဖြစ်ပါသည်။

ဖခင် ဦးရာကျော်မှာ ကျွန်ုပ်နှစ်,နှစ်သားခန့်တွင် နာဖျားမကျန်း၍ ဆုံးပါးခဲ့ရသည်ဟု မိခင်မှ ပြောပါ၏။

လယ်ပိုင်,ယာပိုင်မရှိသော ဘဝပေမို့ ဖခင်မှာ လယ်ပိုင်ရှင်များထံမှာ သူရင်းငှားခေါ် လယ်ကူလီလုပ်၍ လည်းကောင်း...

မိခင်မှာ မိုးတွင်းဆို ကောက်စိုက်ခြင်း၊ နွေဆို စပါးရိတ်ခြင်း စသည့် အလုပ်များနှင့် အသက်မွေးခဲ့ကြပါသည်။

ဖခင် ကွယ်လွန်ချိန်မှာတော့ မိခင် ဒေါ်ပိုင်းစိန်မှာ ခေါင်းရွက်ဗြက်ထိုးဈေးသည်အဖြစ်နှင့် ရွာစဉ်လှည့်၍ ဈေးရောင်းခြင်းဖြင့် ပြောင်းလဲ ရပ်တည်ခဲ့ကြပါသည်။

ထိုအချိန်တွင် မိခင်မှာ အသက်အစိတ်ခန့်သာ ရှိသေးသော်လည်း နောက်အိမ်ထောင်မပြုဘဲ မုဆိုးမဘဝနှင့် သားအမိနှစ်ယောက် အေးချမ်းစွာ နေလာခဲ့ပါ၏။

ကျွန်ုပ် ငါးနှစ်သားမှာ လက်ရှိနေထိုင်ရာ မန်ကျည်းပင်အင်းရွာမှ ဘကြီးဘုန်းကြီးရှိသည့် ငါးဘတ်ချောင်းရွာ

www.burmeseclassic.com

အနီး ရေသိမ်ကျောင်းသို့ ဘုန်းကြီးကျောင်းသားအဖြစ် ရောက်ရှိခဲ့ပါသည်။

သက်တော် ခြောက်ဆယ့်ငါးနှစ်ရှိပြီဖြစ်သော ဘုန်းတော်ကြီး ဦးပညာမှာလည်း ဖတဆိုးလေး ကျွန်ုပ်အား ဂဏန်းသင်္ချာ အတွက်အချက်နှင့်တကွ လောကီလောကုတ္တရာ စာများအား သူ့အချိန်နှင့်သူ သင်ကြားပို့ချပေးခဲ့ပါ၏။

ကျောင်းပရိဝုဏ်ကား ဆယ်ဧကခန့်ကျယ်၍ သစ်ပင်ကြီးများဖြင့် အုပ်ဆိုင်းမှိုင်းညို့နေပါသည်။

ကျောင်းတွင် ဘကြီးဘုန်းကြီးနှင့်အတူ ကိုရင်နှစ်ပါးနှင့် ကပ္ပိယကြီးတစ်ယောက်သာ ရှိပါ၏။

ကိုရင်နှစ်ပါးမှာ ဘွဲ့အမည်ရှိသော်လည်း လူနာမည် ကိုရင်မောင်ရှိန်နှင့် ကိုရင်မောင်ပုဟုသာ အားလုံးက နှုတ်ကျိုးနေကြပါသည်။

ကပ္ပိယကြီး ဦးဘိုးနုမှာ အသက်ခြောက်ဆယ်ခန့်ရှိ၍ ကျောင်းဝေယျာဝစ္စများဖြစ်သော ဆွမ်းချက်ခြင်း၊ ဆွမ်းကပ်ခြင်း၊ ဘုရားပန်းလဲခြင်း၊ ရွာထဲဆွမ်းချိုင့်သွားယူခြင်း ကျောင်းပရိဝုဏ်ထဲမှ စေတီနှစ်ဆူအား သန့်ရှင်းရေးလုပ်ခြင်း စသည့် အလုပ်များပြီးပါက သူ၏ ဖိုရုံကလေးထဲဝင်၍ ဖိုထိုးနေတတ်ပါ၏။

ကျွန်ုပ်အားလည်း အင်မတန်ချစ်ခင်ကြင်နာပြီး စားချင်ရာစား ဖန်တီးကျွေးမွေးတတ်ပါသည်။ ညအိပ်တော့လည်း အတူတူဖြစ်၍ ဘကြီးဘုန်းကြီးထက်ပင် သံယောဇဉ် ပိုကြီးမိပါ၏။ ဘဘဦးဘိုးနုကား ဒီနယ်သား မဟုတ်ပါ။

ယမန်နှစ်က ပုပ္ပါးသို့ ဘုန်းတော်ကြီး ဦးပညာ ဘုရားဖူးသွားရင်း သိကျွမ်းရာမှ ခေတ္တအလည်လိုက်လာရင်း ဓာတ်ကျသည်ဆိုကာ ဖိုထိုးရင်း ကပ္ပိယလုပ်၍ ကုသိုလ်ယူနေသည်ဟု ပြောပါသည်။

သို့နှင့် ကျွန်ုပ်လည်း စာသင်ချိန် စာသင်လိုက် ကိုရင်များနှင့် ဆော့လိုက်နှင့် ကျန်သည့်အချိန်များတွင် ဦးဘိုးနု၏ ဖိုရုံထဲဝင်၍ စပ်စုရင်း စကားပြောရင်း ဖိုကူဆွဲနေတတ်ပါ၏။

'ဘဘ... အခုလို ဖိုထိုးနေတာ ဘာဖြစ်ချင်လို့လဲဟင်'

တစ်ခါတစ်ရံ ထိုကဲ့သို့ ကလေးပီပီ မေးမြန်းလျှင်...

'အင်း...လူလေးက ငယ်သေးတော့ ခုချိန်မှာပြောလဲ သိမှာမဟုတ်သေးဘူး။ နောက်တော့ ဘဘပြောပြမယ် ကြားလား'

ဟု ပြုံးပြုံးကြီး ပြန်ပြောတတ်ပါသည်။

ဦးဘိုးနုထံမှာ ငွေများများစားစား တစ်ခါမှ မတွေ့ဘူးသော်လည်း ပိုက်ဆံကတော့ ပြတ်သည်မရှိလှပါ။

ဘကြီးဘုန်းကြီးအပြင် အခြားကျောင်းများမှ အာဂန္တု ဘုန်းကြီးများကိုလည်း သင်္ကန်း၊ ထီး၊ ဖိနပ် စသည့် ဝတ္ထုများဖြင့် မကြာမကြာ လှူဒါန်းလေ့ရှိပါ၏။ '

ရာသီဥတု သာယာသည့် လပြည့်နေ့ညများတွင်လည်း လေးပြည်ဝင်တောင်းလေးတစ်လုံးအပြည့် ဖယောင်းတိုင်များထည့်ကာ ကျောင်းထဲရှိ စေတီနှစ်ဆူအား မီးထွန်းပူဇော်တတ်ပါသည်။

ဘယ်က ပိုက်ဆံရသည်လည်းတော့ မသိပါ။ ဘယ်သူထံမှလည်း အလှူခံတာ မတွေ့ရပါ။

ဒီလိုနှင့် တစ်ခုသော သီတင်းကျွတ်လပြည့်နေ့ညမှာ ထုံးစံအတိုင်း ကျွန်ုပ်က ဖယောင်းတိုင် တောင်းကလေးကို သယ်ပြီး စေတီနှစ်ဆူဆီသို့ သွားရောက်မီးပူဇော်နေကြစဉ်...

'လူလေး ဥစ္စာစောင့်ဆိုတာ မြင်ဖူးသလား'

ဟု အဘိုးနုမှ မေးပါသည်။ ကျွန်ုပ်က...

'ဟင့်အင်း...မမြင်ဖူးဘူး ဘဘ။ ဘဘကော မြင်ဖူးလား။ ရှိကောရှိလို့လား'

ကျွန်ုပ်က ပြန်လည် မေးမြန်းလိုက်ရာ...

'အေး... ဘယ်သူ့မှ လျှောက်မပြောရဘူးနော်၊ ဒီနေ့ည သန်းခေါင်ကျော်လောက်မှာထကြည့်၊ ဒီစေတီနှစ်ဆူဆီ သူတို့ လာကြလိမ့်မယ် ဘဘကို လာမနှိုးနဲ့ ကြားလား'

ဟု ပြောရာ...

'ဟုတ်ကဲ့ ဘဘ... သား အိပ်ရာက မနိုးရင်တော့ ဘဘက နှိုးနော်'

'အေး...အေး...ဟုတ်ပြီ'

ကျွန်ုပ်လည်း ကြားရုံသာ ကြားဖူးသော ဥဒ္ဒစောင့် ခေါ် ဥစ္စာစောင့်များကို မြင်ရမည်ဆိုသည့်အတွက် စိတ်စောပြီး ညဦးနက်မှ အိပ်ပျော်သွားပါ၏။

နေမကောင်းချိန်မှလွဲ၍ အိပ်ပြီဆိုရင် မိုးလင်းမှ ထလေ့ရှိသည့် ကျွန်ုပ် ယနေ့ညတွင် ဘယ်လိုဖြစ်သည်မသိ အလိုလိုနိုးလာပါသည်။

ဘယ်အချိန်လောက် ရှိမည်လည်း မခန့်မှန်းတတ်ပါ။ ဘဘလည်း အိပ်မောကျနေ၍ သူ့စကားအတိုင်း မနှိုးတော့ ကျွန်ုပ်တို့အိပ်သည့် ဆွမ်းစားကျောင်းတံခါးမကြီးဖွင့်၍ စေတီနှစ်ဆူရှိရာ လှမ်းကြည့်လိုက်သည်။

ထိုစဉ် အမျိုးသမီးငါးယောက်ကို တွေ့လိုက်ရပါ၏။ သူတို့အားလုံး ဇာတ်ထဲမှ မင်းသမီးများကဲ့သို့ အဝတ်အစားနှင့် ဖြစ်သည်။

ညက ကျွန်ုပ်နှင့် ဘဘတို့ ပူဇော်ထားခဲ့သော ဖယောင်းတိုင်များလား၊ ဒါမှမဟုတ် သူတို့ ပါလာသော ဆီမီးခွက်များလားမသိ၊ ကိုယ်စီကိုယ်င





www.burmeseclassic.com

www.burmeseclassic.com

ခေါင်းပေါ်တင်၍ ဘုရားနှစ်ဆူမှ မြောက်ဘက်ရှိ ကိုးနဝင်းစေတီလေးအား စီတန်းလှည့်လည်နေသည်မှာ ရှင်ပြုပွဲမှ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်များအတိုင်း ဖြစ်ပါ၏။

ကျွန်ုပ်တို့ဘက်သို့ တစ်ယောက်မှ လှည့်မကြည့်ကြပါ။ လရောင်ရှိသော်လည်း အကွာအဝေးက ကိုက်တစ်ရာ ခန့်ရှိမည် ဖြစ်သောကြောင့် အမှန်ဆို အနားသွားကြည့်မှ သဲသဲကွဲကွဲ မြင်ရမှာ ဖြစ်သော်လည်း အခုတော့ နေ့ခင်း ပေငါးဆယ်အကွာမှ ကြည့်နေရသလို ထင်ထင်ရှားရှားကြီး မြင်နေရသည်။

ဤအကြောင်းအား နောက် နှစ်အတန်ကြာမှ ထူးဆန်းသည့် အခြင်းအရာအဖြစ် တွေးမိပါသည်။

ကျွန်ုပ်လည်း ကြည့်ကောင်းကောင်းနှင့် ကြည့်နေရင်း နာရီဝက်ခန့်အကြာ အိပ်ချင်လာ၍ ပြန်အိပ်လိုက်ပါ၏။

ထို အမျိုးသမီးငါးယောက်ကား ဘယ်အချိန်ထိ ဘုရားကို လှည့်ပတ်နေမည်လဲ မသိတော့ပါ။ နံနက်မိုးလင်း၍ အိပ်ရာက နိုးသည်နှင့်...

'ဘဘ ညကလေ မိန်းမငါးယောက် ဟိုဘုရားအသေးလေးကို မီးတွေ ခေါင်းပေါ်တင်ပြီး လှည့်နေကြတယ်။ ဘဘပြောတဲ့ ဥစ္စာစောင့်ဆိုတာ သူတို့လားဟင်'

'အေး... ဟုတ်တယ်ကွယ့်၊ လူလေးက လိပ်ပြာလုတော့ သူတို့က ပြတာနေမှာပေါ့'

'ဘဘ... လိပ်ပြာလုတယ်ဆိုတာ ဘာလဲဟင်'

'ကဲ...ဒါဖြင့် ညက လူလေး သူတို့ကိုတွေ့တော့ ကြောက်သလား၊ ဒါမှမဟုတ် သဘောကျလား'



'မကြောက်ဘူး ဘဘ၊ သား ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတာလဲ အကြာကြီးပဲ၊ နောက်မှ ပြန်အိပ်တာ၊ သူတို့တောင် ဘယ်အချိန်ပြန်ကုန်လဲ မသိဘူး'

'အေး...အဲဒါပေါ့ကွယ့်၊ မကြောက်မလန့်အောင် လှလှပပနဲ့ တဝကြီး ကြည့်ရတာ သူတို့က ချစ်ခင်သဘောကျလို့ပေါ့။

လိပ်ပြာလုတယ်ဆိုတာ အဲဒါပေါ့ ကွယ်၊ ကဲ...ဒီအကြောင်းတွေ မေ့လိုက်တော့၊ ဘယ်သူ့မှ မပြောနဲ့နော်'

'ဟုတ်ကဲ့ ဘဘ'

ဒီလိုနှင့် နေလာခဲ့ရာမှ ကျောင်းရောက်ပြီး ခုနစ်နှစ်ခန့်အကြာ ကျွန်ုပ်အသက် ဆယ့်နှစ်,နှစ်မှာတော့ အိမ်ပြန်နေရန် အကြောင်းဖန်လာပါ၏။

ကျွန်ုပ် မိခင်မှာ နာတာရှည်ဖြစ်သော ပန်းနာရင်ကျပ်ရောဂါ စွဲကပ်၍ ဈေးကောင်းကောင်း မရောင်းနိုင်တော့ပါ။

ကျွန်ုပ်အနေဖြင့် မိခင်အား တစ်ပြန်တစ်လှည့် ပြုစုလုပ်ကျွေးရန် အချိန်ကျရောက်လာပါပြီ။

ထို့ကြောင့် ဘုန်းကြီးကျောင်းသားဘဝအား အဆုံးသတ်ပြီး အိမ်သို့ ပြန်လာခဲ့ပါ၏။

မပြန်မီ ဘကြီးဘုန်းကြီးအား ခွင့်ပန်၍ ရှိခိုးဦးချပြီးနောက် ဘဘဦးဘိုးနုကိုလည်း နှုတ်ဆက်ကန်တော့ချိန်မှာ ဘဘက ဆုံမျှားပေးပြီး...

'အေး... အေး... မိဘကျေးဇူးဆိုတာ အင်မတန်ကြီးသကွယ့်၊ မိဘကို ပြုစုလုပ်ကျွေးတဲ့ သားသမီးဟာ ဆင်းရဲလဲ ခဏပါပဲ။ ကဲ...သွား...သွား ကျောင်းကိုလဲ မကြာမကြာ လာခဲ့ဦး၊ ကြားလား'

'ဟုတ်ကဲ့ ဘဘ'

ထို့နောက် ကျွန်ုပ်လည်း မိခင်ရှိရာ မန်ကျည်းပင်အင်းရွာသို့ ခြေဦးလှည့်လိုက်ပါ၏။

ထိုခေတ်ထိုအခါကား မိဘနှစ်ယောက်က သားသမီး နှစ်ဆယ်ယောက်ကို လုပ်ကျွေးနိုင်သော အချိန်မို့ ဆယ့်နှစ်,နှစ်အရွယ် ကျွန်ုပ်အတွက်လည်း အလုပ်က အဆင်သင့် စောင့်ကြိုနေပါသည်။

တခြားတော့ မဟုတ်ပါ။ နီးစပ်ရာ ဆွေမျိုးများ၏ ကျွဲများအား အငှားကျောင်းရမည့် ကျွဲကျောင်းသားအလုပ်ပဲ ဖြစ်ပါ၏။

ကျွဲတစ်ကောင်လျှင် တစ်နှစ်ကို စပါးသုံးတင်းနှုန်းဖြင့် ကောင်ရေငါးဆယ်ခန့်အတွက် စပါးတင်း တစ်ရာ့ငါးဆယ်ခန့်ရမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ သားအမိအတွက် ပူစရာ မလိုတော့ပါ။

သည်လိုနှင့် မိုးတွင်းဆိုလျှင် ကျွဲ,နွားစားကျက်များရှိရာ လယ်ကွင်းကြီးကွင်း၊ မယ်သာကုန်းတော စသည့် နှစ်မိုင်ခန့်ဝေးသော နေရာများသို့ နံနက်ကိုးနာရီမှ ညနေငါးနာရီလောက်အထိ သွား

www.burmeseclassic.com

ကျောင်းရပါသည်။

စပါးစိုက်သည့် ဝါဆိုလမှ ရိတ်သိမ်းသည့် ပြာသိုလအထိသာ ဂရုစိုက် ထိန်းကျောင်းရန်လို၍ ကျန်သည့် အချိန်များမှာ အထူးထိန်းကျောင်းရန် မလိုတော့ပါ။

နံနက်(၈)နာရီလောက် ချည်တိုင်မှ ဖြေလွှတ်လိုက်လျှင် စပါးစိုက်ခင်းများ ရုပ်သိမ်းပြီး ဖြစ်သဖြင့် သူတို့ စားနေကျ ရေသိမ်ကျောင်းအနီးမှ ယက်သဲ့အင်း ပတ်ဝန်းကျင်တွင်သာ ကျက်စားနေလေ့ ရှိပါ၏။

ညနေ ငါးနာရီခန့်တွင်မှ ကျွဲများအား မောင်း၍ ပြန်ရုံမျှသာ တာဝန်ရှိပါတော့သည်။



တစ်နေ့ခင်းလုံး အားလပ်ချိန်များမှာ ရေသိမ်ကျောင်းရှိ ဘကြီးဘုန်းကြီးဆီသွား၍ ကျောင်းဝေယျာဝစ္စများ၊ သံဃဝေယျာဝစ္စများ လုပ်ပေးပြီးက ဘဘဦးဘိုးနုထံမှာ မီးသွေးသယ်ပေးခြင်း၊ ဖိုကူဆွဲပေးခြင်းဖြင့် အချိန်ဖြုန်းပါသည်။

ထို့ပြင် နှစ်ရက်,သုံးရက်လျှင် တစ်ခါ ယက်သဲ့အင်းကမ်းစပ်ရှိ ဆေးရိုးပင်ကြီးများ အရိပ်အောက်၌ လေးခွပစ်ရန် လောက်စာလုံးများ လုံးနေတတ်ပါသည်။

သည်လိုနှင့် သုံးနှစ်ခန့်ကြာသော အချိန် ကျွန်ုပ် အသက်ဆယ့်ငါးနှစ်မှာ အင်းကမ်းစပ်တစ်ခုသော ဆေးရိုးပင်အောက် အရိပ်ခို၍ လောက်စာလုံးလုံးနေခိုက် ကျွန်ုပ်အပေါ် တည့်တည့်မှ ဆေးရိုးပင်ကြီးသည် ထူးဆန်းစွာ လေမတိုက်ဘဲ အသံများ မြည်ဟည်းလာပါတော့သည်။

သရဲခြောက်သည်ထင်၍ လေးခွကိုင်ကာ လှည့်ပတ်ကြည့်လိုက်ချိန်မှာ ပြန်လည်တိတ်ဆိတ်သွားပါ၏။

ဘာမှ အကြောင်းမထူးသည်နှင့် ပြန်ထိုင်ပြီး လောက်စာလုံး ဆက်လုံးနေလိုက်ပါသည်။

နောက်ထပ်လည်း ဤကဲ့သို့ နှစ်ကြိမ်,သုံးကြိမ်ခန့် တွေ့ကြုံပြီးချိန်မှာတော့...

'ဘဘ အင်းစပ်က ဆေးရိုးပင်ကြီးအောက်မှာ သား လောက်စာလုံး လုံးနေတုန်း အဲဒီဆေးရိုးပင်ကြီးက လေမတိုက်ဘဲ အော်သံတွေ ထွက်,ထွက်လာတယ်။

သားက သရဲခြောက်တာလားလို့ လိုက်ကြည့်တော့လဲ ဘာမှ မတွေ့ရဘူး။ နှစ်ခါ, သုံးခါလောက်ရှိပြီး အဲဒီ ဘာဖြစ်တာလဲ မသိဘူးနော်'

ဟု ကပ္ပိယကြီး ဦးဘိုးနုအား ပြောပြမိသည့်အခါ...

'ဟေ... ဟုတ်လား လူလေး၊ ဘယ်လိုအသံလဲ အနီးစပ်ဆုံး ဘဘကို ပြောပြစမ်း'

ဦးဘိုးနုမှ စိတ်လှုပ်ရှားသံကြီးဖြင့် မေးမြန်းလိုက်ပါသည်။ ကျွန်ုပ်က...

'ဟိုလေ ဘဘ... ပျားအုံကနေ ပျားတွေ အများကြီး အုံပြောင်းသလိုမျိုးပဲ၊ တဝေါဝေါ နဲ့မြည်ပြီး ဟိန်းထွက်လာတာ လေတိုးသံလဲ မဟုတ်ဘူး'

ကျွန်ုပ် ဖြေသံအဆုံးမှာ...

'လူလေး ဒီကိစ္စ သိပ်အရေးကြီးတယ်။ ဘယ်သူ့မှ လျှောက် မပြောနဲ့နော်'

ဟု စိုးရိမ်တကြီး လေသံနှင့် သတိပေးလိုက်သဖြင့်...

'ဟုတ်ကဲ့...ဒီအကြောင်း ဘဘကိုပဲ အရင်ဆုံး ပြောပြတာပါ။ ဘယ်သူမှ မသိသေးပါဘူး'

ဟု ပြန်ပြောလိုက်ပါ၏။

'အိမ်း...ဘဘထင်တာ မှန်ရင်တော့ ဘဘရဲ့ အဂ္ဂိရတ်လုပ်ငန်းစဉ်အတွက် နောက်တစ်ဆင့် တက်လို့ရမှာ ဖြစ်သလို လူလေးအဖို့မှာလဲ ရတနာပုံ ဆိုက်ပြီပေါ့ကွယ်။

ကဲ... ပြောနေ ကြာတယ်၊ အခုပဲ လူလေးပြောတဲ့ ဆေးရိုးပင်ကြီးဆီ သွားကြည့်ကြရအောင်'

နှစ်ယောက်သား အင်းကမ်းစပ်မှ ဆေးရိုးပင်ကြီး ရှိရာသို့ ရောက်ရှိသွားပြီး ဦးဘိုးနုက အပင်ကြီးအား မော့၍ လှည့်ပတ်ကြည့်ရှုရင်း တစ်စုံတစ်ရာကို စိတ်အားထက်သန်စွာဖြင့် ရှာဖွေနေပါသည်။

'လူလေး... ဒီအပင်ကြီးဆိုတာ သေချာရဲ့လား'

'သေချာပါတယ် ဘဘ၊ ဒီမှာ မတွေ့ဘူးလား၊ သား လောက်စာလုံး လုံးဖို့ ရွှံ့တွေ ထုထားတာ'

ဟု ပြောရင်း ဆေးရိုးပင်ကြီး၏ မြေပေါ် ပေါ်နေသော အမြစ်ပါးပျဉ်းမှ တစ်နေရာကို လက်ညှိုးထိုးပြလိုက်ပါ၏။

'အေး... အေး...ဒီလောက်ဆိုရပြီ လာ... ကျောင်းကို ပြန်ကြရအောင် နောက်မှ ဘဘတစ်ယောက်တည်း လာပြီး စောင့်ကြည့်တော့မယ်။



www.burmeseclassic.com

www.burmeseclassic.com

နှစ်ရက်,သုံးရက်လောက် ဆိုရင်တော့ ထူးခြားမှု တွေ့ရမှာပါ'

ဒီလိုနှင့် နံနက်ခင်း ကွဲတွေ မောင်း၍ စားကျက်ထဲ လွှတ်ကျောင်းလိုက်၊ ကျောင်းသွား၍ လုပ်နေကျ အလုပ်တွေ လုပ်ပေးလိုက်ဖြင့် ငါးရက်ခန့် အကြာမှာတော့ ရေသိမ်ဘုန်းကြီးကျောင်း ရောက်သွားသည်နှင့် ဘဘက လူရှင်းသည့် သရက်ပင်ကြီး တစ်ပင်အောက် ခေါ်သွားပြီး...

'ဘဘ ထင်တာ မှန်နေပြီ။ လူလေးရေ... ဘဘတို့ လူလေးတို့နဲ့ ထိုက်လို့ အင်မတန်ရှားပါးပြီး တွေ့ရခဲတဲ့ ပစ္စည်းကို မနေ့ညက အဲဒီဆေးရိုးပင်ကြီးမှာ တွေ့ခဲ့ရပြီ။

အဲဒါကို ယူဖို့အတွက် လူလေး ခုနစ်ရက် ဥပုသ်စောင့်ရမယ်။ ဘဘကတော့ အမြဲတမ်း ဥပုသ်ဆောက်တည်နေတာဆိုတော့ အထူးစောင့်စရာမလိုဘူး။ ဘယ်လိုလဲ စောင့်မယ်မဟုတ်လား'

'စောင့်မယ် ဘဘ၊ ဒါနဲ့...အဲဒီ ပစ္စည်းဆိုတာ ဘာလဲဟင်၊ အဲဒီဆေးရိုးပင်ကြီးက အသံတွေနဲ့ကော ဆိုင်နေလို့လား'

'ဆိုင်တာပေါ့ကွယ်၊ အဲဒီပစ္စည်းကြောင့်ပဲ အပင်က အသံတွေ ထွက်နေတာပေါ့'

'အဲဒါ ဘာလဲဟင်... ဘဘ ပြောပါဦး'

'အေး အဲဒါ **ဆေးရိုးကျိုးပေါင်းလို့ခေါ်တဲ့ သိဒ္ဓိဝင်ပစ္စည်း၊ တစ်မျိုးပေါ့ကွယ်။** ဘဘတို့ အဂ္ဂိရတ်သမားတွေအဖို့ အင်မတန် တန်ဖိုးရှိသလို၊ လူလေးအတွက်လဲ အလွန်အဖိုးတန်တဲ့ အရာပေါ့။

ဘာပြုလို့လဲဆိုတော့... လူလေးအဲဒီဆေးရိုးကျိုးပေါင်းကို ရပြီးတာနဲ့ ခုနစ်ရက်,ခုနစ်လ ဒါမှမဟုတ် ခုနစ်နှစ်အတွင်း ကြီးပွားချမ်းသာလာတော့မှာ သေချာနေလို့ပဲကွယ့်'



'ဟုတ်လား...ဒါဆိုရင် သား သူဌေးကြီး ဖြစ်တော့မှာပေါ့နော်'

'ဒါပေါ့ကွယ့်၊ ဒီကြားထဲ အနှောင့်အယှက် တစ်စုံတစ်ရာ မဖြစ်ဖို့ပဲ လိုတယ်။ ဒါပေမယ့် မစိုးရိမ်ပါနဲ့၊ ဘဘ ညကတည်းက လိုအပ်တဲ့ အစီအရင်တွေ အပင်ခြေရင်းမှာ သွားမြှုပ်ပြီး စီရင်ခဲ့ပြီးပါပြီ။

ဒီပစ္စည်းဟာ လပြည့်ညမှာမှ စီရင်ပြီး ယူရတာမျိုးကွယ့်၊ ကနေ့ လဆန်း ရှစ်ရက်ဆိုတော့ နောက်ခုနစ်ရက်ဆို လပြည့်ညပဲ။

ဒီတော့ လူလေးသာ မနက်ဖြန်က စပြီး နောက်ခုနစ်ရက်အတွင်း ဥပုသ် မကျိုးစေနဲ့ကွယ့်'

'စိတ်ချပါ ဘဘ၊ သား ဒီနေ့က စပြီး လေးခွတောင် မကိုင်တော့ပါဘူး'

'အေး...အေး... ဘဘလဲ အဲဒီကိစ္စအတွက် လုပ်စရာရှိတာလေးတွေ ပြင်ဆင်လိုက်ဦးမယ်။ လူလေးလဲ လုပ်စရာရှိတာ သွားလုပ်တော့'

ဒီလိုနှင့် (၆)ရက်မြောက်နေ့ အဖိတ်နေ့မှာ တစ်မိုင်ခန့်ဝေးသော ဈေးသို့ သွားပြီး ပွဲပြင်ရန်အတွက် အုန်းသီး, ငှက်ပျောသီးနှင့် ဖယောင်းတိုင်,အမွှေးတိုင်များ ကြိုတင်၍ ဝယ်ထားလိုက်ပါသည်။

လပြည့်နေ့ဆို ဈေးပိတ်သည် မဟုတ်ပါလား။

နောက်တစ်နေ့ လပြည့်နေ့ ညနေမှာတော့...

'လူလေး ကွဲတွေ ပြန်ပို့ပြီးရင် မင်း အမေကို ဒီည ဒီမှာအိပ်မယ့်အကြောင်း ပြောပြီးတာနဲ့ ရေမိုးချိုး အဝတ်အစား သန့်သန့်လေး ဝတ်ပြီး ချက်ချင်း ပြန်လာခဲ့နော် ကြားလား'

'ဟုတ်ကဲ့ ဘဘ'

ကျွန်ုပ်လည်း ညနေခင်း ကွဲများ ပြန်ပို့ပြီး မိခင်အား ဦးဘိုးနုက ဒီတစ်ည ကျောင်းမှာ လာအိပ်ခိုင်း၍ သွားအိပ်မည့်အကြောင်း ခွင့်ပန်ပြီး ရေချိုး အဝတ်လဲကာ ရေသိမ်ကျောင်းသို့ တစ်ခေါက် သုံးလှမ်းနှုန်းဖြင့် ပြန်ခဲ့ပါတော့သည်။

ကျောင်းရောက်သည်နှင့် ဦးဘိုးနုအား ပြန်ရောက်လာကြောင်း ပြောပြ၍ ရေသောက်ပြီး ခေတ္တ အမောဖြေနေလိုက်ပါ၏။

'ဒါနဲ့ ဘဘ... သားတို့ အဲဒီဆေးရိုးပင်ကြီးဆီ သွားကြည့်တဲ့ နေ့တုန်းက ဘာမှလဲ မတွေ့ပါလား၊ ဘဘက ဘယ်လိုလုပ်ပြီး အဲဒီဆေးရိုးကျိုးပေါင်းကို ရှာတွေ့ခဲ့တာလဲဟင်'

လေသံတိုးတိုးဖြင့် မေးကြည့်ရာ...

'ဒီလို လူလေးရဲ့... ဟိုးရှေးအရင် ဆရာ့ဆရာကြီးတွေရဲ့ ပြောပြချက်အရ အဲဒီဆေးရိုးကျိုးပေါင်းဟာ လေး,ငါးရက်လောက်မှ တစ်ခါပဲ မျက်စိနဲ့ မြင်ရနိုင်တယ်ကွယ့်၊

ဘာကြောင့်လဲဆိုတော့ သိဒ္ဓိဝင်နေတဲ့ အဲဒီကျိုးပေါင်းဟာ အမြင်မှာ ပျောက်နေလို့ပဲ။ ဒါကြောင့် အဲဒီနေ့က ရှာမတွေ့ခဲ့တာပေါ့'

'နောက်တော့ကောဟင်...'

'အေး... အဲဒါနဲ့ ဘဘ နောက်နေ့



www.burmeseclassic.com

www.burmeseclassic.com

တွေမှာ နှစ်ရက်,သုံးရက် စောင့်ကြည့်ပြီး ရှာခဲ့သေးတယ်။ မတွေ့ဘူး။

ဒီတော့ ဘဘလဲ နေ့ဘက်မှာ မတွေ့ရင် ညဘက်မှာ ပြောင်းပြီး ရှာမယ်ဆိုပြီး နှစ်ညလောက် စောင့်ရှာမှ တွေ့တော့တာ။

ဒီတော့မှ ဘဘလဲ ကျောင်းဆက ပြန်ပြီး ရှေးဆရာကြီးတွေရဲ့ မိန့်မှာချက်အတိုင်း အစီအရင်တွေလုပ်ပြီး အပင်ရင်းမှာ ချက်ချင်း ပြန်မြှုပ်ခဲ့ရတာပေါ့'

'အဲဒါဆို ဒီနေ့ည သားတို့ သွားယူတဲ့အခါ မျက်စိအမြင်က ပျောက်နေလို့ရှိရင် ဘယ်လိုလုပ်ရမလဲဟင်'

'အေး... အဲဒီအတွက်လဲ ဘဘ ကြိုတင်စီမံခဲ့ပြီးပါပြီ။ တကယ်တော့ အဲဒီလို အများအားဖြင့် မမြင်ရဘဲ အမြင်ကွယ် ပျောက်နေရတာဟာ ကျိုးပေါင်းထဲမှာရှိတဲ့ သိဒ္ဓိပြီးနေတဲ့ အကောင်ကလေး တစ်ကောင်ကြောင့်ပဲကွယ့်။

ဥပမာ နကျယ်လို အတောင်ပံပါတဲ့ အကောင်မျိုးလေးပေါ့။

သူဟာ တစ်နေ့ရာရာကနေပြီး သိဒ္ဓိပြီးနေ၊ သိဒ္ဓိပျောက်နေတဲ့ အင်မတန် အစွမ်းထက်တဲ့ ပြာလို,ဆေးလို အမှုန့်မျိုးကို သူ့အသိုက်အအုံ ဆောက်ဖို့-ဿယ်ဆောင်ရင်း စားမိသွားပါလိမ့်မယ်။

အဲဒီအခါမှာ သူဟာ အမြင်က ကွယ်နိုင်တဲ့စွမ်းအား ရရှိသွားမယ်။ ပြီး... ခွန်အားကြီးလာမယ်။

သူ့ဟာသူတော့ တိရစ္ဆာန်ဖြစ်တဲ့ အတွက် မသိဘူး။ လူလေး ကြားခဲ့ဖူးတဲ့ အဲဒီဆေးရိုးပင်ကြီးက တဝေါဝေါ အသံတွေဟာ သူ့အခေါင်းထဲမှာ အတောင်ညှောင်းလို့ ဖြေတဲ့ တောင်ပံခတ်သံတွေပေါ့ကွယ်။

သူ အားထည့်ပြီး အညောင်းဖြေတဲ့ အခါမှာသာ အဲဒီလို ကြားရပြီး အပြင်



ထွက်ပြီး ရိုးရိုးသာမန်ပျံတဲ့အချိန်မှာတော့ အဲဒီလိုအသံမျိုး မထွက်ဘူးလို့ဆိုတယ်'

'ဟင်... တော်တော်ထူးဆန်းတာပဲနော်၊ ဒါနဲ့ ဘဘ အဲဒီကျိုးပေါင်းဟာ ပေါ်လိုက် ပျောက်လိုက်နဲ့ ဖြစ်နေတာ ဘာကြောင့်လဲဟင်'

'အေး... အဲဒီအကောင်လေးဟာ အာဟာရသိဒ္ဓိပြီးနေတော့ ဘာမှ မစားမသောက်ဘဲနဲ့ နေလို့ရတယ်ကွယ့်။ အဲတော့ သူဟာ အများအားဖြင့် သူ့သစ်ခေါင်းထဲမှာပဲ အိပ်နေတာများတယ်။

သူ ဝင်အိပ်နေရင် အဲဒီဆေးရိုးကျိုးပေါင်းဟာ အမြင်က ပျောက်ကွယ်သွားရော၊ သူ အပြင်ထွက်မှ မျက်စိနဲ့ မြင်ရလေ့ရှိတယ်။ ဒါကြောင့်လဲ အင်မတန်တွေ့ရခဲ့တဲ့ ပစ္စည်း ဖြစ်နေတာပေါ့ကွာ။

ပြီးတော့ မထိုက်တဲ့သူတွေ မရအောင် ကွယ်ထားတဲ့ သဘောလဲပါမှာပေါ့။ ကဲ...လူလေးရေ ကန်တော့ပွဲတွေ ပြင်ကြရအောင်။

ကန်တော့ပွဲတွေကတော့ ဘုရားအမှူး ရှိတဲ့ ရတနာသုံးပါးအတွက် တစ်ပွဲ၊ ဆေးရိုးကျိုးပေါင်းနဲ့ သိဒ္ဓိဝင်ပစ္စည်းမှန်သမျှကို စောင့်ကြပ်နေတဲ့ ဝိဇ္ဇာအပေါင်း သူတော်ကောင်းတို့အတွက်တစ်ပွဲ၊

နောက် ဆေးရိုးပင်စောင့် ရုက္ခစိုးနဲ့တကွ အခြားသော အစောင့်အရှောက်တို့အတွက်က တစ်ပွဲ၊

ပေါင်း... သုံးပွဲပြင်ရမယ်။ အင်း... ဘဘတွက်ချက်ကြည့်ရသမျှတော့ အခု လပြည့်ည သန်းခေါင်ယံ ဆယ့်နှစ်နာရီတိတိမှာ နက္ခတ်မိလိမ့်မယ်ကွယ့်။ အဲဒီတော့ ဘဘတို့ တစ်နာရီလောက် ကြိုသွားပြီး စီရင်စရာရှိတာတွေ လုပ်ထားနှင့်ရမယ်'

သို့နှင့် ဘဘ စီစဉ်ပေးသည့်အတိုင်း ကန်တော့ပွဲများ ပြင်ခြင်း၊ လိုအပ်သည့် ခါတ်မီး, မီးခြစ်, ဓားထက်ထက်တစ်ချောင်း, ကွမ်း, ဆေး, လက်ဖက်, ဖယောင်းတိုင်, အမွှေးတိုင်နှင့် ကြိုးတစ်ချောင်းတို့အပြင်...

ပိုးချည်ဖြင့် ရက်လုပ်ထားသော နှစ်ထပ်ချုပ်ထားသည့် နှစ်တောင်ခန့်ရှည်သော အိတ်တစ်လုံးကိုပါ တွေ့ရပါသည်။ သို့နှင့်...

'ဘဘ...ဒီအိတ်က ဘာလုပ်ဖို့လဲ' ဟု မေးကြည့်ရာ...

'အေး...အဲဒါက အင်မတန် အရေးကြီးတဲ့ ပစ္စည်းလေးပေါ့ကွယ်၊ ဘဘရဲ့ အဂ္ဂိရတ်လုပ်ငန်းစဉ်အတွက်က အဲဒီဆေးရိုးကျိုးပေါင်းထဲမှာ ဝင်အိပ်နေတဲ့ အကောင်ကလေးကို မိဖို့ အဓိကပဲ။ လုံးဝ လွတ်သွားလို့ မဖြစ်ဘူး။

ဒီမှာ ဘဘ ပြောပြမယ်၊ သေသေချာချာနားထောင်၊ အခု ဆေးရိုးကျိုးပေါင်း စွဲနေတဲ့ကိုင်းက လက်မလောက်ပဲရှိတယ်။

အရှည်က တစ်တောင့်ထွာလောက်ဆိုတော့ အကောင်လေး ဝင်အိပ်နေတဲ့ အချိန်မှာ အဲဒီကိုင်းဟာ မမြင်ရတော့



www.burmeseclassic.com

www.burmeseclassic.com

ဘူး။

ကိစ္စမရှိဘူး၊ ဘဘ စ,တွေ့တဲ့နေ့ကတည်းကပိုးချည်ကြိုး တစ်ချောင်းနဲ့ ချည်ပြီး ခုတ်ရမယ့်နေရာ မှတ်ထားလိုက်ပြီးပြီ။

ဘာဖြစ်လို့လဲဆိုတော့ သူ ဝင်အိပ်ပြီး ပျောက်နေတုန်း ခုတ်မှ သူ့ကို မိမှာဖြစ်လို့ပဲ။ ဒါကြောင့် အခုည ဆယ့်နှစ်နာရီတိတိမှာ ဘဘကိုယ်တိုင် အပင်ပေါ်တက်ပြီး မမြင်ရတဲ့ အဲဒီကိုင်းကို လက်နဲ့ အသာစမ်းပြီး အိတ်နဲ့စွပ်ပြီးမှ ဓား ပြတ်ပြတ်နဲ့ ကြိုးချည်ထားတဲ့ နေရာကို တစ်ချက်တည်း ပြတ်အောင် ခုတ်ပြီး ယူရမယ်။


ဒါမှ မတော်တဆ အကောင်လေး အပြင်ထွက်လာရင် အိတ်ထဲက ဘယ်မှ ထွက်သွားလို့ မရအောင်ပေါ့'

ဟု ရှည်လျားစွာ ရှင်းပြတော့မှ ကျွန်ုပ်လည်း ရေးတေးတေးနှင့် သဘောပေါက်လာပါသည်။

"အင်း သိဒ္ဓိဝင်ပစ္စည်းတစ်ခု ရဖို့ဆိုတာ မလွယ်ပါလား၊ သီလ,သိက္ခာ အကျင့်စရဏလဲ ပြည့်စုံမှ ပညာဉာဏ်စွမ်းနဲ့ ဗဟုသုတလဲရှိမှ၊ နောက်ပြီး ထိုက်မှ ရခွင့်လဲကြုံဦးမှ"ဟု ထပ်မံ သဘောပေါက်လိုက်ရပါ၏။

ထိန်ထိန်သာနေသော လပြည့်ည လရောင်အောက်ဝယ် ရေသိမ်ကျောင်း ပရိဝုဏ်ကား တိတ်ဆိတ်ငြိမ်သက်လျက် အိပ်မောကျနေပါသည်။

"ဒီအချိန်ဆို ဘကြီးဘုန်းကြီး ဦးပညာ တရားထိုင်လို့ ကောင်းနေတုန်း"ဟု မှန်းဆမိပါ၏။ ဘုန်းတော်ကြီးကား သက်တော် ခုနစ်ဆယ်



ကျော်ပြီမို့လားမသိ အမြဲတမ်းလိုလို တရားရှုမှတ်နေသည်သာ ဖြစ်ပါ၏။

ကျွန်ုပ် ရေသိမ်ဘုန်းကြီးကျောင်းသားဘဝနှင့် ခုနစ်နှစ်အတွင်း ဘဘဦးဘိုးနု၏ ဖိုရုံကလေးဆီသို့ နှစ်ခေါက်, သုံးခေါက်မျှသာ ကြွလာခဲ့ဖူးပါသည်။

မှတ်မှတ်ရရ ကျွန်ုပ် ရှိစဉ်အတွင်း တစ်ခါမျှသာ ဆုံခဲ့ဖူးပါသည်။ ထိုသို့ ကြွလာချိန်၌ ဦးဘိုးနုအား...

'ဒကာကြီး ရဟန်းပြုဖို့ ဘုန်းကြီး တိုက်တွန်းထားတာ... ဘယ်လိုလဲ စဉ်းစားပြီးပြီလား'

ဟု မေးရာ...

'အရှင်ဘုရား... တပည့်တော် တစ်ချိန်ချိန်တော့ ပြုဖြစ်မယ် ထင်ပါတယ် ဘုရား။ အခု တပည့်တော်ရဲ့ လုပ်ငန်းစဉ်တွေလဲ အတော်လေး ခရီးရောက်နေလို့ လောလောဆယ်တော့ ခွင့်လွှတ်ပါဘုရား။

အရှင်ဘုရား ကြုံတုန်းကြုံခိုက် တပည့်တော်ရဲ့ အလုပ်စခန်း အနေအထားကို ကြည့်ရှုပြီး ဆုံးမလွန်သင်ခဲ့ပါဦးဘုရား'

ဟု လျှောက်တင်ပြီး သူ့ သေတ္တာ ကလေးထဲမှ ဓာတ်လုံးများနှင့် အင်းစမ ချပ်များအား ထုတ်၍ ဘုန်းတော်ကြီးအား ကပ်လိုက်ရာ...

'နေ... နေ... ဒကာကြီး ကိုယ် ယုံကြည်ရာလမ်း ကိုယ်လျှောက်ကြ တာပဲ။ ဘုန်းကြီးလဲ မဂ်ဖိုလ်နိဗ္ဗာန် ရည်မှန်းပြီး ဝိပဿနာလမ်း လျှောက် လှမ်းနေသလို၊ ဒကာကြီးလဲ ကိုယ့် လမ်းနဲ့ ကိုယ်ပေါ့။

လုပ်...လုပ်... ကိုယ်လုပ်မှ ကိုယ်ရမှာ၊ ကဲ...ဘုန်းကြီးလဲ ကိုယ့်အလုပ် ကိုယ်ပြန်လုပ်လိုက်ဦးမယ်'

ဟု ပြောပြောဆိုဆို ပြန်ကြွသွားပါ၏။

'အင်း... လူလေးရေ မင်းဘကြီး ဘုန်းကြီးကတော့ ဘဘ မခန့်မှန်း တတ်ပေမယ့် ပုထုဇဉ်ဆိုရင်တောင် ရဟန္တာလောက်နီးနီးလို့ ထင်တာပဲပေါ့'

ဟု ကျေနပ်အားရသံကြီးနှင့် ပြောခဲ့ဖူးပါသည်။ ဘကြီးဘုန်းကြီးအကြောင်း ပြန်ပြောင်းတွေးမိနေခိုက်...

'ကဲ... လူလေးရေ ဆယ်နာရီလဲ ကျော်လာပြီ၊ မီးဖိုထဲ မီးသွေးနှစ်တုံး, သုံးတုံးလောက် ထပ်ထည့်ပြီး မီးအရှိန် မြှင့်လိုက်ပေါ့'

ကျွန်ုပ်လည်း မီးသွေးသုံး,လေးတုံးခန့် ထည့်ပြီး ယပ်ခတ်ရာမှ မီးသွေးများ ရဲရဲတောက်လာသည့်အချိန်မှာ ဘဘ



www.burmeseclassic.com

www.burmeseclassic.com

က သူ့သေတ္တာထဲမှ ဓာတ်လုံးတစ်လုံးနှင့် အင်းတစ်ချပ်ကို ထုတ်ယူပြီး သောက်ရေခွက်ထဲသို့ ရေတစ်ဝက်ခန့် ထည့်ပြီး ဓာတ်လုံးအား စိမ်လိုက်ပါသည်။

ပြီးနောက် အင်းချပ်အား မီးရှို့ပြာချ၍ ဓာတ်လုံးစိမ်ထားသော ခွက်ထဲ ထပ်မံထည့်မွှေလိုက်ပြီး ထိုရေကို ကျွန်ုပ်အား တိုက်လိုက်ပါ၏။

အရသာက ချိုသလို အေးသလိုနှင့် ဓာတ်လုံးကို ချန်ပြီး အကုန်သောက်ချလိုက်ပါ၏။

'ကဲ... လူလေး ညာဘက်လက်ဝါး ဖြန့်ပြီး မျက်လုံးမှိတ်ထား'

'ဟုတ်ကဲ့ ဘဘ'

ကျွန်ုပ်လည်း ပြောသည့်အတိုင်း မျက်လုံးမှိတ်၍ လက်ဝါးဖြန့်ထားလိုက်ရာ ဘဘက လက်ဝါးထဲသို့ တစ်စုံတစ်ခု ထည့်လိုက်ပါသည်။ ခဏအကြာ...

'မျက်လုံးဖွင့်လို့ရပြီ လူလေး'

ပြောသံကြောင့် မျက်လုံးဖွင့်၍ လက်ဝါးပေါ် တင်ထားသော အရာအား ကြည့်လိုက်ရာ...

'အား...အမယ်လေး'

လန့်ဖျပ်၍ ထခုန်ပြီး လွှင့်ပစ်လိုက်မိပါ၏။

အဘယ်ကြောင့်ဆိုသော် ထိုအရာကား ရဲရဲတောက်နေသော မီးကျီးခဲတစ်တုံး ဖြစ်နေသောကြောင့်ပင် ဖြစ်ပါ၏။

လုံးဝပူလောင်ခြင်း မရှိဘဲ မျက်လုံးဖွင့်ကြည့်မှသာ မီးကျီးခဲမှန်း သိရသည့်အတွက် မယုံနိုင်စွာ ဘဘကို လှမ်းအကြည့်...

'ဟဲ...ဟဲ...ဟဲ... ဘယ့်နှယ်လဲ လူလေး၊ အံ့သြသွားပြီလား အရင်တုန်းက လူလေး မေးဖူးတယ်လေ ဘဘဖြစ်ချင်လို့ ဖိုထိုးနေတာလဲလို့။

အဲဒီတုန်းက လူလေး ငယ်သေးလို့ နောက်မှ ပြောပြမယ်လို့ ဘဘပြောခဲ့ဖူးတာ မှတ်မိလား။ အေး... လူလေး မေးခွန်းအတွက် ဒါ အဖြေနမူနာလို့ မှတ်ထားလိုက်ပေါ့ကွယ်။

အခု... လူလေးသောက်လိုက်တဲ့ အင်းဟာ အလွယ်ဆုံး မှတ်မိအောင် ပြောရရင် ကိုယ်လုံအင်းလို့ ဆိုပါတော့ကွယ်။

ဓာတ်လုံးရဲ့ နာမည်တော့ မသိချင်ပါနဲ့တော့။ ဒီည ဘဘတို့ လုပ်ဆောင်ရမယ့် ကိစ္စကြီးအတွက် ဘေးကင်းရန်ကင်းဖြစ်ဖို့ အရေးကြီးတယ်ကွယ့်။

အခုဆိုရင် လူလေးဟာ အင်းနဲ့ ဓာတ်လုံးအစွမ်းကြောင့် အခိုက်အတန့်အားဖြင့် ဘယ်လိုအန္တရာယ်မှ ကြောက်စရာ မလိုတော့ဘူး။ ကဲ... လူလေး မယုံရင် ဒီမီးဖိုထဲ လက်ထိုးထည့်ကြည့်စမ်း'

ကျွန်ုပ်လည်း ဘေးနားအဆင်သင့်ရှိနေသည့် ရဲရဲတောက်နေသော မီးဖိုထဲ မျက်စိစုံမှိတ်၍ လက်နှစ်ချောင်းလုံး ထိုးထည့်လိုက်ရာ ဘာမှ မဖြစ်ပါ။

'ကဲ...ယုံပြီ မဟုတ်လား၊ လူလေး နေဦး...ဟိုဓားကြီး ယူလိုက်စမ်း'

နွေလယ်က ခြေသလုံးမွှေးကျအောင် သွေးထားသည့် ဓားမကြီးအား ယူပေးလိုက်ချိန်မှာ...

'ကဲ...ဟာ'

ဘာမှ မပြောနိုင်ခင် ကျွန်ုပ်၏ လက်မောင်းတစ်ဖက်အား ဆွဲယူပြီး ဓားမကြီးနှင့်ကြိတ်၍ လေး,ငါးချက်ခန့် လှီးချလိုက်ပါသည်။

---

ရှေ့လ ဆက်ဖတ်ပါရန်

---

**မောင်စိမ့်စမ်း**

***(ကေတုမတီ)***



# လက်ဖက်

## ကြာရှည်ခံရန် ထားနည်း

ကျွန်မတို့ မြန်မာအမျိုးသမီးများမှာ များသောအားဖြင့် လက်ဖက်များကို ကြိုက်နှစ်သက်ကြပါသည်။

သို့အတွက် လက်ဖက် ကြာရှည်ခံရန် နည်းကောင်းလေးတစ်ခု ပေးပါရစေ။

လက်ဖက်များကို ရေအနည်းငယ်စီ ထည့်ပြီး ဆားသင့်တော်ရုံထည့်ပြီး နယ်ပါ။ ထို့နောက် အရည်များကို ညှစ်ပြီး ဖန်ခွက်ထဲသို့ သိပ်ထည့်ထားပါ။

ပန်းကန်ဇောက်တစ်လုံးထဲသို့ ရေအနည်းငယ်ထည့်ပြီး ယင်း လက်ဖက်ထည့်ထားသော ဖန်ခွက်ကို မှောက်ချပြီး ထားလိုက်ပါ။

လက်ဖက်မကုန်မချင်း ပန်းကန်များထဲက ရေကို နေ့စဉ်လဲပေးပါ။ လက်ဖက်များကိုလည်း အချိန်ကြာကြာထိ သုံးစွဲနိုင်ပါသည်။ လက်ဖက်မှာလည်း လတ်ဆတ်ပြီး နပ်နေတာ တွေ့ရပါမည်။

မိမိလိုသလောက် ဇွန်းလေးဖြင့် ခတ်ပြီး ကျန်လက်ဖက်များကို ပြန်သိပ်ထားပါ။ အချိန်ကြာကြာ သုံးဆောင်နိုင်ရန် နည်းကောင်းလေးတစ်ခု ပေးလိုက်ပါသည်။

**ဒေါ်တင်အေး(မအူပင်)**



www.burmeseclassic.com

www.burmeseclassic.com



သကြာလှိုင်

# ဘုံဗိမာန်လား ချုံပုတ်လား

မောင်ထွန်းကျော်သည် အသက် (၁၅)နှစ်မျှရှိသော လူငယ်ကလေး တစ်ယောက် ဖြစ်သည်။ မိဘများသည် ဆင်းရဲနွမ်းပါးသဖြင့် ကျောင်းမနေခဲ့ရပေ။ ဖခင်နှင့်အတူ တောတက်၍ ထင်းခုတ်ခြင်း၊ ပျားဖွပ်ခြင်း၊ ငါးဖမ်းခြင်း၊ မှိုတူးခြင်း စသည်တို့ကို လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်း ပြုရသူ ဖြစ်သည်။

မိခင်မှာလည်း တောထဲမှ ခူးယူရရှိသော ဟင်းသီးဟင်းရွက်များကို ရွာထဲသို့ လိုက်လံရောင်းချရပါသည်။

သူတို့သည် ရွာအပြင်၌ရှိသော တဲစုတ်တစ်လုံးတွင် နေထိုင်ကြပါသည်။ တစ်နေကုန် တစ်နေခန်း လုပ်ကိုင်ကြရသဖြင့် ညရောက်လျှင် မောမောပန်းပန်းဖြင့် အိပ်ကြရသည်က များသည်။

တစ်ခုသော ည၌ မောင်ထွန်းကျော်သည် အိပ်နေရာမှ အပေါ့သွားချင်သဖြင့် အိပ်ရာမှထ၍ တဲအပြင်ဘက်သို့ ထွက်ခဲ့သည်။ ထိုအခါ၌ သူ၏ ရှေ့တူရူတွင် မိန်းမပျိုလေးတစ်ယောက်ကို တွေ့လိုက်သည်။

မောင်ထွန်းကျော်သည် အစပိုင်းမှာတော့ သူ မျက်စိမှားတာဟု ထင်မိသည်။ မျက်လုံးကို ပွတ်သပ်ပြီး သေချာအောင် ပြန်ကြည့်လိုက်သည်။ ယခုမှပင် ပို၍ သေချာသွားသည်။ မိန်းမပျိုလေးသည် သူ့ဆီသို့ တဖြည်းဖြည်းချင်း လာနေသည်။ သူလည်း အံ့ဩပြီး တစ်ခဏတာ ငိုင်သွားသည်။

နောက်သူ့ကို သူ သတိဝင်လာသောအခါ မိန်းမပျိုလေးသည် သူ့အနီးသို့ ရောက်လာလေပြီ။ မိန်းမပျိုလေး၏ အသားအရေသည် နုညက်ဝင်းဝါနေသည်။ နတ်သမီးတစ်ပါးလေလားဟုတောင် သူ ထင်မိခဲ့သည်။ မောင်ထွန်းကျော်သည် မိန်းမပျိုလေး၏ အလှကို ကြည့်ရင်း နှုတ်ဆိတ်နေချိန်မှာ...

'မင်း... မောင်ထွန်းကျော် မဟုတ်လား'

ဟု မိန်းမပျိုလေးက မေးလိုက်သည်။

'ဟုတ်...ဟုတ်ပါတယ် ခင်ဗျားက'

'ဪ... မမနာမည်က သူဇာဒေဝီပါ။ မမက မင်းကို ကြည့်နေတာကြာပြီ။ မင်းဟာ တစ်နေ့ ထင်းခုတ်၊ တစ်နေ့ မှိုတူးနဲ့ အလုပ်နဲ့ လက်နဲ့ ပြတ်တယ် မရှိဘူး။ မမက မင်းကို သနားတယ်ကွယ်။

မင်းကို တွေ့ဖို့... တွေ့ဖို့နဲ့ မမ စောင့်နေတာ ကြာပြီ။ အခွင့်အရေး မရခဲ့ဘူး။ အခုတော့ တွေ့ပြီ။ မမနဲ့ လိုက်ခဲ့ပါလား၊ မမက မင်းကို ပျော်စေချင်လို့ပါ။

မမတို့ဆီမှာ အစားအသောက်

www.burmeseclassic.com

ကောင်းတွေ အများကြီး ရှိတယ်။ မမတို့ဆီမှာ လိုက်ခဲ့ရင် မင်း နေ့က ပင်ပန်းတာတွေ အားလုံး ပျောက်သွားပြီး ပျော်လာမှာ သေချာတယ်။ လာပါကွယ်'

ဟု ပြောရင်းဆိုရင်းပဲ သူ့လက်ကို ဆွဲခေါ်လိုက်လေသည်။ မောင်ထွန်းကျော်လည်း မှင်တက်မိပြီး ဘာမှ မပြောလိုက်နိုင်ဘဲ သူမ ခေါ်ဆောင်ရာသို့ လိုက်သွားမိတော့သည်။

* * *

အတန်ကြာ လှမ်းလျှောက်သွားသောအခါ စိမ်းမြမြ မြက်ခင်းပြင်ကြီးကို တွေ့လိုက်ရသည်။ မြက်ခင်းပြင်ကြီး၏ အလယ်တွင် အနီ၊ အဝါ၊ အပြာ၊ အစိမ်း စသည့် အရောင်တို့ ရောယှက် ဖြာလက်နေသော နန်းဆောင်ကြီးကို မြင်တွေ့ရသည်။

မောင်ထွန်းကျော်သည် ပို၍ပင် အံ့ဩသွားသည်။ **"အရင်တုန်းက ဒီနေရာမှာ ဘာမှ မရှိပါဘူး။ တောကြီးပါပဲ။ ဒီအိမ်ကြီးက ဘယ်တုန်းက ဆောက်ခဲ့တာလဲမသိဘူး"**ဟု သူ တွေးမိသည်။ ထိုသို့ တွေးတောနေစဉ်မှာပင်...

'ဟိုရှေ့မှာ တွေ့လား အဲဒီနန်းဆောင်ကြီးဟာ မမတို့ရဲ့ ဂေဟာပဲ။ အဲဒီထဲမှာ မင်း ပျော်သလိုနေ၊ မင်းစားချင်ရာစား၊ မင်း လုပ်ချင်ရာ လုပ်နိုင်တယ်၊ ဒါပေမယ့် မနက် ခင်း ရောင်နီမလာခင်မှာ မင်း ပြန်သွားရလိမ့်မယ်'

ဟု သူဇာဒေဝီပြောပြီး ရှေ့မှ ဦးဆောင်၍ နန်းဆောင်ကြီးဆီသို့ သွားပါသည်။

**"ဒီနေရာတောင် ရောက်မှတော့ ဘာပဲဖြစ်ဖြစ်ကွာ"**ဆိုပြီး သူ လိုက်သွားခဲ့သည်။ နန်းဆောင်ထဲသို့ ဝင်လိုက်လျှင်ပဲ ပတ္တမြား၊ စိန်၊ ကျောက်၊



နီလာ စသည်တို့ စီခြယ်ထားသော အဝတ်အစားများ ဝတ်ဆင်ထားသည့် မိန်းမပျိုကလေးများကို တွေ့ရသည်။

မိန်းမပျိုကလေးများသည် ငေးမောကြည့်ရလောက်အောင် အလွန်တရာ ချောမောလှပကြပါသည်။ သို့သော်လည်း မိမိကို လာခေါ်သော သူဇာဒေဝီလောက် မလှကြဘူးဟု သူ ထင်မိပါသည်။

ထိုစဉ်မှာပင် အဝါရောင်များ တလက်လက် ဖြာထွက်နေသော အဝတ်အစားများနှင့် မိန်းမပျိုလေး တစ်ယောက်သည် သူ့အနီးသို့ ရောက်လာပြီး သူ၏ နဖူးပြင်လေးကို နမ်းရှိုက်လိုက်သည်။

အသက်(၁၅)နှစ်မျှသာ ရှိသော မောင်ထွန်းကျော်သည် မည်သည့် မိန်းမပျိုကလေးများနှင့်မျှ အနီးကပ် မနေဘူးပေ။ ယခု ထိုကဲ့သို့ နမ်းရှိုက်ခံလိုက်ရသဖြင့် ရှက်သွေးဖြန်းသွား၏။ ရင်လည်း တဒိန်းဒိန်း ခုန်နေသည်။

'ဟိတ်... လာ ဟိုဘက်သွားရအောင်'

ဟု သူဇာဒေဝီက အခန်းတစ်ခုကို လက်ညှိုးညွှန်ပြရင်း ပြောလိုက်သည်။

အခန်းထဲကို လိုက်သွားတော့ ကြီးမားလှသော စားပွဲပေါ်တွင် စားစရာ အပြည့်အစုံကို တွေ့လိုက်ရသည်။ မောင်ထွန်းကျော်သည် ယနေ့ည ထမင်းကြမ်းနှင့် ငါးပိရည်သာ စားခဲ့ရသည်။ ယခု ထိုသို့သော စားဖွယ်တို့ကို မြင်တွေ့လိုက်ရသောအခါ ဆာလောင်မွတ်သိပ်လာလေသည်။

'မင်း စားချင်သလောက်စား၊ မမ ဟိုဘက် ခဏသွားလိုက်ဦးမယ်'

ဟု သူမက ပြောကာ ထွက်သွားလေသည်။

အစားအသောက်များသည် အလွန်တရာမျှ ချိုဆိမ့်မွှေးကြိုင်လှသည်။ သူတစ်သက်တွင် ထိုကဲ့သို့ "အစားအစာများကို စားရရန် မမျှော်မှန်းခဲ့ဘူးပေ။

သူ စားလိုက်သဖြင့် စားဖွယ်များ တော်တော်ကုန်သွားသည်။ ဗိုက်လည်း ပြည့်သွားပြီ။ သူ ထရန် ဟန်ပြင်လိုက်စဉ်မှာ သူဇာဒေဝီ ရောက်လာသည်။

'မင်းစားလို့ ပြီးသွားပြီ ထင်တယ်'

'ဟုတ် ပြီးသွားပါပြီ'

ဟု ပြောရင်း သူမဘက်ကို လှည့်ကြည့်လိုက်သည်။ သူဇာဒေဝီသည် အဝတ်ကို ပြောင်းလဲ ဝတ်ဆင်ထားသည်။ ယခုဝတ်ဆင်ထားသော အဝတ်မှာ အလွန်တရာမျှ ပါးလွှာလွန်းလှသည်။ ပါးပါးလွှလွှ အဝတ်အောက်မှာ သူမ၏ သဘာဝအလှတရားများကို မြင်တွေ့နေရသည်။

မောင်ထွန်းကျော်သည် လူငယ်တစ်ယောက်၏ သဘာဝအတိုင်း ကာမဆန္ဒများကို နိုးထလာခဲ့သည်။ နောက် စိတ်အလိုကို လိုက်ကာ သူမကို ပွေ့ဖက်နမ်းရှိုက်လိုက်သည်။

သူမကလည်း ဘာမျှ ပြန်မပြောဘဲ သူ့အလိုကို လိုက်ခဲ့သည်။ နောက်ပိုင်းမှာ စိတ်ကို မထိန်းနိုင်တော့ဘဲ ချစ်တင်း





www.burmeseclassic.com

www.burmeseclassic.com



နိုးနေကြလေတော့သည်။ အချိန်သည် တရွေ့ရွေ့နှင့် ကုန်ဆုံးနေသည်။

မကြာမီ မနက်မိုးသောက် အလင်းရောက်တော့မည်ဖြစ်သဖြင့် သူဇာဒေဝီက သူ့ကို အိမ်အထိ လိုက်ပို့လိုက်သည်။

'နောက်ညမှာလဲ လာခေါ်မယ်နော်'

ဟု သူမက ပြောကာ ပြန်ထွက်သွားတော့သည်။ မောင်ထွန်းကျော်သည်လည်း မိမိ၏ တဲအိမ်အတွင်းသို့ ဝင်ခဲ့သည်။

ခုတင်ပေါ်တွင် လှဲလိုက်လျှင်ပဲ အိပ်ပျော်သွားခဲ့သည်။ မနက်မိုးလင်းတော့မှ သူ့ကိုယ်သူ ပြန်စဉ်းစားမိသည်။ နောက်တော့ ဒီအကြောင်းကို မည်သူ့မျှ မပြောရန် ဆုံးဖြတ်ချက်ချလိုက်တော့သည်။

* * *

ထိုသို့ဖြင့် နောက်တစ်ညမှာလည်း မိန်းမပျိုလေးနှင့်အတူ လိုက်သွားပြီး ပျော်ပါးခဲ့ကြပြန်သည်။ တစ်စတစ်စနှင့် သူသည် သူဇာဒေဝီအပေါ် စွဲလမ်းနှစ်သက်မြတ်နိုးနေလေတော့သည်။

တစ်ည…

နောက်တစ်ည…

ငါးရက်မြောက်ညမှာ မောင်ထွန်းကျော်သည် အစားအစာအပြင် အရက်ကိုပါ သောက်ခဲ့သည်။ မူးမူးနှင့် ပျော်ချင်တိုင်း ပျော်ပါးပြီး အိပ်ပျော်သွားတော့သည်။ အချိန်အတော်ကြာသွားသောအခါ သူ့နားထဲတွင် ဆူဆူညံညံအသံများ ကြားလာရသည်။

'တွေ့ပြီဟေ့…တွေ့ပြီ'

ဟု အော်သံတစ်သံ ကြားလိုက်ရပြီး လူအုပ်တစ်အုပ် သူ့ဆီလာနေသည်ကို သိလိုက်ရသည်။

မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ နေရောင်ကို မြင်နေရပြီ။ သူ လန့်ပြီး အိပ်နေရာမှ ထလိုက်သည်။ ယခုမှ သိလိုက်ရပါပြီ။ သူ ချုံပုတ်တစ်ခုပေါ် ရောက်နေသည်။

'ဟာ… ငါအိပ်နေတုန်းက တကယ့်အကောင်းစားမွေ့ရာကြီးပါ။ အခု ဘယ်ရောက်သွားတာလဲ မသိဘူး'

သူ အံ့သြလျက် စဉ်းစားနေမိသည်။ ထိုစဉ်မှာပင် လူအုပ်ကြီးသည် သူ့အနီးသို့ ရောက်လာသည်။

'ဟေ့ကောင် ထွန်းကျော် မင်းဘာဖြစ်လို့ ဒီချုံပုတ်ပေါ် လာအိပ်နေတာတုန်း ငါတို့ဖြင့် မင်းပျောက်သွားလို့ ရှာလိုက်ရတာ မင်းကတော့ ဒီမှာ လာ့အိပ်နေတယ်'

ဟု သူ့အဖေက ဒေါနှင့်မောနှင့် ပြောသည်။ ရွာသားများကလည်း…

'ဒီကောင် အရူးပါကွာ၊ အိမ်မှာ မအိပ်ဘဲ ချုံပုတ်ပေါ်မှာ လာအိပ်နေရတယ်'

ဟု ပြောဆိုကာ ဝိုင်း၍ ဟားတိုက်ကြသည်။ အိမ်ရောက်တော့ မောင်ထွန်းကျော်သည် ရူးသလိုပေါ သလို ဖြစ်သွားသည်။ တစ်ခါတစ်ခါမှာတော့…

'မမ သူဇာဒေဝီရေ ဟောဒီက မောင်လေးကို လာကြည့်ပါဦး။ မောင်လေးကို ချစ်တယ်ဆို သနားတယ်ဆို အခုတော့ မောင်လေးကို ခွဲသွားခဲ့ပြီလား… မမရေ မောင်လေးကို တစ်ယောက်တည်း ထားခဲ့ပြီလား'

ဟု ငိုယိုကာ ပြောဆိုနေသည်။ မောင်ထွန်းကျော်၏ ဖခင်လည်း ဘာလုပ်ရ ဘာကိုင်ရမှန်းမသိ ဖြစ်နေသည်။ နောက်မှ ရွာဦးဘုန်းကြီးကိုသွား လျှောက်တော့ ဆရာတော်က…

'မင်းရဲ့သားဟာ နာနာဘာဝတွေနဲ့ ဆက်သွယ်ခဲ့ရပုံပဲ။ ဒါကြောင့် သူ့ရဲ့ ခန္ဓာကိုယ်မှာ နာနာဘာဝတွေ ကပ်ငြိနေတယ်။

ဒီတော့ ငါ ပရိတ်ရေပေးလိုက်မယ်။ သူ့ကို တိုက်လိုက်၊ ခန္ဓာကိုယ်တစ်ခုလုံးလဲ ပက်ဖျန်းပေးလိုက်'

ဟု မိန့်တော်မူကာ ပရိတ်ရေကို ပေးလိုက်သည်။

အိမ်ရောက်တော့ မောင်ထွန်းကျော်ကို ပရိတ်ရေလည်းတိုက်၊ ဖျန်းလည်း ဖျန်းပေးလိုက်တော့မှပဲ သူ့ပါးစပ်က ဘာမျှ မပြောတော့ဘဲ ငြိမ်သက်သွားတော့သည်။ အချိန်အတော်ကြာမှ…

'အဖေ အမေ ကျုပ် ဘာမှ မဖြစ်ဘူးနော်၊ ကျုပ် ဘယ်ရောက်သွားတာတုံး'

ဟု သူ အလန့်တကြား ပြောသည်။

'ဘာမှ မဖြစ်ပါဘူးကွာ၊ ကဲ စိတ်ကို ငြိမ်ငြိမ်ထား၊ မင်းဘေးမှာ အဖေရှိတယ် မင်းဘာမှ မဖြစ်ဘူး'

ဟု သူ့အဖေက ပြန်လည်ဖြေကြားလိုက်ပါတော့သည်။

**(မှတ်ချက်။ ။ မောင်ထွန်းကျော်သည် အစဦးဆုံး နာနာဘာဝတွေဆီသို့ ရောက်သွားသောနေ့ကတည်းက ညှို့ယူခံထားရခြင်းဖြစ်သည်။ ထို့ကြောင့် အရင်နေ့တွေတုန်းက သူဘာမျှ မပြောဘဲ ငြိမ်နေခြင်းသာ ဖြစ်ပေတော့သည်။)**

သကြဲလုလင်



www.burmeseclassic.com